www.burmeseclassic.com

- ၂၀၀၈ ခုနှစ် ဧပြီလ၌ နယူးယောက်တိုင်းမ် သတင်းစာ၏ ရောင်းအကောင်းဆုံး စာရင်းတွင် စတင်ပါရှိခဲ့ပြီး သီတင်း ၈၅ ပတ်အထိ စာရင်းတွင်တည်ရှိခဲ့သည့်စာအုပ်။
- အမေရိကန် တစ်နိုင်ငံတည်းမှာပင် အုပ်ရေ ၄၅၀၀၀၀၀ (လေးသန်းခွဲ) ရောင်းချခဲ့ပြီးသည့် စာအုပ်။
- ဘာသာစကား ၄၆ မျိုးဖြင့် ဘာသာပြန်ခဲ့ပြီးသည့်စာအုပ်။
- အင်တာနက်တွင် ပထမတစ်လမှာပင်လျှင် အကြိမ်တစ်သန်းကျော် အကြည့်ခံခဲ့ရသည့် အင်တာနက် ဟစ် ဖြစ်ခဲ့ရသည့်စာအုပ်။


# နောက်ဆုံးအချိန် နောက်ဆုံးစကား

## ဦးတင်ဦး (ကျူရှင်)

မြန်မာပြန်သည်။

BURMESE CLASSIC .com

**The Last Lecture**
**Randy Pausch**



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[ ၄၀၀၃၅၃၀၃၁၀ ]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၄၀၀၈၁၆၀၈၁၀ ]

●

မျက်နှာဖုံး၊
ဇော်ဖောင်
. . .
ပုံနှိပ်ခြင်း၊
ပထမအကြိမ်
(၅၀၀)
. . .
ထုတ်ဝေခြင်း၊
စက်တင်ဘာ၊ ၂၀၁၀

●

ဦးမျိုးညွန့် (၇၀၄)၊ စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့က ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံး နှင့် အတွင်းစာသားများ ပုံနှိပ်သည်။

၉၂၃.၁

ဦးတင်ဦး (ကျူရှင်)
နောက်ဆုံးအချိန် နောက်ဆုံးစကား/ ဦးတင်ဦး (ကျူရှင်) ရန်ကုန်။
၂၉၉–စာ၊ ၁၃.၃၄ x ၂၁.၁ စင်တီ
(၁) နောက်ဆုံးအချိန် နောက်ဆုံးစကား

BURMESE CLASSIC .com

## မာတိကာ


- အမှာစာ ၁
- နိဒါန်း ၇

အပိုင်း ၁
နောက်ဆုံး ဟောပြောချက် ၁၁
- အခန်း ၁ ဒဏ်ရာရထားသော ခြသေ့်ပင်လျှင် ဟောက်ကြည့်ချင်သေး ၁၃
- အခန်း ၂ လက်တော့ပ်ထဲက ကျွန်တော့်ဘဝ ၂၅
- အခန်း ၃ အခန်းထဲက ဆင် ၃၁

အပိုင်း ၂
ကလေးဘဝ စိတ်ကူးအိပ်မက်များအတိုင်း တကယ်ဖြစ်ခဲ့ခြင်း ၃၇
- အခန်း ၄ မိဘထံ ၃၉
- အခန်း ၅ စိုက်ပျိုးမွေးမြူခြံအိမ်ထဲ ဓာတ်လှေကား ၄၇
- အခန်း ၆ ဇီးရိုး - ဂျီသို့ရောက်ခဲ့ခြင်း ၅၃
- အခန်း ၇ အမျိုးသားဘောလုံးအဖွဲ့ချုပ်သို့ မရောက်ခဲ့သော ကျွန်တော် ၅၉
- အခန်း ၈ V အက္ခရာအောက်မှာ ရှာပါ၊ ကျွန်တော့်ကို တွေ့နိုင်သည် ၆[illegible]
- အခန်း ၉ ခေါင်းဆောင်မှုဟူသော စွမ်းရည် ၇၁
- အခန်း ၁၀ အကြီးကြီးကိုရခြင်း ၇၇
- အခန်း ၁၁ ကမ္ဘာပေါ်တွင် အပျော်ဆုံးနေရာ ၈၃


www.burmeseclassic.com

www.burmeseclassic.com



အပိုင်း ၃

စွန့်စားမှုများနှင့် ရရှိသော သင်ခန်းစာများ ၇၉

အခန်း ၁၂ ဥယျာဉ်ကို ည ၈ နာရီအထိ ဖွင့်ထားသည် ၉၁
အခန်း ၁၃ အမိုးဖွင့်ကားထဲက လူ ၁၀၁
အခန်း ၁၄ မထောက်မညာ ပြစ်တင် ပြုပြင်ပေးသူ ၁၀၅
အခန်း ၁၅ ကားနောက်ခန်းမှ ဆိုဒါရည်နှင့်ဖျန်း ၁၀၉
အခန်း ၁၆ အချစ်တံတိုင်းကိုကျော်ရာတွင် ၁၁၃
အခန်း ၁၇ နတ်သမီးပုံပြင်အတိုင်း ပျော်ရွှင်စွာ ဇာတ်မသိမ်း ၁၂၃
အခန်း ၁၈ အရာရာတိုင်း ပြင်ဖို့မလို ၁၂၉
အခန်း ၁၉ နှစ်သစ် ဇာတ်လမ်း ၁၃၃
အခန်း ၂၀ အနှစ် ငါးဆယ်အတွင်း စကားမစခဲ့သောအရာ ၁၄၁
အခန်း ၂၀ ဈေး ၁၄၅
အခန်း ၂၂ အမှန်တရားက လွတ်ပေးနိုင်သည် ၁၅၃

အပိုင်း ၄

အခြားသူများ၏ စိတ်ကူးအိပ်မက်များကို
အကောင်အထည် ပေါ်လာစေခြင်း ၁၅၇

အခန်း ၂၃ ပျားရည်ဆမ်းခရီးထွက်နေသည်၊
သို့ရာတွင် လိုအပ်မည်ဆိုပါလျှင်. . . . ၁၅၉
အခန်း ၂၄ အမှန်ကို ပြန်တွေ့သူ ၁၆၆
အခန်း ၂၅ ဖြစ်ချင်သူအား သင်တန်းပေးခြင်း ၁၇၃
အခန်း ၂၆ ဆရာထက်တောင် သာသေး ၁၇၉
အခန်း ၂၇ သုခဘုံ ၁၈၅

အပိုင်း ၅

ဘဝနေထိုင်နည်း ၁၈၉

အခန်း ၂၈ ရောမ စိတ်ကူးအိပ်မက် ၁၉၁
အခန်း ၂၉ အပေါ်ယံဟန်ထက် စိတ်သန်မှုကသာသည် ၁၉၄
အခန်း ၃၀ အလံဖြူထောင်ခြင်း ၁၉၇



အခန်း ၃၁ သဘောတူစာချုပ် ချုပ်ကြစို့ ၁၉၉
အခန်း ၃၂ မညည်းညူပါနှင့်၊ တိုး၍ ကြိုးစားလုပ်ပါ ၂၀၁
အခန်း ၃၃ ရောဂါကိုသာ ကုသပါ၊
ရောဂါလက္ခဏာကို မကုသပါနှင့် ၂၀၄
အခန်း ၃၄ လူတွေက ဘာထင်မည်ကို တွေးမနေပါနဲ့ ၂၀၆
အခန်း ၃၅ အတူတူထိုင်ခြင်းဖြင့် စ ပါ ၂၀၈
အခန်း ၃၆ လူတိုင်းထဲမှ အကောင်းဆုံးကိုရှာကြည့်ပါ ၂၁၂
အခန်း ၃၇ သူတို့ပြောတာကို မကြည့်ပါနဲ့၊
သူတို့လုပ်တာကို ကြည့်ပါ ၂၁၃
အခန်း ၃၈ ပထမတွင် သင် မအောင်မြင်ခဲ့ဘူးဆိုလျှင်
အဖန်တစ်ရာ ထိုစကားကိုပင် ပြောရပေမယ်
ကြိုးစားပါ။ ကြိုးစားပါ။ ၂၁၄
အခန်း ၃၉ ပထမဦးဆုံး ပင်ဂွင်းငှက် ဖြစ်ပါစေ ၂၁၇
အခန်း ၄၀ လူအများ၏ အာရုံစိုက်မှုရအောင်ပြုပါ ၂၂၀
အခန်း ၄၁ ပျောက်ဆုံးသွားသည့် ကျေးဇူးတင်စာ အနုပညာ ၂၂၂
အခန်း ၄၂ သစ္စာရှိခြင်းသည် နှစ်လမ်းသွားလမ်းဖြစ်သည် ၂၂၅
အခန်း ၄၃ သောကြာနေ့ည အဖြေ ၂၂၉
အခန်း ၄၄ ကျေးဇူးတင်ကြောင်း ပြပါ ၂၃၁
အခန်း ၄၅ သကြားလုံးများ ပို့ပေးပါ ၂၃၃
အခန်း ၄၆ ကိုယ့်အားကိုးစရာမှာ ကိုယ်ယူလာသည့်
အရာသာ ဖြစ်သည် ၂၃၄
အခန်း ၄၇ မတောင်းပန်တတ်ခြင်းသည်
မတောင်းပန်ခြင်းထက် ဆိုးသည် ၂၃၇
အခန်း ၄၈ မှန်တာကိုပြောပါ ၂၄၀
အခန်း ၄၉ ရောင်စုံခဲတံဘူးကလေးနှင့် ဆက်သွယ်ပါ ၂၄၂
အခန်း ၅၀ ဒေါ်လာ ၁၀၀,၀၀၀ တန် ပစ္စည်းကလေး ၂၄၄
အခန်း ၅၁ မတန်သောအလုပ်ဟူ၍ မရှိ ၂၄၈
အခန်း ၅၂ ကိုယ်ရောက်နေသော နေရာကို သိပါ ၂၅၁
အခန်း ၅၃ ဘယ်တော့မျှ လက်မလျှော့ပါနှင့် ၂၅၃

www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| အခန်း ၅၄ | လူမှုအသိုင်းအဝိုင်းသမားဖြစ်ပါစေ | ၂၅၈ |
| အခန်း ၅၅ | မေးဖို့ ဝန်မလေးပါနှင့် | ၂၆၁ |
| အခန်း ၅၆ | တစ်ဂါးလား၊ အေယိုးလား ဆုံးဖြတ်ပါ | ၂၆၄ |
| အခန်း ၅၇ | အကောင်းမြင်ဝါဒကို နားလည် သဘောပေါက်စေသောနည်း | ၂၆၈ |
| အခန်း ၅၈ | အခြားသူများ၏ သွင်းအားစုများ | ၂၇၀ |

အပိုင်း ၆

| | | |
|---|---|---|
| နောက်ဆုံးစကား | | ၂၇၇ |
| အခန်း ၅၉ | ကျွန်တော့်ကလေးများအတွက် အိပ်မက်များ | ၂၇၉ |
| အခန်း ၆၀ | ဂျေး နှင့် ကျွန်တော် | ၂၈၉ |
| အခန်း ၆၁ | အိပ်မက်များသည် သင့်ထံလာလိမ့် | ၂၉၆ |

-။ စာရေးသူ၏ စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း ၃၀၀


BURMESE CLASSIC

# အမှာစာ

စာပေလောက ဦးမျိုးညွန့်က ကျွန်တော့်အား အင်္ဂလိပ်စာအုပ် တစ်အုပ်ပေးပြီး ဘာသာပြန်ပေးဖို့ ပြောပါသည်။ ဘာအကြောင်း ရေးထားသည့် စာအုပ်ပါလဲဟု ဟိုနေရာ သည်နေရာသို့ ကောက်လှန်ကာ မြည်းစမ်းကြည့်လိုက်သည့်အခါ စာရေးသူမှာ လပိုင်း အနည်းငယ်အတွင်းမှာ သေတော့မည့် ကင်ဆာရောဂါသည် ဖြစ်ကြောင်းနှင့် ဤစာအုပ်မှာ စာရေးသူက သူ့အတွေ့အကြုံကို ပြန်ပြောသည့်အနေဖြင့် ရေးထားကြောင်း အကြမ်းဖျင်း နားလည်မိလိုက်ပါသည်။

ရေးထားသည့် အင်္ဂလိပ်စာကလည်း ကျမ်းစာလို စာကြီးပေကြီးဆန်ဆန် ရေးထားခြင်း မဟုတ်သည့်အပြင် အကြောင်းအရာကလည်း ကင်ဆာရောဂါသည်၏အကြောင်း ဖြစ်နေသဖြင့် ဦးမျိုးညွန့်၏ မေတ္တာရပ်ခံချက်ကို ကျွန်တော် လက်ခံ သဘောတူလိုက်ပါသည်။

ကျွန်တော့်သမီးကလေးသည် ကင်ဆာရောဂါ နှိပ်စက်ခံရသဖြင့် အသက် ၂၆ နှစ် အရွယ်မျှဖြင့် ဘဝကို အဆုံးသတ်သွားသည်ဖြစ်ရာ ကျွန်တော့်မှာ တွေးမိတိုင်း သမီးကလေးကို အောက်မေ့နေမြော ဖြစ်နေရပါသည်။ ဤစာအုပ်ကို ဘာသာပြန်ပေးရန် ကတိခံမိခဲ့သော အဓိက အကြောင်းမှာ ဤစာအုပ်ကို ရေးသူမှာ သမီးကလေးလိုပင် လူ့ဘဝကို သက်တမ်းပြည့်နေခွင့် မရရှာသူတစ်ဦး ဖြစ်နေခြင်း ဖြစ်ပါ၏။

သို့ရာတွင် သူ့စာအုပ်ကို သေသေချာချာ ဖတ်ကြည့်သောအခါ အလွယ်တကူ ကောက်ပြန်၍ မရလောက်သော ဖန်းစကားများသုံး၍ ရေးထားသည့်

www.burmeseclassic.com

www.burmeseclassic.com



အရေးအသားများကို မကြာခဏ တွေ့ရသည်။ ကျွန်တော်နှင့် စိမ်းသည့် ကွန်ပျူတာ သိပ္ပံပညာရပ်နှင့်ဆိုင်သော အသုံးအနှုန်းများကိုလည်း တွေ့ရသည်။ ထို့ကြောင့် ထင်သလောက် လွယ်လွယ်နှင့် မပြီးခဲ့ပါ။ တတ်နိုင်သမျှ စာရေးသူပြောသည့် အဓိပ္ပာယ်အတိုင်း အမှန်ရောက်အောင် အားထုတ်ရပါသည်။ ကျွန်တော့်မှာ အချိန်အားလည်း နည်းသည်ဖြစ်ရာ ကြာကြာ အချိန်ဆွဲပြီး ဘာသာပြန်မည် ဆိုလျှင်လည်း မပြီးဖို့သာ များသည်။ သို့ဖြင့် ၂၀၀၉ ခုနှစ် သင်္ကြန် အလုပ်ပိတ်ရက်အတွင်း ရက်ရှည် အနားရတုန်းမှာ ပြီးစီးအောင် ဘာသာပြန်ခဲ့ရပေသည်။

ကျွန်တော်၏ ဘာသာပြန်ပုံ ကောင်း မကောင်းကို ကျွန်တော် ပြောဖို့ လိုမည် မထင်ပါ။ ထိုအတွက် စာဖတ်သူများက မိမိတို့ ဘာသာပင် ဆုံးဖြတ်ကြရန် ဖြစ်ပါသည်။ လိုတာတွေ့လည်း ဖြည့်ဖတ်သွားကြရန် ဖြစ်ပါသည်။

သို့ရာတွင် ဤစာအုပ်အကြောင်းနှင့် ဤစာအုပ်ကို ရေးသားသူ အကြောင်းတို့ကိုတော့ ကျွန်တော် ပြောပြလိုပါသည်။ အမှန်ဝန်ခံရလျှင် ဤစာအုပ်ကို ဘာသာပြန်နေစဉ်အတွင်းက စာရေးသူနှင့် သူ၏ စာအုပ် အကြောင်းကို သူ့စာအုပ်ထဲမှာ ပါသလောက်သာ ကျွန်တော် သိပါသည်။ ယခုနှစ် ၂၀၁၀ ပြည့်နှစ် မတ်လလောက်တွင် စိတ်ကူးချိုချို စာအုပ်တိုက်က သူတို့ထုတ်မည့် လုံးချင်းစာအုပ်တွင် ထည့်ရန် ကျွန်တော့်ထံမှ ဆောင်းပါး သုံးပုဒ် တောင်းပါသည်။ သုံးပုဒ်အနက် တစ်ပုဒ်မှာ ကွန်ပျူတာနည်းပညာနှင့် စပ်ရာ ဆောင်းပါးဖြစ်ပါသည်။

ထို့ကြောင့် ဤစာအုပ်ကို ရေးသားသည့် ပါမောက္ခ ရန်းဒေါ့ဖ် ဖရက်ဒရစ် ရန်ဒီပေါက်ရှ်အကြောင်း ဆောင်းပါးရေးပေးမည် အောက်မေ့ပြီး ကျွန်တော့်မြေး အကြီးအား အင်တာနက်ဆိုင် တစ်ဆိုင်သို့ စေလွှတ်၍ ရန်ဒီ ပေါက်ရှ် အကြောင်း ရှာယူလာခဲ့ရန် ခိုင်းရပါသည်။ ထိုအခါတွင်မှ ဤစာအုပ် အကြောင်းကို လည်းကောင်း၊ ဤစာအုပ်ကို ရေးသားသူ ရန်ဒီပေါက်ရှ် ကွယ်လွန်ပြီးနောက် အကြောင်းအရာများကို လည်းကောင်း ဤစာအုပ်ထဲမှာ ဖော်ပြထားသည်ထက် ပို၍ သိလာရပါသည်။

ဤစာအုပ်ထဲ၌ ပေါက်ရှ်၏ မွေးဖွားသက္ကရာဇ် ဖော်ပြထားသော်လည်း ဤစာအုပ်ကို ရေးစဉ်က မသေသေး၍ သေသည့် လ ရက် နှစ် အတိအကျ



မပါပါ။ အင်တာနက်က ကျွန်တော့် မြေးအကြီး download လုပ်လာသည့် အထဲတွင်မှ ပါပါသည်။

ပေါက်ရှ်* သည် ပင်ဆဲလ်ဗေးနီးယားပြည်နယ် ပစ္စဘတ်မြို့ရှိ ကာနက်ဂီ မယ်လွန် တက္ကသိုလ်မှ ကွန်ပျူတာသိပ္ပံပါမောက္ခ ဖြစ်သည်။ သူတို့ တက္ကသိုလ်တွင် အခါအားလျော်စွာ The Last Lecture ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောပွဲ လုပ်လေ့ရှိသည်။ အကယ်၍ သင်သည် လူ့လောကတွင် နေရတော့မည် မဟုတ်ဟု ဆိုပါစို့၊ ထိုသို့သော အခြေအနေတွင် လောကကြီးအတွက် မည်သို့သော မှတ်သားစရာစကားများကို သင် ပြောသွားချင်ပါသနည်း ဟူသော သဘောမျိုးဖြင့် ဟောပြောမည့် ပုဂ္ဂိုလ်ကို ကမ်းလှမ်းဖိတ်ကြား၍ ဟောပြောစေသော ဟောပြောပွဲမျိုး ဖြစ်ပါသည်။

ရန်ဒီပေါက်ရှ်အား ထို နောက်ဆုံးဟောပြောချက်ကို ဟောပြောပေးရန် ကမ်းလှမ်းသည့်အခါ လက်ခံဟောပြောခဲ့ရာမှ ဤ The Last Lecture ဟူသော စာအုပ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် ဟောပြောခဲ့၏။ ဟောပြောသည့် ခေါင်းစဉ်မှာ The Last Lecture : Really Achieving Childhood Dreams (ကလေးဘဝ စိတ်ကူးအိပ်မက်များ တကယ်ဖြစ်လာခြင်း) ဖြစ်ပါသည်။

ထိုဟောပြောချက်ကို ဗီဒီယိုရိုက်ပြီး ယူကျူ့တွင် တင်ရာ ယူကျူ့၏ လူကြိုက်အများဆုံး ဗီဒီယိုဖြစ်သွားသည်။

ထိုဟောပြောချက်ကိုပင် အကျဉ်းချုံး၍ ၂၀၀၈ ခုနှစ် အောက်တိုဘာလ ၂၂ ရက်တွင် Oprah Winfrey Show အစီအစဉ် မှနေ၍ ပေါက်ရှ် ဟောပြော ထုတ်လွှင့်ခဲ့ရသေးသည်။

ထိုဟောပြောချက်ကို ချဲ့ထွင်ကာ သတင်းထောက် ဂျက်ဖရီး ဇပ်စလိုနှင့် ပူးတွဲ၍ စာအုပ်တစ်အုပ်ရေးရာ The Last Lecture ဟူသော စာအုပ် ဖြစ်လာသည်။

ထိုစာအုပ်ကို ဝေါ်လ်ဒစ္စနေး ကုမ္ပဏီပိုင် ထုတ်ဝေသူ Gyperion က စာအုပ်ထုတ်ဝေခွင့်အတွက် ဒေါ်လာ ၆ ဒသမ ၇ သန်း ပေးပြီး ပုံနှိပ်ထုတ်ဝေသည်။ ၂၀၀၈ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် နယူးယော့တိုင်းမ် သတင်းစာကြီး၏

* ပေါက်ရှ်သည် ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ အသက် ၄၇ နှစ်တွင် [illegible] ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောင်းအကောင်းဆုံး စာအုပ် စာရင်းဝင်သွားသည်။ နယူးယော့တိုင်းမ် သတင်းစာ၏ ရောင်းအကောင်းဆုံး စာရင်းတွင် သီတင်း ၈၅ ပတ်ကျော် တည်ရှိနေခဲ့သည်။

ပထမအကြိမ် အုပ်ရေ ၄၀၀,၀၀၀ (လေးသိန်း) ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယခုအခါ အမေရိကန် တစ်နိုင်ငံတည်းမှာပင် အုပ်ရေ လေးသန်းခွဲကျော် ပုံနှိပ်ထုတ်ဝေထားပြီး ဖြစ်သည်။ ဘာသာစကား ၄၆ မျိုးဖြင့် ဘာသာပြန်ထားပြီးလည်း ဖြစ်ပေသည်။

စာရေးသူ ရန်ဒီပေါက်ရှ်သည်လည်း ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် နေ့တွင် အေဘီစီ ဝေါ်လ်နယူးစ်တွင် Person of the Week (သီတင်းပတ်၏ အထူးခြားဆုံးပုဂ္ဂိုလ်) အဖြစ် သတ်မှတ်ခံရသည်။

ပေါက်ရှ်၏ The Last Lecture သည် အင်တာနက်တွင် ပထမ တစ်လမှာပင်လျှင် အကြိမ်တစ်သန်းကျော် အကြည့်ခံရသည့် အင်တာနက် 'ဟစ်' ဖြစ်ခဲ့သည်။ ABC ရုပ်သံက The Last Lecture : A Love Story for Your Life ဟူသော ခေါင်းစဉ်ဖြင့် ပေါက်ရှ်အကြောင်း ရုပ်သံ ဇာတ်လမ်းကို Diane Sawyer ပါဝင်သရုပ်ဆောင်လျက် ၂၀၀၈ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် တစ်နာရီကြာ ထုတ်လွှင့်ခဲ့သည်။ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်တွင်လည်း ပေါက်ရှ်ကို အောက်မေ့သတိရသည့် အထိမ်းအမှတ် The Last Lecture ဖြင့် အထူးအစီအစဉ်၏ အဆက်အဖြစ် ထုတ်လွှင့်ခဲ့သေးသည်။

ပေါက်ရှ်၏ ကလေးဘဝစိတ်ကူး အိပ်မက်များ တကယ် ဖြစ်လာခြင်း ဟူသော နောက်ဆုံး ဟောပြောချက်သည် ၂၀၀၇ ခုနှစ် ယူကျု ဗီဒီယိုဆု အဖြစ် အမည်စာရင်း အသွင်းခံရသည်။

ပေါက်ရှ်ကို အနည်းနည်း ဂုဏ်ပြုကြသည်မှာလည်း အောက်ပါအတိုင်း ဖြစ်သည်။

- ပစ္စဘတ်မြို့တော်ကောင်စီက ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက် နေ့ကို ဒေါက်တာ ရန်ဒီပေါက်ရှ် နေ့အဖြစ် ကြေညာခဲ့သည်။
- တိုင်းမ် မဂ္ဂဇင်းက ၂၀၀၈ ခုနှစ်၊ မေလတွင် ကမ္ဘာ့ဩဇာ အလွှမ်းမိုးဆုံး ပုဂ္ဂိုလ် ၁၀၀ စာရင်း၌ ပေါက်ရှ်ကို ထည့်သွင်းခဲ့သည်။



- ပေါက်ရှ်ကို ၂၀၀၈ ခုနှစ်၏ ပစ္စဘတ်မြို့သားအဖြစ် သတ်မှတ်ခဲ့သည်။
- ၂၀၀၈ ခုနှစ်၊ မေလ ၃၀ ရက်တွင် နိုင်ငံ၏ လူငယ်များအတွက် သူ၏ ဆောင်ရွက်ချက်များကို ကျေးဇူးတင်ကြောင်း ဖော်ပြသည့် သမ္မတ ဂျော့ဒဗလျူ ဘွတ်ရှ်၏ စာကို လက်ခံရရှိခဲ့သည်။
- ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် ဝေါ့လ်ဒစ္စနေး ကုမ္ပဏီက ရန်ဒီပေါက်ရှ်အား ဂုဏ်ပြုသည့် ကျောက်ပြား စိုက်ထူကာ ထိုကျောက်ပြား၌ 'တစ်ခုခုမှာ တော်အောင် လုပ်ပါ။ သင် အဖိုးတန်လာလိမ့်မည်' အစရှိသော ပေါက်ရှ်၏ စကားကို ရေးသားထားသည်။
- ဝေါ့လ်ဒစ္စနေးကုမ္ပဏီက ကာနက်ဂီ မယ်လွန် တက္ကသိုလ်တွင် ဒစ္စနေး၏ ပေါက်ရှ် အမှတ်တရ ဖဲလိုးရှစ်ပညာသင်ဆုကို တီထွင်ပေးလိုက်သည်။ ဘွဲ့ရ ကျောင်းသားနှစ်ဦးကို ထောက်ပံ့မည့် ပညာသင်ဆုဖြစ်သည်။
- The Last Lecture ဟောပြောသည့် နေ့တွင် ကာနက်ဂီ မယ်လွန် တက္ကသိုလ်၏ ကွန်ပျူတာသိပ္ပံ အဆောက်အအုံ နှင့် ဝိဇ္ဇာဘာသာရပ်များ ဌာနတို့ကို ဆက်သွယ်သည့် တံတားကို ပေါက်ရှ် အမည် ပေးခဲ့သည်။


ဤမျှဆိုလျှင် ဤစာအုပ်ကို ရေးသူ ရန်ဒီပေါက်ရှ်နှင့် သူ၏ စာအုပ် အကြောင်းတို့ကို အတော်အတန် သိနိုင်လောက်ပြီ ထင်ပါသည်။

ဤစာအုပ်ကို ရန်ဒီပေါက်ရှ် ကိုယ်တိုင်က ဝတ္ထုရေးဆရာလို ရေးဖွဲ့ထားသည် မဟုတ်၍ သူ့အရှိအတိုင်းပင် ကျွန်တော် ဘာသာပြန်ပါသည်။ စာရေးသူ၏ ဘဝမှာ စိတ်ဝင်စားစရာ ကောင်းသလို စာအုပ်တွင် သူပေးခဲ့လိုသော ဘဝသင်ခန်းစာများကလည်း မှတ်သားဖွယ် ကောင်းပါသည်။ စာဖတ်သူများသည် ဤစာအုပ်မှ တစ်စုံတစ်ရာ ရနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

၂၂ ဇွန် ၂၀၁၀ ပြည့်နှစ်။ ဦးတင်ဦး (ကျူရှင်)

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

ကျွန်တော့်မှာ အင်ဂျင်နီယာအတတ်ဆိုင်ရာ ပြဿနာတစ်ခု ရှိနေပါသည်။

ကျွန်တော့်တစ်ကိုယ်လုံးကို ခြုံကြည့်လိုက်လျှင် ကျွန်တော်သည် ကိုယ်လုံးကိုယ်ပေါက် တကယ်လှသူလို့ ဆိုရပါမည်။ သို့သော်လည်း ကျွန်တော့် အသည်းမှာက အကျိတ် ၁၀ ခုနှင့် ဖြစ်နေသည်။ နေရဖို့အချိန်မှာ လအနည်းငယ်မျှသာ ကျန်ပါတော့သည်။

ကျွန်တော်သည် ကလေးသုံးယောက်ဖခင် ဖြစ်၏။ ရထားသည့် မိန်းမမှာလည်း ကျွန်တော့် အိပ်မက်ထဲက အမျိုးသမီးတစ်ဦးပင်၊ ကျွန်တော်သည် ကိုယ့်ဘာသာကိုယ် ဝမ်းနည်းနေမည်ဆိုလျှင် အလွယ်တကူ ဝမ်းနည်းနေ၍ ရသော်လည်း ထိုသို့ ဝမ်းနည်းနေရုံမျှနှင့် သူတို့အတွက်သော် လည်းကောင်း၊ ကျွန်တော့်အတွက်သော်လည်းကောင်း ဘာအကျိုးမျှ ရှိမည်မဟုတ်ပါ။

ထို့ကြောင့် ကျွန်တော်သည် နေရဖို့ နည်းလှတော့၊ သည်အချိန်ကလေးကို ဘယ်နည်းဘယ်ပုံ ကုန်ဆုံးစေရပါမည်နည်းဟု စဉ်းစားရပါသည်။

တစ်ဖက်က ကြည့်မည်ဆိုလျှင်ကား ကျွန်တော်သည် ကျွန်တော့်မိသားစုနှင့် အတူ ရှိနေကာ သူတို့အား ဂရုစိုက်သွားဖို့သင့်သည် ဟူသော အချက်ကား ထင်ရှားနေပါ၏။ နေရသမျှ အချိန်ကလေးတွင် အချိန်တိုင်း အချိန်တိုင်း၌ သူတို့နှင့် အတူ ရှိနေကာ သူတို့အား ယုယပိုက်ထွေးလုပ်နေဖို့ သင့်ပါ၏။ ကျွန်တော်သည့်နောက်မှာ သူတို့၏ ဘဝလမ်းကြောင်း ချောမွေ့သွားအောင် လိုအပ်ရာရာကို လုပ်ပေးသွားဖို့ရှိပါ၏။

အခြားတစ်ဖက်က ကြည့်ပြန်သောအခါ အထက်မှာကဲ့သို့ ထင်ရှားလှသည့် အချက်ပင် မဟုတ်သော်ငြား၊ ကျွန်တော်က သူတို့ကို နောင်အနှစ်နှစ်ဆယ်သောအ်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ သင်ကြား ဆုံးမသွားရမည့် အရာများကို သူတို့အား ဤအချိန်တိုတလေးအတွင်း မည်သို့ သင်ကြား ဆုံးမသွားရပါမည်နည်းဟု စဉ်းစားဖွယ်ရှိသည်။ သူတို့သည် ကျွန်တော် ပြောတာ ဆိုတာတွေကို နားလည် လက်ခံနိုင်လောက်သည့်အရွယ်သို့ မရောက်ကြသေး။ သူတို့က ငယ်လွန်းလှသေးပေသည်။ မိဘတိုင်းသည် မိမိတို့၏ သားသမီးများကို အမှားအမှန် ခွဲခြားနားလည်အောင် သင်ကြား ဆုံးမလိုကြသည်သာ ဖြစ်၏။ အမှားမှန်း အမှန်မှန်း ခွဲခြားသိဖို့ဆိုသည်မှာလည်း အရေးကြီးသည် မဟုတ်လော။ တစ်ဖန် ဘဝတွင် ကြုံလာကြရမည့် စိန်ခေါ်မှုများကို (ဝါ) အဆိုးလောကဓံများကို ဘယ်သို့ ရင်ဆိုင်သွားကြရမည်တော့၍လည်း သင်ကြား ဆုံးမသွားလိုကြသည်သာ ဖြစ်သည်။ မိဘများသည် ကိုယ့်သားသမီးများကို ကိုယ့်ဘဝတွင် ကြုံခဲ့ရသည့် ဖြစ်ရပ် ဇာတ်လမ်းများကို သိသွားစေချင်ကြသည်။ ဤသို့ သိစေချင်ကြသည်မှာလည်း ကိုယ့်သားသမီးများသည် မိမိတို့ မိဘများ၏ ဘဝအတွေ့အကြုံမှ သင်ခန်းစာယူကာ သူတို့၏ ဘဝကို သူတို့ တည်ဆောက်သွားနိုင်ရန်အတွက် ဖြစ်ပေသည်။ မိဘတို့ သဘာဝအတိုင်း ကျွန်တော့် သားသမီးများကို သင်ကြားဆုံးမသွားလိုသော ထိုဆန္ဒကြောင့်ပင်လျှင် ကျွန်တော်သည် ကာနက်ဂီ မယ်လန် တက္ကသိုလ်တွင် 'နောက်ဆုံးဟောပြောချက်'ကို ဟောပြောဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

တက္ကသိုလ်မှာ ဤသို့သော ဟောပြောချက်များကို ပုံမှန်အားဖြင့် ဗွီဒီယိုတိတ်ခွေဖြင့် မှတ်တမ်းတင်ထားလေ့ရှိသည်။ ထိုနေ့က ကျွန်တော် ဘာလုပ်နေသည်ကို ကျွန်တော် သိပါသည်။ ကျွန်တော်သည် ပညာရှင်များ ဟောပြောလေ့ရှိသော ဤသို့သော ဟောပြောချက်မျိုးကို ဖုတ်ပူမီးတိုက် ပြုလိုက်ခြင်းမှာ ကျွန်တော့်ကိုယ် ကျွန်တော် ပုလင်းတစ်ခုထဲသို့ ထည့်သွတ်လိုက်သည့်သဘောဖြစ်ပါ၏။ တစ်နေ့သောအခါတွင် ဤပုလင်းကို လှိုင်းများက ကျွန်တော့်သားသမီးများအတွက် ပင်လယ်ကမ်းသောင်ပေါ်သို့ ပုတ်ခတ်၍ တင်ပေးလိုက်ကြပေလိမ့်မည်။ အကယ်၍သာ ကျွန်တော်သည် ပန်းချီဆရာတစ်ဦး ဆိုပါက ကျွန်တော့်သားသမီးများအတွက် ပန်းချီ ရေးဆွဲ၍ ထားခဲ့မည် ဖြစ်ပါ၏။ အကယ်၍သာ ကျွန်တော်သည် ဂီတပညာရှင်တစ်ဦး ဖြစ်ပါက ကျွန်တော့်သားသမီးများအတွက် တေးဂီတဖွဲ့ခဲ့မည် ဖြစ်ပါ၏။ သို့ရာတွင် ကျွန်တော်သည် ပန်းချီဆရာလည်း မဟုတ်၊ ဂီတပညာရှင်လည်း မဟုတ် ဟောပြောပို့ချနေရသည့် ပါမောက္ခတစ်ဦးမျှသာ



ဖြစ်ပေရာ ကျွန်တော်သည် သူတို့အတွက် ဟောပြောချက်ကိုသာ ဟောပြောခဲ့ရပါပေသည်။

ကျွန်တော်သည် ဘဝသည် ဘယ်မျှပျော်ရွှင်ဖွယ် ကောင်းပုံကို ဟောပြောခဲ့၏။ ကျွန်တော့်တွင် နေရမည့်ဘဝအချိန် အလွန်ပင် နည်းနေပြီဖြစ်သည့်တိုင် ကျွန်တော်သည် ဘဝကို မည်မျှတန်ဖိုးထားကြောင်း ဟောပြောခဲ့၏။ ကျွန်တော်သည် ကျွန်တော့်ဟောပြောချက်ထဲတွင် ရိုးသားမှုအကြောင်း၊ ကိုယ်ကျင့်သိက္ခာအကြောင်း၊ ကျေးဇူးတရားအကြောင်းတို့ကို ထည့်ပြောခဲ့၏။ ကျွန်တော် နှစ်သက်မြတ်နိုးသည့် အခြားအခြားသော အကြောင်းများကိုလည်း ထည့်ပြောခဲ့သည်။ ထိုသို့ဟောပြောခဲ့ရာ၌ ကျွန်တော်သည် နားထောင်သည့် ပရိသတ် ငြီးငွေ့မှုမဖြစ်အောင်လည်း ကြိုးစားခဲ့ပါသည်။

စာဖတ်သူများ ဖတ်ကြရမည့် ဤစာအုပ်သည်ကား ကျွန်တော် ဟောပြောစင်ပေါ်မှာ ပြောခဲ့သည့် (ဝါ) စခဲ့သည့် အကြောင်းအရာများကို ကျွန်တော် ဆက်ရေးသွားခြင်းဟု ဆိုနိုင်ပါသည်။ ကျွန်တော့်အဖို့ အချိန်သည် တန်ဖိုးရှိလှသဖြင့် ထိုအဖိုးတန်အချိန်ကလေးကို တတ်နိုင်သမျှ ကျွန်တော့် ရင်သွေးကလေးများနှင့် နေရင်း ကုန်ဆုံးစေချင်ပါသေး၏။ ထို့ကြောင့် ကျွန်တော်က ဂျက်ဖရီဇာဆလိုအား ကူပါဦးဟု ပြောရသည်။ ကျွန်တော်သည် နေ့တိုင်း ကျွန်တော် နေထိုင်ရာ ရပ်ကွက်ထဲမှာ ပတ်ပြီး စက်ဘီးစီးသည်။ စက်ဘီးစီးပြီး ကျွန်တော့် ကျန်းမာရေးအတွက် အရေးကြီးသော လေ့ကျင့်ခန်းကို ရယူခြင်းဖြစ်ပါသည်။ စက်ဘီးအပတ်ပေါင်း ၅၃ ပတ် စီးနေရင်း ကျွန်တော်သည် ကျွန်တော်၏ ဆဲလ်ဖုန်းမှနေ၍ ဂျက်ဖရီအား ပြောပြသည်။ သူသည် ထိုပြောချက်များကို နာရီပေါင်းများစွာ အချိန်ကုန်ခံကာ ယခုစာဖတ်သူ ဖတ်ရတော့မည့် စာအုပ်အဖြစ်သို့ ရောက်အောင် ကူညီခဲ့သည်။ (ထိုပြောပြချက်များကို ဟောပြောချက် ၅၃ ဟုပင် ခေါ်တွင်ရနိုင်မည်ထင်သည်။)

ဤစာအုပ်တွင်ပါသည့် မည်သည့်ဇာတ်လမ်း အကြောင်းအရာကမှ သက်ရှိထင်ရှား ဖခင်တစ်ဦးကို အစားထိုးပေးနိုင်မည် မဟုတ်ကြောင်းကို ကျွန်တော်တို့ အစကတည်းက အမှန်အတိုင်း သိထားပြီးဖြစ်ပါသည်။ သို့ရာတွင် အင်ဂျင်နီယာအတတ်ဟူသည် ပြီးပြည့်စုံ ကောင်းမွန်သော အဖြေမျိုးကို ရှာပေးနိုင်သည် မဟုတ်။ အင်ဂျင်နီယာအတတ်ဟူသည် ရှိသမျှ ပစ္စည်းပစ္စယကလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com


တတ်နိုင်သလောက် အကောင်းဆုံး ဖြစ်အောင် လုပ်ပေးခြင်းမျှသာ ဖြစ်သည်။ ကျွန်တော်၏ ဟောပြောချက်သည် လည်းကောင်း၊ ဤစာအုပ်သည် လည်းကောင်း ဖော်ပြပါ ဥပမာအတိုင်း ကျွန်တော် ကြိုးပမ်းကြည့်ခြင်းမျှသာ ဖြစ်ပါသတည်း။

❒ ❒ ❒

# အပိုင်း ၁

# နောက်ဆုံး ဟောပြောချက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁

## ဒဏ်ရာရထားသော ခြင်္သေ့ပင်လျှင် ဟောက်ကြည့်ချင်သေး

ပါမောက္ခများစွာတို့သည် 'နောက်ဆုံးဟောပြောချက်' ဟူ၍ ခေါင်းစဉ်ပေးထားသော ဟောပြောချက်များကို ဟောပြောခဲ့ကြဖူးပါသည်။ ထိုသို့သော ဟောပြောချက်များကို တွေ့ဖူးချင်လည်း တွေ့ဖူးကြပါလိမ့်မည်။

တက္ကသိုလ်နယ်မြေမှာမူ ဤသို့သော ဟောပြောချက်များသည် လုပ်နေကျ အလုပ်မျိုးပင် ဖြစ်နေပါပြီ။ ပါမောက္ခကြီးများကို ဤဟောပြောချက်မျိုး ဟောပြောပေးဖို့ တောင်းခံလေ့ ရှိပါသည်။ အကယ်၍ ပါမောက္ခကြီးက သေတော့မည် ဆိုပါစို့။ ထိုသို့ဆိုလျှင် ပါမောက္ခကြီးအတွက် ဘာအရေးကြီးဆုံးဖြစ်မည် ထင်ပါသလဲ။ ထိုအရေးအကြီးဆုံးအရာကို မြွက်ကြားပေးပါဟု မေတ္တာရပ်ခံလေ့ရှိပါသည်။ တစ်ဖန် ပါမောက္ခကြီးများ ဟောပြောနေစဉ်တွင်လည်း ပရိသတ်စိတ်ထဲမှာ အလားတူမေးခွန်းမျိုးကို မစဉ်းစားမိဘဲ မနေကြပေ။ ကျွန်ုပ်တို့သည် ယခုအချိန်မှာ ကျွန်ုပ်တို့၏ နောက်ဆုံးအချိန်ဖြစ်သည်ဟူ၍ သိထားခဲ့ပါလျှင် လောကကြီးအတွက် ဘယ်သို့သော မှတ်သားစရာစကားမျိုးဖြင့် ပညာပေးခဲ့လိုပါသနည်း။

မနက်ဖြန်တွင် သေဆုံးပျောက်ကွယ်တော့မည်ဆိုပါက ကျွန်ုပ်တို့၏ အမွေအနှစ်အဖြစ် ဘာကိုထားခဲ့ချင်ပါသနည်း ဟူသော မေးခွန်းမျိုးများ ဖြစ်ပါသည်။

ကာနက်ဂီတက္ကသိုလ် နောက်ဆုံးဟောပြောချက် အစီအစဉ်ကို လုပ်ခဲ့သည်မှာ နှစ်နှင့်ချီ၍ ကြာခဲ့ပေပြီ။ သို့ရာတွင် ဤအစီအစဉ်ကို စီစဉ်ကြသူများ ကျွန်တော့်အား ဟောပြောပေးဖို့ လာရောက်ပြောဆိုချိန်တွင် သူတို့သည် သူတို့၏ ထိုဟောပြောချက် အစီအစဉ်ကို 'ခရီးများ' ဟူ၍ အမည်သစ် ပေးထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြပြီး ဖြစ်သည်။ ဟောပြောပေးရန်အတွက် သူတို့ ရွေးချယ်ထားသော ဝါမောက္ခများကို သူတို့ဖြတ်သန်းလာရသော ပုဂ္ဂလိက ခရီးစဉ်တွင်ရော အသက်မွေးဝမ်းကြောင်း ပညာရပ်ခရီးများကို ပြန်ပြောင်း တွေးမိရာများကို ပြောပြရန် မေတ္တာရပ်ခံပြီး ထိုခေါင်းစဉ်ဖြင့် ဟောပြောစေကြခြင်းဖြစ်သည်။ စိတ်လှုပ်ရှားဖွယ် အကောင်းဆုံး ခေါင်းစဉ်မျိုးပင် မဟုတ်သော်လည်း ကျွန်တော်သည် ထိုအတိုင်းဖြင့် ပြင်ပြောဖို့ လက်ခံလိုက်သည်။ ကျွန်တော် ပြောရမည့်အလှည့်ကို စက်တင်ဘာ ပတ်ထဲမှာ ပေးထားပါသည်။

ထိုသို့ ဟောပြောပေးဖို့ လက်ခံလိုက်ချိန်၌ ကျွန်တော်၏ ပန်ကရိယမှာ ကင်ဆာဖြစ်နေကြောင်း ဆရာဝန်က ပြောထားပါပြီ။ သို့ရာတွင် စိတ်အားမလျှော့။ ဘဝကို အကောင်းဘက်ကသာ ရှုမြင်ထားသည်။ ကင်ဆာရောဂါရလျက် အသက်မသေ ရှင်လျက်ရှိနေသူများတွင် ကျွန်တော်ပါနေ၍ ကံကောင်းသည်ဟုပင် ဆိုနိုင်သေးသည်။

ကျွန်တော် ရောဂါအတွက် ကုသမှုခံယူနေရချိန်တွင် ဟောပြောချက် အစီအစဉ်များကို ဆောင်ရွက်နေကြသူများက ကျွန်တော့်ထံ အီးမေးလ်တွေ တောက်လျှောက် ပို့နေသည်။ 'ပြောမည့်အကြောင်းအရာက ဘာပါလဲခင်ဗျာ' ဟု မေးကြသည်။ 'အကြောင်းအရာ အကျဉ်းချုပ်ကလေးကို ပေးစေလိုပါတယ်' ဟု ပြောကြသည်။ ကျွန်တော့်လို မသေဖို့ မနည်းကြိုးစားနေရ၍ အလုပ်တွေ ဘယ်မျှ ရှုပ်နေသည်ဟု ဆိုစေ၊ ပညာရှင်လောကတွင် မသိကျိုးကျွန်ပြု၍ မရ၊ မျက်ကွယ်ပြု၍မရသည့် ထုံးစံတွေက ရှိသည်။ ဩဂုတ်လလယ်လောက် ရောက်သည့်အခါ ကျွန်တော် ဟောပြောမည့် ဟောပြောချက်အတွက် ပိုစတာတစ်ခု ရိုက်နှိပ်ရဖို့ရှိသည်ဟု ကျွန်တော့်အား ပြောပါသည်။ ထို့ကြောင့် ကျွန်တော်သည် ပြောမည့်ခေါင်းစဉ်ကို ဆုံးဖြတ်ရတော့မည် ဖြစ်သည်။

သို့ရာတွင် ထိုသီတင်းပတ်မှာပင် ကျွန်တော် မကြာသေးမီက ခံယူခဲ့သည့် ကုသမှုသည် အရာမထင်၊ ကျွန်တော် နေရတော့မည့်အချိန်သည် လပိုင်းမျှသာ ကျန်တော့သည်ဟူသော သတင်းကို ကျွန်တော်ရသည်။ ရုတ်ခြည်းဆိုသလိုပင် လုပ်ရမည့် အခြားအရာများကလည်း အများအပြား ဖြစ်လာသည်။ ကျွန်တော်သည် ကျွန်တော်တစ်ယောက်တည်း၏ ဝမ်းနည်းကြေကွဲမှုကိုသာမက ကျွန်တော့်အား ခင်မင်မြတ်နိုးသူများ၏ ဝမ်းနည်းကြေကွဲမှုကိုပါ ရင်ဆိုင်ရတော့မည်ဖြစ်



သည်။ ကျွန်တော်သည် ကျွန်တော့်မိသားစု ကိစ္စများကို အစီအစဉ်တကျ ဖြစ်အောင် တွင် ကျွန်တော့်ကိုယ် ကျွန်တော် ပုံပေးရပေလိမ့်မည်။ သို့ပင်ဖြစ်သော်သည်း ထိုသို့သော လုပ်စရာတွေ ဘယ်မျှပင်ရှိနေရှိနေ၊ ဟောပြောမည်ဟူသော စိတ်ကူး ကိုမူ ခါထုတ်၍ မရနိုင်ဘဲ ဖြစ်နေသည်။ နောက်ဆုံးဟောပြောချက် ဟူသော အမည်ခေါင်းစဉ်နှင့်အညီ ကျွန်တော်၏ ဟောပြောချက်မှာ တကယ်ပင် နောက်ဆုံး ဟောပြောချက်ဖြစ်မည် ဟူသော အတွေးက ကျွန်တော့်အား အားပေးလျက်ရှိ သည်။ ကျွန်တော် ဘာကို ပြောလျှင် ဖြစ်မည်နည်း။ ကျွန်တော့် ဟောပြောချက်ကို မည်သို့ လက်ခံကြမည်နည်း။ ကျွန်တော် ဟောပြောချက်ပြီးအောင်ကော ဟောပြော နိုင်ပါမည်လော။

'သူတို့ကတော့ ကိုယ်မပြောဖြစ်တော့ဘူးဆိုကာ နောက်ဆုတ်လိုက်မယ် ဆိုရင် နောက်ဆုတ်ခွင့် ပြုကြမှာပါပဲ၊ ဒါပေမဲ့ ကိုယ်က ဒီဟောပြောချက်ကို တကယ်ပဲ ဟောပြောလိုက်ချင်တာလေ' ဟု ကျွန်တော်က ကျွန်တော့်ဇနီးလေးကို ပြောပြပါသည်။

ဂျေးသည် အမြဲသဖြင့် ကျွန်တော့်အား နှစ်သိမ့် အားပေးနေတတ်သူဖြစ် သည်။ ကျွန်တော်က စိတ်အားထက်သန်နေသည့်အခါ သူကလည်း စိတ်အား ထက်သန်လိုက်သည်သာ ဖြစ်သည်။ သို့ရာတွင် သူက ဤနောက်ဆုံးဟောပြော ချက် ဟောပြောမည် ဟူသော စိတ်ကူးကို သံသယရှိနေ၏။ ကျွန်တော်တို့သည် ပစ္စဘတ်မှ အရှေ့တောင် ဗာဂျင်နယားကို ရွှေ့လာခဲ့သည်မှာ မကြာသေးခင်မှ ဖြစ်သည်။ ဤသို့ ရွှေ့လာရခြင်းမှာလည်း ကျွန်တော်သေဆုံးသွားပြီးနောက်တွင် ဂျေးနှင့် ကလေးများ ဂျေး၏ မိသားစုနှင့် နီးနီးနားနားနေနိုင်အောင် ဖြစ်သည်၊ ဂျေးက ကျွန်တော်၏ အဖိုးတန်လှသော အချိန်ကို ကိုယ့်ကလေးတွေနှင့်အတူ နေသောအားဖြင့်ဖြစ်စေ၊ အိမ်သစ်မှာ ထုပ်ပိုးလာသော ပစ္စည်းပစ္စယများကို အထုပ်မှ ဖြေ၍ နေထားတကျ ဖြစ်သောအားဖြင့် ဖြစ်စေ ကုန်လွန်စေချင်၏။ ထိုအဖိုးတန် အချိန်ကို ဟောပြောချက်ရေး ရေးပြီးတော့ ပစ္စဘတ်သို့ တစ်ခါပြန်ကာ သွား ဟောပြော စသည့်အလုပ်ဖြင့် ကုန်မသွားစေချင်ပေ။

'အတ္တဆန်တယ်လို့ပြောချင်လည်း ပြောတော့မောင်၊ ကျွန်မတော့ မောင့်ကို အကုန်လုံးလိုချင်တာပဲ၊ မောင် ဒီဟောပြောချက်အတွက် ကုန်တဲ့အချိန်တွေဟာ ကျွန်မတို့အဖို့တော့ ဆုံးရှုံးသွားတဲ့ အချိန်ပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီအချိန်

www.burmeseclassic.com

www.burmeseclassic.com



ဟာ ကျွန်မနဲ့ ကလေးတွေဆီက ယူသွားတဲ့အချိန် ဖြစ်လို့ပဲ’ဟု ဂျေးက ပြောပါသည်။

သည်စကား ဘယ်ကလာသည်ကို ကျွန်တော် နားလည်ပါ၏။ ကျွန်တော်ဒီရောဂါ ရလာကတည်းက ကျွန်တော် ဂျေးပြောတာကို လက်ခံ လိုက်နာမည်၊ ဂျေး၏ ဆန္ဒကို လိုက်လျောမည်ဟု ကိုယ့်ဘာသာကိုယ် ကတိသစ္စာ ဆိုထားသည်။ ကျွန်တော်၏ မကျန်းမာမှုကြောင့် ဖြစ်ပေါ်လာသည့် ဝန်ထုတ်ဝန်ပိုးကို နည်းနိုင်သမျှ နည်းအောင် လုပ်သွားရန်သည် ငါ့တာဝန်ဖြစ်သည်ဟူ၍လည်း ကျွန်တော်သိမြင်ထားပြီး ဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ကျွန်တော်သည် မျက်စိနှစ်လုံးဖွင့်လိုက်သည်နှင့် နိုးနေသမျှ အချိန်အတွင်း ကျွန်တော်မရှိတော့သည့် ကျွန်တော့်မိသားစု၏ အနာဂတ်အတွက် စီစဉ်စရာရှိသည်များကို စီစဉ်ခြင်းဖြင့် အချိန်ကုန်နေစေခဲ့ခြင်း ဖြစ်သည်။ သို့ပင်ဖြစ်သော်လည်း နောက်ဆုံး ဟောပြောချက်ဟောပြောခဲ့မည်ဟူသော အာသာဆန္ဒကို မစွန့်လွှတ်လိုက်နိုင်ဘဲ ဖြစ်ရပြန်သည်။



လိုဂန်၊ ချလို၊ ဂျေး နှင့် ဒီလန်တို့ ကျွန်တော်နဲ့အတူ



ကျွန်တော်၏ တက္ကသိုလ်ဆရာဘဝ သက်တမ်း တစ်လျှောက်လုံးတွင် ကျွန်တော်သည် တော်တော်ကောင်းသော ဟောပြောချက်များကိုလည်း ပြောဟောခဲ့ပြီး ဖြစ်ပါ၏။ သို့ရာတွင် ကွန်ပျူတာဌာနတွင် စကားပြော အကောင်းဆုံးဟူ၍ ယူဆ သတ်မှတ်ခံရခြင်းမှာမူ အနုတောတွင် အချောဆုံးလူပါပဲဟု အဆိုခံရဘိသို့ ရှိပါလိမ့်မည်။ ကျွန်တော်သည် ထိုအချိန်အခါတုန်းကပင်လျှင် ငါ့အထဲမှာ အများကြီးရှိသည်။ ငါ့မှာရှိတာတွေ အိတ်သွန်ဖာမှောက် ပြောလိုက်ရလျှင် နားထောင်သူတွေကို တစ်စုံတစ်ရာ ထူးခြားတာမျိုးကိုတော့ ပေးနိုင်လိမ့်မည်ဟု ကျွန်တော့်စိတ်မှာ အထင်ရှိခဲ့သည်။ ပေးနိုင်မည့်အရာသည် ‘ပညာ’ ဟုဆိုလိုက်လျှင် ကြီးကျယ်သော စကားလုံးတော့ ဖြစ်ချင်ဖြစ်သွားမည်။ အမှန်တော့ ထိုစကားလုံးအတိုင်းသာပဲ ဖြစ်ပေလိမ့်မည်။

ဂျေးသည် ဟောပြောချက်ကိစ္စအတွက် စိတ်မပျော်နိုင်ဘဲ ဖြစ်သည်။ သို့ဖြင့် နောက်ဆုံး၌ ကျွန်တော်တို့သည် ကျွန်တော်တို့၏ ပြဿနာကို မီချဲရီးစ်ထံသို့ ဆောင်ယူသွားကြသည်။ ရီးစ်သည် လွန်ခဲ့သည့် လအနည်းငယ်ကတည်းက ကျွန်တော်တို့ သူ့ထံ သွားသွားတွေ့နေခဲ့သည့် စိတ်ကုဆရာဝန်ဖြစ်ပါသည်။ သူက မိသားစုအတွင်း၌ မိသားစုအဖွဲ့ဝင်တစ်ဦးဦးသည် ကုမရတော့သည့် ရောဂါတစ်မျိုးမျိုးနှင့် ရင်ဆိုင်နေရသည့်အခါမျိုးတွင် အကူအညီပေးနိုင်သည့် ပညာရပ်ကို အထူးပြု သင်ယူလာခဲ့သူ ဖြစ်ပါသည်။

ဂျေးက ရီးစ်ကို ပြောပြသည်။

‘ရန်ဒီအကြောင်း ကျွန်မသိတယ်၊ သူက အလုပ်ကို လုပ်နေရမှ ဆိုတဲ့ သူမျိုး၊ သူ ဒီဟောပြောချက်ကို စပြီးပြုစုပြင်ဆင်လုပ်တာနဲ့ကို သူ ဘယ်လိုဖြစ်သွားမယ်ဆိုတာ ကျွန်မ သိတယ်၊ ဒီဟောပြောချက်က အချိန်သိပ်ကုန်မှာ’

ဂျေးက ဆက်ပြောသေးသည်။ ကျွန်တော်တို့ဘဝတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် လွှမ်းမိုး အနိုင်ယူတော့မလောက်ဖြစ်နေသော ပြဿနာများကို ရှောင်ဖယ်ချင်သည့်အနေဖြင့်ကား ဤဟောပြောချက်ကို လုပ်ဖို့မလိုဟု ထင်ကြောင်းလည်း ဂျေးက စောဒကတက်သည်။

ဂျေး စိတ်ထဲမှာ ကသိကအောက်ဖြစ်နေသည့် ပြဿနာတစ်ခုကလည်းရှိသေးသည်။ စီစဉ်ထားသည့်အချိန်အတိုင်း ဟောပြောရမည်ဆိုလျှင် ကျွန်တော်သည် ဂျေး၏ ၄၁ နှစ်မြောက် မွေးနေ့မတိုင်မီရက်တွင် ပစ္စဘတ်သို့ လေယာဉ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သွားရမည် ဖြစ်၏။ 'ဒီမွေးနေ့ဟာ ကျွန်မတို့နှစ်ယောက် အတူတွဲဆင်နွှဲရမယ့် ကျွန်မရဲ့ နောက်ဆုံးမွေးနေ့ပါ'ဟု ဂျေးက ကျွန်တော့်ကို ပြောပါသည်။ 'မောင်က ကျွန်မ မွေးနေ့မှာမှ တကယ်ပဲ အဲဒီကို သွားတော့မှာလား'ဟုလည်း စကားနာထိုးပါသည်။

အမှန်တကယ်အားဖြင့်လည်း ထိုနေ့တွင် ဂျေးကို ထားပြီး သွားရမှာပါကလားဟု တွေးမိသည့်အခါ ကျွန်တော့်ရင်မှာ မချိပါပေ။ သို့ပင်ဖြစ်သော်လည်း ကျွန်တော်သည် ဟောပြောချက် ဟူသော စိတ်ကူးကို မစွန့်လွှတ်နိုင်ပြန်ပါ။ ကျွန်တော်သည် ထိုဟောပြောမည့် ကိစ္စကို ကျွန်တော်၏ ပညာရှင်ဘဝတွင် နောက်ဆုံးအချိန်ကလေးဟု သိမြင်ထားမိပြီ ဖြစ်၏။ ကျွန်တော့်၏ 'အလုပ်မိသားစု' ကို နောက်ဆုံးခွဲခွာ နှုတ်ဆက်သည့်အနေလည်း ဖြစ်ပေသည်။ ထို့ပြင် ကျွန်တော် ဟောပြောမည့် နောက်ဆုံးဟောပြောချက်သည် အားကစားလောကမှ အနားယူအံ့သော ဘေ့စ်ဘောသမားသည် သူ၏ အကောင်းဆုံး နောက်ဆုံးရိုက်ချက်ကို ရိုက်ပြပြီး သူ၏ အားကစားပရိသတ်ကို နှုတ်ဆက်သွားသည်နှင့်လည်း တူလှသည်ဟု ကျွန်တော်က စိတ်ကူးယဉ်အတွေးနှင့် တွေးနေမိကြောင်း ကိုယ့်ဘာသာပြန်တွေ့နေရသည်။ ဂွိုင်းဟော့ဘ်ဆိုလျှင် အသက်အရွယ်လည်း ထောက်နေသူမှာ သွေးတွေလည်း ထွက်နေသည့်ကြားက သူ၏ 'ဟုမ်းရန်း' ရိုက်ချက်ကို ပြ၍ နှုတ်ဆက်သွားသည် မဟုတ်ပါလော။

ဒေါက်တာရီးစ်သည် ဂျေးနှင့် ကျွန်တော်တို့ ပြောသမျှကို နားစိုက်ထောင်သည်။ ဂျေးကို သူမြင်မိသည်ကား ဂျေးသည် မိမိ၏ ခင်ပွန်းနှင့်အတူတူ ပြည့်စုံသော ဘဝတစ်ခုကို ဆယ်စုနှစ်များစွာ တည်ဆောက်သွားကာ သားသမီးများကို ကြီးကောင်ဝင် အရွယ်ရောက်လာအောင် မွေးကျွေးသုတ်သင်သွားမည် ဟူသော ရည်ရွယ်ချက်မျိုးထားသည့် ကိုယ့်လင်ကို တကယ်ချစ်မြတ်နိုးတတ်သော စိတ်ဓာတ်ခိုင်မာသည့် အမျိုးသမီးကောင်းတစ်ဦးဖြစ်သည်ဟု ဆို၏။ ယခုသော် ကျွန်တော်တို့၏ အတူနေထိုင်လာသော ဘဝသည် နေရဖို့ လအနည်းငယ်အဖြစ်သို့ ကျုံ့သွားရတော့မည်ဟု ဆိုသည်။ ကျွန်တော့်ကိုကား ဒေါက်တာရီးစ်က ဤသို့မြင်သည်။ ကျွန်တော်သည် ယခုတိုင်အောင် ကိုယ့်အိုးကိုယ့်အိမ်၌ အပြည့်အဝ အနားယူဖို့ အသင့်မဖြစ်သေးရာ ညောင်စောင်းပေါ်သို့တက်ဖို့ အသင့်မရှိသေးသူလည်း ဖြစ်သည် . . . ဟူ၏။



'ဒီဟောပြောချက်ဟာ သူတို့အတွက် ကျွန်တော် ဂရုစိုက် ခဲ့သူတွေလာ၊ ဒီ လူအများအပြားက ကျွန်တော့်ကို သွေးနဲ့ခန္ဓာ တည်မြဲနေသေးတဲ့အဖြစ်နဲ့ နောက်ဆုံးမြင်တွေ့ရမယ့် အချိန်ဖြစ်ပါတယ်'ဟု ကျွန်တော်က ခပ်ရှင်းရှင်းဝင်ပြောလိုက်ပါသည်။

'ကျွန်တော့်မှာ အခွင့်အရေးတစ်ခုရှိနေပါတယ်၊ အဲဒီအခွင့်အရေးကတော့ ကျွန်တော့်အဖို့ ဘာက အရေးအကြီးဆုံးလဲ၊ ကျွန်တော့်ကို လူတွေ ဘယ်ပုံဘယ်နည်းနဲ့ သတိရနေအောင် လုပ်သွားမလဲ၊ ကျွန်တော် လူ့ပြည် လူ့လောကမှ ထွက်ခွာမသွားမီ ကျွန်တော်လုပ်နိုင်သမျှ ဘယ်လို ကောင်းတာတွေကို လုပ်သွားမလဲဆိုတာကို သေသေချာချာ စဉ်းစားဖို့ဆိုတဲ့ အခွင့်အရေးပါပဲ'ဟုလည်း ကျွန်တော်က ရီးစ်ကို ပြောပြပါသည်။

ကျွန်တော်နှင့် ဂျေးတို့သည် သူ၏ ရုံးခန်းအတွင်းမှ ဆိုဖာထိုင်ခုံပေါ်မှာ တစ်ဦးကို တစ်ဦး တင်းကျပ်စွာ ဖက်လျက်၊ နှစ်ဦးစလုံးမှာလည်း မျက်ရည်တွေကျလျက်သားနှင့် အတူတွဲထိုင်နေကြသည်ကို ဒေါက်တာရီးစ်သည် တစ်ကြိမ်မကသူ ကြည့်ခဲ့ရဖူးပြီ ဖြစ်သည်။ သူက ကျွန်တော်တို့နှစ်ဦး တစ်ဦးအပေါ် တစ်ဦးလေးစားကြသည်။ ကြီးသော လေးစားမှုကို သူ တွေ့မြင်နိုင်ကြောင်း၊ သူ့အနေနဲ့ ကျွန်တော်တို့၏ နောက်ဆုံးအချိန်ကလေးကို အတူတကွရှိနေကြမည် ဟူသော ကျွန်တော်တို့၏ ကတိသစ္စာကို တွေ့ရသည့်အခါ တကယ်ပင် တုန်လှုပ်မိပါကြောင်း ပြောပါသည်။ သို့ရာတွင် ကျွန်တော့်အား ဟောပြောချက်ကို လုပ်ပါ၊ မလုပ်ပါနဲ့ဟု ဝင်ပြောလောက်အောင်အထိကား သူပါရမည့်အခန်းကဏ္ဍ မဟုတ်တော့ကြောင်း ပြောပါသည်။ 'ဒါကိုတော့ ရှင်ဘာသာပဲ ရှင်ဆုံးဖြတ်ရပါလိမ့်မယ်' ဟုလည်း ပြောပါသည်။ ထို့နောက် ကျွန်တော်တို့ နှစ်ဦးစလုံးအား တစ်ဦးစကား တစ်ဦးက နားထောင်ကြဖို့ တိုက်တွန်းပါသည်။ သို့မှလည်း ကျွန်တော်တို့နှစ်ဦးစလုံးအတွက် မှန်ကန်မည့် ဆုံးဖြတ်ချက်မျိုး ချနိုင်မည်ဖြစ်ကြောင်း ပြောလိုက်ပါသည်။

ဂျေးက ဘာမှ မပြောဘူးဟုပင် ထားဦး။ ကျွန်တော်သည် ဤဟောပြောချက်ကို ဘာကြောင့် ဟောပြောနေချင်ရသနည်းဟု ကျွန်တော့်ဘာသာ ရိုးသားစွာကြည့်ရပေလိမ့်မည်။ ဤဟောပြောချက်သည် အဘယ့်ကြောင့် ကျွန်တော့်အတွက် အလွန် အရေးကြီးနေပါသနည်း။ ဤဟောပြောချက်ကို ဟောပြောခြင်းမှာ ကျွန်တော်သည် ယခုအချိန်အထိ အသက်ရှင်နေဆဲ ဖြစ်ကြောင်းကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တိုယ် ကျွန်တော်ရော၊ အခြားလူတွေကိုပါ သိစေလိုသော နည်းလမ်းတစ်ရပ်ပေလော။ ကျွန်တော့်မှာ လုပ်ပြရဲသည့် သတ္တိရှိဆဲ ဖြစ်ကြောင်းကို သက်သေထူရန် အတွက်လော။ လူသိများ ကျော်ကြားသည့် ချစ်သူတစ်ဦးက နောက်ဆုံးအချိန်အဖြစ် ကိုယ့်ချစ်သူကို လုပ်ပြသွားချင်သည့် အာသာဆန္ဒကြောင့်လော။ အဖြေကား အားလုံးသော မေးခွန်းများအတွက် 'ဟုတ်ပါသည်' ဟုပင် ဆိုရပါမည်။

'ဒဏ်ရာရထားတဲ့ ခြသေ့်တစ်ကောင်ဟာ သူဟာ ဟောက်နိုင် ဟိန်းနိုင်သေးသလား ဆိုတာကိုတော့ သိချင်သေးတယ်၊ ဒါဟာ သိက္ခာနဲ့လည်း ဆိုင်တယ်၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာလည်း မှန်တယ်၊ အထင်ကြီးတယ်ဆိုပေမဲ့ အခြောက်တိုက် ဘဝင်မြင့်တာတော့ မဟုတ်ပါဘူး' ဟု ကျွန်တော်က ဂျေးကို ပြောပြပါသည်။

ဤတွင် ကျွန်တော့်မှာ ဤဆန္ဒမျိုးရှိအောင် ပြုပေးနေသည့် အခြားအရာတစ်ခုကလည်း ရှိသေးသည်။ ကျွန်တော်သည် တွေးကြည့်သည့်အခါ ကျွန်တော်ဟောပြောမည့် ဟောပြောချက်ကို ယာဉ်ရထားတစ်ခုအဖြစ် မြင်လာမိသည်။ မည်သို့သော ယာဉ်ရထားမျိုးပါနည်းဆိုသော် ကျွန်တော် တစ်ခါမှ မမြင်တွေ့ရဖူးသေးသည့် အနာဂတ်သို့ ကျွန်တော် စီးနင်းသွားရမည့် ယာဉ်ရထားပေတည်း။

ကျွန်တော်က ကလေးတွေ၏ အသက်ကိုလည်း ကြည့်ပါဦးဟု ဂျေးကို ပြောသည်။ ငါးနှစ်၊ သုံးနှစ်၊ တစ်နှစ်သား အသီးသီး ရှိကြသေးသည်။ 'မင်းကြည့်လေ၊ ငါးနှစ်ဆိုတာ ဒီလန် ကြီးလာရင် ကိုယ့်ကို နည်းနည်းကျဉ်းကျဉ်းလောက်တော့ မှတ်မိချင် မှတ်မိမှာပေါ့၊ ဒါပေမဲ့ သူ ဘယ့်နှယ်လုပ်ပြီး ကောင်းကောင်းကြီး မှတ်မိနိုင်ပါမလဲ၊ ကဲ မင်းနဲ့ ကိုယ်တို့ ငါးနှစ် အရွယ်တုန်းကဟာတွေကို ဘာတွေ မှတ်မိသလဲ၊ ဒီလန်ဟာ သူနဲ့ကိုယ် ကစားခဲ့တာကို မှတ်မိမလား၊ ဒါမှ မဟုတ်ရင်လည်း တစ်ခုခု အကြောင်းတို့ ရယ်ခဲ့ကြတာတွေကို သူ မှတ်မိမလား၊ မှတ်မိတယ်ဆိုရင်လည်း ဝိုးတိုးဝါးတားလောက်ပဲ ရှိမှာပေါ့။

'ကဲ၊ လိုဂန်နဲ့ ချလိုတို့ကျတော့ကော၊ သူတို့ဆို လုံးဝကို မှတ်မိကြမယ် မဟုတ်ဘူး၊ အထူးသဖြင့် ချလိုဆို ဘာမှ မှတ်မိမှာ မဟုတ်ဘူး၊ မင်းကို ဒါကိုတော့ တိုယ် ပြောနိုင်တယ်၊ ဒီကလေးတွေဟာ သူတို့ဟာ 'ငါ့အဖေ ဘယ်သူလဲ၊ သူက ဘယ်လိုလူလဲ' ဆိုတာကို မုချ သိဖို့လိုလာလိမ့်မယ်၊ နာနာကျင်ကျင်နဲ့ သိချင်လာ



ပေလိမ့်မယ်၊ အဲဒီလို သူတို့သိဖို့ လိုလာတဲ့ အဆင့်တစ်ဆင့်ကို သူတို့ ဖြတ်သန်းကြရပေလိမ့်မယ်၊ အခု ကိုယ်ပြောမယ့် ဟောပြောချက်ဟာ ကလေးတွေသိလိုတဲ့ အဖြေကို ပေးနိုင်ပေလိမ့်မယ်'

ကျွန်တော်က ကာနက်ဂီ မယ်လန် တက္ကသိုလ်သည် ဟောပြောချက်ကို မှတ်တမ်းတင်ထားမည်မှာ သေချာကြောင်းလည်း ပြောပြပါသည်။

'ကိုယ် ဒီဗွီဒီတစ်ချပ် မင်းကို ယူပေးမယ်၊ ကလေးတွေ ကြီးလာတဲ့အခါ အဲဒီအခွေကို မင်း ကလေးတွေကို ပြလို့ရမယ်၊ အဲဒီ ဒီဗွီဒီကို ကြည့်လိုက်ရတဲ့ အခါ ကလေးတွေဟာ ကိုယ်ဟာ ဘယ်သူပါလား၊ ဘာကို ဂရုစိုက်သွားပါကလား ဆိုတာကို နားလည်သွားလိမ့်မယ်'

ဂျေးသည် ကျွန်တော်ပြောတာ ဆုံးအောင်နားထောင်ပြီး မေးထိုက်သော မေးခွန်းကို မေးလိုက်ပါသည်။

'မောင် ကလေးတွေကို ပြောချင်တဲ့စကားတွေ ရှိတယ်ဆိုရင်၊ အကြံပေးစရာ ရှိတယ်ဆိုရင် ဗွီဒီယိုကင်မရာနဲ့ ဟောဒီဧည့်ခန်းထဲမှာပဲ ဗွီဒီယိုရိုက်ပြီး တိတ်ခွေနဲ့ မှတ်တမ်းတင်ထားခဲ့ပါလား၊ အဲဒီလိုကော ဘာလို့ မလုပ်တာလဲ'

သူပြောတာလည်း ဟုတ်ချင် ဟုတ်ပါမည်။ ဟုတ်ချင်မှလည်း ဟုတ်ပါမည်။ တောထဲက ခြသေ့်၏ ကျက်စားရာနယ်မြေသည် တောသာ ဖြစ်သကဲ့သို့ ကျွန်တော် ကျက်စားရာ နယ်မြေမှာလည်း တက္ကသိုလ်ပရိဝုဏ်သာ ဖြစ်နေ၏။ ကျွန်တော်သည် ကျောင်းသားများ၏ ရှေ့မှောက်တွင်ပင် ကျက်စားခဲ့သူ ဖြစ်၏။

'ကိုယ် သိနားလည်ထားတာ တစ်ခုကတော့ မိဘတွေဟာ သူတို့ရဲ့ သားသမီးတွေကို ပြောဆိုဆုံးမတဲ့အခါ ပြင်ပက အထောက်အထားယူပြတဲ့အတွက် ဆိုခိုက်စရာ မရှိဘူးဆိုတဲ့ အချက်ပဲ၊ ကိုယ်က ပရိသတ်ကို ရယ်မောရမယ့် အချိန်မှာ ရယ်မောအောင်၊ လက်ခုပ်တီးရမယ့် အချိန်မှာ လက်ခုပ်တီးလာအောင် လုပ်နိုင်ခဲ့မယ်ဆိုရင် ကိုယ့်ကလေးတွေကို ပြောနေတဲ့ စကားကို ကလေးတွေ ပိုပြီး နားထောင်လိုစိတ် ဖြစ်လာနိုင်တာပေါ့'

ကျွန်တော်က ဂျေးကို ပြောပြသည့်အခါ ဂျေးက သေတော့မယ့် သူ့ယောက်ျား ပရိသတ်ရှေ့မှာ စကားပြောချင်သူကို ကြည့်ပြီး ပြုံးပါသည်။ နောက်ဆုံး... တော့လည်း လက်လျှော့ပေးလိုက်ပါ၏။ ကျွန်တော်သည် ကလေးတွေ... အမွေအနှစ်တစ်ခုထားခဲ့လိုသည့် စိတ်နိုင်မည့်နည်းလမ်းနှင့် ဆန္ဒကို သူ...သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီလေ။ သည်ဟောပြောချက်ဆိုတာ ထိုဆန္ဒအတွက် ထွက်လမ်းရှာပေးလိုက်သည့်သဘော ဖြစ်မှာပေါ့ဟု သူက တွက်ပါသည်။

ဤသို့ဖြင့် ဂျေးထံမှ မီးစိမ်းတော့ ရလိုက်ပြီဖြစ်ပါ၏။ သို့ရာတွင် ကျွန်တော့်ရှေ့မှာ စိန်ခေါ်မှုတစ်ခုက ရှိနေသည်။ ပညာရှင်တစ်ဦး ဟောပြောသလိုမျိုးနှင့် [illegible] စကားပြောမည့် ဟောပြောချက်သည် နောက်ဆယ်နှစ် သို့မဟုတ် [illegible]မှာ ကျွန်တော်တို့ သားသမီးကလေးတွေကို ဘဝလမ်းကြောင်းမှန်သို့ ပို့ပေးနိုင်မည့် ဟောပြောချက်မျိုးအဖြစ်သို့ မည်သို့ ပြောင်းယူရပါအံ့။

ကျွန်တော်သည် ကျွန်တော်၏ ကင်ဆာရောဂါ အကြောင်းကိုချည်း ဇောင်းပေး ဟောပြောတာမျိုးကိုလည်း မလုပ်လိုကြောင်း ကိုယ့်ဘာသာသိသည်။ ကျွန်တော်၏ ဆေးပညာပိုင်းဆိုင်ရာ ရဲဝံ့စွန့်စားခန်းကြီးကား တွေ့ခဲ့ရသည့်အတိုင်းပင် ဖြစ်သည်။ ကျွန်တော့်အနေဖြင့် ထိုရဲဝံ့စွန့်စားခန်းကြီးကို အကြိမ်ကြိမ်လည်း ကြီးပမ်းကြည့်ခဲ့ပြီးဖြစ်သည်။ ကျွန်တော် ဒီကင်ဆာရောဂါနှင့် စပ်၍လည်း ဟောပြောချင်စိတ် မရှိလှပါ။ ဆိုပါစို့။ ကျွန်တော် သည်ရောဂါရလာပြီးကတည်းက သည်ရောဂါကြီးနှင့် မည်သို့မည်ပုံဖြစ်အောင် နေထိုင်ခဲ့ပုံ၊ သည်ရောဂါရလာပြီးမှ ကျွန်တော့်မှာ အတွေးအမြင်သစ်တွေ မည်သို့ ဖြစ်ပေါ်လာပုံ စသည်တို့ကို ပြောချင်စိတ် မရှိရပါ။ လူအများကမူ ကျွန်တော့်ထံမှ သေခြင်းနှင့်စပ်ရာ ဟောပြောချက်မျိုး မျှော်လင့်ထားကောင်း မျှော်လင့်ထားကြမည်။ သို့ရာတွင် ကျွန်တော့် ဟောပြောချက်သည် သေခြင်းအကြောင်းထက် နေခြင်းအကြောင်းသာ ဖြစ်နေခဲ့သည်။

'ငါ့ကို သူများနဲ့ မတူစေတာက ဘာပါလဲ'

ဤမေးခွန်းသည် ကျွန်တော် မဖြေမဖြစ် ဖြေရမည့် မေးခွန်းဖြစ်သည်။ ထိုမေးခွန်းကို ဖြေကြည့်ခြင်းသည် ကျွန်တော် ဘာပြောရမည်ကို စဉ်းစား၍ ရလာနိုင်ကောင်း ရလာနိုင်သည်။ ဂျွန်ဟော့ကင်းဆေးရုံ၌ လူနာများ စောင့်နေရသည့် အခန်းတွင်း၌ ဂျေးနှင့်အတူ ကျွန်တော်ထိုင်နေသည်။ နောက်ထပ် ဆေးစစ်ချက် အဖြေရလဒ်တစ်ခုကို စောင့်နေခြင်းဖြစ်သည်။ ကျွန်တော်သည် ဂျေးနှင့် အတူ ထိုင်နေသော်လည်း အတွေးများက သူ့ထံမှ ခုန်ထွက်ပြေးလွှားနေသည်။



'ကင်ဆာရောဂါကြောင့်တော့ ငါ သူများနဲ့ မတူတာ မဟုတ်ပါဘူး' ကျွန်တော်က ပြောသည်။ ဤအတွက် အငြင်းထွက်စရာ မရှိလောက်ပါ။ တစ်နှစ် တစ်နှစ်လျှင် ပန်ကရိယ ကင်ဆာရောဂါရသည့် အမေရိကန်လူမျိုးချည်း ၃၇,၀၀၀ ကျော် ရှိနေသည်။

ကျွန်တော်သည် ကိုယ့်ဘာသာကိုယ် မည်သို့ အနက် အဓိပ္ပာယ်ဖွင့်ရမည်ကို စဉ်းစားသည်။ ကျောင်းဆရာတစ်ယောက် အဖြစ်၊ ကွန်ပျူတာပညာရှင်တစ်ယောက်အဖြစ်၊ အိမ်ထောင်သည် လင်ယောကျ်ားတစ်ယောက်အဖြစ်၊ သားတစ်ယောက် အဖြစ်၊ မိတ်ဆွေတစ်ယောက်အဖြစ်၊ အစ်ကိုတစ်ယောက်အဖြစ်၊ ကျွန်တော့်ကျောင်းသားများ၏ နည်းညွှန်လမ်းပြ ဆရာတစ်ယောက်အဖြစ် မည်သို့ အနက်အဓိပ္ပာယ်ဖွင့်ရမည်ကို စဉ်းစားခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် ထိုထို 'အဖြစ်' အားလုံးကို တန်ဖိုးထားသည်။ သို့ရာတွင် ထို အဖြစ်တွေထဲမှာ တစ်ခုခုသော အဖြစ်က ကျွန်တော့်အား သူများတွေနှင့် မတူအောင် တကယ်ပဲ လုပ်ပေးလိုက်လေသလား။

ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် ယထာဘူတကျကျ ရှုမြင်တတ်သူ ဖြစ်ပါသည်။ ယခုပြောမည့်ဟောပြောချက်သည် လူအထင်ကြီးရုံမျှလောက် သက်သက် မဟုတ်၊ ထိုထက် ပိုကြောင်း ကျွန်တော်သိပါသည်။ ထို့ကြောင့် ကိုယ့်ဘာသာကိုယ် ပြန်မေးရ၏။ 'ငါတစ်ယောက်တည်းနဲ့ ဘာများ ပေးစရာရှိပါသလဲ'

ကျွန်တော်သည် ထိုသို့တွေးနေရာမှ ထိုလူနာများ စောင့်နေရသည့် အခန်းထဲမှာပင် ကျွန်တော် ဘာကိုပေးရမည်ကို ရုတ်တရက် သိလိုက်၏။ ကျွန်တော့်ခေါင်းထဲမှာ ဖျတ်ခနဲ ပေါ်လာသည်။ ကျွန်တော် အောင်မြင်မှုရခဲ့တာတွေ မှန်သမျှ၊ ကျွန်တော် ချစ်မြတ်နိုးတာတွေ မှန်သမျှသည် ကျွန်တော် ကလေးဘဝမှာ ရှိခဲ့သည့် စိတ်ကူးအိပ်မက်များနှင့် ရည်မှန်းချက်များ အပေါ်တွင် အခြေစိုက်ခဲ့ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုသော် ကျွန်တော်သည် ကျွန်တော်၏ စိတ်ကူးအိပ်မက်များနှင့် ရည်မှန်းချက်များ အားလုံးနီးပါးကို မိမိဆန္ဒအတိုင်း ပြည့်ဝလာအောင် လုပ်နိုင်ခဲ့ပါကလား။ ဤတွင် ကျွန်တော့်မှာ သူများနှင့် မတူတာသည် ဘာလဲဆိုတာ ကျွန်တော် အမှန်အတိုင်း သိလိုက်တော့သည်။ ကျွန်တော့်မှာ သူများနှင့် မတူသည်ကား စိတ်ကူးအိပ်မက်များအတိုင်း အတိအကျ တကယ်ဖြစ်လာခြင်းပင်။ ထိုသို့ စိတ်ကူးအိပ်မက်အတိုင်း ပြင်သာ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်တွင် မယုံနိုင်လောက်အောင် အဓိပ္ပာယ်ရှိတာတွေလည်း ပါသလို တကယ့်ကို ထူးထူးဆန်းဆန်း ဖြစ်လာတာတွေလည်း ပါပေသည်။ ထို ကျွန်တော်၏ ထူးခြားသမျှကား ကျွန်တော်၏ ၄၆ နှစ်ကြာ ဖြတ်သန်းလာသည့် ဘဝကို အဓိပ္ပာယ်ဖွင့်ဆိုပေးနေသော အချက်ပင် ဖြစ်သည်။

ကျွန်တော်သည် အခန်းထဲမှာ ထိုင်နေရင်းဖြင့် ကျွန်တော်သည် ကင်ဆာ ရောဂါရနေသူ တစ်ဦးဟု ဆိုစေဦး။ ကျွန်တော်သည် ကံကောင်းနေသေးသည် သာ ဖြစ်၏။ ကျွန်တော်သည် ထိုသို့ပင် ယုံကြည်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် ဤစိတ်ကူးအိပ်မက်များကို တကယ် ဖြစ်လာအောင် ပြု၍ ရှင်သန်နေထိုင်ခဲ့သူ ဖြစ်သောကြောင့်တည်း။ တစ်ဖန် ဆက်စဉ်းစားလိုက်လျှင် ကျွန်တော် ကျွန်တော်၏ စိတ်ကူးအိပ်မက်များကို တကယ်ဖြစ်လာအောင် လုပ်နိုင်ခဲ့သည်မှာလည်း ကျွန်တော့်ဘဝခရီးလမ်းတွင် ကြုံခဲ့ရသည့် သူမတူသော ပုဂ္ဂိုလ်များက အနည်းနည်းဖြင့် သင်ကြားပြသပေးခဲ့သည့် အရာများကြောင့် ဖြစ်ပေသည်။ ထိုအရာများ၏ အခန်းကဏ္ဍသည် အတော်ပင်ကြီးမားသည်ဟု ဆိုရပေမည်။ ကျွန်တော်သည် ကျွန်တော့်စိတ်မှာ ခံစားရသည့်အတိုင်း ကျွန်တော့် ဘဝဇာတ်လမ်းကို ပြောပြနိုင်စွမ်းရှိမည်ဆိုပါက ကျွန်တော်၏ ဟောပြောချက် သည် အခြားသူများကိုလည်း သူတို့၏ စိတ်ကူးအိပ်မက်များအတိုင်း တကယ် ဖြစ်လာစေမည့်လမ်းကို ရှာပေးနိုင်လောက်ဖွယ်ရှိသည်။

ထိုစေ့ဆော်ချက်က ကျွန်တော့်ကို မီးထိုးပေးနေသလို ရှိနေရာ ကျွန်တော် သည် လူနာများစောင့်နေရသည့် အခန်းထဲသို့ပင် ကျွန်တော်၏ လက်တော့ပ် ကွန်ပျူတာကို ကျွန်တော်နှင့် တစ်ပါတည်း ယူလာခဲ့သည်။ ကျွန်တော်သည် နောက်ဆုံး ဟောပြောချက် အစီအစဉ်ကို စီစဉ်ဆောင်ရွက်သူများထံသို့ အီးမေးလ် တစ်စောင် အမြန်ရိုက်ပို့လိုက်သည်။ ကျွန်တော့် အီးမေးလ်ထဲတွင် ကျွန်တော်ပြောမည့် ခေါင်းစဉ် ရပြီဖြစ်ကြောင်း သူတို့အား ပြောပြသည်။ 'နှောင့်နှေး သွားရခြင်းအတွက် တောင်းပန်ပါသည်'ဟုလည်း ကျွန်တော် ရေးလိုက်သည်။ ခေါင်းစဉ်ကို 'ကလေးဘဝ စိတ်ကူးအိပ်မက်များကို တကယ်ဖြစ်လာအောင် လုပ်နိုင်ခဲ့ခြင်း' ဟု ပေးလိုက်ပါသည်။

❐ ❐ ❐

# အခန်း ၂

# လက်တော့ပ်ထဲက ကျွန်တော့်ဘဝ

သင်သည် သင်၏ ကလေးဘဝ စိတ်ကူးများကို မည်သို့မည်ပုံ အတိအကျ စာရင်း ပြုစုရေးဆွဲထားပါမည်နည်း။ အခြားသူများသည် ၎င်းတို့၏ စိတ်ကူးများနှင့် ပြန်လည်ဆက်မိအောင် သင်မည်သို့ ပြုပါမည်နည်း။ သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ကျွန်တော့်အဖို့ ထိုအရာများသည် အပတ်တကုတ် ကြိုးစား ဖြေရှင်းနေရမည့် ပြဿနာများ မဟုတ်ပါပေ။

ကျွန်တော်သည် တဂျင်နယားအိမ်သစ်မှာ ကျွန်တော့်၏ ကွန်ပျူတာရှေ့ ...င် ထိုင်ကာ ပါဝါပွိုင့် ပရိုစင်တေးရှင်း တည်ဆောက်ပြီး ပုံများ၊ ဓာတ်ပုံများကို ...ကင်ဖတ်သည့်အလုပ်ကို လေးရက်တိုင်တိုင် လုပ်နေခဲ့ပါသည်။ ကျွန်တော်က အမြဲသဖြင့် အမြင်အာရုံပိုင်းဆိုင်ရာ အတွေးသမားတစ်ယောက် ဖြစ်ပေရာ ...ကျွန်တော့်၏ ဟောပြောချက်မှာ စာနှင့် ရေးစီထားသော ဟောပြောချက် စာသား ...လိုဟု သိထားပေသည်။ သို့ရာတွင် ကျွန်တော်သည် ဓာတ်ပုံ ၃၀၀ လောက်ကို ...ား အင်နှင့်အားနှင့် စကင်ဖတ်ထားသည်။ ကျွန်တော့် မိသားစု၏ပုံ၊ ကျောင်း သားများ၏ပုံနှင့် လုပ်ဖော်ကိုင်ဖက်များ၏ပုံများ ဖြစ်သည်။ ထိုပုံများနှင့် အတူ ...ကလေးဘဝ စိတ်ကူးအိပ်မက်များကို ညွှန်ပြပေးနိုင်မည့် ဒါဇင်နှင့်ချီသည့် ...သရုပ်ပြပုံများကိုလည်း စကင်ဖတ်ထားသည်။ အချို့ပုံများတွင် အကြံပေးချက်လို ...ကားပုံလို စာများကို စကားလုံး အနည်းငယ်ဖြင့် ဖော်ပြပေးထားသည်။ ...ကျွန်တော် စကားပြောစင်ပေါ် တက်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုပုံများက ...ကျွန်တော်ပြောရမည့် စကားကို နှိုးဆော် သတိပေးပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဟောပြောချက်အတွက် ထိုသို့ အလုပ်လုပ်နေရင်းမှပင် မိနစ် ၉၀ လောက် ရှိတိုင်း ကုလားထိုင်မှ ထကာ ကျွန်တော့်သားသမီးများနှင့် အပြန်အလှန်ပြောဆိုခြင်းမျိုးကို လုပ်ပါသည်။ ဂျေးသည် ကျွန်တော် ကိုယ့်မိသားစု ဘဝထဲမှာပင် ရှိနေအောင် ကြိုးစားနေခြင်းကို တွေ့မြင်သွားသည်။ သို့ရာတွင် ကျွန်တော်သည် ဟောပြောချက်အတွက် အချိန်တွေ သိပ်ကုန်လွန်းနေသည်ဟု တွေးထင်ဆဲပင် ဖြစ်သည်။ အထူးသဖြင့် ကျွန်တော်တို့ ဤအိမ်သစ်သို့ ပြောင်းရွှေ့ ရောက်ရှိလာပြီးကတည်းက ဤအလုပ်နှင့်ပင် အချိန်ကုန်နေသည်ဟု ဂျေးက တွေးပါသည်။ အိမ်ထဲ၌ ဟိုနေရာ သည်နေရာအနှံ့ သေတ္တာများ အပုံလိုက်ဖြစ်နေကြသည်ကို ဂျေးက ကျွန်တော့်အား ရှင်းလင်း ဆောင်ရွက်ပေးစေလိုသည်မှာ သဘာဝကျပါပေ၏။

ပထမသော် ဂျေးက ဟောပြောပွဲသို့ တက်ရောက်ရန် အစီအစဉ် မရှိပါ။ ကလေးတွေနှင့်အတူ အိမ်မှာပင်နေကာ အိမ်ပြောင်းလာသဖြင့် လုပ်ဖို့ကိုင်ဖို့ ရှိနေသော အလုပ်တွေ အများအပြားကို လုပ်နေဖို့လိုမည်ဟု သူက ယူဆပါသည်။ ကျွန်တော်ကတော့ 'မင်းလည်း ဟောပြောပွဲမှာ ရှိစေချင်တာပေါ့ကွာ' ဟုသာ သူ့ကို တောက်လျှောက် ပြောနေခဲ့သည်။ အမှန်အတိုင်း ပြောရသော် ကျွန်တော်သည် သူ့ကို ထိုပွဲသို့ သိပ်တက်စေချင်သည်။ ဤသို့ဖြင့် နောက်ဆုံးတွင်ကား ဟောပြောမည့် နံနက်တွင် ပစ္စဘတ်သို့ လေယာဉ်နှင့် သွားကြမည်ဟု သဘောတူခဲ့လေသည်။

သို့ရာတွင် ကျွန်တော်သည် ပစ္စဘတ်သို့ တစ်ရက် စော၍ ရောက်ရဖို့ရှိသည်။ ဂျေး အသက် ၄၁ နှစ်ထဲရောက်မည့် စက်တင်ဘာလ ၁၇ ရက်နေ့ မွန်းလွဲ ၁ နာရီ ၃၀ မိနစ်တွင် ဂျေးနှင့် ကလေးများကို နှုတ်ဆက်၍ လေဆိပ်သို့ ကားမောင်း ထွက်လာခဲ့သည်။ ကျွန်တော်တို့သည် သူ့မွေးနေ့ မကျရောက်မီ အရင်ရက်က သူ့အစ်ကို၏ အိမ်တွင် မွေးနေ့ပွဲကလေး ကျင်းပခဲ့ကြ၏။ သို့ပင်ဖြစ်သော်လည်း ယခုကဲ့သို့ ကျွန်တော် ထွက်လာခဲ့ခြင်းမှာ ဂျေးအဖို့ အလွန် စိတ်မချမ်းမြေ့စရာပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူ့အဖို့ ဤ ၄၁ နှစ်မြောက် မွေးနေ့ကိုလည်း ကျွန်တော်မပါဘဲနှင့် ကျင်းပရမည်ဖြစ်ရုံမက နောင်ကျရောက်မည့် မွေးနေ့များတွင်လည်း ကျွန်တော် ပါနိုင်တော့မည် မဟုတ်သော ကြောင့်ပေတည်း။



ပစ္စဘတ်သို့ လေယာဉ်ဆင်းသော် လေဆိပ်သို့ ကျွန်တော့်မိတ်ဆွေ စတိဗ်ဆီးဘို့က လာကြိုသည်။ စတိဗ်သည် ဆန်ဖရန်စစ္စကိုက လေယာဉ်ဖြင့် ရောက်လာခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်တို့သည် သည့်အရင် နှစ်အတန်ကြာတာ မိတ်ဆွေများအဖြစ် သံယောဇဉ်ကြိုး တွယ်နှောင်ခဲ့ကြခြင်းဖြစ်သည်။ ကျွန်တော် အီလက်ထရောနစ်အတ်စ် ကုမ္ပဏီသို့ အားရက်ယူပြီး သုတေသနပြုခဲ့စဉ်က ဖြစ်သည်။ စတိဗ်သည် ထိုကုမ္ပဏီတွင် ဗွီဒီယိုဂိမ်းများ ထုတ်လုပ်သည်။ ထိုကုမ္ပဏီ၏ အမှုဆောင် အရာရှိတစ်ဦးဖြစ်သည်။ ကျွန်တော်တို့သည် ထိုစဉ်ကတည်းက ညီရင်းအစ်ကိုသဖွယ် ချစ်ကြိုးသွယ်နှောင်လာခဲ့ကြခြင်း ဖြစ်သည်။

စတိဗ်နှင့် ကျွန်တော်သည် အချင်းချင်း ဖက်ယမ်းနှုတ်ဆက်ကြပြီးနောက် ကားတစ်စီးငှား၍ မောင်းထွက်လာကြသည်။ ကားပေါ်၌ ရယ်စရာမောစရာများ ပြောလာကြသည်။ စတိဗ်က မကြာခင်ကမှ သူ့သွားဆရာဝန်ဆီရောက်ခဲ့သည့် အကြောင်းပြောသည်။ ကျွန်တော်ကတော့ သွားဆရာဝန်ဆီ နောက်ထပ် သွားစရာ မလိုတော့ကြောင်း သူ့ကို ကြွားလုံးထုတ်လိုက်သည်။

ကျွန်တော်တို့သည် အနီးတစ်ဝိုက်က စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်၍ ညစာစားကြသည်။ ကျွန်တော်က ကျွန်တော့် လက်တော့ပ်ကို စားပွဲပေါ်မှာ တင်ထားသည်။ အခု ပုံ ၃၀၀ မှ ၂၈၀ သို့ လျှော့ချထားသော ပုံတွေကို ပြလိုက်ရာ 'အို၊ သေဖို့ အကြာကြီး လိုပါသေးတယ်'ဟု စတိဗ်က ပြောပါသည်။ 'ခင်ဗျား၊ အဲဒီဟာတွေကို တင်ပြနေတဲ့ အချိန်လောက် ရောက်ရင်ပဲ လူတိုင်းဟာ ရှိတော့မှာ မဟုတ်ဘူး၊ သေကုန်ကြတော့မယ်'

အသက်သုံးဆယ်အရွယ် ကိုယ်ဝန်နှင့် စားပွဲထိုး အမျိုးသမီးတစ်ဦး ကျွန်တော့်ကလေးများ၏ ပုံများ ကွန်ပျူတာ ဖန်သားပြင်တွင် ပေါ်လာသည်ကို မြင်သွားပြီး ကျွန်တော်တို့ စားပွဲသို့ ရောက်လာသည်။ 'ကလေးတွေက လှလိုက်တာ'ဟု ထိုအမျိုးသမီးက ပြောပါသည်။ ကလေးတွေ၏အမည်ကို မေး၍ 'ဒါက ဒီလန်၊ ဒါက လိုဂန်၊ ဒါက ချလို' လို့ သူ့ကို ပြောပြလိုက်ပါသည်။ စားပွဲထိုးမကလေးက သူ့သမီးနာမည်မှာလည်း ချလို ဖြစ်ကြောင်း ပြောသဖြင့် တိုက်ဆိုင်လှပလေဟု ဆိုကာ နှစ်ယောက်သား ပြုံးမိပါသေးသည်။ စတိဗ်နှင့် ကျွန်တော်တို့သည် ပါဝါပွိုင့်ကို ဆက်လက်ပြီး ကြည့်သွားရင်း စတိဗ်က ကျွန်တော့်အား ဖိုးကပ်စ် လုပ်ရာတွင် ကူပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးမလေး ညစာဟင်းလျာများကို လာချသည့်အခါ ကျွန်တော်က သူ့ကိုယ်ဝန်ကိုကြည့်ပြီး 'အင်း၊ မင်းကတော့ သိပ်ပျော်နေမှာပဲနော်' ဟု ပြောလိုက်ပါသည်။

'အို၊ အဲဒီလိုလဲ အတိအကျ ပြောလို့မရပါဘူး၊ ဒီကိုယ်ဝန်က မတော်တဆ ရသွားခဲ့တာပါ'ဟု သူက ပြန်ပြောပါသည်။

စားပွဲထိုးမကလေး ထွက်သွားသောအခါ ကျွန်တော်သည် သူ၏ ပွင့်လင်းနိုးသားမှုအတွက် လေးစားမိပါသည်။ သူ အမှတ်တမဲ့ ပြောလိုက်သည့် မတော်တဆ ဟူသော စကားသည် ကျွန်တော်တို့ လူ့ပြည်လူ့လောကသို့ လူအဖြစ် ရောက်လာခြင်းသည် လည်းကောင်း၊ လူ့ပြည်လူ့လောကမှ သေမင်းနိုင်ငံသို့ ထွက်ခွာသွားခြင်းသည်လည်းကောင်း မတော်တဆသဘော အခြေခံများကြောင့်ပါကလားဟု သတိရစရာ ဖြစ်နေလေတော့သည်။ ဩော်. . ဤအမျိုးသမီးတလေးသည် မတော်တဆ ကလေးတစ်ယောက်ကို ရလာခဲ့ပြီး ထိုမတော်တဆ ရလာသော ကလေးကိုပင် သူ ချစ်မြတ်နိုးနေဦးပေလိမ့်မည်။ ကျွန်တော့်အဖို့မူ ကင်ဆာရောဂါကို မတော်တဆ ရလာခဲ့ပြီး ကျွန်တော့်မေတ္တာကို မခံယူရဘဲ လူလားမြောက်ကြရတော့မည့် သားသမီးသုံးယောက်တို့ကို စွန့်ခွာသွားရတော့မှာပါကလား။

နောက်တစ်နာရီကြာသောအခါ ကျွန်တော်သည် ဟိုတယ်ထဲမှ ကျွန်တော့်အခန်းထဲ၌ ကျွန်တော်တစ်ယောက်တည်း ရှိနေသည်။ ကျွန်တော်ဟောပြောမယ့် ဟောပြောချက်များက ပုံတွေကို ဖြတ်တောက်၍ ပြန်လည် စီစဉ်နေခိုက်မှာပင် ကျွန်တော့်ခေါင်းထဲတွင် ကျွန်တော့်ကလေးများက ရှိနေကြသည်။ အခန်းထဲမှာ ရှိသည့် ကြိုးမဲ့အင်တာနက်က အစက်အပြောက်တွေများနေသဖြင့် ကျွန်တော်သည် ပုံတွေကိုကြည့်ရင်း ဝက်ဘ် စာမျက်နှာကို ရှင်းအောင် လုပ်နေရရာ ချွေးပင်ပြန်သည်။ လွန်ခဲ့သည့် ရက်ပိုင်းတုန်းကမှ ခီမိုကုသမှုဟု ခေါ်သည့် ဆေးသွင်းခြင်းကို ခံယူထားခဲ့ပေရာ ယခု ထိုဆေးသွင်းဒဏ်ကို စ၍ ခံနေရသဖြင့် ပို၍ဆိုးတော့သည်။ ဝမ်းဗိုက်ကလည်း အလွန်နာ၊ ပျို့အန်ချင်သလိုလည်း ဖြစ်၊ ဝမ်းတွေလည်း သွားနှင့် အတော်အခံရဆိုးသည်။

ကျွန်တော်သည် ညဉ့်သန်းခေါင်တိုင်အောင် အလုပ် လုပ်၊ အိပ်ပျော်သွား။ ထို့နောက် နံနက် ၅ နာရီတွင် စိုးရိမ်ထိတ်လန့်မှုနှင့် နိုးလာသည်။ ကျွန်တော့်မှာ



မိမိ၏ ဟောပြောချက်သည် အဆင်ပြေပါ့မလားဟု သံသယဝင်နေ၏။ တိုသို့ဘာသာ ကိုယ်လည်း တွေးမိသည်။ 'မင်းရဲ့ ဘဝဇာတ်လမ်းတစ်ခုလုံးကို တစ်နာရီနဲ့အပြီး ပြောပြနိုင်ဖို့ မင်းကြိုးစားနေမှတော့ မင်း ဒါပဲရတော့မှာပေါ့'

ကျွန်တော်သည် ပြင်လိုက်၊ ပြန်စဉ်းစားလိုက်၊ ပြန်ပြီး အစီအစဉ်လုပ်လိုက်နှင့် လုပ်နေခဲ့ရာ နံနက် ၁၁ နာရီလောက် ရှိသောအခါ ကျွန်တော့်မှာ ပိုကောင်းသော narrative arc တစ်ခု ရလာခဲ့သည်။ ဤအတိုင်း အဆင်ပြေသွားနိုင်သည်။ ကျွန်တော်ရေမိုးချိုး၊ အဝတ်အစားလဲလိုက်သည်။ မွန်းတည့်ချိန်တွင် ဂျေး လေဆိပ်မှ ရောက်လာ၏။ ကျွန်တော်နှင့် စတိဗ်တို့နှင့်အတူ နေ့လယ်စာစားသည်။ ကျွန်တော်တို့ ပြောကြသော စကားများမှာ အလွန်လေးနက်ခိုင်မာသော စကားများ ဖြစ်ကြသည်။ စတိဗ်က ဂျေးနှင့် ကလေးတွေကို စောင့်ရှောက်သွားပါမည်ဟု ကတိပြုပါသည်။

မွန်းလွဲ ၁ နာရီခွဲတွင် တက္ကသိုလ်ပရိဝုဏ်အတွင်းက ကျွန်တော့်အား ဂုဏ်ပြုထားသည့် ကွန်ပျူတာခန်းထဲ ရောက်သွားကြသည်။ ဤနေရာသည် ကျွန်တော့်ဘဝ၏ အချိန်များစွာကို သုံးခဲ့ရသည့်နေရာ ဖြစ်သည်။ ကျွန်တော်သည် ကျွန်တော့်အမည်ကို လှစ်ပြနေသည်ကို ကြည့်နေမိသည်။ ကျွန်တော့်အမည်သည် တံခါးပေါ်၌ ပေါ်လာသည်။ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ကျွန်တော် ကျွန်တော့်ရုံးခန်းတွင်း၌ ရောက်နေသည်။ ကျွန်တော့်မှာ အတော်ကြီး အခံရဆိုးသာပြန်သည်။ ဆေးသွင်းထားသည့်ဒဏ်ဖြင့် အော့အန်ပြန်ကာ လုံးဝ မလုပ်ချင်မကိုင်ချင် ဖြစ်နေသည်။ မလိုလား လိုလား ဆောင်လာသည့် လူကြီးသုံးသွားရည်ခံကိုတောင် စင်ပေါ်တက်လျှင် ဝတ်ဆင်သွားရလေမလားဟု စဉ်းစားနေမိသည်။

စတိဗ်က ကျွန်တော့်ရုံးခန်းတွင်းရှိ ဆိုဖာပေါ်တွင် ခဏတစ်ဖြုတ် လှဲနေသင့်ကြောင်း ပြောပါသည်။ ထို့ကြောင့် ကျွန်တော် လှဲနေလိုက်သည်။ သို့ရာတွင် ကျွန်တော်၏ လက်တော့ပ်ကိုကား ကျွန်တော့် ဗိုက်ပေါ်တွင် တင်ထားသည်။ ကျွန်တော်နှိပ်လိုရာ နှိပ်နိုင်အောင် ဖြစ်ပါသည်။ သို့ဖြင့် နောက်ထပ် ပုံ ၆၀ ကျော်ဘောက် ဖြတ်ချလိုက်သည်။

မွန်းလွဲ ၃ နာရီခွဲတွင် လူအနည်းငယ်တို့ ဟောပြောပွဲအတွက် စတင်တန်းစီနေကြပေပြီ။ မွန်းလွဲ ၄ နာရီတွင် ကျွန်တော်သည် ဆိုဖာပေါ် လှဲနေရာမှ

www.burmeseclassic.com

www.burmeseclassic.com



ထဲ၌ လမ်းလျှောက်ရာတွင် သုံးသည့် ချိုင်းထောက် စသည်တို့ကို ရှာထားသည်။ တက္ကသိုလ် ပရိဝုဏ်ထဲမှ ဖြတ်လျက် ဟောပြောခန်းမသို့ သွားရမည်ကြောင့်ပင်၊ တစ်နာရီ မကြာခင် အတွင်းမှာပင် ကျွန်တော်သည် စင်ပေါ်သို့ တက်ရတော့မည် ဖြစ်ပါ၏။

❒ ❒ ❒

## အခန်း ၃

## အခန်းထဲက ဆင်

ဂျေးကား ခန်းမထဲသို့ ရောက်ရှိနေပေပြီ။ ခန်းမထဲ၌ လူ ၄၀၀ ခန့်အပြည့်ဖြစ်နေသည်။ ဤမျှ များလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။ ကျွန်တော်သည် စကားပြောစင်ကို ခဏ်ဆေးကြည့်ရန် စင်ပေါ်သို့ တက်လာပြီး နေထားတကျဖြစ်အောင် စီစဉ်လိုက်သည်။ ကျွန်တော် ဘယ်မျှ တုန်လှုပ်ချောက်ချားဖြစ်နေသည်ကို ဂျေး မြင်နိုင်ပေသည်။ ကျွန်တော်သည် ကျွန်တော့် အထောက်အကူ ပစ္စည်းများကို ပြင်ရဆင်ရ အလုပ်များနေစဉ် ကျွန်တော်သည် ဘယ်သူနှင့်မျှ မျက်လုံးချင်း မဆုံမိအောင် ကြိုးစားနေကြောင်း ဂျေးက သတိပြုမိသည်။ သူ တွေးသည်မှာ အကယ်၍ မိတ်ဆွေဟောင်း သို့မဟုတ် တပည့်ဟောင်း တစ်ဦးဦးကို မြင်မိခဲ့သည်ရှိသော် မျက်လုံးချင်း ဆုံမိလိုက်သည့်အတွက် ကျွန်တော့်မှာ ခံစားချက်ကို ထိန်းမရနိုင်လောက်အောင် ဖြစ်သွားနိုင်ကြောင်း ကျွန်တော်သိထားပြီးဖြစ်၍ ကျွန်တော်သည် ပရိသတ်ထဲသို့ ကြည့်ရဲမည်မဟုတ် ဟူ၍ဖြစ်သည်။

ကျွန်တော်သည် ပြင်ဆင်စရာရှိတာ ပြင်ပြီး၍ အသင့်ဖြစ်ချိန်တွင် ပရိသတ်ထဲမှ လှုပ်လှုပ်ရှားရှားအသံပေါ် လာသည်။ ပန်ကရိယကင်ဆာ ရောဂါရထား၍ သေတော့မည့် လူတစ်ယောက်ဟာ ဘယ်လိုပါလိမ့်ဟူ၍ တွေ့ချင်မြင်ချင်ရုံမျှနှင့် လာရောက်ခဲ့ကြသူတို့အဖို့မူ မေးစရာ မေးခွန်းတွေရှိမည် အမှန်ဖြစ်သည်။ အဲဒီ ဆံပင်ဟာ သူ့ဆံပင် အစစ်ပဲလား။ (မှန်သည်။ ကျွန်တော်သည် ခီမိုသာရပီခေါ် ဆေးရည်သွင်း အကုခံထားလျက်ကပင် ဆံပင်တွေ ကျန်နေသေး၏။) ကျွန်တော်သည် စကားပြောနေနိုင်သေးမှဖြင့် သေတော့မည်၊ သေမင်းနှင့် အကြွန်းကပ်လျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိပြီဟူ၍ကော ထိုသူများက တွေးမိနိုင်ပါမည်လော။ (ကျွန်တော့် အဖြေကား 'စောင့်ကြည့်ပေါ့ဗျာ' ဟူ၍ ဖြစ်ပါသည်။)

ဟောပြောဖို့ အချိန်လည်း မလိုတော့ပါ။ မိနစ်ပိုင်းမျှလောက်သာ ကျန်ရှိပါတော့သည်။ ကျွန်တော်သည် ဟောပြောစင်မှာ အချို့ပုံတွေကို ဖျက်လိုက်၊ အချို့ ပုံတွေကို ပြန်စဉ်လိုက်နှင့် တလှုပ်လှုပ် ဆက်လုပ်နေဆဲ ဖြစ်သည်။ 'ကျွန်တော်တို့ စလို့ရပြီ' ဟု တစ်ယောက်ယောက်က လာပြောချိန်အထိ ကျွန်တော်သည် အလုပ် လုပ်ကောင်းနေဆဲ ဖြစ်သည်။ ကျွန်တော့်မှာ အခမ်းအနားတက် ဝတ်စုံပြည့်နှင့်လည်း မဟုတ်။ လည်စီးလည်း မပါ။ တံတောင်ဆစ်မှာ သားရေစနှင့် ဖုံးထားသော ပါမောက္ခကြီးများ ဝတ်ဆင်လေ့ရှိသည့် တွီစနှင့် ချုပ်ထားသော အပေါ်အင်္ကျီမျိုးကြီး ဝတ်လျက်သားနှင့် ထပြီးတော့လည်း ဤနေရာကို လာမနေချင်ပါ။ ကျွန်တော်က ကျွန်တော့်ဟောပြောချက်ကို ဟောပြောသည့်အခါ ကလေးဘဝ အဝတ်ဘီရိုထဲမှ ရှာတွေ့သမျှထဲက ကလေးဘဝစိတ်ကူး အိပ်မက်နှင့် အသင့်အလျော်ဆုံး အဝတ်အစားမျိုးသာ ရွေးချယ်ဝတ်ဆင်ပြီး ဟောပြောရန် စီစဉ်လာခဲ့ခြင်း ဖြစ်ပါသည်။

ဆိုပါစို့။ ကျွန်တော့်ကို ကြည့်လိုက်မယ်ဆိုရင် အမြန် မှာစားလို့ရသည့် စားသောက်ဆိုင်က မှာစားသူ၏ အမိန့်ကို စောင့်နေသည့် သူမျိုးနှင့် တူနေကြောင်း တွေ့ရမည်။ သို့ရာတွင် ကျွန်တော့် ရှပ်အင်္ကျီလက်တိုပေါ်က 'လိုဂို'ကမှ ဂုဏ်ယူစရာ အမှတ်တံဆိပ်တစ်ခု ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုလိုဂိုမှာ ဝေါ့ဒစ္စနေး စိတ်ကူးဖန်တီးရှင်များ (Walt Disney Imagineers) ဝတ်ဆင်လေ့ရှိသော လိုဂို ဖြစ်သောကြောင့်ပင်။ ဝေါ့ဒစ္စနေး စိတ်ကူးဖန်တီးရှင်များဟူသည် ဒစ္စနေး ဥယျာဉ်ခြံကြီးအတွင်း၌ စိတ်ကူးစိတ်သန်းနှင့် အဆန်းတကြယ် အရာများကို ဖန်တီးပေးကြသည့် ပန်းချီဆရာများ၊ စာရေးဆရာများနှင့် အင်ဂျင်နီယာများကို စုပေါင်း၍ ခေါ်ဝေါ်သော ဝေါဟာရ ဖြစ်သည်။ ၁၉၉၅ ခုနှစ်က ကျွန်တော်သည် သုတေသန အားလပ်ခွင့် ခြောက်လ ယူ၍ စိတ်ကူးဖန်တီးရှင် လုပ်ခဲ့ဖူးသည်။ ထိုကာလသည် ကျွန်တော့်၏ ကလေးဘဝ စိတ်ကူးအိပ်မက်တို့ တကယ်ဖြစ်လာခဲ့သည့် ကျွန်တော့်ဘဝ၏ အကောင်းဆုံး နမူနာပြစရာ ကာလ တစ်ခု ဖြစ်သည်။ ထို့ကြောင့်ပင် ဒစ္စနေးတွင် အလုပ်လုပ်ခဲ့စဉ်က ကျွန်တော့်ကို ပေးခဲ့သည့် ရန်ဒီ ဟူသော အမည်နာမ ထိုးထားသည့် ဘဲဥပုံရင်ထိုးကို ဘပ်ဆင်



ထားခြင်း ဖြစ်သည်။ ကျွန်တော်သည် ထိုစဉ်က ကျွန်တော့် ဘဝ အတွေ့အကြုံကိုရော 'သင် စိတ်ကူးအိပ်မက် မက်တတ်ခဲ့လျှင် ထိုအတိုင်း လုပ်၍ ရနိုင်သည်' ဟူသော ထင်ရှားကျော်စောလှသည့် စကားကို မြွက်ကြားခဲ့သူ ဝေါ့ဒစ္စနေကိုပါ လေးစား ဂုဏ်ပြုသည့် သဘောလည်း ဖြစ်ပါသည်။

ကျွန်တော်က လာရောက်ကြခြင်းအတွက် ပရိသတ်များကို ကျေးဇူးတင်ကြောင်း ပြောသည်။ ဟာသပြက်လုံး အနည်းငယ်မျှ ထုတ်လိုက်ပြီးနောက် ဤသို့ ပြောပါသည်။

'လူတစ်ယောက်ဟာ ဟိုကသည်က ရောက်လာပြီး နောက်ပိုင်းက ဖြစ်ရပ်ဇာတ်လမ်းကိုလည်း မသိဘူးဆိုပါတော့တဲ့၊ အခန်းထဲမှာ ဆင်တစ်ကောင်ရောက်နေရင် အဲဒီဆင်နဲ့ မိတ်ဆက်ပေးလိုက်လို့ ကျွန်တော့်အဖေက ကျွန်တော့်ကို သင်ပေးခဲ့ပါတယ်၊ ခင်ဗျားတို့ ကျွန်တော့် စီတီစကင်တွေကို ကြည့်မယ်ဆိုရင် ကျွန်တော့်အသည်းမှာ အကျိတ် ဆယ်လုံးလောက်တွေ့ကြပါလိမ့်မယ်၊ ဆရာဝန်က ပြောတာကတော့ ကျွန်တော်ဟာ သုံးလကနေ ခြောက်လအထိတော့ ကျန်းကျန်းမာမာ နေရပါလိမ့်ဦးမယ်တဲ့၊ သူပြောတာက ပြီးခဲ့တဲ့လကဆိုတော့ ခင်ဗျားတို့ တွက်ကြည့်ကြပေါ့ဗျာ၊ တွက်လို့ရပါလိမ့်မယ်'

ကျွန်တော်သည် ကျွန်တော့်အသည်း၏ စီတီစကင်က ပုံကြီးတစ်ပုံကို ခကရင်ပေါ် တင်၍ မီးထိုးပြလိုက်သည်။ ထိုပုံကို အခန်းထဲကဆင်ဟု ခေါင်းစဉ်တပ်ပေးထားသည်။ ထို့နောက် အကျိတ်တစ်ခုစီကို အနီရောင် မြားများဖြင့်လည်း ဆိုးပြပေးထားလိုက်ပါသည်။

ကျွန်တော်က ပရိသတ်များ မြားပြရာအတိုင်း လိုက်ကြည့်ပြီး အကျိတ်များကို ရေကြည့်၍ ရအောင်လည်း ပုံကို တော်တော်ကြာကြာကြီး ထားပေးလိုက်သည်။

'ကဲ ကောင်းပါပြီ၊ အဲဒါကတော့ မြင်ရတဲ့ အတိုင်းပါပဲ၊ ဒါကို ကျွန်တော်တို့ ပြောင်းလဲပစ်လို့ မရနိုင်ပါဘူး၊ ဒါကို ဘယ်လိုတုံ့ပြန်သွားရမယ် ဆိုတာကိုပဲ ကျွန်တော်တို့ ဆုံးဖြတ်ကြဖို့ရှိပါတယ်၊ ကျွန်တော်တို့က ကိုယ့်လက်ထဲ ဝေပေးထားခံတဲ့ ဖဲချပ်ကိုတော့ လဲလို့ မရတော့ပါဘူး၊ ဒီဖဲနဲ့ပဲ ဘယ်လို ကစားသွားမယ် ဆိုတာကိုပဲ စဉ်းစားဖို့ရှိပါတယ်'

ကျွန်တော်က ထိုသို့ပြောပြီးလိုက်ချိန်မှာပင် ကျွန်တော့်စိတ်မှာ ထင်သလိုကဲ့ မာမာချာချာကြီး ဖြစ်လာသလို ခံစားလာမိပါသည်။ စိတ်လှုပ်ရှားဖွယ်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာသော အာဒရင်နလင်းဓာတ်နှင့် ရုံပြည့်လျှံ အားပေးနေသော ပရိသတ်ကြီးကို မြင်ပြီးခံစားရသည့် စိတ်ခံစားမှုတို့ကြောင့် အားသွင်းပေးလိုက်သလို ဖြစ်သွား၍လား မသိ။ အရင်က ရန်ဒီလို ဖြစ်သွားသည်ဟု ထင်မိတော့သည်။ ကျွန်တော့်ကို ကြည့်လိုက်ရင် အလွန်ကျန်းမာသူဟု ထင်ရကြောင်းကိုလည်း ကျွန်တော် သိပါသည်။ အချို့သူများဆိုလျှင် မကြာခင် သေတော့မည့် လူမဟာ ဟု ဘယ်လိုမှ ဆက်စပ်တွေးမရအောင် ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်က ဤသို့ပြောရသည်။

'ကျွန်တော့်ကို ကြည့်ရတာ စိတ်ပျက်ဝမ်းနည်းနေသူနဲ့လည်း မတူဘူးဆိုရင်တော့ ကျွန်တော် ခင်ဗျားတို့ကို စိတ်ပျက်အောင်လုပ်မိခြင်းအတွက် တောင်းပန်ပါတယ်ဗျာ' လူတွေက ရယ်ကြသည်။ သူတို့ ရယ်မောပြီးသောအခါ ကျွန်တော်က ဆက်ပြောသည်။

'ကျွန်တော်ဟာ အဖြစ်မှန်ကို ငြင်းကွယ်နေသူ မဟုတ်ကြောင်းတော့ ခင်ဗျားတို့ကို အသေအချာ ပြောရဲပါတယ်၊ တကယ်ဖြစ်နေတာကို မသိချင်ယောင်ဆောင်နေတာလဲ မဟုတ်ပါဘူး၊

'ကျွန်တော့်မိသားစုဟာ၊ ကျွန်တော့်မိသားစု ဆိုတာက ကျွန်တော့် ကလေးသုံးယောက်နဲ့ ကျွန်တော့်ဇနီးကို ပြောတာပါ၊ ကျွန်တော့်မိသားစုဟာ အခုမှ အိမ်ပြောင်းလာခါစ ဖြစ်ပါတယ်၊ တောင်နယားမှာ ကျွန်တော်တို့ အိမ်ကလေးတစ်လုံး ဝယ်ပါတယ်၊ အိမ်ကလေးက ချစ်စရာပါ။ ကျွန်တော်တို့ အဲဒီအိမ်ကလေးကို ဘာကြောင့်ဝယ်ရသလဲဆိုရင် ဒီအိမ်ကလေးက ကျွန်တော်တို့ မိသားစု လမ်းမပေါ် ဆင်းသွားနိုင်တဲ့ နေရာကောင်းကလေး ဖြစ်နေလို့ပါ' ကျွန်တော်သည် ကျွန်တော်တို့ မကြာသေးမီကလေးကမှ ဝယ်ထားသော မြို့ဆင်ခြေဖုံးမှ အိမ်သစ်ကလေး၏ ဓာတ်ပုံကို ထိုးပြလိုက်ပါသည်။ အိမ်၏ ဓာတ်ပုံ အပေါ်၌ ခေါင်းစဉ်တပ်ပေးထားသည်။ 'ကျွန်တော်က အဖြစ်မှန်ကို ငြင်းနေသူ မဟုတ်ပါ' ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်ပြောလိုသည့် အချက်ကား ဂျေးနှင့် ကျွန်တော်သည် ကျွန်တော်တို့ နှစ်ပေါင်းများစွာ နေထိုင်လာခဲ့ကြသောနေရာကို စွန့်လိုက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်းနှင့် ကျွန်တော်က သူ့အား သူချစ်လှ သူ့အပေါ် ဂရုစိုက်ကြသော အိမ်ကလေးနှင့် သူ့အား မြတ်နိုးချစ်ခင်ရှိကြသော မိတ်ဆွေ အပေါင်းအသင်းများကို



စွန့်ခွာလိုက်ဖို့ ပြောဆိုခဲ့ကြောင်း ဖြစ်ပါသည်။ ကျွန်တော်တို့သည် ကလေးများကိုလည်း သူတို့၏ ပစ္စဘတ်မှ ကစားဖော်ကလေးများနှင့် ခွဲလာစေခဲ့ရသည်။ ကျွန်တော်တို့သည် ကျွန်တော်က သေရက်ကိုစောင့်ရင်း ပစ္စဘတ်ရှိ ကိုယ့်ရိပ်မြုံကလေးအတွင်း အေးအေးဆေးဆေးနေ၍ ရနေသည့် အချိန်မျိုးတွင် ကျွန်တော်တို့၏ ဘဝများကို ထုပ်ပိုးပြီး ကိုယ့်ဘဝမုန်တိုင်းအတွင်းသို့ ကိုယ့်ဘာသာ ပစ်ချလိုက်ကြဘိသကဲ့သို့ ရှိပေသည်။ ကျွန်တော်တို့ ဤနေရာသို့ ပြောင်းရွှေ့လာခဲ့ခြင်း အကြောင်းကား ကျွန်တော် မရှိတော့သည်နှင့် တစ်ပြိုင်နက် ဂျေးတို့ သားအမိတစ်တွေသည် ဂျေး၏ မိဘ မောင်ဖွားများက သူတို့အား ချစ်ခင်ယုယစွာ ကူညီစောင့်ရှောက်နိုင်မည့်နေရာမျိုးတွင် နေဖို့လိုမည်ဟု သိထားသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်က ပရိသတ်ကို သိစေချင်တာလည်း ရှိသေးသည်။ ကျွန်တော်သည် ဆရာဝန်များက ကျွန်တော့်အား ဆေးသွင်းပေးခြင်း၊ ဓာတ်ကင်ပေးခြင်းတို့ကို ပြုပေးနေ၍ ကျွန်တော်၏ ခန္ဓာကိုယ်သည် ပြန်လည်ကောင်းလာစပြုနေပြီဖြစ်သောကြောင့် တစ်စိတ်တစ်ဒေသအားဖြင့်ကား ကျွန်တော်သည် ကောင်းနေသည်။ ကျွန်တော် ဘာမှမဖြစ် ဟူသော အချက်ကို သူတို့အား သိစေလိုခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် ယခုဆိုလျှင် ဆေးသွင်းသည့်ဒဏ်ကိုလည်း ခံနိုင်နေပြီဖြစ်သည်။ 'ကျွန်တော်ဟာ အခုဆိုရင် အတော်ကြီးကို ကျန်းမာရေးကောင်းနေပါတယ်'ဟု ကျွန်တော်က ပရိသတ်ကို ပြောပြသည်။ 'ကျွန်တော် ဆိုလိုတာက ခင်ဗျားတို့ ကျွန်တော့်ကို သိသိသာသာ တွေ့နိုင်တာက ကျွန်တော်ဟာ တကယ်ကို ကောင်းနေတဲ့ပုံပါပဲ ဆိုတဲ့အချက်ပဲ၊ တကယ်လည်း ကျွန်တော့်ပုံက ခင်ဗျားတို့အများစုထက် ကောင်းနေတဲ့ပုံ ဖြစ်နေတယ်လေ'

ကျွန်တော်သည် ဟောပြောစင်၏ အလယ်ဗဟိုဘက်သို့ ရွှေ့သွားလိုက်သည်။ လွန်ခဲ့သော နာရီပိုင်းအတွင်းကဆိုလျှင် ယခု ကျွန်တော်လုပ်ပြမည့်အရာဘွေကို လုပ်နိုင်လောက်အောင် အားမှ ရှိပါ့မလားဟု ကျွန်တော့်စိတ်မှာ အသေအချာ တွက်မရဖြစ်ခဲ့သေး၏။ ယခုမူ ကျွန်တော့်စိတ်မှာလည်း စိတ်အားတွေတက်လာပြီး အားခွန်တွေရှိလာသည်ဟု ထင်ရသည်။ ကျွန်တော်သည် ကြမ်းပြင်ပေါ်၌ ဒူးထောက်ချလိုက်ပြီးနောက် 'အိပ် ထ မတင်' လုပ်ပြလိုက်သည်။ ပရိသတ်အတွင်းက ရယ်မောသံ၊ အံ့သြမှုဖြင့် ချီးမွမ်းသြဘာပေးသံတို့ ထွက်လာ၏၊

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံများတွင် သူတို့၏ ပူပန်သောကများကို ပရိသတ်ကြီးက စုပေါင်း၍ မှုတ်ထုတ်လိုက်သည့်အသံကို ကျွန်တော်ကြားနေရဘိသကဲ့သို့ပင် ထင်ရလေသည်။ ကျွန်တော်သည် သေတော့မည့်သူတစ်ယောက်မဟုတ်သလိုပင် ဖြစ်နေ၏။ တဲ၊ သည်လိုဆိုရင်ဖြင့် ကျွန်တော့် ဟောပြောချက်ကို စ၍ ရနိုင်ပေတော့မည်။

□ □ □

# အပိုင်း ၂

# ကလေးဘဝ စိတ်ကူးအိပ်မက်များအတိုင်း တကယ်ဖြစ်ခဲ့ခြင်း

## ကျွန်ုပ်၏ ကလေးဘဝ အိပ်မက်များ

- ကမ္ဘာမြေကြီး၏ ဆွဲအားမှ လွတ်ခြင်း
- NFL တွင် ကစားခြင်း
- ကမ္ဘာ့စွယ်စုံကျမ်းတွင် စာမူတစ်ခုပြုစုပေးရန် တာဝန်ပေးအပ်ခံရခြင်း
- ကပ္ပတိန်ကတ် ဖြစ်လာခဲ့ခြင်း
- ရုပ်လုံးသွင်းထားသော တိရစ္ဆာန်များကို ရရှိခြင်း
- ဒစ္စနေးစိတ်ကူးဖန်တီးရှင်ဖြစ်လာခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၄

## မိဘထိ

ကျွန်တော်က မိဘထိလည်းပေါက်ခဲ့သူပါ။

ကျွန်တော်က မွေးကတည်းက ပေါက်မည့်ထိလက်မှတ်နှင့် မွေးလာခဲ့သူဖြစ်သည်။ ကျွန်တော်၏ ကလေးဘဝ စိတ်ကူးအိပ်မက်များအတိုင်း ဖြစ်လာခြင်းမှာ ဤသို့ မိဘကံကောင်းခဲ့ခြင်းက အဓိကအကြောင်း ဖြစ်သည်။

ကျွန်တော့်မိခင်မှာ ဖွဲလုံ့လအလွန်ကြီးမားသည့် ရှေးဆန်သော အင်္ဂလိပ်ဆရာမကြီးတစ်ဦး ဖြစ်သည်။ စည်းကမ်းအလွန်ကြီးသည်။ သူသည် သူ့တပည့်ကျောင်းသားများအတွက် အလုပ်ကို အလွန်လုပ်သည်။ သူ့ကျောင်းသားများကိုလည်း အပြင်းအထန် ကြိုးစားစေသည်။ ကျောင်းသား မိဘများက ဆရာမသည် သူ့တပည့်တွေအပေါ်မှာ မျှော်လင့်ချက်ထားလွန်းသည်ဟု ညည်းညူ ပြောဆိုကြသည်။ သို့ရာတွင် သူက ထိုအပြောအဆိုမျိုးကို ခံနိုင်သည်။ ကျွန်တော်သည် သူ့သားတစ်ယောက်အနေဖြင့် ကျွန်တော့်မိခင်၏ မြင့်မားသော မျှော်လင့်ချက်များနှင့် ပတ်သက်သည့်အကြောင်း တစ်ခုနှစ်ခုကို သိထားသည်။ ထိုသို့ ကျွန်တော့်မိခင် မျှော်လင့်ချက်ကြီးခဲ့ခြင်းသည်ပင်လျှင် ကျွန်တော့်အဖို့ ကံကောင်းဖို့ဖြစ်လာသည်။

ကျွန်တော့်ဖခင်သည် ဒုတိယကမ္ဘာစစ်အတွင်းက ဆေးဝါးကျွမ်းကျင်သူအဖြစ် ဘာ့လ်ဂျ်တိုက်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ သူသည် ပြည်ပမှ အမေရိကန်နိုင်ငံ အတွင်းသို့ ဝင်ရောက်လာကြသူများ၏ ကလေးငယ်များအား အင်္ဂလိပ်စာသင်ပေးသည့်၊ အမြတ်အစွန်းအတွက် မဟုတ်သော အဖွဲ့တစ်ခုကို တည်ထောင်ခဲ့သည်။ သူ၏ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းအနေဖြင့် ဘောလ်တီမိုး မြို့တွင်းပိုင်း၌ မော်တော်ကားအာမခံများ ရောင်းသည့် စီးပွားရေးလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေး တစ်ခုကို လုပ်ကိုင်သည်။ သူ၏ ဖောက်သည်အများစုမှာ ဆင်းရဲသော သူများဖြစ်ကြပြီး ကြွေးဆုံးသည့် သမိုင်းရှိသူများ ဖြစ်ကြသည်။ ဘာမှ သိပ်ရှိကြသူများလည်း မဟုတ်ကြပေ။ သူသည် ထိုသူများအား အာမခံထားနိုင်အောင်နှင့် လမ်းပေါ်မှာ သွားလာနိုင်အောင် နည်းလမ်းရှာပေးခဲ့သည်။ ကျွန်တော့်ဖခင်သည် ကျွန်တော်၏ သူရဲကောင်းဖြစ်သည်ဟု ပြောနိုင်လောက်သော အကြောင်း အမြောက်အမြား ရှိပေသည်။

ကျွန်တော်သည် မာရလန်းပြည်နယ် ကိုလံဘီယားတွင် လူလတ်တန်းစား မိသားစုအတွင်း၌ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ကြီးပြင်းခဲ့သူဖြစ်သည်။ ကျွန်တော်တို့ အိမ်တွင် ပိုက်ဆံဟူသော အရာသည် ဘယ်အခါတွင်မှ ပြဿနာ မဟုတ်ခဲ့။ ထိုသို့မဟုတ်ခဲ့ခြင်းမှာလည်း ကျွန်တော့် မိဘများက များများစားစား သုံးစရာဟူ၍ မမြင်ခဲ့ခြင်းက အဓိက အကြောင်းဖြစ်သည်။ ကျွန်တော့် မိဘများသည် အလွန်စစ်စီကြသူများဖြစ်သည်။ ညစာကို အပြင်ထွက်စားရသည်ဟု ရှိခဲလှသည်။ ရုပ်ရှင်ဆိုလျှင်လည်း တစ်နှစ်တွင်မှ တစ်ကြိမ် နှစ်ကြိမ်လောက်သာ ကြည့်ကြရ၏။ 'ရုပ်မြင်သံကြားကိုကြည့်ရင် ပြီးတာပဲကွာ'ဟု မိဘများက ပြောလေ့ရှိသည်။ 'စာကြည့်တိုက်သွားတာက ပိုကောင်းသေး၊ ပိုက်ဆံလည်း ပေးရတာ မဟုတ်ဘူး၊ စာအုပ်တစ်အုပ် ငှားဖတ်ပေါ့' ဟုလည်း ပြောတတ်သည်။

ကျွန်တော်က နှစ်နှစ်သားအရွယ်၊ ကျွန်တော့်အစ်မက လေးနှစ်သမီးအရွယ်တွင် ကျွန်တော့်မိခင်သည် ကျွန်တော်တို့မောင်နှမအား ဆပ်ကပ်ပွဲသို့ ခေါ်သွားသည်။ ကျွန်တော် ကိုးနှစ်သားအရွယ်ရောက်သည့်အခါ ဆပ်ကပ်ကြည့်ချင်ပြန်သည်။ သို့ရာတွင် အမေက ပြော၏။ 'မင်းသွားဖို့ မလိုတော့ဘူးလေ၊ မင်းဆပ်ကပ်ကြည့်ဖူးပြီပဲ'တဲ့။

ယနေ့ခေတ်မျက်စိနှင့် ကြည့်လိုက်လျှင်ကား ဖိနှိပ်ချုပ်ချယ်သည်ဟု ထင်စရာရှိသည်။ သို့ရာတွင် ကျွန်တော်၏ ကလေးဘဝသည် တကယ်ပင် ပျော်စရာ ကောင်းပေသည်။ ကျွန်တော် ကိုယ့်ဘာသာ ပြန်ကြည့်မိသည့်အခါ ကျွန်တော့်မှာ မယုံနိုင်လောက်သည့် အထောက်အပံ့ကောင်းရခဲ့သည့်သူ တစ်ယောက်ပါကလားဟု တွေးရပေသည်။ အဘယ့်ကြောင့်ဆိုသော် အရာများစွာမှာ အတော်ပင် မှန်အောင် တွေးနိုင် ကျင့်နိုင်သော မိဘနှစ်ပါးကို ရရှိထားခဲ့ခြင်း ကြောင့်တည်း။



ကျွန်တော်တို့သည် များများစားစား ဝယ်ခြမ်းခြင်းမျိုး မရှိကြ။ သို့ရာတွင် တွေးတောစဉ်းစားသည်ကတော့ ဘာမျှမကျန်။ အရာတိုင်းကို စဉ်းစားသည်။ ဤသို့ဖြစ်ခြင်းမှာလည်း လက်ရှိ ဖြစ်ပျက်နေသော အရာများ၊ သမိုင်း၊ ကျွန်ုပ်တို့၏ နေထိုင်မှုဘဝ အစရှိသည်တို့အပေါ် အစစအရာရာကို သိချင်လှသည့် ကျွန်တော့် ဖခင်၏ အရာရာကို သိချင်လှသည့်ရောဂါ ကူးစက်လာခြင်းကြောင့်ဟု ဆိုရမည်။ ကျွန်တော် ကြီးလာသည့်အခါ စဉ်းစားကြည့်သည့်အခါ မိသားစုနှစ်မျိုးရှိကြောင်း တွေ့ရသည်။

၁။ ညစာကို ပြီးမြောက်အောင်စားရန် အဘိဓာန်လိုသည့် မိသားစုများ၊

၂။ ထိုသို့ မလိုသည့်မိသားစုများ ဟူ၍ ဖြစ်သည်။

ကျွန်တော်တို့ မိသားစုမှာ နံပါတ် ၁ မိသားစုမျိုး ဖြစ်သည်။ ညတိုင်းနီးပါး ကျွန်တော်တို့သည် အဘိဓာန်ကို ကြည့်ရင်းဖြင့်သာလျှင် အဆုံးသတ်ကြသည်။ အဘိဓာန်ကို ထမင်းစားပွဲမှ ခြောက်လှမ်းလောက်ဝေးသောနေရာရှိ စင်ပေါ်တွင် ထားသည်။ 'မင်းတို့မှာ မေးစရာမေးခွန်းရှိရင် အဖြေကို အဘိဓာန်ထဲမှာရှာပေါ့' ဟု မိဘများက ပြောလေ့ရှိသည်။

ကျွန်တော်တို့အိမ်မှာ လူပျင်းများလို ဝိုင်းထိုင်နေကြပြီး ဟိုတွေးသည်တွေး လုပ်နေတာမျိုးဘယ်တော့မှ မရှိကြ။ ကျွန်တော်တို့က ထို့ထက် ပိုကောင်းသော နည်းကို သိထားကြသည်။ စွယ်စုံကျမ်းကို ဖွင့်ထားမည်။ အဘိဓာန်ကို ဖွင့်ထားမည်။ စိတ်ကို ဖွင့်ထားမည်။

ကျွန်တော့်ဖခင်သည် ပုံပြောအလွန်ကောင်းသူ ဖြစ်သည်။ သူက ပြောလေ့ရှိသည်။ အကြောင်းတစ်ခုကြောင့် ပုံများကို ပြောသင့်သည်တဲ့။ သူသည် ရယ်ရွှင်ဖွယ် အဖြစ်အပျက်များကို စာရိတ္တပြုပြင်ရေး ပုံပြင်တစ်ခုအဖြစ်သို့ရောက်အောင် ပြောတတ်၏။ ထိုသို့သော ပုံများကို ပြောရမည်ဆိုလျှင် ကျွန်တော့်ဖခင်သည် ဝိဇ္ဇာ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် သူ၏ ပုံပြောနည်းများတွင် နစ်နေခဲ့သည်။ ထို့ကြောင့်ပင် ကျွန်တော့်အစ်မ တမ်မီက ကျွန်တော်၏ နောက်ဆုံး ဟောပြောချက်ကို အွန်လိုင်းတွင် ကြည့်ရသည့်အခါ သူသည် ကျွန်တော့်ပါးစပ် လှုပ်ရှားနေတာကိုသာ မြင်ရပြီး ကျွန်တော့်အသံ မဟုတ်သည့် အသံကို ကြားနေရခြင်း ဖြစ်သည်။ သူကြားရသည့် အသံက ကျွန်တော့် ဖေဖေ့အသံ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကျွန်တော့်ဖေဖေ၏ လက်ရွေးစင် ပုံပြောနည်းကို တစ်ခုနှစ်ခုမက ပြန်လည်၍ သုံးကာ ပြောနေကြောင်း ကျွန်တော့်အစ်မက သိလေသည်။ ကျွန်တော်ကလည်း ထိုအချက်ကို မငြင်းပါ။ အမှန်ပင် ကျွန်တော်သည် တစ်ချက်တစ်ချက်၌ စင်ပေါ်တွင် ကျွန်တော့်ဖေဖေကို တင်ပေးထားသလို ဖြစ်နေပါသည်။

ကျွန်တော်သည် နေ့စဉ်နေ့တိုင်းဆိုသလိုပင် လူများနှင့် စကားပြောသည့်အခါ ၎င်းတို့အား ကျွန်တော့်ဖခင်ပြောခဲ့သော စကားများကို ပြန်လည်ကိုးကား၍ ပြောလေ့ရှိ၏။ ထိုသို့ ပြုရခြင်းအကြောင်း တစ်ကြောင်းမှာ လူတစ်ယောက်သည် မိမိ သိထားသော အတွေးအမြင်ကို ပြောလိုက်သည်ရှိသော် အခြားသူများက လက်မခံချင်တတ်ကြပေ။ တတိယလူတစ်ဦး၏ အတွေးအမြင်ကို ပြောလိုက်သည့်အခါတွင်မူ ပြောသူမှာ မာန်ဝင့်သည့်ဟန်မျိုးနည်းသွားပြီး ထိုသူ၏စကားသည် လက်ခံချင်စရာ ဖြစ်သွားတတ်သောကြောင့် ဖြစ်ပေသည်။ တကယ်တော့လည်း သင့်မှာ သင့်နောက်တွင် ကျွန်တော့်ဖခင်လိုသူမျိုး ရှိနေပါလျှင်လည်း သင်သည် ထိုပုဂ္ဂိုလ်၏ ပြောစကားမျိုးကို မကိုးကားဘဲ နေနိုင်မည် မဟုတ်ပါ။ အခွင့်ရသမျှ ကိုးကားပြောဆိုမိမည်သာ ဖြစ်ပါသည်။

ကျွန်တော့်ဖခင်က ကျွန်တော့် ဘဝခရီးလမ်းတွင် မည်သို့မည်ပုံ အပေးအယူညှိနှိုင်း ဆွေးနွေးယူသွားရမည် ဖြစ်ကြောင်းကို အကြံပေးလေ့ရှိသည်။ သူ ပြောတတ်သည့် စကားများမှာ ဤသို့ဖြစ်၏။ 'ဆုံးဖြတ်ချက်ကို မချရင် မဖြစ်တဲ့ အချိန်ကျမှ ချကွ' သူက ဤသို့လည်း သတိပေး၏။ အလုပ်ထဲမှာဖြစ်စေ ဆက်ဆံပေါင်းသင်းရာမှာဖြစ်စေ ကိုယ်က အားကြီးသည့်အနေအထားမှာ ရောက်နေသည် ဆိုဦးတော့ ကိုယ့်ဖက်က မျှတပါစေဟူ၍ ဖြစ်သည်။ 'မင်းက ယာဉ်မောင်းရဲ့ခုံမှာ ထိုင်နေရတာနဲ့ မင်းမှာ တွေ့ရာလူကို ဖြတ်ကြိတ်မောင်းသွားခွင့်ရှိတယ်လို့ အဓိပ္ပာယ်မရဘူးကွ' ဟုလည်း ပြောတတ်ပါသည်။

မကြာသေးခင်က ကျွန်တော်သည် ကျွန်တော့်ဖေဖေ မပြောခဲ့သော စကားကိုပင်လျှင် သူ့စကားဟူ၍ ကိုးကား သုံးမိသွားခဲ့သေးသည်။ ကျွန်တော်ပြောလိုသည့် စကားတိုင်းသည် ကျွန်တော့်ဖခင်ထံမှ ရလာသော စကားများလိုပင် ဖြစ်နေခဲ့သည်။ ကျွန်တော့်ဖခင်သည် မသိတာဟူ၍လည်း မရှိသည့်ပုံ ဖြစ်နေပေသည်။

ကျွန်တော့်မိခင်ကလည်း အများကြီးသိသူပင်။ ကျွန်တော့် ဘဝတစ်လျှောက်လုံးတွင် ကျွန်တော့်မိခင်သည် ကျွန်တော်၏ ကိုယ့်ကိုယ်ကိုယ် ယုံလွန်းတတ်ခြင်း



ကို ထိန်းပေးဖို့မှာ သူ၏ တာဝန်တစ်စိတ်တစ်ပိုင်းဟုပင် ခံယူထားသည်။ ယခု ပြန်ကြည့်သော် ကျွန်တော်သည် ထိုအတွက် များစွာ ကျေးဇူးတင်ရပေသည်။ ယနေ့အချိန်အထိတိုင်ပင် တစ်ယောက်ယောက်က ကျွန်တော်ဟာ ကလေးဘဝတုန်းက ဘယ်လိုနေသလဲဟု မေးလာခဲ့လျှင် 'သိလွယ် မြင်လွယ် ဖျတ်လတ်မှုတော့ ရှိပါရဲ့၊ ဒါပေမဲ့ သူများတကာတွေထက်တော့ သိပ်ပြီး ပိုတော်တာမျိုး မဟုတ်ပါဘူး'ဟု ပြောလေ့ရှိသည်။ ယနေ့အခါတွင်မူ ကျွန်တော်တို့သည် မိဘများက သူတို့ သားသမီးများကို ပါရမီရှင်ကြီးတစ်ဦးပမာ ချီးကျူးပြောဆိုနေကြသော ခေတ်သို့ ရောက်နေပေပြီ။ ဤတွင် ကျွန်တော့်မိခင်၏ သိလွယ်မြင်လွယ် ဖျတ်လတ်မှုတော့ ရှိပါရဲ့ ဟူသော စကားကို ဖြည့်စွက်ချက်အနေဖြင့် အနည်းငယ်ဖြည့်စွက်တင်ပြဦးမှ သင့်မည် ထင်သည်။

ကျွန်တော်သည် ပီအိပ်ချ်ဒီ ဘွဲ့ယူရန် သင်ယူနေစဉ်က ကျွန်တော်သည် the theory qualifier ဟူသော ဘာသာရပ်ကို ယူခဲ့သည်။ ကျွန်တော့်ဘဝတွင် ဒီမိုသာရာဖီခေါ် ကင်ဆာရောဂါအတွက် ဆေးသွင်းကုခြင်းပြီးလျှင် ဒုတိယအဆိုးဆုံးပင် ဖြစ်သည်။ ကျွန်တော်က ထိုဘာသာရပ်နှင့် ပတ်သက်၍ မည်မျှခက်ကြောင်း၊ စာမေးပွဲကလည်း တကယ်ပင် ခက်လှကြောင်း စသည်တို့ကို ညည်းညူပြောဆိုသည့်အခါ ကျွန်တော့်မိခင်သည် ကိုယ်ကိုညွတ်လျက် ကျွန်တော့်လက်မောင်းကို ပွတ်သပ်ကာ ဤသို့ပြောသည်။ 'သား၊ မင်းစိတ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ မေမေတို့ သိပါတယ်၊ မင်းဖေဖေဟာ မင်းအရွယ်တုန်းက ဂျာမန်တွေကို တိုက်နေရတာကွဲ့၊ အဲဒါကို သား သတိရပါ'

ကျွန်တော် ပီအိပ်ချ်ဒီဘွဲ့ ရပြီးသောအခါ ကျွန်တော့်မိခင်သည် ကျွန်တော့်ကို မိတ်ဆက်ပေးရမှာကို အလွန်ခံတွင်း တွေ့နေတော့သည်။ 'ဒါ ကျွန်မသားလေး၊ သူက ဒေါက်တာ တစ်ယောက်ပဲ၊ ဒါပေမဲ့ လူတွေကို ကူညီပေးတဲ့ ဒေါက်တာတော့ မဟုတ်ပါဘူး'

ကျွန်တော့်မိဘများသည် လူများကို ကူညီရန် တကယ်တန်း ဘာလိုသည်ကို သိထားပြီးသူများ ဖြစ်သည်။ သူတို့သည် အမြဲသဖြင့် သူတစ်ပါးလုပ်ဖူးသောလမ်းက ခွဲထွက်သည့် စီမံကိန်းများကို ရှာဖွေလုပ်ကိုင်ကာ ထိုလုပ်ငန်းများတွင် ဘဝကို ပုံပေးထားခဲ့သူများဖြစ်သည်။ သူတို့သည် ထိုင်းနိုင်ငံ ကျေးလက်ဒေသဘက်၌ ကျောင်းသား ငါးဆယ်ဆံ့ အိပ်ဆောင်တစ်ဆောင်ကို အကုန်အကျခံ

www.burmeseclassic.com

www.burmeseclassic.com


ဆောက်လုပ်ပေးခဲ့သည်။ ရည်ရွယ်ချက်မှာ ကျောင်းသူကလေးများသည် ကျောင်းမှာပင်နေ၊ ကျောင်းမှာပင်အိပ်၊ ကျောင်းမှာပင် စားရသောအားဖြင့် ပြည့်တန်ဆာဘဝ ရောက်မည့် အန္တရာယ်မှ ကင်းဝေးစေရန် ဖြစ်သည်။

ကျွန်တော့်မိခင်သည် အလွန်တရာ လှူချင်တန်းချင်စိတ်ရှိသူ ဖြစ်သည်။ ကျွန်တော့် ဖခင်ကလည်း စွန့်ကြဲနေရလျှင် ပျော်နေသူဖြစ်သည်။ ကျွန်တော်တို့က မြို့ဆင်ခြေဖုံးတွင် နေချင်ကြသော်လည်း ကျွန်တော့်ဖခင်ကမူ ဖျင်ကြမ်းထည်မျိုးနှင့် နေရလည်း ပျော်နေသူဖြစ်သည်။ ဤအရာမျိုးနှင့်စပ်လျှင် ကျွန်တော် တွေ့ဖူးမြင်ဖူးသမျှ လူများတွင် ကျွန်တော့် ဖခင်သည် ခရစ်ယာန် အဖြစ်ဆုံးဖြစ်သူဟု ကျွန်တော်ထင်ပေသည်။

ကျွန်တော့်ဖခင်သည် လူမှုရေးအခွင့်ရေးတူရှိမှုကို ကာကွယ်ပြောဆိုသူတစ်ဦး ဖြစ်သည်။ သူသည် မေမေ့လို မဟုတ်ဘဲ ဘာသာရေးဆိုင်ရာနှင့် အလွယ်တကူ လက်ခံချင်သူ မဟုတ်ပေ။ (ကျွန်တော်တို့ မိသားစုသည် ပရက်ဘီတေးရီယန်ခေါ် အင်္ဂလိကန်အသင်းတော်ဝင်များ ဖြစ်ကြသည်။) သူက အကြီးကျယ်ဆုံးစံမျိုးတွင်သာ အလေးပေးတတ်သူ ဖြစ်သည်။ အခွင့်ရေးတူရှိမှုကို အကြီးမားဆုံးရည်မှန်းချက်များထဲမှ တစ်ခုအဖြစ် သူက ရှုမြင်သည်။ သူ၏ လူ့အဖွဲ့အစည်းထားရှိသောရည်မှန်းချက်သည် အလွန်မြင့်မားသည်။ သူ့ မျှော်လင့်ချက်များမှာလည်း မကြာခဏ ပျက်ပြယ်သွားတတ်သည်။ သို့ပင်ဖြစ်သော်လည်း သူသည် မြင်းပြသော အကောင်းမြင်သမားတစ်ဦး ဖြစ်နေဆဲပင်။

ကျွန်တော့်ဖခင် အသက် ၈၃ နှစ်တွင် သွေးကင်ဆာဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။ ကြာကြာမနေရတော့မှန်းသိသွား၍ ခန္ဓာကိုယ်ကို ဆေးပညာအတွက် အသုံးပြုနိုင်ရန် လှူခဲ့ဖို့ စီစဉ်သည်။ ထို့ပြင် ထိုင်းနိုင်ငံတွင် သူ ဆောင်ရွက်လျက်ရှိသော အစီအစဉ်ကို ဆက်လုပ်သွားနိုင်ရန် အနည်းဆုံး နောက်ထပ်ခြောက်နှစ်အတွက် ငွေကြေးထုတ်ပေးခဲ့သည်။

ကျွန်တော်၏ နောက်ဆုံးဟောပြောချက်ကို လာရောက်နားထောင်သူများတွင် ကျွန်တော့်ခေါင်းပေါ်မှ ပိတ်ကားပေါ်တွင် ဆလိုက်ထိုးပြခဲ့သော ဓာတ်ပုံကို ကြည့်ပြီး သဘောကျသည်။ ထိုပုံ၌ ကျွန်တော်သည် ညဝတ်အိပ်သည့် ခါးရှည်ဘောင်းဘီပွနှင့် ဖြစ်သည်။ ပါးတွင် လက်ထောက်ထားသည်။ ပုံကို မြင်ရုံမျှနှင့်



ကြီးကျယ်သော အိပ်မက်မျိုးကို မက်တတ်သည့် ကလေးငယ်တစ်ဦးဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေသည်။



ရှေ့ဘက်ပိုင်း ပျဉ်ချပ်

ပုံထဲတွင် ကျွန်တော်၏ ခန္ဓာကိုယ်ကို ဖြတ်ထားသည့် ပျဉ်ပြားချပ်သည် နှစ်ထပ်ခုတင်၏ ရှေ့ဘက်ပိုင်း ပျဉ်ချပ်ဖြစ်သည်။ ကျွမ်းကျင်သည့် သစ်အလုပ်သမားဖြစ်သူ ကျွန်တော့်ဖခင်က ထိုခုတင်ကို လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ပုံထဲတွင်ပါသည့် ကလေးငယ် (ကျွန်တော်) ၏ မျက်နှာပေါ်တွင် တွေ့ရသော အပြုံး၊ သစ်သားပျဉ်ချပ်၊ ကလေးငယ်၏ မျက်စိထဲ၌ တွေ့မြင်နေရသော ပုံဟန်တို့ကပင်လျှင် ကျွန်တော်သည် မိဘထီပေါက်သူတစ်ဦး ဖြစ်ကြောင်းတို့ကို ပြနေကြပေသည်။

ကျွန်တော့်သားသမီးကလေးများသည် သူတို့ကို ဘဝတစ်လျှောက်လုံး ကျွမ်းကျင်ထက်မြက်ဖို့ လမ်းညွှန်သွားမည့် ချစ်ခင်မြတ်နိုးရှိလှသော မိခင်တင်ယောက်ကို ရရှိသွားကြမည် ဖြစ်သော်လည်း သူတို့သည် သူတို့၏ ဖခင်ကိုအ[illegible]ရရှိနိုင်တော့မည် မဟုတ်ပေ။ ကျွန်တော်သည် ထိုအချက်ကို လက်ခံ[illegible]ပါ၏။ သို့ရာတွင် ရင်ထဲမှာကား နာကျင်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ဖေဖေသာရှိသေးလျှင် ကျွန်တော့်ဘဝအတွက် ကျန်သေးသည့် နောက်ဆုံး လပိုင်း အချိန်ကလေးကို ကျွန်တော် ကျော်လွှားသွားမည့် နည်းကို ဖေဖေသည် သဘောတူလိမ့်မည်သာ ဖြစ်သည်။ ထိုအချက်ကို ကျွန်တော်ယုံကြည်သည်။ ဂျေးအတွက် အစစအရာရာ အစီအစဉ်တကျဖြစ်အောင် လုပ်ထားခဲ့ကွ၊ တတ်နိုင်သမျှ ကလေးတွေနှင့် အချိန်ကုန်ပါစေ စသည်ဖြင့် (ယခုကျွန်တော် လုပ်နေသော အရာများကိုပင်) အကြံပေးပေလိမ့်မည်။ ကျွန်တော်တို့ ဇာဂျင်နယားကို ပြောင်းရွှေ့ခြင်း၏ အဓိပ္ပာယ်ကိုလည်း သူ သိမြင်မှာ မုချဖြစ်သည်။

ကျွန်တော့်ဖခင်သည် ကျွန်တော့်အား ဤသို့လည်း သတိပေးနေလိမ့်မည် ထင်၏။ 'တခြားဟာတွေထက် ပိုအရေးကြီးတဲ့ ကလေးတွေက တို့မိဘများက တို့ကို တကယ်ချစ်ကြတာကလားလို့ သိဖို့လိုတယ်ကွ၊ အေး အဲဒီလိုဖြစ်ဖို့အတွက် သူတို့မိဘတွေက အသက်ရှင်နေထိုင်သွားရမှာတော့ မဟုတ်ဘူးပေါ့ကွာ'

□ □ □

## အခန်း ၅

## စိုက်ပျိုးမွေးမြူခြံအိမ်ထဲမှ ဓာတ်လှေကား

ကျွန်တော့်စိတ်ကူးမှာ အမြဲသဖြင့် လက်တွေ့ဖြစ်နိုင်ဖို့ အတော်ကလေး ခက်နေတတ်သည်။ ထို့ကြောင့် ကျွန်တော် အထက်တန်းကျောင်းသားဘဝတွင် ကျွန်တော် ဖြစ်ချင်သော ဆန္ဒကို ကျွန်တော့်ကလေးဘဝ အိပ်ခန်းထဲမှ နံရံပေါ်တွင် ထင်းခနဲ ပေါ်နေအောင် ရေးထားမည်ဟု စိတ်ကူးမိသည်။

ကျွန်တော်က မိဘများ၏ ခွင့်ပြုချက် တောင်းသည်။

'ကျွန်တော့်နံရံပေါ်မှာ ကျွန်တော် ရေးဆွဲချင်တာတွေကို ရေးဆွဲထားချင်ပါတယ်'ဟု ကျွန်တော်က ပြောသောအခါ 'ဘယ်လိုဟာတွေလဲ'လို့ မိဘများက ပြန်မေးပါသည်။

'ကျွန်တော့်အတွက် အရေးကြီးတာတွေပေါ့၊ ကျွန်တော့်အတွက် ကောင်းမယ်ဆင်တာတွေပေါ့၊ ကျွန်တော် ကြည့်လို့ရမယ်လေ'ဟု ကျွန်တော်က ပြန်ပြောပါသည်။

ဤမျှပြောလိုက်သည်ဆိုလျှင်ပင် ကျွန်တော့်ဖခင်သည် ချက်ခနဲ သဘောပေါက်လေသည်။ ထို့ကြောင့်ပင် သူသည် အလွန်တော်သည်ဟုပင် ဆိုရပါလေသည်။ သူက ပြုံးကြည့်ရုံကြည့်ကာ တီထွင်မှုကို အားပေးလေသည်။ သူသည် စိတ်ထက်သန်မှု မီးပွားကလေးများက မီးပုံကြီးအဖြစ် ထတောက်လာမှာကို ကြည့်မြင်လိုသူဖြစ်သည်။ ထို့ပြင် သူသည် ကျွန်တော့်ကိုနားလည်၏။ ကျွန်တော်သည် သမားရိုးကျမဟုတ်သော နည်းများဖြင့် မိမိကိုယ်ကို ဖော်ပြဖို့လိုမည်ဟု သူ နားလည်သည်။ ထို့ကြောင့် ကျွန်တော့်ဖခင်က ကျွန်တော်၏ နံရံတွင် ရေးဆွဲမည် ဟူသော ဥန္ဒစားခန်းသည် တကယ့်စိတ်ကူးကောင်းဟု ယူဆသည်။

www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော့် မိခင်မှာမူ ကျွန်တော်၏ စွန့်စားခန်း တစ်ခုလုံးအပေါ်တွင် စိတ်အထက်သန်ကြီး မဟုတ်လှပေ။ သို့ရာတွင် ကျွန်တော်က သိပ်စိတ်လှုပ်ရှား ဖြစ်နေသည်ကို မြင်တွေ့ရသောအခါတွင်မူ မဆိုင်းမတွပင် သဘောတူလိုက်လေသည်။ ထို့ပြင် သူက ဤလိုကိစ္စမျိုးတွင် ဖေဖေကသာ အနိုင်ယူသွားတတ်ကြောင်းကိုလည်း သိထားပေရာ ထိုအခါမျိုးတွင် သူကသာ အေးအေးချမ်းချမ်းနှင့် လက်လျှော့ပေးလိုက်ရဖို့ ရှိပေသည်။

ကျွန်တော့်အစ်မ တမ်မီနှင့် ကျွန်တော့်သူငယ်ချင်း ဂျက်ရှုရစ်ဖ် တို့၏ အကူအညီဖြင့် ကျွန်တော့်အိပ်ခန်းနံရံပေါ်တွင် ရေးခြယ်ခြင်းကို နှစ်ရက်ကြာမျှ လုပ်ခဲ့ရသည်။ ကျွန်တော့် ဖခင်သည် ဧည့်ခန်းထဲ၌ ထိုင်ကာ သတင်းစာ ဖတ်ရင်း ကျွန်တော် ဘာတွေလုပ်မည်ကို စိတ်ရှည်လက်ရှည် စောင့်ကြည့်နေခဲ့သည်။ ကျွန်တော့်မိခင်ကမူ စကြီလမ်းတွင် ရစ်သီရစ်သီလုပ်ကာ လုံးဝ ဂဏှာမငြိမ် ဖြစ်နေခဲ့၏။ ဘာများ မြင်ရလေမလဲဟု ခိုးကြောင်ခိုးဝှက် ကြည့်နေခဲ့၏။ သို့သော်လည်း ကျွန်တော်တို့သည် အခန်းထဲမှာ အလုံပိတ်၍ နေနေလိုက်ကြသည်။ ရုပ်ရှင်ထဲမှာ ပြောလေ့ရှိကြသည့် ကလို့စ်ဆက် ဆိုတာမျိုး ဖြစ်လေသည်။

ကျွန်တော်တို့ ဘာတွေကိုများ ရေးခြယ်ခဲ့ပါသနည်း။

ဟုတ်ကဲ့၊ ပြောပါမည်။ ကျွန်တော်သည် နံရံပေါ်တွင် မသိကိန်းပါသည့် နှစ်ထပ်ကိန်း ညီမျှခြင်းတစ်ခုကို ဆခွဲကိန်းခွဲသော သင်္ချာ ဖော်မြူလာတစ်ခု ရှိနေစေချင်၏။ ထိုသို့သော သင်္ချာညီမျှခြင်းတွင် မသိကိန်းတစ်ခု၏ အမြင့်ဆုံး ပါဝါသည် နှစ်ထပ်ကိန်းတစ်ခု ဖြစ်သည်။ ကျွန်တော်သည် တံခါးနားတွင် ကပ်လျက် အောက်ပါဖော်မြူလာကို ရေးခြယ်ထားလိုက်သည်။





$$\frac{-b \pm \sqrt{b2 - 4ac}}{2a}$$

ဂျက်နှင့် ကျွန်တော်တို့သည် ငွေရောင်ဓာတ်လှေကား တံခါးပုံကြီးကို ရေးခြယ်ကြသည်။ တံခါး၏ လက်ဝဲဘက်တွင် အပေါ်၊ အောက် ဟူသော နှိပ်စရာ ခလုတ်ပုံများကို ဆွဲကြသည်။ တံခါးအထက်၌ တစ်မှ ခြောက်အထိ အထပ်နံပါတ်များ တပ်ထားသော ဖန်ကူကွက်ပုံတစ်ခုကို ဆွဲလိုက်သည်။ နံပါတ် ၃ ကို တောက်ပြောင်သည့် အရောင်ဖြင့် ခြယ်ထားလိုက်၏။ ကျွန်တော်တို့သည် စိုက်ပျိုးမွေးမြူရေးခြံ အိမ်ကြီးတစ်လုံးတွင် နေသည်။ (ထိုအိမ်ကတော့ တစ်ထပ်သာ ရှိပါသည်။) ထို့ကြောင့် ကျွန်တော်က စိတ်ကူးခပ်ယဉ်ယဉ်နှင့် ခြောက်ထပ်အိမ်ကဲ့သို့ ပြုလိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် ယခု ပြန်စဉ်းစားကြည့်သောအခါ ငါနှယ် ဘာကြောင့်များ အထပ်ရှစ်ဆယ်၊ ကိုးဆယ် အိမ်မျိုး မဆွဲခဲ့မိပါလိမ့်ဟု တွေးမိသည်။ ကျွန်တော်သည် သို့နှယ် ကြီးကြီးကျယ်ကျယ် စိတ်ကူးယဉ်သမား ဖြစ်ခဲ့ပေလျက် ဘာကြောင့်များ ကျွန်တော်၏ ဓာတ်လှေကားသည် သုံးထပ်တွင် ရပ်ထားခဲ့မိပါလိမ့်။ ကျွန်တော်၏ ဘဝတွင် စိတ်ကူးနှင့် လက်တွေ့ မျှနေသည့် သဘော၏ သင်္ကေတလက္ခဏာပင်လော မပြောတတ်ပါပေ။

ကျွန်တော့်မှာ ပန်းချီဆရာ၏ ကျွမ်းကျင်မှုမျိုး နည်းလှသဖြင့် အခြေခံ ဂျီဩမေတြီပုံမျိုးတွေဆွဲဘာ အကောင်းဆုံး ဖြစ်မည်ဟု ကျွန်တော် ထင်သည်။ ထို့ကြောင့် ကျွန်တော်သည် ဆူးတောင်ပါသော ဒုံးပျံယာဉ် ရိုးရိုးပုံကို ဆွဲလိုက်သည်။ ကျွန်တော်သည် စန္ဒီးပို့က်၏ ကြည့်မှန်ကိုလည်း ဆွဲသည်။ 'သင်သည် အလှဆုံးပါဟု ကျွန်ုပ် ပြောခဲ့ပါလျှင် ကျွန်ုပ် လိမ်ပြောခဲ့ကြောင်း သတိရပါ' ဟူသော စာကြောင်းကိုလည်း မှန်တွင် ရေးထားလိုက်သည်။

ဂျက်နှင့် ကျွန်တော်သည် မျက်နှာကြက်တွင် 'ကျွန်တော် ထပ်ခိုးပေါ်မှာ ပိတ်မိနေသည်'ဟူသော စာကို ရေးကြသည်။ ကျွန်တော်တို့သည် အက္ခရာများကို နောက်ပြန်စီ၍ ရေးကြ၏။ ထို့ကြောင့် ကျွန်တော်တို့က တစ်ဦးဦးအား ထပ်ခိုးပေါ်မှာ အကျဉ်းချထားသဖြင့် ထိုသူက အကူအညီတောင်းသော စာကို ရေးထားဘိသကဲ့သို့ ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စစ်တုရင်ကို ဝါသနာပါသည်။ ထို့ကြောင့် တမ်မီက စစ်တုရင်ရုပ်များကို ရေးဆွဲသည်။ (ကျွန်တော်တို့ အထဲမှာ ပုံဆွဲပါရမီ ညာဏ်ကောင်းသူမှာ သူသာ ဖြစ်သည်။) တမ်မီက ထိုပုံများကို ရေးဆွဲနေစဉ်မှာ ကျွန်တော်က ကျွန်တော်၏ နှစ်ထပ်ခုတင်၏ နောက်တွင် ရေငုပ်သင်္ဘောတစ်စင်း ရေထဲ၌ ငုပ်နေပုံကို ရေးဆွဲသည်။ ကျွန်တော်သည် အိပ်ရာခင်း၏ အထက်တွင် ရန်သူသင်္ဘောများကို ရှာကြည့်နေသည့် ပယ်ရီစကုတ်တစ်ခု၏ ပုံကိုလည်း ဆွဲလိုက်သည်။

ကျွန်တော်သည် ပန်ဒိုရာ၏ သေတ္တာဟူသော ပုံပြင်ကို အတော် သဘောကျသည်။ ထို့ကြောင့် ကျွန်တော်နှင့် တမ်မီတို့သည် ထိုပုံပြင်ပါ သဘောကို ကျွန်တော်တို့နည်း ကျွန်တော်တို့ဟန်ဖြင့် ရေးဆွဲကြသည်။ ဂရိ ဒဏ္ဍာရီတွင် ဇုစ် နတ်မင်းကြီးက ပန်ဒိုရာအား သေတ္တာတစ်လုံးပေးလိုက်သည်။ ထိုသေတ္တာထဲတွင်ကား လောကရှိ မကောင်းတာဟူသမျှ အကုန်ပါ၏။ သေတ္တာကို မဖွင့်ဖို့ နတ်မင်းကြီးက မှာလိုက်သော်လည်း ပန်ဒိုရာသည် မလိုက်နာ။ သေတ္တာ၏ အဖုံးကို လှပ်လိုက်သည့်အခါ မကောင်းတာတွေ အကုန်ထွက်လာကြပြီး တစ်လောကလုံးသို့ ပျံ့နှံ့သွားလေတော့သည်။ ကျွန်တော်သည် ထိုပုံပြင်၏ အကောင်းမြင်သဘောဖြင့် အဆုံးသတ်ထားပုံကို သဘောကျသည်။ သေတ္တာထဲမှ မကောင်းတာတွေ အကုန်ထွက်သွားသောအခါ သေတ္တာအောက်ခြေမှာ ကျန်နေသည်ကား 'မျှော်လင့်ချက်' ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်ကလည်း ကျွန်တော်၏ ပန်ဒိုရာ သေတ္တာထဲတွင် Hope (မျှော်လင့်ချက်) ဟူသော စကားလုံးကို ရေးထည့်ထားသည်။ သို့ရာတွင် ဂျက်က Hope ကို မြင်ရသည့်အခါ Hope အထက်က Bob ကို မရေးဘဲ မနေနိုင် ဖြစ်သွားသည်။ ကျွန်တော့် သူငယ်ချင်းများ ကျွန်တော့် အခန်းထဲသို့ လာကြသည့်အခါ အဘယ့်ကြောင့် သည် Bob ဟူသောစကား သည်မှာရောက်နေပါလိမ့်ဟု စဉ်းစားမိကြမှုဖြစ်သည်။ ထို့နောက်မှသာလျှင် မျက်လုံးက တစ်နေရာကို ရွေ့သွားကြသည်။

ထိုသို့သော စာများရေးသားခဲ့ချိန်မှာ ၁၉၇၀ ပြည့်လွန် နှောင်းပိုင်းနှစ်များတွင် ဖြစ်သည်။ ကျွန်တော်သည် ကျွန်တော်၏ တံခါးပေါ်တွင် Disco Sucks! ဟူသော စကားလုံးများကို ရေးထားသည်။ နောက်က စကားလုံးကို ကြည့်၍ ကျွန်တော့်မိခင်က ရှုန့်ရင်းသော စကားဟု အထင်ရောက်သည်။



တစ်နေ့တွင် ကျွန်တော် မမြင်ခိုက်တွင် ကျွန်တော်မိခင်က sucks ဟူသော စကားလုံးပေါ်တွင် ကျွန်တော် မသိအောင် တိတ်တဆိတ် ဆေးသုတ်လိမ်းသွားသည်။ ကျွန်တော့် မိခင်သည် ကျွန်တော် ရေးခဲ့သည်များကို တည်းဖြတ်ခဲ့သည်မှာ ထိုတစ်ကြိမ်သာ ဖြစ်ပါသည်။

ကျွန်တော့်ထံ ရောက်လာကြသည့် သူငယ်ချင်းတိုင်းသည် 'မင်းမိဘတွေက မင်း ဒီလိုလုပ်တာတွေကို လိုက်လျောနိုင်တာ ငါဖြင့် မယုံနိုင်အောင် ဖြစ်ရတယ်' ဟု အမြဲပြောလေ့ရှိသည်။

ထိုစဉ်အခါတုန်းက ကျွန်တော့်မိခင်သည် သိပ် သဘောကျလှသည် မဟုတ်သော်လည်း အခန်းပေါ်မှာ ဆေးသုတ်၍ ဖျက်ခြင်းမျိုးကိုကား မပြုခဲ့ပါ။ ကျွန်တော် ထိုအခန်းထဲမှ ပြောင်းခဲ့ပြီးနောက် ဆယ်နှစ်၊ အနှစ် နှစ်ဆယ်တိုင်အောင်အထိ ထိုအခန်းကို ဆေးသုတ်ခြင်းမျိုး မလုပ်ခဲ့ပါ။ တကယ်တော့လည်း အချိန်တွေ ကုန်လွန်လာသည်နှင့်အမျှ ကျွန်တော့်အခန်းသည် အိမ်သို့ အလည်အပတ် ရောက်ရှိလာကြသူတို့ အိမ်ကို လှည့်ပတ်ကြည့်မည်ဆိုလျှင် အဓိက အာရုံစိုက် ကြည့်ရှုရသည့်နေရာ ဖြစ်ခဲ့လေသည်။ ကျွန်တော့်အမေလည်း အမှန်အတိုင်း သိမြင်လာသည်။ လူတွေက ဒီဟာကို တကယ်ပင် ကောင်းလှသည်ဟု ထင်ကြပေတကား။ တော်ပါပေသည်၊ သည်လိုဟာတွေလုပ်ဖို့ ခွင့်ပြုလိုက်လျောနိုင်ပါပေသည်ဟု လူတွေက ငါ့ကို ထင်ကြပေတကားဟု မေမေ သဘောပေါက်သွားခြင်း ဖြစ်ပေသည်။

အဖေ အမေ ဖြစ်နေကြသူတွေကို ပြောချင်ပါ၏။ သင်တို့၏ သားသမီး ကလေးငယ်များသည် သူတို့၏ အိမ်ခန်းမှာ ဆေးခြယ် ပုံဆွဲကြမည် ဆိုပါလျှင် သူတို့အား လုပ်ခွင့်ပေးလိုက်ပါဟု ကျွန်တော် တောင်းပန်ချင်ပါသည်။ ငါတို့ အိမ်ကို ပြန်ရောင်းရင် တန်ဖိုးကျသွားမှာပေါ့ဟု တွေးပူမနေကြပါနှင့်။ အဆင်ပြေသွားမှာပါ။

ကျွန်တော်သည် ကျွန်တော် ကလေးဘဝက နေထိုင်ခဲ့သည့် အိမ်သို့ ဘယ်နှစ်ကြိမ် အလည်သွားခဲ့မိမှန်း မသိပါ။ သို့ရာတွင် ကျွန်တော် ထိုနေရာသို့ ရောက်သွားတိုင်း ကျွန်တော့်အဖို့ လက်ဆောင်တစ်ခု ရသလိုပါပင်။ ကျွန်တော် ရောက်သွားတိုင်း ကျွန်တော့်ဖခင် လုပ်ပေးခဲ့သော နှစ်ထပ် ခုတင်ကလေးပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှာပင် အိပ်ဆဲ ဖြစ်ပါသည်။ ကျွန်တော်သည် ကျွန်တော် ထင်ရာမြင်ရာ လုပ်ခဲ့သော နံရံကိုကြည့်ပြီး ကျွန်တော့်မိဘများ ကျွန်တော့်အား ကျွန်တော် လုပ်ချင်ရာ ခွင့်ပြုလိုက်လျှောခဲ့ပုံကို ပြန်စဉ်းစားမိပါသည်။ ထိုသို့ စဉ်းစားမိရင်း ငါသည် အမိ အဖ ရတာ ကံကောင်းလှပေတကားဟု တွေးရင်း ကျေနပ် သဘောကျကာ အိပ်ပျော်သွားလေ့ရှိပါသတည်း။

□ □ □

## အခန်း ၆

## ဇီးရိုး - ဂျီသို့ ရောက်ခဲ့ခြင်း

ကိုယ် ဘာဖြစ်ချင်သည်ဟု တိတိကျကျ သတ်သတ်မှတ်မှတ်ရှိသော စိတ်ကူး အိပ်မက်ရှိဖို့ အရေးကြီးသည်။

ကျွန်တော် အထက်တန်းကျောင်းသားဘဝတွင် ကျောင်းသား တော်တော် များများသည် အာကာသယာဉ်မှူးတွေ ဖြစ်လိုကြသည်။ ကျွန်တော်ကတော့ ဟသက် တော်တော်ငယ်စဉ်ကပင် နာဆာ (အမျိုးသားလေကြောင်းနှင့် အာကာသ ဟုပ်ချုပ်ရေးအဖွဲ့) သည် ကျွန်တော့်လို လူများကို လိုချင်မည် မဟုတ်ကြောင်း သိသည်။ အာကာသယာဉ်မှူးများသည် မျက်မှန် မတပ်ကြရကြောင်းလည်း ကြားဖူးသည်။ ထို့အတွက်ကား ပြဿနာ မရှိပါ။ ကျွန်တော်က အာသယာဉ်မှူး လုပ်ရသည့် အလုပ်ကြီးတစ်ခုလုံးကိုပင် မလိုလားခြင်း ဖြစ်ပါသည်။ ကျွန်တော် ပိုလားသည်က လွင့်မျောနေခြင်းသာ ဖြစ်သည်။

နာဆာမှာ အာကာသယာဉ်မှူးများကို ဇီးရိုး ဂရယ်ဗီတီ ဟု ခေါ်သည့် ကမ္ဘာမြေကြီး၏ဆွဲအား လုံးဝမရှိသည့် အခြေအနေတွင် နေနိုင်ထိုင်နိုင်အောင် ပြုပေးသည့် လေယာဉ်တစ်စင်းရှိသည်ဟုလည်း ဆိုသည်။ နာဆာက ထိုလေယာဉ် ကို အလေးချိန်မဲ့အံ့ဖွယ်ဟု ခေါ်ပြောလေ့ရှိသော်လည်း လူတွေကမူ ပျို့အန် ကြယ်တံခွန်ဟု ခေါ်ကြသည်။ အလေးချိန်မဲ့အံ့ဖွယ် ဟူသည် ပြည်သူ့ဆက်ဆံရေး သဘောတရားအားဖြင့် တကယ်လက်တွေ့ အထင်အရှားဖြစ်နေသော **အချက်** ကို စိတ်အာရုံမရောက်အောင် ရည်ရွယ် မှည့်ခေါ်ခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလေယာဉ်ကို ဘယ်လိုအမည်နာမနှင့် ခေါ်ဝေါ်သည် ဖြစ်စေ၊ စိတ်ဝင်စားဖွယ်ကောင်းသည့် စက်ယန္တရားတစ်ခုတော့ကား အမှန်ပင် ဖြစ်ပေသည်။ ဤလေယာဉ် ပျံသည့်အခါ ပါရာဘိုလာ အခုံးများကို ဖြစ်စေရာ ထိုအခုံးတစ်ခု၏ ထိပ်သို့ ရောက်သွားတိုင်း ၂၅ စက္ကန့်ခန့်မျှ အကြိမ်းအားဖြင့် အလေးချိန်မဲ့နှင့် တူညီသည့် အခြေအနေမျိုးကို ခံစားရသည်။ လေယာဉ်က အောက်သို့ ထိုးဆင်းလိုက်သည့်အခါ ရိုလာကိုစတာစီးရသည့်နှယ် ခံစားရသည်။ သို့ရာတွင် လေယာဉ်က ဝိုင်းပတ်၍ ပျံသန်းနေသည့်အခါ ခေတ္တယာယီအားဖြင့် ဘာအလုပ်မှ မလုပ်ဘဲ ရပ်ဆိုင်းသွားသည်။

လေယာဉ်ပေါ်တွင် လက်တွေ့ စမ်းသပ်ကြည့်ရန်အတွက် တက္ကသိုလ်ကျောင်းသားများက အဆိုပြုချက်တင်နိုင်သည်ဟူသော အစီအစဉ်မျိုး နာဆာမှာရှိကြောင်း ကျွန်တော် သိရသည့်အခါ ကျွန်တော်၏ စိတ်ကူးအိပ်မက်သည် တကယ် ဖြစ်ခွင့်ကြုံလာသည်။ ၂၀၀၁ ခုနှစ်တွင် ကျွန်တော်တို့ ကာနက်ဂီ မယ်လန်တက္ကသိုလ်မှ ကျောင်းသားတစ်သိုက်သည် ကွန်ပျူတာဖြင့် ပကတိ အစစ်နီးပါးတူအောင် ဖန်တီးသော နည်းပညာ (ဗာချူယယ် ရီယယ်လတီ) ကိုသုံး၍ လုပ်ကိုင်သည့် လုပ်ငန်းအစီအစဉ်တစ်ရပ်ကို အဆိုပြု တင်ပြလိုက်ကြသည်။

ကျွန်တော်တို့သည် မြေပေါ်မှာ မွေး၍ မြေပေါ်မှာ ကြီးကာ တစ်သက်လုံး မြေပေါ်မှာပင် နေလာခဲ့ကြသည်ဖြစ်ရာ အလေးချိန်မဲ့ဟူသော ခံစားချက်မျိုး ဖြစ်လာအောင် ပြုဖို့မှာ အလွန်တရာ ခက်ခဲလှသည်။ ကမ္ဘာမြေကြီး၏ ဆွဲအားမဲ့သည့် ဇီးရိုး ဂရယ်ဗီတီ အခြေအနေတွင် ဟန်ချက်ကို ထိန်းချုပ်ပေးသည့် အတွင်းနားသည် မျက်လုံးက ပြောနေသည်များနှင့် တစ်သားတည်း မဖြစ်သလို ရှိနေတတ်သည်။ မကြာခဏ ပို့အန်ချင် အန်ချင်လာတတ်၏။ ထိုအခြေအနေကို မြေပြင်ပေါ်မှာပြုသည့် ပွဲမဝင်ခင် အပြင်က ကျင့်သော ကွန်ပျူတာဖြင့် တကယ့်အရှိဟန် ဖန်တီးမှုမျိုးဖြင့်ရော မကုစားနိုင်ပါသလော။ ထိုအချက်သည် ကျွန်တော်တို့၏ အဆိုပြုချက်တွင် ဖော်ပြထားသည့် မေးခွန်းတစ်ခုလည်း ဖြစ်သည်။ နောက်ဆုံးတော့ ကျွန်တော်တို့လိုလားချက် ဆန္ဒပြည့်သွားသည်။ ကျွန်တော်တို့အား ထိုလေယာဉ်ကို စီးကြည့်နိုင်ရန် ဟူစတန်မြို့ရှိ ဂျွန်ဆင် အာကာသ စူးစမ်းမှုဌာနသို့ လာရောက်ကြပါဟု ဖိတ်ခေါ်လိုက်လေသည်။



ကျွန်တော်သည် အခြားသူငယ်ချင်း ကျောင်းသားများထက်ပို၍ စိတ်လှုပ်ရှားနေသည် ထင်၏။ လွင့်မျောရတော့မည်။ သို့ရာတွင် ဤလုပ်ငန်းစဉ်၏ နောက်ပိုင်းရောက်ခါမှ သတင်းဆိုးကို ကြားသိရသည်။ တက္ကသိုလ်က အကြံပေးပုဂ္ဂိုလ်များသည် မည်သို့သော အခြေအနေတွင်မှ မိမိတို့၏ တပည့် ကျောင်းသားများနှင့်အတူ လေယာဉ်တွင် စီးနင်းပျံသန်းခွင့် မရှိဟူ၍ နာဆာက အတိအလင်းကြေညာလိုက်ခြင်းဖြစ်ပါ၏။

ကျွန်တော့်မှာ ရင်ကျိုးရလေပြီ။ သို့ရာတွင် ကျွန်တော့်ကို ဤသို့မျှဖြင့် တား၍ရပါမည်လော။ ကျွန်တော်သည် ဤအုတ်နံရံပတ်လည်မှာပင် နည်းလမ်းတစ်ခုကို ရှာဖွေမတွေ့နိုင်ပါသလော။ ကျွန်တော်သည် နာဆာ၏ အစီအစဉ်နှင့် ပတ်သက်သည့် စာတွေကို တစ်ခုမကျန် ရှာဖတ်ရန် ဆုံးဖြတ်လိုက်ကာ ဟာကွက်များကို လိုက်ရှာလေသည်။ ဤတွင် ဟာကွက်တစ်ခုကို သွားတွေ့သည်။ အမြဲသဖြင့် လူထုကြားတွင် နာမည်ကောင်းရချင်လှသည့် နာဆာသည် ကျောင်းသားများ၏ နေရင်းမြို့မှ သတင်းထောက်တစ်ယောက်ကိုမူ ကျောင်းသားများနှင့်အတူ လိုက်ပါစီးနင်းခွင့်ပြုပေလိမ့်မည်။



စီးမျှောနေချင်တာလား...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အရာရှိတစ်ဦးထံ ဖုန်းဆက်၍ သူ၏ ဖက်စ် နံပါတ်ကို မေးလိုက်၏။ 'ခင်ဗျားက ဘာအကြောင်းအရာတွေများ ကျွန်တော်တို့ဆီကို ဖက်စ် ပို့မလို့လဲ'ဟု ထိုသူက မေးသည်။ ကျွန်တော်က ကျွန်တော်သည် တက္ကသိုလ်၏ အငြိမ်းစား ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်းနှင့် သတင်းထောက်တစ်ဦးအနေဖြင့် လျှောက်ထားလိုကြောင်း သူ့အား ရှင်းပြလိုက်သည်။

'ကျွန်တော်က ကျွန်တော့်ကျောင်းသားတွေနဲ့အတူ ကျွန်တော်ရဲ့ မီဒီယာ အဖွဲ့ဝင်တစ်ဦးဆိုတဲ့ ရာထူး တာဝန်သစ်နဲ့ လိုက်ပါမှာပါ'ဟု ပြောပြသည်။

ထိုအခါ သူက ပြောသည်။ 'ဒါကတော့ ပြောင်ကျလွန်းတယ်လို့ မထင်မိ ဘူးလားဗျာ'

'ဒါတော့ မှန်ပါတယ်'ဟု ကျွန်တော်က ပြောလိုက်ပြီး ကျွန်တော်သည် လေယာဉ်ပေါ်တွင် လုပ်ကြသော လက်တွေ့စမ်းသပ်မှုနှင့် ပတ်သက်သည့် သတင်း များကို သတင်း ဝက်ဘ်ဆိုက်တွေမှာ တင်ပေးမည့်အကြောင်းလည်း သူ့အား ကတိပေးလိုက်ပါသည်။ ထို့ပြင် ကျွန်တော်တို့ ကွန်ပျူတာဖြင့် တကယ့် အရှိဟန် ဖန်တီးမှုလုပ်ဆောင်ချက်တွေကို ရုပ်ရှင်ရိုက်ထားသော ဖလင်များကိုလည်း ပိုပြီး ပင်မကျသော သတင်းစာဆရာများထံသို့ ပို့ပေးမည့်အကြောင်းလည်း ကတိပေး လိုက်ပါသည်။ ကျွန်တော်သည် အညာကို ကိုင်မိ၍ အောင်မြင်တော့မည်ကို သိသည်။ ဤနည်းသည် ပျားလည်းစွဲသာ၊ ရှဉ့်လည်းလျှောက်သာ နည်းပင်။ တစ်နည်းအားဖြင့် အားလုံးအတွက် သူလည်း နိုင် ကိုယ်လည်းနိုင်နည်း ဖြစ်ပေ သည်။ သူသည် သူ၏ ဖက်စ်နံပါတ်ကို ကျွန်တော့်အား ပေးလိုက်ပါသည်။

ကြားဖြတ်၍ ပြောရသော် ဤတွင် သင်ခန်းစာတစ်ခု ရ၏။ တစ်ခုခုကို ဆွေးနွေးမှု စားပွဲပေါ်သို့ ယူလာပါစေ။ ဤသို့ပြုခြင်းသည် သင့်အား ပို၍ လက်ခံ လာစေနိုင်သောကြောင့်ပင် ဖြစ်သည်။

ဇီးရိုး ဂရယ်ဗီတီ (ဝါ) ဇီးရိုး - ဂျီ ဟု ခေါ်သော ကမ္ဘာမြေကြီး၏ ဆွဲအားမဲ့ အခြေအနေတို့နှင့် ပတ်သက်သည် ကျွန်တော်၏ အတွေ့အကြုံမှာ အတော် ကိုပင် ထူးထူးခြားခြား သဘောကျစရာကောင်းသည်။ (အန်လို့ မဟုတ်ပါဘူး၊ ကျွန်တော် မအန်ခဲ့ပါဘူးခင်ဗျာ၊ ကျေးဇူးတင်ပါသည်။) သို့သော်လည်း နည်းနည်း တော့ ခံခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ထိုပျော်စရာကောင်းသည့် ၂၅ စက္ကန့် ကုန်ဆုံးသွားသောအခါ လေယာဉ်ပေါ်သို့ ကမ္ဘာမြေကြီး၏ဆွဲအား ပြန်လည်



ရရှိလာသဖြင့် တကယ့်ကိုပဲ ကိုယ့် ကိုယ်အလေးချိန်သည် နှစ်ဆတိုးလာသလို စားလိုက်ရသောကြောင့် ဖြစ်ပါ၏။ အားနှင့် ပစ်ကျသွားနိုင်လောက်ပေသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ကို အထပ်ထပ် သတိပေးပြောကြခြင်း ဖြစ်သည်။ 'ခြေထောက်ကို ချ၊ ခြေထောက်ကို ချ'။ မြေပေါ်သို့ လည်ပင်းနှင့် ဖောက်ထိုး ပစ်ကျသွားခြင်းမျိုးကိုလည်း အဖြစ်မခံချင်ကြဘူး မဟုတ်လော။

သို့ရာတွင် ကျွန်တော်သည် ကျွန်တော်၏ မျှော်မှန်းချက်များတွင် လွင့်မျော ခြင်းသည် ရည်မှန်းချက်တစ်ခု ဖြစ်လာခဲ့ပြီးနောက် အနှစ်လေးဆယ်နီးပါးကြာ ချိန်၌ ထိုလေယာဉ်ပေါ်သို့ တက်နိုင်ခွင့်ရခဲ့ပြန်လေသည်။ အပေါက်တစ်ခုကိုတောင် တွေ့နိုင်ခဲ့ပါလျှင် ထိုအပေါက်အတိုင်း လွင့်မျောသွားနိုင်သည့် နည်းလမ်းမျိုးလည်း တွေ့နိုင်ကြောင်း ဤဖြစ်ရပ်က သက်သေခံလိုက်ခြင်းပင် ဖြစ်ပေတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၇

## အမျိုးသားဘောလုံးအဖွဲ့ချုပ်သို့ မရောက်ခဲ့သော ကျွန်တော်

ကျွန်တော်က ဘောလုံးကို ချစ်မြတ်နိုးသည်။ ဘောလုံးဆိုသည်မှာ တစ်ဦးနှင့် တစ်ဦး ဆွဲလုရသော ဘောလုံးကို ဆိုလိုပါသည်။ ကျွန်တော် ထိုအလုံးမဟုတ်သည့် အုန်းသီးဘောလုံးကို ကိုးနှစ်သားအရွယ်ကတည်းက စတင် ကစားခဲ့ပါသည်။ ထိုဘောလုံးကပင် ကျွန်တော့်အား အောင်မြင်မှုရအောင် ပြုပေးခဲ့ပါသည်။ ယနေ့အခါ ကျွန်တော် ယခုလို မည်သူမည်ဝါဖြစ်နေသည်မှာ ဘောလုံးက လုပ်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် အမျိုးသား ဘောလုံးအဖွဲ့ချုပ်အထိ မရောက်ခဲ့ပါသော်လည်း ထိုစိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်လာခြင်းကြောင့် မဟုတ်ဘဲ ထိုစိတ်ကူးအိပ်မက်နောက်လိုက်ခဲ့ခြင်းကြောင့် ပို၍တောင် ရခဲ့သေးသည်ဟု တစ်ခါတစ်ရံ စဉ်းစားမိပါသည်။ အကောင်အထည်ဖော်နိုင်သော စိတ်ကူးအိပ်မက်တွေကလည်း မရမဟုတ် ရခဲ့ပါသည်။

ကျွန်တော် ဘောလုံးကို ချစ်ခင်စုံမက်ဖြစ်ခဲ့သည်မှာ ကျွန်တော့် ဖေဖေက ကျွန်တော် ကန်ကြောက်၊ အော်ဟစ်လုပ်နေရင်းမှပင် အဖွဲ့ချုပ်တစ်ခုထဲတွင် ပါဝင်နိုင်အောင် အတင်းဆွဲခေါ်သွားခဲ့ချိန်မှ စခဲ့ပါသည်။ ကျွန်တော်က အဲသည်လို ဖြစ်ချင်သည့် ဆန္ဒမရှိပါ။ ကျွန်တော်သည် ပင်ကိုသဘာဝအားဖြင့် အားခွန်ဗလ တောင့်တောင့်တင်းတင်းရှိသူမျိုး မဟုတ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသူလည်း မဟုတ်။ ကလေးပေါက်စကလေးသာဖြစ်သည်။ ကျွန်တော်သည် ကျွန်တော်၏ နည်းပြဆရာ ဂျင်ဂရာဟမ်ကို တွေ့လိုက်ရသည့်အခါ ကြောက်စိတ်မှ လေးစားအထင်ကြီးသော စိတ်သို့ပြောင်းသွားသည်။ သူသည် အရပ် ခြောက်ပေလေးလက်မ

www.burmeseclassic.com

www.burmeseclassic.com



ရှိသည့် ဧရာမ လူထွားကြီး ဖြစ်သည်။ သူသည် ပင်စတိတ်အသင်းတွင် နောက်တန်း ခံစစ်သမားတစ်ဦး ဖြစ်ခဲ့သည်။ ထို့ပြင် သူသည် တကယ့်ကို ရှေးဆန်သူဖြစ်သည်။ ရှေးဆန်သည် ဆိုသည်မှာ သူသည် တကယ့်ကိုပဲ ရှေးရိုးစွဲ အယူအဆမျိုး ရှိသူ ဖြစ်သည်။ ဥပမာအားဖြင့် သူက ရှေ့သို့ ပစ်ပေးခြင်းသည် ကစားပရိယာယ် မျှသာ ဖြစ်သည်ဟု ယူဆသူဖြစ်သည်။

ကျွန်တော်တို့ လေကျင့်ခန်းဆင်းသည့် ပထမဆုံးနေ့မှာပင် ကျွန်တော်တို့ သည် သေမလောက် ကြောက်မိကြရသည်။ သူက ဘောလုံးတွေ ဘာတွေလည်း ယူလာသည်မဟုတ်။ နောက်ဆုံးတွင် ကလေးတစ်ယောက်က ကျွန်တော်တို့ အားလုံးအတွက် ပြောသည်။ 'စိတ်မရှိပါနဲ့ ဆရာ၊ ဘောလုံးလည်း မရှိပါလား'

ထိုအခါ နည်းပြဂရာဟမ်က ပြန်ပြော၏။

'အေးကွ၊ တို့ ဘောလုံးမှ မလိုတာပဲ'

ကျွန်တော်တို့သည် သူပြောသည့် စကားအဓိပ္ပာယ်ကို စဉ်းစားရင်း တိတ် ဆိတ်သွားကြသည်။

'တစ်ကြိမ် တစ်ကြိမ်မှာ ကွင်းထဲမှာ ဘောလုံးသမား ဘယ်နှစ်ယောက် ရှိသလဲ'ဟု သူက မေးပါသည်။

'တစ်သင်းမှာ ၁၁ ယောက်ပါ၊ ထို့ကြောင့် ၂၂ ယောက်ပါ'ဟု ကျွန်တော် တို့က ဖြေကြသည်။

'ကဲ၊ ကောင်းပြီ၊ ဘယ်အချိန်ဖြစ်ဖြစ်ပေါ့ကွာ အချိန် တစ်ချိန်မှာ ဘောလုံး ကို ထိတဲ့လူက ဘယ်နှစ်ယောက်လဲ'

'တစ်ယောက်ပါ'

'ကောင်းပြီ၊ ဒါကြောင့် တို့ တခြား ၂၁ ယောက် ဘာတွေလုပ်နေမယ် ဆိုတာနဲ့ ပတ်သက်တဲ့ အလုပ်ကို ခု လုပ်ကြမယ်'ဟု ဆရာက ပြောသည်။

အခြေခံများ။ နည်းပြဆရာ ဂရာဟမ် ကျွန်တော်တို့အား ပေးခဲ့သည့် အချိန်မှာ တကယ်လက်ဆောင်ကောင်းတစ်ခုပင်။ အခြေခံများ။ အခြေခံများ။ အခြေခံများ။ အခြေခံများကို ပေးခဲ့လေသည်။ အခြား ကလေးငယ်များစွာတို့ မျက်ကွယ်ပြုထားကြသော ဤအချက်ကို ကျွန်တော်သည် တက္ကသိုလ် ပါမောက္ခ တစ်ဦးအနေဖြင့် သင်ခန်းစာတစ်ခုဟူ၍ မှတ်ယူခဲ့သည်။ အခြေခံကို ပိုင်ပိုင်နိုင်နိုင် ရဖို့လိုသည်။ အဘယ့်ကြောင့်ဆိုသော် အခြေခံမရခဲ့ပါလျှင် အခြားအပေါ်ယံ



လှုပ်ရှားထင်ကြီးဖွယ် ကိစ္စများသည်လည်း အလုပ်ဖြစ်တော့မည် မဟုတ်သောကြောင့် ဖြစ်သည်။

နည်းပြဆရာ ဂရာဟမ်သည် အပြင်းအထန် မောင်းလေ့ရှိသည်။ ကျွန်တော် သည် လေ့ကျင့်ခန်းတစ်ခုကို ထူးထူးခြားခြား မှတ်မိနေပေသည်။ 'ဟေ့ ပေါက်ချ်၊ မင်းလုပ်နေတာတွေက တစ်လွဲချည်းပဲ၊ ဒီကို ပြန်လာစမ်း၊ ပြန်လုပ်ပြ' ကျွန်တော် သည် သူလိုချင်ရာကို ကြိုးစား၍ လုပ်ပြပါ၏။ ထိုသို့လုပ်ပြလည်း သူက မကျေနပ် သေး။ 'ဟေ့ ပေါက်ချ်၊ မင်း ငါ့ကို လုပ်ပြဖို့ ကျန်သေးတယ်။ ဒီလေ့ကျင့်ခန်းပြီးရင် ဒိုင်ထ မတင် လုပ်ရဦးမယ်' ဟု ဆိုသေးလေသည်။

နောက်ဆုံးတွင် ကျွန်တော့်အား အတန်း ဖြုတ်ပေးလိုက်သောအခါ လက်ထောက် နည်းပြတစ်ယောက် ကျွန်တော့်ထံ ရောက်လာပြီး 'နည်းပြဆရာ ဂရာဟမ်ကတော့ မင်းကို ရေရေလည်လည် မောင်းလိုက်တာပဲ၊ ဟုတ်တယ် မဟုတ်လား'ဟု ပြောသည်။

ကျွန်တော်သည် 'ဟုတ်ကဲ့' ကိုပင် အနိုင်နိုင် ဖြေနိုင်တော့သည်။

'ဒါ ကောင်းတယ်ကွ၊ မင်းက တလွဲတချော်လုပ်လို့ မင်းကို ဘယ်သူကမှ ဘာမှ မပြောတော့ဘူးဆိုရင် အဲဒါဟာ မင်းကို လက်လျှော့လိုက်ပြီဆိုတဲ့ သဘောပဲ'

ထိုသင်ခန်းစာသည် ကျွန်တော့်ဘဝတစ်ခုလုံးမှာ ပါလာသည်။ တစ်ခုခုကို တလွဲတချော်လုပ်နေမိသည်ကို ကိုယ့်ဘာသာလည်း သိမြင်နေပါလျက် မည်သူ ကမျှလည်း ကိုယ့်ကို နောက်ထပ် ဘာမှ မပြောချင်တော့ဟုဆိုပါက ထိုနေရာ မျှနှမျိုးသည် မနေအပ်သော နေရာပင်။ ကိုယ်က ကြားလိုချင်မှ ကြားလိုမည် ဖြစ်သော်လည်း ကိုယ့်အပြစ်များကို ထောက်ပြဝေဖန်သူများသည် ကိုယ့်ကို ချစ်နေ သေးသူများသာ ဖြစ်ပေသည်။ ကိုယ့်အပေါ် ဂရုစိုက် ကြောင့်ကြထားနေသေး သူများ ဖြစ်ပေသည်။ ကိုယ့်အား ကောင်းစေလိုသောသူများ ဖြစ်သည်။

ယနေ့ခေတ်အခါတွင် ကလေးများအား မိမိကိုယ်ကို လေးစားအထင်ကြီး စိတ် ပေးရေးအကြောင်းကို များစွာ ပြောကြ ဆိုကြသည်။ ဤအရာမျိုးသည် 'ပေး' ၍ ရသည် မဟုတ်။ ကိုယ့်ဘာသာ တည်ဆောက်ယူရသော အရာမျိုးဖြစ် သည်။ နည်းပြဆရာ ဂရာဟမ်သည် ဖူးဖူးမှုတ်နယ်မြေတွင် အလုပ်လုပ်သူ မဟုတ်။ ကိုယ့်ကိုယ်ကိုယ် လေးစား အထင်ကြီးစိတ်ကို ဘယ်လိုသွင်းသလဲ။ ထိုစိတ် ဖွံ့ဖြိုး လာအောင် ကလေးငယ်များအား သင်ပေးရန်နည်းမှာ တစ်နည်းသာရှိကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သူသိသည်။ သူတို့ မလုပ်နိုင်သည့်အရာကို လုပ်ခိုင်းလိုက်။ သူတို့သည် ငါတို့ ဒါကို လုပ်နိုင်ပါကလားဟု သိလာသည့်အတိုင်း ကြိုးစားသွားလိမ့်မည်။ ထို လုပ်ငန်းစဉ်ကို ထပ်တလဲလဲသာ လုပ်ခိုင်းနေလိုက်ပါ။

နည်းပြဆရာ ဂရာဟမ် ကျွန်တော်နှင့် ပထမဦးစွာ ထိတွေ့ဆက်ဆံရသည့် အခါ ကျွန်တော်သည် ဘာမှ လုပ်တတ်ကိုင်တတ် မရှိ၊ ကာယဗလကလည်း မရှိ ဥတုရာသီဒဏ်ခံနိုင်ရည်လည်း မရှိသော ပျော့ညံ့ညံ့ ကလေးငယ်တစ်ယောက် သာ ဖြစ်သည်။ သို့ရာတွင် သူက ကျွန်တော့်အား ငါ ကြိုးစားလုပ်သွားလျှင် ကနေ့ မလုပ်နိုင်သော အရာကို မနက်ဖြန်ကျလျှင် လုပ်လာနိုင်လိမ့်မည်ဟု သိသွား အောင် လုပ်ပေးခဲ့သည်။ ယနေ့အချိန် ကျွန်တော့်အသက် ၄၇ နှစ် ရရှိလာသည် တိုင်အောင် အယ်န် အက်ဖ် အယ်လ် အဖျက်သမားတစ်ယောက် ဂုဏ်ယူရမည့် အချက်သုံးချက်ပါ ရပ်တည်ချက်ကို ကျွန်တော် ပြောပြနိုင်သေးသည်။

ယနေ့ခေတ်အခါမျိုးတွင် နည်းပြဆရာ ဂရာဟမ်တို့လိုလူမျိုးသည် လူငယ် အားကစား အဖွဲ့ချုပ်တစ်ခုမှ မောင်းထုတ်ခံရနိုင်ကြောင်းကိုလည်း ကျွန်တော် သာ သိပါသည်။ သူသည် တင်းလွန်းသူ ဖြစ်သည်။ မိဘများက ညည်းည တိုင်တန်းကြမှာ သေချာသည်။

ကျွန်တော်တို့အသင်း အပြင်းအထန် ကစားခဲ့ရသော ကစားပွဲတစ်ခုကို ကျွန်တော် မှတ်မိနေသည်။ ပထမပိုင်းအပြီး အနားပေးချိန်၌ ကျွန်တော်တို့သည် ရေရှိရာသို့ အတင်းပြေးလွှားကြရာ ရေပုံးပါ မှောက်လုနီး ဖြစ်သွားသည်။ နည်းပြ ဆရာ ဂရာဟမ် ဒေါသပေါက်ကွဲတော့သည်။ 'ဟုတ်ပါ့ကွာ၊ ဒီ ပွဲစချိန်ကတည်းက မင်းတို့ကောင်တွေ အလှုပ်ရှားဆုံး ငါတွေ့ရတာ အခုပဲဟ' ဟု ပြောလေသည်။ ကျွန်တော်တို့မှာ ၁၁ နှစ်သား ကလေးများဖြစ်ကြရာ တို့ကိုများ တစ်ယောက်ပြီ တစ်ယောက် ခေါ်ယူပြီး သူ ဘာမှစွပ်မထားသည့် သူ့လက်ဝါးဖြင့် ရိုက်ပစ်လေ မလားဟု ကြောက်ရွံ့ထိတ်လန့်ကာ ထိုနေရာမှာပင် ရပ်နေကြသည်။ 'ရေလားကွ သူက လှမ်းအော်ပါသည်။ 'မင်းတို့ ရေဆာတယ်ပေါ့လေ' ဟု ပြောပြောဆို သူသည် ရေပုံးကို ကိုင်မြှောက်ကာ ရှိသမျှရေများကို မြေပြင်ပေါ်သို့ မှောက် လိုက်လေသည်။

ကျွန်တော်တို့သည် သူ ထိုသို့ပြုပြီး ထွက်သွားသည်ကို ကြည့်နေကြ၏ လက်ထောက်နည်းပြတစ်ဦးကို သူ ပြောလိုက်သံကိုလည်း ကြားကြရ၏။ 'မ



သူတို့ကို ရေပေးချင်ရင် ပထမ ခံစစ်လိုင်းကကောင်တွေကို ပေးလိုက်၊ သူတို့ ကစားတာ ကောင်းတယ်ကွ' ဟူ၏။

ကျွန်တော် ဤသို့ပြောဆိုလိုက်သဖြင့် နည်းပြဆရာ ဂရာဟမ်ကို တစ်မျိုး မမြင်စေချင်ပါ။ နည်းပြဆရာ ဂရာဟမ်သည် မည်သည့်ကလေးကိုမှ အန္တရာယ် ပေးသူ မဟုတ်ပါ။ သူ ဤကဲ့သို့ ဒုပေနာပေခံနိုင်အောင် အပြင်းအထန် မောင်း ခြင်း အကြောင်းတစ်ခုမှာ ချေးထွက်များမှ သွေးထွက်နည်းသည် ဟူသကဲ့သို့ ဤသို့ ပြုထားနိုင်မှသာလျှင် ထိခိုက်ဒဏ်ရာရမှု နည်းသည်ဟု သူသိထားသော ကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ထိုနေ့က အေးစိမ့်နေသောနေ့လည်း ဖြစ်၏။ ပထမပိုင်း ကစားချိန်အတွင်း၌လည်း ကျွန်တော်တို့အားလုံး ရေသောက်ခဲ့ရပြီး လည်း ဖြစ်၏။ ကျွန်တော်တို့မှာ ရေပုံးရှိရာသို့ သွားပုံ တကယ်ပင် ရေဆာ၍ ရေရှိရာသို့ သွားသူများနှင့် မတူဘဲ လူဆိုးလူပေတစ်သိုက်နှင့်သာ တူနေကြလေ သည်။

ယနေ့ခေတ်အခါမျိုးတွင် ထိုကဲ့သို့သော ဖြစ်ရပ်မျိုးသာကြုံခဲ့ပါလျှင် ဘေးက ခုံတန်းများပေါ်တွင် ထိုင်နေကြသည့် မိဘများသည် မိမိတို့၏ လက်ကိုင်ဖုန်းများ ကိုထုတ်ကာ ဘောလုံးအဖွဲ့ချုပ်မှ ကော်မရှင်နာမင်းကြီးထံသို့သော်လည်းကောင်း ဖုန်းဆက် ပြောပေလိမ့်မည်။ မိမိတို့၏ ရှေ့နေထံသို့သော်လည်း ဖုန်းဆက်ပြော ပေလိမ့်မည်။

ယနေ့ကာလတွင် ကလေးငယ် အများအပြားတို့ ဖူးဖူးမှုတ်ခံနေရသည်မှာ ဝမ်းနည်းစရာပင်။ ကျွန်တော်သည် ထိုကစားပွဲ ပထမပိုင်းပြီးချိန်က ဟိန်းဟောက် စွဲရပုံကို ပြန်ပြောင်း တွေးမိသည်။ ကျွန်တော်သည် ထိုအချိန်က ရေလည်းဆာနေ သည်။ ထိုထက်ပိုဆိုးသည်ကား ကျွန်တော် ရှက်သွားသည်။ ကျွန်တော်တို့အားလုံး နည်းပြဆရာ ဂရာဟမ်ကို ရာထူးမှ ဆင်းပေးသွားစေခဲ့ကြသည်။ သူကလည်း ကျွန်တော်တို့အား တစ်သက်တွင် ဘယ်အခါမှ မေ့၍မရနိုင်သောနည်းဖြင့် သိသွားစေခဲ့သည်။ သူ့ဘက်က မှန်သည်။ ကျွန်တော်တို့ကလည်း ကစားပွဲမှာ အားထည့်ဖို့ထက် ရေပုံးပေါ်မှာ ပို၍ အားထည့်ကြောင်းပြခဲ့ကြပေသကိုး။ သူ ဒေါသတကြီးနှင့် ကျွန်တော်တို့ကို ပြောခဲ့ခြင်းမှာ ကျွန်တော်တို့အဖို့ တစ်စုံတစ်ရာ အကျိုးရှိစေဖို့သာ ဖြစ်ပေသည်။ ဒုတိယပိုင်းတွင် ကျွန်တော်တို့သည် ကွင်းထဲသို့ ပြန်ဆင်းကြပြီး အစွမ်းကုန် ကစားခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဆယ့်သုံးလေးနှစ် အရွယ်လောက်မှ စ၍ နည်းပြဆရာ ဂရာဟမ်ကို မတွေ့ခဲ့ရတော့ပါပေ။ သို့သော်လည်း သူသည် ကျွန်တော့် ခေါင်းထဲတွင် အမြဲတမ်း လာပြနေသည်။ ကျွန်တော် အားလျှော့လိုက်မည်ကြံတိုင်း ကျွန်တော့်ကို ကြိုးစားလုပ် ကြိုးစားလုပ်ဟု ခိုင်းနေသည်။ ကျွန်တော့်ကို ကောင်းသည်ထက် ကောင်းအောင်လုပ်ဟု ခိုင်းနေသည်။ သူသည် ကျွန်တော့်အား ဘယ်သို့ လုပ်ပါဟူသော ညွှန်ကြားချက်များကို တစ်သက်လုံးအတွက် ပေးခဲ့သူ ဖြစ်ပေသည် တကား။

ကျွန်တော်တို့သည် ကျွန်တော်တို့၏ ကလေးများကို အသင်းအဖွဲ့များနှင့် ကစားကြရသော အားကစားများကို ကစားရန် စေလွှတ်ကြသည်။ မိမိတို့ စေလွှတ်လိုက်သည့် အားကစားသည် အမေရိကန်တွင် ကစားလေ့ရှိသည့် ဘောလုံး (football) ဖြစ်ချင် ဖြစ်မည်။ ကမ္ဘာအရပ်ရပ်၌ ကစားသော ဘောလုံး (soccer) ဖြစ်ချင်ဖြစ်မည်။ ရေကူး ဖြစ်ချင်ဖြစ်မည်။ မည်သို့ သော အားကစားအတွက် စေလွှတ်သည်ဖြစ်စေ ကျွန်တော်တို့ အများစုအနေဖြင့် ထိုအားကစား၏ ခက်ခဲနက်နဲမှုများကို က ကြီးမှ အ အထိ တိုင်အောင် တတ်သွားစေချင်လွန်း၍ ထိုသို့ စေလွှတ်ခြင်း မဟုတ်ပါ။

ကျွန်တော်တို့ လိုလားသည်က ကျွန်တော်တို့ ကလေးများသည် ထိုထက် အရေးကြီးသောအရာများကို သိသွား တတ်သွားစေချင်ခြင်းမျှသာ ဖြစ်သည်။ အသင်းအဖွဲ့နှင့် လုပ်တတ်ကိုင်တတ်ခြင်း၊ ဇွဲရှိခြင်း၊ အားကစားစိတ်ဓာတ်ရှိခြင်း၊ ကြိုးစားလုပ်ကိုင်ခြင်း၏ တန်ဖိုး၊ ဘေးအန္တရာယ် အခက်အခဲနှင့် ကြုံလျှင် ရင်ဆိုင်နိုင်စွမ်းရှိမှုတို့သည် အားကစားနည်းတစ်ခုကို ကစားတတ်ခြင်းထက် ပို၍ အရေးကြီးသည်။ ဤသို့သော သွယ်ဝိုက်သင်ယူလေ့လာခြင်းကို ကျွန်တော်တို့ထဲမှ အချို့သူများက ရောင်ပြခေါင်း (head fake) ဟု ခေါ်လေ့ရှိကြသည်။

ရောင်ပြခေါင်း နှစ်မျိုးရှိသည်။ ပထမ အမျိုးအစားက စာအရှိ အနက် အတိုင်း ဖြစ်၏။ ဘောလုံးကွင်းထဲမှာဆိုလျှင် ဘောလုံးကစားသမားသည် သူ့ခေါင်းကို တစ်ဖက်သို့ လှည့်လိုက်မည်။ ထို့ကြောင့် တစ်ဖက်လူက သူတော့ ခေါင်းလှည့်ရာဘက်သို့ သွားတော့မည်ဟု ထင်လိုက်သည်။ ထိုတွင် ထိုဘောလုံး ကစားသမားက သူ့ခေါင်းကပြသည့် ဆန့်ကျင်ဘက်သို့ သွားလိုက်တာမျိုးဖြစ်၏။ မျက်လှည့်ဆရာသည် မျက်စိလှည့်စားလိုက်သလိုမျိုး ဖြစ်သည်။ နည်းပြဆရာ ဂရာဟမ်သည် ကျွန်တော်တို့အား တစ်ဖက်အားကစားသမား၏ ခါးကို ကြည့်ရမည်ဟု ပြောတတ်သည်။ 'သူ့ ချက်သွားရာကို ခန္ဓာကိုယ်က လိုက်တာပဲကွ'ဟု ဆရာက ပြောပါသည်။



ဒုတိယအမျိုးအစားကမှ တကယ်အရေးပါသော ရောင်ပြခေါင်း ဖြစ်သည်။ သူတို့ကို သင်ပေးနေမှန်း မသိဘဲ ထိုလုပ်ငန်းစဉ်ကို ကောင်းစွာ လုပ်တတ်ကိုင်တတ် ဖြစ်လာသည်အထိ သင်ပေးသွားသည်မျိုး ဖြစ်သည်။ အကယ်၍ သင်သည် ကျွမ်းကျင်သော ရောင်ပြခေါင်းသမားတစ်ဦး ဖြစ်ပါက သင်၏ ဖုံးကွယ်ရည်မှန်းချက်မှာ သူတို့အား သင် သိစေ တတ်စေချင်သည်များကို သိသွားစေလိုခြင်း ဖြစ်ပေလိမ့်မည်။

ဤ ရောင်ပြခေါင်း သင်ယူလေ့လာနည်းမှာ အလွန်တရာ အရေးကြီးသည်။ ဤအရာ၌ နည်းပြဆရာ ဂရာဟမ်ကား ဝိဇ္ဇာပေတည်း။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈

## V အက္ခရာအောက်မှာ ရှာပါ ကျွန်တော့်ကို တွေ့နိုင်သည်

ကျွန်တော်သည် ကွန်ပျူတာခေတ်ထဲတွင် နေရသူဖြစ်ရာ ကျွန်တော် ဤကွန်ပျူတာ ဌာနတွင် နေရသည်ကို နှစ်သက်ပါသည်။ ကျွန်တော်သည် ကွန်ပျူတာဖန်သား ပြင်မှ နေရာအစိတ်အပိုင်းကလေးတွေ၊ ကွန်ပျူတာဖန်သားပြင်တွင် ပုံရိပ်ထင် စေသည့် အစက်အပြောက်ကလေးတွေနှင့် အင်ဖော်မေးရှင်း ဆူပါဟိုင်းဝေးတွေကို သဘောကျပါသည်။ စက္ကူမသုံးရသော ကမ္ဘာတစ်ခုကို ကျွန်တော် ပုံဖော်၍ရနိုင် သည်။

ယခုသာ ကွန်ပျူတာခေတ်ထဲတွင် နေရသူ ဖြစ်သော်လည်း ကျွန်တော့်ကို မွေးသည့်နေရာကတော့ တခြားစီပါ။

ကျွန်တော့်ကို မွေးသည့် ၁၉၆၀ ပြည့်နှစ်အချိန်က ကြီးမားသော အသိပညာ တွေကို စက္ကူပေါ် မှာပင် မှတ်တမ်းတင်ကြရပါသည်။ ကျွန်တော်တို့ အိမ်မှာဆိုလျှင် ၁၉၆၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များ တစ်လျှောက်လုံးတွင် ကျွန်တော်တို့ မိသားစုမှာ ကမ္ဘာ့စွယ်စုံကျမ်းကိုပင် ရှိခိုး ကိုးကွယ်နေကြရပါသည်။ ကမ္ဘာ့စွယ်စုံကျမ်းကြီးတွင် ဓာတ်ပုံတွေ၊ မြေပုံတွေ၊ နိုင်ငံအသီးသီး၏ အလံတွေ၊ တမျက်နှာ၏ ဘေးဘက်နေရာကျဉ်းကလေးတွင် ပြည်နယ်တစ်ခုစီ၏ လူဦးရေကို ဖော်ပြထားချက်တွေ၊ ဆောင်ပုဒ်တွေနှင့် ပျမ်းမျှမြေမျက်နှာပြင်အမြင့် စသည် တွေကိုပါ တွေ့နိုင်သည်။

ကျွန်တော်သည် ကမ္ဘာ့စွယ်စုံကျမ်းအတွဲတိုင်းမှ စကားလုံးတိုင်းကို ဖတ်သည် တော့ မဟုတ်ပါ။ တတ်နိုင်သမျှ ကြိုးစား ဖတ်ကြည့်ခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဤစာအုပ်ကြီးထဲတွင် အားလုံးအစုံပါနေသည်ကို အလွန်သဘောကျပါသည်။ aardvark ဟူသော တောင်အာဖရိကမှ ဦးခေါင်းရှည်၊ လျှာရှည်နှင့် ပုရွက်ဆိတ်၊ ခြ စသည်တို့ကို စားသည်ဆိုသော ဝက်နှုတ်သီးလိုပါသည့် အကောင်အကြောင်းပါသည့် အပိုင်းကို မည်သူများ ရေးပါလိမ့်။ 'သင်သည် aardvarks အကြောင်း သူတစ်ပါးထက် ပိုသိထားပါလျှင် စာအုပ်ထဲ၌ ထည့်သွင်းနိုင်ရန် ကျွန်ုပ်တို့ထံ စာရေးပို့စေချင်ပါသည်'ဟု ကမ္ဘာ့စွယ်စုံကျမ်း အယ်ဒီတာများက ဖိတ်ခေါ်ထားပြန်သည်မှာ ဘယ်လိုကြောင့်ပါလိမ့်။ Z အတွဲမှာလည်း ဇူးလူးလူမျိုးများအကြောင်း ပါပြန်သည်။ ထိုအကြောင်းကို ရေးသား ထည့်သွင်းသူသည် ဇူးလူးအကြောင်း အကုန်သိသည့် ဇူးလူးဝိဇ္ဇာ ဖြစ်ပုံရသည်။ ထိုသူသည် မည်သူပါလိမ့်။ ဇူးလူး အမျိုးသား သို့မဟုတ် အမျိုးသမီး တစ်ဦးပင်လော။

ကျွန်တော့်မိဘများသည် စစ်စီတတ်သူများ ဖြစ်သည်။ အမေရိကန်လူမျိုးအများအပြားကဲ့သို့ မဟုတ်ဘဲ သူတစ်ပါး အထင်ကြီးရုံသက်သက်ဖြင့်ကားဘာပစ္စည်းကိုမှ ဝယ်သူများ မဟုတ်ကြပါ။ ဇိမ်ခံပစ္စည်းမျိုးကိုလည်း ဘယ်လိုပစ္စည်းကိုမျှ ဝယ်သူများ မဟုတ်ပါ။ သို့ရာတွင် ကမ္ဘာ့စွယ်စုံကျမ်းကိုကျတော့ ပျော်ပျော်ကြီး ဝယ်ယူကြပြန်သူများ ဖြစ်သည်။ သူတို့သုံးစွဲခဲ့သော ငွေပမာဏမှာ ထိုခေတ် ထိုအချိန်က နည်းနည်းနောနော မဟုတ်ပေ။ အဘယ့်ကြောင့် ထိုသို့ ငွေကုန်ကြေးကျခံခဲ့ကြသနည်းဆိုသော် သူတို့သည် ကျွန်တော်နှင့် ကျွန်တော့်အစ်မကို အဖိုးထိုက်သော သုတပညာတွေ ပေးနိုင်မည်ဖြစ်သောကြောင့်ပင်။ ကျွန်တော့်မိဘများသည် နှစ်ချုပ်အတွဲများကိုလည်း မှာယူပေးသည်။ ၁၉၇၀၊ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃ အစရှိသော နှစ် အမှတ်သားပါ နှစ်ချုပ်အတွဲသစ်များသည် နှစ်စဉ် ရောက်ရောက်လာသည်။ ထိုအတွဲများတွင် အရေးပါသော အသစ်တွေ့ရှိချက်များနှင့် မျက်မှောက်ရေးရာအဖြစ်အပျက်များ ပါဝင်ကြသည်။ နှစ်ချုပ်အတွဲသစ်များ ရောက်လာပြီဆိုလျှင် ကျွန်တော်သည် သူတို့ကို စောင့်မနေဘဲ ရောက်ရောက်ချင်း ကြည့်ဖြစ်တော့သည်။ ထိုနှစ်ချုပ်အတွဲများတွင် အက္ခရာစဉ်ဖြင့် ရေးသားထားသော မူရင်းစွယ်စုံကျမ်းကြီးမှ အကြောင်းအရာကို ပြန်လည်ရည်ညွှန်းဖော်ပြပေးသည့် စာရွက်များ (sticker) ပါ ပါလာလေ့ရှိသည်။ ကျွန်တော့်အလုပ်ကား ထိုစတစ်ကာ စာရွက်များကို ဆိုင်ရာစာမျက်နှာတွင် ကပ်ထားပေးခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ထိုတာဝန်ကို အလေးအနက်ထား၍ ယူခဲ့ခြင်းလည်း



ဖြစ်ပါသည်။ ကျွန်တော်က ဤစွယ်စုံကျမ်းကို နောင်တွင် ဖွင့်၍ ဖတ်မည့်သူများအား သမိုင်းနှင့် သိပ္ပံကို ခုနှစ် သက္ကရာဇ် အစဉ်အတိုင်း ရှာဖွေ ဖတ်ရှုနိုင်ရန် ကူညီပေးသည့် သဘောပါပင်။

ကမ္ဘာ့စွယ်စုံကျမ်းကို ကျွန်တော် ဘယ်မျှ ချစ်ခင်မြတ်နိုး ဖြစ်ပါသနည်းဆိုသော် ကျွန်တော်၏ ကလေးဘဝ အိပ်မက်တစ်ခုပင် ရှိခဲ့၏။ ကျွန်တော်သည် ယိုကျမ်းကြီးထဲတွင် ပါဝင်ရေးသားသူတစ်ဦး ဖြစ်လိုခြင်း ဖြစ်သည်။ သို့ရာတွင် ကျွန်တော့် စိတ်ကူးအိပ်မက်က ရှိကာဂိုမြို့မှ ကမ္ဘာ့စွယ်စုံကျမ်းဌာနချုပ်သို့ လှမ်းဖုန်းဆက်၊ ကျွန်တော်က ဘယ်သူပါ ဘယ်ဝါပါ၊ ဘာ အကြောင်းအရာမျိုး ရေးနိုင်ပါသည် စသည်ဖြင့် ပြောဆိုပြီး ဝင်ရေးခွင့်ရခြင်းမျိုးမျှလောက် မဟုတ်။ ကမ္ဘာ့စွယ်စုံကျမ်းကြီး ကိုယ်တိုင်ကပင် ကျွန်တော့်အား ရှာဖွေ၍ ရေးသားပေးပါဟု တောင်းပန်သဖြင့် ဝင်ရေးပေးရသူမျိုး ဖြစ်လိုခြင်းဖြစ်၏။

ယုံချင်မှလည်း ယုံကြပါ။ မယုံချင်လည်း နေကြပါရော့။ လွန်ခဲ့သော နှစ်အနည်းငယ်က ကျွန်တော့်ထံသို့ ကမ္ဘာ့စွယ်စုံကျမ်းကြီးထံမှ ဖုန်းလှမ်းဆက်သည် ခင်ဗျား။

ဖြစ်ပုံက ဤသို့ဟု ဆိုရပါမည်။ ထိုအချိန်၌ ကျွန်တော်သည် ကမ္ဘာ့စွယ်စုံကျမ်းကြီးက သည်လူဆီ အပူကပ်မှ ဖြစ်မည်ဟု ယူဆလာလောက်သော ကျွမ်းကျင်သူပညာရှင်အဆင့်အတွင်းသို့ ရောက်နေပြီဖြစ်ပါ၏။ သူတို့က ကျွန်တော်သည် ကမ္ဘာတွင် အရေးအပါဆုံးသော ပကတိအစစ်နီးပါး ဖန်တီးနိုင်သည့် ပညာရှင်ဟု ထင်ကြသည်ကား မဟုတ်ပါ။ ထိုပုဂ္ဂိုလ်မျိုးက အလုပ်တွေများလှ၍ မအားလပ်ချဦးကပ်ဖို့ ခက်မည်။ ကျွန်တော်ကတော့ မမြင့်မနိမ့် အလယ် အလတ် အဆင့်လောက်က လူ၊ မလေးမစားပြု၍ မတော်ရုံ အဆင့်မျှလောက်သာ ရှိသူ၊ သူတို့ချဉ်းကပ်ပြောဆိုသည့်အရာကို ပယ်ချနိုင်လောက်အောင် သိပ်ထင်ရှား ကျော်စောနေသူလည်း မဟုတ်သေးဟူသော အယူအဆဖြင့် ဖုန်းဆက်ခြင်း ဖြစ်ပါသည်။

'ပကတိ အစစ်နီးပါး တူအောင် ဖန်တီးတဲ့ပညာနဲ့ ပတ်သက်လို့ အကြောင်းအရာသစ် တစ်ခုကို ရေးပေးနိုင်ပါသလား ခင်ဗျား' ဟု သူတို့က မေးပါသည်။

ကျွန်တော်ဖြင့်ဗျာ ဒီလို တယ်လီဖုန်း ဆက်မှာကို တစ်သက်လုံး စောင့်နေရတာကြာလှပါပြီ ဟူ၍ကား ကျွန်တော် ပြော၍ မဖြစ်ပါ။ ကျွန်တော် ပြောဖြစ်လိုက်သည်ကား 'ဟုတ်ကဲ့၊ ရပါတယ် ခင်ဗျ' ဟူ၍သာ ဖြစ်ပါသည်။ နှစ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



စာစောင်ထဲ ထည့်မည့် ကျွန်တော် ထိုအကြောင်းအရာကို ရေးပေးလိုက်ပါသည်။ ကျွန်တော်၏ ရေးသားချက်နှင့်အတူ ကျွန်တော်တပည့် ကိတ်လင်းကဲလယ်ဖာ ပကတိအစစ်နီးပါးတူသည့် မိုက်ခွက်ပါ နားကြပ်ကို တတ်ဆင်ထားသည့် ပုံကိုပါ ထည့်ပေးလိုက်ပါသည်။

ကျွန်တော့်ရေးသားချက်နှင့် ပတ်သက်၍ ဘယ်အယ်ဒီတာကမှ မေးလား မြန်းလား မလုပ်ပါ။ ကမ္ဘာ့စွယ်စုံကျမ်း ပြုစုပုံမှာ ပညာရှင်ကို စောဒကတက်နေခြင်းမျိုး မပြု။ ဤသို့ပင် ဖြစ်မည်ဟုသာ မှတ်ယူလိုက်ရပါသည်။ သူတို့သည် သင့်တော်သည့် ပညာရှင်တစ်ဦးကို ရွေးချယ်ပြီးလျှင် ထိုပညာရှင်သည် မိမိရရှိသော အခွင့်အရေးကို အလွဲသုံးစားလုပ်မည် မဟုတ်ဟု ယုံပြီး ပုံအပ်လိုက်ခြင်း ဖြစ်ပေသည်။

ကျွန်တော်သည် နောက်ဆုံးထုတ် စွယ်စုံကျမ်းအတွဲကို မဝယ်ရသေးပါ။ တကယ်တော့ ကမ္ဘာ့စွယ်စုံကျမ်းတွင် စာပြုအဖြစ် ရွေးချယ်ခံလိုက်ရသဖြင့် ယခုသော် ကျွန်တော်သည် ဝီကီပီဒီယားသည် သုတပညာရနိုင်ရာ အရင်းမြစ်ကောင်း စင်စစ် ဖြစ်သည်ဟူ၍ ယုံကြည်ပေပြီ။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ့စွယ်စုံကျမ်း အတွက် အရည်အသွေး ထိန်းချုပ်မှုသည် ဘာဖြစ်သည်ကို ကျွန်တော် သိပြီဖြစ်သောကြောင့်တည်း။ သို့ရာတွင် ကျွန်တော်သည် တစ်ခါတစ်ရံ စာကြည့်တိုက်ထဲ၌ ကျွန်တော့် သားသမီးများနှင့် ရှိနေသည့်အခါ ကျွန်တော်သည် V ဟူသော ခေါင်းစဉ်အောက်မှ Virtual Realty (ပကတိ အစစ် နီးပါးတူအောင် ဖန်တီးသော ပညာ) အကြောင်းကို မကြည့်ဘဲ မနေနိုင်ပါ။ သူတို့ကိုလည်း ကြည့်စေပါသည်။

ထိုအကြောင်းအရာကို သူတို့၏ ဖခင် ကျွန်တော် ရေးသားထားသည် မဟုတ်ပါလော။

□ □ □

# အခန်း ၉

## ခေါင်းဆောင်မှုဟူသော စွမ်းရည်

၁၉၆၀ ပြည့်နှစ်တွင် မွေးဖွားလာခဲ့ကြသည့် မရေမတွက်နိုင်သော အမေရိကန် လူငယ်များကဲ့သို့ပင် ကျွန်တော်သည် ကျွန်တော်၏ ကလေးဘဝ တစ်စိတ် တစ်ပိုင်းကို အာကာသယာဉ် အင်တာပရိုက်စ်၏ လေယာဉ်မှူး ကပ္ပတိန် ဂျိမ်းတီ ကာ့ခ်ဖြစ်ဖို့ စိတ်ကူးအိပ်မက် မက်ရင်းဖြင့် ကုန်လွန်ခဲ့သည်။ ကျွန်တော်က ကျွန်တော့်ကိုယ်ကို ကပ္ပတိန်ပေါက်ရှ်ဟု မမြင်။ ကျွန်တော် တကယ်ကို ကပ္ပတိန် ကာ့ခ် ဖြစ်၍ရသည့် ကမ္ဘာတစ်ခုကိုပင် စိတ်ကူးနေခဲ့သည်။

သိပ္ပံပညာကိုလည်း ဝါသနာကိုင်းညွတ်၊ အောင်မြင်ကြီးပွားလည်း ဖြစ်ချင်သူ လူငယ်ကလေးများအဖို့ကား စတား ထရက်ဇာတ်ကားထဲက ဂျိမ်း တီ ကာ့ခ်ထက် ပို၍ အားကျစရာလူမျိုး ရှိနိုင်သည် မဟုတ်ပါ။ ကျွန်တော် ယခုကဲ့သို့ တော်သည့် ဆရာတစ်ယောက်နှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်လာခဲ့ခြင်းမှာ (လင်ယောက်ျား ကောင်းတစ်ယောက် ဖြစ်လာခြင်းလည်း ပါချင် ပါမှာပါ။) အင်တာပရိုက်စ် အာကာသယာဉ်ကြီးကို ကာ့ခ် မောင်းနှင်နေပုံကို ကြည့်ရခြင်းဖြင့် ဖြစ်လာသည် ဟု အလေးအနက် ယုံကြည်သည်။

စဉ်းစားကြည့်ပါ။ စာဖတ်သူများ ထိုတီဗွီကို ကြည့်ဖူးမည်ဆိုလျှင် ကာ့ခ် သည် ထိုအာကာသယာဉ်ပေါ်၌ အတော်ဆုံးလူတစ်ဦး မဟုတ်ကြောင်း သိပါလိမ့် မည်။ သူ၏ ပထမအရာရှိ မစ္စတာ စပေါ့ခ်သည် ထိုယာဉ်ပေါ်၌ အမြဲတမ်း ယုတ္တိ နည်းကျကျ စဉ်းစားတတ်သည့် ပညာတတ်တစ်ဦးဖြစ်ကြောင်း တွေ့ရမည်။ ဒေါက်တာ မက်ကွိုင် ဆိုလျှင်လည်း ခရစ်နှစ် ၂၂၆၀ ပြည့်လွန် ကာလများ၌

www.burmeseclassic.com

www.burmeseclassic.com



လူသားတို့ တတ်အပ်ရာရာ ဆေးပညာဟူသမျှကို အလုံးစုံ တတ်ကျွမ်းနားလည်သူ ဖြစ်သည်။ အင်ဂျင်နီယာချုပ် စကော့တီ ဆိုလျှင်လည်း ထိုယာဉ်ကြီး ပျံသန်းနေနိုင်စေမည့် နည်းပညာများကို တတ်ကျွမ်းထားသူဖြစ်သည်။ ပြင်ပ ဂြိုဟ်သားတွေက တိုက်ခိုက်ခံရသည့် အချိန်မျိုးမှာပင်လျှင် ယာဉ်ကြီးကို လည်ပတ် ပျံသန်းနေအောင် ပြုနိုင်သူဖြစ်သည်။

သို့ဖြစ်လျှင် ကာ့ခ်၏ စွမ်းရည်သည် ဘယ်လိုရထားခဲ့သနည်း။ ဘာကြောင့် သူသည် အင်တာပရိုက်စ်အပေါ် တက်လာနိုင်ကာ ထိုယာဉ်ကြီးကို မောင်းနှင်ခဲ့သနည်း။

အဖြေကား သူ့မှာ ခေါင်းဆောင်မှု ဟူသော အရည်အချင်း ရှိနေသောကြောင့်ပင်။

ကျွန်တော်သည် ကာ့ခ် သရုပ်ဆောင် လှုပ်ရှားနေပုံကို ကြည့်ပြီး ပညာအများကြီးရသည်။ သူသည် တက်တက်ကြွကြွရှိသော မန်နေဂျာတစ်ယောက်၏ အဆီအနှစ်ကို ထုတ်ယူထား သူဖြစ်၏။ လုပ်ငန်းတာဝန်များကို မည်သို့မည်ပုံ လွှဲပေးရမည်ကို သိသူဖြစ်၏။ အခြားသူများ အားတက်သရော လုပ်ချင်လာအောင် လှုံ့ဆော်လာလိုသည့် စိတ်ဓာတ်ပြင်းပြနေသူဖြစ်၏။ သူအလုပ်သို့ ဝတ်လာသော အဝတ်များမှာလည်း ကြည့်လို့ရှုလို့ ကောင်းနေတတ်သည်။ သူ့မှာ သူ့လက်အောက် ငယ်သားများထက် သာလွန်သော စွမ်းရည်များ ရှိသည်ဟု ဘယ်အခါမျိုးတွင်မှ သူ မပြော။

သူ့လက်အောက်ငယ်သားများသည် သူတို့ လုပ်ကိုင်ဆောင်ရွက်နေရသော လုပ်ငန်းနယ်ပယ်များ၌ သူတို့ လုပ်နေသည့်အလုပ်ကို သိကြသည်ဟု သူက အသိအမှတ်ပြုသည်။ သို့ရာတွင် သူက အတွေးအမြင် ထုထောင်ပေးသည်။ ပြောဆိုဆက်ဆံသည့်အခါ မည်သို့သော ယဉ်ကျေးသည့် လေယူလေထားမျိုးနှင့် ပြောရမည်ဟု အလေ့အကျင့် လုပ်ပေးသည်။ သူသည် ကိုယ်ကျင့်တရားကို ကြီးကြပ်ထိန်းကိုင်ပေးသူလည်း ဖြစ်သည်။ ထိုအရာတွေထက်ပိုသည့် ကာ့ခ်၌ ရှိသည့် အရည်အချင်းတစ်မျိုးကား ရောက်လေရာ ဂဲလက်ဆီတိုင်းမှ အမျိုးသမီးများကို ပိုးပန်း၍ ရနိုင်သည့် မိန်းမများ စွဲမက်တတ်သော မေးရိုးမျိုး ပါးစပ်မျိုး ရှိခြင်းတည်း။ ၁၅ နှစ်သားကလေး ကျွန်တော် မျက်မှန်ကြီးတွေတပ်ပြီး အိမ်မှာ တီဗွီကြည့်နေသည်ပုံကို စိတ်မှာ ပုံဖော်ကြည့်လိုက်စမ်းပါ။ ကျွန်တော် တီဗွီကြည့်သည့်



အခါတိုင်းမှာပင် ကာ့ခ်သည် တီဗွီ ဖန်သားပြင်ပေါ်၌ ဂရိ နတ်သားတစ်ပါးလို ဖြစ်နေလေတော့သည်။

ပြီးတော့ သူ့မှာက အတော်ကို သဘောကျစရာကောင်းသည့် ကစားစရာတွေကလည်း ပါလိုက်သေး။ ကျွန်တော် ကလေးဘဝတုန်းကတော့ သူ ဂြိုဟ်တစ်ခုပေါ် ရောက်နေနိုင်တာ၊ သူ့မှာပါသည့် ကိရိယာ (သည် ကိရိယာဆိုသည်မှာ စကားထရက်ထဲက ဆက်သွယ်ရေး ကိရိယာကို ဆိုလိုခြင်း ဖြစ်ပါသည်။) က သူ့ အာကာသယာဉ်ပေါ်က လူတွေထံ လှမ်းပြီး စကားပြောနိုင်တာများကို ကြည့်ပြီး စွဲမက်စရာကောင်းလှသည်ဟု ထင်မိခဲ့ပါသည်။ ယခုမူ ကျွန်တော်သည် ထို ကိရိယာကို အိတ်ထဲထည့်၍ လမ်းလျှောက်နေပြီ ဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့ သုံးစွဲနေသော ဆဲလ်ဖုန်းကို ကာ့ခ်က စတင် အသုံးပြုပြခဲ့ခြင်းဖြစ်ကြောင်းကို ရော မည်သူတို့ အမှတ်ရကြသေးပါသနည်း။

လွန်ခဲ့သော နှစ်အနည်းငယ်က (ကျွန်တော်၏ ဆက်သွယ်ရေးကိရိယာမှနေ၍) ကျွန်တော့်ထံ ဖုန်းဆက်ခဲ့ပါသည်။ ဖုန်းဆက်သူမှာ ပစ္စဘတ်သား စာရေးဆရာတစ်ယောက် ဖြစ်ပါ၏။ သူ့နာမည်မှာ ချစ်ပ် ဝေါလတာ ဖြစ်သည်။ သူသည် ဝီလျံ ရှတ်တနာ (ခေါ်) ကာ့ခ် ဆိုသူနှင့် စာအုပ်တစ်အုပ် ပူးတွဲရေးနေသူ ဖြစ်ပါသည်။ ထိုစာအုပ်၏ အကြောင်းအရာမှာ စကားထရက် ဇာတ်ကားထဲမှ ပထမဦးဆုံး စိတ်ကူးခဲ့သော စိတ်ကူးမှနေ၍ ယနေ့အခါတွင် ဖြစ်ပေါ်နေသော နည်းပညာ တိုးတက်မှုတွေအပေါ် မည်သို့မည်ပုံ နိမိတ်ပြလမ်းခင်းပေးခဲ့ကြောင်း ဖြစ်ပါ၏။ ကပ္ပတိန် ကာ့ခ်သည် ကာနက်ဂီ မယ်လွန်တက္ကသိုလ်မှ ကျွန်တော်၏ ပကတိနီးပါး တူအောင် ဖန်တီးမှု ဓာတ်ခွဲခန်းသို့ လာရောက်ချင်ပါသတဲ့။

ကျွန်တော်၏ ကလေးဘဝ စိတ်ကူးအိပ်မက်မှာ ကာ့ခ် ဖြစ်လိုခြင်း ဖြစ်ပါ၏။

သို့ရာတွင် ကျွန်တော့်ထံသို့ ရှတ်တနာ ပေါက်ချလာသောအခါ ကျွန်တော်၏ အိပ်မက်သည် တကယ်ဖြစ်လာခဲ့ခြင်း ဖြစ်သည်ဟု ကျွန်တော် ယခုတိုင် ယူမှတ်ဆဲ ဖြစ်သည်။ ကလေးဘဝတုန်းက ကိုယ့်အသည်းစွဲဖြစ်ခဲ့သူ တစ်ယောက်ကို တွေ့လိုက်ရသည်မှာ အလွန် ကျေနပ်ဝမ်းမြောက်ဖွယ် ကောင်းပါသည်။ ထိုသူက ကိုယ့်ဓာတ်ခွဲခန်းထဲ၌ ကိုယ်လုပ်ကိုင်နေသော ကိုယ့်ပစ္စည်းကောင်းကို ကြည့်ဖို့ ကိုယ့်ထံသို့ ရောက်လာခြင်းဖြစ်ပါသည် ဆိုသော အခါတွင်မူ ပို၍ပင် ကျေနပ် ဝမ်းမြောက်ဖွယ် ကောင်းလှပါပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော့်ကျောင်းသားများနှင့် ကျွန်တော်သည် ၂၄ နာရီလုံး မနားဘဲ အင်တာပရိုက်စ် တံတားကြီးနှင့် တကယ်တူသော ပကတိနီးပါးတူသည့် ကမ္ဘာတစ်ခုကို ဖန်တီးတည်ဆောက်ခဲ့ကြရသည်။ ရှတ်တနာ ရောက်လာသည့်အခါ သူ့အား head-mounted display ကို သူ့ကိုယ်မှာ တပ်ဆင်ပေးလိုက်သည်။ အထဲမှာ စကရင်တစ်ခုပါရာ သူ့ခေါင်းကို လှည့်လိုက်လျှင် သူသည် သူ့အာကာသယာဉ်ဟောင်း၏ ရှုထောင့်စုံက မြင်ရသည့် ပုံများထဲတွင် ရောက်လျက်ရှိကြောင်း သူ့ဘာသာသူ ပြန်တွေ့နိုင်သည်။ 'ဟာ၊ ခင်ဗျားတို့ဟာ တာဘိုင်နဲ့ မောင်းပြီး မ တင်ပေးတဲ့ တံခါးတွေတောင် ပါသကိုးဗျ' ဟု သူက ပြောပါသည်။ ကျွန်တော်တို့၏ ဖန်တီးချက်တွင် သူ အံ့ဩထိတ်လန့်သွားစေသော အရာလည်းပါသည်။ မီးနီပြလျှင် သတိပေးသော အချက်ပြကို ဖန်တီးထားခြင်း ဖြစ်သည်။ အချက်ပြ သတိပေးသံကို တစ်ချက်မှ အလွတ်မခံကြားနေရရင်းဖြင့် 'တို့ ရန်သူအတိုက်ခံနေရပြီဟေ့'ဟု ထိတ်လန့်တကြား အော်ဟစ်လိုက်လေသည်။

ရှတ်တနာသည် သုံးနာရီကြာ နေသွား၏။ မေးခွန်းတွေကိုလည်း တစ်လှေကြီး မေးသွားသည်။ နောင်တွင် လုပ်ဖော်ကိုင်ဖက်တစ်ဦးက ကျွန်တော့်အား ပြောသည်။ 'တစ်မေးတည်းသော မေးနေတော့တာပဲဗျာ၊ သူ သိပ်နားလည် သဘောပေါက်ဟန် မတူဘူး'

သို့ရာတွင် ကျွန်တော်ကမူ ကာ့ခ်ကို အလွန်တရာ သဘောကျသည်။ ကာ့ခ်ကိုဟု ဆိုသည်မှာ ရှတ်တနာကို ပြောခြင်းဖြစ်ပါ၏။ ရှတ်တနာသည် ကိုယ်မသိတာကို မသိမှန်းသိသည့်သူမျိုး၏ အကောင်းဆုံးနမူနာ ဖြစ်ပါသည်။ မသိနားမလည်ဘဲနှင့် ပြန်ထွက်သွားလိုသူလည်း မဟုတ်ပေ။ ထိုအရာသည်ပင်လျှင် ကျွန်တော့်အဖို့ သူ့ရဲကောင်းပီသသူ ဖြစ်နေပါတော့သည်။ ကျွန်တော့် တပည့် ကျောင်းသားတိုင်း ဤသို့သော စိတ်ဓာတ်မျိုး ရှိစေချင်လှသည်။

ကျွန်တော့် ကင်ဆာရောဂါအတွက် ကုသမှုခံယူနေစဉ်အတွင်း ပန်ကရိယကင်ဆာရောဂါသည် လေးရာခိုင်နှုန်းသာလျှင် ငါးနှစ်မျှ အသက်ရှင်ကြကြောင်း ကျွန်တော့်အား ပြောပြရာ စတားထရက် ရုပ်ရှင်ကား၏ The Wrath of Khan (ခန် မင်းကြီး၏ အမျက်ဒေါသ) ဟူသော အပိုင်းထဲမှ စကားတစ်ခွန်းက ကျွန်တော့်ခေါင်းထဲ ဝင်လာသည်။ ထိုရုပ်ရှင်ကား၌ တစ်ဂြိုဟ်မှ တစ်ဂြိုဟ်သို့ သွားလာ





သည့် ဂြိုဟ်သွားယာဉ်စု (စတားဖလိ) ဗိုလ်လောင်းများသည် သရုပ်သကန်တူ ဖန်တီးမှု လေ့ကျင့်ခန်းများကို ဆင်းကြရသည်။ ထိုသင်ခန်းစာ လေ့ကျင့်ခန်းတွင် သင်တန်းသား ဗိုလ်လောင်းများက ဘာတွေပဲလုပ်လုပ် သူတို့လူများ အားလုံးသည် အသတ်ခံကြရမည်သာ ဖြစ်သည်။ ထိုဇာတ်ကား၌ ကာ့ခ်သည် သင်တန်းသား ဗိုလ်လောင်းဘဝတွင် ထိုသရုပ်သကန်တူ ဖန်တီးမှု၏ ပရိုဂရမ်များကို ပြန်လည်ရေးဆွဲခဲ့သည်။ ဘာကြောင့် ထိုသို့ ပြန်လည်ရေးဆွဲရသနည်း ဆိုသော် သူသည် အနိုင်မရဘူး ဟူသော ဇာတ်ညွှန်းမျိုးကို မယုံကြည်သောကြောင့်ဟု ဆိုပါသည်။

အတွေ့အကြုံများသော ပညာတတ် လုပ်ဖော်ကိုင်ဖက် အချို့သည် ကျွန်တော်၏ စတားထရက် ရုပ်ရှင်ကားအပေါ် အရူးအမူးစွဲလန်းခြင်းကို နှာခေါင်းရှုံ့ချင်ကြသည်။ သို့ရာတွင် စကတည်းကပင် ဤရုပ်ရှင်ကားသည် ကျွန်တော့်အား များစွာ အကျိုးပြုခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှတ်တနာသည် ကျွန်တော်၏ ရောဂါစစ်တမ်းအဖြေ ရလဒ်ကို သိရှိပြီးနောက်တွင် ကျွန်တော့်ထံသို့ သူ ကာ့ခ်အဖြစ် သရုပ်ဆောင်ခဲ့သည့် ဓာတ်ပုံတစ်ခုကို ပို့ပေးသည်။ ထိုဓာတ်ပုံပေါ်၌ သူက ဤသို့ ရေးသားထားသည်။ 'ကျွန်တော်က အနိုင်မရဘူး ဆိုတဲ့ ဇာတ်ညွှန်းမျိုးကို မယုံပါ' ဟူ၍ ဖြစ်ပါသည်။

□ □ □

# အခန်း ၁၀
## အကြီးကြီးကိုရခြင်း

ကျွန်တော်၏ ကလေးဘဝ စိတ်ကူးအိပ်မက်များတွင် အစောဆုံးအိပ်မက်ကား ကျွန်တော် သွားရောက်လည်ပတ်ခဲ့သော အပန်းဖြေဥယျာဉ်တစ်ခု သို့မဟုတ် ပွဲတော်တစ်ခုတွင် ကျွန်တော်က သဘောကျစရာအကောင်းဆုံး သူတစ်ယောက် ဖြစ်လိုခြင်းပေတည်း။ ကျွန်တော်သည် ထိုသို့ သဘောကျစရာ အကောင်းဆုံး အဖြစ်သို့ ဘယ်ပုံဘယ်နည်းရောက်ခဲ့ရသည်ကို အမြဲသဖြင့် တိတိကျကျသိသည်။

သဘောကျစရာ အကောင်းဆုံးသူကို ကြည့်လိုက်လျှင် အလွယ်တကူနှင့် မြင်တွေ့နိုင်၏။ ထိုသူသည် တိရစ္ဆာန်အသေကောင်၏ အရေခွံထဲ၌ နဂိုပုံသဏ္ဌာန် မပျက်အောင် အဆာသွတ်ထားသည့် အကြီးဆုံး အဆာသွတ် တိရစ္ဆာန်ရုပ်ကြီးနှင့် လျှောက်ပတ်သွားနေသူဖြစ်သည်။ ကလေးဘဝ၌ ကျွန်တော်သည် ထိုသို့သော သူတစ်ယောက် ခပ်လှမ်းလှမ်းတွင် သူ၏ ခေါင်းနှင့် ကိုယ်ခန္ဓာကို အဆာသွတ် တိရစ္ဆာန်ကြီးနှင့် ကွယ်၍လျှောက်သွားသော နေရာသို့ လိုက်ကြည့်တတ်သည်။ ထိုသူသည် ဘယ်လိုလူပင်ဖြစ်ဖြစ် အရေးမကြီးပါ။ သူ့မှာ အကြီးဆုံး အဆာသွတ် တိရစ္ဆာန်ရုပ်သာ ပါပါစေ၊ ထိုသူသည် ထိုပွဲတော်တွင် သဘောကျစရာကောင်းဆုံး သူပင် ဖြစ်တော့သည်။

ကျွန်တော့်ဖခင်ကလည်း ထိုယုံကြည်ချက်မျိုး သွင်းပေးသည်။ ဖဲရစ္စဘီးပေါ်၌ ရဟတ်စီးသည့်အခါ သူတင်ပါးပေါ်မှာ မကြာခင်ကမှ ရထားသော ဝက်ဝံ သို့မဟုတ် မျောက်ဝံကြီး တစ်ကောင်ကောင် မပါဟုဆိုလျှင် သူ့ကိုယ်မှာ ဘာမှ မပါသကဲ့သို့ ခံစားရသည်ဟု ပြောသည်။ ကျွန်တော်တို့ မိသားစုအတွင်း၌

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ပြိုင်မှုက ရှိကြရာ ကစားပွဲတစ်ဝက်လောက်ရောက်ပြီဆိုလျှင် ထိုကစားပွဲသည် တိုက်ပွဲတစ်ခု ဖြစ်လာတော့သည်။ စတပ်ပ်ဖ် အဲနီးမဲလ် ကင်းဒမ်းရှိ အကြီးဆုံး တိရစ္ဆာန်ရုပ်ကို ကျွန်တော်တို့အထဲမှ မည်သူ ရယူနိုင်မည်နည်း။

သင်သည် ပွဲတော်တစ်ခုတွင် အဆာသွတ် တိရစ္ဆာန်ကြီးတစ်ကောင်ကို မွေ့လျက် လှည့်ပတ် လျှောက်ဖူးပါသလား။ ထိုသို့ လျှောက်လာသော သူကို လူတွေက ဝိုင်းကြည့်ပြီး မနာလို ဝန်တိုဖြစ်နေကြသည်ကို ကြည့်ဖူးပါသလား။ အမျိုးသမီးတစ်ယောက်ကို ပိုးပမ်းဖို့ ထိုသို့သော အဆာသွတ်တိရစ္ဆာန်ရုပ် တစ်ရုပ်ကို အသုံးချဖူးပါသလား။ ဟုတ်ကဲ့ ခင်ဗျာ။ ကျွန်တော်ကတော့ ပိုးပမ်းဖူးရုံမျှမက ထိုအမျိုးသမီးနှင့် ညားတောင် ညားနေပါပြီ။

အဆာသွတ်တိရစ္ဆာန်ရုပ်ကြီးများသည် ကျွန်တော့်ဘဝတွင် စကတည်းက တစ်ခန်း တစ်ကဏ္ဍ ပါဝင်ခဲ့သည်။ ကျွန်တော်က သုံးနှစ်သား ကျွန်တော့် အစ်မက ငါးနှစ်သမီးအရွယ်များကအကြောင်းကို ပြောရဦးမည်။ ကျွန်တော်တို့ မောင်နှမသည် စတိုးဆိုင်ကြီးတစ်ခုထဲမှ ကစားစရာများရောင်းချသည့် အခန်းထဲသို့ ရောက်နေကြသည်။ ကျွန်တော့်ဖခင်က သူဝယ်ပေးမည့် ပစ္စည်းကို နှစ်ယောက်စလုံးက သဘောတူညီပြီး ဝေမျှကစားကြမည်ဟု ဆိုပါလျှင် ကြိုက်ရာ ပစ္စည်းတစ်ခုခု ဝယ်ပေးမည်ဟု ပြောပါသည်။ ကျွန်တော်တို့ မောင်နှမနှစ်ယောက်သည် လျှောက်ပတ်ကြည့်ကြသည်။ နောက်ဆုံး၌ အပေါ်သို့ မော့ကြည့်လိုက်ရာ အမြင့်ဆုံးစင်ပေါ်တွင် အဆာသွတ်ထားသော ယုန်ကြီးတစ်ကောင်ကို တွေ့လိုက်ကြသည်။

'အဲဒီဟာကို ယူကြရအောင်ဟာ'ဟု အစ်မက ပြောပါသည်။

ဤကစားစရာပစ္စည်းများ ရောင်းသည့်ဌာနတွင် ဤယုန်ကြီးသည် ဈေးအကြီးဆုံး ဖြစ်နေနိုင်သည်။ သို့ရာတွင် ကျွန်တော်တို့ဖခင်သည် ပြောပြီးလျှင် ပြီးပြီးပျောက်ပျောက်သမား မဟုတ်ပေရာ သူ့ကတိအတိုင်း ထိုယုန်ရုပ်ကြီးကို ဝယ်ပေးပါသည်။ သူက ထိုကဲ့သို့ ပြုပေးလိုက်ခြင်းသည်ပင်လျှင် ရင်းနှီးမြှုပ်နှံမှုတစ်ခုဟု တွက်ချင် တွက်ပါလိမ့်မည်။ အိမ်တစ်အိမ်သည် အဆာသွတ် တိရစ္ဆာန်ကြီးတစ်ကောင်ကို ထပ်၍ ထပ်၍လည်း အမြဲသုံး၍ ရနိုင်သည် မဟုတ်လော။

ကျွန်တော်သည် အရွယ်ရောက်လာသည်။ အရွယ်ရောက်လာသည်နှင့် အမျှ ကျွန်တော့်မှာ ပိုကြီးသော အဆာသွတ်တိရစ္ဆာန်ရုပ်ကြီးတွေ ပိုများလာပါ



သည်။ ကျွန်တော့် ဖခင်ကတောင် ကျွန်တော်သည် လူတွေကို ပိုက်ဆံပေးပြီး ရအောင် လုပ်နေရှာသလားဟု သံသယဖြစ်သည်။ ကျွန်တော်သည် ရေသေနတ်တွေနားမှ နိုင်လာသည့် လူတွေကို စောင့်နေပြီးလျှင် အဆာသွတ် တိရစ္ဆာန်ရုပ်ကြီးများသည် လောကကြီးက သူ့အပေါ် ထင်မြင်ထားသည့် အထင်အမြင်တွေကို ပြောင်းပစ်နိုင်သည် ဟူသော တန်ဖိုးကို မသိသည့်သူများအား ဒေါ်လာ ၅၀ လောက် ပစ်ပေးပြီး ဤအရုပ်တွေကို ယူလာသည်ဟု သူက မှတ်ယူထားသည်။ သို့ရာတွင် ကျွန်တော်သည် ဤအဆာသွတ်တိရစ္ဆာန်ရုပ်များကို ပိုက်ဆံပေးခဲ့ရသည် မဟုတ်ပါ။

ထို့ပြင် ကျွန်တော် လိမ်လည်လှည့်ဖျား၍ ရယူလာခဲ့ခြင်းလည်း မဟုတ်ပါ။

ကျွန်တော့်ကိုယ်ကလေးတော့ ကုန်းညွတ်ခဲ့ရသည်ဟူ၍ကား ကျွန်တော် ဝန်ခံပါ၏။ ကွင်းပစ်သည့် ကစားပွဲမျိုးတွင် ကိုယ်ကို ကုန်းညွတ်ခြင်းကော့လည်း ပြုရသည်ပေါ့ ခင်ဗျာ။ ကျွန်တော်သည် ကိုယ်ကို ကုန်းညွတ်သူဆိုလျှင်တော့ မှန်ပါ၏။ သို့ရာတွင် လိမ်လည်လှည့်ဖျားသူတော့ကား မဟုတ်ပါပေ။


သို့ရာတွင် ကျွန်တော် အနိုင်ရလာသည့်အရာကို ကျွန်တော့်မိသားစု မမြင်ရအောင် ပြုသည်။ ထိုသို့ ပြုခြင်းဖြင့် ပို၍ သံသယတိုးလာစေမည်မှန်း ကျွန်တော် သိပါသည်။ သို့ရာတွင် အဆာသွတ်တိရစ္ဆာန်ရုပ်များကို အိတ်ထဲထည့် ထုတ်လာသော နည်းလမ်းသည် အကောင်းဆုံးနည်းအဖြစ် ကျွန်တော် တွေ့ရှိခဲ့ခြင်းသည်ကား မိသားစု၏ ဖိအားကြောင့် မဟုတ်ပါ။ ကျွန်တော် ဤသို့ အောင်မြင်မှုရအောင် အဘယ်မျှ အချိန်ယူခဲ့ရကြောင်းကိုလည်း ကျွန်တော်က မည်သူ့ကိုမျှ မသိစေချင်ပါ။ တစ်ခုခုအတွက် အဘယ်မျှ ကြိုးကြိုးပမ်းပမ်းလုပ်ဖို့လိုသည်ဟူသော အချက်သည် လူတိုင်းအဖို့ကား အရေးကြီးချင်မှ ကြီးပါမည်။ သို့ရာတွင် ကျွန်တော့်အဖို့ကား မလျှော့သော ဇွဲလုံ့လ ရှိခြင်းက တစ်ပန်းသာသွားခြင်းပင် ဖြစ်ပေသည်။

ယခုတော့ ကျွန်တော်၏ လျှို့ဝှက်ချက်များကို ထုတ်ဖော် ပြောပြပါတော့မည်။ အဆာသွတ်တိရစ္ဆာန်ရုပ်များကို ရရှိခဲ့ခြင်းအတွက် လျှို့ဝှက်ချက် နှစ်ချက်ရှိပါသည်။ တစ်ချက်က လက်တံရှည်ခြင်း ဖြစ်ပါသည်။ နောက်တစ်ချက်ကား ပိုက်ဆံကို ကိုယ်ကြိုက်သလို သုံးနိုင်ခွင့်ရှိသော ဝင်ငွေကလေးမျိုးလည်း ရှိဖို့လိုခြင်း ဖြစ်သည်။ ကျွန်တော်ကား ထိုအချက်နှစ်ချက်စလုံးနှင့် ပြည့်စုံသူတည်း။

www.burmeseclassic.com

www.burmeseclassic.com





ပွဲတော်အတွင်းမှာ

ကျွန်တော်သည် ကျွန်တော်၏ နောက်ဆုံးဟောပြောချက်တွင် ကျွန်တော်၏ အဆာသွတ်တိရစ္ဆာန်ရုပ်များအကြောင်းကို ထည့်ပြောခဲ့၏။ ထိုတိရစ္ဆာန်ရုပ်များ၏ ဓာတ်ပုံများကိုလည်း ပြသခဲ့သည်။ နည်းပညာကို အငမ်းမရ လိုက်စားနေသူများက ဘယ်လိုတွေးလာနိုင်သည်ကိုလည်း ကျွန်တော် ကြိုတင်ခန့်မှန်းထားနိုင်ခဲ့သည်။ ယခုကဲ့သို့ နည်းပညာတွေ ထွန်းကားနေသည့် ဒစ်ဂျစ်တယ်ခေတ်ကြီးတွင် ဓာတ်ပုံတွေကို ဒစ်ဂျစ်တယ်နည်းဖြင့် ဖန်တီး၍ ရနေနိုင်သည်ဖြစ်ရာ ဓာတ်ပုံထဲမှာ ကျွန်တော်နှင့် အတူရှိနေသည့် အဆာသွတ် ဝက်ဝံရုပ်များသည် တကယ်ဟုတ်နိုင်ပါ့မလားဟု သံသယဖြစ်နိုင်ကြသည်ကို ကျွန်တော် ကြိုမြင်ထားသည်။ တကယ်ဆုရရှိထားသူများအား မျက်နှာချိုသွေး၍ သူတို့၏ ဆုရပစ္စည်း



များအနီးတွင် ကျွန်တော် ဓာတ်ပုံရိုက်လိုပါသည်ဟု ကျလောက်အောင် ပြောကာ သူတို့၏ ခွင့်ပြုချက်ရအောင် လုပ်ယူခဲ့ခြင်းဖြစ်မှာပေါ့ ဟူ၍လည်း တွေးမည်ဆိုက တွေးနိုင်ကြမည် ဖြစ်ပါသည်။

ဘာကိုမှ မယုံကြည်ချင်ကြသော ဤခေတ်ကြီးတွင် ကျွန်တော်သည် ကျွန်တော့် ဟောပြောချက်ကို လာရောက်နား ထောင်ကြသည့် ပရိသတ်ကြီးအား ဤပစ္စည်းတွေမှာ ကျွန်တော် တကယ်ပင် ဆုရခဲ့သော ပစ္စည်းတွေ ဖြစ်သည့်အကြောင်း ယုံကြည်အောင် မည်သို့ပြရပါမည်နည်း။ ကျွန်တော်သည် ထိုပရိသတ်ကြီးအား ကျွန်တော့်ပစ္စည်းများသည် တကယ့်အဆာသွတ် တိရစ္ဆာန်ရုပ်များ ဖြစ်ကြောင်းကို ပြသရပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော့်တပည့် အချို့အား ဟောပြောစင်၏ ဝဲယာဘက်များမှ လျှောက်လာစေပါသည်။ နှစ်အဆက်ဆက် ကာလအတွင်း ကျွန်တော် ရရှိထားခဲ့သော အဆာသွတ် တိရစ္ဆာန်ရုပ်များကို ကိုယ်စီကိုင်၍ လျှောက်လာစေခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ယခုအခါ ဤဆုများကိုလည်း မလိုအပ်တော့ပါ။ ကျွန်တော့်ဇနီးနှင့် မရခင် သူ့ကို ကျွန်တော် ပိုးပန်းနေစဉ်က ကျွန်တော့်ရုံးခန်းထဲ၌ အဆာသွတ် ဝက်ဝံရုပ်ကို ချိတ်ဆွဲထားသည့်အခါ ကျွန်တော့်ဇနီးသည် ထိုဝက်ဝံရုပ်ကို အလွန်ချစ်မြတ်နိုးခဲ့သည် မှန်သော်လည်း ယခု ကလေးသုံးယောက် ရပြီးသည့်အခါ ကျွန်တော်တို့အိမ်သစ်၌ ဤသို့သော အဆာသွတ် တိရစ္ဆာန်ရုပ်တွေ တစ်အုပ်တစ်မကြီးနှင့် ရှုပ်ယှက်ခတ်နေမှာကို သူလည်း လိုလားတော့မည် မဟုတ်ပါ။ (ယင်းတို့မှ နူးညံ့သော ပလတ်စတစ်အရည်များသည် ချလို၏ ပါးစပ်ထဲသို့လည်း စိမ့်ယိုကျနေတတ်သည်။)

ကျွန်တော် ဤအဆာသွတ်တိရစ္ဆာန်များကို ဆက်လက် ထားရှိပါလျှင် တစ်နေ့နေ့တွင် ဂျေးသည် ဂွတ်ဝစ်လ်ကို ဖုန်းဆက်ခေါ်၍ 'ဒါတွေ ယူသွားပါတော့' ဟု လုပ်ပစ်ပေလိမ့်မည်။ ထိုထက် ပိုဆိုးမည်မှာ သူ ဒါတွေကို မကြည့်နိုင် မကြည့်ရက်တော့ဘူးဟု ခံစားလာမိမှာမျိုး ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က 'ငါ ဘာကြောင့် ဒါတွေကို မိတ်ဆွေတွေကို မပေးပစ်နိုင်မှာလဲ'ဟု ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

သို့ဖြင့် ကျွန်တော့်တပည့်များ စင်ပေါ်မှာ တန်းစီ၍ ရပ်နေသောအခါ ကျွန်တော်က ကြေညာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့် ပစ္စည်းတွေထဲက တစ်ခုခုကို ကြိုက်နှစ်သက်တယ်ဆိုရင် မည်သူမဆို သည်ပွဲပြီးရင် တက်လာပြီး ဝက်ဝံ တစ်ကောင်စီ ယူသွားကြပါ၊ အရင် ရောက်သူ အရင်ရစနစ် ဖြစ်ပါတယ်'

အဆာသွတ်ဝက်ဝံကြီးများလည်း အားလုံးပင် နေစရာအိမ် အမြန်တွေ့သွား ကြသည်။ တီရှာ့ာန်တစ်ကောင်ကို ကာနက်ဂီ မယ်လွန် တက္ကသိုလ်မှ ကျောင်းသူ တစ်ဦးက ယူသွားရာ ထိုကျောင်းသူမှာ ကျွန်တော့်လိုပင် ကင်ဆာရောဂါသည် တစ်ဦးဖြစ်ကြောင်း နောက်ရက်အနည်းငယ်အကြာတွင် သိရသည်။ ဟောပြောချက် အပြီးတွင် ထိုကျောင်းသူသည် တက်လာပြီး ကြီးမားသော ဆင်ကြီးကို ရွေးယူ သွားခြင်း ဖြစ်သည်။ ကျွန်တော်သည် ထိုသင်္ကေတလက္ခဏာကို သဘောကျမိ သည်။ ထိုကျောင်းသူသည် ဆင်ကြီးကို အခန်းထဲမှာ ရရှိသွားခြင်း ဖြစ်ပေသည်။

□ □ □

## အခန်း ၁၁

## ကမ္ဘာပေါ်တွင် အပျော်ဆုံးနေရာ

ကျွန်တော် ရှစ်နှစ်သားအရွယ် ၁၉၆၉ ခုနှစ်တွင် ကျွန်တော်တို့ မိသားစုသည် စွနေလန်းကို ကြည့်ရန် နိုင်ငံအနှံ့ ခြေဆန့်သည့် ခရီးထွက်လာခဲ့ကြသည်။ ထိုခရီးကား အပျော်ခရီးသက်သက်ပင်။ ထိုနေရာဌာနသို့ ကျွန်တော်တို့ ရောက်လာ လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော့်မှာ ရင်သပ်ရှုမော မအံ့ဩဘဲ မနေနိုင်။ ကျွန်တော် ရောက်ခဲ့ဖူးသော နေရာဌာနတို့တွင် အကောင်းဆုံး နေရာဌာန ဖြစ်ပေ သည်။

ကျွန်တော်သည် အခြားကလေးငယ်များနှင့်အတူ တန်းစီ၍ ရပ်နေရင်း စဉ်းစားမိသည်ကား 'ဒီလိုဟာမျိုးကို ခုတောင် လုပ်လိုက်ချင်စမ်းဘိ' ဟူ၍ ဖြစ်ပါ သည်။

နောင် အနှစ် ၂၀ အကြာတွင် ကျွန်တော် ကာနက်ဂီ မယ်လွန်တက္ကသိုလ်မှ ကွန်ပျူတာပညာရပ်ဖြင့် ကျွန်တော် ပီအိပ်ချ်ဒီ ဒေါက်တာဘွဲ့ ရသည့်အခါ ဂါတော့ ကိုယ်လုပ်ချင်ရာကို လုပ်နိုင်သည့် အရည်အချင်း အပြည့်အဝရှိလာပြီဟု ကျွန်တော် တွေးမိသည်။ ထို့ကြောင့် ကျွန်တော်သည် ဝေါ့ဒစ္စနေ အပျော်စီး စက်ယန္တရား တီထွင်ခြင်းဌာနသို့ လျှောက်လွှာ ရေးပို့လိုက်သည်။ သူတို့ကလည်း ကျွန်တော့်ထံသို့ ငြင်းဆိုသည့် အကောင်းဆုံး ပြန်စာတွေ ပို့ကြပါ၏။ သူတို့က ပြောပါသည်။ ကျွန်တော့် လျှောက်လွှာကို အကြိမ်ကြိမ်အထပ်ထပ် သုံးသပ်ကြည့် ကြပါသတဲ့။ 'လူကြီးမင်း၏ ပညာအရည်အချင်းမျိုးကို လိုအပ်သည့် အလုပ်မျိုး ဟူ၍ ကျွန်ုပ်တို့ထံတွင် မရှိပါကြောင်း'ဟု သူတို့က ဆိုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းမများပေါ်တွင် တံမြက်စည်းလှည်းဖို့ပင် လူများ ရာ ထောင် ငှားရမ်းခန့်ထားရသည့် ဤမျှ ထင်ရှားကျော်စောလှသော ဤသို့သော ကုမ္ပဏီကြီးတွင် ဘာအလုပ်မှ မရှိဘူးတဲ့လား။ ကျွန်တော့်အတွက် ဘာအလုပ်မှ မရှိဘူးတဲ့လား။ တံမြက်စည်းတစ်ချောင်းတောင် မပေးနိုင်တော့ဘူးတဲ့လား။

ထို့ကြောင့် ကျွန်တော့်မှာ စိတ်ပျက်စရာနှင့် ကြုံရသည်။ သို့ရာတွင် ကျွန်တော့်စိတ်ထဲမှာတော့ ကျွန်တော်သည် ရွတ်နေကျ မန္တန်ကို ရွတ်သည်။ အုတ်တံတိုင်းကာထားသည်မှာ အကြောင်းတစ်ခုတည်းသာ ရှိသည်၊ လူတွေကို အပြင်မှာပဲ ရှိနေစေရန်အတွက် ထားရှိခြင်းမဟုတ်၊ လူတစ်ယောက် သူလိုချင်သည့်အရာကို ဘယ်မျှလိုချင်နေကြောင်းပြဖို့ အခွင့်အလမ်းပေးရန်အတွက် အုတ်တံတိုင်းမှာ ရှိနေရခြင်း ဖြစ်သည်။

ရှေ့သို့ အမြန်သွားလိုက်ကြပါစို့။ ၁၉၉၅ ခုနှစ် ရောက်ပြီ။ ကျွန်တော်သည် ကာနက်ဂီမယ်လွန်တက္ကသိုလ်တွင် ပါမောက္ခတစ်ဦး ဖြစ်လာခဲ့ပြီ။ ကျွန်တော်သည် တစ်နေ့ ငါးဒေါ်လာနှင့် ကြည့်ရသော ဗာချူယယ်ရီယယ်လတီ ဟူသော စနစ်တစ်ခုကို တည်ဆောက်နိုင်အောင် ကူညီပံ့ပိုးလာခဲ့သည်။ ဤစနစ်ကို တည်ဆောက်ချိန်၌ ဗာချူယယ်ရီယယ်လတီ ပညာရှင်များက တစ်ခုခု လုပ်မည်ဆိုလျှင် ဒေါ်လာသန်းဝက်လောက် ကုန်မည်ဟု ပြောနေချိန် ဖြစ်သည်။ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်များနှင့် ကျွန်တော်တို့သည် အကုန်အကျသက်သက်သာသာနှင့် ပြီးနိုင်သော ဟျူလက် ပက်ကတ်လို ပုံစံမျိုး ဗာချူယယ် ရီယယ်လတီ စနစ်တစ်ခုကို ဝိုင်းဝန်း၍ သတင်းအချက်အလက်တွေ တိတ်တဆိတ် ရအောင် ရှာဖွေပြီး ကြိုးပမ်းတည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။ ကွန်ပျူတာပညာလောကမှ လူများက တယ်ဟုတ်ပါကလားဟု ထင်မြင်ခဲ့ကြသည်။

နောက်များ မကြာမီမှာပင် ဒစ္စနေး အပျော်စီးစက်ယန္တရားတီထွင်မှုဌာနသည် ဗာချူယယ်ရီယယ်လတီ စီမံကိန်းတစ်ရပ်ကို ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော် သိရှိရသည်။ ထိပ်တန်းလျှို့ဝှက်ချက်အဖြစ် သတ်မှတ်လုပ်ဆောင်နေကြခြင်း ဖြစ်သည်။ လူတွေ ကော်ဇောပေါ် စီးနင်းလိုက်နိုင်မည့် အစီအစဉ်မျိုး ဖြစ်၍ အာလာဒင်နှင့် မီးခွက်ဆန်းပုံပြင်ထဲက အာလာဒင်နှယ် ဖြစ်နိုင်သည့် ဆွဲဆောင်မှုမျိုးကို ပေးနိုင်မည့် အစီအစဉ်ဖြစ်ပေသည်။ ဒစ္စနေးသို့ ကျွန်တော်တယ်လီဖုန်း လှမ်းဆက်သည်။ ကျွန်တော်သည် ထိုအစီအစဉ်နှင့်



ပတ်သက်၍ သတင်းအချက်အလက်များကိုရှာဖွေလျက်ရှိသော ဗာချူယယ်ရီယယ်လတီ သုတေသနပညာရှင် တစ်ဦးဖြစ်ကြောင်း ရှင်းပြသည်။ ကျွန်တော်သည် ကိုယ်လိုချင်ရာကို မရမချင်း တုံးပေကတ်သတ်နိုင်ပုံမှာ ရယ်စရာတောင်ကောင်းသည်။ တစ်ယောက်ဆီ လှမ်းပြောတော့ နောက်တစ်ယောက်ဆီ ဆက်လွှဲ၊ နောက်တစ်ယောက်က အခြားတစ်ယောက်ထံလွှဲနှင့် နောက်ဆုံးတော့ ဂျွန်စနေ့ဒီး ဆိုသူနှင့် ဆက်သွယ်မိသည်။ သူသည် ထို အပျော်စီးစက်ယန္တရား တီထွင်သည့်အဖွဲ့ကို ခေါင်းဆောင်နေသောသူ ဖြစ်နေသည်။ လူတော် တီထွင်သူတစ်ဦးပင်။ ကျွန်တော်သည် အိမ်ဖြူတော်သို့ ဖုန်းဆက်ရာ သမ္မတထံ ချိတ်ဆက်ပေးခြင်းခံလိုက်ရဘိသကဲ့သို့ ရှိတော့သည်။

ကျွန်တော်တို့ချင်း စကား ခဏတာမျှ ပြောဆိုကြပြီးနောက် ကျွန်တော်က ကယ်လီဖိုးနီးယားသို့ လာခဲ့ပါမည်ဟု ဂျွန်အား ပြောလိုက်ပါသည်။ ကျွန်တော်တို့ချင်း တွေ့လို့ရမယ် မဟုတ်လားဟုလည်း မေးလိုက်သည်။ (အမှန်ကတော့ သူက 'ဟုတ်ကဲ့ပါ' ဟု ပြောသည်ဆိုလျှင် ကျွန်တော် သူ့ဆီသို့ ရောက်လာမည့်အကြောင်းမှာ သူ့ကို တွေ့ရုံသက်သက်မျှသာ ဖြစ်ပေလိမ့်မည်။ သူ့ကို တွေ့ဖို့အတွက် ကျွန်တော်သည် နက်ပ်ကျူန်းသို့ သွားရဖို့ရှိပေသည်။) သူက လာခဲ့ပါဟု ပြောသည်။ ကျွန်တော် လာနိုင်မည်ဆိုလျှင်တော့လည်း နေ့လယ်စာတော့ စားနိုင်ကြတာပေါ့ဟု ပြောပါသည်။

သူ့ဆီမသွားမီ ကျွန်တော်သည် နာရီ ၈၀ မျှ အိမ်စာ လုပ်ရသည်။ ကျွန်တော်သည် ကျွန်တော် သိသမျှ ဗာချူယယ် ရီယယ်လတီသမားကြီးတွေထံ သူတို့သိသမျှ ပြောကြပါ၊ ဒစ္စနေး စီမံကိန်းနှင့် ပတ်သက်သည့် မေးစရာ မေးခွန်းများကိုလည်း ပြောကြပါဟု ချဉ်းကပ်ပြောဆိုရသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ဂျွန်နှင့် တွေ့သည့်အခါ ဂျွန်သည် ကျွန်တော် ဘယ်မျှ ပြင်ဆင်ခဲ့ပါကလားဟု သိပြီး အံ့ဩသွားပါသည်။ (လူတော်တစ်ယောက်ကို ကျက်မှတ်ထားတွေကို ရွတ်ပြ ပြောဆိုသည့်အခါ ကိုယ့်ကို လူတော်ဟု ထင်လာစေခြင်းမှာ မခက်လှပါ။) သည်လိုနှင့် နေ့လယ်စာ စားပြီးသည့်အခါ ကျွန်တော်သည် သူ့အား မေးမြန်းသမှု ပြုပါတော့သည်။

'ကျွန်တော် ဆဗ္ဗာတီကယ် အားရက်နဲ့ လာစရာ ရှိသေးတယ်ခင်ဗျ' ဟု ကျွန်တော်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲဗျ၊ ဆဗ္ဗာတိကယ်ဆိုတာ' ဟု သူက မေးလေသည်။ ကျွန်တော် ရင်ဆိုင်သွားရမည့် ပညာရှင်လောက ယဉ်ကျေးမှုနှင့် ဖျော်ဖြေရေးလောက ယဉ်ကျေးမှုတို့၏ ဆန့်ကျင်ပက္ခ၏ ပထမဦးဆုံး တွေ့လိုက်ရသည့် အရိပ်လက္ခဏာပါတည်း။

ဆဗ္ဗာတိကယ်ဆိုသည်မှာ တက္ကသိုလ်ဆရာများ တစ်ခုခုကို လေ့လာရန်အတွက် ဖြစ်စေ၊ ခရီးသွားရန်အတွက် ဖြစ်စေ ခွင့်ပြုထားသော ကာလကို ဆိုလိုကြောင်း သူ့အား ရှင်းပြလိုက်သည့်အခါ သို့ဖြစ်လျှင် ကျွန်တော်သည် သူ၏အဖွဲ့နှင့်အတူ လာရောက်၍ ထိုအချိန်ကာလကို ကုန်ဆုံးစေနိုင်မည် ဖြစ်သည်။ အလွန်ကောင်းသော စိတ်ကူးဖြစ်သည်ဟု သူတွေးလေသည်။ သို့ဖြင့် သူနှင့်သဘောတူလိုက်သည်ကား ကျွန်တော့်အား ခြောက်လကြာမျှလာပြီး စီမံကိန်းတစ်ခုမှာ အလုပ် လုပ်မည်။ ထိုအကြောင်းကိုလည်း စာတမ်းတစ်စောင် ရေးသားထုတ်ဝေမည်ဟူ၍ ဖြစ်သည်။ ကျွန်တော်သည် အလွန်တရာပင် ပျော်ရွှင် စိတ်လှုပ်ရှားသွားသည်။ ကျွန်တော်ကဲ့သို့သော ပညာရှင်တစ်ဦးအား သူတို့ လျှို့ဝှက် လုပ်ကိုင်နေသော အတွင်းစည်းထဲအထိသို့ ဖိတ်ခေါ်သည်ဆိုသည်မှာ အပျော်စီး စက်ယန္တရားတီထွင်ခြင်းဌာနအဖို့ ယခင်က မကြားဖူးသလောက်ပင် ဖြစ်ပါ၏။

ပြဿနာတစ်ခုသာ ရှိတော့သည်။ ကျွန်တော့် အထက်လူကြီးများထံမှ ဆဗ္ဗာတိကယ် ခေါ် လေ့လာရေးခွင့်မျိုး ယူခွင့်ပြုရန် ဖြစ်ပါသည်။

ဒစ္စနေးဇာတ်လမ်းတိုင်း၌ လူကြမ်းမင်းသားတစ်ယောက် ပါမြဲ ဖြစ်သကဲ့သို့ပင် ကျွန်တော့် ကိစ္စတွင် လူကြမ်းက ဗာဂျင်နယားတက္ကသိုလ် ကျောင်းသားရေးရာ ဌာနကြီးမှူးတစ်ဦး ဖြစ်နေသည်။ (ကျွန်တော့်ဇနီး ဂျေးက Animal House ရုပ်ရှင်ကို လေးစား အရိုအသေပြုသည့်အနေဖြင့် ပေးထားသော နာမည်အရ) ဒီးန်ဝမ်းမာက ဒစ္စနေးသည် အမှန်တကယ် ပိုင်ခွင့်ရှိသည့်အတိုင်း သူတို့ တက္ကသိုလ်ကပိုင်သော ကျွန်တော့်ခေါင်းထဲမှာ ရှိသည့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းအားလုံးကို စုပ်ထုတ်ယူသွားမည်ကို စိုးရိမ်လေသည်။ ထို့ကြောင့် သူက ကျွန်တော် ဤအလုပ်ကို မလုပ်ထိုက်ဟု အကြောင်းပြသည်။ ကျွန်တော့်က သူ့အား 'ဒီစိတ်ကူးဟာ လုံးဝကောင်းတဲ့ စိတ်ကူးလို့ ထင်ပါသလား'ဟု မေးပါသည်။ 'ဒီဟာဟာ စိတ်ကူးကောင်းတစ်ခု ဖြစ်တယ်ဆိုတာ ကျုပ် တွေးမရဘူး'ဟု ဖြေပါသည်။ တစ်ခါတစ်ရံမှာ ဝင်၍ မရနိုင်ဆုံး အုတ်တံတိုင်းများကို သွေးနှင့်သားနှင့် လုပ်ထားသည် ဟူသော အဆိုအမိန့် မှန်ကန်ကြောင်းကို သူက သက်သေပြတတ်လေသည်။



ကျွန်တော်သည် သူနှင့်တော့ ဘယ်ကိုမှ ရောက်နိုင်မည် မဟုတ်တော့သောကြောင့် ကျွန်တော့်ကိစ္စကို အထောက်ပံ့ခံ သုတေသနလုပ်ငန်းဌာန၏ ဌာနကြီးမှူးထံသို့ တင်ပြလိုက်ပါသည်။ 'ကျွန်တော် ဒီလုပ်ငန်းကို လုပ်မယ်ဆိုတဲ့ စိတ်ကူးဟာ စိတ်ကူးကောင်းရယ်လို့ ထင်ပါသလားခင်ဗျာ' ဟုလည်း မေးလိုက်ပါသည်။ 'ယတိပြတ်ပြောလောက်အောင် ကျွန်တော့်မှာ သတင်းအချက်အလက်တွေ ပြည့်ပြည့်စုံစုံ ရမထားသေးဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ဌာနရဲ့ ထင်ပေါ်ကျော်ကြားတဲ့ အဖွဲ့ဝင်တွေထဲက တစ်ဦးဟာ ကျွန်တော့် ရုံးခန်းထဲမှာလည်း ရောက်နေပြီး သူဟာ သိပ်လည်း စိတ်ထက်သန်လှုပ်ရှားနေတယ်ဆိုတော့ ကျွန်တော့်ကို သည့်ထက် ပြည့်စုံအောင် ပြောပါဦးလေ'ဟု ပြောပါသည်။



**အစ်မနှင့်အတူ**

စီမံခန့်ခွဲသူများနှင့် အုပ်ချုပ်သူများအတွက် သင်ခန်းစာတစ်ခုကို ယခုတွေ့လိုက်ကြပါလိမ့်မည်။ ဌာနကြီးမှူး နှစ်ဦးစလုံးသည် တစ်ခုသောကိစ္စကိုပင် အတူတူပြောခဲ့ကြခြင်း ဖြစ်သည်။ သူတို့နှစ်ယောက်စလုံးသည် ဤလေ့လာရေးခွင့်တောင်းခြင်းသည် စိတ်ကူးကောင်း ဟုတ် မဟုတ်ကို မသိကြသူချည်း ဖြစ်သည်။ သို့ရာတွင် ထိုကိစ္စအတွက် တစ်ဦးနှင့်တစ်ဦး ပြောပုံချင်း ဘယ်မျှ ခြားနားကြောင်း တွေးကြည့်ပါလေ။

ဇာတ်လမ်းချုပ်လိုက်တော့ ကျွန်တော့်အား လေ့လာရေးနှင့် ဆဗ္ဗာတိကယ် ပေးလိုက်ပါ၏။ ဤခွင့်ပြုချက်ရလိုက် ခြင်းမှာလည်း စိတ်ကူးသက်သက်က တကယ်ဖြစ်လာခြင်းပါပင်။ အမှန်ပြောရလျှင် ကျွန်တော့်မှာ ဝန်ခံဖြောင့်ချက်

www.burmeseclassic.com

www.burmeseclassic.com



ပေးစရာ ရှိနေသည်။ ကျွန်တော် ကွန်ပျူတာတွင် ဘယ်မျှ စိတ်ဝင်စားသည်ကို ကျွန်တော် လုပ်ပုံကိုင်ပုံကိုကြည့်လျှင် တွေ့ရပါလိမ့်မည်။ ကျွန်တော်သည် ကျွန်တော်၏ အမိုး တပ်နိုင် ဖြုတ်နိုင်သည့် ကားပေါ်သို့ လွှားကနဲ ခုန်တက်ကာ ဒစ္စနေး အပျော်စီး စက်ယန္တရားများတီထွင်သည့် ဌာနချုပ်ရုံးသို့ မောင်းလာခဲ့သည်။ ထိုညမှာ ပူပြင်းသော နွေညတစ်ညဖြစ်သည်။ ကျွန်တော်သည် ကားပေါ်မှ စတီရီယိုတွင် ဒစ္စနေး၏ The Lion King ကို ဖွင့်လာခဲ့သည်။ ဒစ္စနေး အပျော်စီး စက်ယန္တရားများ တီထွင်သည့် ဌာနချုပ်ရုံး အဆောက်အအုံကြီးကို ဖြတ်ကျော်မောင်းစဉ် ကျွန်တော့် မျက်နှာပေါ်တွင် တကယ်ပင် မျက်ရည်တွေ စီးကျနေ၏။ ဒစ္စနေးလန်းကို မျက်လုံးပြူးလျက် တအံ့တဩ ဖြစ်ခဲ့သော ရှစ်နှစ်သားကလေးသည် လူကြီးအသွင်ဖြင့် ယခုရောက်ရှိခဲ့ရပေပြီ။ နောက်ဆုံးတော့ ကလေးဘဝက ရောက်ချင်ခဲ့လှသော နေရာဌာနသို့ ကျွန်တော်ရောက်ရှိခဲ့ပေပြီ။ ကျွန်တော်သည် အပျော်စီးစက်ယန္တရားများကို တီထွင်သည့်သူ (imagineer) တစ်ဦးဖြစ်ခဲ့ပေပြီတည်း။

❒ ❒ ❒

# အပိုင်း ၃

# ငွန့်တားမှုများနှင့် ရရှိသော သင်ခန်းစာများ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

## ဥယျာဉ်ကို ည ၈ နာရီအထိ ဖွင့်ထားသည်

ကျွန်တော်၏ ဆေးပညာဆိုင်ရာ စွန့်စားခန်းမှာ ၂၀၀၆ ခုနှစ်တွင် စခဲ့သည်။ ထိုစဉ်ကမူ ကျွန်တော်သည် ပထမ နည်းနည်းနာသလို ခံစားရသည်။ ဘယ်လိုနာသည်ဟု၍လည်း ရှင်းမပြတတ်။ ကျွန်တော့် ဝမ်းဗိုက် အထက်ပိုင်းတွင် နာသလို ကျဉ်သလိုဖြစ်နေခြင်းဖြစ်၏။ နောင်တွင်ကား အသားတွေဝါ၊ မျက်လုံးတွေ ဝါလာသည်။ ဆရာဝန်များက အသည်းရောင်ရောဂါ ဖြစ်သလားဟု သံသယဖြစ်ကြသည်။ တကယ်တော့ ထိုအတွေးမှာ အကောင်းဘက်က ဖြစ်ချင်ရာကို တွေးကြ ခြင်းသာဖြစ်ကြောင်းကို စီတီစကင်ဆွဲကြည့်မှ အဖြေပေါ်တော့သည်။ ကျွန်တော့်မှာ ပန်ကရိယကင်ဆာ ဖြစ်နေပြီကိုး။ ကျွန်တော်သည် ဤရောဂါမှာ ဘယ်မျှဆိုးကြောင်းကို ဂူးဂဲလ်မှာ ၁၀ မိနစ်မျှ ရှာကြည့်ရုံနှင့် သိရပါတော့သည်။ ကင်ဆာရောဂါဟူသမျှတွင် ပန်ကရိယကင်ဆာသည် သေနှုန်းအများဆုံးကင်ဆာ ဖြစ်သည်။ ပန်ကရိယကင်ဆာဖြစ်နေသည်ဟု အဖြေပေါ်သူ လူနာတစ်ဝက်သည် ခြောက်လအတွင်း သေကြသည်။ ကျန်တစ်ဝက်၏ ၉၆ ရာခိုင်နှုန်းမှာ ငါးနှစ်အတွင်း သေသည်။

ကျွန်တော်သည် ကျွန်တော်၏ ရောဂါကို ကုသပုံကိုလည်း သိပ္ပံပညာရှင်တစ်ယောက်အနေဖြင့် အခြားသော ဆရာများကို ချဉ်းကပ်လေ့လာခဲ့သကဲ့သို့ပင် ချဉ်းကပ် လေ့လာခဲ့၏။ ထို့ကြောင့် ကျွန်တော်သည် အချက်အလက် စုဆောင်းရှာဖွေသည့် မေးခွန်းမျိုးတွေ အမြောက်အမြား မေးကြည့်ခဲ့သည်။ ထိုအခါ ကျွန်တော်သည် ကျွန်တော့်ဆရာဝန်များနှင့်အတူ ကိုယ့်ကိုယ်ကို စိတ်ညို့ယူနေကြောင်း တွေ့ရသည်။ ကျွန်တော်သည် ဆရာဝန်များနှင့် ကျွန်တော် အပြန်အလှန်ပြောဆိုချက်များကို အသံသွင်းထားခဲ့သည်။ ထို့ကြောင့် ကျွန်တော်သည် သူတို့၏

www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းပြောပြချက်များကို ကိုယ့်အိမ်မှာ သေသေချာချာ နားထောင်ကြည့် နိုင်၏။ ကျွန်တော်သည် အဓိပ္ပာယ်နားလည်ရန် ခက်သည့် ဂျာနယ် ဆောင်းပါး များကို လိုက်ရှာပြီး ဆရာဝန်များနှင့်တွေ့ရန် ရှိသည့်အခါ ယင်းတို့ကို တစ်ပါတည်း ယူလာသည်။ ဆရာဝန်များသည် ကျွန်တော့်အား မနှစ်မြို့ဟန်ကား မပြကြ အမှန်မူ ဆရာဝန်အများစုက ကျွန်တော်သည် အရာရာတိုင်းတွင် အလုပ်တွေများ နေသူဖြစ်သဖြင့် ခပ်ဆန်းဆန်း လူနာတစ်ဦးဟူ၍ ယူဆကြသည်။ (ထိုဆရာဝ များသည် ကျွန်တော့် ကိုယ်စားပြောဆိုပေးမည့် သူများကို ခေါ်လာခြင်းကိုပင်လျှင် ဘယ်လိုမှ သဘောထားကြပုံမရပါ။ ကျွန်တော်သည် ဆရာဝန်များနှင့် တွေ့ရမည့် အခါတွင် ကျွန်တော့်အား အထောက်အကူကိုရော ဆေးဘက်ဆိုင်ရာ သတင်း အချက်အလက်များကို စူးမ်းရှာဖွေရာတွင် သူ၏ ထက်မြက် ကောင်းမွန်လှသော သုတေသနစွမ်းရည်များကိုပါ ပေးနိုင်ရန်အတွက် ကျွန်တော်၏ မိတ်ဆွေလည်းဖြစ် လုပ်ဖော်ကိုင်ဖက်လည်းဖြစ်သူ ဂျက်ဆီကာ ယော့ဒ်ဂင်းကို ခေါ်လာခဲ့ဖူးသည်။)

ကျွန်တော်က ဆရာဝန်များကို ဤသို့ ပြောပြပါသည်။ ကျွန်တော့်မှာ ရည်မှန်းချက်တစ်ခု ရှိပါသည်။ ဇနီးနှင့် ကလေးများအတွက် အသက်ရှည်နိုင်သမျှ ရှည်ရှည် ကျွန်တော် နေချင်သေးပါသည်။ ထိုရည်မှန်းချက် ရှိနေခြင်းကြော ဆရာတို့ ခွဲစိတ်ကုသည့်အခါ ကြုံရမည့် ဘယ်သို့သော အရာမျိုးကိုပင် စိတ်ထက် ထက်သန်သန်နှင့် ခံပါမည်။ ဆရာတို့၏ ဆေးဗီရိုထဲက ဘယ်ဆေးဝါးမျိုးကိုမဆို ဝါးမျိုပါမည်။ သို့နှယ် ပြောပြပါသည်။

ပစ္စဘတ်မှ ဆရာဝန်ကြီး ဟာ့ဘ်ဇေနှင့် ပထမဦးဆုံးအကြိမ် တွေ့တော့ လည်း ဤသို့ ပြောပါသည်။ 'ရှင်းရှင်းပဲ ပြောပါရစေ ဆရာ။ ကျွန်တော့် ရည်မှန်းချက် ကတော့ အသက်ရှင်နေသေးပြီး ၁၀ နှစ်အတွင်းမှာ ဆရာရဲ့ စာစောင်ကလေးမှာ ကျွန်တော် ပါနေဖို့ပါပဲ'

ကျွန်တော်သည် ဝှစ်ပဲလ်အော်ပရေးရှင်းဟု ခေါ်သော ကုထုံး၏ အကျိုးကို ခံစားရသည့် လူနာအနည်းစုအတွင်းမှာ ပါနေပါသည်။ ၁၉၃၀ ပြည့်လွှန်နှစ်များ အတွင်းက ဤရှုပ်ထွေးလှသော ကုထုံးကို ဖန်တီးပေးခဲ့သည့် ဆရာဝန်ကြီးကို အစွဲပြု၍ ဝှစ်ပဲလ်အော်ပရေးရှင်းဟု အမည်ပေးထားခြင်း ဖြစ်ပါ၏။ ၁၉၇၀ ပြည့်လွှန်နှစ်များတိုင်အောင် (ရောဂါကြောင့် မဟုတ်ဘဲ) ခွဲစိတ်မှုကြောင့် သက်သက် ဖြင့် သေဆုံးသူ လူနာ ၂၅ ရာခိုင်နှုန်း ရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်သို့ ရောက်သည့်



အခါတွင်မူ ခွဲစိတ်မှုကို အတွေ့အကြုံရှိ ဝါရင့်ဆရာဝန်ကြီးများက ပြုပါလျှင် သေ ဆုံးသူ ရာခိုင်နှုန်းသည် ငါးရာခိုင်နှုန်းအောက်သာ ရှိတော့ပါသည်။ သို့ပင်ဖြစ်လင့် ကစား ကျွန်တော့်မှာ အတော့်ကိုဆိုးသည့်အချိန်အတွင်း၌ ကျရောက်နေဆဲဖြစ် သည်။ ခွဲစိတ်ကုသရုံနှင့် မပြီးသေး။ ခွဲစိတ်ပြီးလျှင် နောက်က လိုက်ရမည့်အရာ များက ရှိသေးသည်။ အလွန်တရာ အခံရဆိုးသည့် ခီမိုသာရာဖီ ခေါ် ဆေးရည် သွင်းခြင်းနှင့် ဓာတ်ရောင်ခြည်ပေးခြင်း (ဓာတ်ကင်ခြင်း) တို့ကို ဆက်လက် ခံယူရ သေးသောကြောင့် ဖြစ်လေသည်။

ခွဲစိတ်ခြင်းလုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဒေါက်တာ ဇေသည် အကျိတ်ကို ခွဲထုတ်ရုံမက ကျွန်တော်၏ သည်းခြေအိတ်၊ ပန်ကရိယ သုံးပုံတစ်ပုံ၊ အစာအိမ် သုံးပုံတစ်ပုံနှင့် အူသိမ် ပေအတော်များများကိုလည်း ခွဲထုတ်ပစ်ခဲ့ သည်။ ကျွန်တော်သည် ဟူစတန်မြို့မှာ အမ်ဒီအင်ဒါဆန် ကင်ဆာဌာနတွင် နှစ်လကြာ နေခဲ့ရပြီး အလွန်အဆိပ်ပြင်းသည့် ခီမိုဆေးသွင်းမှုများကို ခံယူခဲ့ရ သည်။ ကျွန်တော့်ဝမ်းဗိုက်ကို အလွန်ပြင်းသည့် ဓာတ်ရောင်ခြည်ပေးခြင်းကိုလည်း ခံယူခဲ့ရသည်။ ကျွန်တော်၏ ကိုယ်အလေးချိန်သည်လည်း ၁၈၂ ပေါင် မှ ၁၃၈ ပေါင်အထိ ကျသွားသည်။ အဆုံးတွင်ကား ကျွန်တော်သည် လမ်းတောင် မလျှောက် နိုင်တော့လောက်အောင် ဖြစ်သွားသည်။ ဇန်နဝါရီလ၌ ပစ္စဘတ်မှ ကျွန်တော် အိမ်သို့ ပြန်လာခဲ့သည်။ စီတီစကင်များတွင် ကင်ဆာ မတွေ့ရတော့ပေ။ ကျွန်တော်လည်း တဖြည်းဖြည်း အားပြန်ပြည့်လာသည်။

ဩဂုတ်လတွင် ကျွန်တော် အမ်ဒီ အင်ဒါဆန်သို့ ပြန်လာရသည်။ သုံးလ တစ်ကြိမ် ပြန်လည်စစ်ဆေးမှုခံယူရမည့် အချိန်စေ့လာ၍ ဖြစ်သည်။ ဇနီးနှင့် ကျွန်တော်သည် ကလေးများကို အိမ်မှာ ကလေးထိန်းနှင့် ထားရစ်ခဲ့ပြီး ဟူစတန် သို့ လေယာဉ်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ထိုလေကြောင်း ခရီးကို ချစ်သူနှစ်ဦး အိမ်က ထွက်ပြေးလာသလိုမျိုး သဘောထားကြသည်။ ကျွန်တော်တို့သည် ထိုအရင်ရက်က ရေပေါ်တွင် ဆော့ကစားနိုင်သော ရေယာဉ် တစ်ခုသို့ပင် သွားခဲ့ကြသေးသည်။ (ကျွန်တော်က ဘယ်ဆိုထွက်ပြေးပြီး အချစ်ခရီး ဆန့်ရမည်ဟူသော စိတ်ကူးမျိုးရှိထားသူ ဖြစ်ပါသည်။) ကျွန်တော်သည် ထို ရေယာဉ်တွင် အရှိန်မြန်သည့် လျှောကိုတောင် စီးခဲ့သေးသည်။ အောက်သို့ လျှောဆင်းလာစဉ်အတွင်း တပြုံးပြုံးနှင့် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇ ခုနှစ် ဩဂုတ်လ ၁၇ ရက် ဗုဒ္ဓဟူးနေ့တွင် ဂျေးနှင့် ကျွန်တော်သည် အမ်ဒီ အန်ဒါဆန်သို့ ရောက်ကြသည်။ ကျွန်တော်၏ ကင်ဆာပါရဂူ ရောဂ ဝုဖ်နှင့် နောက်ဆုံး ရရှိထားသော စီတီစကင် ရလဒ်များကို ပြန်လည် စစ်ဆေးရ အတွက် ဖြစ်ပါသည်။ ကျွန်တော်တို့အား စမ်းသပ်စစ်ဆေးသည့် အခန်းတစ်ခုထဲ ခေါ်သွားသည်။ သူနာပြုတစ်ဦးက အခန်းတစ်ခုထဲသို့ ခေါ်သွားသည်။ သူနာပြု တစ်ဦးက မေးရိုးမေးစဉ် မေးခွန်းအချို့ကို မေးပါသည်။ 'ကိုယ်အလေးချိန် အပြောင် အလဲများ ရှိသလား ရန်ဒီ၊ ရှင် အခု အရင်စားလက်စ ဆေးဝါးကိုပဲ စားနေတုန်း မဟုတ်လား' ဟူသော မေးခွန်းများ ဖြစ်ပါသည်။ သူနာပြုဆရာမသည် အခန်းထဲ ထွက်မည်ပြုစဉ် 'ကောင်းပြီ၊ ဆရာဝန်မကြာခင် လာပြီး ရှင့်ကို တွေ့လိမ့်မယ်နော် ဟု ပြောရင်းတံခါးကို ပိတ်ပြီး ထွက်သွားရာ ဂျေးက သူ၏ ပျော်ရွှင်နေပုံရသည့် အသံ၊ သီချင်းဆိုသလို ချိုနေသော အသံကို မှတ်သားထားလိုက်သည်။

စမ်းသပ်စစ်ဆေးသည့် အခန်းထဲ၌ ကွန်ပျူတာ တစ်လုံးရှိသည်။ သူနာပြု ဆရာမသည် ကွန်ပျူတာကို ပိတ်မသွားကြောင်း ကျွန်တော် သတိပြုမိလိုက်သည် ကျွန်တော်၏ ဆေးမှတ်တမ်း အချက်အလက်များသည် ဖန်သားပြင်ပေါ်တွ သည်အတိုင်းပင် ရှိနေသည်။ ကျွန်တော်သည် ကွန်ပျူတာနှင့် ပတ်သက် လုပ်နိုင်သည့် နည်းလမ်းများကို သိသူဖြစ်ပါ၏။ သို့ရာတွင် ကွန်ပျူတာမှ အချ အလက်ကိုမူ ခိုးယူစရာ လုံးဝ မလိုပါပေ။ ကျွန်တော့် လူနာမှတ်တမ်းဖယားသ ကွန်ပျူတာပေါ်တွင် အထင်းသားပေါ်နေပါသည်။

'တို့ ကြည့်ကြည့်ရအောင်လား'ဟု ကျွန်တော်က ဂျေးအား ပြောလိုက် သည်။ ယခု ကျွန်တော်လုပ်မည့် ကိစ္စအတွက် ကျွန်တော့်မှာ မလုံမလဲ လုံး မဖြစ်မိပါ။ ဤမှတ်တမ်းများသည် ကျွန်တော့်မှတ်တမ်းများပင် မဟုတ်ပါလော

ကျွန်တော် မောက်စ်ကိုနှိပ်၍ လှည့်ကြည့်လိုက်ရာ ကျွန်တော်၏ သွေးအလ လုပ်ပုံ မှတ်တမ်းကို တွေ့ရသည်။ ဘာအဓိပ္ပာယ်ဟူ၍ မသိရသော သွေးတန် ၃၀ မျှ ပြထားသည်။ သို့ရာတွင် ကျွန်တော်လိုက်ရှာနေသော ဖော်ပြချက်တစ်ခုကို ကျွန်တော် သိသည်။ အကျိတ်၏ အမှတ်သားပြ စီအေ ၁၉-၉ ဖြစ်သည်။ ကျွန်တေ သည် စီအေ ၁၉-၉ ကို တွေ့ပြီး ကိန်းဂဏန်းကို ကြည့်လိုက်ရာ ကြောက်လော စဖွယ် ၂၀၈ ဖြစ်နေ၏။ ပုံမှန်တန်ဖိုးမှာ ၃၇ အောက် ရှိရပေသည်။ ကျွန်တော်သ ထိုဖော်ပြချက်မှတ်တမ်းကို တစ်စက္ကန့်မျှလောက်သာ လေ့လာမိလိုက်တော့သည်



'သွားပါပြီကွာ၊ ကိုယ့်ရည်မှန်းချက်တော့ အားလုံးပျက်စီးပါပြီ' ဟု ကျွန်တော် က ဂျေးအား ပြောလိုက်သည်။

'ဘာဆိုလိုတာလဲ မောင်'

ဂျေးက ပြန်မေးပါသည်။

ကျွန်တော်က စီအေ ၁၉-၉ ၏ တန်ဖိုးကို သူ့အား ပြောပြသည်။ ဂျေးသည် လည်း ကင်ဆာကုထုံးအကြောင်းကို သိနိုင်လောက်သည့် ပညာတတ်တစ်ဦး ဖြစ်ပေရာ ၂၀၈ ဆိုသည်မှာ ကင်ဆာကျိတ်တွေ ပြန့်နေပြီဖြစ်ကြောင်း ပြနေသော ဂဏန်းဖြစ်သည်။ ကင်ဆာကျိတ်များ ခန္ဓာကိုယ်အနှံ့ ပြန့်သွားပြီဆိုလျှင် သေမိန့် ချလိုက်ခြင်းနှင့် မခြားတော့ပေ။

'ဒါ ရယ်စရာမဟုတ်ဘူး မောင်၊ ပြက်လုံးတွေ ထုတ်မနေပါနဲ့' ဟု ဂျေးက ပြောပါသည်။

ထို့နောက် ကျွန်တော်သည် ကွန်ပျူတာပေါ်တွင် ကျွန်တော်၏ စီတီစကင်ကို ဆွဲတင်လိုက်ပြီး ရေတွက်ကြည့်လိုက်ပါသည်။ 'တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ . . .'

ကျွန်တော်သည် ဂျေး၏ အသံတွင် တုန်လှုပ်ချောက်ချားသံကို ကြားနေရ သည်။ 'အကျိတ်တွေကို ရေကြည့်နေတာလို့ မပြောပါနဲ့မောင်'ဟု ပြောပါသည်။ ကျွန်တော်ကလည်း မနေနိုင်။ အသံထုတ်၍ ဆက်လက် ရေကြည့်နေမိသည်။ 'ခုနစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ်၊ . . .'။ ကျွန်တော် ကွန်ပျူတာထဲတွင် အကျိတ်အားလုံး ကို မြင်ရသည်။ ကင်ဆာကျိတ်သည် ကျွန်တော်၏ အသည်းသို့တိုင် ပြန့်နေခဲ့ပြီ တကား။

ဂျေးသည် ကွန်ပျူတာဆီသို့ လျှောက်သွားသည်။ အားလုံးကို သူ့ကိုယ်ပိုင် သူ့မျက်လုံးများနှင့် ရှင်းရှင်းလင်းလင်းကြီး မြင်တွေ့လိုက်ရသည့်အခါ ကျွန်တော့် လက်မောင်းပေါ်သို့ လဲကျလာသည်။ ကျွန်တော်တို့နှစ်ယောက် ဖက်၍ ငိုကြသည်။ ကိုယ့် ငိုမိကြသောအခါမှ အခန်းထဲ၌ တစ်ရှူးစက္ကူပုံး တစ်ပုံးမှမရှိကြောင်း သိရ သည်။ ကျွန်တော်လည်း ခုနကလေးတွင်မှ ငါမကြာခင် သေရတော့မှာပါကလား ဟု သိခဲ့ရသည်။ ကိုယ့်ကို အာရုံအစိုက်ခံရသည့်အဖြစ်ကို ရပ်တန့်သွားအောင် မစွမ်းသာသော ကျွန်တော်သည် ဤသို့ တွေးမိသော အဖြစ်သို့ရောက် သွားသည်။ 'ဒီလို အခြေအနေမျိုးနဲ့ ကြုံနေရစဉ်မှာ ဒီလိုအခန်းထဲမှာ တစ်ရှူးစက္ကူပုံးကလေး

www.burmeseclassic.com

www.burmeseclassic.com

တစ်ပုံးမှ မထားထိုက်ပေဘူးလား၊ ဒါကတော့ အထင်းသား မြင်နေရတဲ့ ချို့ယွင်းချက်
တစ်ခုပဲ'

တံခါးခေါက်သံ ကြားရသည်။ ဒေါက်တာ ဝုဖ်သည် လက်ထဲမှ ဖိုင်တစ်
ပိုက်လျက် ဝင်လာ၏။ သူသည် ကျွန်တော့်ကို ကြည့်လိုက်၊ ထို့နောက် ဂျေး
ကြည့်လိုက်ပြီး ကွန်ပျူတာပေါ်မှ စီတီစကင်ကို ကြည့်လိုက်သည်။ ကျွန်တော်
ဦးအောင် ပြောမှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

'ကျွန်တော်တို့ သိပြီးကြပါပြီ'

ကျွန်တော်က ပြောလိုက်သည်။

ထိုသို့ ပြောလိုက်သည့်အချိန်တွင် ဂျေးသည် သွေး ဆုတ်သွားလုနီး ဖြစ်သွ
ပြီး ထိန်းမနိုင်သိမ်းမရ ငိုပါတော့သည်။ ကျွန်တော်လည်း အမှန်ပင် ဝမ်းနည်းမိ
သည်။ သို့ရာတွင် ကျွန်တော်သည် သူ့ရှေ့မှောက်တွင် ရောက်လာသော မျှော်လ
အားမရှိလှသည့် တာဝန်ကို ဒေါက်တာဝုဖ် မည်သို့မည်ပုံ ဆောင်ရွက်သွားမ
နည်း ဟူသော အချက်တွင် အထူး စိတ်ဝင်စားလျက်ရှိသည်။ ဆရာဝန်ကြီးသ
ဂျေးနားတွင် ကပ်ထိုင်၍ နှစ်သိမ့်ပါသည်။ သူသည် ကျွန်တော့်အသက်ကို ကယ်
ဆက်လုပ်တော့မည် မဟုတ်တော့ကြောင်းကိုလည်း အေးအေးကလေးပ
ဂျေးအား ရှင်းပြပါသည်။ 'ကျွန်တော်တို့ ကြိုးစားကြမှာကတော့ ရန်ဒီဟာ ဘဝ
အမြင့်မားဆုံး အရည်အသွေးကို ရရှိခံစားသွားနိုင်အောင် သူ့မှာ နေဖို့ ကျန်
သေးတဲ့ အချိန်ကလေးကို ဆွဲဆန့်ပေးဖို့ပါပဲ၊ အခု လက်ရှိအခြေအနေအတိုင်
ကတော့ ဆေးပညာက သူ့အသက်ကို ပုံမှန်သက်တမ်းအတိုင်း နေသွားနိုင်အော
ဘာမှ လုပ်ပေးလို့ရတော့မှာ မဟုတ်တော့ပါဘူး'

'နေ နေ နေစမ်းပါဦး' ဟု ဂျေးက ပြောလိုက်သည်။ 'ဒေါက်တာ ကျွန်မက
ပြောမယ့်စကားဟာ ဒါပဲလား၊ ကျွန်တော်တို့ ဒီရောဂါကို တိုက်နေပါတယ် ဆို
စကားကနေ တိုက်ပွဲတော့ ပြီးသွားပါပြီ ဆိုတဲ့ စကားကို ရောက်သွားသလိုပါ
လား၊ အသည်းအစားထိုးကုရင်ကော မရဘူးလားရှင်'

ဒေါက်တာက ခေါင်းရမ်းသည်။ ကင်ဆာကျိတ် ပြန့်သွားရင် မဖြစ်တော
ကြောင်း ပြောပါသည်။ သူက ခီမိုပေးသည်ဆိုသည်မှာ ရောဂါပျောက်ဖို့ပေးသည်
ကုထုံးမဟုတ်ကြောင်း၊ သက်သာမှုအတွက်သာ ဖြစ်ကြောင်း၊ လက္ခဏာများက
နုန့်သွားစေနိုင်ပြီး လအနည်းငယ်မျှလောက်တော့ အချိန်ဆွဲထားနိုင်ကြောင်



ကို ပြောပြပါသည်။ တစ်နည်းအားဖြင့် ဘဝနိဂုံးအချိန် နီးလာချိန်၌ ကျွန်တော်
သည် ဘဝကို သက်သောင့်သက်သာဖြင့် နေသွားနိုင်အောင်ဖြစ်သည်ဟုလည်း
ရှင်းပြပါသည်။

ဒေါက်တာဝုဖ်နှင့် ပြောခဲ့သည့် ထိတ်လန့်တုန်လှုပ်ဖွယ် အပြန်အလှန် စကား
ပြလှယ်မှု တစ်ခုလုံးမှာ ကျွန်တော့်အဖို့ သရုပ်မှန်လွန်ပင် ဖြစ်နေပါတော့၏။
မှန်ပါသည်။ ကျွန်တော့်မှာ ဘာပြော၍ ပြောရမည် မသိအောင်ပင် ထိတ်လန့်
တုံသြ ဖြစ်မိပါသည်။ ကျွန်တော့်အတွက်ရော အထူးသဖြင့် အငိုမတိတ်နိုင်သေး
သည့် ဂျေးအတွက်ပါ ကျွန်တော် ယူကျုံးမရ ဖြစ်မိသည်။ သို့ရာတွင် သိပ္ပံပညာရှင်
ရန်ဒီ၏ နည်းဟန်များတွင် ကျွန်တော်၏ အင်အားရှိသော အစိတ်အပိုင်းတစ်ရပ်က
ကျန်နေဆဲဖြစ်၍ အချက်အလက်များကို စုဆောင်းခြင်း၊ ဆရာဝန်အား ထင်မြင်ချက်
များ မေးမြန်းခြင်းတို့ ပြုနိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ကျွန်တော့်မှာ အခြား
အစိတ်အပိုင်း တစ်ရပ်ကလည်း ရှိနေသေးပြန်၏။ ထိုအစိတ်အပိုင်းကို ပစ္စုပ္ပန်
အချိန်ကလေး၏ ဇာတ်ပွဲတွင် ပါဝင်ကပြလျက်ရှိသော အစိတ်အပိုင်းပေတည်း။
ကျွန်တော်သည် ဒေါက်တာဝုဖ်က ဂျေးအား သိသင့်သော သတင်းပေးနေပုံကို
ကြည့်ပြီး အလွန်ပင်လေးစား အထင်ကြီးမိသည်။ (တကယ်လည်း အံ့သြမိပါ၏။)
ကျွန်တော် ကိုယ့်ဘာသာတွေးကြည့်သည်။ 'ကြည့်စမ်း၊ သူသတင်းစကား ပြောကြား
သွားပုံကို ကြည့်စမ်းပါဘိ၊ သူဟာ အရင်ကလည်း ဒီလိုပဲ အကြိမ်ပေါင်းများစွာ
လုပ်ခဲ့မှာ ထင်ရှားသေချာတယ်၊ ဩော်- သူ့ဒီနေရာမှာတော့ တကယ်ပဲ တော်ပေ
တကား၊ သူဟာ သေသေချာချာ လေ့ကျင့်လာခဲ့တာ ဖြစ်ပေမဲ့ သူပြောသမျှတွေဟာ
တကယ်ပဲ နှလုံးမှာ ခိုက်လောက်ဖွယ် ဖြစ်နေပါကလား၊ တကယ်ပဲ ခုမှ နှုတ်က
ရုတ်တရက် ထွက်လာသလို ဖြစ်နေပါကလား'

ကျွန်တော်သည် ဆရာဝန်ကြီး သူ့ကုလားထိုင်ပေါ်မှာ ထိုင်ရင်း ကုလားထိုင်
ကို နောက်သို့ လှည့်လိုက်ပုံ၊ မေးခွန်းတစ်ခုကို ဖြေမည်ကြံတိုင်း ထိုမေးခွန်းမှာ
သူကို အပြင်းအထန်စဉ်းစားသွားစေသော မေးခွန်းတစ်ခု ဖြစ်လေဘိသကဲ့သို့
သူ့မျက်လုံးကလေးတွေကို မှိတ်လိုက်ပုံတို့ကို ဂရုပြုမိလိုက်သည်။ ကျွန်တော်သည်
သူ ဂျေး၏အနားတွင် ကပ်ထိုင်လိုက်စဉ်က သူ၏ ခန္ဓာကိုယ် အနေအထားကို
လည်း သေချာစွာ ကြည့်မိခဲ့သည်။ ကျွန်တော်သည် ထိုကိစ္စကို မတွေးမိတာ
ကောင်းသည်ဟုပင် ဖြစ်မိသည်။ 'အင်း သူ့လက်မောင်းကတော့ ဂျေးရဲ့ ပခုံးကို

www.burmeseclassic.com

www.burmeseclassic.com



သွားမဖက်ပါဘူး၊ ဘာကြောင့် မဖက်တာလည်း နားလည်လို့ ရတယ်လေ၊ အဲဒီ လုပ်လိုက်ရင် သိပ်ပြောင်တင်းရာ ကျသွားမှာပေါ့၊ ဒါပေမဲ့ သူက မွေးမွေးမို ကလေးနဲ့၊ သူ့လက်က ဂျေး ဒူးခေါင်းပေါ် ရောက်နေပြီ၊ ငနဲကြီး ဒီနေရာမှ တော်တော် တော်သကိုး'

ကင်ဆာရောဂါဗေဒကို သင်ယူရန် စဉ်းစားနေသော ဆေးကျောင်းသ တိုင်းသည် ကျွန်တော် မြင်နေခဲ့ရသောအရာကို မြင်နိုင်စေချင်သည်။ ဒေါက်တ ဝုဖ်သည် အကောင်းဘက်ကမြင်သော စကားမျိုးဖြစ်အောင် ဘာသာစကား အသုံးပြုတတ်သည်ကို တွေ့ရသည်။ ကျွန်တော်တို့က 'မသေခင် ဘယ်လော ကြာ နေရဦးမလဲ'ဟု မေးလျှင် သူက ဤသို့ ဖြေသည်။ 'ဟာ- ခင်ဗျား၊ ကျန်းမာ ကောင်းကောင်းနဲ့ သုံးလကနေ ခြောက်လအထိတော့ နေရနိုင်ပါတယ်' သူ့အ ကြောင့် ကျွန်တော် ဒစ္စနေးလန်းတွင် နေခဲ့စဉ်တုန်းက ဖြစ်ရပ်ကို သတိရမိသည် ဒစ္စနေးဝေါ့လ်မှ အလုပ်သမားများအား 'ဥယျာဉ်ခြံက ဘယ်အချိန်ပိတ်သလဲ' မေးသည့်အခါမျိုးတွင် သူတို့က ဤသို့ဖြေတတ်ကြ၏။ 'ဥယျာဉ်ခြံက ည ၈ နာ အထိ ဖွင့်ပါတယ်' တဲ့။

တစ်နည်းအားဖြင့်တော့လည်း ကျွန်တော့်မှာ သက်သာရာတော့လည်း ၏။ ဂျေးနှင့် ကျွန်တော်သည် ကင်ဆာကျိတ်များ ဘယ်တော့များ ပြန်ပေါ်လာမ ဟု လပေါင်းများစွာ စောင့်နေခဲ့ကြသည်။ ဟောအခု သူတို့ ပြန်ပေါ်လာသ အခါ အုံနှင့်ကျင်းနှင့် ဖြစ်နေသည်၊ စောင့်ရသည့် အချိန်ကား ကုန်ဆုံးသွ လေပြီ။ ယခုသော် ကျွန်တော်တို့သည် နောက်ထပ် ကြုံရမည့်အရာကို ဆက်လ ရင်ဆိုင်သွားဖို့သာ ရှိတော့သည်။

ဆရာဝန်နှင့် တွေ့ဆုံဆွေးနွေးခန်းအပြီးတွင် ဆရာဝန်ကြီးက ဂျေး ဖက်လိုက်ပြီး ကျွန်တော့်အား လက်ဆွဲနှုတ်ဆက်ပါသည်။ ဂျေးနှင့် ကျွန်တေ တို့သည် အခန်းတွင်းမှ အတူတကွ ထွက်လာကာ ပကတိ အခြေအနေသ အတွင်းသို့ လျှောက်လှမ်းလာခဲ့သည်။

ဆရာဝန်ကြီး၏ ရုံခန်းမှ ထွက်ခွာလာရင်း ကျွန်တော်သည် ( ) လျှောစီးပြီး၍ ပြုံးပျော်မြူးနေကြချိန်တွင် ကျွန်တော် ဂျေးကို ပြောမိခဲ့သောစကား ပြန်စဉ်းစားမိသည်။ 'မနက်ဖန်မှာ စကင်ရလဒ်က မကောင်းဘူးဆိုရင် အသက်ရှ နေရသေးတာ၊ ကနေ့ ဒီမှာ မင်းနဲ့အတူ အသက်ရှင်လျက်သားနဲ့ အတူရှိနေတ



ဟာ တကယ့်ကို ကောင်းပါတယ်ဆိုတာကိုတော့ မင်း သိစေချင်တယ်၊ စကင် တွေနဲ့ ပတ်သက်လို့တို့ ဘယ်လိုသတင်းပဲရရ၊ အဲဒီသတင်းကြားတာနဲ့တော့ ကိုယ် သေဦးမှာ မဟုတ်ပါဘူး၊ ကိုယ်ဟာ နောက်တစ်နေ့မှာလည်း သေမှာ မဟုတ်သေး ပါဘူး၊ အဲဒီနေ့ရဲ့ နောက်နေ့ နောက်နေ့တွေမှာလည်း သေမှာ မဟုတ်သေးပါဘူး၊ ဒါကြောင့် ကနေ့အဖို့ရာမှာတော့ ပျော်စရာနေ့တစ်နေ့ ဖြစ်နေတာပါပဲ၊ ကိုယ့် ဘက်က ဘယ်လောက်တောင် ပျော်နေတယ်ဆိုတာလည်း မင်း သိစေချင်ပါ တယ်'

ကျွန်တော်သည် ထိုစကားများကို ပြန်စဉ်းစားမိ၏။ ဂျေး ပြုံးလိုက်ပုံကိုလည်း ပြန်စဉ်းစားမိသည်။

ထိုအချိန်ကပင် ကျွန်တော် သိလိုက်သည်။ ကျန်သေးသည့် ကျွန်တော့် ဘဝကို ထိုနည်းဖြင့် နေသွားဖို့ လိုလိမ့်မည်ဖြစ်ကြောင်း သိလိုက်ခြင်း ဖြစ်ပါ သတည်း။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၃

## အမိုးဖွင့်ကားထဲက လူ

ကျွန်တော့်မှာ ကင်ဆာရောဂါရှိနေကြောင်း ဆေးစစ်ချက်များအရ သိရှိပြီးနောက် တစ်ခုသော နံနက်တွင် ကျွန်တော် အီးမေးလ် တစ်စောင်ရသည်။ ကာနက်ဂီမယ်လွန်တက္ကသိုလ်မှ ရော့ဘီကိုဆက်က ပို့လိုက်ခြင်းဖြစ်သည်။ ထိုအမျိုးသမီးမှာ တက္ကသိုလ်၏ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။ ကျွန်တော့်ထံ ကြိုတင်၍ ပို့လိုက်သော ကြေးနန်းတွင် သူက ဤဇာတ်လမ်းကလေးကို ပြောပြပါသည်။

လွန်ခဲ့သည့်ညက သူသည် ကားမောင်းပြီး အိမ်ပြန်လာသည့်အခါ သူ့ကားသည် အမိုးကို ဖွင့်နိုင်ပိတ်နိုင်သည့် ကားတစ်စီးကို မောင်းနေသည့်လူ၏ နောက်မှာ ရောက်နေကြောင်း တွေ့ရပါသတဲ့။ ထိုညနေမှာ နွေဦးကျစအခါရာသီ၏ နွေးထွေး၍ လှပသော ညနေခင်းတစ်ခုဖြစ်ပြီး ကားထဲမှလူသည် ကားအမိုးကို ချထားကာ ပြတင်းပေါက်တွေကိုလည်း အောက်သို့ နှိမ့်ချထားပါသတဲ့။ ထိုလူသည် သူ့လက်မောင်းကို ယာဉ်မောင်းထိုင်သည့် ထိုင်ခုံ၏ဘေးမှ တံခါးပေါင်သို့ တင်ထားသည်။ လက်ချောင်းကလေးတွေက ရေဒီယိုကလာနေသော ဂီတသံအတိုင်း စီးချက်လိုက်နေသည်။ သူ့ဆံပင်များကို လေကဝှေ့နေစဉ် ခေါင်းမှာလည်း တညိတ်ညိတ် တဆတ်ဆတ် လှုပ်နေသည်။

သို့ဖြင့် ရော်ဘီက ယာဉ်သွားလမ်းကို ပြောင်းယူလိုက်ပြီး ရှေ့ကယာဉ်နှင့် ကပ်မိသွားအောင် ပြုလိုက်သည်။ ဘေးဘက်က ကပ်၍ ကြည့်လိုက်သည့်အခါ ထိုလူ၏ မျက်နှာပေါ်တွင် ပြုံးပန်းတစ်ပွင့် ပန်ထားသည်ကိုလည်း မြင်ရပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပုံမှာ လူတစ်ယောက်သည် သူ့အနီးအနား၌ မည်သူမည်ဝါမှမရှိဘဲ တစ်ကိုယ်တည်း ရှိနေစဉ် စိတ်လွတ်ကိုယ်လွတ် ပြုံးလိုက်သည့်အပြုံးမျိုး ဖြစ်သည်။ ကိုယ့်အတွေးနှင့် ကိုယ်ပျော်ပြီး ပြုံးနေပုံမျိုး ဖြစ်သည်။ ရော်ဘီက တွေးတောင် တွေးမိလိုက်သေးပါသတဲ့။ 'ဒါကတော့ ဒီနေ့ ဒီလိုအချိန်ကလေးကို သဘောကျလှတဲ့ လူတစ်ယောက်ရဲ့ အကောင်းဆုံးနမူနာပြယုဂ်ပေါ့လေ'

အမိုးဖွင့်ကားသည် လမ်းထောင့်တွင် ကွေ့လိုက်သည့် ထိုအခါတွင်မှ ရော်ဘီသည် အမိုးဖွင့်ကားထဲကလူ၏ မျက်နှာကို အပြည့်အဝ မြင်ရသည်။ ထိုအခါတွင် 'အလိုလေးတော်၊ လက်စသတ်တော့ ရန်ဒီပေါက်ရှ်ကိုး' ဟု ရေရွတ်မိပါသတဲ့။

ရော်ဘီသည် ကျွန်တော့်ကို မြင်လိုက်ရသဖြင့် အံ့ဩထိတ်လန့်သွားသည်။ ကျွန်တော်၏ ကင်ဆာရောဂါသည် သိပ်မဟန်လှဘူးဆိုသည်ကို သူသိထားပြီးဖြစ်သည်။ သူ့အီးမေးလ်ထဲတွင် ဖော်ပြထားသော အချက်အရဆိုလျှင် ကျွန်တော်အလွန်ကျေနပ်နေပုံကိုတွေ့ရ၍ ရော်ဘီ အတော်ပင် တုန်လှုပ်မိသွားသည်ဟု ဆိုပါသည်။ ကျွန်တော်တစ်ယောက်တည်း ကားမောင်းထွက်လာသည့် ဤအချိန်ကလေးအတွင်းမှာ ကျွန်တော်သည် စိတ်ခံစားတွေ မြူးကြွနေမည်မှာလည်း အမှန်ပင် အထင်အရှား တွေ့နေရပါလိမ့်မည်။ ရော်ဘီက သူ၏ အီးမေးလ်ထဲ၌ ဤသို့ ရေး၏။

'ရန်ဒီကို မြင်လိုက်ရတဲ့ အချိန်ကလေးဟာ ကျွန်မမှာ ဘယ်မျှ အဖိုးတန်တဲ့နေ့ ဖြစ်သွားအောင် လုပ်ပေးလိုက်နိုင်တယ်ဆိုတာ၊ ဪ- ဘဝဆိုတာ ဒီလိုပါကလားရယ်လို့ သတိရအောင် ဘယ်မျှ လုပ်ပေးလိုက်နိုင်တယ်ဆိုတာကို ရန်ဒီကတော့ သိမယ်မဟုတ်ပါဘူး'

ကျွန်တော်သည် ရော်ဘီ၏ အီးမေးလ်ကို အခေါက်ခေါက် ဖတ်မိပါသည်။ ကျွန်တော်သည် ထိုအီးမေးလ်ကို ကျွန်တော့်အား ဝေဖန် အကြံပေးနေသော အကြံပေး ညွှန်ကြားချက်တစ်ခုအဖြစ် ကြည့်နေမိခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော့် ကင်ဆာရောဂါအတွက်ပေးသည့် ခီမိုသာရာဖီ ကုသမှုကို အကောင်းဘက်ကမြင်ပြီး ခံယူဖို့ဆိုသည်မှာ လွယ်ကူလှသည် မဟုတ်ပါ။ လူတွေမှာ ဆိုးရွားလှသော ဆေးဝါးကုသမှုနှင့် ပတ်သက်သည့် ပြဿနာဟူ၍ ကြုံလာသည့်အခါ စိတ်ပိုင်းဆိုင်ရာအရ တကယ်တမ်းအားဖြင့် ဘယ်မျှ အောင်မြင်မှုရနေပြီ မရဟူ၍ သိနိုင်ဖို့ အင်မတန် ခက်ပါသည်။ ကျွန်တော်သည် တခြားလူများနှင့်



အတူ ရှိနေသည့်အခါ ကျွန်တော့်ကိုယ် တစ်စိတ်တစ်ပိုင်းက သို့မှုယ် သဏ္ဌာန်လုပ်သရုပ်ဆောင်မိခဲ့လေရော့သလားဟု စဉ်းစားမိပါသည်။ ကျွန်တော်သည် ကြံ့ခိုင်လျက်ပင်ရှိသည့် အနာဂတ်အတွက် မျှော်လင့်ချက်အပြည့် ရှိသည်ဟူသော လက္ခဏာမျိုးပေါ်လာအောင် တစ်ခါတစ်ရံ ကျွန်တော့်ကိုယ်ကို ကျွန်တော်အတင်းလုပ်ခိုင်းနေခြင်းလည်း ဖြစ်ချင်ဖြစ်ပါမည်။ ကင်ဆာရောဂါသည် အများအပြားသည် ရဲရဲရင့်ရင့် ရင်မဆိုင်၍ မဖြစ်၊ ရင်ဆိုင်မှ ဖြစ်မည်၊ ရင်ဆိုင်ရဲကြောင်းပြရမည်ဟူသော စိတ်မျိုးရှိလာကြရသည်။ ကျွန်တော်ကလည်း အများနည်းတူထိုသို့ ပြုနေခြင်းပါလော။

သို့ရာတွင် ရော်ဘီက ကျွန်တော် စိတ်လွတ်ကိုယ်လွတ် ဖြစ်နေချိန်တွင် ကျွန်တော့်အား တွေ့သွားခြင်းဖြစ်သည်။ သူသည် ကျွန်တော့်အား အရှိအတိုင်းပင် မြင်သွားစေချင်ပါသည်။ သူသည် ထိုညနေခင်း ထိုအခိုက်အတန့်၌ ရှိနေသော ကျွန်တော်၏ ပကတိအခြေအနေအတိုင်း မြင်တွေ့သွားခြင်းသာ ဖြစ်လေသည်။

ရော်ဘီ၏ အီးမေးလ်သည် စာတစ်ပိုဒ်မျှသာ ဖြစ်ပါ၏။ သို့ရာတွင် ကျွန်တော့်အတွက်ကား အဓိပ္ပာယ်အများကြီး ရှိပါပေသည်။ ရော်ဘီသည် ကျွန်တော့်အား ကိုယ့်ကိုယ်ကို ပြန်ကြည့်နိုင်မည့် ပြတင်းတစ်ပေါက်ကို ပေးလိုက်ခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်သည် ဘဝမှာနေနေဆဲ ဖြစ်ပါ၏။ ဘဝဟူသည် ကောင်းသောအရာ ဖြစ်ကြောင်းကိုလည်း ကျွန်တော် သိထားဆဲပင် ဖြစ်ပါသည်။ ကျွန်တော်သည် အဆင်ပြေနေဆဲ ဖြစ်ပေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၄

## မထောက်မညှာ ပြစ်တင် ပြုပြင်ပေးသူ

ကျွန်တော့်ကို သိသည့်လူတိုင်းက ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ်နှင့် ကိုယ့်အရည်အချင်းများကို ကောင်းစွာသိသူဟု ဆိုကြလိမ့်မည်။ ကျွန်တော်သည် ကျွန်တော် တွေးသည့်အတိုင်း၊ ကျွန်တော် ယုံကြည်သည့်အတိုင်းသာ ပြောလိုသည်။ ကျွန်တော်သည် အရည်အချင်းမရှိ ဖြစ်ရမှာမျိုးကို သည်းခံနိုင်သူ မဟုတ်ပေ။

ဤဝါသနာအထုံကလေးများသည် ကျွန်တော့်ကို အတော်ပင် ကောင်းကျိုးပြုသည်။ သို့ရာတွင် ယုံချင်မှသာ ယုံကြပါရော့၊ ကျွန်တော် အ ခဲ့၊ ထုံခဲ့သည့် အခါမျိုးလည်း ရှိခဲ့ပေသည်။ ထိုသို့သော အခါမျိုးကား ကိုယ့်ဘာသာကိုယ် ကိုယ့်အရည်အချင်းကို ပြန်လည်တိုင်းတာတတ်သူများအဖို့ အလွန်အရေးကြီးသော အချိန်မျိုး ဖြစ်ပေသည်။

ကျွန်တော့်အစ်မ တမ်မီသည် အရာရာ အကုန်သိ အကုန်တတ် လုပ်တတ်သည့် မောင်ဖြစ်သူ ကျွန်တော့်အား မညည်းမညူဘဲ သည်းခံရှာသည်။ ကျွန်တော်သည် အမြဲသဖြင့် သူ့ကို ဘာလုပ်ပါလား၊ ညာလုပ်ပါလားနှင့် ပြောနေတတ်သည်။ ကျွန်တော်က သူ့နောက်မှ မွေးလာခြင်းသည်ပင်လျှင် အစီအစဉ်မှားနေ၍ အမှန်အတိုင်း ပြင်ယူရန် ကြိုးစားနေဘိသကဲ့သို့ ရှိတော့သည်။

ကျွန်တော်က ခုနစ်နှစ်သား၊ တမ်မီက ကိုးနှစ်သမီးအရွယ် တစ်ခါတုန်းမှာ ကျွန်တော်တို့သည် ထုံးစံအတိုင်း ကျောင်းကားကို စောင့်နေကြစဉ် ကျွန်တော်သည် အော်ကြီးဟစ်ကျယ် အဆက်မပြတ် ရေရွတ်ပြောဆိုနေသည်။ သူသည် သည်ထက် သည်းမခံနိုင်တော့ဟု ပိုင်းဖြတ်ကာ ကျွန်တော့်ထမင်းဘူးကို ဆွဲယူ၍

www.burmeseclassic.com

www.burmeseclassic.com



ရွှံ့နွံထဲသို့ ပစ်ချလိုက်သည်။ ဘတ်စ်ကား ထိုးဆိုက်လာချိန်မှ ထိုသို့ပြုလိုက်ခြင်း ဖြစ်သည်။ ကျွန်တော့်အစ်မသည် ကျောင်းအုပ်ဆရာကြီးရုံးသို့ ရောက်သွားသည်။ ကျွန်တော့်ကိုတော့ ကလေးများကို ထိန်းသိမ်းစောင့်ရှောက်ရသည့် ဆရာမထံ လွှတ်လိုက်သည်။ ဆရာမက ရွှံ့တွေပေနေသော အသားညှပ်မုန့်ကို ထုတ်ယူ လွှင့်ပစ်ကာ ကျွန်တော့်ထမင်းဘူးကို ဆေးကြော သန့်စင်ပေးသည်။ ကျွန်တော် နေ့လယ်စာ ဝယ်စားဖို့ မုန့်ဖိုးလည်း ပေးပါသည်။

ကျောင်းအုပ်ကြီးက သူ ကျွန်တော်တို့ အမေကို ဖုန်းဆက်ထားကြောင်း တမ်မီအား ပြောပြသည်။ 'ဒီပြဿနာကို မင်းတို့အမေကိုပဲ ဆရာကြီး ဖြေရှင်းခိုင်းမယ်' ဟု ကျောင်းအုပ်ကြီးက ပြောသည်။ ကျောင်းဆင်း၍ ကျွန်တော်တို့ အိမ်ပြန် ရောက်ကြသည့်အခါ မေမေက ပြောသည်။ 'ဒီပြဿနာကို မေမေ မင်းတို့ဖေဖေ ကို ဖြေရှင်းခိုင်းမယ်' ကျွန်တော့်အစ်မသည် သူတော့ ဘာအပြစ်ပေးခံရလေမလဲ ဟု တစ်နေ့လုံး တွေးစောင့်ရင်း စိတ်ချောက်ချားနေသည်။

အလုပ်ပြီး၍ ဖေဖေပြန်ရောက်သော် ဖေဖေသည် ဖြစ်ကြောင်းကုန်စင်ကို နားထောင်ပြီးလျှင် ကျွန်တော့်ဖခင်က အားရပါးရ ပြုံးလေသည်။ ကျွန်တော့် ဖခင်က တမ်မီကို ဘာအပြစ်မှ မပေးပါ။ ကျွန်တော့်အစ်မကို ချီးကျူးလေသည်။ ကျွန်တော်သည် အခုလို ထမင်းဘူး ရွှံ့အိုင်ထဲပစ်ချပေးဖို့ လိုအပ်သည့် ကလေးဟု ဆိုလေသည်။ 'ဒီလိုလည်း လုပ်ပေးဦးမှ'ဟု ပြောသည်။ ထိုအခါတွင်မှ တမ်မီ သည် အလုံးကြီးကျသွားသည်။ ကျွန်တော့်ကိုလည်း ကျွန်တော့်နေရာသို့ ပို့လိုက် သည်။ သို့ရာတွင် ကျွန်တော် ထိုနေ့က ရရှိခဲ့သော သင်ခန်းစာကိုကား အပြည့်အဝ သဘောမပေါက်ခဲ့သေးပါ။

ကျွန်တော် ဘရောင်းတက္ကသိုလ်သို့ ရောက်ရှိလာချိန်တွင် ကျွန်တော့်မှာ တချို့သော အရည်အချင်းများ ရှိလာခဲ့ပေပြီ။ လူတွေကလည်း ကျွန်တော် တော်မှန်း တတ်မှန်း သိကြသည်။ ကျွန်တော်တက္ကသိုလ်ကျောင်းသားဘဝမှာ တွေ့ခဲ့ရသည့် ကျွန်တော့်သူငယ်ချင်းကောင်း စကော့ရှားမန်းက ယခုအခါ ပြန်ပြောင်းသတိရကာ ပြော၏။ ကျွန်တော်ထိုစဉ်က အ လွန်းသူ ထုံသူဖြစ်ပြီး အခုမှတစ်ခါသာ တွေ့ဖူးသူ ကိုလည်း တိုက်ခိုက်စော်ကားဖို့ မနှေးသူအဖြစ် အားလုံးက နားလည် လက်ခံ ထားသူဖြစ်ကြောင်း ပြန်ပြောင်း သတိရ ပြောပြပါသည်။



ကျွန်တော်သည် ကိုယ့်ဘာသာကိုယ် ဘာဖြစ်နေမှန်း သတိမပြုမိဘဲ ရှိတတ် ခဲ့ပါသည်။ ထိုသို့ ဖြစ်ခြင်းမှာလည်း တစ်ကြောင်းမှာ ကျွန်တော်သည် ပညာရေး ဘက်ရလည်း အောင်မြင်မှုရကာ အားလုံး ဟန်ကျနေပုံရနေခြင်းကြောင့် ဖြစ်သည်။ ထိုကျောင်း၏ ဒဏ္ဍာရီသူရဲကောင်း ကွန်ပျူတာပါမောက္ခကြီး အင်ဒီ ဗန်ဒမ်းက ကျွန်တော့်အား သူ၏ သင်ကြားရေးလက်ထောက်အဖြစ် ခန့်ထားသည်။ သူသည် တောင်းဆိုမှု အလွန်များသူဖြစ်၍ လူအများက သူ့အား အင်ဒီဗန်ဒမ်း ဟု မခေါ်ဘဲ အင်ဒီဗိုလ်တောင်းဟု ခေါ်ကြသည်။ ထို အင်ဒီဗိုလ်တောင်းသည် ကျွန်တော့်ကို သဘောကျ၏။ ကျွန်တော်သည် ဘယ်အရာတွင်မဆို စိတ်အားသိပ်ထက်သန် လွန်း၏။ ဝါသနာကောင်းဟု ဆိုရပါမည်။ သို့ရာတွင် များစွာသော လူများကဲ့သို့ပင် ကျွန်တော့်မှာရှိသော အားများကလည်း ချို့ယွင်းချက်များ ဖြစ်နေပါသည်။ အင်ဒီ၏ အမြင်တွင် ကျွန်တော်သည် အများကိုလည်း တုန်လှုပ်ရမှန်းမသိ၊ ကိုယ့်ကိုယ်ကိုယ် ယုံလွန်းသူဖြစ်၏။ သူများနှင့်မတူ၊ ကိုယ်ထင်ရာကို အလျှော့မပေးချင်သူဖြစ်၏။ ထို့ပြင် ကျွန်တော်သည် အမြဲသဖြင့် ထင်မြင်ချက်တွေကို သွန်ထုတ်နေသူဖြစ်သည် ဟု အင်ဒီက မြင်ပါသည်။

တစ်နေ့သ၌ အင်ဒီသည် ကျွန်တော့်အား လမ်းလျှောက်ခေါ် သွားသည်။ သူသည် ကျွန်တော့်ပခုံးကို ဖက်လျက်ပြောသည်။ 'ရန်ဒီ၊ လူတွေက မင်းကို သိပ် ဘဝင်မြင့်တဲ့ကောင်လို့ထင်နေတာ ရှက်စရာကောင်းတယ်ကွ၊ ဘာပြုလို့လဲဆိုရင် အဲဒီလို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခြင်းဟာ မင့်ဘဝမှာ မင်း အများကြီး အောင်မြင် ပေါက်မြောက်အောင် လုပ်နိုင်ကိုင်နိုင်မယ့် အရည်အချင်းကို ကန့်သတ်ပေးထား သလို ရှိနေလို့ပဲ'

ယခု ပြန်ကြည့်ရသော် အင်ဒီ၏စကားသည် အလွန်မှန်ပေသည်။ ဝါကယ် တော့ သူ ကျွန်တော့်ကို ပြောခဲ့သည်မှာ 'ရန်ဒီ၊ မင်းဟာ တလွဲတွေ လုပ်နေတဲ့ အသုံးမကျတဲ့အကောင်ပဲ'ဟူသည်နှင့် မခြားပါပေ။ သို့ရာတွင် သူသည် သူ၏ ဖြစ်တင်ဝေဖန်မှုကို ကျွန်တော်လက်ခံနိုင်သည့်နည်းမျိုးဖြင့်ပြောခဲ့သည်။ ကျွန်တော် အထင်ကြီး လေးစားသူတစ်ယောက်က ကျွန်တော် ကြားနာဖို့လိုမည့်စကားမျိုး ပြောနေသည်ကို ကျွန်တော် နားထောင်နိုင်သည့် နည်းမျိုးဖြင့် ပြောခဲ့ခြင်းသာ ဖြစ်ပေသည်။ Dutch uncle ဟူသော စကားရှိသည်။ မထောက်မညှာ အပြစ်ပြ အကြံပေးသူ ဟူ၍ အဓိပ္ပာယ်ရသည့် စကားဖြစ်သည်။ ယနေ့ ခေတ်အခါတွင်ကား

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မထောက်မညှာ ပြောဆိုဝေဖန်သူမျိုးက ရှားသွားပေပြီ။ ထို့ကြောင့် ထိုစကားပင် တိမ်ကောသလောက် ဖြစ်သွားလေပြီ။ (အင်ဒီ ကိုယ်တိုင်က Dutch လူမျိုးတစ်ဦး ဖြစ်နေခြင်းမှာ အကောင်းဆုံးပါပေတည်း။)

ကျွန်တော်၏ နောက်ဆုံးဟောပြောချက်သည် အင်တာနက်ပေါ်တွင် ပျံ့နှံ့သွားပြီးနောက်ပိုင်း၌ ကျွန်တော့် မိတ်ဆွေတစ်ယောက် နှစ်ယောက်မကတို့က ကျွန်တော့်အား စိန့် ရန်ဒီဟု ခေါ်ကာ နောက်ပြောင်ရယ်မောကြ၏။ တစ်ချိန်တစ်ခါတုန်းကလည်း ကျွန်တော်သည် အခြားသောနည်းများဖြင့် အမျိုးမျိုး ပြောဆိုခံခဲ့ရဖူးသည်များ ရှိခဲ့ကြောင်းကို သူတို့က သတိပေးနေကြသလို ရှိပါပေ၏။

သို့ရာတွင် ကျွန်တော့်မှာ ချို့ယွင်းချက်တွေရှိသည်ဆိုလျှင် ထိုချို့ယွင်းချက်များသည် ကိုယ်ကျင့်စာရိတ္တနှင့်မဆိုင်လှဘဲ လူမှုရေးနှင့်သာဆိုင်သည့် ချို့ယွင်းချက်များသာ ဖြစ်မည်ဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော် ကုန်လွန်ခဲ့သော နှစ်ကာလများအတွင်း အင်ဒီလို ပုဂ္ဂိုလ်များကြောင့် ကျွန်တော့်မှာ အမြတ်ထွက်ခဲ့သည်မှာ ကံကောင်းသည်ဟု ဆိုရပါမည်။ အင်ဒီကား ကျွန်တော့်အား ဂုဏ်တစိုက်နှင့် ဖိကုပ်၍ နတ်ပြည်တင်ပေးခဲ့သူပါပေတည်း။

□ □ □

# အခန်း ၁၅

## ကားနောက်ခန်းမှာ ဆိုဒါရည်နှင့်ဖျန်း

ကာလအတန်ကြာစွာပင် ကျွန်တော်သည် 'ဦးလေး လူပျိုကြီး' ဖြစ်နေခဲ့သည်။ အသက်နှစ်ဆယ်ကျော် အရွယ်မှာရော သုံးဆယ်ကျော်အရွယ်မှာပါ ကျွန်တော့်မှာ သားသမီးဟူ၍ မရှိသေး။ အစ်မကမွေးသော ကလေးနှစ်ယောက်သာ ရှိခဲ့သည်။ ထို ခရစ္စနှင့် လော်ရာ ဟူသော တူ တူမကလေးများသည် ကျွန်တော့် အချစ်တော်ကလေးများဖြစ်သည်။ ကျွန်တော်သည် လစဉ် သူတို့ထံ ရောက်သွားပြီး သူတို့အား သူတို့၏ဘဝများကို သူများနှင့်မတူသည့် ရှုထောင့်သစ်မှ ကြည့်မြင်တတ်အောင် ပြုပေးရင်း ဦးလေးရန်ဒီဟု အခေါ်ခံရသည်ကို ပျော်မဆုံး ဖြစ်ခဲ့သည်။

ကလေးတွေကို ဖျက်ဆီးသည်တော့ မဟုတ်ပါ။ ကျွန်တော်က ဘဝကို ကျွန်တော်၏ ရှုထောင့်မှ ရှုမြင်ပုံကို သူတို့အား ဆင့်ကမ်းမျှဝေပေးခြင်းသာဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ထိုအတွက်ကြောင့် ကျွန်တော့်အစ်မသည် ဒေါသူပုန်ထတတ်၏။

ခရစ္စက ခုနစ်နှစ်အရွယ်၊ လော်ရာက ကိုးနှစ်အရွယ် လွန်ခဲ့သော ၁၂ နှစ်က တစ်ခါတွင် ကျွန်တော်သည် သူတို့ကလေးတွေအား ကျွန်တော်၏ ဗောက်စ်ဝက်ဂွန်ကာဘရီယို အမျိုးအစား အမိုးဖွင့်ကားဖြင့် တင်၍ ခေါ်လာခဲ့သည်။ 'ဦးလေးရန်ဒီရဲ့ ကားသစ်စီးရင် သတိထားနော်'ဟု အစ်မက သူ့ကလေးတွေအား ပြောသည်။ 'ကားပေါ်မတက်ခင် ခြေထောက်က ဖုန်တွေဘာတွေကို သုတ်၊ ဘာမှ ဟိုလုပ်ဒီလုပ်မလုပ်နဲ့၊ ကားကို ပေအောင်မလုပ်နဲ့' ဟုလည်း မှာပါသည်။

ကျွန်တော်သည် သူပြောနေတာကို နားထောင်ရင်း စဉ်းစားမိသည်။ 'ဒါကတော့ ကလေးတွေ မလိုက်နာနိုင်မယ့် ဆုံးမစကားပဲ၊ သူတို့မှာ ငါ့ကားကို

www.burmeseclassic.com

www.burmeseclassic.com



ပေအောင် လုပ်မိချင်လည်း လုပ်မိမှာပေါ့၊ ဘယ်တတ်နိုင်မှာလဲ' ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်ကတော့ အေးအေးဆေးဆေးပင်။ ကျွန်တော့်အစ်မက စည်းကမ်းချက်တွေထုတ်နေစဉ်မှာပင် ကျွန်တော်သည် တမင်တကာပင် ဆိုဒါသံဘူး တစ်ဘူးကို ဖြည်းဖြည်းချင်း ဖွင့်လိုက်၏။ ပြီးလျှင် ထိုဆိုဒါဘူးကို ကား၏ နောက်ပိုင်းရှိ ထိုင်ခုံများတွင် လောင်းသွန်ချလိုက်သည်။ ကျွန်တော် သိစေချင်သော အချက်ကား 'လူသည် သက်မဲ့ပစ္စည်းများထက် ပို၍ အရေးကြီးသည်' ဟူသော အချက် ဖြစ်ပါ၏။ ကျွန်တော်၏ အမိုးဖွင့်ကားသစ်လို အသစ်ကျပ်ချွတ်အရာသည်ပင်လျှင် သက်မဲ့ပစ္စည်းတစ်ခုသာ ဖြစ်ပေသည်။

ကျွန်တော်သည် ထိုဆိုဒါပုလင်းကို လောင်းသွန်ချနေရင်း ခရစ္စနှင့် လော်ရာတို့အား ကြည့်မိသည်။ ပါးစပ်အဟောင်းသားနှင့် မျက်လုံးများ ပြူးနေကြသည်။ ဤသည်ကား အရွယ်ရောက် လူကြီးများ၏ စည်းကမ်းချက်များကို ဦးလေးရန်ဒီသည် လုံးဝ လက်မခံကြောင်း ပြလိုက်ခြင်းပေတည်း။

ကျွန်တော်သည် ဆိုဒါရည်တွေ ဖျန်းလိုက်ရသဖြင့် အလွန်ဝမ်းသာသွားသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသီတင်းပတ် နောက်ဆုံးနေ့ နှောင်းပိုင်းတွင် ခရစ္စကလေးသည် တုပ်ကွေးမိပြီး ကားနောက်ဘက်ထိုင်ခုံပေါ်တွင် အန်ချလိုက်သောကြောင့်တည်း။ သူကလေးသည် ကားပေါ်တွင် အန်ချမိသော်လည်း သူ့မှာ အပြစ်ရှိသည်ဟု မယူဆတော့ပေ။ စိတ်သက်သာရာရသွား၏။ သူသည် ကားကို ကျွန်တော်က ဆိုဒါရည်နှင့် ဖျန်းခဲ့သည်ကို တွေ့မြင်ခဲ့ပြီးဖြစ်ရာ သူ့ကြောင့် ကားပေ သွားသော်လည်း ဘာမှမဖြစ်နိုင်မှန်း သိသွားပေသည်။

ကျွန်တော်သည် ကလေးများနှင့် နေသည့်အခါတိုင်း၌ စည်းကမ်းချက်နှစ်ခုသာ သတ်မှတ်သည်။

၁။ မညည်းညူရ။

၂။ ကျွန်တော်တို့ ဘာလုပ်လုပ် မေမေ့ကို မပြောကြေး။

ကျွန်တော်တို့ လုပ်တာတွေကို မေမေ့ကို မပြောခြင်းသည်ကား ပင်လယ်ဓား လုပ်ရပ်တော့ ဆန်ပေသည်။ ဘာမဟုတ်သည့် သာမန်အရာကလေးကို လုပ်ရသည် ပင်လျှင် ပျော်စရာကောင်းပေသည်။

စနေ၊ တနင်္ဂနွေနေ့တိုင်း လိုမှာပင် ခရစ္စနှင့် လော်ရာတို့သည် ကျွန်တော့် အခန်းသို့ ရောက်လာကြသည်။ ကျွန်တော်သည် သူတို့ကို ချပ် အီး ချိစ်သို့ ခေါ်



လည်း ခေါ်သွားသည်။ တောင်သော်လည်း တက်ကြသည်။ သို့မဟုတ်လျှင်လည်း ပြတိုက်တစ်ခုခုသို့ သွားလည်သည်။ တနင်္ဂနွေ နေ့ထူးရက်များတွင်ကား ရေကူးကန်ရှိသော ဟိုတယ်တစ်ခုသို့ သွားနေကြ၏။

ကျွန်တော်တို့ တူဝရီးသုံးဦးသည် ပန်းကိတ်များလုပ်ရတာ ဝါသနာပါကြသည်။ ကျွန်တော့်ဖခင်က မေးလေ့ရှိသည်။ 'ဘာကြောင့် ပန်းကိတ်တွေကို လုံးဝန်းအောင် လုပ်ရတာလဲ' ဟူ၏။ ကျွန်တော်ကလည်း အလားတူမေးခွန်းကိုပင် မေးသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အမြဲတမ်း ထူးထူးဆန်းဆန်း ပုံသဏ္ဌာန် ဖော်ထားသော တိရစ္ဆာန်ရုပ်ပန်းကိတ်များကို လုပ်ကြသည်။ ဤပုံစံဖြင့် လုပ်ရာတွင် ကျွန်တော်ကြိုက်သည့် အရာတစ်ခုရှိသည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်လုပ်လိုက်သည့် တိရစ္ဆာန်ရုပ် ပန်းကိတ်တိုင်းသည် မရည်ရွယ်ဘဲလျက် ကိုယ်ရည် ကိုယ်သွေး စမ်းသပ်စစ်ဆေးမှုခံရသလို ဖြစ်နေသောကြောင့် ဖြစ်သည်။ 'ဟင်၊ ဒီပုံကြီးကလည်း ကျွန်တော်တို့လိုချင်တဲ့ တိရစ္ဆာန်ပုံလည်း မဟုတ်ဘူး'ဟု ခရစ္စနှင့် လော်ရာတို့က ပြောတတ်သည်။ ထိုအခါ ပန်းကိတ်ကို သူရှိနေသည့် ပုံစံအတိုင်း ပြန် ကြည့်ကြည့်ခွင့်ရပြီး ဘာတိရစ္ဆာန်ပုံပါလိမ့်ဟု စဉ်းစားရသည်။

ခရစ္စနှင့် လော်ရာတို့သည် ကျွန်တော့် မျက်စေ့အောက်မှာပင် ကြီးလာကြသည်။ ယခုသော် လော်ရာက ၂၁ နှစ်၊ ခရစ္စက ၁၉ နှစ် ဖြစ်နေပြီ။ ယနေ့အချိန်အခါကျတော့ ကျွန်တော်သည် သူတို့၏ ကလေးဘဝ၏ အစိတ်ပိုင်းတစ်ရပ်ဖြစ်ခဲ့ခြင်းအတွက် ပို၍ ကျေးဇူးတင်နေရသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် အသက်ခြောက်နှစ်ထက်ကြီးသည့် ကလေးများ၏ ဖခင်တစ်ယောက် ဖြစ်နိုင်ဖွယ်မရှိတော့ကြောင်း သိလာရသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်တော်ခရစ္စနှင့် လော်ရာတို့နှင့် အတူနေခဲ့ရသော အချိန်သည် အလွန် အဖိုးတန်လာခဲ့သည်။ သူတို့၏ ဘဝများတွင် ဆယ်ကျော်သက် မတိုင်မီမှာရော၊ ဆယ်ကျော်သက်အရွယ်နှင့် လူလားမြောက်သည့်အရွယ်များအထိပါ ကျွန်တော် သူတို့နှင့်အတူ ရှိခွင့်ရခြင်း လက်ဆောင်ကို သူတို့က ကျွန်တော့်အား ပေးခဲ့ကြလေသည်။

မကြာသေးခင်က ကျွန်တော်သည် ခရစ္စနှင့် လော်ရာတို့အား ကျွန်တော့်အတွက် ဒါလေးတော့ လုပ်ပေးကြပါကွာဟု မေတ္တာရပ်ခံပါသည်။ ကျွန်တော်မရှိသည့် နောက်တွင် သူတို့က ကျွန်တော့်ကလေးများကို ဟိုဒီသည်သည် ခေါ်သွားပြီး သူတို့ တတ်စွမ်းသလိုကလေး လုပ်ပေးစေချင်ကြောင်း မေတ္တာရပ်ခံ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်ပါသည်။ ကျွန်တော် သူတို့ငယ်စဉ်က သူတို့နှင့်အတူတူ သွားလာ လုပ်ကိုင်ခဲ့သည့်အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်ပေးဖို့ မဟုတ်ပါ။ ဘယ်လိုဟာလေးတွေနှင့် ကလေးတွေ ပျော်မလဲဆိုတာကို သူတို့ စိတ်ကူးရှိသလို လုပ်ပေးရန်သာ ဖြစ်ပါသည်။ သူတို့က ကလေးတွေ စပြီး ပြောခိုင်းမည်ဆိုလျှင် ဖြစ်နိုင်သည်။ ဒီလန်သည် ဒိုင်နိုဆောများကို သဘောကျ၏။ ခရစ္စနှင့် လော်ရာတို့သည် ဒီလန်အား သဘာဝသမိုင်းပြတိုက် တစ်ခုခုသို့ ခေါ်သွားလျှင် ရသည်။ လိုဂန်သည် အားကစားဝါသနာ ပါ၏။ စတီလားအသင်းကစားရာသို့ ခေါ်သွားပြီး ပြသနိုင်သည်။ ချလိုသည် အကကို နှစ်သက်၏။ သူတို့သည် ကလေးတွေဘယ်သွားချင်၊ ဘာလုပ်ချင်သလဲကို စဉ်းစားကြည့်၍ ရနိုင်ပါလိမ့်မည်။

ထို့အပြင် ကျွန်တော်သည် ကျွန်တော့်တူ၊ တူမတို့က ကျွန်တော့်ကလေးများကို ပြောပြစေချင်တာလေးများလည်း ရှိသည်။ ပထမဦးစွာ သူတို့က ကလေးတွေကို ဤသို့ ပြောပေးနိုင်၏။ 'မောင်လေး ညီမလေးတို့၊ မင်းတို့ အဖေရှိစဉ် တို့ငယ်ငယ်တုန်းက မင်းတို့အဖေနဲ့ တို့မောင်နှမအတူတူ အားချိန်တွေ ကုန်လာခဲ့ကြသလို တို့ကလည်း မင်းတို့လေးတွေနဲ့အတူ အားချိန်တွေ ကုန်သွားစေချင်တယ်ကွဲ့' ကျွန်တော်သည် အသက်ရှင်လျက်နှင့် နေနိုင်အောင် အဘယ်မျှ ခက်ခဲပင်ပန်းစွာနှင့် ဘဝကို နေထိုင်သွားရသည့်အကြောင်းများကိုလည်း ကျွန်တော့်တူ၊ တူမများက ပြောပြကြလိမ့်မည်ဟု ကျွန်တော် မျှော်လင့်သည်။

ကျွန်တော်သည် ကျွန်တော့် သားသမီးကလေးများအတွက် သူတို့နားမှာပဲ အချိန်ကြာကြာ နေနိုင်သမျှ နေချင်သေးသည်နှင့်ပင် အလွန် အခံရခက်စေနိုင်မည့် ကုသမှုအစီအစဉ်ကို လက်ခံသဘောတူကြောင်း လက်မှတ်ရေးထိုးလိုက်သည်။ ထိုအကြောင်းကိုလည်း ခရစ္စနှင့် လော်ရာတို့က ပြန်ပြောပြစေချင်၏။

ချော်၊ ပြောစရာ တစ်ခုကျန်သေး၏။ အကယ်၍များ ကျွန်တော့်ကလေးများက သူတို့၏ ကားတွေကို ပေညစ်အောင် လုပ်မိလိုက်မည်ဆိုပါလျှင် ခရစ္စနှင့် လော်ရာတို့သည် သူတို့ဦးလေးကျွန်တော့်ကို ပြန်လည်သတိရပြီး ပြုံးကြလိမ့်မည်ဟုလည်း မျှော်လင့်မိပါ၏။

□ □ □

## အခန်း ၁၆

## အချစ်တံတိုင်းကိုကျော်ရာတွင်

ကျွန်တော့်ဘဝတွင် ကြုံခဲ့ရဖူးသော တံတိုင်းတို့တွင် ကျော်ဖြတ်တက်ဖို့ ကြောက်စိတ်အဝင်ရဆုံး တံတိုင်းကား ၅ ပေနှင့် ၆ လက်မမြင့်ပြီး အလွန်တရာ လှလေသည်။ သို့ရာတွင် ထိုတံတိုင်းသည် ကျွန်တော့်အား မျက်ရည်တွေကျစေ၏။ ကျွန်တော့်ဘဝကို အသစ်တဖန် တန်ဖိုးဖြတ် သုံးသပ်စေ၏။ ထို့ကြောင့် ကျွန်တော်သည် ဆောက်တည်ရာမဲ့ကာ အဖေရယ် သည်တံတိုင်းကို ဘယ်လို ကျော်ရပါ့မလဲ၊ လမ်းညွှန်သမှု ပြုပါဦးဟု ပြောခဲ့ရလေသည်။

ထိုတံတိုင်းကား အခြားမဟုတ်။ ဂျေး ဖြစ်ပါ၏။

ကျွန်တော့် ဟောပြောချက်ထဲမှာ ပြောခဲ့သည့်အတိုင်း ကျွန်တော်သည် ကျွန်တော်၏ ပညာရေးနှင့် အသက်မွေး ဝမ်းကျောင်းဘဝတွင် ကြုံခဲ့ရသော တံတိုင်းဟူသမျှကို ကျွမ်းကျင်စွာ တက်နိုင်စွမ်းရှိခဲ့သူ ဖြစ်သည်။ သို့ရာတွင် ကျွန်တော်သည် ထိုဟောပြောချက်ထဲ၌ ပရိသတ်ကြီးအား ကျွန်တော့်ဇနီးကို မည်သို့မည်ပုံ ပုံးပန်းခဲ့သည်ကို ထည့်မပြောခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့် ဟောပြောချက်ထဲမှာ ခံစားချက်တွေ ပါလွန်းသွားမည်ကို သိထား၍ဖြစ်ပါသည်။ ဒါတောင်မှ စင်ပေါ်တွင် ကျွန်တော်ပြောခဲ့သော စကားများတွင် ကျွန်တော် ဂျေးနှင့် တွေ့စဉ် စောစောပိုင်းကာလများက ကျွန်တော် ကျင့်သုံးခဲ့သည်များကို ပြသည့် စကားများ ပါနေခဲ့သေးသည်။

'အုတ်တံတိုင်းတွေ ကာထားတယ်ဆိုတာ ပြင်းပြင်းထန်ထန် လိုချင်စိတ် မရှိသူတွေကို တားဖို့လောက်သာ ဖြစ်ပါတယ်၊ ဒီတံတိုင်းတွေဟာ တခြားလူတွေကိုသာ တားလို့ရနိုင်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဂျေးနှင့် ကျွန်တော် တွေ့ချိန်၌ ကျွန်တော်သည် အသက် ၃၇ နှစ်အရွယ် လူပျိုကြီး ဖြစ်၍နေပြီ။ ကျွန်တော်သည် ဟိုမိန်းကလေးနှင့် ချိန်းတွေ့၊ သည်မိန်းကလေးနှင့် တွဲခုတ်နှင့်သော အချိန်တွေ ကုန်ခဲ့သည်။ အပျော်သဘော တွဲ၍ ချိန်းတွေ့နေခြင်းမျှသာဖြစ်ရာ တကယ် လေးလေးနက်နက် စဉ်းစားလိုသော ရည်းစားများကို လက်လွှတ်ဆုံးရှုံးသွားသည်။ နှစ်ပေါင်းအတန်ကြာအောင်ပင် ကျွန်တော်သည် အိုးနှင့်အိမ်နှင့် အခြေတကျ နေထိုင်လိုစိတ်မရှိ ဖြစ်နေခဲ့သည်။ ကောင်းကောင်းမွန်မွန် နေနိုင်ထိုင်နိုင်လောက်သည့် အမြဲတမ်း ပါမောက္ခတစ်ဦး ဖြစ်နေသည့်တိုင်အောင် ကျွန်တော်သည် တစ်လလျှင် ဒေါ်လာ ၄၅၀ ပေးရသည့် ထပ်ခိုးခန်းကလေးမှာ နေဆဲဖြစ်သည်။ မီးလောင်လျှင် ထွက်သွားနိုင်သည့် လှေကားတပ်ဆင်ထားသည့် အထက်ထပ် အခန်းကလေးပါသည့် အခန်းကလေး ဖြစ်ပါသည်။ ထိုအခန်းမျိုးကို ကျွန်တော့်တပည့် ဘွဲ့လွန် ကျောင်းသားများပင် မနေချင်ကြပါ။ သူတို့အဆင့်အတန်းနှင့် မတန်ဟူ၍ ယူဆသောကြောင့် ဖြစ်ပါသည်။ ကျွန်တော့်တပည့်များနှင့် မတန်သော်လည်း ထိုအခန်းသည် ကျွန်တော်နှင့်ကား အတော်ပင်။

သူငယ်ချင်းတစ်ယောက်က တစ်ခါတွင် ကျွန်တော့်ကို မေးသည်။

'ဒီနေရာကို မိန်းမတစ်ယောက်ကို မင်း ခေါ်လာမယ်ဆိုရင် ဘယ်လို မိန်းမမျိုးကမှ မင်းကို အထင်ကြီးမယ်လို့ မင်းထင်သလဲ'

'ငါနဲ့ လိုက်မယ့် ဖူးစာရှင် မိန်းမမျိုးပေါ့ကွ' ဟု ကျွန်တော်က ဖြေပါသည်။

သို့ရာတွင် ပြောသာ ပြောရသည်။ ကျွန်တော် ဘယ်သူ့ကိုမျှ အပြောင်အပြက် သဘော ပြောလိုက်မိပါလိမ့်။ ကျွန်တော်သည် အပျော်သမား ဖြစ်သည်။ ဂျေအမ်ဘယ်ရီရဲ့ ပြဇာတ်ထဲက ဇာတ်လိုက် ပီတာပန်လို လူမျိုးဖြစ်သည်။ ထမင်းစားခန်းထဲမှာတောင် သတ္တုခေါက်ကုလားထိုင်တွေ ချထားသည့် အလုပ်နှင့်လက် မပြတ်လုပ်နေရမှ ကျေနပ်သည့် အလုပ်စွဲသမား ဖြစ်သည်။ ကျွန်တော်နှင့်လိုက်မည့် ကျွန်တော့်ဖူးစာရှင် မိန်းမမျိုးသော်မှလည်း ငါတော့ဖြင့် သည်လိုထပ်ခိုးလေးမှာ တစ်အိုးတစ်အိမ် ထူထောင်၍ (နောင်တွင် ကျွန်တော့်ဘဝထဲသို့ ဂျေးရောက်လာတော့လည်း ဂျေးက မနေလိုပါ။) ကျွန်တော့်မှာ အလုပ်အကိုင်ကောင်းလည်းရှိ၊ အခြားအရည်အချင်းကောင်းများလည်း ရှိသည်ကား မှန်၏။ သို့ရာတွင်မည်သည့် အမျိုးသမီးကမှ ကျွန်တော့်အား သူ၏ အိမ်ထောင်ဖက် ဖြစ်ထိုက်သူဟူ၍ စိတ်ကူးမိမည် မဟုတ်ပေ။



ကျွန်တော်သည် ဂျေးကို ၁၉၉၈ ခုနှစ် ဆောင်းဦးကာလတွင် တွေ့ခဲ့သည်။ ချက်ပဲလ်ဟီးလ်တွင် ရှိသော မြောက်ကာရိုလိုင်းနား တက္ကသိုလ်တွင် 'ဗာချူယယ်ရီယယ်လတီ' နည်းပညာအကြောင်း ဟောပြောပေးရန် ဖိတ်ကြားခံရချိန်က ဖြစ်သည်။ ထိုအချိန်က ဂျေးသည် အသက် ၃၁ နှစ်အရွယ် ဖြစ်သည်။ နှိုင်းယှဉ်လေ့လာမှုစာပေကို လေ့လာနေသော ဘွဲ့လွန် ကျောင်းသူတစ်ဦး ဖြစ်သည်။ ထိုအချိန်က သူသည် မြောက်ကာရိုလိုင်နာတက္ကသိုလ် (UNC) တွင် ကွန်ပျူတာသိပ္ပံဌာနန၌ အချိန်ပိုင်း အလုပ်လုပ်နေ၏။ သူ၏ အလုပ်မှာ သူတို့တက္ကသိုလ်၏ လက်တွေ့ခန်းများသို့ ရောက်ရှိလာကြသော ဧည့်သည်ဟူသမျှကို ကြိုဆိုဧည့်ခံရသည့် ဧည့်ကြိုအလုပ် ဖြစ်သည်။ ဧည့်သည်သည် နိုဗဲလ်ဆုရ ပညာရှင်ကြီးပင်ဖြစ်ဖြစ်၊ အမျိုးသမီး စကောက်တပ်ဖွဲ့ဝင်ကလေးတွေပင် ဖြစ်ဖြစ် ကြိုဆိုဧည့်ခံရမည်မှာ ဂျေး၏အလုပ် ဖြစ်ပါသည်။ ထိုနေ့က ဂျေးသည် ကျွန်တော့်အား ကြိုဆိုဧည့်ခံရမည့် တာဝန်ကျလေသည်။

ဂျေးသည် ယခင်နှစ် နွေရာသီက အော်လန်ဒိုတွင် ကျင်းပသော ကွန်ပျူတာဂရပ်ဖစ် ညီလာခံတွင် ကျွန်တော် စကားပြောသည်ကို မြင်ခဲ့ဖူးသည်။ နောက်မှ သူပြောပြသည်မှာ ထိုညီလာခံနောက်ပိုင်းတွင် ကျွန်တော့်ဆီအထိလာပြီး သူ့ကိုယ်သူ မိတ်ဆက်ပေးရန် စဉ်းစားခဲ့သေးသည်ဟူ၏။ သို့ရာတွင် သူတစ်ကြိမ်မျှ ပေါ်မလာပါ။ ကျွန်တော် UNC တက္ကသိုလ်သို့ လာလိမ့်မည်။ သူက ကျွန်တော့်ကို ကြိုဆိုဧည့်ခံရမည်ဟု သိရသည့်အခါ သူသည် ကျွန်တော့်အကြောင်းကို ပိုမိုပြည့်စုံစွာ သိနိုင်ရန် ကျွန်တော့် ဝက်ဘ်ဆိုက်ထဲမှာ လိုက်ရှာသည်။ သူသည် ကျွန်တော်၏ ပညာရေးဆိုင်ရာ အရည်အချင်းကို လိုက်ရှာရင်း ကျွန်တော်နှင့် စပ်ရာ (ဂျင်းနဲ့ ကိတ်မုန့် အိမ်ဆောက်ခြင်းနှင့် အပ်ချုပ်ဝါသနာလည်း ပါတတ်သည် ဆိုသော) ထူးထူးဆန်းဆန်း သတင်းအချက်အလက်များကိုပါ တွေ့သွားသည်။ အသက်ဘယ်အရွယ်ရှိပြီး ဇနီးမယားသော်လည်းကောင်း၊ ရည်းစားသော် လည်းကောင်း ဖော်ပြထားခြင်း မရှိ။ သို့ရာတွင် ကျွန်တော်၏ တူ၊ တူမများ၏ ဓာတ်ပုံများကတော့ တစ်လှေကြီးပါပဲတဲ့။ ကျွန်တော့်ဝက်ဘ်ဆိုက်မှာ သူတွေ့ရသည်။

သူက ကျွန်တော်ဟာ တကယ်တော်ပြီး စိတ်ဝင်စားစရာကောင်းသူဖြစ်မည်ဟု ထွက်သည်။ ကွန်ပျူတာသိပ္ပံ အသိုင်းအဝန်းထဲက သူ့သူငယ်ချင်းများထံဖုန်းဆက် မေးကြည့်မိလောက်အောင်ပင် သူစိတ်ဝင်စားသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရန်ဒီပေါက်ရှိအကြောင်း သိသလား၊ သူက အခြောက်လားဟင်'

သို့နှယ် မေးသည့်အခါ သူ့အား မဟုတ်ကြောင်း ဖြေကြသည်။ ကျွန်တော်သည် ဘယ်တော့မှ အတည်မယူသည့် အပျော်ကြံသမားတစ်ဦး ဖြစ်ကြောင်းလည်း သူ့အား ပြောပြကြသည်။

ဂျေး အနေနှင့်ကား အိမ်ထောင်ကျဖူး၏။ သူ၏ ကောလိပ်ကျောင်းသားရည်းစားနှင့် ခဏတာမျှသာ အိမ်ထောင်ကျခဲ့ခြင်း ဖြစ်သည်။ နောက်တော့ လင်မယားချင်း ကွာရှင်းလိုက်ကြသည်။ ကလေးမရခဲ့။ သူသည် နောက်ထပ် အလေးအနက်ထား၍ စဉ်းစားရမှာကို ကြောက်နေသော 'ခဲမှန်ဖူးသော စာသူငယ်' ဖြစ်နေပေသည်။

ကျွန်တော်သည် ထိုတက္ကသိုလ်သို့ ရောက်သွားသည့် နေ့၌ သူနှင့်တွေ့တွေ့ချင်းမှာပင် သူ့ကို စိုက်ကြည့်နေမိကြောင်း ကိုယ့်ဘာသာ သတိထားမိသည်။ သူသည် အလှမယ်တစ်ပါးပင်။ ထိုနေ့က သူ၏ ရှည်လျားသော ဆံပင်သည် လှပကြော့ရှင်းနေ၏။ သူ့အပြုံးမှာ အဓိပ္ပာယ်အများကြီး ဆောင်နေသည်။ သူ၏ နွေးထွေးမှုကိုရော မခိုးမခံ့ အမူအယာကိုပါ ဖော်ပြနေသည်။ ကျွန်တော့်အား လက်တွေ့ခန်းတစ်ခုသို့ ခေါ်သွားသည်။ ကျောင်းသားများက သူတို့ဖန်တီးထားသော တချို့ယယ် ရီယယ်လတီ ပရောဂျက်ကို သရုပ်ပြမည်။ ယင်းကို ကျွန်တော် ကြည့်နိုင်ရန် ခေါ်သွားခြင်းဖြစ်သည်။ ကျွန်တော်သည် ဂျေးက ထိုအခန်းထဲတွင် ရပ်နေသဖြင့် ကျောင်းသားများအပေါ် အာရုံစူးစိုက်ဖို့ အခက်တွေ့နေခဲ့လေသည်။

မကြာလိုက်ပါချေ။ ကျွန်တော်သည် ဣန္ဒြေမဆောင်နိုင်ဘဲ ချစ်မှုချစ်ဟန်တွေကို အတင်းကာရော ပြမိနေချေတော့ပြီ။ လုပ်ငန်းသဘောအရလည်း မတွေ့မဖြစ် တွေ့နေရသည့် အခင်းအကျင်းမျိုး ဖြစ်နေရာ ကျွန်တော်သည် သင့်တင့်လျောက်ပတ်ရုံမျှ မဟုတ်တော့ဘဲ မျက်လုံးချင်း အကြိမ်ကြိမ်ဆုံအောင်ပြုမိတော့သည်။ နောင်အခါတွင် ဂျေးက ပြောသည်။ 'မောင်ဟာ တွေ့တဲ့ မိန်းမတိုင်းကို အဲဒီလိုပဲ ကြည့်တတ်သလား၊ ဒါမှမဟုတ် ကျွန်မ တစ်ယောက်တည်းကိုပဲ ဒီလိုကြည့်တာလားလို့ ဝေခွဲမရ ဖြစ်မိခဲ့တယ်' ယုံပါမေရယ်၊ တစ်ယောက်ဆို တစ်ယောက်တည်းသာပါကွယ်။

ထိုနေ့က တစ်နေရာတွင် ဂျေးသည် ကျွန်တော်နှင့်အတူ ထိုင်၍ UNC ကို ဆော့ဖ်ဝဲတွေ ယူလာဦးမလားဟု မေးသည်။ ထိုအချိန်ကမူ ကျွန်တော်သည်



သူ့အပေါ်သာ အာရုံရောက်နေ၏။ ကျွန်တော်သည် ထိုညတွင် တက္ကသိုလ်က တရားဝင် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရမည်ဖြစ်သည်။ ညစာစားပွဲအပြီးတွင် ကျွန်တော်နှင့်အတူတူ တစ်ခုခု စားသောက်နိုင်ပါမည်လားဟု မေးသည့်အခါ သူက သဘောတူသည်။

ညစာစားချိန်တွင်လည်း ကျွန်တော် ကိုယ့်စိတ်ကို တည်ငြိမ်အောင် လုပ်၍ မရပါ။ ကျွန်တော့်စိတ်မှာ သည်ပါမောက္ခကြီးတွေ အမြန်သာ ဝါးမြိုချလိုက်ပါတော့ဟု ကျိတ်ဆုတောင်းနေမိသည်။ ကျွန်တော် အချိုတည်းမည့် အစားအစာများကို မမှာတော့ပါဘူးဟုလည်း သူတို့အားလုံးအား ပြောခဲ့ရသည်။ ကျွန်တော်သည် ည ၈ နာရီခွဲတွင် ညစာစားပွဲမှ ထွက်လာကာ ဂျေးထံ ဖုန်းဆက်သည်။

ကျွန်တော်တို့နှစ်ယောက်သည် ဝိုင်အရက် ရောင်းချရာ စားသောက်ခန်းတစ်ခုသို့ သွားကြသည်။ တကယ်တော့ ကျွန်တော်သည် သောက်တတ်သူကားမဟုတ်။ ကျွန်တော့်စိတ်မှာ သံလိုက်ဓာတ်အဆွဲခံလိုက်ရသလို သည်အမျိုးသမီးနှင့် မခွဲတမ်းသာ အတူတကွ နေလိုက်ချင်စမ်းတော့ဟူသော ခံစားချက်မျိုး တစ်မုဟုတ်ချင်း ဝင်လာသည်။ ကျွန်တော်သည် နောက်မနက်တွင် လေယာဉ်ဖြင့် အိမ်ပြန်ဖို့ စီစဉ်ထားပြီး ဖြစ်သော်လည်း နောက်နေ့တွင် ကျွန်တော်နှင့်အတူ လျှောက်လည်နိုင်မည်ဆိုပါက ကျွန်တော် မူလအစီအစဉ်ကို ပြောင်းလိုက်ပါမည်ဟု သူ့အား ပြောသည်။ သူကလည်း ခေါင်းညိတ်ခဲ့လေရာ ကျွန်တော်တို့သည် အလွန်ပျော်စရာကောင်းသော အချိန်ကလေး ရခဲ့ကြလေသည်။

ပစ္စဘတ်သို့ ပြန်ရောက်ပြီး နောက်ပိုင်းတွင် ကျွန်တော်သည် သူ့ထံသို့ မိုင်ပေါင်းများစွာ ဝေဟင်လေယာဉ်စီး၍ အကြိမ်ကြိမ်သွားရောက်ခဲ့၏။ သူ့ကိုလည်း ကျွန်တော်ထံ လာလည်ပါဦးဟု ဖိတ်မန္တက ပြုခဲ့သည်။ သူသည် ကျွန်တော့်အပေါ် ညွှတ်နေကြောင်းကား ပေါ်လွင်နေသည်။ သို့ရာတွင် သူက ကြောက်နေသည်။ ပါမောက္ခကြီး ဟူသော ကျွန်တော်၏ ဂုဏ်ဒြပ်ကိုလည်း ကြောက်၊ သူ ကျွန်တော့်ကို တကယ်ချစ်မိသွားမှာလည်း ကြောက်နေသည့်သဘော ဖြစ်သည်။

ကျွန်မ မလာတော့ပါဟု သူ အီးမေးလ် ပို့သည်။ 'ကျွန်မ အကြိမ်ကြိမ် အထပ်ထပ် စဉ်းစားကြည့်ပြီးပါပြီ၊ ကျွန်မတို့ချင်း နောင် ကာလရှည်ကြာအောင် ဆက်ဆံသွားရမည့် ဆက်ဆံရေးမျိုးကို ကျွန်မ ရှာနေသည် မဟုတ်၍ ဝမ်းနည်းပါသည်'ဟု သူ အီးလ်မေးလ်တွင် ရေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ငါးစာကို ဟပ်မိလေပြီ။ ဤတံတိုင်းသည် ငါ ကျော်ဖြတ်၍ ရနိုင်လောက်သော တံတိုင်းဖြစ်သည်ဟု ကျွန်တော် တွေးသည်။ ကျွန်တော် သူ့ထံသို့ အီးမေးလ်တွေ အထပ်ထပ်ပို့ကာ ကဒ်တစ်ခုကိုလည်း ပို့လိုက်သည်။

'မင်းရဲ့ ဆုံးဖြတ်ချက်ကြောင့် ကိုယ့်မှာ အကြီးအကျယ် စိတ်ဆင်းရဲရသော်လည်း မင်းရဲ့ ဆုံးဖြတ်ချက်ကို လေးစားပါသည်၊ အကောင်းဆုံး ဖြစ်ပါစေလို့ ဆုတောင်းရုံမှအပ အခြားဆုတောင်းစရာ မရှိပါ၊ ရန်ဒီ ' ဟူ၍ ထိုကဒ်ပြားတွင် ဖော်ပြပါရှိရာ ချက်တည့်သွားသည်ဟု ဆိုရမည်။ ဂျေး လေယာဉ်ပေါ်ရောက်လာခဲ့လေသည်။

ကျွန်တော်သည် ကုမရသော အချစ်ရူးသော် လည်းကောင်း၊ ကိုယ်လိုရာရအောင် လုပ်နိုင်လျှင် ဘယ်နည်းနှင့် လုပ်လုပ် ထိုနည်းသည် မှန်၏ ဟူသော မက်ကီယာဗဲလန် ဝါဒသမား သော်လည်းကောင်း တစ်ယောက်ယောက်ကား ဖြစ်မည် ဟူသည်ကိုလည်း ကျွန်တော် ဝန်ခံပါ၏။ သို့ရာတွင် ကျွန်တော့်ဘဝထဲမှာ သူရောက်လာစေချင်သောကြောင့်သာ ပြုရခြင်း ဖြစ်ပါ၏။ အကယ်၍ သူသည် ကျွန်တော့်ထံမှ ပုန်းရှောင်ပြေးမည် ဆိုသော်တောင်မှလည်း ကျွန်တော်က သူ့ကို ချစ်မိနေခဲ့ပြီ ဖြစ်ပါသည်။

ကျွန်တော်တို့သည် စနေ၊ တနင်္ဂနွေနေ့တိုင်းမှာလိုပင် တစ်ဦးနှင့် တစ်ဦး တွေ့လာခဲ့ကြသည်မှာ ဆောင်းရာသီသို့တိုင် ဖြစ်ပါသည်။ ကျွန်တော်၏ တုံးတိ ပြောတတ်သော အကျင့်၊ အရာရာ ငါသိပါတယ် ဟူသော စိတ်ဓာတ်တို့ကို ဂျေးသည် ရင်ခုန်ခြင်း မရှိပါသော်လည်း သူတွေ့ဖူးသမျှ ယောက်ျားတို့တွင်တော့ ကျွန်တော်ဟာ အပြုသဘော စိတ်ဓာတ်အရှိဆုံး၊ အတော်ဆုံးသူတစ်ဦး ဖြစ်ကြောင်းကား ပြောလေသည်။ သူက သို့နှယ် ကျွန်တော်၏ ကောင်းသော အရည်အချင်းများကို ထုတ်ဖော်ပြနေသည်။ ကျွန်တော်ကလည်း အခြားအရာတို့ထက် သူ၏ ကောင်းကျိုးချမ်းသာနှင့် ရွှင်လန်းချမ်းမြေ့မှုကို ဦးစားပေး စဉ်းစားနေမိတော့သည်။

နောက်ဆုံးတွင် ကျွန်တော်က သူ့အား ပစ္စဘတ်ကို ရွှေ့လာပါလားဟု ပြောသည်။ သူ့အား စေ့စပ်ကြောင်းလမ်းခြင်း လက်စွပ်တစ်ကွင်း ပေးသည်။ သို့ရာတွင် သူသည် ယခုတိုင် ကြောက်နေဆဲ ဖြစ်ကြောင်း၊ ထိုကြောက်စိတ်ကပင် လျှင် သူ့အား အရှုံးအမှုး ဖြစ်သွားစေနိုင်ကြောင်း ကျွန်တော်သိသည်။ ထို့ကြောင့် ကျွန်တော် အတင်း ဖိအားမပေး။ သူကလည်း ပထမအဆင့်အနေဖြင့် ပစ္စဘတ်



သို့ ရွှေ့လာကာ သူ့ဘာသာ ကိုယ်ပိုင်အခန်းလေး ရှာနေရန် သဘောတူလေသည်။

ဧပြီလ ရောက်သောအခါ ကျွန်တော်သည် UNC တွင် သိတင်းတစ်ပတ်ကြာမျှ သုတေသန ကျောင်းသားများအား သင်ကြားပို့ချမှုပြုရန်အတွက် စီစဉ်စရာရှိသည်များကို စီစဉ်သည်။ ထို သွားရောက်သင်ကြားပို့ချမည့် အစီအစဉ်ကြောင့် ကျွန်တော် သူ့ပစ္စည်းပစ္စယများကို ကူညီ၍ သိမ်းဆည်း ထုပ်ပိုးပေးနိုင်မည်။ ကျွန်တော်အပြန်တွင် သူ့ပစ္စည်းတွေကို ကားပေါ်တင်ဆောင်ပြီး ပစ္စဘတ်သို့ ခေါ်လာနိုင်မည် ဖြစ်သည်။

ချက်ပဲလ်ဟီးလ်သို့ ရောက်သွားသောအခါ ဂျေးက ပြောစရာရှိတာ ပြောကြဖို့တော့ လိုမည်ဟု ပြောသည်။ သူသည် ယခင် သူ့ကို မြင်တွေ့ခဲ့ရသည်ထက် ပို၍ အလေးအနက်ထား စဉ်းစားနေပုံပေါ်နေသည်။

'ကျွန်မ ပစ္စဘတ်ကို မလာနိုင်တော့ဘူး၊ ဝမ်းနည်းပါတယ်' ဟု သူက ပြောသည်။

ဘာအတွေးတွေများ သူ့ခေါင်းထဲ ရောက်သွားပါလိမ့်။ မလာနိုင်တော့သည့် အကြောင်းကိုလည်း ရှင်းပြပါဦးဟု သူ့အား ပြောပါသည်။

သူ့အဖြေက 'ဒီနည်းနဲ့ ဘယ်တော့မှ ဖြစ်မှာမဟုတ်ပါဘူး'တဲ့။ ဘာကြောင့်တုန်းဟု မေးသည့်အခါ 'ကျွန်မလေ၊ ကျွန်မ ရှင်ချစ်စေလိုတဲ့ နည်းမျိုးနဲ့ မချစ်နိုင်လို့ပါ'ဟု ဖြေသည်။ ပိုလေးနက်သွားအောင် ဆက်ပြီး ပြောသေးသည်။ 'ကျွန်မ ရှင့်ကို မချစ်ဘူး'

ကျွန်တော်သည် တုန်လှုပ်ချောက်ချားသွား၏။ အသည်းလည်း ကွဲပါလေတော့သည်။ အရိုက်ကို အထိုးခံလိုက်ရဘိသကဲ့သို့ ရှိတော့သည်။ သူ ဘာကယ် ပြောတာကော ဟုတ်ပါရဲ့လား။

ကျွန်တော်တို့ နှစ်ယောက်၏ မြင်ကွင်းမှာ အတော့်ကို ကသိကအောက်ဖြစ်သော မြင်ကွင်းဖြစ်ပါသည်။ သူလည်း ဘယ်လိုခံစားရမည်မသိ။ ကျွန်တော်လည်း ဘယ်လို ခံစားရမည်မသိ။ ဟိုတယ်ကို ကားဖြင့် အမြန်ပြန်ပြေးမှ ဖြစ်တော့မည်။

'မင်း ကိုယ့်ကို ကားမောင်းပို့ပေးနိုင်မလား၊ ဒါမှ မဟုတ် ကိုယ် တက္ကစီ ခေါ်လိုက်ရမလား'

www.burmeseclassic.com

www.burmeseclassic.com



သူက ကားမောင်းပို့ပါသည်။ ကျွန်တော်တို့ ဟိုတယ်ရောက်သည့်အခါ ကျွန်တော်သည် သူ့အိတ်ကြီးထဲမှ ကျွန်တော့် အိတ်ကို မျက်ရည်မကျအောင် ဆည်ရင်း ဆွဲထုတ်သည်။ တစ်ချိန်တည်းမှာပင် စိတ်ကြီးဝင်ခြင်း၊ အကောင်းမြင်ခြင်းနှင့် လုံးဝ စိတ်အပျက်ကြီးပျက်ခြင်းတို့ ဖြစ်လို့ရစတမ်းဆိုပါလျှင် ကျွန်တော်သည် ထိုအတိုင်း ဖြစ်ပြလိုက်မည် ထင်၏။ ဤသို့ ပြောပစ်လိုက်မည် ထင်သည်။

'ကြည့်စမ်း၊ ကိုယ်က ငါပျော်ရွှင်မှုရအောင် လုပ်မယ်၊ တကယ် ရင်ထဲအသည်းထဲက ချစ်ပြီး မင်းနဲ့အတူ ပျော်ရွှင်မယ်ဆိုပြီး ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ကိုယ်ဟာ မင်းနဲ့အတူ ပျော်ရွှင်ဖို့ရာ မဖြစ်နိုင်တော့ဘူးဆိုရင် မင်းမပါဘဲ မင်းမရှိတော့ဘဲ ပျော်ရွှင်မှုကို ရအောင်ရှာမယ်'

ဟိုတယ်သို့ ရောက်သောအခါ တစ်နေ့လုံးနီးပါး ကျွန်တော့်မိဘများထံ ဖုန်းဆက်နေခြင်းဖြင့်ပင် အချိန်ကုန်သည်။ သူတို့အား ကျွန်တော် မကြာသေးမီကလေးကမှ ဝင်ဆောင့်မိခဲ့သော အုတ်တံတိုင်းအကြောင်းကို ပြောပြသည်။ မိဘများ၏ အကြံပေးချက်ကား မယုံနိုင်လောက်စရာပေတည်း။

'ကြည့်လေကွာ' ကျွန်တော့်ဖခင်က ပြောပါသည်။ 'ခု သိရသမျှ သူ့အပြုအမူအတိုင်းဆိုရင်တော့ သူဟာ သူ့စကားနှင့် သူ့အပြုအမူ ရှေ့နောက် မညီဘူးကွာ၊ အဖေစိတ်ထင်တော့ သူတကယ်ပြောတာ မဟုတ်နိုင်ဘူး၊ မင်းက သူ့ကို သူ့ဟိုမှာရှိတာတွေကို အကုန်သိမ်းဆည်း အစဖျောက်ပြီး မင်းနဲ့အတူ ခိုးရာလိုက်ဖို့ပြောတော့ သူ့စိတ်ထဲမှ ဝေခွဲမရ ဖြစ်မယ်၊ အလွန်လည်း ကြောက်သွားလိမ့်မယ်၊ အေးကွာ သူဟာ မင့်ကို တကယ်ချစ်တာ မဟုတ်ရင်တော့ ဒီမှာတင် ပြည်ဖုံးကားချပြီပေါ့၊ အကယ်၍ သူဟာ မင့်ကို တကယ်ပဲ ချစ်တယ်ဆိုရင် နောက်ဆုံး ချစ်မေတ္တာက အနိုင်ရသွားမှာပဲကွ'

ကျွန်တော် ဘာလုပ်သင့်သလဲဟုလည်း မိဘများကို မေးပါသည်။

မေမေက 'မင်း သူ့ကို ချစ်တယ်ဆိုရင် သူ့ကို ဖေးမ ကူညီပေါ့ကွာ'ဟု ပြောပါသည်။

ထို့ကြောင့် ကျွန်တော်သည် မေမေ့စကားအတိုင်း လိုက်နာသည်။ ကျွန်တော် ထိုသီတင်းပတ်တွင် ကျောင်းသားများအား သင်ကြားပြသသည်။ ဂျေး၏ ခန်းမအထက်မှ ရုံးခန်းထဲမှာပင် အချိန်ဖြုန်းသည်။ သို့ပင်ဖြစ်သော်လည်း ကျွန်တော်သည် သူများ အဆင်မှပြေပါ့မလားဟု သူ့ထံသို့ နှစ်ခါလောက် သွားကြည့်သေးသည်။



'မင်း ဘယ်လိုနေသလဲဆိုတာ သိချင်ရုံသက်သက်ပါ၊ ကိုယ်ကူညီနိုင်တဲ့ဟာမျိုးရှိရင်လည်း သိပါရစေ'ဟု သူ့အား ပြောပါသည်။

တစ်ရက် နှစ်ရက် ကြာသောအခါ ဂျေးက ဖုန်းဆက်သည်။ 'ရန်ဒီရယ်၊ ကျွန်မ ဒီမှာထိုင်ရင်း ရှင့်ကို လွမ်းနေတယ်၊ ရန်ဒီများ ဒီနားမှာရှိရင် ကောင်းမှာပဲလို့ စိတ်ထဲမှာ ဆန္ဒဖြစ်မိတယ်၊ ဒီလိုဖြစ်ခြင်းဟာ အဓိပ္ပာယ်တစ်ခုခု ဆောင်တယ်နော်၊ ဟုတ်တယ် မဟုတ်လား'

ဂျေးသည် အမှန်အတိုင်း သိသွားသည်။ တကယ်တော့ သူသည် ချစ်နေသည်တကား။ ဤတစ်ကြိမ်လည်း ကျွန်တော့် မိဘများသည် ကျွန်တော့်အတွက် လိုအပ်ရာကို လုပ်ပေးလိုက်နိုင်ပြန်ပေပြီ။ ချစ်မေတ္တာက အနိုင်ရသွားလေသည်။ သီတင်းတစ်ပတ် အကုန်မှာပင် ဂျေးသည် ပစ္စဘတ်သို့ ရွှေ့လာခဲ့သည်။

တံတိုင်းဆိုသည်မှာ တစ်ခုသော အကြောင်းကြောင့်သာ ရှိနေခြင်းဖြစ်သည်။ တံတိုင်းများက တစ်စုံတစ်ခုကို ကျွန်တော်တို့ အဘယ်မျှ ပြင်းပြင်းထန်ထန် လိုချင်နေကြောင်းကို ပြသရန် အခွင့်အလမ်း ပေးထားခြင်းသာ ဖြစ်လေသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၇

## နတ်သမီးပုံပြင်တိုင်း ပျော်ရွှင်စွာ ဇာတ်မသိမ်း

ဂျေးနှင့် ကျွန်တော်တို့သည် ပစ္စဘတ်မြို့ရှိ ထင်ရှား ကျော်ကြားလှသော ဝိတိုရိယခေတ် အိမ်ကြီး၏ မြက်ခင်းပြင်မှ နှစ် ၁၀၀ သက်တမ်းရှိသော ဝက်သစ်ချပင်ကြီးအောက်တွင် လက်ထပ်ခဲ့ကြသည်။ မင်္ဂလာပွဲကတော့ ကြီးကြီးကျယ်ကျယ်ကြီး မဟုတ်ပါ။ မင်္ဂလာပွဲသေးကလေးမျှသာ။ သို့ရာတွင် ကြီးကျယ်သော ရိုမန်တစ်အရေးအသားများကို ကြိုက်သည်။ ထို့ကြောင့် ဂျေးနှင့် ကျွန်တော်တို့သည် ကျွန်တော်တို့၏ မင်္ဂလာပွဲကို ထူးခြားသော အသွင်တစ်မျိုးနှင့် ထွက်ကြရန် သဘောတူကြသည်။

ကျွန်တော်တို့သည် ညစ်ခံပွဲနေရာသို့ ကားနောက်ဘက် ဘန်ပါမှ သံဘူးတွေ တချိုးချိုး တချွမ်းချွမ်း ရိုက်ခတ်သည့် အသံများကြားနေရမည့် ကားဖြင့် မသွားကြ။ မြင်း ကသော ရထားကိုလည်း မစီး။ မြင်းရထားကြီးကို မစီးဘဲ ကျွန်တော်တို့သည် ရောင်စုံခြယ်သထားသည့် လေပူဖောင်းကြီးကို စီးကြသည်။ ထိုလေပူဖောင်းကြီးသည် ကျွန်တော်တို့အား ဆတ်ကနဲ ခါယမ်း လှုပ်ရှားကာ ဟိမ်တိုက်တွေကြားအထိ သယ်ဆောင်သွား၏။ မိတ်ဆွေသင်္ဂဟများနှင့် သူတို့၏ သားသမီးများက မင်္ဂလာခရီး သာယာချမ်းမြေ့ပါစေသတည်း ဟူသော ဆုများတောင်း၍ လက်ပြနှုတ်ဆက်ကြပါသည်။ ဘယ်မျှ ဇာတ်ပုံရိုက်ဖို့ ကောင်းသည့် အခိုက်အတန့်ကလေးပါနည်း။

ကျွန်တော်တို့ ပူဖောင်းကြီးထဲသို့ ဝင်သွားသောအခါ ဂျေးသည် ပြုံးရွှင်ကလေးသမ်းနေသည်။ 'ဒစ္စနေးရုပ်ရှင်ရဲ့ နတ်သမီးပုံပြင်ထဲက ဇာတ်သိမ်းခန်းလိုပဲနော်'ဟု ဂျေးက ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပူဖောင်းသည် တက်သွားရာ တက်သွားရာလမ်းမှ သစ်ကိုင်းများကို တိုက်သွားသည်။ ဟင်ဒင်ဘာ့ဂ် ပျက်စီးခန်းလိုမျိုးတော့ကား မဟုတ်ပါ။ သို့ရာတွင် နားထဲမှာတော့ နားထောင်ကောင်းသည့် အသံမျိုး မဟုတ်ပါ။

'ကိစ္စမရှိပါဘူး'ဟု ပူဖောင်းကို မောင်းနှင်ပျံသန်းမည့်သူက ပြောပါသည်။ (သူ့ကို ပူဖောင်းသမားဟု ခေါ်ပါသည်။) 'သစ်ကိုင်းတွေတိုးတိုက်သွားလို့တော့ အများအားဖြင့် ဘာမှ မဖြစ်တတ်ပါဘူး' ဟု ထိုသူက ဆက်ပြောပါသည်။

အများအားဖြင့်တဲ့လား။

ကျွန်တော်တို့သည် မူလ အချိန်ဇယားထက် အနည်းငယ်နောက်ကျပြီးမှ တက်လာခဲ့ရခြင်း ဖြစ်သည်။ ပူဖောင်းသမားက မှောင်လာတော့ အခက်အခဲများ ရှိနိုင်သည်ဟု ပြောသည်။ ထို့အပြင် လေကြောင်းပြောင်းသွားခဲ့ပြီ။ 'ကျွန်တော်တို့ သွားလိုရာကို သွားအောင် ကျွန်တော် မထိန်းနိုင်ဘူး၊ ကျွန်တော်တို့ဟာ လေပြုသမျှ နေရမယ့် အခြေအနေ ဖြစ်နေတယ်၊ ဒါပေမဲ့လည်း အဆင်တော့ပြေမယ် ထင်ပါတယ်'ဟု ပူဖောင်းသမားက ပြောပါသည်။

ပူဖောင်းသည် ပစ္စဘတ်မြို့ပေါ်မှာ ပျံသန်းနေသည်။ ဤမြို့၏ ထင်ရှားကျော်ကြားလှသော မြစ်သုံးမြစ် အပေါ်တွင် ရှေ့တိုးလိုက် နောက်ဆုတ်လိုက်ဖြင့် ပျံသန်းနေခြင်း ဖြစ်သည်။ တကယ်တော့ ပူဖောင်းရောက်ရှိနေသော နေရာမှာ ပူဖောင်းသမား ရောက်ရှိစေချင်သောနေရာ မဟုတ်ပေ။ သူ စိတ်ပူနေသည်ကို ကျွန်တော် မြင်နေရသည်။ 'ဒီကောင်ကို ဆင်းခိုင်းရမယ့် နေရာကလည်း မရှိဘူး' ဟု သူက ပြောသည်။ သူပြောပုံမှာ သူ့ဘာသာသူ ပြောနေပုံမျိုး ဖြစ်နေသည်။ ပြီးလျှင် ကျွန်တော်တို့အား ပြောသည်။ 'ကျွန်တော်တို့တော့ ကြည့်နေရုံပဲရှိမှာပဲ'

ကျွန်တော်သည် အောက်မှ ကွင်းပြင်ကို ကြည့်လိုက်သည်။ ကွင်းပြင်မှာ အတန်ကျယ်ပါသည်။ သို့ရာတွင် ကွင်းပြင်၏ အဆုံးတွင် မီးရထားသံလမ်းကို မြင်နေရသည်။ မီးရထား လာနေသည်။ မီးရထားကိုလည်း မြင်လိုက်ရော ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် သတ္တိသားဆိုတာကိုပင် မေ့သွားတော့သည်။ သတ္တိသား မဟုတ်တော့ဘဲ အင်ဂျင်နီယာ ဖြစ်သွားသည်။ ပူဖောင်းသမားကို ကျွန်တော် လှမ်းပြော၏။

'ဆရာကြီး၊ ကျွန်တော်တော့ ဒီမှာ ကိန်းရှင်တစ်ခုကို တွေ့မိတယ် ထင်တယ်'



'ကိန်းရှင်၊ အဲဒါဟာ မင်းတို့ ကွန်ပျူတာသမားတွေက ပြဿနာကို ခေါ်တဲ့ စကားလား'

'ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်တို့ မီးရထားနဲ့ တိုက်မိရင် ဘယ့်နှယ်လုပ်မလဲ'

သူက ရိုးသားစွာပင် ဖြေပါ၏။ ကျွန်တော်တို့ ပူဖောင်း၏ ခြင်းထဲတွင် ရောက်နေသည်။ ခြင်းက မီးရထားကို သွားတိုက်နိုင်သည့် ဖြစ်နိုင်ခြေမှာ အလွန်နည်းလှပါသည်ဟု ပြောပါသည်။ သို့ရာတွင် ပူဖောင်းကြီးက ရောမ ပူဖောင်းကြီး (စာအိတ်ကြီးဟု ခေါ်သည်။) ဖြစ်နေခြင်းကပင်လျှင် အန္တရာယ်က ရှိနေပြီဖြစ်သည်။ ထိုပူဖောင်းကြီးသည် ကျွန်တော်တို့ မြေကြီးနှင့် ထိမိချိန်၌ မီးရထားသံလမ်းပေါ်သို့ ကျသွားနိုင်မည့် အန္တရာယ်ရှိနေခြင်း ဖြစ်သည်။ အရှိန်နှင့် မောင်းလာသော မီးရထားသည် ထိုစာအိတ်ကြီးနှင့် ဝင်တိုးပြီး ငြိသွားပါက ကျွန်တော်တို့သည် ခြင်းအတွင်း၌ ဒရွတ်တိုက်ဆွဲခံရပြီး ရောက်ရမည်မဟုတ်သော ကြိုး၏ တစ်ဖက်စသို့ ရောက်သွားနိုင်သည်။ ထိုသို့ ဖြစ်ခဲ့ပါလျှင် ခန္ဓာကိုယ်မှာ အကြီးအကျယ် ထိခိုက်မည်ဟု မဆိုသာသော်လည်း ဖြစ်မည်ဆိုလျှင် ဖြစ်လို့ရနိုင်သည့် အနေရှိသည်။

'ဒီပူဖောင်းကြီး မြေကြီးနဲ့ သွားတိုက်မိပြီဆိုရင် ခြေကုန်သုတ်ပြီးသာ ပြေးပေတော့'ဟု ပူဖောင်းသမားက ပြောသည်။ ဤစကားမျိုးမှာ မိမိတို့၏ မင်္ဂလာဆောင်နေ့မှာ ကြားရလိမ့်မည်ဟု သတို့သားအများစုတို့ စိတ်ကူးထဲ ထည့်မထားမိသော စကားမျိုး ဖြစ်သည်။ တိုတိုပြောရလျှင် ဂျေးသည် ဒစ္စနေရုပ်ရှင်ထဲက မင်းသမီးကလေးအဖြစ် မည်သို့မျှ စိတ်ကူး၍ မရတော့ပေ။ ကျွန်တော်ကလည်း သဘာဝဘေးအန္တရာယ်ကို ရိုက်ပြသည့် ရုပ်ရှင်ထဲမှ ဇာတ်လိုက်အဖြစ် ကိုယ့်ကိုယ်ကိုယ် မြင်ထားလိုက်ပေပြီ။ ဘေးအန္တရာယ်ဆိုးကြီးကျရောက်တော့မည့် အခြေအနေသည် ထင်ရှားစွာ ဖြစ်ပေါ်လာသည့်အခါမျိုးတွင် ငါသည် ဂျေးကို ဘယ်လို ကယ်ရပါ့မလဲ၍သာ စဉ်းစားနေမိတော့သည်။

ကျွန်တော်သည် ပူဖောင်းသမား၏ မျက်လုံးကို ကြည့်မိသည်။ ကျွန်တော်သည် ကိုယ့်မှာမရှိသော ကျွမ်းကျင်မှုမျိုး ရှိသူတို့အပေါ်၌ မကြာခဏ အမှီအထား ပြုမလုရှိပေရာ ဤကိစ္စတွင် ထိုပူဖောင်းသမားသည် မည်သို့သော အနေအထားမျိုး ရှိမည်ကို ရှင်းရှင်းလင်းလင်း သိချင်နေသည်။ သူ့မျက်နှာကို ကြည့်လိုက်သည့်အခါ စိုးရိမ်ပူပန်မှုမျှလောက်သာ မဟုတ်။ တုန်လှုပ်ချောက်ချားမှု အသေးစား

www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုပါ တွေ့နေရသည်။ ဂျေးကို ကြည့်လိုက်သည်။ ကျွန်တော်တို့သည် ယ… အထိတော့ ကျွန်တော်တို့၏ မင်္ဂလာလက်ထပ်ပွဲအတွက် ပျော်ခဲ့ကြပြီတကား။

ပူဖောင်းသည် ဆင်းနေပြီဖြစ်သည်။ ပူဖောင်းအောက်သို့ ဆင်းနေခိုက်တွင် ကျွန်တော်သည် တို့ ဘယ်လောက်မြန်မြန် ခြင်းထဲကထွက်ပြီး ပြေးမှ အသက်ဘေး… မှ လွတ်နိုင်မည်ကို တွက်ကြည့်နေ၏။ ပူဖောင်းသမားကတော့ သူ့ဘာသာသူ ထိန်းနိုင်ကောင်းရဲ့ဟု တွေးကြည့်သည်။ မထိန်းများ မထိန်းနိုင်လျှင်ကား။ ကျွန် တော်သည် ဂျေးကို အရင်ဆုံး ဆုပ်ကိုင်ထားမိသည်။ ကျွန်တော် သူ့ကိုချစ်သည် လေ။ ပူဖောင်းသမားကိုကား။ ကျွန်တော် ခုန သူ့ကိုတွေ့ရပြီးပြီ မဟုတ်လော။

ပူဖောင်းသမားသည် ပူဖောင်းထဲက လေတွေကို ထွက်သွားအောင် လုပ်နေ… သည်။ သူသည် သူဆွဲလို့ရနိုင်သည့် လီဗာဟူသမျှကို ဆွဲသည်။ သူသည် တစ်နေရာ ရာသို့ အမြန် ဆင်းချင်နေပြီ။ ထိုအချိန်တွင်ကား အရှိန်နှင့် မောင်းလာသော ရထားကို တိုက်မိဖို့ထက် အနီးအနားမှ အိမ်များကို တိုက်မိဖို့က ပိုများနေပေ… သည်။



**လေပူဖောင်းပျံအတွင်းသို့ မဝင်မီ**

ကွင်းထဲသို့ ထိုးကျလိုက်သောအခါ ကျွန်တော်တို့ ဝင်နေသည့် ခြင်းသည် မြေပြင်နှင့် ပြင်းထန်စွာ တိုက်မိလေသည်။ အကြိမ်အနည်းငယ်မျှ ခုန်ဆွခုန်… ဖြစ်နေပြီးနောက် အလျားလိုက် ရွေ့လျားသွားသည်။ စက္ကန့်ပိုင်းအတွင်း လေလျော့ သွားသည့် ပူဖောင်းကြီးသည် မြေပြင်ပေါ်သို့ ဖြန့်ကျက်လိုက်သလို ဖြစ်သွား… သည်။ သို့ရာတွင် ကံကောင်းသည်ဟု ဆိုရမည်။ ပြေးနေသော ရထားနှင့် လွတ်သွား…



၏။ ထိုအချိန်မှာပင် အနီးအနားရှိ ဟိုင်းဝေးလမ်းမပေါ်မှ လူများသည် ကျွန်တော် တို့ မြေပြင်သို့ ဆင်းလာသည်ကို မြင်တွေ့ကြ၍ သူတို့၏ ကားများကို ရပ်ထားခဲ့ပြီး ကူညီရန် ကျွန်တော်တို့ဆီသို့ ပြေးလာကြသည်။ ကြည့်လို့တော့ အတော်ကောင်း သည့် မြင်ကွင်းပေပင်။ ဂျေးမှာ မင်္ဂလာဝတ်စုံကြီးနှင့်။ ပူဖောင်းကြီးကလည်း ပျက်စီးလို့။ တော်ပါသေးရဲ့ ပူဖောင်းသမား ဘာမှမဖြစ်။

ကျွန်တော်တို့သည် အတော်ကလေး ကြောက်လန့်သွားသည်။ ပူဖောင်းကျ မည့် နောက်သို့ မြေပြင်ပေါ်မှ လိုက်လာသည့် ကားထဲတွင် ကျွန်တော့်သူငယ်ချင်း ဂျက်လည်း ပါသည်။ ကျွန်တော့်ဆီသို့ သူရောက်လာသောအခါ သေမင်းနှင့် တွေ့လုနီးအခြေအနေကြုံပြီးမှ ဘေးမသီ ရန်မခသည့် ကျွန်တော်တို့ကို တွေ့လိုက် ရ၍ သူ ဝမ်းသာသွားသည်။

ပျက်ကျခဲ့သော ပူဖောင်းကြီးကို ပူဖောင်းသမား၏ ထရပ်ကားပေါ်သို့ တင်နေစဉ် ကျွန်တော်တို့သည် နတ်သမီး ပုံပြင်လို ပျော်စရာအခါမျိုးမှာပင် အန္တရာယ်နှင့် မကင်းပါကလားဟု တွေးမိရင်း ပုံမှန်အခြေအနေပြန်ရောက်အောင် အချိန်အတန်ကြာ စောင့်ရသေးပေသည်။ ထို့နောက် ဂျက်က ကျွန်တော့်အား အိမ်ကို ပြန်ပို့ပေးမည်ဖြစ်စဉ် ပူဖောင်းသမားသည် ကျွန်တော်တို့ထံ ခပ်သုတ်သုတ် လှမ်းလာသည်။ 'နေဦး၊ နေဦး' ဟု သူက လှမ်းတားသည်။ 'မင်းတို့ မင်းတို့ မင်္ဂလာပစ္စည်း မှာထားသေးတယ် မဟုတ်လား၊ ဟောဒီမှာ ရှန်ပိန်ပုလင်းလေ'ဟု ပြောပါသည်။ သူသည် သူ၏ ထရပ်ကားထဲမှ ပုလင်းတစ်လုံးကို ထုတ်၍ ပေးလိုက်ရင်း ကွန်ဂရက်ကျူလေးရှင်းဟု ပြောလိုက်ပါသည်။

ကျွန်တော်တို့လည်း အားမရှိသော အပြုံးနှင့် ပြုံးပြီး ကျေးဇူးတင်ကြောင်း ပြောလိုက်ရပါသည်။ ကျွန်တော်တို့၏ မင်္ဂလာဦးနေ့တွင် မှောင်ရီသမ်းခဲ့ပုံပါ တည်း။ သို့ရာတွင် ကျွန်တော်တို့သည် အန္တရာယ်ကတော့ ကျော်လွှားလွတ်မြောက် ခဲ့ပါပေ၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၈

## အရာရာတိုင်း ပြင်ဖို့မလို

ကျွန်တော်တို့ ညားကာစ တစ်ခုသော နွေးထွေးသော နေ့တွင် ကျွန်တော်သည် ကာနက်ဂီမယ်လွန် တက္ကသိုလ်သို့ လမ်းလျှောက်သွားသည်။ ဂျေးက အိမ်မှာ ကျန်ရစ်သည်။ ကျွန်တော်သည် ဤနေ့ကို ကောင်းကောင်းမှတ်မိနေသည်မှာ ကျွန်တော်တို့ မိသားစုတွင် ဂျေးက ဒရိုင်ဘာတစ်ယောက်တည်းနှင့် ကားနှစ်စီးကို တိုက်အောင် လုပ်နိုင်သည့်နေ့ ဟူ၍ ကျော်ကြားခဲ့သော နေ့ဖြစ်နေသောကြောင့် ဖြစ်ပါ၏။

ကျွန်တော်တို့၏ ဗင်ကားသေးကလေးသည် ကားဂိုဒေါင်ထဲတွင် ရှိနေ၏။ ကျွန်တော်၏ ဗောက်စဝက်ဂွန် အမိုးဖွင့်ကားမှာ လမ်းပေါ်တွင်ရှိနေသည်။ ဂျေးသည် လမ်းပေါ်၌ အခြားကားတစ်စီးရှိနေသည်ကို သတိမထားမိဘဲ ဗင်ကားလေးကို ဆွဲထုတ်လိုက်သည်။ ထိုအခါ 'ဒုန်း ဒုန်း' ဟူသော အသံများနှင့် တိုက်မိကုန်တော့သည်။

နောက်ဖြစ်လာသော ဖြစ်ရပ်များက သာဓကပြနေသည်မှာလည်း ကျွန်တော်တို့သည် တစ်ခါတစ်ရံ အိုင်လပ်ဖ် လူစီ ဇာတ်လမ်းထဲမှာလို ဘဝမှာ နေနေကြရသည့်နှယ် ဖြစ်နေ၏။ ဂျေးသည် ရစ်ကီဘာဘာလူးကလပ်က ပြန်လာသောအခါ ဘယ်လိုပြောပြရပါလိမ့်ဟူ၍ တစ်နေ့လုံး တွေးပူနေသည်။

သူသည် ထိုသတင်းကို ပြောပြနိုင်ရန်အတွက် ဘာမှ ပြောစရာမရှိသော အခြေအနေတစ်ရပ်ကို ဖန်တီးပြောဆိုလျှင် အကောင်းဆုံးဖြစ်မည်ဟု တွေးသည်။ ကားနှစ်စီးစလုံး ကားဂိုဒေါင်ထဲမှာ ရှိနေသည်။ ကားဂိုဒေါင်တံခါးက ပိတ်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ပြောမည်ဟု ဂျေးက စိတ်ကူးထားသည်။ ကျွန်တော် အိမ်ပြန်ရောက်လာသောအခါ ဂျေးသည် မျက်နှာ ခါတိုင်းနှင့်မတူ အချိုကြီး ချိုနေသည်။ အလုပ်ထဲမှာ ဘယ်လိုလဲ အဆင်ပြေရဲ့ မဟုတ်လား စသည်ဖြင့် မေး၏။ သူသည် ငြိမ့်ညောင်းသော တေးဂီတသံကိုလည်း ဖွင့်လိုက်သည်။ ကျွန်တော် အကြိုက်ဆုံး အစားအစာကိုလည်း စီမံထားသည်။ ဂါဝန်ပါးကိုလည်း ဝတ်ထားသည်။ သူသည် ပြစ်မျိုးမှုမထင်သော ချစ်ဖော်တစ်ယောက်ဟု ဆိုရလောက်လေအောင် အစွမ်းကုန်ကြိုးစားထားခြင်း ဖြစ်ပါပေသည်။

အလွန်ကောင်းလှသော ညစာစားပြီးလုနီး ရောက်ချိန်တွင်မှ သူက ပြောပါသည်။ 'ရန်ဒီ၊ ကျွန်မ မောင့်ကို ပြောစရာရှိတယ်၊ ကျွန်မလေ ကားတစ်စီးကို နောက်ကားတစ်စီးနဲ့ တိုက်ပစ်မိတယ်'

ဘယ်လိုဖြစ်တာတုန်းဟု ကျွန်တော်က မေးပါသည်။ ဘာတွေ ပျက်စီးသွားသည်ဆိုတာကိုလည်း ပြောပြခိုင်းပါသည်။ အဆိုးရွားဆုံး ပျက်စီးသွားတာကတော့ ကျွန်တော့် အမိုးဖွင့်ကားဖြစ်သည်။ သို့ရာတွင် နှစ်စီးစလုံးမှာ မောင်း၍ရဆဲဖြစ်သည်ဟု သူက ဖြေပါသည်။ 'ကားဂိုဒေါင်ထဲသွားပြီး ကားတွေကို ကြည့်ချင်လား မောင်' ဟုလည်း မေးပါသည်။

'မကြည့်တော့ပါဘူး၊ ညစာပြီးအောင်ပဲ စားကြပါစို့ကွာ' ဟု ကျွန်တော်က ပြောလိုက်သည်။

သူသည် အံ့အားသင့်သွားသည်။ ကျွန်တော် စိတ်မဆိုးပါ။ စိတ်ပူပန်ပုံပင် ပြမိခဲ့သည် မထင်ပါ။ နောက်တော့ သူ သိသွားသည်။ ကျွန်တော် သူ့ကို ဤသို့ တုံ့ပြန်ခဲ့နိုင်ခြင်းမှာ ကျွန်တော့်အား မွေးကျွေးစောင့်ရှောက်လာခဲ့ပုံ၊ ပြုပြင်သွန်သင်ပေးခဲ့ပုံပေါ်မှာ အခြေတည်နေပါကလား ဟူ၍ ဖြစ်ပါသည်။

ညစာစားပြီးသောအခါ ကျွန်တော်တို့ ကားများကို သွားကြည့်ကြသည်။ ကျွန်တော် ပခုံးတွန့်ရုံမျှသာ တွန့်ပြလိုက်သည်။ ဂျေး တစ်နေကုန် စိတ်ပူနေခဲ့ရသမျှသည် ယခုမှ ပြေပျောက်သွားပုံကို ကျွန်တော် မြင်တွေ့လိုက်ရပေသည်။ 'မနက်ဖြန် မနက်ကျတော့ ပြင်ဆင်စရိတ် ဘယ်လောက်ကုန်မယ်ဆိုတာ ခန့်မှန်းတွက်ကြည့်ပါ့မယ်'ဟု ဂျေးက ပြောသည်။

ကျွန်တော်က မလိုပါဘူးဟု ပြောလိုက်သည်။ အပိန့်အချိုင့်တွေလည်း ကိစ္စမရှိပါ။ ကျွန်တော့်မိဘများက ကျွန်တော့်အား မွေးကျွေး သွန်သင်ခဲ့သည်မှာ



ကားဟူသည် တစ်နေရာမှ တစ်နေရာသို့ သယ်ဆောင်ပေးရန် အတွက်မျှသာ ဖြစ်ပါသတဲ့။

အသုံးချရသည့် ပစ္စည်းမျိုးသာ ဖြစ်ပါသတဲ့။ ကားပိုင်သူ၏ လူမှုရေး အဆင့်အတန်းကို ပြသသည့်အရာမျိုး မဟုတ်ပါတဲ့။ ထို့ကြောင့် ကျွန်တော်က ဂျေးကို ပြောလိုက်ပါသည်။ ပကာသနအတွက် အလှဆင်သည့် ပြင်ဆင်မှုမျိုးလည်း မလိုပါဘူးကွာဟု ပြောလိုက်ခြင်း ဖြစ်ပါသည်။ 'တို့ အဲဒီကား အပိန့်အချိုင့်၊ ဒဏ်ရာစင်းတွေနဲ့အတိုင်း နေသွားကြတာပေ့ါကွာ'

ဂျေးကမူ နည်းနည်းတုန်လှုပ်သွားသည်။ 'ဒီကား အပိန့်အချိုင့်ကြီးနဲ့ လျှောက်ပတ်သွားနေမှာလားဟင်'ဟု မေးပါသည်။

'အေးလေ၊ မင်းက ကိုယ့်ရဲ့ တချို့အယူအဆတွေကျတော့ လက်ခံလို့ရမယ် မထင်ဘူး၊ တို့ပိုင်တဲ့ ပစ္စည်းဝတ္ထု နှစ်ခုစလုံး ပျက်စီးသွားတာကိုတောင် စိတ်မဆိုးဘူးဆိုတဲ့ အပိုင်းကိုတော့ မင်းက လေးစား တန်ဖိုးထားမှာပေ့ါ၊ ဒါပေမဲ့ အဲဒါရဲ့ တခြားတစ်ဖက်မှာရှိတဲ့ ကိုယ့်ရဲ့ ယုံကြည်ချက်က ပစ္စည်းဝတ္ထု တစ်ခုဟာ သူလုပ်ရမည့် အလုပ်တာဝန်ကို လုပ်ဆောင်ပေးနေသမျှ ပြင်စရာမလိုဘူးဆိုတဲ့ အယူအဆဖြစ်တယ်၊ ကားနှစ်စီးစလုံးက မောင်းလို့ ရနေတာပဲ၊ မောင်းလို့ရရင် မောင်းရုံပဲ ရှိတာပေ့ါကွာ' ဟု သူ့အား ပြောပြပါသည်။

ကျွန်တော်၏ ဤအယူအဆက ကျွန်တော်သည် ခပ်ကြောင်ကြောင်ဖြစ်ကြောင်း ပြချင်လည်း ပြနေပေမည်။ သို့ရာတွင် ကျွန်တော်တို့သည် အမှိုက်ပုံးဖြစ်စေ၊ အမှိုက်သယ် လက်တွန်းလှည်းဖြစ်စေ၊ အပိန့်အချိုင့် ဖြစ်သွားမည့် အခါမျိုးတွင် မည်သူမျှ အမှိုက်ပုံးသစ်၊ လက်တွန်းလှည်းသစ်ကို မဝယ်ကြပါ။ အဘယ့်ကြောင့် ထိုသို့ မပြုကြနည်းဆိုသော် အမှိုက်ပုံးနှင့် လက်တွန်းလှည်းတို့သည် သူတစ်ပါးတို့အား ကျွန်တော်တို့၏ လူမှုရေးအဆင့်အတန်းပြရာ ဆက်သွယ်ရေး ပစ္စည်းအဖြစ် သုံးကြသည် မဟုတ်သောကြောင့်သာ ဖြစ်နိုင်ပေသည်။ ဂျေးနှင့် ကျွန်တော်တို့ အဖို့မှာကား ကျွန်တော်၏ ကားပိန်သည် ကျွန်တော်တို့၏ အိမ်ထောင်ရေးကို ဖော်ပြသည့် ဖော်ပြချက်တစ်ခု ဖြစ်နေပေသည်။ အရာရာတိုင်း ပြင်ဖို့လိုသည် မဟုတ်ပါ။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၉

## နှစ်သစ် ဇာတ်လမ်း

ဆိုးနေသော အရာတစ်ခုသည် ဘယ်လောက်ပင် ဆိုးသည်ဆိုစေ ထိုထက်ဆိုးအောင်လည်း လုပ်ပစ်နိုင်သည်။ တစ်ချိန်တည်းမှာပင် ဆိုးတာကို ကောင်းအောင်လုပ်နိုင်သည့် စွမ်းအားမှာလည်း ကျွန်တော်တို့ လက်တွင်းမှာပင် ရှိနေပါသည်။ ထိုသင်ခန်းစာကို ကျွန်တော်သည် ၂၀၀၁ ခုနှစ်၏ နှစ်ဟောင်းကုန်ဆုံး နှစ်သစ်အကြိုနေ့တွင် ကောင်းကောင်းရခဲ့သည်။

ထိုစဉ်က ဂျေးသည် ကိုယ်ဝန်နှင့်။ ဒီလန်လေး၏ ကိုယ်ဝန်ကို လွယ်ထားသည်မှာ ခုနစ်လ ရှိနေပေပြီ။ ကျွန်တော်တို့သည် ၂၀၀၂ ခုနှစ်ကို တိတ်ဆိတ်သောညဥ့် အိမ်မှာ ဒီဗွီဒီအခွေကြည့်ရင်းဖြင့် ကြိုဆိုကြဖို့ လုပ်နေသည်။

ရုပ်ရှင်ကား စ၍ မကြာလိုက်သေးပါ။ ဂျေးက 'ရေမြွှာတော့ ပေါက်ပြီထင်တယ်'ဟု ပြောလိုက်ပါသည်။ သို့ရာတွင် ကျလာသည်မှာကား ရေမဟုတ် သွေးတွေဖြစ်နေသည်။ တစ်မှုဟုတ်ချင်းဆိုသလိုပင် သွေးများသည် မတရား ထွက်ကျလာသည်။ အရေးပေါ် လူနာတင်ကားခေါ်ဖို့ အချိန်မရလောက်တော့ကြောင်း ကျွန်တော်သိသည်။ ပစ္စဘတ်မြို့မှ မက်ဂီ အမျိုး သမီးဆေးရုံသည် မိုးနီကို အမှုမထားဘဲဖြတ်သွားမည်ဆိုလျှင် (အမှန်တကယ်လည်း ကျွန်တော်မီးနီကို ဖြတ်မောင်းခဲ့သည်။) နေအိမ်မှ ကားနှင့် လေးမိနစ်မောင်းခရီး ဖြစ်ပါသည်။

ကျွန်တော်တို့အရေးပေါ် လူနာခန်းသို့ ရောက်သွားသောအခါ ဆရာဝန်များ သူနာပြုများနှင့် အခြားဆေးရုံဝန်ထမ်းများသည် အကြောဆေးများ နားကြပ်များနှင့် အာမခံပုံစံများနှင့်အတူ ရောက်ချလာပါသည်။ အချင်းသည် သားအိမ်

www.burmeseclassic.com

www.burmeseclassic.com



နံရံမှ ပြုတ်ထွက်သွားသည်ဟု ချက်ချင်းပင် ဆုံးဖြတ်ကြသည်။ အချင်းက ထိုသို့သော အခြေအနေမျိုးသို့ ရောက်နေပေရာ သန္ဓေသားကို အသက်ရှင်ရေးအတွက် အထောက်အပံ့ပြုပေးနေသည့် အရာသည် မရှိတော့သည့်သဘောပင် ဖြစ်သည်၊ ဆရာဝန်များအဖို့ ဤအခြေအနေသည် ဘယ်မျှ အရေးကြီးသည်ဟု လူနာရှင်အား ပြောဖို့လိုမည် မဟုတ်ပါ။ ဂျေး၏ ကျန်းမာရေးနှင့် ကျွန်တော်တို့ ကလေးငယ်ကလေး အသက်နှင့် ပါလာရေးသည် အန္တရာယ်များသည့် အခြေအနေသို့ ရောက်နေပါသည်။

ကိုယ်ဝန်သည် သီတင်း တစ်ပတ် နှစ်ပတ်မက ချောချောမောမော အခြေအနေမျိုးသို့ မရောက်သေး။ ဝမ်းထဲမှ ကလေး၏ ကန်ကျောက်မှုမျိုးကိုလည်း ဂျေးမှာ မခံစားရ။ ကိုယ်အလေးချိန်လည်း ပုံမှန်ပြန်မရောက်နိုင်ဖြစ်နေသည်။ ဤမျှ အရေးကြီးနေသော အခြေအနေတွင် သည်အတိုင်းနေ၍တော့မဖြစ်၊ သူတို့၏ လက်ရှိဆေးဝါး ကုသစောင့်ရှောက်မှုပေးနေပုံကို ခပ်တင်းတင်းပြောတော့မှပဲဟု တွေးကာ နောက်ထပ် အာလ်ထရာဆောင်း ရိုက်ကြည့်ပါဦးဟု ပြောရတော့သည်၊ ထိုသို့ အာလ်ထရာဆောင်း ရိုက်ကြည့်တော့မှာပင် ဂျေး၏ အချင်းသည် ထိထိရောက်ရောက် အလုပ်မလုပ်တော့ကြောင်း ဆရာဝန်များ သိကြတော့သည်၊ ကလေးသည် ကြီးထွားခြင်း မရှိတော့ချေ။ ထို့ကြောင့် ဆရာဝန်များသည် ကလေး၏ အဆုတ်များ ဖွံ့ထွားလာရေးအတွက် လှုံ့ဆော်အားပေးနိုင်ရန် ဂျေးအား အသက်ကယ် အားဆေးထိုးပေးကြသည်။

စိတ်ပူစရာ အလွန်ကောင်းလှပေသည်။ ယခုသော် ဤအရေးပေါ် လူနာခန်း၌ အခြေအနေသည် ပို၍ စိုးရိမ်ဖွယ် ဖြစ်လာသည်။

'ရှင့်မိန်းမ သွေးလန့် သွားတော့မယ့် အခြေအနေ ရှိနေတယ်'ဟု သူနာပြု တစ်ဦးက ပြောသည်။ ဂျေးသည် အလွန် ကြောက်နေ၏။ သူ့မျက်နှာတွင် အထင်းသား ပေါ်လွင်နေသည်ကို ကျွန်တော်တွေ့မြင်ရသည်။ ကျွန်တော်ကကော မကြောက်ဘူးလော။ ကြောက်သည်ပင်။ သို့ရာတွင် ကျွန်တော့်မှာ ခေါင်းအေးအေး ထားနိုင်အောင် ကြိုးစားနေရသည်။ ထိုသို့ ခေါင်းအေးအေးထားနိုင်မှသာလျှင် အခြေအနေကို သုံးသပ်နိုင်မည် မဟုတ်ပါလော။

ကျွန်တော် ကျွန်တော့်ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ နှစ်သစ်အကြိုနေ့၏ ည ၉ နာရီ၊ သေချာသည်။ ဤဆေးရုံရှိ ဝါရင့်ဆရာဝန်ကြီးများ၊ သူနာပြုများ



မှန်သမျှ နှစ်သစ်အကြိုညအတွက် ထွက်သွားကုန်ကြလေပြီ။ ဆေးရုံတွင်ရှိမည့် ဆရာဝန် ဆရာမများသည် ခ အသင်း အဆင့်မျိုးသာ ဖြစ်ပေလိမ့်မည်။ ထိုသို့သော ဆရာဝန် ဆရာမများသည် ကျွန်တော့်ကလေးနှင့် ဇနီးကို ကယ်ဆယ်ပေးရမည့်အလုပ်မျိုးကို လုပ်နိုင်လောက်သည့် အရည်အချင်းမျိုးကော ရှိပါမည်လော။

သို့ရာတွင် မကြာလိုက်ပါချေ။ ထိုဆရာဝန်များနှင့် သူနာပြုဆရာမများကို ကျွန်တော် အထင်ကြီး လေးစားရပေတော့သည်။ ထိုဆရာဝန် ဆရာမများသည် ဒုတိယတန်းအဆင့်လောက်သာရှိသော ဆရာဝန် ဆရာမများ ဖြစ်ကြသည်ဆိုပါက အလွန့်အလွန် တော်ကြပါပေသည်ဟု ဆိုရပါပေမည်။ သူတို့သည် ရေကြီးသုတ်ပျာနှင့် အပူတပြင်းဆောင်ရွက်ကြသည်။ သို့ရာတွင် အလွန်အေးဆေးတည်ငြိမ်လှ၏။ ရေကြီးသုတ်ပျာနှင့် အေးဆေးတည်ငြိမ်ခြင်းတို့ကို ရောစပ်လုပ်ကိုင်သွားကြပုံကား အံ့ဘနန်းပါတည်း။ သူတို့ကြည့်ရသည်မှာ ခြေမကိုင်မိ လက်မကိုင်မိမျိုး ဘာမှမဖြစ်။ သူတို့သည် လုပ်စရာရှိတာကို ဘယ်လို ထိရောက်ကောင်းမွန်စွာ လုပ်သွားရမည်ကို သိထားသည့်ပုံမျိုးဖြင့်သာ ဆောင်ရွက်သွားကြပေသည်။ သူတို့ပြောလိုက်လျှင်လည်း မှန်တာတွေချည်း ဖြစ်လေတော့သည်။

အရေးပေါ် ဗိုက်ခွဲပေးဖို့ ခွဲစိတ်ခန်းထဲသို့ အမြန်ခေါ် ဆောင်လာသည့်အခါ ဂျေးက ဆရာဝန်များကို မေးသည်။ 'အခြေအနေမကောင်းဘူး မဟုတ်လားဟင်'

ဆရာဝန်၏ တုံ့ပြန် အဖြေပေးလိုက်ပုံကို ကျွန်တော် အတော်သဘောကျမိသည်။ 'ကျွန်တော်တို့ တကယ်ပဲ ထိတ်ထိတ်ပျာပျာ ဖြစ်နေတယ်ဆိုရင် ခင်ဗျားကို အာမခံပုံစံတွေ လက်မှတ်ထိုးခိုင်းနေတော့ပါမလားဗျာ'တဲ့။ ဆရာဝန်က ဂျေးကို ပြန်ဖြေခြင်း ဖြစ်ပါ၏။ ကျွန်တော်တို့လက်ရှိ ကြုံနေရသော အချိန်မျိုးတွင် ဤအဖြေမျိုးသည် အင်မတန် လျော်ကန် သင့်မြတ်သော အဖြေ ဖြစ်ပါပေသည်။ 'ကျွန်တော်တို့က အဲဒါမျိုးတွေနဲ့ ဘယ်မှာ အချိန်ဖြုန်းနေမလဲဗျ' ဟု ဆရာဝန်က ဆက်ပြောပါသည်။ ဆရာဝန်ပြောတာ မှန်ပေသည်။ ဂျေးသည် ဘာမဟုတ်သည့် ဆေးရုံစာရွက်စာတမ်းတွေကိုပဲ ထပ်ခါတလဲလဲ လက်မှတ်ရေးထိုးနေရခြင်းသည် လူနာများ၏ ပူပန်သောကကို ပြေလျော့စေချင်သောကြောင့် ဤသို့ပြုခိုင်းလေသလောဟု ကျွန်တော် ထင်ခဲ့သည်။

သို့ရာတွင် မည်သို့ပင်ဖြစ်စေ ဂျေး မေးလိုက်တာ ကောင်းပါ၏။ သို့နောက် မေ့ဆေးဆရာဝန်သည် ကျွန်တော့်အား သူ့ဘေးနားသို့ ခေါ် ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ၊ ခင်ဗျားတော့ ကနေ့ည အလုပ်တစ်ခုရတော့မယ်'ဟု သူက ပြောသည်။ 'အဲဒီအလုပ်ကို လုပ်နိုင်မယ့်လူကလည်း ခင်ဗျား တစ်ယောက်တည်းသာ ရှိတယ်၊ ခင်ဗျားမိန်းမ သွေးလန့်တော့မယ့်အခြေအနေ ရောက်နေပြီ၊ သူအဲဒီလိုဖြစ်သွားရင် ကျွန်တော်တို့ ကုပေးလို့တော့ ရပါတယ်၊ ဒါပေမဲ့ အလွယ်နဲ့တော့ ကုပေးလို့ရမှာ မဟုတ်ဘူး၊ ဒါကြောင့် ခင်ဗျား က သူ့ကို စိတ်အေးအေးထားနိုင်အောင် လုပ်ပေးပါ၊ ခင်ဗျား ကျွန်တော်တို့နဲ့အတူ ရှိနေပြီး သူ့ကို ထိန်းပေးစေချင်တယ်'

ယောကျ်ားတိုင်းလိုလို မိမိတို့၏ဇနီး ကလေးမွေးသည့်အခါ မိမိတို့လုပ်ပေးရမည့် အခန်းကဏ္ဍ တကယ်ပဲရှိသလိုလို ဟန်ဆောင်ပန်ဆောင် ပြုချင်ကြသည်။ 'အသက်ရှူလိုက်၊ ရှူလိုက်၊ ဟုတ်ပြီ၊ အသက်ဆက်ရှူထား၊ ဆက်ရှူထား၊ ဟုတ်ပြီ' စသဖြင့် ပြုတတ်ကြ၏။ ကျွန်တော့်ဖခင်ကမူ ထိုသို့သော အစဉ်အလာ ပေးထားသည့်အတိုင်း ပြုရသည့် ယဉ်ကျေးမှုမျိုးကို ရယ်စရာကောင်းသည်ဟု ထင်ပေသည်။ အဘယ့်ကြောင့် ဆိုသော် သူ၏ ပထမဦးဆုံးကလေး မွေးဖွားနေချိန်၌ ဖခင်သည် အပြင်ထွက်၍ ချိစ်ဘာဂါစားနေသောကြောင့်တည်း။

သို့ရာတွင် ယခုသော်ကား ကျွန်တော်သည် ကျွန်တော့်ဇနီး မီးဖွားမည့်အချိန်တွင် တကယ်လုပ်ရမည့် အလုပ်ကို အပေးခံရလေပြီ။ မေ့ဆေးဆရာဝန်သည် တည့်တည့်ပဲ ပြောတတ်သူ ဖြစ်သည်။ 'ခင်ဗျားမိန်းမကို ခင်ဗျားက ဘာပြောပေးရမယ်ဆိုတာတို့ အဲဒီစကားကို ဘယ်လိုပြောရမယ် ဆိုတာတို့ကို ကျွန်တော်လည်း မပြောတတ်ဘူး' ဟု ပြောပါသည်။ 'ဘယ်လိုပြောမှ ကောင်းမယ်ဆိုတာကို ခင်ဗျား ဘာသာ စဉ်းစားဖို့ ကျွန်တော် ခင်ဗျားကိုပဲ ယုံပုံပြီး လွှဲလိုက်ရတော့မှာပဲ၊ ခင်ဗျား မိန်းမ ထိတ်လန့်လာတယ်ဆိုရင်တော့ အစွန်းလိုနေရာတွေနားမှာ မသီပါစေနဲ့'

ဆရာဝန် ဆရာမများသည် ဗိုက်ခွဲခြင်းကို စတင် လုပ်ကြပေပြီ။ ကျွန်တော်က ဂျေး၏ လက်ကို တင်းကျပ်နိုင်သမျှ တင်းကျပ်စွာ ကိုင်ပေးထားရသည်။ ဘာတွေလုပ်၍ ဘာတွေ ဖြစ်နေသည်ကို ကျွန်တော် မြင်နေရ၏။ ဂျေးကမူ မမြင်ရနိုင်ချေ။ ဘာတွေဖြစ်နေသည်ကို ဖြစ်နေသည့်အတိုင်း အေးဆေးတည်ငြိမ်စွာနှင့် သူ့ကို ပြောပြမှုပဲဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။ ကျွန်တော် သူ့ကို အမှန်အတိုင်း ပြောပြသွားရပေမည်။



သူ့နှုတ်ခမ်းများသည် ပြာနှမ်းနှမ်းဖြစ်နေသည်။ သူသည် တဆတ်ဆတ်တုန်နေ၏။ ကျွန်တော်က သူ့ခေါင်းကို ပွတ်ပေးပြီး သူ့လက်ကလေးကို ကျွန်တော့်လက်နှစ်ဖက်နှင့် ကိုင်ထားလိုက်သည်။ တစ်နည်းအားဖြင့် ခွဲစိတ်မှုလုပ်နေသည်။ ဘာမှ မကြောက်နှင့် ဟူသော သဘောကိုပြဖို့ ကြိုးစားလိုက်ခြင်း ဖြစ်ပါသည်။ ဂျေးကလည်း တော်ပါသည်။ ကျွန်တော်နှင့်မခွဲရအောင် စိတ်အေးအေးနှင့် သတိမလစ်ဘဲ နေနိုင်အောင် ကြိုးစားပါပေ၏။

'ကလေးကို မြင်ရပြီဟေ့၊ ကလေးထွက်လာပြီ'ဟု ကျွန်တော်က ပြောသည်။

မျက်ရည်တွေသာ ကျနေပေရာ ဂျေးသည် အခက်ခဲဆုံးမေးခွန်းကို မေးနိုင်စွမ်းမရှိ။ သို့ရာတွင် ကျွန်တော့်မှာ အဖြေက အသင့်ရှိပါ၏။

'ကလေး လှုပ်ရှားနေတယ်ကွ'

ထို့နောက်တွင်ကား ကျွန်တော်တို့၏ သားဦးကလေး ဒီလန်သည် ယခင်က မကြားဖူးသေးသော အသံမျိုးဖြင့် 'အူဝဲ' ဟူ၍ ငိုကြွေးလိုက်ပါတော့သည်။ သေနာလေး။ သူနာပြုဆရာမများ ပြုံးရယ်ကြသည်။ 'အဲ၊ လှတယ်တော့' မည်သူကမှန်းမသိ၊ တစ်ဦးဦးက ပြောလိုက်သည်။ နေ့စေ့လစေ့နှင့် မဟုတ်ဘဲ မွေးဖွားသော ကလေးများသည် အမိဝမ်းမှ ခြေလက်အင်္ဂါတို့ စထွက်သော် မိခင်ကို အများဆုံး ဒုက္ခပေးတတ်သည်။ သို့ရာတွင် သေးတွေဘာတွေပန်းပြီး အူဝဲသံ တည်ညံနှင့် မွေးလာသော ကလေးများမှာ တိုက်ခိုက်ရေးသမား ဖြစ်ကြသည်။ ထိုကလေးမျိုးသည် ဒေါင်ဒေါင်မြည် ကျန်းမာတတ်ကြသည်။

ဒီလန်သည် ကိုယ်အလေးချိန် နှစ်ပေါင် နှင့် ၁၅ အောင်စသာ ရှိသည်။ သူ့ဦးခေါင်းသည် ဘေ့စ်ဘော အရွယ်အစားမျှလောက်သာ ရှိ၏။ သို့ရာတွင် ကံကောင်းသည်မှာ သူသည် သူ့ဘာသာ အသက်ရှူနိုင်ခြင်းဖြစ်သည်။

ဂျေးသည် စိတ်တွေအလွန်လှုပ်ရှားနေခဲ့ရာမှ စိတ်သက်သာရာရလာသည်။ သူပြုံးလိုက်သောအခါ ပြာနေသော သူ့နှုတ်ခမ်းများသည် အပြာရောင် ကွယ်ပျောက်သွားပြီး နဂိုရောင်သို့ ပြန်ရောက်နေပြီဖြစ်ကြောင်း ကျွန်တော် တွေ့ရသည်။ ကျွန်တော်သည် သူ့အတွက် အလွန်ဂုဏ်ယူမိသည်။ သူ၏ သတ္တိကား အံ့လောက်ဖွယ်ပင်။ ကျွန်တော်က သူ့ကို သွေးလန့်ပြီး ရှော့ ဖြစ်မသွားအောင် ပြုနိုင်ခဲ့ပေ၏လော မပြောတတ်တော့ပါပေ။ သို့ရာတွင် ကျွန်တော်သည် သူနှင့်ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



မခွဲအတူရှိနေစေဖို့အတွက် တတ်နိုင်သမျှ ကျွန်တော် ကြိုးစား၍ ဖြစ်နိုင်ရာရာကို ပြောခဲ့ လုပ်ခဲ့၊ တွေးခဲ့သည်ကတော့ အမှန်ဖြစ်ပေသည်။ ကျွန်တော်သည် ထိတ်ထိတ်ပျာပျာနှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်မသွားအောင် ကြိုးစားခဲ့သည်။ ထိုသို့ ပြုနိုင်ခြင်းကလည်း အထောက်အကူ ဖြစ်စေနိုင်ခဲ့သည်ထင်၏။

ဒီလန်အား ဖွားကင်းစကလေးများကိုထားသည့် အထူးကြပ်မတ်ကုသဆောင်သို့ ပို့လိုက်ကြသည်။ ကျွန်တော်သည် ဤအခါတွင်မှ ထိုအဆောင်တွင် မိမိတို့၏ မွေးကင်းစကလေးများကို ပို့ထားရသည့် မိဘများကို ဆရာဝန် ဆရာမများက အထူးဂရုစိုက်၍ စိတ်မပူပါနှင့်၊ ဘာမှ မဖြစ်ပါဘူး စသော အာမခံချက်စကားများကို ပြောပေးဖို့ လိုပါကလားဟု သိရပါတော့သည်။ မက်ဂီဆေးရုံတွင် ဝေးကွာလှသော အရာနှစ်ခုကို ဆက်သွယ်ပေးသည့် အလုပ်မျိုးကို တစ်ပြိုင်နက် လုပ်ပေး နိုင်ကြ၏။ အံ့ဖွယ်ကောင်းလှသည်။ မိဘများကို ၁။ ရှင်တို့ကလေးက သူများနဲ့ မတူ၊ အထူးဆိုတော့ သူ့ကိုပေးဖို့လိုတဲ့ ဆေးတွေကလည်း ဘယ်ဟာနဲ့မှ မတူဘူး ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ၂။ မပူပါနဲ့။ ကျွန်မတို့ ဒီဆေးရုံမှာ မွေးပေးလာခဲ့ကြတာ ကလေးတွေ သန်းနဲ့ချီနေပါပြီ ဟူ၍ စကားတွေ အများကြီးနှင့် ပြောပြကြသည်။

ဒီလန်အား အသက်ရှုစေရန် အသက်ရှုပေးသည့်စက် မလိုခဲ့ပါ။ သို့ရာတွင် ကလေးသည် အဆင်းလမ်းသို့ ရောက်သွားနိုင်သည် ဟူသော ပြင်းထန်သည့် စိုးရိမ်စိတ်သည် တစ်နေ့ထက် တစ်နေ့ တိုး၍ ကျွန်တော်တို့မှာ ဖြစ်နေရဆဲဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ မိသားစုသည် နှစ်ယောက်မှ သုံးယောက် မိသားစု ဖြစ်လာခြင်း အထိမ်းအမှတ်ပွဲလုပ်ဖို့ စောလွန်းနေသေးမလားဟု တွေးနေကြရသည်။ ကျွန်တော်နှင့် ဂျေးတို့ ဆေးရုံသို့ နေ့တိုင်း ကားနှင့်သွားကြသည်။ ထိုသို့သွားကြသည့်အခါတိုင်း ကျွန်တော်တို့နှုတ်က ပြောမထွက်သော ကိုယ်စီအတွေးများ ရှိနေကြသည်။ 'တို့ ဟိုရောက်သွားရင် တို့သားကလေး အသက်မှ ရှိပါဦးမလား' ဟူသော အတွေးဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်တော်တို့ ဆေးရုံသို့ ရောက်သွားကြသည်။ ဒီလန်ကလေးထားရာ ကလေးပုခက်ကလေးကို မတွေ့ရတော့ပေ။ ဂျေးသည် စိတ်ထိခိုက်သွားပြီး ပြိုလဲလုမတတ် ဖြစ်သွားသည်။ ကျွန်တော့်နှလုံးလည်း တဒိတ်ဒိတ်ခုန်နေတော့သည်။ ကျွန်တော်သည် အနီးဆုံး သူနာပြုဆရာမတစ်ယောက်ကို လှမ်းဆွဲလိုက်သည်။ (ဆွဲဆို အပေါ်အင်္ကျီကော်လာစ တစ်ဖက်ကို တကယ်ဆွဲလိုက်ခြင်း ဖြစ်သည်။) ပြောမည့်စကားအတွက် ဝါကျကို ပြည့်စုံအောင်ပင် စီ၍မရ ဖြစ်နေသည်။ ပူပန်စိုးရိမ်မှုကြောင့် စကားမှာ အထစ်ထစ်အငေါ့ငေါ့ တစ်လုံးချင်း ထွက်လာသည်။



'ကလေး၊ ကလေး၊ နောက်ဆုံးနာမည်က ပေါက်ရှ်၊ ဘယ်မှာလဲ'

ကျွန်တော်တို့ ထိုအချိန်က ပြောဆိုရှင်းပြခြင်း မပြုနိုင်လောက်အောင်ပင် အားအင်တွေ ကုန်ခမ်းနေသည်ထင်ရသည်။ ကျွန်တော် ရှေးယခင်က တစ်ကြိမ်တစ်ခါမှ မရောက်ခဲ့ဖူးသေးသော မှောင်မိုက်သောနေရာသို့ ဝင်သွားရတော့မလေလားဘဲ ကြောက်နေမိတော့သည်။

သို့ရာတွင် သူနာပြုဆရာမက ပြုံးလျက်ပြောပါ၏။ 'ရှင်တို့ကလေး ကျန်းမာနေပါရဲ့ရှင်၊ သူက ကျန်းမာနေလို့ ကျွန်မတို့ သူ့ကို အပေါ်ထပ်ကို ရွှေ့ပြီး လေဟာပြင်ထဲမှာ ကလေးပုခက်နဲ့ ထားပါတယ်'

ဤတွင်မှ ကျွန်တော်တို့ အလုံးကြီးကျသွားပြီး အခြားအဆောင်သို့ သွားသည့် လှေကားအတိုင်း အမြန် ပြေးတက်ခဲ့ကြသည်။ ဒီလန်ကလေးကား သူ၏ ကလေးဘဝအတွင်းသို့ အော်ဟစ်၍ လှမ်းဝင်နေလေသည်။

ဒီလန်ကို မွေးဖွားခြင်းသည် ကျွန်တော့်အား အမြဲ သတိရစရာ ဖြစ်နေ၏။ ကျွန်တော်တို့သည် မိမိတို့၏ အနာဂတ် ဘဝကြမ္မာကို ဖန်တီးရာတွင် ကျွန်တော်တို့ ပါဝင်လုပ်ဆောင်ရမည့် အခန်းကဏ္ဍကို သတိရစေခဲ့ခြင်း ဖြစ်သည်။ ဂျေးနှင့် ကျွန်တော်တို့သည် အစိတ်စိတ်အပိုင်းပိုင်း ဖြစ်စေသောအားဖြင့် အခြေအနေကို ဆိုးသထက်ဆိုးအောင် ပြုပစ်လောက်နိုင်ခဲ့သည်။ ဂျေးသည် သွေးလန့်ခြင်းဖြင့် ရှော့ခ်ဖြစ်သွားပြီး ကယောင်ကတမ်းတွေ ဖြစ်သွားနိုင်ခဲ့သည်။ ကျွန်တော်ကလည်း ကျွန်တော့်ဘာသာ ကျွန်တော် ဘာလုပ်ရမည် ကိုင်ရမည်မသိ ဖြစ်ကာ ဂျေးကို ခွဲစိတ်နေစဉ်၌ ခွဲစိတ်ခန်းထဲ၌ ဘာအကူအညီမျိုးမှ မပေးနိုင်သည့်အနေမျိုး ရှိခဲ့နိုင်၏။

ဤအဖြစ်ဆိုးကြီး၏ ကာလတစ်လျှောက်လုံး၌ ကျွန်တော်တို့သည် 'ဒါတော့ မသင့်ဘူး' ဟူ၍ တစ်ဦးနှင့်တစ်ဦး ပြောမိခဲ့ကြသည် မထင်ပါ။ ကျွန်တော်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည့်အတိုင်းပင် ရင်ဆိုင်ခဲ့ကြသည်။ အဖြေရလဒ်ကောင်း ထွက်လာစေ နိုင်ဖို့အတွက် ငါတို့လုပ်နိုင်မည့် အလုပ်မျိုးတွေ ရှိသည်ဟုပင် ကျွန်တော်တို့ သိထား ကြသည်။ သိထားသည့်အတိုင်းလည်း ကျွန်တော်တို့ လုပ်နိုင်ရာကို လုပ်ခဲ့ကြ၏။ စကားဖြင့်ပင် ထုတ်ဖော်မပြောသော်လည်း ကျွန်တော်တို့၏ စိတ်ထားကား 'ကဲ ကုန်းနိုးကိုတင်၊ မောင်းနှင်စီးကြစို့' ဟူသော စိတ်ထားမျိုး ဖြစ်ခဲ့သတည်း။

□ □ □

## အခန်း ၂၀

## အနှစ် ငါးဆယ်အတွင်း စကားမဟာခဲ့သောအရာ

ကျွန်တော့်ဖခင်သည် ၂၀၀၆ ခုနှစ်တွင် ကွယ်လွန်သည်။ သူ ကွယ်လွန်သွားသော အခါ ကျွန်တော်တို့သည် သူ့ပစ္စည်းများကို မွှေနှောက် ရှာဖွေကြည့်ကြသည်။ သူသည် အမြဲသဖြင့် ရှင်သန်လှုပ်ရှားမှုအပြည့်ဖြင့် နေသွားခဲ့သူဖြစ်သည်။ သူ့ ပစ္စည်းတွေက သူ၏ စွန့်စားခန်းများကို ပြောပြနေကြသည်။ ဖေဖေ့ ဓာတ်ပုံတွေ ထဲတွင် ဖေဖေသည် လူငယ်တစ်ယောက်အနေဖြင့် အကော်ဒီယန်တီးနေပြီး လူလတ်ပိုင်းတစ်ယောက်အနေဖြင့် ဆန်တာဝတ်စုံကို ဆင်မြန်းထားသည်။ (သူသည် ဆန်တာကလော့စ် လုပ်ရတာကို အတော်ဝါသနာပါ၏။) လူကြီးတစ်ယောက် ဖြစ်လာသောအခါ ဖေဖေသည် သူ့အရွယ်ထက် ပို၍ကြီးသော အဆာသွတ် ဝက်ဝံရုပ်ကြီးကို ဆုပ်ကိုင်ထားလေသည်။ သူ အသက် ၈၀ ပြည့်သည့်နေ့က ရိုက်ထားသော နောက်ဓာတ်ပုံတစ်ခုတွင်ကား ဖေဖေသည် အသက်နှစ်ဆယ် အရွယ်တစ်သိုက်နှင့်အတူ ရိုလာကိုစတာ စီးနေသည်ကို တွေ့ရသည်။ သူ့မျက်နှာ ပေါ်တွင် ပြုံးပန်းတွေ ဝေနေလေသည်။

ဖေဖေ့ပစ္စည်းတွေထဲမှာ ပစ္စည်းတစ်ခုကို တွေ့မိရာ ထိုပစ္စည်းကို ဘာမှန်း မသိ၍ ကျွန်တော်ပြုံးမိသည်။ ဓာတ်ပုံက ဖေဖေတစ်ဦးတည်း၏ ပုံပါ။ ကြည့်ရ သည်မှာ ၁၉၆၀ ပြည့်လွန် စောစောပိုင်းနှစ်များအတွင်း၌ ရိုက်ခဲ့သောပုံဖြစ်ဟန် တူသည်။ ဖေဖေသည် အပေါ်အင်္ကျီနှင့် လည်းစီးနှင့် အကျအနပင်။ ကုန်တိုက်ဆိုင် တစ်ခုထဲတွင် ရိုက်ထားသောပုံ ဖြစ်သည်။ လက်တစ်ဖက်တွင် ကုန်ထုပ်တွေနှင့် ထုပ်ထားသော အိတ်တစ်အိတ် ကိုင်ထားသည်။ အထဲတွင် ဘာပစ္စည်းရှိမည်

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ကား ကျွန်တော် မပြောတတ်။ သို့ရာတွင် ကျွန်တော့်ဖခင် အကြောင်းကို ကျွန်တော် သိထားပေရာ ပစ္စည်းကောင်းတစ်ခုခုတော့ ဖြစ်ရပေမည်။

ဖေဖေသည် အလုပ်မှ ပြန်လာပြီဆိုလျှင် ကစားစရာလေး တစ်ခုခု ဖြစ်စေ၊ ချိုချဉ်လို ချောကလက်လို စားစရာတစ်ခုခု ဖြစ်စေ ယူဆောင်လာတတ်သည်။ ထိုပစ္စည်းများကိုပေးသည့် အခါ သူက လွမ်းမောဖွယ် ဇာတ်လမ်းမျိုးကို တည်ဆောက်ပြီးမှ ဇာချဲ့၍ ပေးတတ်သည်။ ကျွန်တော်တို့မှာ အထဲက ပစ္စည်းကို ရ၍ ပျော်ရသည်ထက် သူ အဲဒီလို ပေးပုံမျိုးကြောင့် ပျော်ရသည်က ပိုလေသည်။ ယခုလည်း ဖေဖေ စက္ကူအိတ်ကိုင်ထားသည့် ဓာတ်ပုံကို ကြည့်ပြီး သူ ကျွန်တော်တို့အား လျှို့ဝှက်သည်းဖိုဆန်ဆန် လက်ဆောင်ပစ္စည်းပေးခဲ့ပုံများကို စိတ်ထဲမှာ ပြန်လည် သတိရမိသည်။



ကျွန်တော့်အဖေ



ကျွန်တော့်ဖခင်သည် စာရွက်တွေ တစ်ထပ်ကြီးကိုလည်း စုဆောင်းထားခဲ့သည်။ သူ၏ အာမခံလုပ်ငန်းနှင့် ပတ်သက်သည့် ပေးစာ ပြန်စာများ၊ သူ၏ အခမဲ့ လူ့ဒါနပေးကမ်းခြင်းလုပ်ငန်း စီမံကိန်းများနှင့်ဆိုင်ရာ စာရွက်စာတမ်းများ စသည်တို့ဖြစ်ပါသည်။ ထိုစက္ကူထပ်ကြီးအောက်တွင် ဖေဖေ စစ်တပ်တွင် အမှုထမ်းနေစဉ် ၁၉၄၅ ခုနှစ်က ထုတ်ပြန်သည့် ဂုဏ်ပြုမှတ်တမ်းစာရွက် တစ်ခုကိုလည်း တွေ့ရသည်။ ထိုဂုဏ်ပြုမှတ်တမ်းမှာ အမှတ် ၇၅ ခြေမြန်တပ်မ၏ တပ်မှူးကြီးက ဖေဖေ၏ သူရသတ္တိရှိသော စွမ်းဆောင်မှုအတွက် ထုတ်ပြန်သော ဂုဏ်ပြုမှတ်တမ်း ဖြစ်ပါသည်။

၁၉၄၅ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ဖေဖေတို့၏ ခြေမြန်တပ်ခွဲကို ဂျာမန်တပ်များက တိုက်ခိုက်သည်။ တိုက်ပွဲ စစချင်းလောက်မှာပင် လက်နက်ကြီးများဖြင့် ပစ်ခတ်ကြသဖြင့် ရဲဘော်ရှစ်ဦး ထိခိုက်ဒဏ်ရာရကြသည်။ ထိုဂုဏ်ပြုမှတ်တမ်းစာတွင် အနီးဝန်းကျင်၌ ကျည်ဆန်များ မိုးသီးမိုးပေါက်ပမာ တဖွဲဖွဲကျရောက်နေသည့် ကြားမှာပင် တပ်သား ပေါက်ရှိသည် မိမိ၏ အသက်အန္တရာယ်ကို ပဓာနမထားဘဲ မိမိ အကာအကွယ်ယူထားသည့်နေရာမှ ခုန်ထွက်ကာ ဒဏ်ရာရ စစ်သားများကို ပြုစုပေးခဲ့ပေသည်။ ဤစစ်သားကောင်းက ဆေးကုသစောင့်ရှောက်မှုကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့်သာလျှင် ဒဏ်ရာရစစ်သည်များကို အောင်မြင်စွာ ကယ်ယူနိုင်ခဲ့ခြင်းဖြစ်သည် ဟူ၍ ဖော်ပြထားပေသည်။

ဤစွမ်းဆောင်ချက်ကို အသိအမှတ်ပြုသည့်အနေဖြင့် ထိုစဉ်က အသက် ၂၂ နှစ်သာ ရှိသေးသော ကျွန်တော့်ဖေဖေသည် သူရသတ္တိဆိုင်ရာ ကြေးတံဆိပ်ကို ရရှိခဲ့ခြင်း ဖြစ်ပေသည်။

ကျွန်တော့်မိဘများ၏ အနှစ်ငါးဆယ် အိမ်ထောင်သက် ကာလအတွင်း ဖေဖေနှင့် ကျွန်တော်သည် အကြိမ်ပေါင်း ထောင် သောင်း စကားပြောခဲ့ဖူးပါ၏။ သို့ရာတွင် ဤဆုတံဆိပ်အကြောင်း တစ်ကြိမ်တစ်ခါမှ စကားမဟခဲ့ဖူးခဲ့။ ဖေဖေ ကွယ်လွန်ပြီးနောက် သီတင်းနှစ်ပတ် သုံးပတ်ကြာခါမှ ဖေဖေ့ထံမှ ကျွန်တော် သင်ခန်းစာတစ်ခုကို ရလိုက်ပြန်ပါသည်။ ထိုသင်ခန်းစာမှာ စွန့်လွှတ် အနစ်နာခံခြင်း၏ အဓိပ္ပာယ်သည် အဘယ်နည်း၊ နှိမ့်ချနိုင်စွမ်းရှိမှု၏ အဓိပ္ပာယ်သည် အဘယ်နည်း ဟူသော သင်ခန်းစာပင် ဖြစ်ပါသတည်း။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၁

## ဂျေး

ကျွန်တော်က ဂျေးအား မေးပါသည်။ ကျွန်တော့်မှာ ဘာရောဂါရနေသည် ဟူသော အဖြေကို သိရပြီးနောက်ပိုင်းတွင် သူဘာတွေကိုများ သိခဲ့ရပါပြီလဲ ဟူသော အမေး ဖြစ်ပါ၏။ ထိုအခါမှ သိရတော့သည်။ 'နောက်ဆုံး ဟောပြောချက်ကို မေ့ပစ်လိုက်ပါ၊ ဒီဟာမှ တကယ့်ဖြစ်ရပ်ဇာတ်လမ်းပါ' ဟူသော စာအုပ်တစ်အုပ်ကို ရေးနေနိုင်ပါသတဲ့။

ကျွန်တော့်ဇနီးသည် စိတ်ခိုင်သော အမျိုးသမီးတစ်ဦး ဖြစ်သည်။ ကျွန်တော်သည် သူ၏ တုတ်ထိုးအိုးပေါက်ပြောတတ်မှု၊ သူ၏ ရိုးသားမှုနှင့် ကျွန်တော့်အား ပြောင်ပြောင်ရှင်းရှင်း ပြောလိုသည့် သူ့ဆန္ဒတို့ကို ကျွန်တော် လေးစား သဘောကျသည်။ ကျွန်တော် သေရတော့မည်မှာ လပိုင်းလောက်သာ လိုတော့သည်။ ယခုလိုအချိန်မျိုးမှာပင်လျှင် ကျွန်တော်တို့နှစ်ဦးသည် ကျွန်တော်တို့၏ အိမ်ထောင်ရေးသည် နောင်ဆယ်စုနှစ်တွေနှင့် ချီပြီး ကြာရှည်တည်နေကြဦးမည်ကဲ့သို့ အရာရာသည် ဘာမှမဖြစ်ဘဲ နဂိုပုံမှန်အတိုင်း ရှိနေဘိသကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆွေးနွေးလိုက်၊ သဘောမကျ စိတ်ဆိုးသည့်အခါ စိတ်ဆိုးလိုက်၊ အရှုံးအမှုးဖြစ်သည့်အခါ ဖြစ်လိုက်နှင့် ကျွန်တော်တို့သည် ကျွန်တော်တို့ဘဝကို ဖန်တီးယူကြသည်။

ဂျေးက သူ ကျွန်တော့်ကိစ္စကို ဘယ်လိုလုပ်ရပ့ါမလဲဟု စဉ်းစားနေခဲ့ဖြစ်ကြောင်း ပြောသည်။ သို့ရာတွင် ယခုတော့ သူက ကျွန်တော့်ကိစ္စအတွက် လုပ်နေပြီ ဖြစ်ပါ၏။

'ရန်ဒီ၊ မောင်က အမြဲတန်း သိပ္ပံပညာရှင် ဖြစ်နေသူပဲ'ဟု ဂျေးက ပြောသည်။ 'မောင် သိပ္ပံပညာကို လိုချင်သလား၊ ကျွန်မ ပေးမယ်' သူသည် ကျွန်တော့်အား သူမှာ တစ်နေ့ခုအတွက် 'ပုံမှန်မဟုတ်တဲ့ စိတ်လှုပ်ရှားမှုကို ခံစားနေရတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ့ရှိ၏။ ယခုသော်ကား သူသည် ကျွန်တော့်ထံသို့ စာရင်းနှင့် ကိန်းဂဏန်းတွေ ယူလာခဲ့လေပြီ။

ဥပမာ သာဓကအားဖြင့်ဆိုရသော် ကျွန်တော်တို့သည် ယခု ခရစ္စမတ် လွန်လျှင် ကျွန်တော့်ဘက်က မိသားစုထံသို့ သွားရောက် လည်ပတ်ကြမည်။ သို့ရာတွင် သူတို့ တစ်အိမ်သားလုံး တုတ်ကွေးမိနေကြသည်။ ဂျေးက ကျွန်တော့်ကိုရော ကလေးများကိုပါ တုတ်ကွေးရောဂါ ကူးစက်ခွင့်ရှိနိုင်မည့် နေရာမျိုးမှာ မရှိစေချင်၊ မရောက်စေချင်ပါ။ ကျွန်တော်က သွားမည့်ကိစ္စကို သွားလိုက်တာ ကောင်းမည်၊ သွားသင့်သည်ဟု ထင်သည်။ ကျွန်တော်သည် ကျွန်တော့်မိသားစုနှင့် နောက်ထပ် တွေ့နိုင်မည့် အခွင့်အလမ်းမျိုး နောက်ထပ် များများစားစား ရှိတော့မည်မဟုတ်။

'တို့ ခပ်ဝေးဝေးက နေမှာပေါ့ကွာ၊ ဒါဆို ဘာမှ ဖြစ်မှာ မဟုတ်ပါဘူး'ဟု ကျွန်တော်က ပြောသည်။

ဂျေးက သူမှာ ကိန်းဂဏန်းအချက်အလက်ရဖို့လိုမည်ဟု ဆိုသည်။ သူသည် သူငယ်ချင်း သူနာပြုတစ်ယောက်ထံ ဖုန်းလှမ်းဆက်သည်။ လမ်းထဲမှာ နေသည့် ဆရာဝန်နှစ်ဦးထံသို့လည်း ဖုန်းဆက်သည်။ ထိုဆရာဝန်များထံမှ ဆေးဘက်ဆိုင်ရာ အကြံဉာဏ်ကို ရယူသည်။ ဆရာဝန်များက ကလေးတွေကို ခေါ်သွား၍ကား သင့်မည် မဟုတ်ကြောင်း ပြောသည်။ 'ကျွန်မ ဆန္ဒစွဲမရှိတဲ့၊ တတိယလူ အနေအထားမှာရှိတဲ့ ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ဖုန်းဆက်လို့ရတယ်၊ ဟောဒီမှာ သူတို့ရဲ့ ပြောဆိုချက်ပဲ'ဟု ဂျေးက ပြောကာ ကိန်းဂဏန်းအချက်အလက်များကို ပေးပါသည်။ ကျွန်တော် မငြင်းသာ၊ သဘောတူလိုက်ရလေသည်။

ကျွန်တော်သည် ကျွန်တော့်မိသားစုထံ ကတိုက်ကရိုက် သွားလိုက်ရသည်။ ဂျေးမှာမူ ကလေးများနှင့် အိမ်မှာ နေရစ်သည်။ (ကျွန်တော် တုတ်ကွေးလည်း မမိခဲ့ပါ။)

စာဖတ်သူများ ဘာတွေးနေမည်ကို ကျွန်တော် သိပါသည်။ ကျွန်တော့်လို သိပ္ပံပညာရှင်များသည် အမြဲသဖြင့် သိပ္ပံပညာအတိုင်း နေထိုင်ဖို့မှာ မလွယ်ကူပါ။

ဂျေးသည် ကျွန်တော့်ကိစ္စကို ကိုင်တွယ်ရာ၌ ပွင့်ပွင့်လင်းလင်းနည်းကို သုံးလေသည်။ ကျွန်တော်က လမ်းလွဲသွားသည့်အခါမျိုးတွင် သူက ကျွန်တော် လမ်းလွဲနေကြောင်း သိအောင် ပြောပြသည်။ သို့မဟုတ်ပါလျှင် သတိပေးစကား



ပြော၏။ 'ကျွန်မကို တစ်ခုခုက စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတယ်၊ ဘာရယ်လို့တော့ မသိဘူး၊ ကျွန်မ စဉ်းစားလို့ရတဲ့အခါ မောင့်ကို ပြောပါမယ်'ဟု ပြောတတ်သည်။

တစ်ချိန်တည်းမှာပင် ကျွန်တော်၏ ရောဂါတွေ့ရှိချက် ဘယ်လိုပင်ရှိစေ သူ့အနေနှင့် ထိုကိစ္စကို မေ့ပစ်ထားတတ်အောင် လုပ်နေသည်ဟု ဂျေးက ပြောပါသည်။ ကျွန်တော်တို့၏ အတိုင်ပင်ခံ ဆရာဝန် ဒေါက်တာရီးစ်က ပေးလိုက်သော အကြံဉာဏ်ဖြစ်ပါသည်။ ဒေါက်တာရီးစ်သည် အိမ်ထောင်ရှင် မောင်နှံနှစ်ဦးတွင် တစ်ဦးဦးက ကုမရသော ရောဂါမျိုးရရှိနေပါက မိမိတို့၏ အိမ်ထောင်ရေးဘဝကို ပြန်လည်တိုင်းတာ သတ်မှတ်ချက်များ ပြုတတ်အောင် ကူညီပေးနိုင်သော အရည်အချင်းကောင်းရှိသူ ဖြစ်၏။ ကျွန်တော်တို့လို အိမ်ထောင်ရေးများသည် ပုံမှန်သစ်သို့ ပြန်ရောက်အောင် ပြုပေးနိုင်သော နည်းလမ်းများကို ရှာဖွေသွားကြရမည်ဖြစ်သည်။

ကျွန်တော်သည် ပစ်စလက်ခတ်နေထိုင်တတ်သူ တစ်ဦးဖြစ်သည်။ ကျွန်တော့် အဝတ်အစားများသည် ဝတ်ပြီးတာရော မဝတ်ရသေးတာပါ (အသန့်ရော အပေတွေပါ) အိပ်ရာခုတင် ဘေးတွင် ပြန့်ကျဲနေသည်။ ကျွန်တော့်ရေချိုးခန်းမှ အဝတ်လျှော်ဇလုံဆိုလျှင်လည်း ပြည့်နှက်နေသည်။ ထိုအခါမျိုးတွင် ဂျေး အရမ်း စိတ်ညစ် ဒေါပွတော့သည်။ ကျွန်တော် ယခုလို မကျန်းမမာ မဖြစ်ခင်ကဆိုလျှင် ဂျေးသည် ကျွန်တော့်အား မြည်တွန်မြဲ ဖြစ်သည်။ ဒေါက်တာ ရီးစ်က ထိုကဲ့သို့သော အသေးအဖွဲ ကိစ္စကလေးများကြောင့် အမှားပြုမိတာမျိုး မဖြစ်ပါစေနှင့်ဟု ဂျေးအား အကြံပေးပါသည်။

ကျွန်တော်ကလည်း သန့်သန့်ရှင်းရှင်း နေတတ်အောင် ကြိုးစားရမည်ကား အထူး ဆိုဖွယ် မရှိတော့ပေ။ ထင်ရှားနေပြီး ဖြစ်တော့သည်။ ကျွန်တော်သည် ဂျေးအား အကြိမ်ကြိမ် တောင်းပန်ခဲ့ရသူ ဖြစ်သည်။ သို့ရာတွင် သူ့စိတ်မှာ အနှောင့်အယှက်ဖြစ်စရာ အသေးအဖွဲကိစ္စကလေးများကို ပြောခြင်းမျိုးကို ဂျေး မပြုတော့ချေ။ နေရသမျှ နောက်ဆုံး လပိုင်းအချိန်ကလေးများကို ကျွန်တော်တို့သည် ဘောင်းဘီတွေကိုလည်း ချိတ်မထားဘူး၊ ဟိုနေရာ သည်နေရာ ပုံထားပြန်ပြီ စသော ကိစ္စများအတွက် ငြင်းခုန်နေရင်းဖြင့် ကုန်လွန်သွားစေချင်ပါသလော။ မည်သူမျှ ထိုသို့ဖြစ်စေလိုပါပေ။ ထို့ကြောင့် ယခုတော့ ဂျေးသည် ကျွန်တော့် အဝတ်အစားများကို ထောင့်တစ်ထောင့်ထဲ ကန်ပို့လိုက်ကာ လုပ်စရာရှိတာကိုသာ ဆက်လုပ်တော့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မိတ်ဆွေတစ်ဦးက အကြံပေး၏။ ဂျေးသည် နေ့စဉ် ဘယ်နေ့က ဘာဖြစ်သည် စသည်ကို မှတ်သားထားသည့် မှတ်တမ်းဂျာနယ်တစ်ခု ထားပါလား ဟူ၏။ ဂျေးကလည်း ထိုအကြံမဆိုးဘူးဟုပြောသည်။ ဂျေးသည် ထိုနေ့စဉ်မှတ်တမ်းဂျာနယ်စာအုပ်ထဲ၌ ကျွန်တော်နှင့်ပတ်သက်၍ သူ့စိတ်နှင့် မတွေ့သော အကြောင်းအရာများကို ရေးမှတ်သည်။ တစ်ညတွင် 'ယနေ့ည ရန်ဒီသည် စားပြီးပန်းကန်ကို ပန်းကန်ဆေးဇလုံထဲသို့ မထည့်၊ စားပွဲပေါ်တွင်သာ ပစ်ထားခဲ့ပြီး သူ့ ကွန်ပျူတာဆီ ထွက်သွားသည်'ဟူသော မှတ်သားချက်မျိုးကို ရေးသည်။ ကျွန်တော်သည် အင်တာနက်မှနေ၍ ကျွန်တော့်ရောဂါအတွက် ပြုပေးနိုင်သော ဆေးဝါးကုသမှုမျိုး ရှာဖွေနေခြင်းဖြင့် ကျွန်တော့်မှာ အလုပ်ရှုပ်နေကြောင်း ဂျေးသိသည်။ သို့ပင်ဖြစ်သော်လည်း စားပွဲပေါ်မှ စားပြီးပန်းကန်ကို သည်အတိုင်းတွေ့လိုက်တော့ သူ့စိတ်မှာ အနှောင့်အယှက်ဖြစ်သည်။ ထို့ကြောင့် ထိုသို့ရေးခြင်းအတွက် ကျွန်တော် သူ့ကို အပြစ်မဆိုသာ။ သူ ထိုသို့ ရေးလိုက်ရသည့်အခါ သူ့စိတ်မှာ ဖြစ်နေသော ခံစားမှု သက်သာသွားသည်။ ကျွန်တော်တို့နှစ်ယောက် အချီအချ ငြင်းခုန်ပြောဆိုခြင်းလည်း မပြုရတော့ပေ။

ဂျေးသည် ရှေ့ဖြစ်မည့် မကောင်းသောအရာတွေကို စဉ်းစားနေခြင်းထက် တစ်နေ့ချင်းကိစ္စကိုပဲ အာရုံစိုက်ဖို့ ကြိုးစားသည်။ 'နေ့တိုင်း နေ့တိုင်းကို မနက်ဖြန်ကို တွေးကြောက်ရင်းနဲ့ ကုန်စေရမယ်ဆိုရင် ဘယ်ဟုတ်တော့ပါ့မလဲ' ဟု သူက ပြောပါသည်။

သို့ပင်သော်လည်း ဤနှစ် နောက်ဆုံး နှစ်သစ်ကူးအကြိုနေ့၌ ကျွန်တော်တို့ အိမ်တွင် အလွန်စိတ်လှုပ်ရှားဖွယ်ရာနှင့် ပျော်စရာရော ကြေကွဲစရာကောင်းသည့် ဖြစ်ရပ်မျိုးနှင့် ကြုံခဲ့ကြရသည်။ ထိုနေ့က ဒီလန်၏ မွေးနေ့ ဖြစ်၏။ ထို့ကြောင့် သူ၏ ခြောက်နှစ်မြောက် မွေးနေ့ပွဲလေး ကျင်းပနေသည်။ ကျွန်တော်သည် နှစ်သစ်သို့ အရောက်လှမ်းနိုင်ခဲ့ပြီဖြစ်၍လည်း ကျွန်တော်တို့သည် ကျေးဇူးတင်နေရသည်။ သို့ရာတွင် ကျွန်တော်တို့သည် လာမည့် နှစ်သစ်ကူး အကြိုနေ့ကို ကျွန်တော် ပါနိုင်တော့မည်မဟုတ် ဟူသော အခန်းထဲမှ ဆင်အကြောင်း ဆွေးနွေးခြင်းကိုကား မပြုနိုင်ခဲ့ကြပါပေ။

ထိုနေ့က ကျွန်တော်သည် ဒီလန်အား ရုပ်ရှင်ကြည့်ရအောင် ခေါ်သွားသည်။ မစ္စတာ မာဂိုရီယမ်၏ အံ့ဖွယ်ဆိုင်ကြီး ဟူသော ရုပ်ရှင်ကားကို ကြည့်ရန် ဖြစ်ပါ



သည်။ ထိုကားမှာ ကစားစရာပစ္စည်း ထုတ်လုပ်ရောင်းချသူ တစ်ဦးအကြောင်း ရိုက်ထားသော ရုပ်ရှင်ကား ဖြစ်သည်။ ကျွန်တော်သည် ဤကားအကြောင်းကို အင်တာနက်ပေါ်တွင် ဖတ်ဖူးသည်။ သို့ရာတွင် ထိုဖတ်ဖူးသော စာ၌ မစ္စတာ မာဂိုရီယမ်သည် သူသေရတော့မည့် အချိန်စေ့ပြီဆိုကာ သူ့ဆိုင်ကြီးကို လက်သင် အလုပ်သမားလေးတစ်ဦးအား လွှဲပေးခဲ့သည်ဟူ၍တော့ကား ဖော်ပြမထားပါ။ ထားပါတော့။ ကျွန်တော်သည် ရုပ်ရှင်ရုံထဲ၌ ဒီလန်လေးအား ရင်ခွင်ပေါ်မှာ တင်ထားရင်း ကြည့်နေရာ ဒီလန်ကလေးက မစ္စတာမာဂိုရီယမ် သေခါနီးပုံကို ကြည့်ပြီး ငိုနေလေသည်။ (ဒီလန်သည် ကျွန်တော့်မှာ ကင်ဆာရောဂါရှိမှန်း မသိပါ။) အကယ်၍သာ ကျွန်တော့်ဘဝသည် ရုပ်ရှင်ဇာတ်ကားတစ်ခု ဆိုပါလျှင် ယခုလို အကြောင်း ရိုက်ထားသည့် ရုပ်ရှင်ကို ကြည့်နေသည့် အခန်းသည် အနာဂတ်မှာ ဖြစ်မည့်အရာကို အလွန်အကျူးဖွဲ့လွန်းသည်။ အတိသယဝုတ္တိဆန်လွန်းသည်ဟု ဝေဖန်ရေးဆရာများ အကြီးအကျယ် အပြစ်တင် ဝေဖန်ကြပေလိမ့်မည်။ သို့ရာတွင် ရုပ်ရှင်ကားထဲ၌ ပြောသွားသော စကားတစ်ခွန်းသည် ယခုတိုင် ကျွန်တော့်စိတ်ထဲ၌ စွဲနေသည်။ အလုပ်သင်ကလေး နာတာလီ ပေါ့တ်မန်းက ကစားစရာထုတ်လုပ်သူ (ဒတ်စတင်းဟော့ဖ်မန်း) အား သူဌေးကြီး မသေနိုင်သေးပါဘူး၊ နေရဦးမှာပါ ပြောသည့်အခါ ကစားစရာထုတ်လုပ်သူ သူဌေးကြီးက ပြန်ပြော၏။ 'ငါက နေပြီးပြီပဲ' တဲ့။

ထိုညနောက်ပိုင်းတွင် နှစ်သစ်သို့လည်း ကူးတော့မည်ဖြစ်၍ ဂျေးက ကျွန်တော့်စိတ်ဓာတ်ကျနေသည်ဟု ပြောနိုင်လာသည်။ ကျွန်တော့်အား ပျော်ရွှင် အားသစ်ဖြစ်စေလိုသည့်အနေဖြင့် သူက ကုန်လွန်ပြီးခဲ့သော နှစ်ကို ပြန်လည်သုံးသပ်ပြပြီး တော်တော်အားရစရာကောင်းတာတွေလည်း ဖြစ်ခဲ့ကြောင်း ထောက်ပြပါသည်။ ကျွန်တော်တို့သည် အားရက် ချစ်ခရီးလည်း ထွက်နိုင်ခဲ့ကြသည်။ ဘယ်သူမှ မပါဘဲ ကျွန်တော်တို့နှစ်ဦးတည်း ခရီးထွက်နိုင်ခဲ့ကြခြင်း ဖြစ်သည်။ အကယ်၍သာ အချိန်သည် အဖိုးတန်လှကြောင်းကို သည်ကင်ဆာရောဂါက နှိုးဆော် သတိပေး မလုပ်ခဲ့ပါလျှင် ထိုချစ်ခရီးကို ကျွန်တော်တို့ ထွက်နိုင်ခဲ့ကြမည် မဟုတ်။ ကျွန်တော်တို့သည် သားသမီးကလေးများ သူတို့ဘာသာ သူတို့ ကြီးမားလာခဲ့ကြသည်ကို ကြည့်ခဲ့ရပြီ။ ကျွန်တော်တို့အိမ်သည် လှပသော စွမ်းအင်များနှင့် မေတ္တာတရားတွေ အပုံအပင်နှင့် ပြည့်နေခဲ့ပြီ စသည့် အကြောင်းများကို ပြောပြရင်း ကျွန်တော့်အား အားတက်လာအောင် ပြုပေးခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျေးက သူသည် ကျွန်တော်နှင့် ကလေးများအတွက် ဆက်လက်၍ တည်ရှိနေဦးမည်ဖြစ်ကြောင်း ကတိပေးပါသည်။ 'ကျွန်မဟာ အလွန်ကောင်းတဲ့ အကြောင်းလေးရပ်နဲ့ပဲ ဆက်လက်ရှင်သန် နေနိုင်မယ့် အခွင့်အလမ်းကို အမိဖမ်းသွားဦးမှာပါ' ဟု ဂျေးက ကတိပေးပါသည်။

ဂျေးက သူ၏ တစ်နေ့တာအချိန်မှ အကောင်းဆုံး အစိတ်ပိုင်းကလေးကတော့ ကျွန်တော့်ကလေးတွေနှင့် အပြန်အလှန် ပြောဆို ဆက်ဆံနေတာမျိုးကို ကြည့်နေရခြင်းပါပဲဟုလည်း ကျွန်တော့်အား ပြောပါသည်။ ချလိုကလေးက ကျွန်တော့်ကို စကားပြောလိုက်သည့်အချိန်မျိုးတွင် ကျွန်တော့် မျက်နှာမှာ လင်းလက် တောက်ပလာကြောင်းလည်း သူက ပြောပါသည်။ (ချလိုသည် ၁၈ လ သမီးကလေး ဖြစ်ပြီး စကားလုံး လေးလုံးပါ ဝါကျမျိုးကို ပြောတတ်နေပြီ ဖြစ်ပါ၏။)

ခရစ္စမတ်နေ့ကျတော့ ခရစ္စမတ်သစ်ပင်ကို မီးတွေ ထွန်းသည်။ ထိုမီးထွန်းခြင်းမှနေ၍ ကျွန်တော်က စွန့်စားမှုတစ်ခု လုပ်ယူကြည့်လိုက်သည်။ ဒီလန်နှင့် လိုဂန်တို့ကို သေသေချာချာ ဂရုတစိုက်နှင့် ဟောဒီလိုလုပ်ရတယ်ကွဟု ပြမနေတော့ဘဲ သူတို့အား ခရစ္စမတ်သစ်ပင်ကို အမှတ်တမဲ့ တွေ့သွားစေသောနည်းဖြင့် တွေ့မြင်စေလိုက်သည်။ သို့ရာတွင် ယခုသော် သူတို့ မီးထွန်းချင်ခဲ့သော သစ်ပင်ကြီးကို ကျွန်တော် မီးထွန်းပေးလိုက်ပေပြီ။ ကျွန်တော်တို့သည် ရှုပ်ထွေးနေသော မြင်ကွင်းတစ်ခုလုံးကို ဗွီဒီယို ရိုက်ကြ၏။ ဂျေးကလည်း 'တကယ့်ကို ထူးခြားဆန်းကြယ်တဲ့ ကာလကလေးပါပဲ'ဟု ပြောသည်။ ကျွန်တော်တို့ မိသားစု အတူတကွ ပေါင်းစည်းမိကြသည့် သူ၏ အမှတ်ရဖွယ် အကောင်းဆုံး အချိန်ကလေးတစ်ခု ဖြစ်ပေလိမ့်မည်ဟုလည်း ဆိုပါသည်။

◆ ◆ ◆

ဂျေးသည် ဝက်ဘ်ဆိုက်တွင် ကင်ဆာလူနာများနှင့် ၎င်းတို့၏ မိသားစုများ အကြောင်းကို လိုက်ရှာသည်။ ၎င်းတွင် အဖိုးတန်အသုံးဝင်သော သတင်းအချက်အလက်တစ်ခုကို ရလိုက်သည်။ သို့ရာတွင် သူသည် ဝက်ဘ်ဆိုက်တွင် အကြာကြီး ဆက်၍ မကြည့်နိုင်။ 'ဒီအထဲရေးသွင်းထားတဲ့ အကြောင်းအရာတွေ အားလုံးဟာ



ဘော့ရဲ့တိုက်ပွဲကား ပြီးဆုံးပြီ၊ ဂျင်မ်၏ တိုက်ပွဲကား ပြီးဆုံးပြီ ဆိုတာမျိုးတွေနဲ့ပဲ စထားတာချည်း ဖြစ်နေတယ်၊ ဒီဟာတွေ အားလုံးကို လိုက်ရှာဖတ်နေရင်းလည်း အကျိုးထူးမယ် မထင်ပါဘူး မောင်ရယ်' ဟု သူက ပြောသည်။

သို့ရာတွင် အကြောင်းအရာတစ်ခုကို သူ တွေ့လိုက်ရသည့် အခါတွင်မူ ဂျေးသည် တစ်ခုခု လုပ်ချင်လာတော့သည်။ ထိုအကြောင်းအရာမှာ အမျိုးသမီးတစ်ဦးက ရေးထားသော အကြောင်းအရာဖြစ်သည်။ ထိုအမျိုးသမီး၏ ယောကျ်ားသည်လည်း ပန်ကရိယကင်ဆာရောဂါသည်ပင်။ သူတို့လင်မယားသည် တစ်မိသားစုလုံး အားလပ်ရက်ယူဖို့ စီစဉ်ကြသည်။ သို့ရာတွင် ရက်ရွှေ့ဆိုင်းလိုက်ကြသည်။ သူ့ယောကျ်ားသည် အားလပ်ရက်ယူမည့်ရက် ပြန်လည်မသတ်မှတ်နိုင်မီတွင်ပင် သေဆုံးသွားသည်။ 'ကိုယ်သွားချင်တဲ့ ခရီးတွေကို သွားဖြစ်အောင် သွားကြပါ' ဟု ထိုအမျိုးသမီးက အကြံပေးသည်။ 'နေရသမျှ အချိန်ကလေးမှာ နေလိုက်ပါ' ဟုလည်း ထိုအမျိုးသမီးက ဆိုပါသည်။ ဂျေးသည် ထိုအမျိုးသမီး အကြံပေးချက်အတိုင်း လုပ်သွားမည်ဟု သန္နိဋ္ဌာန်ချလိုက်ပေသည်။

ဂျေးသည် ကုမရသော ရောဂါခံစားနေရသည့် မောင်နှံများအား လိုက်လံအကူအညီပေးနေကြသည့် ဌာနဒေသအတွင်းမှ လူများနှင့် သိကျွမ်းမှုရှိထားသည်။ ထိုသူများကို ပြောကြည့်သည်၊ အကူအညီရကြောင်း တွေ့ရသည်။ ကျွန်တော်နှင့်ပတ်သက်၍ သူ ညည်းညူပြောဆိုချင်သောအခါတွင် ဖြစ်စေ၊ သူ့အပေါ် ကျရောက်နေသည့် ဖိအားများမှ ထွက်ပြေးလွတ်မြောက်လိုသောအခါတွင်ဖြစ်စေ၊ ထိုသူများနှင့် ရင်ထဲမှာ ရှိတာတွေ ပြောဆိုလိုက်ရသည့်အခါ သူ့အဖို့ ထွက်ပေါက်ကောင်းတစ်ခု ရသွားတော့သည်။

တစ်ချိန်တည်းမှာပင် ဂျေးသည် ကျွန်တော်တို့၏ အပျော်ဆုံး အချိန်ကလေးဖြစ်အောင် အာရုံစိုက် ကြိုးပမ်းသည်။ ကျွန်တော်သူ့ကို ပိုးပန်းနေစဉ်က ကျွန်တော် သူ့ထံသို့ တစ်ပတ်တစ်ခါ ပန်းများ ပို့ပေးသည်။ ကျွန်တော်သည် သူ့ရုံးခန်းတွင် အဆာသွပ်တိရစ္ဆာန်ရုပ်များကို ချိတ်ထားပေးသည်။ ကျွန်တော့်မှာ စိတ်အားတက်ကြွဖြစ်သလို သူ့မှာလည်း (ကျွန်တော့်က သူ့ကို ကြောက်အောင် မလုပ်သည့်အခါ) ပျော်ရွှင်ဝမ်းသာ ဖြစ်ပါသည်။ မကြာသေးခင်ကပင် သူက ပြောသေးသည်။ သူသည် ရိုမန်တစ်ဖြစ်သော ရန်ဒီအကြောင်းကို ပြန်ပြောင်းအောက်မေ့ခြင်းတွေ မပြုတော့ကြောင်း၊ ထိုသို့ ပြုလိုက်မှသာလျှင် သူ့မှာ ပြုံးနိုင်ရယ်နိုင်ခြင်း ဖြစ်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



အဆိုးလောကခံကို ကျော်လွှားသွားလိုစိတ် ဖြစ်လာကြောင်း ပြောပြခြင်း ဖြစ်ပါသည်။

စကားမစပ် ပြောရလျှင် ဂျေးသည် သူ၏ ကလေးဘဝ အိပ်မက်များမှ တော်တော်များများအတိုင်း နေလာနိုင်ခဲ့သူဖြစ်ပါသည်။ သူ ကလေးဘဝတုန်းက မြင်းတစ်ကောင် ရလိုခဲ့၏။ (သူ့ဆန္ဒအတိုင်း မြင်းတစ်ကောင်ပင် မရခဲ့သော်လည်း မြင်းကိုကား အကြိမ်များများ စီးခဲ့ဖူးပါသည်။) သူ ကလေးဘဝတုန်းက ပြင်သစ်သို့ သွားလိုသော ဆန္ဒဖြစ်ခဲ့၏။ (ထိုဆန္ဒကား ပြည့်ခဲ့ကာ ပြင်သစ်မှာ ကောလိပ်ကျောင်းသူအဖြစ် တစ်နွေ နေခဲ့ဖူးပါသည်။) ထိုထို အိပ်မက်တွေထဲ၌ သူအိပ်မက်မက်ဖူးခဲ့သည်မှာ တစ်နေ့သောအခါတွင် ငါ့ရင်ကဖြစ်သော ကလေးတွေ ရလိုပါ၏ဟူသော ဆန္ဒလည်း ပြည့်ခဲ့သည်သာ ဖြစ်ပေသည်။

ကျွန်တော်သည် သူ၏ အခြားသော ကလေးဘဝ အိပ်မက်များကိုလည်း တကယ် ဖြစ်လာစေချင်ပါ၏။ ကလေးတွေ ရလိုက်ခြင်းကား သူ့အိပ်မက်အတိုင်း တကယ် ထူးထူးခြားခြား ဆန္ဒပြည့်သွားခြင်း ဖြစ်ပါသည်။ ထိုအတွက် ကျွန်တော်တို့ နှစ်ဦးစလုံးအတွက် တကယ်ကို ကျေနပ်နှစ်သိမ့်စရာ ဖြစ်ရပါပေသည်။

ကျွန်တော်တို့ သွားခဲ့ကြသော ခရီးမှ သူရရှိခဲ့သော သင်ခန်းစာတွေ အကြောင်းကို ဂျေးနှင့် ကျွန်တော်တို့ ပြောဆိုဆွေးနွေးကြသည့်အခါ ဂျေးက ကျွန်တော်တို့နှစ်ဦး ပုခုံးချင်းယှဉ်လျက် အတူတွဲရပ်နေခြင်း၌ ကျွန်တော်တို့နှစ်ဦး အင်အားတွေ ဘယ်လိုရလာခဲ့သည်ဆိုသည့် အကြောင်းကို ပြောပါသည်။ ကျွန်တော်တို့နှစ်ဦး ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ပြောဆိုနိုင်ကြခြင်းအတွက် ဝမ်းမြောက် ကျေးဇူးတင်ရသည်ဟုလည်း ဂျေးက ပြောပါသည်။ ထို့အပြင် သူက ပြောသေးသည်။ ကျွန်တော် အဝတ်အစားတွေ တစ်ခန်းလုံးအနှံ့ ပြန့်နေတာကတော့ အတော်ကို စိတ်နောက်စရာပဲတဲ့။ သို့သော်လည်း သူက ကျွန်တော် ကြိုက်သလို စိတ်ရှိသလောက် ပြုပါ။ ခွင့်လွှတ်ပြီးသား ဖြစ်သည်ဟု ဆိုပါသည်။ သူ၏ မှတ်တမ်းစာအုပ်ထဲ၌ ချမရေးမီ ကျွန်တော် ပစ်စလက်ခတ် လုပ်ထားမိသမျှတို့ကို နေသားတကျ သပ်သပ် ရပ်ရပ်ဖြစ်အောင် ပြုပေးခြင်းအတွက် သူ့ကို ကျေးဇူးတင်ရပါပေသည်။ နောင်တော့ ကျွန်တော်လည်း ယခုထက် ပို၍ ကြိုးစားရပေမည်။ ဤသည်ကား ကျွန်တော်တို့ နှစ်ဦး၏ သန္နိဋ္ဌာန်ပါပေတည်း။

❒ ❒ ❒

# အခန်း ၂၂

## အမုန်တရားက လွှတ်ပေးနိုင်သည်

ကျွန်တော်သည် မကြာသေးမီက သတိမထားမိဘဲ တစ်နာရီလျှင် ဘယ်နှစ်မိုင်နှုန်းသာ မောင်းရမည်ဟူသော သတ်မှတ်မိုင်နှုန်းထက် မိုင်အနည်းငယ် ပို၍ မောင်းသွားနေမိရာ ကျွန်တော့်အိမ်နှင့် သိပ်မဝေးလှသော နေရာမှာပင် ရဲက သတ်မှတ်မိုင်နှုန်းထက် ကျော်၍ မောင်းနှင်မှုဖြင့် ကျွန်တော့်ကားကို လမ်းဘေးထိုးရပ်ခိုင်းလေသည်။

BURMESE CLASSIC .com

'လူကြီးမင်းရဲ့ လိုင်စင်နဲ့ ကားမှတ်ပုံတင်ကို ကြည့်ပါရစေခင်ဗျာ' ဟု ရဲအရာရှိက ကျွန်တော့်အား ပြောပါသည်။ ကျွန်တော်သည် သူတောင်းသည့် နှစ်ခုစလုံးကို ထုတ်ပေးလိုက်သည်။ ပင်ဆဲလ်ဗေးနီးယား ယာဉ်မောင်းလိုင်စင်ပေါ်က ကျွန်တော်၏ ပစ္စုဘတ်လိပ်စာကို သူတွေ့သွားသည်။

'ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ၊ ခင်ဗျား စစ်ဘက်ကလား' ဟု သူက မေးသည်။

'မဟုတ်ပါဘူး ခင်ဗျာ'

ကျွန်တော်သည် ဟာဂျင်းနယားသို့ ရွှေ့လာတာ မကြာသေးကြောင်း၊ မှတ်ပုံတင်အသစ် ပြန်လုပ်ဖို့ အချိန်မရ၍ မလုပ်ရသေးကြောင်း ကျွန်တော် သူ့အား ရှင်းပြပါသည်။

'ဒါဖြင့်ရင် ခင်ဗျား ဘာကြောင့် ဒီကိုရောက်နေတာလဲ'

သူသည် သွယ်ဝိုက်မနေဘဲ လိုချင်ရာအဖြေအတွက် ဒဲ့ပဲ မေးလိုက်ပါသည်။ ကျွန်တော်ကလည်း အထွေအထူး စဉ်းစားမနေတော့ပဲ ဒဲ့ပင် ဖြေလိုက်ပါ၏။ 'ဟုတ်ကဲ့ ခင်ဗျား၊ လူကြီးမင်းက မေးနေမှတော့ ဖြေရတော့မှာပေါ့၊ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



ကုမရတဲ့ ကင်ဆာရောဂါရနေသူပါ။ ကျွန်တော်ဟာ လပိုင်းလောက်သာ နေရဖို့ ရှိပါတော့တယ်၊ ကျွန်တော် ဒီကို ရွှေ့လာရတာကတော့ ကျွန်တော့် မိန်းမနဲ့ မိသားစုနဲ့ နီးနီးကပ်ကပ် နေရအောင်ပါ'

ရဲအရာရှိသည် ခေါင်းကိုမော့လိုက်ပြီး ကျွန်တော့်အား စွေကြည့်လေသည်။ 'ဪ၊ ခင်ဗျားက ကင်ဆာရောဂါရနေတာကိုး' ဟု သူက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။ သူသည် ကျွန်တော့်အား အမှန်အတိုင်းသိရန် ကြိုးစားနေသည်။ သည်လူ သေတော့မယ်ဆိုတာ တကယ်ပဲလား၊ ငါ့ကိုများ လိမ်နေတာလား။ သူသည် သို့နှယ် စဉ်းစားနေပုံရပြီး ကျွန်တော့်အား တော်တော်ကြာအောင် ကြည့်နေလေသည်။ 'ခင်ဗျား ပြောတော့ နေရဖို့ လပိုင်းလောက်သာ ရှိတော့တယ်လို့ ဆိုရတယ်၊ ခင်ဗျားကို ကြည့်ရတာကျတော့လည်း လူကောင်းလိုပါပဲလား'ဟု သူက ပြောလိုက်သည်။

'မှန်ပါတယ်၊ ရဲအရာရှိကြီး ခင်ဗျား၊ ကျွန်တော်ဟာ ခင်ဗျား ပြောသလိုပဲ ကျန်းမာနေတဲ့ ပုံပါပဲ၊ ဒီဟာက တော်တော်တော့ ခက်ကျတယ်ခင်ဗျ၊ ကျွန်တော်ဟာ အပြင်ပန်း အမြင်အရတော့ ကျန်းမာနေသူပဲ၊ သို့သော်လည်း ကင်ဆာကျိတ်တွေက အတွင်းမှာ ရှိနေတာခင်ဗျ' ထို့နောက်တွင် ကျွန်တော်လည်း ဘယ်လို ဖြစ်သွားသည်မသိ။ ကျွန်တော့် ရှပ်အင်္ကျီကို လှန်၍ ဗိုက်ခွဲထားသော အမာရွတ်များကို ပြလိုက်မိသည်။

ရဲအရာရှိသည် ကျွန်တော့်အမာရွတ်များကို ကြည့်၏။ ကျွန်တော့်ကိုလည်း မျက်လုံးများထဲသို့တိုင် ကြည့်သည်။ သူ့မျက်နှာပေါ်တွင် 'ငါတော့ သေတော့မယ့် လူတစ်ယောက်နဲ့ စကားပြောနေရပါကလား' ဟူသော အမူအရာမျိုးကို ကျွန်တော် တွေ့ရသည်။ ကံအားလျော်စွာပင် သူတား၍ စစ်ဆေးခဲ့သမျှ သူများတွင် ကျွန်တော်သည် တစ်ဖက်သားကို ယုံကြည်အောင်လုပ်ရာ၌ အရဲရင့်ဆုံးသူ အဖြစ်သို့ ရောက်သွားပေတော့ရာ သူသည် ဆက်လက်၍ ကြာရှည် စဉ်းစားမနေတော့ဘဲ ကျွန်တော့် လိုင်စင်ကို ကျွန်တော့်အား ပြန်ပေးပါသည်။ 'ဒီက ရှေ့မှာတော့ ဖြည်းဖြည်းမောင်းပါနော်' ဟုလည်း ပြောလေသည်။

မြတ်သော အမှန်တရားက ကျွန်တော့်အား လွှတ်ပေးလိုက်ပေပြီ။ သူသည် သူ၏ ရဲကားဆီသို့ ပြန်လျှောက်သွားစဉ် ကျွန်တော် ကိုယ့်အဖြစ်ကို အမှန်အတိုင်း သိနားလည်လိုက်သည်။ တကယ်တော့ ကျွန်တော်သည် မျက်တောင်ကလေး



တစ်ချက်နှစ်ချက် ပုတ်ခတ်လိုက်ရုံနှင့် ယာဉ်စည်းကမ်းဖောက်ဖျက်မှုဖြင့် ဒဏ်ငွေဆောင်ရခြင်းမှ လွတ်ကင်းစေနိုင်စွမ်းသော လှယမင်းကလေးတစ်ဦးလည်း မဟုတ်ပေတကား။

ကျွန်တော်သည် သတ်မှတ်ထားသော မိုင်နှုန်း လျှော့၍ပင် ကားကိုမောင်း၍ အိမ်ပြန်လာခဲ့သည်။ လှယမင်းကလေးတစ်ဦးလိုလည်း ပြုံးနေမိလေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၄

## အခြားသူများ၏ စိတ်ကူးအိပ်မက်များကို အကောင်အထည် ပေါ်လာစေခြင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၃

## ပျားရည်ဆမ်းခရီးထွက်နေသည်၊ သို့ရာတွင် လိုအပ်မည်ဆိုပါလျှင်....

တစ်မြန်မနေ့လောက်က ဂျေးသည် ကျွန်တော့်အား စားသောက်ကုန်ပစ္စည်းများ အဝယ်လွှတ်လိုက်သည်။ ဝယ်ရမည့် စာရင်းပါ ပစ္စည်းများ အားလုံးကို တွေ့ပါသည်။ အကြွေးဝယ်ကဒ်ကို ကိုယ့်ဘာသာကိုယ် ပြ၍ ထွက်သွားနိုင်သော မင်းလမ်းကို အသုံးပြုလိုက်ပါလျှင် စတိုးဆိုင်ထဲမှ မြန်မြန်ထွက်သွားနိုင်မည်ဟု ကျွန်တော်တွေးမိသည်။ ကျွန်တော်သည် အကြွေးဝယ်ကဒ်ကို စက်ထဲသို့ ထိုးပြလိုက်သည်။ ညွှန်ကြားချက်များအတိုင်း လိုက်နာကာ ကျွန်တော့်ပစ္စည်းများကို ကျွန်တော့်ဘာသာပင် စကင်ဖတ်ကြည့်ပါသည်။ စက်က ကျွိကျွိဟူသော အသံမျိုးပင် ထွက်ပေါ်လာကာ ၁၆ ဒသမ ၅၅ ဒေါ်လာ ကျသည်ဟု ပြပါသည်။ သို့ရာတွင် ငွေလက်ခံဖြတ်ပိုင်းကား ထွက်ပေါ်မလာ။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်၏ အကြွေးဝယ်ကဒ်ကို နောက်တစ်ကြိမ် ထပ်မံ၍ ပြလိုက်ပြီး အစက ပြန်လုပ်ရသည်။

မကြာလိုက်ပါ။ ဖြတ်ပိုင်းနှစ်ခု ထွက်လာ၏။ စက်က ကျွန်တော့်အား ကျသင့်ငွေ နှစ်ခါတောင်းထားသည်။

ဤတွင် ကျွန်တော့်မှာ ဆုံးဖြတ်ချက်တစ်ခုကို ချရတော့သည်။ ကျွန်တော်သည် မန်နေဂျာကို လိုက်ရှာမည်ဆိုလျှင်လည်း တွေ့ရလောက်ဖွယ်ရှိပါသည်။ ပုံစံစာရွက်တစ်ခုကို ဖြည့်စရာ ဖြည့်ပြီး ကျွန်တော့် အကြွေးဝယ်ကဒ်ကို မှတ်ပုံတင်စာရင်းစာအုပ်ဆီယူသွား၊ ၁၆ ဒသမ ၅၅ ဒေါ်လာ နှစ်ကြိမ် ကြေးသင့် ရေးထားသည့်အနက် တစ်ကြိမ်ကို ဖယ်ရှားပေးခိုင်းလိုက်မည်ဆိုလျှင်လည်း ဖြစ်လောက်ဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ရှိပါသည်။ သို့ရာတွင် ထိုပင်ပန်းငြီးငွေ့ဖွယ်အလုပ်မှာ ၁၀ မိနစ် သို့မဟုတ် ၁၅ မိနစ် ကြာသွားနိုင်သည်။ ထိုအလုပ်သည် ကျွန်တော့်အတွက် ပျော်စရာအလုပ် မဖြစ်နိုင်လောက်ပေ။

ရှေ့တွင် သွားရမည့် ခရီးကား အတိုပင်ဖြစ်သည်။ သို့ရာတွင် ၁၆ ဒသမ ၅၅ ဒေါ်လာ ပြန်အမ်းငွေကလေးအတွက် ထိုအဖိုးတန်အချိန် ၁၀ မိနစ် ၁၅ မိနစ်ကို ငါ ဖြုန်းပစ်လိုပါသလား။ (ကိုယ့်ဘာသာ မေးကြည့်သည်။) ဖြုန်းမပစ်နိုင်ပါဟု (အဖြေရသည်)။ ၁၆ ဒသမ ၅၅ ဒေါ်လာကို အဆုံးခံနိုင်သလား။ ခံနိုင်သည်။ ထို့ကြောင့် ကျွန်တော်သည် ၁၆. ၅၅ ဒေါ်လာ ပြန်ရ၍ ပျော်ရွှင်ရမည်ထက် အချိန် ၁၅ မိနစ် ရခြင်းအတွက် ပို၍ ပျော်ရွှင်စွာဖြင့် ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင် အချိန်ဟူသည် အကန့်အသတ်နှင့် ဖြစ်သည် ဟူသော အချက်ကို ကျွန်တော် သတိထားမိခဲ့သည်။ ကျွန်တော်သည် နေရာများစွာတို့၌ လိုသည်ထက် ပို၍ ယုတ္တိနည်းကျချင်လွန်းသူ ဖြစ်သည်ကိုလည်း ကျွန်တော် ဝန်ခံပါသည်။ သို့ရာတွင် ကျွန်တော်သည် အချိန်ကို စနစ်တကျ စီမံခန့်ခွဲရမည်ဟု အခိုင်အမာ ယုံကြည်ပေသည်။ ဤသည်မှာလည်း ကျွန်တော့် ဥပါဒါန် အစွဲအလမ်းတစ်ခု ဖြစ်ပေလိမ့်မည်။ ကျွန်တော်သည် ကျွန်တော့်တပည့် ကျောင်းသားများကို အချိန်စီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ပြောဆိုခဲ့သူ ဖြစ်သည်။ အချိန်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍လည်း ဟောပြောပို့ချခဲ့၏။ ကျွန်တော်သည် အချိန်ကို စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ထိုမျှ ကျွမ်းကျင်နိုင်နင်းခဲ့သူဖြစ်ပေရာ ကျွန်တော်၏ ဘဝတစ်ခုလုံးကို ကျွန်တော်ရရှိထားသည့် ဘဝတိုတို ကလေးထဲမှာ စနစ်တကျ ထုပ်ပိုး၍ ထည့်ထားနိုင်စွမ်းရှိသည်ဟု ကျွန်တော် တကယ်ပင် ယူဆလျက်ရှိသည်။

ကျွန်တော် သိထားသမျှကို အောက်တွင် ချပြလိုက်သည်။

**အချိန်ကို ငွေလို သဘောထား၍ ရှင်းတိကျစွာ စီမံရမည်။**

ကျွန်တော့်ကျောင်းသားများသည် သူတို့ 'ပေါက်ရှ်ဝါဒ' ဟု ခေါ်ချင်ကြသည့် ကျွန်တော့်အယူအဆကို ကြားရသည့်အခါ လာပြန်ပြီတစ်ခါဟု ထင်ကြ၊ ငြီးငွေ့ကြသည်။ သို့ရာတွင် ကျွန်တော်ကမူ ကျွန်တော့် အယူအဆကို ယုံကြည်ဆဲသာ



ဖြစ်သည်။ ကျွန်တော်က သူတို့အား ဘာမဟုတ်သည့် အသေးစိတ်ကိစ္စများမှာ အချိန်မကုန်စေနှင့်ဟု ပြောသည်။ 'မင်းတို့ လေ့ကားလက်ရန်းရဲ့ အတွင်းဘက်မှာ ဘယ်လောက် ပြောင်အောင် သုတ်ထား သုတ်ထား ဘာမျှ မထူးဘူးကွ' ဟု ပြောပါသည်။

**သင်၏ အစီအစဉ်ကို အမြဲတမ်း ပြောင်းလဲနေနိုင်သည်။ သို့ရာတွင် ပြောင်းစရာ အစီအစဉ်တော့ ရှိရမည်။**

ကျွန်တော်သည် လုပ်ရမည့် အစီအစဉ်အတိုင်း လုပ်သွားခြင်းကို အကြီး အကျယ် ယုံကြည်သူ ဖြစ်သည်။ ဤသို့ အစီအစဉ်အတိုင်း လုပ်ခြင်းဖြင့် ဘဝကို အဆင့်အသေးကလေးများအဖြစ် ပိုင်းပစ်နိုင်သည်။ ကျွန်တော်သည် တစ်ခါက ကျွန်တော်လုပ်ရမည့် လုပ်ငန်းစာရင်းတွင် တက္ကသိုလ်က အလုပ်တွင် ထာဝရ နေနိုင်ရန် ဟူ၍ ထည့်သွင်းခဲ့ဖူး၏။ ဒါကတော့ အလွန် ရိုးအခြင်းပါပဲ။ လုပ်ငန်း အစီအစဉ်များသည် အသုံးအကျဆုံးဖြစ်ပြီး လုပ်ရမည့် တာဝန်များကို သေးငယ်သော အဆင့်များအဖြစ်သို့ ပိုင်းပေးသည်။ ဘာနှင့်တူပါသနည်းဆိုသော် ကျွန်တော် သည် ကျွန်တော့်သား လိုဂန်အား တစ်ကြိမ် တစ်ကြိမ်တွင် အမှိုက်တစ်စ၊ တစ်စ ကောက်ကောက်သွားခြင်းဖြင့် သူ့အခန်းကို ရှင်းလင်းအောင် ပြုခိုင်းခြင်းနှင့် တူပေသည်။

**သင့်ကိုယ်သင် မေးကြည့်ပါ။**
**သင် အချိန်ကို သုံးသင့်သည့်နေရာမှာ သုံးနေသလား။**

သင့်မှာ လုပ်ထိုက်၍ လုပ်ရမည့် အလုပ်တွေ၊ ရည်မှန်းချက်တွေ၊ သင် စိတ်ဝင်စားစရာတွေ ရှိပေလိမ့်မည်၊ ထိုအလုပ်တွေကို တကယ်ပဲ လုပ်ထိုက်ပါသလား။ ကျွန်တော်သည် ဗာဂျင်းနီယားပြည်နယ် ရှန်းနုတ်မြို့၌ သတင်းစာဖြတ်ပိုင်းတစ်ခု ကို ထိန်းသိမ်းထားခဲ့သည်မှာ အတော်ပင် ကြာခဲ့ပေပြီ။ ထို သတင်းစာဖြတ်ပိုင်းမှာ ဒေသအတွင်းမှ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို ကန့်ကွက် ဆန္ဒပြခဲ့သည့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး၏ ဓာတ်ပုံပါသော ဖြတ်ပိုင်းဖြစ်သည်။ ထိုအမျိုး သမီးက ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ကွန်ကရစ်လမ်းများ၊ အုတ်နံရံများကို ထိုးခွဲသည့် လွန်ကြီးများ၏အသံတို့သည် မမွေးသေးသော သူ့ရင်သွေးကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်စေမှာကို စိုးရိမ်မိကြောင်း ပြောသည်။ သို့ရာတွင် ဓာတ်ပုံထဲ၌ ထိုအမျိုးသမီးသည် လက်ထဲ၌ စီးကရက်တစ်လိပ်ကို ကိုင်ထားသည်။ အကယ်၍သာ မမွေးသေးသော ကိုယ့်ရင်သွေးကလေးအပေါ် တကယ်ပဲ ဂရုစိုက်သည် ဆိုပါက ထိုအမျိုးသမီးသည် ဖော်ပြပါ လွန်သံကြီးများကို ကန့်ကွက်ပြောဆိုခြင်းဖြင့် အချိန်ဖြုန်းနေမည့်အစား ထိုအချိန်ကို သူ့လက်ထဲမှ စီးကရက်မီးငြိမ်းသတ်ခြင်းတွင် သုံးလိုက်ပါက ပို၍ မကောင်းပါလား။

## ဖိုင်ဖွင့်ထားသည့် စနစ်ကောင်းရှိပါစေ။

ကျွန်တော်က ဂျေးအား အစစအရာရာကို အက္ခရာစဉ်ဖြင့် ဖိုင်လုပ်ထားနိုင်သော နေရာမျိုး တစ်နေရာ အိမ်ထဲမှာ ရချင်သည်ဟု ပြောသောအခါ ဂျေးက ကျွန်တော်သည် ပြောရ ဆိုရ အတော်ခက်သည်။ သူ့စိတ်နှင့်တော့ မတွေ့ချင်တော့ဘူးဟု ပြောပါသည်။ ဤတွင် ကျွန်တော်က သူ့အား ပြောရသည်။ 'အဲဒါက အပြာရောင်ကလေးပါ။ ငါ ဟိုဟာလေး စားနေတုန်းကတောင် ငါ့လက်ထဲမှာ ရှိနေသေးတယ်လို့ ပြောပြီး ဟိုဟိုဒီဒီ လိုက်ရှာနေတာနဲ့ စာရင်တော့ အက္ခရာစဉ်အတိုင်း စီထားတာက ပိုကောင်းတာပေါ့ကွာ'

## တယ်လီဖုန်းကိစ္စ ပြန်စဉ်းစားပါ။

ကျွန်တော့်မှာ တယ်လီဖုန်းကို ကိုင်ထားကာ 'လူကြီးမင်းရဲ့ ဖုန်းဆက်ခြင်းဟာ ကျွန်မတို့၊ ကျွန်တော်တို့အတွက် အင်မတန် အဖိုးတန်လှပါတယ်' ဟူသော စကားမျိုးကို နားထောင်ရင်း အချိန်တွေ အများကြီး ကုန်နေရသည့် ယဉ်ကျေးမှုထဲမှာ နေထိုင်နေရသည်။ ဟုတ်ပါပေ့။ ယခုတစ်ကြိမ်တွင်မှ ပထမဆုံးအကြိမ်အဖြစ် ချိန်းတွေ့သော မိန်းကလေးတစ်ဦးအား ပါးရိုက်ကာ 'နင့်ကို ငါတကယ်ချစ်တာ'ဟု ပြောလိုက်သည့် ကောင်ကလေးမျိုးနှင့် တူနေသည်။ ဒါကတော့ ယခုခေတ်မှာ မိမိ၏ ဖောက်သည်များအား ဝန်ဆောင်မှုပေးသည့် လုပ်ငန်း၏ လုပ်ကိုင်ဆောင်ရွက်ပုံပါတည်း။ ကျွန်တော်တော့ ထိုနည်းကို လက်မခံပါ။ ကျွန်တော်ကတော့ ကျွန်တော့်နားနှင့် တယ်လီဖုန်းကို ကပ်ပြီး တယ်လီဖုန်းကို ကိုင်ထားရသည့် အလုပ်ကို ဘယ်တော့မှ မလုပ်ပါ။ လက်နှင့် မကိုင်ရဘဲ စကားပြောနိုင်သည့် မိုက်ကရိုဖုန်းနှင့် အသံချဲ့စက်ပါသော တယ်လီဖုန်းကိုသာ သုံးပါသည်။



ထို့ကြောင့် တယ်လီဖုန်းပြောနေစဉ် ကျွန်တော့် လက်များ အားနေသဖြင့် အခြားတစ်ခုခုကို လုပ်၍ရသည်။

ကျွန်တော်သည် မလိုအပ်ဘဲ ခေါ်သော တယ်လီဖုန်း ဆက်သွယ်မှုများကို တိုတိုနှင့် ပြီးသွားစေမည့် နည်းနာများကိုလည်း စုဆောင်းထားသည်။ ထိုင်လျက်နှင့် တယ်လီဖုန်းဆက်သည် ဆိုပါလျှင် ကျွန်တော်သည် ဘယ်တော့မှ ခြေထောက်ကို မြှောက်တင်မထားပါ။ တကယ်တော့ တယ်လီဖုန်း စကားပြောနေစဉ်မျိုးတွင် ပတ်တပ်ရပ်ထားတာက ပိုကောင်းသည်။ စကားကို မြန်မြန်နှင့် ဖြတ်သွားစေနိုင်အောင် ပြု၍ရသည်။ ကျွန်တော်သည် တယ်လီဖုန်းစကားပြောနေချိန်မျိုး၌ စားပွဲပေါ်တွင် ကျွန်တော့်ရှေ့၌ မြင်နိုင်သည့်အရာတစ်ခုခုကို ထားတာမျိုးကိုလည်း ပြုတတ်သည်။ ထိုသို့ပြုထားခြင်းဖြင့် တယ်လီဖုန်းဆက်သူနှင့် ပြောစရာရှိတာကို မြန်မြန် လက်စသတ် ပြောလိုသော ဆန္ဒမျိုး ဖြစ်လာသည်။

လွန်ခဲ့သော နှစ်များအတွင်း၌ ကျွန်တော်သည် တယ်လီဖုန်းဖြင့် အကြံပေးတိုက်တွန်းသည့် ဖုန်းဆက်သွယ်မှုများကို နားထောင်ခဲ့ရသည်။ တယ်လီဖုန်းဖြင့် လိုရာပစ္စည်း မှာယူနိုင်အောင် အရောင်းသမားများကို အမြန်စေလွှတ်ပေးလိုပါသလား ဟူသော ဆက်သွယ်ပြောဆိုမှုမျိုး ဖြစ်သည်။ ထိုသို့ ကြုံလျှင် ကိုယ်ကလည်း ပြောနေတုန်း၊ သူတို့ကလည်း နားထောင်တုန်းမှာ တယ်လီဖုန်းကို ချပစ်လိုက်ပါ။ သူတို့စိတ်ထဲမှာ သင်၏ ဖုန်းလိုင်းဆက်သွယ်မှု မကောင်းလို့ဟုထင်ကာ နောက်မှပဲ ပြန်ဆက်တော့မည်ဟု ဖြစ်သွားလိမ့်မည်။ တစ်ယောက်ယောက်နှင့် တယ်လီဖုန်းပြောသည့်အခါ တိုတိုနှင့် ပြီးချင်ပါသလား။ ထိုသူထံ နံနက် ၁၁ နာရီ ၅၅ မိနစ် နေ့လယ်စာ စားခါနီးချိန်မှာ လှမ်းဆက်ပါ။ ထိုအခါ ထိုသူသည် အမြန်ပြီးအောင် ပြောလိမ့်မည်။ သင့်စိတ်ထဲမှာတော့ သူ ငါပြောတာကို စိတ်ဝင်တစား နားထောင်နေသည်ဟု ထင်ချင် ထင်မည်။ မထင်ပါလေနှင့် နေ့လယ်စာစားဖို့ထက် စိတ်ဝင်စားဖွယ်ကောင်းလိမ့်မည် မဟုတ်ပါ။

## ကိုယ်စားလှယ်လွှဲအပ်ပါ။

ပါမောက္ခတစ်ယောက်ဖြစ်သူ ကျွန်တော်သည် ထက်မြက်သည့် ၁၉ နှစ်သား အရွယ် ကျောင်းသားများကို ယုံ၍ရနိုင်ကြောင်း စောစောကာလ ကတည်းကပင် သိထားခဲ့သည်။ ထိုသို့သော ကျောင်းသားများသည် ပေးလိုက်သည့် တာဝန်ကို

www.burmeseclassic.com

www.burmeseclassic.com



တာဝန်သိသိလုပ်တတ်သည်။ အလွန်လေးစားဖွယ်ကောင်းသည်။ ကိုယ်စား လုပ်ခိုင်းခြင်းအလုပ်သည် စောလွန်းသေးသည်ဟူ၍ မရှိပါ။ ကျွန်တော့်သမီး ကလေး ချလိုသည် ၁၈ လ အရွယ်သာ ရှိသေး၏။ ကျွန်တော် သဘောအကျဆုံး ကျွန်တော်၏ ဓာတ်ပုံနှစ်ခုမှာ သူ့ကို ကျွန်တော့်ရင်ခွင်မှာ ပွေ့ချီထားသော ပုံများ ဖြစ်သည်။ ပထမပုံတွင် ကျွန်တော်က သူ့အား ပုလင်းတစ်ခုပေးနေပုံ တွေ့ရမည်။ ဒုတိယပုံတွင် ထိုပုလင်းကို သူကိုယ်တိုင်ကိုင်သည့်အလုပ်ကို သူ့အား လွှဲပေး ထားပုံတွေ့ရမည်။ သူသည် ပုလင်းကို ကိုယ်တိုင်ကိုင်၍ နို့စို့နေရသည်ကို ကျေနပ် နေပုံရသည်။ ကျွန်တော်ကလည်း ကျေနပ်နေပုံ တွေ့ရပါမည်။





**အနားယူပါ**

အီးမေးလ် ဖတ်နေချိန်မှာ ဖြစ်စေ၊ သတင်းအချက် အလက်များ သိလို၍ တယ်လီဖုန်းဆက်. မေးမြန်းစုံစမ်းနေစဉ်မှာ ဖြစ်စေ တကယ်တမ်းအားဖြင့် အနားယူ၍ မရပေ။ ဂျေးနှင့် ကျွန်တော် ပျားရည်ဆမ်းခရီးထွက်စဉ်တုန်းကမူ ကျွန်တော်တို့သည် မည်သူနှင့်မှ မတွေ့ဘဲ ကျွန်တော်တို့နှစ်ဦးတည်းသာ ရှိနေချင် ခဲ့သည်။ သို့ရာတွင် ကျွန်တော့် အထက်လူကြီးက အကြောင်းတစ်စုံတစ်ရာ ပေါ်လျှင် ကျွန်တော်နှင့် ဆက်သွယ်နိုင်မည့် နည်းလမ်းတစ်ခုတော့ ပေးထားဖို့ လိုမည်ဟု ပြောသည်။ ထို့ကြောင့် ကျွန်တော်က တယ်လီဖုန်းဆက်၍ ပြောရပါ သည်။



'ကျွန်တော် ရန်ဒီပါ၊ ကျွန်တော်ဟာ အိမ်ထောင်ကျဖို့ ၃၉ နှစ်တိုင်တိုင် စောင့်လာခဲ့သူ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်နဲ့ ဇနီးဖြစ်သူ ဂျေးတို့ တစ်လ ကြာလောက် ခရီးသွားကြပါမယ်၊ ဒီအတွက် ပြဿနာမရှိလောက်ပေမဲ့လည်း ကျွန်တော့်အထက်လူကြီးက ပြဿနာရှိနေတယ်ဆိုတော့ ကျွန်တော်နဲ့ ဆက်သွယ် လို့ရအောင် ကျွန်တော် လုပ်ပေးထားခဲ့ရမှာပေါ့ ခင်ဗျာ' ထို့နောက် ကျွန်တော် သည် ဂျေး၏ မိဘများ၏ အမည်နာမများနဲ့ သူတို့နေတဲ့ မြို့ကို ပြောပြလိုက် ပါသည်။ 'တယ်လီဖုန်းလမ်းညွှန်စာအုပ်မှာ ရှာကြည့်ရင် သူတို့ရဲ့ ဖုန်းနံပါတ်ကို တွေ့နိုင်ပါတယ်၊ အကယ်၍သာ ဆရာက ကျွန်တော့်ရဲ့ အသစ်ချပ်ချွတ် ယောက္ခမ များကို ဆရာ ဖုန်းဆက်ရတာဟာ သူတို့ရဲ့ တစ်ဦးတည်းသော သမီးကလေးရဲ့ ပျားရည်ဆမ်းခရီးကို အနှောင့်အယှက်ပြုနိုင်လောက်တဲ့ အရေးပေါ် အခြေအနေ ကြုံလို့ပါလို့ သူတို့ယုံအောင် ပြောနိုင်မယ်ဆိုရင် ကျွန်တော့် ယောက္ခမများဆီမှာ ကျွန်တော်နှင့် ဆက်သွယ်နိုင်တဲ့ ဖုန်းနံပါတ်ရှိပါတယ် ခင်ဗျာ' ဟုလည်း ပြောလိုက် ပါသည်။

ကျွန်တော်တို့ထံသို့ ဖုန်းတစ်ကြိမ်မှ မဆက်ခဲ့ပါ။

ကျွန်တော်ရဲ့ အချိန်စီမံခန့်ခွဲနည်း အချို့မှာ တကယ်ကို အရေးကြီးပါသည်။ အချို့မှာလည်း အရေးမကြီးလှဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ယင်းနည်း အားလုံး ကို စဉ်းစားထိုက်သည်ဟုကား ကျွန်တော် ထင်ပါသည်။

အချိန်ဟူသည် သင့်မှာရှိသမျှ အရာတလေးဖြစ်သည်။ တစ်နေ့သောအခါ တွင် ကိုယ်ထင်တာထက်တောင် အချိန်က နည်းနေပါလားဟု သင် တွေ့လာနိုင် ပေသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၄

## အမှန်ကို ပြန်တွေ့သူ

ပညာရေးတွင် လက်ခံလာကြသည့် ဆီသည်မ လက်သုတ်ဝတ်လို ဟောင်းနွမ်းနေသော စကားရှိသည်။ ကျောင်းဆရာများ၏ နံပါတ်တစ် ရည်မှန်းချက်မှာ ကျောင်းသားများအား သင်ယူလေ့လာတတ်အောင် ပြုပေးရန်ဖြစ်သည်ဟူသော စကား ဖြစ်သည်။

အမှန်ပင် ထိုစကားတွင် ပါသော တန်ဖိုးကို ကျွန်တော် သိမြင်ပါသည်၊ သို့ရာတွင် ထိုထက် ကောင်းမွန်သော နံပါတ်တစ်ရည်မှန်းချက်သည် ဤသို့ဖြစ်ထိုက်သည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်ကမူ 'ကျောင်းသားများအား သူတို့ကိုယ် သူတို့ အကဲဖြတ်တတ်အောင်' သာ ပြုပေးချင်သည်။

ကျောင်းသားများသည် မိမိတို့၏အရည်အချင်းကို မိမိတို့ သိကြပါသလော၊ မိမိတို့၏ ချို့ယွင်းအားနည်းချက်များကို သိကြပါသလော။ အခြားသူများက မိမိတို့အပေါ် မြင်ပုံကို အမှန်အတိုင်း နားလည်လက်ခံနိုင်ပါသလော။

အဆုံးမှာတော့ ပညာရေးပညာရှင်များက ကျောင်းသားများအတွက် အကောင်းဆုံး ပြုပေးနိုင်ကြသည်မှာ သူတို့အား ကိုယ့်ကိုယ်ကိုယ် အမှန်အတိုင်း တွေးမြင်တတ်အောင် ပြုပေးခြင်းသာဖြစ်သည်။ နည်းပြဆရာ ဂရာဟမ် ကျွန်တော့်အား သင်ပေးခဲ့သကဲ့သို့ပင် တိုးတက်အောင်ပြုရေးအတွက် တစ်ခုတည်းသော နည်းလမ်းမှာ မိမိတို့ကိုယ်ကို မိမိတို့ ပြန်ပြီး အကဲဖြတ်တတ်သည့် စွမ်းရည်စစ်စွမ်းရည်မှန်ကို ဖွံ့ဖြိုးလာစေခြင်းသာ ဖြစ်သည်။ ထိုကဲ့သို့ ကိုယ့်ကိုယ်ကိုယ် အကဲဖြတ်တတ်ခြင်းသာ မရှိခဲ့ပါက ပို၍ကောင်းလာသည်၊ သို့မဟုတ် ပို၍ဆိုးလာသည်ဟူ၍ ဘယ်မှာလျှင် ပြောဆိုနိုင်ပါမည်နည်း။



အချို့သော ယနေ့ကာလ အတွေးအခေါ်ဟောင်း သမားများက အဆင့်မြင့်ပညာရေးမှာ ငွေပေးလျှင် ပစ္စည်းရသည့် ဖောက်သည်ဝန်ဆောင်မှုလုပ်ငန်းလိုဖြစ်နေသည်ဟု ညည်းညူကြသည်။ ကျောင်းသားများနှင့် သူတို့၏ မိဘများကလည်း သူတို့သည် ကုန်ပစ္စည်းတစ်ခုအတွက် ငွေကြေးအများကြီး ပေးထားကြရသည်ဟု ယူဆကြ၏။ ထို့ကြောင့် သူတို့က ပညာရေးသည် တိုင်းတာ၍ရသောနည်းဖြင့် အဖိုးတန်တာမျိုး ဖြစ်စေချင်ကြသည်။ ဘာနှင့်တူနေပါသနည်းဆိုသော် လူတစ် ယောက်သည် ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင်ထဲသို့ ဝင်သွားပြီး ဂျင်းဘောင်းဘီ ငါးစုံကို ဝယ်လာရမည့်အစား ငါးဘာသာ သင်ရိုးကုန်စာအုပ်ကို ဝယ်ပြီးထွက်လာ သည်နှင့် တူနေပေသည်။

ကျွန်တော်က ထိုဖောက်သည် ဝန်ဆောင်မှုပုံစံဖြင့် ပညာရေးကို လုံးဝလက်မခံတာမျိုးတော့လည်း မပြုချင်ပါ။ သို့ရာတွင် မှန်ကန်သော ကုန်ထုတ်လုပ်ငန်းတွင် သုံးသော နှိုင်းယှဉ်ပြသည့် ပုံစံမျိုးကို သုံးတတ်ဖို့ကား အရေးကြီးသည်ဟု ထင်ပါသည်။ ပညာရေးသည် ဈေးရောင်းခြင်းမျိုးတော့လည်း မဟုတ်ပါ။ ကျွန်တော်က ကောလိပ်ကျောင်းက ပညာသင်ပေးပုံကို အားကစားကလပ်တစ်ခုမှာ လေ့ကျင့်သင်တန်းပေးသည့် ဆရာကို ကိုယ်ပိုင် အခပေး၍ ငှားထားသည့်မျိုးနှင့် နှိုင်းယှဉ်ပြလိုပါသည်။ ကျွန်တော်တို့ ပါမောက္ခများက ပိုက်ဆံပေးငှားထားသည့် သင်တန်းဆရာနှင့် တူနေသည်၊ ကိုယ့်ဆီ ပညာလာသင်သူများအား (စာအုပ်တို့၊ ဓာတ်ခွဲခန်းတို့၊ ကျွန်တော်တို့၏ ကျွမ်းကျင်မှုပညာတို့လို) ပစ္စည်းကိရိယာများ ကိုင်တတ် တွယ်တတ်အောင် ကျွန်တော်တို့က ပြုပေးသည်။ သို့ပစ္စည်းပစ္စယများ ကိုင်တတ်တွယ်တတ်ပြီးသည့်အခါ ကျွန်တော်တို့သည် သူတို့အား ကျွန်တော်တို့ ဖြစ်စေချင်တာ ဖြစ်လာအောင် လုပ်ခိုင်းသည်။ ကျွန်တော်တို့ တပည့်များသည် ကိုယ့်အားကိုယ်ထုတ်၍ တကယ်ပဲ လုပ်ကြလေသလားကို ကျွန်တော်တို့ဆရာများက သိအောင် လုပ်ရသည်။ သူတို့အား ချီးကျူးထိုက်လျှင် ချီးကျူးရ၏။ နောက်ထပ် သည်ထက်သည် ပို၍ ကြိုးစားဖို့လိုသေးသည်ဆိုလျှင်လည်း ရိုးရိုးရှင်းရှင်းပင် လိုသေးကြောင်း ပြောရပါသည်။

အရေးအကြီးဆုံးမှာ သူတို့၏ ရည်မှန်းချက် ပန်းတိုင်ကို လျှောက်လှမ်းရာတွင် သူတို့ဘယ်အခြေအနေရှိသည်ကို သူတို့ အကဲဖြတ်တတ်အောင် သူတို့အား သင်ပေးရခြင်း ဖြစ်ပါသည်။ အားကစားရုံတစ်ခုတွင် တွေ့ရသည့် အလွန်အရေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးသည့် အချက်တစ်ခုမှာ ကြိုးစားအားထုတ်လိုက်သည်နှင့်အမျှ သိသာ ထင်ရှားသည့် ရလဒ်ကောင်းလည်း ရလာတတ်ခြင်း ဖြစ်ပါသည်။ ကောလိပ်ကျောင်းမှာလည်း ထိုဥပမာနှင့် အတူပင် ဖြစ်သည်။ မှန်ထဲမှာ မိမိကိုယ်ကို ကြည့်လိုက်လျှင် မိမိတို့၏ ကြွက်သားများ ဘယ်မျှကြီးထွားလာပြီကို မြင်နိုင်သကဲ့သို့ ကျောင်းသားများသည်လည်း မိမိတို့၏ စိတ်ပိုင်းဆိုင်ရာမှာ ဘယ်မျှ ကြီးထွားလာသည်ကို ကြည့်မြင်တတ်အောင် ပါမောက္ခတစ်ဦးက သင်ပေးရလေသည်။

ထိုသို့သော ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် ကျွန်တော်သည် ကျောင်းသားများအနေဖြင့် ဆရာများ၏ ဝေဖန် အကြံပေးချက်များကို နာယူတတ်စေမည့် နည်းကို ကြိုးပမ်းရှာဖွေခဲ့ပေသည်၊ ကျွန်တော့်တပည့်များအား မိမိတို့ ကိုယ်ကို မိမိတို့ ဝေဖန်တတ်သော အလေ့အကျင့်များ ဖွံ့ဖြိုးလာအောင် ကျွန်တော်က အမြဲမပြတ် ကူညီပေးရသည်။ သို့ရာတွင် ဤအလုပ်သည် လွယ်လှသည်ကား မဟုတ်။ ဝေဖန်အကြံပေးချက်ကို လိုလိုလားလား လက်ခံတတ်လာအောင် ပြုပေးရသည်က အခက်အခဲဆုံး ဖြစ်သည်၊ ပညာရေး ပညာရှင်တစ်ဦးအနေနှင့် တွေ့ရသမျှ အခက်အခဲတို့တွင် အခက်အခဲဆုံးဟုပင် ဆိုနိုင်သည်။ (ဤကိစ္စမှာ ပါမောက္ခတစ်ယောက်အနေဖြင့် လွယ်ကူသောကိစ္စ မဟုတ်ပါပေ။) မြောက်များလှစွာသော မိဘများရော ပညာပေး ပညာရှင်များကပါ ဤကိစ္စအတွက် လက်လျှော့လာခဲ့ကြခြင်းမှာ ဝမ်းနည်းဖွယ်ကောင်းလှပေသည်။ ထိုပုဂ္ဂိုလ်များသည် မိမိကိုယ်ကို မိမိ တန်ဖိုးထားအပ်ကြောင်း ပြောဆိုကြသည့်အခါ မိမိ၏ ရိုးသားမှု ကိုယ်ကျင့်သိက္ခာ တည်ဆောက်ရန်ဆိုတာမျိုးထက် အပေါ်ယံ မြှောက်ပင့် ပြောဆိုတာမျိုးလောက်နှင့်သာ ပြီးကြတော့သည်။ ကျွန်တော်တို့၏ ပညာရေးစနစ်သည် အကျပိုင်းသို့ ဆင်းနေသည် ဟူသော စကားမျိုးကို လူများစွာတို့ထံမှ ကျွန်တော် အကြိမ်များစွာ ကြားဖူးသည်။ အရေးပါသော အချက်တစ်ချက်မှာ တကယ့်ဝေဖန်အကြံပေးခြင်းမျိုးက နည်းနည်း၊ ကျောသပ်ပေးခြင်းမျိုးက များများ ဖြစ်နေခြင်းပင်။

ပကတိနီးပါးတူသော ကမ္ဘာလောကများကို တည်ဆောက်ခြင်း ဟူသော သင်ခန်းစာကို သင်ပေးသည့် အတန်းတစ်တန်းကို ကာနက်ဂီ မယ်လွန် တက္ကသိုလ်တွင် ကျွန်တော် သင်ပြစဉ်က ကျောင်းသားအချင်းချင်း ဝေဖန် အကြံပေးခြင်းမျိုး သီတင်းနှစ်ပတ်လျှင် တစ်ကြိမ်ကျ ပြုစေသည်။ ဤအတန်းမှာ တကယ့်ကို



ပူးပေါင်းဆောင်ရွက်ရသော အတန်းဖြစ်သည်။ ကျောင်းသားများသည် လေးယောက်တစ်စု ခွဲ၍ အလုပ်လုပ်ကြသည်။ ပကတိနီးပါးတူအောင် ဖန်တီးပေးသော ကွန်ပျူတာ လုပ်ငန်း စီမံချက်များကို လုပ်ကြစေခြင်းဖြစ်သည်။ သူတို့သည် တစ်ဦးအပေါ် တစ်ဦး တည်မှီနေရသည်ဖြစ်ရာ သူတို့၏ ပညာရည် အဆင့်များမှာလည်း ထိုအချက်ကို ထင်ဟပ် ဝေဖန်ပြကြလေသည်။

စာသင်နှစ်ဝက်လည်း ကုန်ဆုံးသွားပြီ။ ကျောင်းသားများလည်း တစ်ဦးလျှင် လုပ်ငန်းစီမံချက် ငါးခုစီ လုပ်၍ပြီးပေပြီ၊ လုပ်ငန်းစီမံချက်တစ်ခု လုပ်တိုင်း နောက်ထပ် မတူသည့် လုပ်ဖော် သူငယ်ချင်းသုံးဦးနှင့် ပြောင်း ပြောင်း လုပ်ခဲ့ခြင်းဖြစ်ရာ ကျောင်းသား တစ်ဦးလျှင် အချက်အလက် အမှတ် ၁၅ မှတ်စီ ရရှိကြရမည်ဖြစ်သည်။ ဤသည်ကား မိမိတို့ကျောင်းသားအချင်းချင်း စာရင်းအင်း ကိန်းဂဏန်းနှင့် လက်တွေ့ကျကျ ကြည့်မြင်နိုင်သည့်နည်း ဖြစ်ပေသည်။

ကျွန်တော်က အရည်အချင်း အနိမ့်အမြင့် အတက်အကျကို တိုင်များ တနိမ့်အမြင့်ဖြင့် ဖော်ပြသည့် ရောင်စုံပုံစံ ကားချပ်တစ်ခုကို တီထွင်ထားသည်။ ထိုပုံစံကားချပ်၌ ကျောင်းသားတစ်ဦးသည် မိမိတို့၏ ဆောင်ရွက်ချက်များတွင် မိမိတို့ ဘယ်အဆင့်မှာ ရောက်နေကြောင်းကို ကြည့်၍ရသည်။

ဥပမာအားဖြင့်-

၁။ မိမိ၏ သူငယ်ချင်းများက မိမိအား အလုပ် ကြိုးစားသည်ဟု ထင်ပါသလား၊ လုပ်ငန်း စီမံချက်တစ်ခုကို မိမိသည် အချိန် ဘယ်နှစ်နာရီကြာအောင် လုပ်ဆောင်သည်ဟု ထင်မြင်သလဲ။

၂။ မိမိ၏ ပါဝင် လုပ်ဆောင်မှုသည် ဘယ်မျှ ဆန်းသစ်တီထွင်မှု ရှိပါသလဲ။

၃။ မိမိသူငယ်ချင်းများသည် မိမိနှင့်အတူ လုပ်ကိုင်ရတာ လွယ်သလား၊ သို့မဟုတ် ခက်သလား၊ မိမိသည် ပူးပေါင်းဆောင်ရွက်တတ်သူ ဖြစ်ပါသလား။

စသည်တို့ကို ထိုပုံစံကားချပ်တွင် ကြည့်နိုင်သည်။

ကျွန်တော် ထောက်ပြလေ့ရှိသည့် အတိုင်းပင် အထူးသဖြင့် နံပါတ် ၃ ကိစ္စမျိုးတွင် ကျောင်းသားတစ်ယောက်နှင့် ကျန် ကျောင်းသားဖော်များတို့ အတူ တွဲ၍ လုပ်ကြရာတွင် ထိုသူနှင့် လုပ်ရသည်မှာ ဘယ်မျှ လွယ်သည် သို့မဟုတ်


www.burmeseclassic.com

www.burmeseclassic.com



ဘယ်မျှ ခက်သည်ကို ကျန်ကျောင်းသားဖော်များက အတိအကျ အကဲဖြတ်ပေး နိုင်ကြပေသည်။

ရောင်စုံခြယ်ထားသော အတက်အကျ တိုင် နိမ့်မြင့်ဖြင့် ဖော်ပြထားသည့် ပုံစံကားချပ်များသည် အလွန်တိကျသည်။ ကျောင်းသားတိုင်းသည် ကျန် မိမိ သူငယ်ချင်း ၄၉ ဦးနှင့် ယှဉ်လျှင် မိမိဘယ်အနေအထားတွင် ရပ်တည်နေသည်ကို သိရသည်။



ထိုတိုင်နိမ့်မြင့်ဖြင့်ပြသော ပုံစံကားချပ်များကို လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများက လွတ်လပ်သောပုံစံဖြင့် ပေးထားသော အကြံပေးချက်များဖြင့် ချိတ်ဆက်ပေးထားသည်။ အကြံပေးချက်ဆိုရာမှာလည်း တိုးတက်မှုအတွက် တကယ် တိကျသော အကြံပေးချက်မျိုးများ ဖြစ်သည်။ ဥပမာ 'အခြားသူ စကားပြောနေလျှင် သူ့စကားဆုံးအောင် ပြောပါစေ' ဟူသော အကြံပေးချက်မျိုး ဖြစ်သည်။

ကျွန်တော့်မျှော်လင့်ချက်ကား ကျောင်းသားအနည်းမျှလောက်သာ မကဘဲ ကျောင်းသားတိုင်းလိုလိုက ဤသတင်းအချက်အလက်ကို တွေ့မြင်သွားကြပြီး 'အင်း ဟုတ်ပါရဲ့၊ ငါ အဆင့်တက်အောင် လုပ်ရဦးမှာပါတကား' ဟူ၍ ဖြစ်လာရန် ဖြစ်ပါသည်။ ဤသို့သော အကြံပေးချက်များမှာ မသိကျိုးကျွန်ပြုရန် ခက်လှသည်။ သို့ရာတွင် အချို့သူများကျတော့လည်း လျစ်လျူရှုနိုင်ကြဆဲ ဖြစ်သည်ကို တွေ့ရသည်။



အဘယ့်ကြောင့်ဆိုသော် အောက်ပါအတွေ့အကြုံကြောင့် ဖြစ်သည်။ ကျွန်တော်သင်တန်းတစ်ခုကို သင်ပြရာ ကျောင်းသားများအား အထက်တွင် ပြောခဲ့သည့် နည်းအတိုင်း အချင်းချင်း အကဲဖြတ်စေသည်။ ထိုသို့ပြုခိုင်းသည့် အခါ အဆင့်လေးဆင့် ခွဲထားသည်ဖြစ်၍ သူတို့ ဘယ်အဆင့်ထဲမှာ ရောက်နေသည် ဟူသည်လောက်ကိုသာ သူတို့အား ပြောပြသည်။ ကျောင်းသားတစ်ယောက်နှင့် ကျွန်တော် စကားပြောခဲ့ရပုံကို သတိရမိသည်။ ထိုကျောင်းသားအား ကျန်ကျောင်းသားများက စက်ဆုတ်ဖွယ်ကောင်းသူအဖြစ် အကဲဖြတ်ထားကြသည်။ သူက လူတော်တော့ လူတော်ပင်။ သို့ရာတွင် သူက သူ့ကိုယ်သူ အတော်အထင်ကြီးသူ ဖြစ်နေသဖြင့် သူဘယ်အခြေနေရှိနေသည်ကို မသိနိုင်ဘဲ ဖြစ်နေသည်။ သူသည် အဆင့်လေးဆင့် ခွဲထားသည့်အနက် နောက်ဆုံး အဆင့်ထဲ၌ ရောက်နေလေသည်။ သူသည် ထိုသို့အောက်ဆုံးဆင့်တွင် ရောက်နေသော်လည်း သူကမူ ပူပန်မှုလည်းမပြ၊ အထိတ်တလန့်လည်း မဖြစ်ခဲ့ပေ။

သူက သူ အောက်ဆုံးအဆင့် ၂၅ ရာခိုင်နှုန်းထဲမှာ ရောက်နေသည့်တိုင် သူ၏ အဆင့်သည် ၂၄ ရာခိုင်နှုန်း သို့မဟုတ် ၂၅ ရာခိုင်နှုန်းလောက်တော့ ရှိနေဦးမည်ဟု ယူဆလေသည်။ (ငါသည် အောက်အဆင့် ၅ ရာခိုင်နှုန်းလောက်မှာ ရှိနေရော့လား ဟူ၍ကား လုံးဝ မတွေးပေ။) ထို့ကြောင့် သူ့စိတ်ထဲ၌ သူ့အဆင့်သည် နောက်တစ်ဆင့်မြင့်သည့် လေးပုံတစ်ပုံထဲ ရောက်လုနီးပါး ရှိနေသည်ဟုသာ တွေးသည်။ '၅၀ ရာခိုင်နှုန်းနှင့် သိပ်မဝေးလှ' ဟု သူက သူ့ကိုယ်သူ သုံးသပ်လေသည်။ ၅၀ ရာခိုင်နှုန်းဆိုသည်မှာ သူငယ်ချင်းများက မဆိုးပါဘူးဟု တွေးသည့် အဆင့် မဟုတ်ပါလော။

'ဒီပုံစံကားချပ်ရှိတဲ့အတွက် ဆရာတော့ ဝမ်းသာတယ်'ဟု ကျွန်တော်က သူ့ကို ပြောပြသည်။ 'ဘာကြောင့်လဲ ဆိုတော့ မင်းကို တိကျတဲ့ သတင်းအချက်အလက်တချို့ ပေးနိုင်ဖို့ဟာ အရေးကြီးတယ်လို့ ဆရာထင်လို့ပဲ၊ မင်းဟာ အောက်ဆုံး ၂၅ ရာခိုင်နှုန်းထဲမှာ ရောက်နေရုံမျှမကဘူး၊ အတန်းထဲမှာ လူ ၅၀ ရှိတဲ့အနက် မင်းဟာ နောက်ဆုံးမှာ ရှိတယ်လို့ မင်းရဲ့ သူငယ်ချင်းတွေက အဆင့် သတ်မှတ်ပေးထားကြတယ်၊ မင်းက နံပါတ် ၅၀ မှာရှိနေတယ်၊ ဒါဟာ မင်းအတွက် အရေးကြီးတဲ့ ပြဿနာပဲ၊ သူတို့ ပြောကြတာက မင်းဟာ သူများပြောတာကို နားမထောင်တတ်ဘူးတဲ့၊ မင်းဟာ အများနဲ့ အဆင်မပြေဘူးတဲ့၊ ဒါဟာ မကောင်းဘူးကွ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် တပည့်သည် တုန်လှုပ်သွားသည်။ (ကျောင်းသားများသည် အမြဲပင် သို့နှယ်တုန်လှုပ်သွားတတ်သည်။) သူသည် သူ၏ အခြေအနေမှန်ကို သိသွားခဲ့ပြီဖြစ်သည့်အပြင် ကျွန်တော်ကလည်း သူ့အား ဤကြွားရန် ခက်ခဲလှသော အချက်အလက်များကို ပေးလိုက်ပြီဖြစ်သည်။

ထို့နောက် ကျွန်တော်က သူ့အား ကျွန်တော့် အကြောင်း အမှန်အတိုင်း ပြောပြသည်။

'ဆရာလဲ မင်းလိုပဲကွ၊ ဆရာက သူများပြောတာ ဘာမှ သိပ်လက်မခံချင်ဘူး၊ ဒါပေမဲ့ ဆရာ့မှာ အမှန်တရားကို ဆရာ့ခေါင်းထဲ အတင်းရိုက်သွင်းပေးခဲ့တဲ့ ပါမောက္ခတစ်ဦး ရှိခဲ့ဖူးတယ်၊ အဲဒါနဲ့ပဲ ဆရာ့မှာ ထူးခြားမှုရှိလာတယ်၊ အဲဒါက ဘာလဲဆိုတော့ နားထောင်တတ်ခြင်းပါပဲ'

ဤတွင် ကျွန်တော့်တပည့် ကျောင်းသားသည် မျက်လုံးကျယ်လာ၏။ ကျွန်တော်က သူ့ကို ဤသို့ ပြောပြသည်။ 'ဒါဟာ အမှန်အတိုင်း ပြောဆိုခြင်းပဲ၊ ဆရာလည်း အမှားတွေပြုပြီး အမှန်ရောက်လာခဲ့သူပါ၊ အဲဒီလို ရောက်လာခဲ့တဲ့ လူဖြစ်လို့လဲ ဆရာက မင်းဟာလည်း အမှန်ပြန်ရောက်နိုင်တဲ့ လူတစ်ယောက်ပဲလို့ ပြောနိုင်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်လာခဲ့တာပါ'

ကျန်သည့် စာသင်နှစ် နှစ်ဝက်တစ်လျှောက်လုံး ဤတပည့်သည် အမြဲတမ်း သူ့ကိုယ်သူ ပြန်လည်စစ်ဆေး ကြည့်သွားတော့သည်။ ယခင်နှစ်ပေါင်းများစွာတွင် ကျွန်တော့် ပါမောက္ခ အင်ဒီဗန်းဒမ်းက ကျွန်တော့်အား ပြုပြင်ပေးခဲ့သလိုပင် ကျွန်တော်လည်း ဤတပည့်အား သူ့ကောင်းကျိုးအတွက် ပြုပြင်ပေးခဲ့ပါသတည်း။

❑ ❑ ❑

## အခန်း ၂၅

## ဖြစ်ချင်သူအား သင်တန်းပေးခြင်း

ငယ်စဉ်ကလေးဘဝက စိတ်ကူးအိပ်မက်များအတိုင်း ဖြစ်လာခြင်းသည် အလွန်ရင်ဖို ပီတိဖြစ်ဖွယ်ကောင်းပါသည်။ သို့ရာတွင် အသက်အရွယ်ကလေး ရလာသည့်အခါ ကိုယ့်စိတ်ကူးအိပ်မက်အတိုင်း ဖြစ်လာရခြင်းထက် သူတစ်ပါး၏ စိတ်ကူးအိပ်မက်အတိုင်း ဖြစ်လာအောင် လုပ်ပေးရခြင်းက ပို၍ ပျော်ရွှင် ပီတိဖြစ်ဖွယ်ကောင်းပါ၏။

၁၉၉၃ ခုနှစ်က ကျွန်တော်သည် ဗာဂျင်းနယား တက္ကသိုလ်တွင် စာသင်ပြပေးနေသည်။ ကျွန်တော့်အတန်းတွင် တွမ်မီ ဘားနက်ဟုခေါ်သော ကျောင်းသားတစ်ဦးလည်း ပါသည်။ သူသည် ပန်းချီအနုပညာသည်တစ်ဦးအဖြစ်မှ ကွန်ပျူတာဂရပ်ဖစ်ပညာလိုက်စားသူ ကျောင်းသားတစ်ဦးဖြစ်လာသူပါ။ သူက ကျွန်တော်၏ သုတေသနအဖွဲ့တွင် အလုပ် လုပ်လိုသည်။ ကျွန်တော်က သူနှင့် သူ့ဘဝအကြောင်း၊ သူ့ရည်မှန်းချက်များအကြောင်း ပြောဆိုနေစဉ် သူသည် စကားတစ်ခွန်းကို ရုတ်ခြည်း ဝင်ပြောလိုက်သည်။

'အို၊ ဆရာကလည်း ကျွန်တော့်မှာ ကလေးဘဝကတည်းက ဒီအိပ်မက်တွေ ရှိလာခဲ့တာပဲ'

စကားပြောသည့်အခါ လူတစ်ယောက်၏ စကားထဲတွင် ကလေးဘဝတို့၊ အိပ်မက်တို့ ပါလာလျှင် ကျွန်တော်သည် ထိုသူ၏ စကားကို အထူး စိတ်ဝင်စားတတ်သည်။

'ဆိုပါဦး တွမ်မီရ၊ မင်း စိတ်ကူးအိပ်မက်က ဘာတဲ့လဲ' ဟု ကျွန်တော်က မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ 'ကျွန်တော်က နောက်တစ်ကြိမ်ရိုက်မဲ့ ကြယ်တာရာစစ်ပွဲ ရုပ်ရှင်ကားနဲ့ ပတ်သက်တဲ့ အလုပ်မှာ လုပ်ချင်တာခင်ဗျ' ဟု သူက ပြောပါသည်။

သူ ဤစကားကို ပြောခဲ့သည်မှာ ၁၉၉၃ ခုနှစ်တုန်းကပါ။ နောက်ဆုံး ကြယ်တာရာစစ်ပွဲ ရုပ်ရှင်ကားကို ၁၉၈၃ ခုနှစ်က ရိုက်ကူး ထုတ်လုပ်ခဲ့သည်။ နောက်ထပ် ဤကားမျိုး ထပ်မံရိုက်ကူးထုတ်လုပ်ရန် တိတိကျကျ သတ်မှတ်ထားသော အစီအစဉ်မျိုး မရှိပါ။ 'ဒီအိပ်မက်ကတော့ တကယ်ဖြစ်လာဖို့ အလွန်ခက်မယ့် အိပ်မက်ပဲကွ၊ ဘာကြောင့်လဲဆိုတော့ ဒီကားကို မြင်ကြရဖို့ ခက်လှလို့ပဲ၊ ကြယ်တာရာစစ်ပွဲ ရုပ်ရှင်ကားများ ထုတ်လုပ်ရိုက်ကူးမှုဟာ ပြီးဆုံးသွားကြပြီလို့ ပြောတယ်'ဟု ကျွန်တော်က ရှင်းပြပါသည်။

'မဟုတ်ဘူး ဆရာ၊ သူတို့နောက်ထပ် ရိုက်ကူးထုတ်လုပ်ကြဦးမှာပါ၊ သူတို့ အဲဒီလို ရိုက်ကူးထုတ်လုပ်ပြီဆိုတဲ့အခါ ကျွန်တော် အဲဒီကားတွေနဲ့ ပတ်သက်တဲ့ အလုပ်တွေကို လုပ်မယ်၊ ကျွန်တော့် အစီအစဉ်ကတော့ အဲဒါပဲ'ဟု သူက ပြောပါသည်။

ကြယ်တာရာစစ်ပွဲ ဇာတ်ကား စတင်ရုံတင်သည့် ၁၉၇၇ ခုနှစ်တွင် တွမ်မီသည် ခြောက်နှစ်သားသာ ရှိသေးသည်။ 'ကျွန်တော်တို့ ကလေးတွေက ဟန်ဆိုလို ဖြစ်ချင်ကြတာ ခင်ဗျ'ဟု တွမ်မီက ပြောပါသည်။ 'ကျွန်တော်ကတော့ ဟန်ဆိုလို မဖြစ်ချင်ပါဘူး၊ ကျွန်တော်က အဲဒီဇာတ်ကားထဲက အာကာသယာဉ်တွေ၊ ဂြိုဟ်တွေ၊ ရိုဘော့တွေ အစရှိတဲ့ အထူးပြုလုပ်ချက်တွေကို လုပ်ပေးတဲ့လူသာ ဖြစ်ချင်တာပါ' ဟုလည်း ဆက်ပြောပါသည်။ သူ ကလေးဘဝတုန်းက သူတွေ့ခဲ့သမျှ နည်းပညာအဆန်းဆုံး ကြယ်တာရာစစ်ပွဲ ဆောင်းပါးတွေကို ဖတ်ခဲ့ကြောင်းလည်း တွမ်မီက ပြောသည်။ မိုဒဲလ်တွေ ဘယ်ပုံ ဘယ်နည်းတည်ဆောက်ရကြောင်းနှင့် စပါယ်ရှယ်အဖက်ခ်ေါ အထူးပြုလုပ်ချက်တွေ ဘယ်ပုံရရှိကြောင်းတို့ကို ရေးသားဖော်ပြသည့် စာအုပ်တွေအားလုံးလည်း သူ့မှာရှိသည်ဟု ပြောသည်။

တွမ်မီက ထိုသို့ပြောနေစဉ် ကျွန်တော်သည် ကျွန်တော် ကလေးဘဝတုန်းက ဒစ္စနေးလန်းသို့ သွားရောက်ခဲ့စဉ်က ဤသို့သော ချားရဟတ်များကို ဖန်တီးတည်ဆောက်ပေးသည့်သူမျိုး ဖြစ်ချင်သောဆန္ဒများ အလိုအလျောက် ပေါ်ပေါက်လာပုံကို ပြန်ပြောင်းသတိရမိသည်။ တွမ်မီ၏ စိတ်ကူးအိပ်မက်ကား ဘယ်သောအခါမှ တကယ်ဖြစ်လာနိုင်ဖွယ် မရှိကြောင်းကိုလည်း ကျွန်တော်



တွေးမိပါသည်။ သို့ရာတွင် ဤသို့သော စိတ်ကူးမျိုးသည် သူ့ကို တစ်နည်းနည်းဖြင့်ကား အကျိုးပြုပေလိမ့်မည် ဤသို့သော စိတ်ကူးအိပ်မက်ရှိသူမျိုးကို ကျွန်တော် သုံး၍ ရနိုင်သည်။ အယ်န်အက်ဖ်အယ်လ်တွင် ဖြစ်ခဲ့ဖူးသော ကျွန်တော့်ဆန္ဒ အတွေ့အကြုံအရ သူ့အိပ်မက် တကယ်မဖြစ်နိုင်မှန်း ကျွန်တော် သိသော်လည်း ဤသို့သော အိပ်မက်မျိုးများသည် သူ့ကို ကောင်းစွာ အကျိုးပြုမည်ဖြစ်သည်။ ထို့ဖြစ်၍ ကျွန်တော်သည် သူ့အား ကျွန်တော်၏ သုတေသနအဖွဲ့ထဲသို့ ဝင်ပါဟု ပြောလိုက်လေသည်။

တွမ်မီက စာဖတ်သူအား ကျွန်တော်ဘယ်မျှ ပြင်းထန်သော ဆရာတစ်ဦးဖြစ်ကြောင်း ပြောပြပါလိမ့်မည်။ ယခုအခါ ပြန်ပြောင်းသတိရသလိုအရဆိုသော် ကျွန်တော်သည် သူ့ကို အပြင်းအထန် မောင်းပါသတဲ့။ ကျွန်တော်က သူ့အပေါ် အလွန်မြင့်မားသော မျှော်လင့်ချက်များလည်း ထားပါသတဲ့။ သို့ရာတွင် ကျွန်တော်သည် သူ့အကျိုးကို ရင်ထဲ အသည်းနှလုံးထဲကပါ လိုလားသူဖြစ်သည်ကိုလည်း သူသိသည်ဟု ဆိုပါသည်။ သူက ကျွန်တော့်အား မရမနေ ခိုင်းတတ်သော ဘောလုံးနည်းပြတစ်ဦးနှင့် နှိုင်းပြသည်။ တွမ်မီက သူသည် ကျွန်တော့်ထံမှ အချုယယ် ရီယယ်လတီ ပရိုရမ်မင်း ပညာကိုသာမက အလုပ်တစ်ခုကို အတူတကွ လုပ်ကိုင်ကြသည့် လုပ်ဖော်ကိုင်ဖက် အချင်းချင်းသည် မိသားစုလို ဖြစ်ဖို့လိုသည်ဟူသော အသိပညာကိုလည်းရကြောင်း ပြောပါသည်။ ကျွန်တော်က သူ့ကို ဤသို့ ပြောခဲ့ဖူးသည်ကို မှတ်မိနေဆဲ ဖြစ်ပါသတဲ့။ 'မင်းဟာ တော်တာတော့ တော်ပါတယ်၊ ဒါပေမဲ့ ဒီမှာရောက်နေကြသူတွေအားလုံးဟာ လူတော်တွေချည်းပဲဆိုတော့ တော်ရုံနဲ့တော့ မပြီးသေးဘူး၊ ဆရာ့ သုတေသနအဖွဲ့ထဲမှာပါတဲ့ လူတွေဟာ ဒီမှာရှိနေကြတဲ့ တခြားသူတွေလည်း ပျော်ပျော်ရွှင်ရွှင်ရှိနေအောင် ကူညီပေးနိုင်တဲ့လူမျိုးတွေ ဖြစ်စေလိုတယ်'

တွမ်မီသည် ကျွန်တော်လိုချင်သော အများနှင့်ပူးပေါင်းလုပ်ဆောင်တတ်သူ ဖြစ်လာခဲ့သည်။ ကျွန်တော် ထိုအလုပ်ကို ဆက်လက်လုပ်ကိုင်ခွင့်ရသည့်အခါ ကျွန်တော်၏ သုတေသနအဖွဲ့ထဲမှ တွမ်မီကိုရော အခြားသူများကိုပါ ကျေးဇူးတင်ကြောင်း ပြောဆိုသည့်အနေဖြင့် ဒစ္စနေးဝေါ့လ်သို့ ခေါ်သွားခဲ့ပါသည်။

ကျွန်တော်သည် ကာနက်ဂီမယ်လွန်တက္ကသိုလ်သို့ ပြောင်းရွှေ့လာသည့်အခါ ဗာဂျင်းနီယားတက္ကသိုလ်မှ ကျွန်တော့် သုတေသနအဖွဲ့ဝင်များအားလုံး

www.burmeseclassic.com

www.burmeseclassic.com



သည် တွမ်မီမှအပ ကျွန်တော်နှင့်အတူ လိုက်ပါလာကြသည်။ တွမ်မီကား ပြောင်းရွှေ့လိုက်ပါခြင်း မပြုနိုင်။ အဘယ့်ကြောင့်ဆိုသော် သူ့အား ထုတ်လုပ်သူလည်းဖြစ်၊ ဒါရိုက်တာလည်းဖြစ်သူ ဂျော့လူးကပ်စ်၏ အင်ဒတ်စထရီယယ်လိုက် အင် မက်ဂျစ်ကုမ္ပဏီက ငှားရမ်းလိုက်သောကြောင့်ပင်။ ထိုကုမ္ပဏီက သူ့ကို ငှားရမ်းခြင်းမှာ သူ့အိပ်မက်အတွက် ငှားရမ်းသည်ကား မဟုတ်၊ သူ၏ ကျွမ်းကျင်မှုအရည်အချင်းများအတွက် ငှားရမ်းခြင်းသာဖြစ်ပေသည်။ ကျွန်တော်တို့၏ သုတေသနအဖွဲ့တွင် သူရှိနေစဉ်ကတည်းကပင် သူသည် ပိုင်သွန်ဘာသာစကားတွင် ထူးချွန်သော ပရိုဂရမ်မာတစ်ဦးဖြစ်ရာ သူ့အဖို့ ကံကောင်းသည်ကား ထိုဘာသာစကားသည် သူတို့၏ အရောင်းဆိုင်က ရွေးချယ်ထားသော ဘာသာစကား ဖြစ်နေခြင်းပေတည်း။ ကံကောင်းသည် ဆိုသည်မှာ တကယ်တော့ ကိုယ်ပြင်ဆင်ထားသည်နှင့် အခွင့်အလမ်းတို့ တိုက်ဆိုင်သွားခြင်းဖြစ်ပါ၏။

ဤမျှပြောလာသည့် စကားစဉ်သည် ဘယ်ကို ရောက်တော့မည်ဟု စာဖတ်သူတို့ တွေးနိုင်လောက်ပါသည်။ ကြယ်တာရာစစ်ပွဲ ကားတွေ သုံးကားတော် ရိုက်ကူးထုတ်လုပ်ဦးမယ်တဲ့ ခင်ဗျာ။ ၁၉၉၉၊ ၂၀၀၂ နှင့် ၂၀၀၅ ခုနှစ်တို့တွင် ထုတ်လုပ်မည် ဖြစ်ပါ၏။ တွမ်မီသည် ထိုဇာတ်ကားများအားလုံးတွင် လုပ်ပေးရမည် ဖြစ်ပါသည်။

ကြယ်တာရာစစ်ပွဲ၏ ဇာတ်ဝင်ခန်း ၂ မှာ ကလုန်းများကို တိုက်ခိုက်ခြင်း ဖြစ်ပါ၏။ ဤဇာတ်ဝင်ခန်းတွင် တွမ်မီမှာ ရှေ့ဆောင် နည်းပညာ ဒါရိုက်တာဖြစ်လေသည်။ ထိုဇာတ်ဝင်ခန်း၌ ကျောက်ဆောင်တွေ ထူထပ်သော ဂြိုဟ်နီကြီးပေါ်တွင် တိုက်ခိုက်ကြသည့် ၁၅ မိနစ်ကြာ တိုက်ပွဲခန်း ပါသည်။ ကလုန်းများနှင့် စက်ရုပ်များ အားစမ်းကြသည့်အခန်း ဖြစ်ပါသည်။ တွမ်မီနှင့် သူ့လူများသည် တကယ့် စစ်မြေပြင် အနေအထားဖြစ်အောင် ယူတာသဲကန္တာရ၏ ဓာတ်ပုံများကို အသုံးပြုခဲ့ကြသည်။ တွမ်မီမှာ ကနေ့မှာ သည်ဂြိုဟ်အတွက် အလုပ်လုပ်ရသည် ဆိုလျှင် နောက်တစ်နေ့တွင် နောက်ဂြိုဟ်အတွက် အလုပ်လုပ်နေရခြင်းဖြင့် မအားလပ်နိုင် ရှိနေပေတော့သည်။

သူသည် ကျွန်တော့်အား လက်ခံရန် လိုလိုလားလားရှိ၍ ကျွန်တော်နှင့် ကျွန်တော့်တပည့်များ အင်ဒတ်စထရီယယ်လိုက်နှင့် မက်ဂျစ်ကုမ္ပဏီသို့ သွားရောက်လည်ပတ်ကြသည်။ ကျွန်တော့် လုပ်ဖော်ကိုင်ဖက် ဒွန် မာရီနယ်လီသည် နှစ်စဉ်



နှစ်တိုင်း ကျောင်းသားများကို အနောက်ဘက်ဒေသသို့ ခေါ်ဆောင်သွားလေ့ရှိသည်။ ထို့ကြောင့် သူတို့သည် ကွန်ပျူတာ ဂရပ်ဖစ်လောကတွင် အစအဦးအဖြစ် လုပ်ဆောင်ခွင့် အခွင့်အလမ်းပေးနိုင်မည့် ဖျော်ဖြေရေးနှင့် နည်းပညာ အဆင့်မြင့်ကုမ္ပဏီကြီးများသို့ သွားရောက်ကြည့်ရှုနိုင်သည်။ ထိုအချိန်တုန်းကမူ တွမ်မီလို လူတစ်ယောက်သည် ကျောင်းသားများအတွက် နတ်သားတစ်ပါးလောက်ဖြစ်တော့သည်။ သူသည် သူတို့ဖြစ်ချင်သော စိတ်ကူးများအတိုင်း တကယ်ဖြစ်နေသူပေတကား။

တွမ်မီသည် အဖွဲ့တစ်ခုတွင် အခြား ကျွန်တော့်တပည့်ဟောင်း သုံးဦးနှင့် အတူထိုင်သည်။ လက်ရှိကျောင်းသားများက မေးခွန်းများ မေးကြသည်။ ဤလက်ရှိ ကျောင်းသားတစ်သိုက်သည် ကျွန်တော့်ကို ဘယ်လို သတ်မှတ်ရမှန်း မသိကြသေးသူများဖြစ်သည်။ ကျွန်တော်ကတော့ ထုံးစံအတိုင်း တပည့်များထံမှ အမြင့်မားဆုံး မျှော်လင့်ထားချင်ပြီး မရအရကိုင်တတ်သည့် ဆရာ၊ ထူးထူးဆန်းဆန်းတွေ လုပ်တတ်သူအဖြစ်နှင့်သာ ရှိနေဆဲဖြစ်၏။ ထို့ကြောင့် သူတို့မှာ သူတို့ လေးစား အသိအမှတ်ထားစရာ နေရာကို မတွေ့နိုင်သေးဘဲ ဖြစ်နေသည်။ ကျွန်တော်ကလည်း ဟုတ်တော့ ဟုတ်ပါ၏။ စာသင်နှစ်ဝက်တစ်ခု ပြီးသောအခါမှသာလျှင် အချို့ကျောင်းသားများက ကျွန်တော့်အား သတိထားလာမိကြလေသည်။

ပြောကြဆိုကြရင်း ရုပ်ရှင်လုပ်ငန်းနယ်ပယ်တွင် ထွက်ထွက်ချင်း ကံကောင်းဖို့မှာ အတော်ခက်သည့်အကြောင်းသို့ ရောက်သွားသည်။ ထိုအခါ တစ်ယောက်က ကံကောင်းခြင်း၏ အခန်းကဏ္ဍအကြောင်း သိလိုသည်။ တွမ်မီကပင် ထိုမေးခွန်းကို ဝင်ဖြေသည်။ 'ကံကတော့ သိပ်လိုတာပေါ့ဗျာ'ဟု ပြောပါသည်။ 'ဒါပေမဲ့ဗျာ၊ ခင်ဗျားတို့ အားလုံးက ကံကောင်းပြီးသားပါ၊ ရန်ဒီနဲ့ အလုပ်လုပ်ခွင့်ရ၊ သူ့ထံမှ သင်ယူခွင့်ရတာကိုက ကံကောင်းခြင်းတစ်မျိုးပဲလေ၊ ရန်ဒီနဲ့သာ ကျွန်တော် မတွေ့ခဲ့ရင် ကျွန်တော် ဒီမှာ ရောက်လာမှာ မဟုတ်ပါဘူး'ဟု တွမ်မီက ပြောပါသည်။

ကျွန်တော်သည် ကမ္ဘာမြေ၏ ဆွဲငင်အားမရှိသည့် နေရာတွင် စီးမျောလာသူဖြစ်သည်။ သို့ရာတွင် ထိုနေ့က ကျွန်တော်သည် ပို၍တောင် မြင့်မြင့်ရောက်၍ စီးမျောနေသေးသည်။ သူ၏ စိတ်ကူးအိပ်မက်များ အကောင်အထည်ဖော်အောင် ကျွန်တော်က ကူညီပေးလိုက်သည်ဟု တွမ်မီက ယူဆ သတ်မှတ်ခြင်းအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အလွန်တရာ ကျေးဇူးတင်မိသည်။ အထူးကျေးဇူးတင်ဖို့ ကောင်းသည် ကား သူက ကျွန်တော်၏ လက်ရှိတပည့်များ သူတို့၏ အိပ်မက်များ တကယ်ဖြ လာနိုင်အောင် ပြုပေးခြင်း(နှင့် ထိုလုပ်ငန်းစဉ်တွင် ကျွန်တော့်အား အကူအည ပေးခြင်း) ဖြင့် ပြန်လည် ကျေးဇူးပြုပေးခြင်း ဖြစ်လေသည်။ တွမ်မီနှင့် မေးမြ ဆွေးနွေးကြသည့် ထိုအချိန်ကလေးသည်ကား ကျွန်တော်နှင့် ကျွန်တော့် အတန် တပည့်များ၏ ဆက်ဆံရေးတွင် အလှည့်အပြောင်းဖြစ်စေသည့် အချိ ကလေးပင် ဖြစ်ပါပေသည်။ အဘယ့်ကြောင့်ဆိုသော် တွမ်မီသည် လက်ဆင့်က ပေးလိုက်သောကြောင့်ပါပေတည်း။

□ □ □

# အခန်း ၂၆

## ဆရာ့ထက်တောင် သာသေး

ကျွန်တော့်ကို သိကြသည့် လူများက ကျွန်တော့်အား တစ်ခုခုကို ကျွမ်းကျင် ပိုင်နိုင်အောင် လုပ်ချင်လွန်းတတ်သည့် ပညာရှူးဟုခေါ်ကြသည်။ သူတို့ပြောမည် ဆိုလည်း ပြောလောက်ပါသည်။ ကျွန်တော်ဆိုတဲ့ ကောင်ကလည်း တစ်ပြိုင်နက် တည်းနှင့် အလုပ် နှစ်ခု သုံးခု လုပ်ချင် လုပ်တတ်သူ ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်၏ စာသင်ပေးရသည့်အလုပ်က တဖြည်းဖြည်း တိုးတက်လာသည့်အခါ ကျွန်တော်သည် အမေးပြဿနာကို စဉ်းစားကြည့်မိသည်။

'ငါသည် ကျောင်းသားတွေကို သူတို့ရဲ့ ကလေးဘဝ စိတ်ကူးအိပ်မက်များ အတိုင်း ဖြစ်လာအောင် နှစ်ယောက်ချင်း ထိတွေ့သည့် နည်းဖြင့် ကူညီပေးနိုင် ပြီ ဆိုပါတော့၊ အဲဒီအလုပ်ကို တစ်ယောက်ချင်း နှစ်ယောက်ချင်း မဟုတ်ဘဲ လူအများ ပါဝင်မယ့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ပေးတဲ့ နည်းမျိုး ရှိနိုင်ပါသလော' ဟူ၍ ဖြစ်၏။

ကာနက်ဂီမယ်လွန် တက္ကသိုလ် တွဲဘက် ကွန်ပျူတာပါမောက္ခအဖြစ် ရောက်ရှိလာခဲ့သော ၁၉၉၇ ခုနှစ် နောက်ပိုင်း၌ ကျွန်တော် ဤကျယ်ကျယ်ပြန့် ပြန့် လုပ်ပေးနိုင်ပုံ နည်းကို တွေ့ခဲ့သည်။ ကျွန်တော်၏ အထူးပြု ဘာသာရပ်မှာ လူနှင့် ကွန်ပျူတာ အပြန်အလှန် ဆက်ဆံခြင်း ဖြစ်ရာ ကျွန်တော်သည် BVW ဟု အတိုခေါ်သော 'ပကတိနီးပါးတူသော လောကများကို တည်ဆောက်ခြင်း' (Building Virtual Worlds) သင်တန်း တစ်ခုကို စတင်ဖွင့်လှစ် သင်ကြားပေး သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် တက္ကသိုလ်ရှိ ဌာနအသီးသီးမှ ဘွဲ့ကြို ကျောင်းသား ငါးဆယ်တို့ဖြင့် သင်တန်းကို ဖွင့်လှစ်သည်။ အင်္ဂလိပ်စာ အဓိက ကျောင်းသား ပန်းပုသမား၊ အင်ဂျင်နီယာ၊ သင်္ချာအဓိကသမားတို့ရော ကွန်ပျူတာသမားများပါ အစုံပါသည်။ ကာနက်ဂီမယ်လွန် တက္ကသိုလ်တွင် ချမှတ်ထားသော အမျိုးမျိုးသော စည်းမျဉ်း စည်းကမ်းများသည် ကိုယ့်ဌာနနှင့် ကိုယ့်သဘောဖြင့် ဘယ်လိုပင် သတ်မှတ်ထားနိုင်သည်ဆိုစေ ဤကျောင်းသားများ လျှောက်ရမည့် လမ်းကိုကား ကျော်ဖြတ်ရန် အကြောင်းမရှိပါ။ ကျွန်တော်တို့သည် တွဲဖက်ပေး၍ ဖြစ်နိုင်ဖွယ် မရှိသော ဤကျောင်းသားများကို ဟိုလူနှင့် သည်လူ တွဲပေး၏။ သူတို့ တစ်ဦးချင်း တစ်ယောက်တည်းဖြင့် မလုပ်နိုင်သော အလုပ်များကို အတူပူးပေါင်း၍ လုပ်စေ၏။

အဖွဲ့များ ဖွဲ့ပေးထားရာ တစ်ဖွဲ့လျှင် လူလေးယောက် ပါသည်။ ကျပန်း ရွေး၍ ဖွဲ့ပေးခြင်း ဖြစ်သည်။ သီတင်းနှစ်ပတ်ကြာလုပ်ရမည့် လုပ်ငန်းစီမံချက် များ ပြီးချိန်အထိ ထိုအဖွဲ့ဝင်များ အတူတွဲ၍ နေရသည်။ 'ပကတိနီးပါး တူသော လောကတစ်ခုကို တည်ဆောက်ပြပါ' ဟူ၍ ကျွန်တော်က သူတို့အား ခိုင်းသည်။ ဤသို့ဖြင့် သူတို့သည် တစ်ခုခုကို ပရိုဂရမ်ဆွဲတာကို ကျန်လူများအား လိုက်ပြ သည်။ ထိုသို့ လုပ်ငန်းတစ်ခု ပြီးသွားသည့်အခါ ကျွန်တော်က အဖွဲ့များကို လူလဲ၍ ပြန်ဖွဲ့ပေးသည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် နောက်ထပ် အတူတွဲဖက် လုပ်ရမည့် အဖွဲ့ဝင်သစ်သုံးဦးနှင့် နောက်လုပ်ငန်းတစ်ခုကို ပြန်စ၍ လုပ်ကြရ သည်။

ဤပကတိနီးပါးတူသော လောကများကို တည်ဆောက်စေရာတွင် ကျွန်တော် က သူတို့အား စည်းကမ်းနှစ်ချက် သတ်မှတ်ပေးထားသည်။ တစ်၊ ပစ်တာ ခတ်တာ မပါရ။ နှစ်၊ ညစ်ညမ်းရုပ်ပုံတွေ မပါရ။ ကျွန်တော် ဤစည်းကမ်းချက် ကို ထုတ်ရခြင်းမှာ ထိုအရာများသည် ကွန်ပျူတာဂိမ်းများတွင် အကြိမ်ပေါင်း ကုဋေကုဋာ လုပ်ကြပြီးသားအရာများ ဖြစ်သောကြောင့်ပင်။ ကျွန်တော်က ပင်ကို စိတ်ကူးကိုသာ ရချင်သောကြောင့်ပင်။

စားပွဲပေါ်မှ လိင်နှင့် ပစ်တာခတ်တာကို ဖယ်ရှားပေးလိုက်သောအခါ ၁၉ နှစ်သား ကျောင်းသားများ လုံးဝ တွေးကြံမရဖြစ်သွားကြသူ ဘယ်မျှများ သည်ကို တွေ့ရလျှင် သင် အံ့သြမိလိမ့်မည်။ သို့ရာတွင် ကျွန်တော်က ရှိပြီးသား အရာတွေထက် လွန်၍ စဉ်းစားကြည့်ကြစမ်းပါကွာဟု ဆိုလိုက်သောအခါ



အများစုသည် မျှော်လင့်မထားသော စွမ်းရည်များကို ပြလာကြသည်။ ကျွန်တော် သင်တန်းစပေးသည့်နှစ်မှာပင် ကျောင်းသားများသည် သူတို့၏ ကနဦး လုပ်ငန်း စီမံချက်များကို တင်ပြလာခဲ့ကြရာ ကျွန်တော့်ကိုပင် အနိုင်ယူသွားကြလေတော့ သည်။ သူတို့ လုပ်ပုံကိုင်ပုံမှာ တကယ်ကိုပင် ကျွန်တော်တောင် စိတ်ကူးလို့မရသော အလုပ်မျိုးများ ဖြစ်နေကြသည်။ ကျွန်တော် အထူး ကျေနပ် သဘောကျမိသည် ကား သူတို့သည် ကွန်ပျူတာအသုံးစားများဖြင့် ဟောလီးဝုဒ်မှာ လုပ်နေကြသော တချူယယ်ရီယယ်လတီ စံနှုန်းမျိုးရောက်အောင် ပရိုဂရမ် ရေးဆွဲနိုင်ကြခြင်း ဖြစ်သည်။ ဤသို့ဖြင့် ဤကျောင်းသားကလေးများသည် မယုံနိုင်လောက်အောင် ပင် ကျောက်ကောင်းရတနာကလေးများ ဖြစ်လာကြပေသည်။

ကျွန်တော်တို့ ထိုအချိန်က ပါမောက္ခလုပ်လာသည်မှာ ၁၀ နှစ်မျှ ရှိပါပြီ။ IVW ကို စချိန်တုန်းက ကျွန်တော် သူတို့ဆီက ဘာကိုမျှော်လင့်ရမည်မှန်း မသိသေး ပဲပေ။ သီတင်း နှစ်ပတ်ကြာ လုပ်ရမည့် ပထမဆုံးလုပ်ငန်းတာဝန် သတ်မှတ်ချက် တစ်ခုကို သူတို့အား ပေးလိုက်သည်။ ရလာသော ရလဒ်များကြောင့် အလွန်တရာ ကျေနပ်မိရပေသည်။ ကျွန်တော်သည် နောက်ထပ် ဘာလုပ်ရမည်ကို မသိသေး။ ဘာလုပ်ရမှန်း မသိသည်နှင့်ပင် ကျွန်တော်သည် ကျွန်တော့်ဆရာ အန်ဒီဗန်ဒမ်း ကို သွားတွေ့ရလေသည်။

'အန်ဒီ၊ ကျွန်တော် ကျွန်တော့်တပည့်တွေကို သီတင်း နှစ်ပတ်အကြာ အလုပ် တာဝန်တစ်ခု သတ်မှတ်ပေးလိုက်တာ တကယ်ပဲ အကောင်းစားရလဒ်တွေနဲ့ ပြန်တင်ပြလာကြတယ်၊ အကယ်၍များ ကျွန်တော်က သူတို့ကို ဒီအလုပ်ကို စာသင်နှစ် တစ်ခုလုံးမှာ ပြီးအောင် လုပ်ကြကွာလို့များ တာဝန်ပေးမိရင် ကျွန်တော် သူတို့ကို အဆင့် အေတွေနဲ့ချည်း အအောင်ပေးရလောက်တယ်၊ အဲဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ ဟင်'

ကျွန်တော့်ဆရာ အန်ဒီသည် ခဏကြာမျှ စဉ်းစားပြီးနောက် ဤသို့ပြော၏။ 'ကောင်းပြီလေ၊ အေး၊ မင်းလုပ်ရမှာက မနက်ဖြန် မင့်စာသင်ခန်းကို မင်းပြန်သွား ပါ၊ သူတို့မျက်လုံးထဲကို စိုက်ကြည့်ပြီး တပည့်တို့၊ မင်းတို့လုပ်တာ သိပ်ကောင်း တယ်၊ ဒါပေမဲ့ မင်းတို့ ဒီထက်ပို လုပ်တတ်ဦးမယ်လို့ ဆရာသိတယ်လို့ ပြော'

သူ့အဖြေကြောင့် ကျွန်တော် အတော်ကြီးအံ့အားသင့်သွားသည်။ သို့ရာတွင် သူပြောသည့်အတိုင်း လုပ်လိုက်ရာ သူပြောခဲ့သည့်အတိုင်းပင် ဖြစ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများ၏ တိုးတက်မှုသည် ဆက်၍ ပြနေပေသည်။ သူတို့၏ တီထွင်ဖန်တီးမှုများကို ကျွန်တော် လက်ဖျားခါရသည်။ ကျွန်တော် လုပ်ခိုင်းသည့် လုပ်ငန်းများကလည်း အမျိုးမျိုးဖြစ်သည်။ ရေလှိုင်းဖြူဖြူတွေပေါ်မှာ ငွန်ဒိုလာ လှေကြီးတွေနှင့် ဗဲနစ်မြို့သို့ ချစ်ခရီးလှည့်သည်မျိုးမှသည် ရိုလာကိုစတာ စီး... သော နင်ဂျာ သိုင်းသမားများအထိ ဖြစ်သည်။ အချို့ ကျောင်းသားများသည် ကလေးဘဝတုန်းက စိတ်ကူးထားခဲ့ကြသည့် ချစ်စဖွယ် သုံးဘက်မြင် သတ္တဝါ... နေထိုင်ကျက်စားသည့် လူ့လောကတွင် တကယ်တည်ရှိနိုင်ဖွယ်မရှိသော လော... များကိုပင် ဖန်တီးပြလာကြသေးတော့သည်။

သူတို့အား ခိုင်းထားသည့် လုပ်ငန်းများကို လုပ်လည်း လုပ်ပြရ၊ ပြောလည်း ပြောရသည့်နေ့များတွင် ကျွန်တော်သည် စာသင်ခန်းသို့ လာသည်။ အခန်းထဲ... တပည့်ကျောင်းသား ငါးဆယ်သာမက ကျွန်တော် မသိသည့် သူတို့အခန်းဖေ... တွေ၊ သူငယ်ချင်းတွေနှင့် မိဘတွေပါ နောက်ထပ် လူငါးဆယ်လောက် ရောက်... ကြသည်။ ရှေးယခင်က ကျွန်တော့်စာသင်ခန်းသို့ မိဘများ တစ်ခါမျှ မလာဖူး... ယခုတော့ နည်းလှသည့် လူအုပ်ကြီး မဟုတ်ပါတကား။ ဤသို့ဖြင့် မိမိတို့ လုပ်... များကို သရုပ်သကန်နှင့် လုပ်ပြကြရသည့် နေ့မျိုးများတွင် လူတွေက များ... လာလေသဖြင့် စာသင်ခန်းထက် ကျယ်ဝန်းသည့် ခန်းမကြီးထဲသို့ ပြောင်းရွှေ့... လုပ်ကြရသည်။ အခန်းကြီးသည် လူလေးရာကျော်လောက်က ကျောင်းသား... ဖန်တီး၍ပြကြသော ပကတိနီးပါးတူသည့် ဖန်တီးမှု တင်ပြချက်များကို မတ်တ... ရပ်လျက် လက်ခုပ်ဩဘာပေးကြသော အခန်းကြီးဖြစ်၍ နေလေတော့သည်။

ထိုသို့သော တင်ပြချက်နေ့များတွင် မည်သူ၏ ဖန်တီး တင်ပြချက်သ... အကောင်းဆုံးဖြစ်မည်ကို ကျွန်တော်သိသည်။ ကျွန်တော်က ကိုယ်ဟန်လက်... နှင့် ပြောပြတတ်သည်။ တစ်ဖွဲ့တည်းမှ ကျောင်းသားများသည် အချင်းချင်းကပ်လျ... အတူတကွ ရပ်နေကြပါလျှင် သူတို့သည် တစ်ဦးနှင့် တစ်ဦး ချစ်ကြည်နှောင်ဖွဲ့... သော ဆက်ဆံရေးမျိုး ရှိထားပြီးဖြစ်ကြောင်း ကျွန်တော် သိသည်။ ထိုကျောင်းသ... မျိုးများ၏ အဖွဲ့က ဖန်တီးထားသော ဖန်တီးချက်များသည် ကြည့်ထိုက်ေ... လုပ်ဆောင်မှုမျိုးများ ဖြစ်လေတော့သည်။

ဤလုပ်ငန်းနှင့် ပတ်သက်၍ ကျွန်တော် သဘောအကျဆုံး အချက်... အဖွဲ့လိုက် ဆောင်ရွက်တတ်ခြင်းသည် အောင်မြင်မှုအတွက် အချက်အ...



ဖြစ်သည်ဟူသော အချက်ဖြစ်သည်။ ဤကျောင်းသားများ ဘယ်လောက်အထိ ဖန်တီးလုပ်ဆောင်နိုင်ကြမည်နည်း။ ကျွန်တော် မခန့်မှန်းတတ်ပါ။ သူတို့သည် သူတို့၏ အိပ်မက်များအတိုင်း တကယ်ဖြစ်လာအောင် လုပ်နိုင်ကြပါမည်လော။ ဤအမေးအတွက် ကျွန်တော် အသေချာဆုံးပေးနိုင်သည့် အဖြေကား 'ဒီသင်တန်းမှာ တစ်ယောက်တည်းတော့ လုပ်လို့မရဘူး' ဟူ၍ ဖြစ်ပါသည်။

◆ ◆ ◆

ကျွန်တော်တို့လုပ်နေသည့် အလုပ်ကို နောက်တစ်ထစ်တိုးစေနိုင်သည့် နည်းမျိုး ရှိပါသလော။

ပြဇာတ်ပါမောက္ခ ဒွန်မာရီနယ်လီနှင့် ကျွန်တော်သည် တက္ကသိုလ်၏ အားပေးခွင့်ပြုချက်အရ ဤအလုပ်ကို စိတ်ကူး သက်သက်ဖြင့် မိုက်မဲရူးသွပ်စွာ လုပ်ခဲ့ဖူးသည်။ ဖျော်ဖြေရေး နည်းပညာဌာန (အီးတီစီ) [www. etc. cmu. edu] ဆိုပြီး လုပ်ကြည့်ခဲ့ကြခြင်း ဖြစ်သည်။ သို့ရာတွင် ကျွန်တော်တို့က ထိုအလုပ်ကို အိပ်မက် ကို လက်တွေ့ဖြစ်အောင် လုပ်ပေးသည့် အလုပ်ရုံဟုသာ ထင်မြင်ကြပါသည်။ ထိုအလုပ်ကား နှစ်နှစ်ကြာ သင်ပြီး မဟာဝိဇ္ဇာဘွဲ့ပေးသည့် အစီအစဉ် ဖြစ်သည်။ ထိုအစီအစဉ်အရ အနုပညာရှင်များနှင့် နည်းပညာရှင်များသည် အတူတကွ လာရောက်၍ အလုပ်လုပ်ကြရသည်။ လုပ်ရသည့် အလုပ်များမှာ အပန်းဖြေဌာနများတွင် အပျော်စီးကြရသည့် ချားရဟတ်များ၊ ကွန်ပျူတာဂိမ်းများ လူတိရစ္ဆာန်တို့နှင့် တကယ်တူသည့် ရိုဘော့များနှင့် မိမိတို့ စိတ်ကူးထဲမှာပေါ် ရာ အလုပ်များ ဖြစ်ပါသည်။

ကျွန်တော်တို့လို မရူးသွပ်သည့် တက္ကသိုလ်များကမူ ဤလိုအရာများနားသို့ မသိကြပါ။ သို့ရာတွင် ကာနက်ဂီမယ်လွန် တက္ကသိုလ်ကမူ ကျွန်တော်တို့အား လုပ်ချင်ရာ လုပ်ခွင့် လိုင်စင်ပေးထားပါပေသည်။

ကျွန်တော်တို့နှစ်ဦးသည် အနုပညာနှင့် နည်းပညာကို ပေါင်းစပ်ရာတွင် သရုပ်ဆောင်းကြသည်။ ဦးနှောက် ညာခြမ်းနှင့် ဘယ်ခြမ်း၊ ပြဇာတ်သမားနှင့် ကွန်ပျူတာသမားတို့ ပေါင်းမိကြခြင်း ဖြစ်သည်။ ဒွန်နှင့် ကျွန်တော်တို့သည် တစ်ယောက်နှင့် တစ်ယောက် မတူကြသည်ကား မှန်၏။ သို့ပင်ဖြစ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ဦးသည် နှစ်လွှာပေါင်းမှ တစ်ရွက် ဖြစ်ချင်ဖြစ်နေတတ်သည်။ ကျွန်တော်တို့သည် အမြဲသဖြင့် ဘယ်လိုလုပ်ရင် ဘာဖြစ်မလဲဆိုသည်ကို ရှာဖွေတတ်သူများ ဖြစ်သည်။ ထိုသို့ ပြုနိုင်ကြခြင်း၏ ရလဒ်ကား ကျောင်းသားများသည် ကျွန်တော်တို့၏ မတူသော နှစ်ယောက်၏ နည်းများစွာမှ အကောင်းဆုံးကို ရရှိသွားကြခြင်းတည်း။ (ထိုမျှသာမက သူတို့သည် မတူသောသူများ မည်သို့ မည်ပုံ ပူးပေါင်းလုပ်သွားကြပါကလား ဟူသော သူတို့အားကျစရာ စံပုဂ္ဂိုလ်များလည်း ရှိသွားပါသည်။) လွတ်လပ်မှုနှင့် အဖွဲ့လိုက်လုပ်ဆောင်မှုတို့ကို ပေါင်းစပ်ပေးခြင်းသည် ဖန်တီးတည်ထောင်မှုတွင် အလွန်စိတ်လှုပ်ရှားဖွယ် ဖြစ်စေသည်။ ရုပ်ရှင်ကုမ္ပဏီများသည် ကျွန်တော်တို့အကြောင်းကို သိသွားကြသည်။ ကျွန်တော်တို့ ကျောင်းသားများကို သုံးနှစ်စာချုပ်နှင့် ငှားပါရစေဟု ပြောလာကြသည်။ ထိုသို့ ပြောလာခြင်းမှာ ကျွန်တော်တို့က ဝင်ခွင့်ပင်မပြုကြသေးသူများကိုပင် ငှားရမ်းလိုသူတို့ ရှိနေပြီဖြစ်ကြောင်း အဓိပ္ပာယ်ပင် ဖြစ်ပါသည်။

ဒွန်သည် အီးတီစီ၏ အလုပ် ၇၀ ရာခိုင်နှုန်းကို လုပ်သည်။ သို့ရာတွင် ထိုထက်မက ချီးကျူးထိုက်ပါပေသည်။ သူသည် ဩစတြေးလျတက္ကသိုလ် နယ်မြေပွားတစ်ခုကို ဖန်တီးခဲ့သည်။ ကိုရီးယားနှင့် စင်္ကာပူတို့တွင် တည်ထောင်ဖန်တီးရန်လည်း အစီအစဉ်ရှိသည်။ ကမ္ဘာအရပ်ရပ်ရှိ ကျွန်တော် သိနိုင်မည် မဟုတ်သော ရာပေါင်းများစွာသော ကျောင်းသားများသည် သူတို့ကလေးဘဝက စိတ်ကူးခဲ့ကြသော စိတ်ကူးအိပ်မက် တကယ်ဖြစ်လာနိုင်ကြတော့မည် ဖြစ်ပေသည် ကောင်းလှပေစွ။

□ □ □

## အခန်း ၂၇

## သုခဘုံ

တခြားသူများ၏ အိပ်မက်များ တကယ်ဖြစ်လာရေးကို အတိုင်းအတာ အမျိုးမျိုးဖြင့် လုပ်နိုင်သည်။ ကြယ်တာရာစစ် အိပ်မက်မက်နေသော တွမ်မီက လုပ်ပေးလိုက်သလိုမျိုး တစ်ဦးချင်းလည်း လုပ်ပေး၍ ရနိုင်သည်။ တစ်ချိန်တည်းမှာပင် လူ ၅၀၊ ၁၀၀ ကို လုပ်ပေးလိုက်နိုင်၏။ အီးတီစီတွင် ‘ပကတိနီးပါးတူသည့် လောကများကို တည်ဆောက်ခြင်း’ အတန်းမျိုး ဖွင့်လှစ်သင်ကြားပေးလိုက်သလိုမျိုး ဖြစ်ပါသည်။ အကယ်၍ သင်က လောဘတကြီးနှင့် လုပ်ချင်သည် ဆိုပါလျှင်လည်း လူသန်းပေါင်း များစွာတို့၏ အိပ်မက်များ တကယ်ဖြစ်လာစေအောင် ကြိုးစား၍ တကြီးအကျယ် လုပ်ပေး၍လည်း ရပါသည်။

ကံကောင်းထောက်မစွာ ကျွန်တော်တီထွင်လုပ်ကိုင် နိုင်ခဲ့သည့် ကာနက်ဂီမယ်လွန်တက္ကသိုလ်၏ သင်ထောက်ကူ ဆော့ဖ်ဝဲ အဲလစ္စ အကြောင်းကို ကျွန်တော် ပြန်ပြောပြလိုသည်။ အဲလစ္စသည် ကျောင်းသားသစ်ကြီးငယ်မဟူကို ဇာတ်လမ်းတစ်ခု ပြောရန်အတွက် လှုပ်ရှားတက်ကြွနေသော လူ၊ တိရစ္ဆာန်များကို အလွယ်တကူ ဖန်တီးတတ်အောင် ပြုပေးသည်။ ဂိမ်းများကစားနေရင်း၊ ဗီဒီယိုတစ်ခု ဖန်တီးနေရင်းဖြင့် ထိုသို့ ဖန်တီးတတ်အောင် ပြုပေးခြင်းဖြစ်သည်။

ထိုဆော့ဖ်ဝဲသည် ပထမဦးဆုံး ပရိုဂရမ်းမင်း အတွေ့အကြုံကြောင့် အသုံးပြုသူများ စိတ်အနှောင့်အယှက်မဖြစ်ရပါ။ ပိုပြီး ဆွဲဆောင်မှုရှိစေရန် သရီးဒီ ဂရပ်ဖစ်များနှင့် drag-and-drop နည်းများကို သုံးထားသည်။ အဲလစ္စကို အများသုံးအဖြစ် ကာနက်ဂီမယ်လွန်တက္ကသိုလ်က အခမဲ့သုံးခွင့်ပြုထားရာ လူ တစ်သန်းကျော်တို့သည် ယင်းကို ယူငင်သုံးစွဲကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲလစ္စကို သုံးစွဲမှုသည် လာမည့်နှစ်များတွင် ပိုမိုများပြားလာလိမ့်မည်ဟု မျှော်မှန်းရသည်။

ကျွန်တော့်အဖို့မူ အဲလစ္စသည် အကန့်သတ်မရှိ တိုင်းတာ၍ ရနိုင်သည်။ အဘယ်မျှတိုင်းတာ၍ ရနိုင်ပါသနည်းဆိုသော် သန်းနှစ်ဆယ်၊ သုံးဆယ်လောက်သော ကလေးငယ်များသည် မိမိတို့၏ အိပ်မက်များနောက်ကို လိုက်နေကြသည်ကို ကျွန်တော် ကောင်းစွာ မြင်တွေ့နေသည်အထိ ဖြစ်ပေတော့သည်။

၁၉၉၀ ပြည့်လွန်နှစ်များအတွင်းက ကျွန်တော်တို့ အဲလစ္စကို စတင်လိုက်ချိန်မှစ၍ ယင်းသည် ရောင်ပြခေါင်းကို သုံးသောအားဖြင့် ကွန်ပျူတာ ပရိုဂရမ် ရေးဆွဲခြင်းကို သင်ပြ၍ပေးနိုင်ခြင်းအတွက် ကျွန်တော် သဘောကျသည်။ ရောင်ပြခေါင်း ဆိုတာကို စာဖတ်သူများ မှတ်မိပါသလော။ ရောင်ပြခေါင်း ဆိုသည်မှာ ခေါင်းက ညာဘက်ကို ရွေ့လျားမည် ဟန်ပြပြီး တကယ်ရွေ့လျားတော့ ခန္ဓာကိုယ်က ဘယ်ဘက်သို့ ရွေ့လျားသော အားကစားသမားကဲ့သို့ သင်ပေးသည်ကတော့ တစ်ခုခုပင်။ သို့ရာတွင် ထိုတစ်ခုခုကိုသင်ရင်း အခြားတစ်ခုခုကို တတ်သွားစေခြင်းမျိုး ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားများသည် သူတို့ အဲလစ္စကို သုံးနေကြသည်မှာ ရုပ်ရှင်ရိုက်ဖို့ ဗီဒီယိုဂိမ်းဖန်တီးဖို့အတွက် သုံးနေကြသည်ဟု ထင်သွားကြ၏။ တကယ်က သူတို့သည် ကွန်ပျူတာပရိုဂရမ် ဆွဲတတ်သူများဖြစ်နည်းကို သင်ယူနေကြခြင်း ဖြစ်သည်။ ရောင်ပြခေါင်းကို သုံးသည်ဆိုသည်မှာ ထိုသဘောမျိုး ရည်ရွယ်၍ ပြောခဲ့ခြင်းဖြစ်ပါသည်။

ဒစ္စနေဝေါ်လ်အတွက် ဝေါ်လ်ဒစ္စနေး၏ အိပ်မက်သည် ဘယ်အခါမှ ဆုံးမည် မဟုတ်။ ဒစ္စနေးသည် အမြဲတမ်းတိုးတက် ပြောင်းလဲနေသည်ကိုသာ တွေ့မြင်လိုသူ ဖြစ်သည်။ အလားတူစွာပင် ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်များက တီထွင်လိုက်သော အဲလစ္စသည် အနာဂတ်ကာလ၌ ကျွန်တော်တို့ အရင်က လုပ်ခဲ့ကြသည်ထက် အများကြီးပို၍ သာလွန်သွားမည်ကို မြင်တွေ့နေရသဖြင့် ကျွန်တော် ရင်ခုန်လှုပ်ရှားသည်။ နောက်တစ်ခါ ထပ်လာမည့်အခါတွင် လူတွေက သူတို့သည် ရုပ်ရှင်ဇာတ်ညွှန်းတစ်ခုကို ရေးနေကြသည်ဟု ထင်ကြလိမ့်မည်။ သို့ရာတွင် သူတို့ တကယ်လုပ်နေသည်က ဂျာဗား ပရိုဂရမ်းမင်း ဘာသာစကားကို လေ့လာနေခြင်း ဖြစ်ပေလိမ့်မည်။ အီလက်ထရောနစ်အတ်စ်က ကျွန်တော့်မိတ်ဆွေ စတိပ်ဆီးဘော့၏ ကျေးဇူးကြောင့် ပုဂ္ဂလိကသုံး ကွန်ပျူတာ ဗွီဒီယိုဂိမ်းသမိုင်းတွင် ရောင်းအကောင်းဆုံး ဗွီဒီယိုဂိမ်းမှ ဇာတ်ကောင်များကို သုံးလာနိုင်ခဲ့သည်။ ဆင်းမ်တဲ့။ ဘယ်မျှ သဘောကျစရာ ကောင်းလှပါသနည်း။



ဤလုပ်ငန်းစီမံကိန်းသည် တကယ့်လူတွေ လက်ထဲမှာ ရှိနေကြောင်း ကျွန်တော်သိသည်။ အဲလစ္စ၏ ရှေ့ဆောင် ဒီဇိုင်းသမားသည် ဒဲနစ္စကော့စ်ဂရို့ဗ် ဖြစ်သည်။ ဗာဂျင်းနယား တက္ကသိုလ်တုန်းက ကျွန်တော့် တပည့်တစ်ဦးပင်။ လုပ်ဖော်ကိုင်ဖက်ဖြစ်လာသူ နောက်တစ်ဦးမှာလည်း တပည့်မဟောင်း တစ်ဦးပင်။ ကေ့တလင်း ကယ်လဲဟာဆိုသူ ဖြစ်သည်။ အဲလစ္စကို စတင်လုပ်ကိုင်သည့်အချိန်မှာပင် သူက ကျွန်တော့်အား ပြောသည်။ 'ဒီဟာက ပရိုဂရမ်မင်းကို လွယ်ကူစေမှန်းတော့ ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ဘာကြောင့် ပျော်စရာကောင်းတာတုန်း' တဲ့။ ကျွန်တော်က ပြန်ပြောရသည်။ 'အေးလေ၊ ဆရာက အာသာဆန္ဒပြင်းတဲ့ ယောက်ျားတစ်ယောက်ဆိုတော့ စစ်သားရုပ်ကလေးတွေဟာ ဆရာ့အမိန့် ညွှန်ကြားချက်အတိုင်း ဆရာ့ဘေးမှာ လှုပ်ရှားနေတာမျိုးကို လုပ်ကြည့်ချင်တာပေါ့'

ထို့ကြောင့် ကေ့တလင်းက အဲလစ္စကို မိန်းကလေးတွေအား ပျော်ရွှင်စရာပေးနိုင်အောင် မည်သို့လုပ်၍ ရနိုင်ပါလိမ့်ဟု စဉ်းစားသည်။ ပုံပြောခြင်းသည် လူတွေကို စိတ်ဝင်စားလာအောင်ပြုပေးရေး၏ လျှို့ဝှက်ချက် ဖြစ်မည်ဟုလည်း စဉ်းစားကြည့်သည်။ သူ၏ ပီအိပ်ချ်ဒီ ကျမ်းပြုစာတမ်းအတွက် ကေ့တလင်းသည် ပုံပြောအဲလစ္စ စနစ်တစ်ခုကို တည်ဆောက်လိုက်လေသည်။

ယခုအခါ စိန့်လူးဝစ္စမြို့ရှိ ဝါရှင်တန်တက္ကသိုလ်တွင် ကွန်ပျူတာသိပ္ပံပါမောက္ခအဖြစ် ဆောင်ရွက်လျက်ရှိသူ ကေ့တလင်း (မှားသွားလို့ပါ ခင်ဗျာ၊ မပါက်တာ ကယ်လဲဟာကို ပြောတာပါ။) သည်စနစ်သစ်များကို တည်ဆောက်လျက်ရှိပါသည်။ မိန်းကလေးငယ်များ သူတို့၏ ပထမဦးဆုံး ပရိုဂရမ်းမင်း အတွေ့အကြုံရရှိနည်းကို လုံးဝ ပြောင်းလဲပစ်လိုက်သော စနစ်သစ်များဖြစ်ကြပေသည်။ သူက ပုံပြောသည့်အသွင်မျိုးနှင့် တင်ပြမည်ဆိုလျှင် မိန်းကလေးများသည် ဆော့ဖ်ဝဲကို ဘယ်လိုရေးကြောင်း သိနားလည်လိုသည့်ဆန္ဒ အလွန်ဖြစ်လာကြောင်း လက်တွေ့ပြသခဲ့သည်။ တကယ်လည်း မိန်းကလေးများက ယင်းကို သဘောကျကြ၏။ ဤသို့ဆိုသဖြင့် ယောက်ျားကလေးများက သဘောမကျကြဟု ပြောခြင်း မဟုတ်ပါ။ ပုံပြောတာကိုတော့ လူတိုင်းက ဝါသနာပါကြသည်သာ ဖြစ်ပါသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကော့တလင်သည် တစ်သက်ပန်ရောင်ပြခေါင်း အကောင်းဆုံးဆု ရလိုက်ခြင်းဟုပင် ကျွန်တော် ထင်ပါ၏။

ကျွန်တော်၏ နောက်ဆုံးဟောပြောချက်တွင် အီဂျစ်တွင် ကျေးကျွန်အဖြစ် ရောက်နေကြသော ဣသရေလ လူမျိုးများအား သုခဘုံသို့ ခေါ်ဆောင်ခဲ့သူ မောရှေ (မိုးဇက်) အကြောင်းကို ကျွန်တော် ယခုအခါ ပို၍နားလည်လာခဲ့ကြောင်း ပြောပြခဲ့သည်။ မိုးဇက်သည် သုခဘုံကိုသာ မြင်ခဲ့ရပြီး သုခဘုံ၌ ခြေချခဲ့ရဖူးသူ မဟုတ်ခဲ့ပါပေ။ အဲလစ္စ မတိုင်မီ ရရှိခဲ့သော အောင်မြင်မှုဟူသမျှသည်လည်း ထိုအတိုင်းပင်ဖြစ်သည်ဟု ကျွန်တော် ယူဆပေသည်။

ကျွန်တော်သည် ကျွန်တော်၏ ဟောပြောချက်ကို ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်များနှင့် ကျွန်တော်၏ တပည့်များအား ကျွန်တော်မရှိတော့ဘဲနှင့်လည်း ဆက်လက်လုပ်ကိုင်သွားစေမည့် တောင်းဆိုတိုက်တွန်းချက်မျိုးဖြစ်စေလိုသည်။ သူတို့တစ်တွေသည် ကြီးကျယ်သောအရာများကို လုပ်သွားကြမည်ဆိုသည့် အချက်ကို ကျွန်တော့်မှာ ယုံကြည်ချက်ရှိကြောင်းလည်း သူတို့အား သိစေလို၏။ (သူတို့၏ တိုးတက်အောင်မြင်မှုများကို www.alice.org. တွင် စာဖတ်သူများ ရှာကြည့်နိုင်ပါသည်။)

သန်းပေါင်းများစွာသော ကလေးငယ်များသည် တစ်ခုခုကို ပြင်းထန်စွာ လေ့လာနေရင်းမှပင်လျှင် အဲလစ္စမှတစ်ဆင့် အလွန့် အလွန် ပျော်စရာကောင်း သည်များကို ရရှိနိုင်ပါသည်။ ကလေးငယ်များသည် မိမိတို့၏ စိတ်ကူးအိပ်မက်များအတိုင်းဖြစ်လာအောင် လုပ်နိုင်မည့်စွမ်းရည်များ တိုးတက်ဖြစ်ထွန်းလာပါလိမ့်မည်။ ကျွန်တော်မနေရတော့၍ သေသွားပြီဆိုလျှင်လည်း အဲလစ္စကို ပညာရပ်ဆိုင်ရာ အမွေတစ်ခုအနေဖြင့် ထားရစ်ခဲ့ရ၍ ကျေနပ်ပါသည်။

ကျွန်တော်ကိုယ်တိုင်ကား သုခဘုံသို့ ခြေချရမည် မဟုတ်ပါ။ သို့ရာတွင် သုခဘုံကို မြင်ရခြင်းကပင် ကျေနပ်စရာ ကောင်းလှပါပေပြီ။

□ □ □

# အပိုင်း ၅

# ဘဝနေထိုင်နည်း

www.burmeseclassic.com

www.burmeseclassic.com

ယခု ဆက်လက်ဖော်ပြမည့်အခန်းသည် သင်၏ ဘဝကို မည်သို့မည်ပုံ နေရမည့်အကြောင်းဟု ခေါ်နိုင်သည်။ သို့ရာတွင် တကယ်တော့ ကျွန်တော့် ဘဝကို ကျွန်တော် ဘယ်ပုံ ကြိုးစားနေထိုင်ပုံအကြောင်း ဖြစ်ပါသည်။ 'ကျွန်တော့်ကို အကျိုးပြုပေးခဲ့တာတွေကတော့ ဒါပါပဲ' ဟု ပြောလိုက်သလိုလည်း ဖြစ်မည် ထင်ပါ၏။

□ □ □

## အခန်း ၂၈
## ရောမ စိတ်ကူးအိပ်မက်

လူသားသည် ၁၉၆၉ ခုနှစ်၊ နွေရာသီတွင် ပထမဆုံးအကြိမ်အဖြစ် လပေါ်တွင် လမ်းလျှောက်ခဲ့သည်။ ထိုအချိန်က ကျွန်တော်သည် ၈ နှစ်သားမျှသာ ရှိသေးသည်။ ထိုအချိန်တည်းကပင် လူတွေလုပ်လို့ဖြစ်နိုင်တာတွေဟာ အများကြီးပါကလား။ ဘာမဆို ဖြစ်နိုင်လောက်ပါကလားဟု သိခဲ့သည်။ လပေါ်သို့ လူသားတို့ ခြေချလိုက်နိုင်ခြင်းသည် ကမ္ဘာပေါ်ရှိ လူအားလုံးအား ရောမအိပ်မက်ကြီးတွေ မက်ခွင့်ပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

ထိုနှစ်နွေရာသီတွင် ကျွန်တော်သည် စခန်းချနေရသည်။ လဆင်းယာဉ် လပေါ်သို့ ဆင်းသက်လိုက်ပြီးမှပင် ကျွန်တော်တို့ အားလုံးအား ရုပ်မြင်သံကြား တပ်ဆင်ထားသည့် ပင်မလယ်တောအိမ်သို့ ခေါ်ဆောင်လာခဲ့သည်။ အာကာသယာဉ်မှူးများသည် လှေကားမှ ဆင်းလာပြီး လမျက်နှာပြင်ပေါ်တွင် ခြေတင်နိုင်ဖို့ အတော်ကြီး အချိန်ယူခဲ့ကြရပါကလား။ ကျွန်တော် နားလည်လိုက်၏။ သူတို့မှာ ထိုးစရာဂီယာတွေက မနည်းပါကလား။ အသေးစိတ်ကအစ ဂရုစိုက်စရာတွေက များလှပါကလား။ သို့ရာတွင် ကျွန်တော် စိတ်ရှည်စွာ ကြည့်ဖြစ်ခဲ့ပါသည်။

သို့ရာတွင် စခန်းသို့ ပြေးလာကြသူများသည် မိမိတို့၏ နာရီများကိုသာ ကြည့်နေကြသည်။ အချိန်မှာ ၁၁ နာရီရှိသွားပေပြီ။ လပေါ်မှာ တိကျသေချာသည့် ဆုံးဖြတ်ချက်ချနေစဉ်မှာပင် ဤကမ္ဘာမြေပြင်၌လည်း အတော်မိုက်မဲသည့် ဆုံးဖြတ်ချက်ကို ချလိုက်ပါသည်။ ညဉ့်နက်ပြီ။ အိပ်ကြတော့။ ကျွန်တော်တို့ အားလုံးအား မိမိတို့တဲများသို့ ပြန်ခိုင်းလိုက်ပေ၏။

ကျွန်တော်သည် စခန်းဒါရိုက်တာများကို အတော်စိတ်ဆိုးမိသည်။ ကျွန်တော့် ခေါင်းထဲမှာ ဤအတွေးက ဝင်လာသည်။ 'ငါတို့ လူသားမျိုးနွယ်သည် ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်မှ အပြင်သို့ထွက်ကာ ကမ္ဘာသစ်တစ်ခုပေါ်မှာ ပထမဦးဆုံး ခြေချကြသည်။ ဒီလူကြီးတွေက အိပ်ရာဝင်ချိန်က အရေးကြီးသည်ဟု ထင်နေကြပါကလား' ဟူသော အတွေးဖြစ်ပါ၏။

သို့ရာတွင် နောက်ထပ် သီတင်းပတ်အနည်းငယ်အကြာ ကျွန်တော် အိမ်ပြန်ရောက်သောအခါ ကျွန်တော့် ဖခင်သည် ဒုတိယ အာကာသယာဉ်မှူးဖြစ်သူ နီးလ်အမ်စထရောင်း လပေါ်သို့ ခြေချနေပုံကို တီဗီမှ ဓာတ်ပုံရိုက်ယူထားသည်ကို တွေ့ရသည်။ ကျွန်တော့် ဖခင်သည် ဤပုံကို တွေ့မြင်ရသောအားဖြင့် ကျွန်တော့်မှာ ဧရာမ စိတ်ကူးအိမ်မက်ကြီးတွေ ရှိလာနိုင်မည်ဟုသိထားပြီး ကျွန်တော့်အတွက် ထိုလပေါ် ခြေချနေခိုက် ဓာတ်ပုံကို ရိုက်ကူးထားပါပေ၏။ ကျွန်တော်တို့မှာ ယနေ့တိုင် ထိုလပေါ်ဆင်းသည့် ဓာတ်ပုံရှိနေဆဲ ဖြစ်ပါသည်။

လပေါ်သို့ လူကို လွှတ်တင်နိုင်ရေးကလေးအတွက် ငွေတွေ ဒေါ်လာဘီလျံနှင့်ချီ၍ သုံးပစ်သည်။ ထိုငွေတွေကို ကမ္ဘာမြေပေါ်မှာ ရှိနေကြသည့် ဆင်းရဲငတ်ပြတ်နေသူတွေအတွက် သုံးလိုက်ပါလျှင် အဘယ်မျှ အသုံးတည့်ပေမည်နည်း ဟူသော ငြင်းခုန် ပြောဆိုချက်များကိုလည်း သဘောပေါက်ပါ၏။ သို့ရာတွင် ကျွန်တော့်လို သိပ္ပံပညာရှင်တစ်ဦးကမူ စိတ်ကူးဉာဏ်မျိုးသည် လူသားတို့၏ ကောင်းကျိုးကို ဆောင်ကြဉ်းပေးနိုင်သော လက်နက်ကိရိယာတစ်ခုဟု မြင်ပေသည်။



တီဗွီမှ ရိုက်ယူထားသည့်ပုံ

ဆင်းရဲမှု ပပျောက်ရေးအတွက် ငွေကြေးကို သုံးသည့်အခါ ငွေကြေးသည် အလွန်တန်ဖိုး ရှိသွားသည်လည်း မှန်ပါ၏။ သို့ရာတွင် အတိုင်းအတာတစ်ခုနှင့်သာ လုပ်နေရခြင်းမျိုး ဖြစ်သည်။ လပေါ်သို့ လူလွှတ်တင်လိုက်ခြင်းမျိုးကား



ကျွန်တော်တို့အားလုံးအား လူသားတို့၏ အမြင့်ဆုံးစွမ်းရည်ရရှိအောင်လုပ်ဖို့ နှိုးဆွပေးလိုက်ခြင်း ဖြစ်ပေသည်။ ဤသို့ လူသားတို့၏ စွမ်းရည် အမြင့်ဆုံးရရှိအောင် လုပ်နိုင်ခြင်းမှာလည်း ကျွန်တော်တို့၏ အကြီးမားဆုံး ပြဿနာများကို ဖြေရှင်းသွားနိုင်ရန် ဖြစ်ပေသည်။

သင့်ကိုယ်သင် အိပ်မက်မက်ခွင့် ပြုလိုက်စမ်းပါ။ သင့်ကလေးတွေ အိပ်မက်မက်တာကိုလည်း အားပေးပါ။ တစ်ခါတစ်ရံတွင်ကား သူတို့၏ အိပ်ရာဝင်ချိန်ထက် ကျော်လွန်သည့်တိုင် မအိပ်သေးဘဲလည်း ဖြစ်ချင်တော့ ဖြစ်နေပါလိမ့်မည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၉

## အပေါ်ယံဟန်ထက် စိတ်သန်မှုကသာသည်

ကျွန်တော်သည် ဘယ်အခါတွင်မဆို တကယ် စိတ်ထက်ထက်သန်သန် ရှိသူနှင့် အပေါ်ယံဟန်သမားကို ယှဉ်လျှင် စိတ်ထက်ထက်သန်သန် ရှိသူကိုသာလျှင် ရွေးချယ်သည်။ အဘယ့်ကြောင့်ဆိုသော် အပေါ်ယံ ဟန်သမားက ရေတိုသာခံ၍ ဖြစ်သည်။ စိတ်ထက်ထက်သန်သန် ရှိသူသာ ရေရှည်ခံပေသည်။

စိတ်ထက်သန်မှု၏ ကောင်းပုံကို အမှန်အတိုင်း မသိတတ်ကြပေ။ စိတ်ထက် သန်မှုသည် ရင်ထဲ၊ ရိုးတွင်းချဉ်ဆီထဲက လာ၏။ ဟန်သဘောမှာ အပေါ်ယံကြော အားဖြင့် လူအထင်ကြီးအောင် ပြုခြင်းမျှသာ ဖြစ်သည်။

'ဟန်' သမားများသည် သူတစ်ပါးကို လိုက်တုခြင်းမျိုးလောက်သာ ဝါသနာ ထုံသည်။ ထာဝရ ကြာရှည်ခံသည့် အတု ဟူ၍ မရှိပါ။ ကျွန်တော်ကတော့ စိတ်ထက်သန်မှုရှိသူများကိုသာ ပို၍ လေးစားသည်။ စိတ်ထက်သန်မှုရှိသူများ သည် မျိုးဆက် အဆက်ဆက်တိုင်တည်နေမည့် အရာမျိုးကို ပြုကြ၏။ အပေါ်ယံ ဟန်သမားများကမူ သူတစ်ပါးကို တုမှ ဖြစ်မည်ဟု ယူဆကြလေသည်။

စိတ်ထက်သန်မှုရှိသူ တစ်ဦးဦးအကြောင်းကို စဉ်းစားကြည့်သည့်အခါ ကြိုးကြိုးစားစားလုပ်ကိုင်ရင်း အီးဂဲလ်စကောက် ဖြစ်လာသည့် ဘွိုင်းစကောက် တစ်ဦးအကြောင်း စိတ်ထဲမှာ ရောက်လာသည်။ ကျွန်တော်သည် ကျွန်တော့်ထံမှာ အလုပ်လုပ်မည့်သူများကို လူတွေ့စစ်ဆေးပြုသည့်အခါ အင်တာဗျူး လာထိုင် သူများထဲတွင် အီးဂဲလ်စကောက်ရခဲ့ဖူးသည့် အလုပ်လျှောက်သူတစ်ဦးကို တွေ့လိုက် သည်ဆိုပါလျှင် ကျွန်တော်သည် ထိုသို့သောသူမျိုး တွေ့မိသည့်အခါတိုင်းနီးပါ ပင် ထိုအီးဂဲလ်စကောက်ဖြစ်ဖူးသူကို ခန့်ထားဖို့ ကြိုးစားမိမည်ဖြစ်ပေသည်။ အီး



ဂဲစကောက်ဆိုသည်မှာ ဆုတံဆိပ် ၂၁ ရသည့် အမြင့်ဆုံး ဘွိုင်းစကောက်ဖြစ်ပေရာ ထိုသူမျိုးတွင် အပေါ်ယံကြော စိတ်ဓာတ်မျိုးနှင့် မယှဉ်သာသည့် စိတ်ထက်သန် မှုမျိုး ရှိရမည်သာ ဖြစ်သည်ဟု ကျွန်တော် သိထားပေသည်။

စဉ်းစားကြည့်ပါ။ အီးဂဲစကောက်ဖြစ်ဖို့ ဆိုသည်မှာ ၁၄ နှစ်သား အရွယ် လောက်က လုပ်ခဲ့သော အရာကို အသက် ၅၀ ရောက်မှ ကိုယ့်ကိုယ်ရေးရာဇဝင် ပုံစံပေါ်တွင် ဖော်ပြနိုင်သည့်အရာမျိုးဖြစ်ရာ ထိုအချက်ကပင်လျှင် လေးစား အထင်ကြီးစရာ ဖြစ်နေသေးပေသည်။ (ကျွန်တော် စိတ်ထက်သန်မှုဖြစ်အောင် ကျွန်တော်ကြိုးစားခဲ့သည်ဟု ဆိုရစေကာမူ ကျွန်တော် ကိုယ်တိုင်လည်း အီးဂဲ စကောက် ဖြစ်အောင် မလုပ်နိုင်ခဲ့ပါ။)



မပြောင်းမလဲ ကျွန်တော်

စကားစပ်၍ ပြောရသော် ဖက်ရှင်ဆိုသည်မှာ စီးပွားကုန်သွယ်မှု သဘော တရ အပေါ်ယံကြော ဟန်လုပ်ခြင်းတစ်မျိုးပေတည်း။ ကျွန်တော်ကတော့ ဖက်ရှင် တွင် လုံးဝ စိတ်မဝင်စားပါ။ ထို့ကြောင့်လည်း ကျွန်တော်သည် အဝတ်အစားသစ် များကို ဝယ်ဝတ်ခဲသည်။ ဖက်ရှင်သည် ဖက်ရှင်မကျတော့ဘဲ ခေတ်တိမ်သွားလိုက် ဖက်ရှင်ပြန်ဖြစ်လာလိုက်ဖြစ်သည်မှာလည်း တချို့လူတွေက တချို့နေရာမှာ ယည်အဝတ်အစားကို ဝတ်လိုက်လျှင် သူတို့ကို လူတွေက စိတ်ဝင်စား သဘောကျ လိမ့်မည်ဟူသော အချက်ပေါ်တွင် လုံးဝအခြေခံနေသည်။ ကျွန်တော်ကတော့ ရူးသွပ်ခြင်းဟူ၍သာ ယူဆပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိဘများက ကျွန်တော့်အား ဤသို့သင်ပေးထားသည်။ 'ဝတ်နေတဲ့ အဝတ်အစား ဟောင်းပြဲစုတ်သွားမှ အဝတ်သစ်ကို ဝယ်ပါ' တဲ့။ ကျွန်တော်၏ နောက်ဆုံးဟောပြောချက်မှာ ကျွန်တော် ဝတ်စားလာတာကို မြင်တွေ့ဖူးသူများသည် ကျွန်တော့်မိဘများ အဆုံးအမအတိုင်း ကျွန်တော် နေထိုင်ကြောင်းကို သိရှိသဘောပေါက်ပေလိမ့်မည်။

ကျွန်တော့်အဝတ်အစားများသည် အပေါ်ယံသဘော မဟုတ်။ ဟန်မဟုတ်။ ဖက်ရှင်မဟုတ်။ စိတ်ထက်သန်မှုလို အရာမျိုးဖြစ်သည်။ ကျွန်တော့် အဝတ်အစားများသည် နောက်ဆုံးပေါ် ဖက်ရှင်ပင် မဟုတ်သော်လည်း ကျွန်တော့်အတွက် ဆက်လက်၍ အသုံးတည့်နေဦးမည်သာတည်း။

□ □ □

## အခန်း ၃၀

## အလံဖြူထောင်ခြင်း

ကျွန်တော့်အမေက ကျွန်တော့်ကို အမြဲသဖြင့် ရန်းဒေါ်ဖ် ဟုခေါ်သည်။

အမေသည် ဗာဂျင်းနယားရှိ နို့ထွက်ပစ္စည်း ထုတ်လုပ်ရောင်းချသော မြို့ကလေးတစ်ခုတွင် မွေးဖွားခဲ့သည်။ အမေ့ကို မွေးဖွားသည့်အချိန်မှာ ကမ္ဘာ့စီးပွားပျက်ကပ်ကြီး ကျရောက်နေချိန်ဖြစ်သဖြင့် ညစာအတွက် စားစရာ အလုံအလောက်များမှ ရရှိပါ့မလားဟု စဉ်းစားနေကြရသော ကာလဖြစ်သည်။ ကျွန်တော့်အား ရန်းဒေါ်ဖ်ဟု ခေါ်ဝေါ်ခြင်းမှာ ဤအမည်သည် အချို့သော အဆင့်တန်းမြင့်သည့် ဗာဂျင်နယားသားများ မှည့်ခေါ်တတ်သာ အမည်ဖြစ်သောကြောင့်ပင်။ ထို့ကြောင့်ပင်လောမသိ၊ ကျွန်တော်သည် ဤအမည်ကို လက်မခံဘဲ မုန်းခဲ့ခြင်း ဖြစ်သည်။ ဤလိုနာမည်မျိုးကို မည်သူကကော လိုချင်ပါမည်နည်း။

သို့ပင်ဖြစ်သော်လည်း ကျွန်တော့်အမေသည် ထိုအမည်ဖြင့်သာခေါ်၏။ လူပျိုပေါက်အရွယ်တွင် ကျွန်တော်သည် အမေနှင့် ထိပ်တိုက်တိုးတော့သည်။ 'ကျွန်တော့်မှာ ကျွန်တော် ဘယ်သူဆိုတာကို ရွေးချယ်ခွင့်ရှိတယ်၊ အဲဒီ အခွင့်အရေးထက် ကျော်လွန်ပြီး အမေ့မှာ ကျွန်တော့်ကို အမည်ပေးပိုင်ခွင့်ရှိသလား'

'ဟဲ့၊ ရန်းဒေါ်ဖ်၊ ငါ့မှာရှိတာပေါ့' ဟု အမေက ပြောသည်။ ကျွန်တော်တို့သားအမိနှစ်ယောက် ဤသို့ဖြစ်ခဲ့ကြရာ အနည်းဆုံးအားဖြင့်တော့ တစ်ဦး၏ ရပ်တည်ချက်ကို တစ်ဦးက သိလိုက်ကြသည်။ ကျွန်တော် တက္ကသိုလ်ကျောင်းသားဖြစ်လာချိန်၌ ကျွန်တော့်မှာ ကိုယ့်နာမည် ကိုယ်ရွေးခွင့်ရှိလာခဲ့ပေပြီ။ အမေက ကျွန်တော်ထံ အီးမေးလ်ပို့သည့်အခါ ရန်းဒေါ်ဖ် ပေါက်ရှ်ဟု လိပ်မူပို့သည်။ ကျွန်တော်

www.burmeseclassic.com


www.burmeseclassic.com



သည် စာအိတ်ပေါ်၌ 'ဤအမည်မျိုးနှင့်လူ မရှိပါ'ဟု ရေးပြီး စာများကို ဖောက်မဖတ်ဘဲ ပြန်ပို့သည်။

နောက်တော့ အပေးအယူကောင်းလုပ်သည့်အနေဖြင့် အမေက သူ့စာများကို 'အာရ် ပေါက်ရှ်' ဟု လိပ်မူလာခဲ့သည်။ ထိုစာများကိုကား ကျွန်တော် ဖောက်ဖတ်၏။ သို့ရာတွင် နောင်အခါ တယ်လီဖုန်းနှင့် စကားပြောကြသည့်အခါ အမေက သူ၏ နဂိုခေါ်မြဲနာမည်အတိုင်း ခေါ်ဝေါ်ပြောပြန်တော့သည်။ 'ရန်းဒေါ့ဖ် သား၊ အမေတို့ထည့်တဲ့စာ ရသလားဟင်' စသည်မျိုးဖြစ်၏။

နှစ်တွေများစွာ ကုန်လွန်လာခဲ့ပြီဖြစ်သည့် ယခုအချိန်ကျတော့လည်း ကျွန်တော် လက်လျှော့လိုက်ပါပြီ။ ကျွန်တော်သည် နေရာများစွာမှာ ကျွန်တော့် အမေကို လေးစား အသိအမှတ်ပြုမိပေရာ အကယ်၍ ပြောရင်းဆိုရင်းနှင့် သူက ဤ ထည့်မပြောလည်း ဖြစ်သည့် ရန်းဒေါ့ဖ် ဟူသော အမည်ကို ခေါ်ဝေါ်သုံးစွဲနေခဲ့ လျှင်လည်း ကျွန်တော်က အသာတကြည်ပင် လက်ခံလိုက်ပါတော့သည်။ လူ့ဘဝ ဆိုတာက တိုလွန်းလှသည် မဟုတ်ပါလော။



ကျွန်တော့်အမေနှင့် ကမ်းခြေတွင်

အချိန်တွေကလည်း ကုန်လွန်လာ ဘဝက သတ်မှတ် ပြဌာန်းလိုက်သည့် နေရတော့မည့် နောက်ဆုံးသတ်မှတ်ချက် အချိန်ဟူ၍လည်း ရှိလာတော့သည်။ ယခုလိုအခါမျိုးတွင် လက်လျှော့ အရှုံးပေးလိုက်ခြင်းသာ တစ်နည်းအားဖြင့် အကောင်းဆုံး ဖြစ်နေပါတော့သည်။

□ □ □

## အခန်း ၃၁

## သဘောတူ စာချုပ် ချုပ်ကြစို့

ကျွန်တော် အထက်တန်းကျောင်းသားဘဝတုန်းက ကျွန်တော့်မှာ အကျင့်တစ်ခု ဖြစ်လာခဲ့သည်။ ညစာစားခန်းမှ စားပွဲတွင် ကုလားထိုင်ကို စောင်းငဲ့၍ထိုင်သည့် အကျင့်ဖြစ်၏။ ကျွန်တော်သည် မိဘများအိမ်သို့ ရောက်လျှင်လည်း ထိုအကျင့် အတိုင်းပြုတတ်လေရာ ကျွန်တော့်အမေက ဆူ၏။ 'ရန်းဒေါ့ဖ်၊ ကုလားထိုင်ကျိုး သွားမယ်၊ အဲဒီလို မထိုင်နဲ့'ဟု ပြောလေသည်။

ကျွန်တော်သည် ကုလားထိုင်ကို နောက်သို့မှီ၍ ထိုင်ရမှ ကျေနပ်သည်။ ထိုသို့ထိုင်ရတာ ကောင်းသည်ဟု ကျွန်တော်က ယူဆ၏။ ကုလားထိုင်သည် သူ့ခြေထောက်နှစ်ခုပေါ်မှ သူ့ ဘာသာ သူ့လက်တံနှင့်သူဖြစ်ရာ ဘာမျှမဖြစ် ဟုလည်း ထင်သည်။ ထို့ကြောင့် ထမင်းစားပြီးတိုင်း စားပြီးတိုင်း ကျွန်တော်က လည်း ကုလားထိုင်ကို နောက်လှန်မှီကာ ထိုင်သည်၊ အမေကလည်း ဆူသည်။

တစ်နေ့တွင်တော့ အမေက ပြော၏။ 'ဟော့၊ အဲဒီကုလားထိုင်ကို အဲဒီလို မထိုင်နဲ့၊ မင်းကို ဘယ်နှခါပြောရမလဲ၊ နောက်ဆို မပြောတော့ဘူး' တဲ့။

ထိုစကားသည် အမေနှင့်ကျွန်တော် တစ်ခုခုသဘောတူချက်ရဖို့ ဖန်တီးသည့် အခြေအနေမျိုးဟု ထင်သည်။ ထို့ကြောင့် ကျွန်တော်က အမေ့အား ကျွန်တော်တို့ သဘောတူညီချက်တစ်ခုရအောင် ပြုကြစို့ဟု ပြောသည်။ သားသမီးနှင့် မိဘတို့ ထားကြသည့် သဘောတူစာချုပ်ဟု ဆိုပါစို့။ ကျွန်တော့်ကြောင့် ကုလားထိုင် ကျိုးပျက်သွားလျှင် ကျွန်တော်က ကုလားထိုင် လျော်ပေးရုံသာမက ဗာပိုအဆစ်အနေဖြင့် ညစာစားခန်း တစ်စုံလုံးကိုပါ လျော်ပေးရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(အနှစ် ၂၀ လောက် သက်တမ်းရှိနေသော စားပွဲကုလားထိုင်တစ်စုံလုံးမှ ကုလားထိုင် တစ်လုံးချင်းမျှကို အစားထိုးပေးခြင်းမှာ ဖြစ်နိုင်မည် မဟုတ်ပေ။) သို့ရာတွင် ကျွန်တော်ကလည်း ကုလားထိုင်ကို ကျိုးအောင် မထိုင်မချင်း အမေကလည်း ဘာဆုံးမဩဝါဒမှ မပေးတော့ရန် ဖြစ်ပါ၏။

တကယ်တော့လည်း ကျွန်တော့်အမေဘက်က မှန်ပါသည်။ ကျွန်တော့်မှာ ကုလားထိုင်ခြေထောက်တွေအပေါ် ဂရုစိုက်နေရ၏။ ကျွန်တော်တို့နှစ်ဦး သဘောတူညီချက်တစ်ခု ထားရှိလိုက်ခြင်းကား အငြင်းပွားမနေကြရအောင်သာ ဖြစ်ပေသည်။ ကျွန်တော်ကလည်း ကုလားထိုင် ပျက်စီးသွားလျှင် ငါ့မှာ တာဝန်ရှိသည် ဟူသော အသိဖြစ်နေရ၏။ အမေ့မှာလည်း ကုလားထိုင် ခြေထောက်တစ်ချောင်းချောင်း အက်ကွဲသွားမည်ဆိုလျှင် 'ကဲ၊ အမေ့စကားကို နားထောင်ထိုက်တယ် မဟုတ်လား' ဟု ပြောနိုင်မည့် အနေအထားမျိုးတွင် ရှိနေတော့သည်။

ကုလားထိုင်လည်း မကျိုးမပျက်ပါ။ ကျွန်တော့်အမေ အိမ်ရောက်တိုင်း ကုလားထိုင်ကို နောက်လှန်မှီ၍ ထိုင်သည်၊ သဘောတူညီချက်ကလည်း တည်နေဆဲ ဖြစ်သည်။ ဤတွင် အထူးစဉ်းစားနေရမည့် ပဟေဠိစကား မပါပါ။ အခြေအနေတစ်ရပ်လုံး ပြောင်းလဲသွားသည်။ အမေက ကျွန်တော့်အား နောက်လှန်မှီထိုင်ချင် ထိုင်လေဟုတောင် ပြောလာကြောင်း ကျွန်တော်မဆိုပါ။ သို့ရာတွင် အမေ့မှာ ညစာစားခန်းထဲမှ စားပွဲကုလားထိုင် တစ်စုံလုံး အစားရလာနိုင်မည့် အရာကိုကား မျှော်တွေးနေလောက်သည်ဟု ကျွန်တော် ထင်ပါသည်။

□ □ □

# အခန်း ၃၂

## မညည်းညူပါနှင့်၊ တိုး၍ ကြိုးစားလုပ်ပါ

များလှစွာသောလူတို့သည် ကိုယ့်ပြဿနာနှင့်ကိုယ် ဖြစ်ကြရာ ဘဝကို ကိုယ့်ပြဿနာများအကြောင်း ညည်းညူရင်းဖြင့် ဖြတ်သန်းနေကြသည်။ လူများသည် ညည်းညူသည့်ကိစ္စမှာ ထည့်သည့် အားအင်၏ ၁၀ ပုံ တစ်ပုံမျှကိုသာ စိုက်ထုတ်ပြီး ပြဿနာများကို ဖြေရှင်းကြမည် ဆိုပါက ပြဿနာများကို သည်လိုဖြေရှင်းလို့ ရနိုင်ပါကလားဟု အံ့အားတသင့်တောင် ဖြစ်လာကြမည်ဟု ကျွန်တော် အမြဲတမ်း ယုံကြည်နေတတ်သည်။

ကျွန်တော့်ဘဝတွင် ဘယ်တော့မှ မညည်းညူသည့် အံ့ဖွယ် လူတချို့ကိုလည်း တွေ့ခဲ့သိခဲ့ဖူးသည်။ ထိုလိုလူမျိုးများထဲမှ တစ်ဦးမှာ စန္ဒီဘလတ်ဖြစ်သည်။ ကျွန်တော် အထက်တန်းကျောင်းသားဘဝက ကျွန်တော်ငှားနေသော အခန်းပိုင်ရှင်ဖြစ်၏။ အသက်ငယ်ရွယ်စဉ်က အဆောက်အအုံတစ်ခုမှ အခန်းတစ်ခုအတွင်းသို့ သေတ္တာတွေချနေချိန်တွင် ထရပ်ကားတစ်စီးက နောက်ဆုတ်လာရင်း သူ့ကို တိုက်မိ၏။ သူသည် အခန်းထဲသို့ဆင်းသည့် လှေကားထစ်များအတိုင်း ကျွမ်းထိုးမှောက်ခုံ နောက်လန်ကျသွားသည်။ 'လိမ့်ကျသွားတာက ဘယ်လောက် ဝေးလဲ' ဟု သူ့ကို မေးကြည့်သည့်အခါ 'ဟာ၊ ဝေးတာပေါ့' ဟုသာ ဖြေသည်။ သို့ရာတွင် သူသည် ကျန်သည့်ဘဝတစ်လျှောက်လုံး ခြေနှစ်ချောင်းရော လက်နှစ်ဖက်စလုံးပါ သုံး၍မရသည့် အဖြစ်သို့ ရောက်သွားခဲ့သည်။

စန္ဒီသည် ထူးချွန်သော အားကစားသမားတစ်ဦး ဖြစ်ခဲ့သည်။ ထိုလိုကားနှင့် အတိုက်ခံရချိန်တွင် လက်ထပ်ဖို့ စေ့စပ်ကြောင်းလမ်းပြီးသား ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ၏ချစ်သူရည်းစားကို ဝန်မတက်စေလို၍ ဤသို့ပြောသည်။ 'မင်း ဒီကိစ္စ အတွက် လက်မှတ်ရေးထိုးတာမှ မဟုတ်တာပဲ၊ မင်း နောက်ဆုံးလိုတဲ့ဆန္ဒ ရှိတယ် ဆိုရင်လည်း ကိုယ် နားလည် ကျေနပ်ပါတယ်၊ မင်းဘာသာ အေးချမ်းစွာ နေနိုင် ပါတယ်'

သူ့ချစ်သူကလည်း သူပြောသည့်အတိုင်းပင် နောက်ဆုတ်သွားသည်။

သူ့အသက်သုံးဆယ်ကျော်အရွယ်က စန္ဒီကို ကျွန်တော် တွေ့ခဲ့ခြင်းဖြစ်၏။ သူ့စိတ်ဓာတ်ကိုကြည့်ပြီး ကျွန်တော် ချီးမွမ်းအံ့သြဖြစ်ရသည်။ သူသည် ဤ အကြောင်းများကို ညည်းညူသည့်လေသံ ဘာတစ်ခုမှမပါဘဲ ပြောကြားခဲ့ခြင်းဖြစ် သည်။ သူသည် ကြိုးစားသူဖြစ်ရာ လိုင်စင်ရ အိမ်ထောင်ရေး အတိုင်ပင်ခံပုဂ္ဂိုလ် ဖြစ်လာသည်။ သူ့အိမ်ထောင်ကျတော့ သားသမီးများလည်းရသည်။ သူ၏ ကျန်းမာ ရေး ပြဿနာများကို ပြောသည့်အခါတွင်လည်း 'ဒီလိုပါပဲ'ဟူသော သဘောမျိုး လောက်ဖြင့် ပြောကြားခဲ့ခြင်း ဖြစ်သည်။ တစ်ခါက ကျွန်တော့်ကို သူ ရှင်းပြခဲ့ သည်။ ခြေလက်မသန်စွမ်းသူများဟာ တုန်တတ်ခိုက်တတ်ခြင်း မရှိသောကြောင့် အပူချိန် အပြောင်းအလဲဖြစ်သည့် အခါများတွင် အခက်အခဲရှိတတ်ကြောင်း ဖြစ်ပါသည်။ 'ရန်ဒီ၊ ငါ့ကို စောင်တလေး လှမ်းလိုက်ပါဦး'ဟု ပြောတတ်သည်။ သူ့အဖို့ ဤမျှသာ ရှိလေသည်။ ဘယ်တော့မှ မညည်းညူ။

ကျွန်တော့် ဘဝတစ်လျှောက် သဘောကျလာခဲ့သော မညည်းညူ နောက်တစ်ဦးကား ဂျက်ကီရော်ဘင်ဆင် ဖြစ်သည်။ သူသည် မေဂျာလိ ဘော့စ်ဘောမှာ အဦးဆုံး ကစားနိုင်ခဲ့သည့် အာဖရိကန္ဒယ် အမေရိကန်တစ် ဖြစ်သည်။ ယနေ့ခေတ် လူငယ်များအနေဖြင့် ဘယ်လောက်များ ဆိုးသလဲ တွေးတော မရနိုင်လောက်သည့် လူမျိုးရေးခွဲခြားမှုဒဏ်ကို သူသည် ကောင်းကော ကြီး ခံခဲ့ရ၏။ သူသည် လူဖြူများထက် ပို၍ကောင်းအောင်ကစားမှ ဖြစ်မည် သူသိသည်။ ပိုပြီးကြိုးစားရမည်ကို သူနားလည်သည်။ ထို့ကြောင့် သူသည် လူ များထက် ပိုကောင်းအောင် ကစားပြီး ပိုကြိုးစားခဲ့သည်။ သူက ပွဲကြည့်ပရိသ များက သူ့ကို တံတွေးဖြင့်ထွေးသော်တောင်မှလည်း မညည်းညူတမ်း အမိ ပြုထားခဲ့သည်။

ကျွန်တော်သည် ဂျက်ကီရော်ဘင်ဆင် ကျွန်တော့်ရုံးသို့ ရောက်လာသ အခါ ဓာတ်ပုံရိုက်ယူထားလေ့ရှိသည်။ ကျောင်းသားများစွာတို့သည် သူဘယ်



မှန်းကို လည်းကောင်း၊ သူ့အကြောင်းကို လည်းကောင်း မသိဟု ဆိုသောအခါ အတော်ကြီး ဝမ်းနည်းမိသည်။ ကျောင်းသားတော်တော်များများသည် သူ့ဓာတ်ပုံ ကိုတောင် ဂရုပြုမိခြင်း မရှိကြပါ။ ရောင်စုံတီဗွီများနှင့် ကြီးလာခဲ့ကြသူ လူငယ် များသည် အဖြူ အမည်း ပုံများကို ကြည့်ဖို့ အချိန်အများကြီး အကုန်မခံတတ်ကြ တော့ပြီတကား။

ဤအရာသည် မကောင်းလှပါ။ ဂျက်ကီရော်ဘင်ဆင်တို့လို စန္ဒီဘလက် တို့လို ပုဂ္ဂိုလ်များထက် ပို၍ အားကျစရာ လူမျိုးမရှိပါ။ သူတို့ဘဝဇာတ်လမ်း များက ပေးသော သတင်းစကားကား ဤသို့ဖြစ်သည်။ 'ညည်းညူခြင်း ဟူသည် မဟာဗျူဟာတစ်ခုအနေဖြင့် အလုပ်မဖြစ်ပါ၊ ကျွန်ုပ်တို့မှာရှိသော အချိန်နှင့် စွမ်းအင် သည် အကန့်အသတ်နှင့် ဖြစ်သည်။ ရသမျှ အချိန်လေးကို ညည်းညူခြင်းမှာ ဖြုန်းပစ်နေရုံဖြင့် ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင်သို့ မရောက်နိုင်သလို ကျွန်ုပ် တို့အား ပျော်ရွှင်မှုလည်း ပေးနိုင်သည် မဟုတ်ပါ'။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃၃

## ရောဂါကိုသာ ကုသပါ၊ ရောဂါလက္ခဏာကို မကုသပါနှင့်

နှစ်တော်အတန်ကြာပါပြီ။ ကျွန်တော်သည် ဒေါ်လာ လေး ငါး ခြောက်ထောင် ကြွေးတင်နေသည့် အမျိုးသမီးတစ်ဦးနှင့် ချိန်းချက်သွားလာပြုဖူးသည်။ ချစ်စဖွယ် ဤအမျိုးသမီးသည် ဤအကြွေးအကြောင်းကိုပင် တွေး၍ စိတ်တပူပူ ဖြစ်နေသည်။ တစ်လကုန် တစ်လဆန်း လာသည်နှင့်အမျှ သူ့အကြွေးကလည်း အတိုးနှင့် တိုး၍ တိုး၍ တက်လာသည်။

သူ့စိတ်ဖိအားမှု သက်သာလျော့ပါးလာစေရန် အင်္ဂါနေ့တိုင်း ကမ္ဘဌာန်းနှင့် ယောဂ သင်တန်းသို့ ည ညမှာ သွားတက်သည်။ ဤသို့ ညညမှာ ဤသင်တန်းသို့ သွားတက်ရသည်မှာ သူ့အဖို့ ထိုညသည် လွတ်လပ်သောညတစ်ညပင်။ ဤသင်တန်းသည် သူ့အား အထောက်အကူဖြစ်ပုံရသည်ဟု သူကပြောသည်။ သူသည် သူ့အကြွေးတွေ ကျေနိုင်မည့် နည်းလမ်းတွေကို တွေ့တော့မည်ဟု စိတ်မှာတွေးထင်ပြီး ဝင်သက်ကို ရှူသွင်း၏။ ထွက်သက်ကို ရှူလိုက်သည့်အခါတွင်လည်း တစ်နေ့သော အခါတွင် ဤအကြွေးပြဿနာများသည် နောက်မှာ ကျန်ရစ်ခဲ့ပေမည်ဟု သူ့ကိုယ်သူ ပြောသည်။

တစ်နေ့တွင်တော့ ကျွန်တော်သည် သူ၏ငွေကြေး ကိစ္စများကို သူနှင့် စစ်ဆေးကြည့်မိသည်။ အကယ်၍သာ သူသည် အင်္ဂါနေ့ညတိုင်း အချိန်ပိုင်းအလုပ်တစ်ခုကို လေးငါးလမျှ လုပ်သွားမည်ဆိုလျှင်ပင် သူပေးစရာရှိသော အကြွေးများကို ပေးဆပ်သွားနိုင်လောက်သည်ဟု ကျွန်တော် စဉ်းစားပြသည်။

ကျွန်တော်က သူ့အား ယောဂကျင့်စဉ်နှင့် ကမ္ဘဌာန်းထိုင်ခြင်းကို ဆန့်ကျင်၍တော့မဟုတ်ကြောင်း ပြောပြပါသည်။ သို့ရာတွင် ရောဂါကို ဦးစွာပထမ ကုသ



ခြင်းသာ အကောင်းဆုံးဟု ကျွန်တော် ထင်သည်။ သူ့မှာဖြစ်နေသော စိတ်ဖိစီးမှုနှင့် သောကတို့မှာ ရောဂါလက္ခဏာများသာ ဖြစ်သည်။ သူ့ရောဂါကား သူ့မှာ ပေးစရာ အကြွေးရှိနေခြင်း ဖြစ်၏။

'အင်္ဂါနေ့ညတွေမှာ ယောဂကျင့်စဉ်ကို ခဏတဖြုတ် လက်လွှတ်ပြီး ဘာကြောင့် မင်း အလုပ်တစ်ခုခုကို မရှာတာလဲ' ဟု။

'ယောဂကျင့်စဉ်ကို ခဏတဖြုတ် လက်လွှတ်လိုက်ပြီး အင်္ဂါနေ့ညတွေမှာ အလုပ်တစ်ခုခု ရှာလုပ်ပါလား' ဟု ကျွန်တော် သူ့ကို အကြံပေးသည်။

ဤသို့အကြံပေးလိုက်ခြင်းမှာ သူ့အား လျှို့ဝှက်ချက်တစ်ခုကို ထုတ်ဖော်နည်း ပြောလိုက်ခြင်း တစ်မျိုးပင် ဖြစ်သည်။ သူသည် ကျွန်တော့်အကြံအတိုင်း လိုက်နာသည်။ အင်္ဂါနေ့ညများတွင် သူသည် စားပွဲထိုးတစ်ယောက် ဖြစ်လာသည်။ မကြာမီ သူ့အကြွေးကိုလည်း ပေးနိုင်သွားတော့သည်။ ထို့နောက်တွင်ကား သူ၏ ယောဂကျင့်စဉ်ကိုလည်း ပြန်လည်လုပ်သွားနိုင်သည်ဖြစ်ရာ တကယ်ပင် အသက်ရှူချောင်သွားခဲ့လေသတည်း။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



ကနေ ကြည့်လျှင်တော့ ဤသို့ပြုတတ်ခြင်းသည် ကျွန်တော့်လူတွေအား စိတ်အေးသက်သာ ဖြစ်စေနိုင်သည်ဟု ဆိုရမည်။ 'ကျွန်တော် ဘာမျှမပြောရင် ခင်ဗျားတို့ ဘာမျှပူစရာမလို' ဟု သူတို့အား ပြောထားသည့်နှယ် ဖြစ်ပါသည်။

ကျောင်းသားများနှင့် လုပ်ဖော်ကိုင်ဖက်များသည် ကျွန်တော့်၏ ဖော်ပြပါ အပြုအမူကို သဘောကျလာကြသည်။ 'ရန်ဒီ ဘာများ စဉ်းစားနေပါလိမ့်' ဟူ၍ စဉ်းစားနေရခြင်းအားဖြင့် သူတို့သည် အချိန်တွေအများကြီး ဖြုန်းမနေရတော့ပေ။ အဘယ်ကြောင့်ဆိုသော် အများအားဖြင့် ကျွန်တော် စဉ်းစားနေတတ်သည်မှာ 'ငါ့သုတေသနအဖွဲ့ထဲမှာ အခြားလူတွေထက် ၃၃ ရာခိုင်နှုန်း ပိုမိုထိရောက်အောင် လုပ်နိုင်တဲ့လူတွေ ရှိနေကြတယ်' ဟူ၍ဖြစ်သည်။ ယင်းသည်ကား ကျွန်တော့်ခေါင်းထဲတွင် ရှိနေသောအရာ ဖြစ်ပေသည်။

□ □ □

## အခန်း ၃၄

## လူတွေက ဘာထင်မည်ကို တွေးမနေပါနဲ့

လူတော်တော်များများသည် မိမိတို့အား အခြားသူတွေက ဘယ်လိုများ ထင်ကြပါလိမ့်နည်း ဟူသော စိုးရိမ်ပူပန်ခြင်းဖြင့် မိမိတို့၏ အချိန်တော်တော်များများကို ဖြုန်းနေကြကြောင်း ကျွန်တော် တွေ့ရသည်။ အခြားလူများ၏ ခေါင်းတွေထဲမှာ ဘာတွေရှိနေကြပါလိမ့်ဟူ၍ မည်သူမျှ စိုးရိမ်ပူပန်မဖြစ်ခဲ့ဘူး ဆိုပါလျှင် ကျွန်တော်တို့၏ နေထိုင်မှုဘဝနှင့် မိမိတို့၏ အလုပ်များတွင် ၃၃ ရာခိုင်နှုန်း ပို၍ ထိရောက် အကျိုးရှိစွာ လုပ်လာနိုင်ကြမည်ဖြစ်သည်။

၃၃ ရာခိုင်နှုန်းကို ဘယ်လိုရပါသလဲဟု မေးဖွယ်ရှိသည်။ ကျွန်တော်သည် သိပ္ပံပညာရှင်တစ်ဦး ဖြစ်သည်နှင့်အညီ ကိန်းဂဏန်း အတိအကျဖြင့် ပြောခြင်းကိုသာ သဘောကျသည်။ ဘာကြောင့် ဤအဖြေရသနည်းဆိုသည်ကို သက်သေပြနိုင်ချင်မှတော့ ပြနိုင်ပါမည်။ ထို့ကြောင့် ၃၃ ရာခိုင်နှုန်းနှင့်ပဲ ပြောလိုက်ကြပါစို့

ကျွန်တော်၏ သုတေသနအဖွဲ့ထဲမှာ လုပ်သူမှန်သမျှ ကျွန်တော် ဤသို ပြောလေ့ရှိသည်။ 'ခင်ဗျားတို့ ကျွန်တော် ဘာတွေ စဉ်းစားနေပါလိမ့်လို့ တွေးပြ စိတ်ပူမနေကြနဲ့၊ ကောင်းကောင်းဆိုးဆိုး ခေါင်းထဲမှာရှိတာကို ခင်ဗျားတို့ သိစေ ပါမယ်'

ထိုသို့ ကျွန်တော်က သူတို့အား ကျွန်တော့်စိတ်ထဲမှာ ရှိသည့်အတိုင်း ပြေ လိုက်ခြင်းသည် တစ်ခုခုနှင့် ပတ်သက်၍ ကျွန်တော် စိတ်မချမ်းသာသောကြော ဖြစ်သည်ဟု အဓိပ္ပာယ်ရပေသည်။ ကျွန်တော်က စကားပြောသည့်အခါ ပရိယာယ မသုံးတတ်။ သွယ်ဝိုက်မနေဘဲ တည့်တည့် ပြောတတ်သည်။ အကောင်းဘက

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃၅

## အတူတူထိုင်ခြင်းဖြင့် စ ပါ

ကျွန်တော်သည် အခြားသူများနှင့် အလုပ်အတူတူ လုပ်သည့်အခါ ကျွန်တော် တို့သည် ဖဲဝိုင်းတစ်ခုတွင် အတူတူထိုင်နေသူများအဖြစ် စိတ်ကူးကြည့်တတ်သည် ကျွန်တော့်စိတ်မှာ ကျွန်တော့် ဖဲချပ်တွေအားလုံးကို စားပွဲပေါ်မှာ လှန်လျက်သာ ချပြထားလိုစိတ် ရှိသည်။ ကိုယ်နှင့်အတူ ကစားဖော်များကိုလည်း 'ကဲ၊ ကျွန်တော် ဒီတစ်လှည့်မှာ စုပေါင်းပြီး ဘာလုပ်လို့ရကြမလဲဟင်' ဟု ပြောချင်၏။

အစုအဖွဲ့တစ်ခုအတွင်း၌ အလုပ်ကို ကောင်းစွာ လုပ်နိုင်စွမ်းရှိခြင်းသည အလုပ်လောကမှာရော၊ မိသားစုဘဝမှာပါ တကယ် အရေးလည်းကြီး လိုလည် လိုအပ်သည့် အရည်အချင်းတစ်ခု ဖြစ်သည်။ ဤအရည်အချင်းများရရှိအော သင်ပေးနိုင်ရန်အတွက် ကျွန်တော်သည် ကျွန်တော့်တပည့် ကျောင်းသားများအ လုပ်ငန်းစီမံချက်များကို ဆောင်ရွက်စေသည့်အခါ အသင်းလိုက်၊ အဖွဲ့လိုက ဆောင်ရွက်စေသည်။

နှစ်ကာလများ ကြာလာသောအခါ တိုးတက်လာသော အစုလိုက်အဖွဲ့လိုက ဆောင်ရွက်တတ်မှုများသည် ကျွန်တော့်အဖို့ ဆေးစွဲသည့်အစွဲမျိုးကဲ့သို့သေ အစွဲတစ်ခုလို ဖြစ်လာခဲ့သည်။ စာသင်နှစ်ဝက်၏ တစ်ခုစီ ပထမရက်မှာပ ကျွန်တော်သည် ကျွန်တော့်အတန်းကို တစ်ဖွဲ့လျှင် လေးယောက်စီပါသည့် အဖွ ၁၂ ဖွဲ့ ခွဲပေးလိုက်သည်။ ဒုတိယနှစ်ကျတော့ 'အစုအဖွဲ့တစ်စုအတွင်း၌ အောင်မြ စွာ လုပ်ဆောင်နည်းများ' ဟူ၍ ခေါင်းစဉ်တပ်ခါ ရေးထားသော စာတစ်မျက်နှာပ လက်ကမ်းစာရွက်ကလေး တစ်ရွက်စီကို တပည့်များအား ပေးသည်။ ထိုစာရွက တွင် ရေးထားသည့်အတိုင်း တစ်ကြောင်းခြင်းဖတ်သွားကြသည်။ အချို့ကျောင်းသာ များကမူ ကျွန်တော့်နည်းများက သူတို့နှင့်မတည့် အဆင့်နိမ့်သည်ဟု အထ



ရောက်၏။ 'ဘာတွေလည်းဟ' ဟု အံ့သြကြသည်။ သူတို့က အခြားသူများနှင့် မည်သို့မည်ပုံ လက်တွဲဆောင်ရွက်သွားရမည်ကို သူတို့ သိပြီးသားဟု ယူဆကြ၏။ သည်နည်းတွေက ကကြီး ခခွေးတန်း ကတည်းက သူတို့ သင်လာခဲ့ပြီးသားပါ။ သည် ဘာမဟုတ် ညာမဟုတ်နည်းတွေ မလိုပါဘူးဟု ထင်ကြလေသည်။

သို့ရာတွင် ကိုယ့်ကိုယ်ကိုယ် သတိမထားကြသူ ကျောင်းသားအများစုကမူ ကျွန်တော်ပေးသည့် အကြံဉာဏ်ကို လိုလားစွာလက်ခံကြသည်။ သူတို့က ကျွန်တော် သည် သူတို့ကို အခြေခံအုတ်မြစ်အချက်တွေကို သင်ပေးရန် ကြိုးစားနေခြင်း ပါကလားဟု သဘောပေါက်ကြသည်။ ကျွန်တော့်နည်းမှာ ကျွန်တော့် အားကစား နည်းပြဆရာ ဂရာဖာမ် ဘောလုံးမပါဘဲ လေ့ကျင့်ခန်းဆင်းခိုင်းသည်နှင့် ခပ်ဆင် ဆင် ဖြစ်သည်။ ကျွန်တော်ပေးထားသည့် အကြံပေးချက်များသည် အောက်ပါတို့ ပါဝင်သည်။

### လူများနှင့်တွေ့သည့်အခါ မှန်မှန်ကန်ကန်တွေ့ပါ။

လူတစ်ဦးနှင့်တစ်ဦး မိတ်ဆက်ခြင်းမှ စသည်။ ဆက်သွယ်နိုင်သည့် အချက် အလက် ဖလှယ်ပါ။ လူတစ်စုံတစ်ဦးနှင့် တွေ့ရာတွင် ထိုသူ၏နာမည်ကို အရှည် အတိုင်း အသံထွက်တတ်ပါစေ။

### နှစ်ဦးစလုံးမှာရှိသော တူရာကို ရှာဖွေပါ။

အခြားသူများနှင့် ဆက်ဆံရာတွင် သူနှင့်ကိုယ် တူတာများကို အမြဲတမ်း လိုလို ရှာဖွေကြည့်နိုင်သည်။ ဤသို့ ပြုနိုင်သောအားဖြင့် သင်နှင့် ထိုသူတို့အကြား ရှိနေသော မတူကွဲပြားမှုများကို ဖြေရှင်းရာတွင် ပိုမိုလွယ်ကူသွားသည်။ အားကစား သည် လူမျိုးရေးနှင့် ဂုဏ်နေတို့ကို ခြားထားသည့် စည်းများကို ဖြတ်ကျော်သွား နိုင်သည်။ အခြားတူရာ ဘာမျှမရှိဟု ဆိုသော်မှလည်း ရာသီဉတုကို ခံစားကြရာ တွင်ကား တစ်ဦးနှင့်တစ်ဦး တူကြသည်။

### တွေ့ဖို့အသင့်တော်ဆုံး အခြေအနေတွင် တွေ့နိုင်အောင် ကြိုးစားပါ။

တစ်ဦးနှင့်တစ်ဦး တွေ့မည့်အချိန်တွင် မည်သူမျှ ဆာလောင်နေခြင်း၊ မအား နေခြင်း၊ သို့မဟုတ် မောပန်းနေခြင်းမျိုး ဖြစ်မနေပါစေနှင့်။ ဖြစ်နိုင်လျှင် စားရင်း သောက်ရင်း တွေ့ဆုံပါ။ အစားအသောက်သည် တွေ့ဆုံခြင်းကို ပျော်ပျောင်းစေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့်ပင်လျှင် ဟောလိဝုဒ်မှာဆိုလျှင် နေ့လယ်စာစားရင်း တွေ့ကြ ခြင်း ဖြစ်သည်။

**လူတိုင်း ပြောပါစေ။**

တစ်ဖက်သား စကားမဆုံးမီ ဝင်မပြောပါနှင့်။ ကျယ်ကျယ်ပြောခြင်း၊ မြန်မြန် ပြောခြင်းတို့သည် ကိုယ်ပြောလိုသည့် အယူအဆကို ပိုကောင်းလာအောင် ပြုမပေး နိုင်ပါ။

**အရှင်းချင်း ချီးမွမ်းပါ။**

တဆက်တည်းပြောသွားသည့် စကားပင်ဖြစ်စေ ထိုအထဲ၌ ချီးမွမ်းပြောဆို ကောင်းတာလေးတွေပါနိုင်ရာ ယင်းကို ရှာပါ။ သေသေချာချာကြည့်လျှင် အဆိုးဆုံး အယူအဆဟု ဆိုနိုင်သည်မှာပင် ကောင်းတာလေးတွေက ပါပါသည်။

**ကိုယ်ပြောမည့်စကားကို မေးခွန်းအဖြစ်ပြောင်းပါ။**

'ကျွန်တော်တို့ A ကိုပဲ လုပ်သင့်တယ်၊ B မလုပ်သင့် ဘူးထင်တယ်'ဟု ပြောမည့်အစား။ 'B ကိုမလုပ်ဘဲ A ကို လုပ်လိုက်လျှင် ဘယ်လိုနေမလဲဟင်'ဟု ပြောကြည့်ပါ။ ထိုသို့ပြောဆိုခြင်းမျိုးသည် ကိုယ်ရွေးချယ်ထားတာကို ကာကွယ် ပြောဆိုနေခြင်းမျိုးထက် ဘယ်လိုလုပ်ရင် သင့်မည်ဟူသော ထင်မြင်ချက်မျိုးကို ပေးလာစေနိုင်သည်။

ကျွန်တော်၏အတန်းအပြီးသတ်တွင် ကျွန်တော်က တပည့်များကို ပြောသည် ဆရာတော့ ကျောင်းတက် မတက် စာရင်းကောက်ယူနည်းကောင်းတစ်ခုတော့ တွေ့ထားပြီဖြစ်ကြောင်း ပြောပြခြင်းဖြစ်ပါသည်။ 'မင်းတို့ကို အဖွဲ့လိုက်ခေါ် တာက ဆရာအဖို့ ပိုလွယ်တယ်ကွာ'ဟုဆိုကာ 'အဖွဲ့တစ် လက်ထောင်ပါ၊ အဖွဲ့ နှစ်. . . ' ဟု ခေါ်လိုက်ပါသည်။

ကျွန်တော်က တစ်ဖွဲ့ချင်းခေါ်လိုက်သည့်အခါ လက်များ မြောက်ပြလာ ကြသည်။ 'သည်နည်းနှင့်ပတ်သက်လို့ တစ်ခုခု သတိပြုမိတဲ့လူ ဘယ်သူရှိလဲဟင်' ဟု ကျွန်တော်က မေးသည်။ မည်သူမျှမဖြေ။ ထို့ကြောင့် ကျွန်တော်က အဖွဲ့လိုက် တပ်ခေါ်လိုက်သည်။ 'အဖွဲ့တစ်. . ?၊ အဖွဲ့နှစ်. . ?၊ အဖွဲ့သုံး. . ?' တစ်ခန်းလုံး ထဲမှ လက်တွေ မြောက်တက်လာကြလေသည်။



တစ်ခါတစ်ရံတွင် ကျောင်းသားများထံမှ လိုချင်တာရအောင် စိတ်ဝင်စား ဖွယ် ဟန်ဆောင်ပန်ဆောင်နည်းတွေလည်း သုံးချင် သုံးရတတ်၏။ အထူးသဖြင့် 'ငါတို့ ဒါတွေကို အားလုံးတတ်ပြီး သိပြီးသား' ဟူ၍ ထင်နေသောအရာ ပြဿနာ များတွင် ထိုသို့သုံးရသည်။ အောက်တွင် ကျွန်တော်သုံးခဲ့သည့် နည်းကိုကြည့်ပါ။

ကျွန်တော်သည် မည်သူ လာ မလာ စာရင်းကောက်ယူသည့်အလုပ်ကို ဆက်လုပ်နေရင်းမှ အဆုံးတွင် ကျွန်တော့်အသံကို မြှင့်၍ မေးလိုက်သည်။ 'ကဲ၊ မင်းတို့ ကိုယ့်သူငယ်ချင်းတွေနဲ့အတူ ဘာကြောင့်ထိုင်နေကြတာတုံး' တစ်ဖန် ဆက်လက်မေးလိုက်သည်။ 'မင်းတို့ ကိုယ်ပါတဲ့အဖွဲ့ထဲက လူတွေနဲ့ ဘာကြောင့် အတူတူ ထိုင်မနေရတာတုံး'

အချို့က ကျွန်တော်စိတ်ဆိုးခြင်းမှာ အကျိုးသက်ရောက်မှုအတွက် စိတ်ဆိုး ခြင်းဟု သိကြသော်လည်း ကျန်လူ အားလုံးက ကျွန်တော် တကယ်စိတ်ဆိုးနေတာ ဟု ယူဆကြသည်။ 'ဆရာ အခု ဒီအခန်းထဲက ထွက်သွားမယ်' ဟု ကျွန်တော်က ပြောသည်။ 'စက္ကန့် ၆၀အတွင်း ပြန်လာခဲ့မယ်၊ ဆရာ ပြန်လာတဲ့အခါ မင်းတို့ ကိုယ့်အဖွဲ့လိုက်အတိုင်း ထိုင်နေကြလိမ့်မယ်လို့ မျှော်လင့်တယ်၊ အားလုံး နားလည် ရဲ့လား' ဟုလည်း ဆက်ပြောကာ ကျွန်တော် အခန်းထဲမှထွက်သွားသည်။ ကျောင်းသား များသည် ကိုယ့်စာအုပ်၊ လွယ်အိတ်စသည်တို့ကို ကောက်သိမ်းကြကာ ကိုယ့် အစုနဲ့ကိုယ် ပြန်လည်နေရာယူကြနှင့် အခန်းထဲ၌ တုန်လှုပ်ချောက်ချားဖြစ်၍ ကျန်ရစ်သည်ကို ကျွန်တော်ကြားရ၏။

ကျွန်တော်ပြန်ရောက်လာသည့်အခါ ကျွန်တော်က ကျွန်တော် ပေးထားသည့် အစုအဖွဲ့လိုက် အလုပ်လုပ်နည်းအကြံပေးချက်များသည် သူတို့၏ အသိဉာဏ်နှင့် သူတို့၏ ရင့်ကျက်မှုကို စော်ကားရန်မဟုတ်။ သူတို့သည် ကိုယ်အဖွဲ့ထဲမှ ကိုယ်နှင့် တွဲဖက်လုပ်ကိုင်ရသူများနှင့် အတူတူထိုင်ဖို့လိုသည်ဟူသော အရာကို မလုပ်မိကြ ကြောင်းကို ပြသလိုခြင်းများသာ ဖြစ်ကြောင်း ရှင်းပြပါသည်။ ဤသို့ မိမိတို့ လစ်ဟာ ချက်ကို သိလိုက်ရသောအားဖြင့် ကျန်အခြေခံအချက်တွေကိုပါ ပြန်လည်သုံးသပ် နိုင်ရာမှ အကျိုးများရလာနိုင်ကြောင်းလည်း ရှင်းပြလိုက်ပါသည်။

နောက်အတန်းမှာရော၊ စာသင်နှစ်ဝက်၏ ကျန်အချိန်များတွင်ပါ ကျွန် တော့် တပည့်များသည် ကိုယ့်အဖွဲ့ဝင်များနှင့်အတူ ထိုင်သွားကြလေတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃၆

## လူတိုင်းထံမှ အကောင်းဆုံးကိုရှာကြည့်ပါ

ယခုပြောမည့်အကြံဉာဏ်မှာ ကျွန်တော် ဝေါ်ဒစ္စနေး အပျော်စီး စက်ယန္တရားတီထွင်ခြင်းဌာနတွင် အလုပ်လုပ်ခဲ့စဉ် တွေ့ခဲ့သော ကျွန်တော်၏ ဟီးရိုးဖြစ်သူ ဗွျန်ဆနေ့ဘ်ဒီ ထံမှရခဲ့သော အကြံဉာဏ်ဖြစ်ပါ၏။ သူပြောပုံကို ကျွန်တော် အတော်သဘောကျသည်။ 'မင်း ကြာကြာစောင့်ရင် လူတွေက အံ့အားသင့်ပြီး မင်းကို အထင်ကြီးလာလိမ့်မယ်ကွာ' တဲ့။ သူက ပြောသည်။

သူတွေးပုံ မြင်ပုံအရသော် လူတွေက သင့်အား စိတ်တိုအောင်လုပ်၍ သင်စိတ်ဆိုးရသည်မှာ သင်က သူတို့အား အချိန်အလုံအလောက် မပေးခဲ့သောကြောင့် ဖြစ်ဖွယ်ရာရှိသည်။

ဗွျန်က ကျွန်တော့်အား သတိပေး၏။ တစ်ခါတစ်ရံ သိပ်စိတ်ရှည်ရသည်။ နှစ်နှင့်ချီ၍ စောင့်ချင် စောင့်ရပါသတဲ့။ 'ဒါပေမယ့်ကွာ၊ နောက်ဆုံးတော့ လူတွေဟာ သူတို့ရဲ့ ကောင်းတဲ့ဘက်ကို မင်းကို ပြလာတာပါပဲ၊ လူတိုင်းလိုလိုမှာ ကောင်းတဲ့ဘက်က ရှိမြဲပါ။ စောင့်သာ စောင့်နေပါ။ တစ်ချိန် ပေါ်ထွက်လာမှာပါပဲ' ဟု ဗွျန်က ပြောပါသည်။

❐ ❐ ❐

## အခန်း ၃၇

## သူတို့ပြောတာကို မကြည့်ပါနဲ့၊ သူတို့လုပ်တာကို ကြည့်ပါ။

ကျွန်တော့်သမီးကလေးသည် တစ်နှစ်ခွဲသာ ရှိသေး၏။ ထို့ကြောင့် ဤစကားကို သူ့အား ယခုအချိန် ပြော၍ကား မဖြစ်သေး။ သို့ရာတွင် သူ နားလည်နိုင်လောက်သည့် အရွယ်ရောက်လာသည့်အခါ ကျွန်တော့်အား လုပ်ဖော်ကိုင်ဖက် အမျိုးသမီးတစ်ဦးက ပြောဖူးသော စကားကို သမီးကလေး ချလိုအား သိစေချင်သည်။ ထိုစကားမှာ အမျိုးသမီးငယ်တိုင်းအတွက် အကြံဉာဏ်ကောင်းတစ်ခုပင်။ တကယ်တော့ ကျွန်တော် ကြားဖူးသမျှတွင် အကောင်းဆုံး အကြံဉာဏ်ဖြစ်ပါသည်။

ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်က 'အချိန်တော်တော် ကြာခဲ့တာပေါ့၊ ဒါပေမယ့် နောက်ဆုံးတော့ ကျွန်မ စဉ်းစားလို့ ရသွားတယ်၊ ကိုယ့်ကိုချစ်တဲ့စိတ်နဲ့ စိတ်ဝင်စားနေတဲ့ ယောကျ်ားမျိုးတွေနဲ့ ကြုံရင် အလွယ်ကလေးပဲ၊ သူတို့ပြောတာတွေကို ဘာမှခေါင်းထဲမထည့်ပဲ သူတို့လုပ်တာကိုပဲ ဂရုစိုက် ကြည့်နေလိုက်ရုံပါပဲ'

သူပြောသည့်စကားမှာ ထိုမျှသာ ဖြစ်သည်။ ထို့ကြောင့် သမီးကလေး ချလိုအတွက် မှတ်စရာစကားပင်။

ယခု ကျွန်တော်တို့ အကြောင်းကို ပြန်စဉ်းစားကြည့်မိသည်။ တစ်နေ့သောအခါတွင် ထိုစကားသည် ဒီလန်နှင့် လိုဂန်တို့အတွက်လည်း အသုံးဝင်လာနိုင်ပေသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃၈

### ပထမတွင် သင် မအောင်မြင်ခဲ့ဘူးဆိုလျှင်....
### ဖန်တစ်ရာတေ စကားကိုပင် ပြောရပေမည်။ ကြိုးစားပါ။ ကြိုးစားပါ။

ကျွန်တော်သည် ဆီသည်မ လက်သုတ်ပဝါလို ဖန်တရာတေ စကားများကို ချစ်သည်။ ဒါတွေကလည်း အများကြီး ရှိသည်။ ကျွန်တော်သည် သစ်အယ်ပင်အိုကြီးတွေကို အလွန်တရာ လေးစားသည်။ တကယ်တန်း ကြည့်လိုက်သည့်အခါ ဖန်တစ်ရာတေ စကားလုံးတွေကို ထပ်ပြန်တလဲလဲ သုံးစွဲနေကြခြင်း အကြောင်းမှာ ပိုက်ဆံငွေကြေးနဲ့ ပတ်သက်လာလျှင် ထိုဖန်တရာတေ စကားများသည် မှန်နေတတ်သောကြောင့်ပင်။

ပညာရေးပညာရှင်များသည် ဖန်တစ်ရာတေစကားများကို မကြောက်သင့်ကြ။ အဘယ်ကြောင့်နည်း။ ကလေးတွေက ထိုဖန်တစ်ရာတေ စကားအများစုကို မသိကြသောကြောင့်ပင်။ သူတို့မသိမကြားဖူးတော့ သူတို့သည် ပရိတ်သတ်သစ် ဖြစ်လာ၏။ ထိုအခါ သူတို့ကို ဖန်တစ်ရာတေစကားများက ဖမ်းစားသွားသည်။ ဤသဘောကို ကျွန်တော်သည် ကျွန်တော်၏ စာသင်ခန်းတွင်း၌ အကြိမ်ကြိမ် တွေ့ဖူးလေပြီ။

သင့်ကို သစ္စာရှိသူနှင့်သာ ကပါ။ ဤစကားမှာ ကျွန်တော့်မိဘများ ကျွန်တော့်ကို အမြဲတမ်းပြောလေ့ရှိသော ဖန်တစ်ရာတေ စကားဖြစ်သည်။ ဤစကားသည် ပွဲတက်ကသည့် ညတွင်သာမက အရာရာတွင်သုံး၍ရသော ဖန်တစ်ရာတေစကား ဖြစ်သည်။ စီးပွားရေးလောက၌ မန္တန်တစ်ခုသဖွယ် သုံးနိုင်၏။ ပညာရှင်များ လောက၌ သုံးနိုင်၏။ အိမ်မှာလည်း သုံး၍ရ၏။ ဤစကားက သစ္စာရှိမှုနှင့် လေးစားအသိအမှတ်ပြုမှုတို့၏ အရေးပါမှုကို နှိုးဆော်သတိပေးပေသည်။



ကံကောင်းခြင်းဟူသည် ပြင်ဆင်ထားတာနှင့် အခွင့်အလမ်းတို့ ပေါင်းဆုံမိသွားခြင်း ဖြစ်သည်။ ဤဖန်တစ်ရာတေစကား မှာ ဘီစီ ၅၀၀ စုတွင် မွေးဖွားခဲ့သော ရောမတွေးခေါ်ရှင်ကြီး ဆဲနီကာထံမှလာသော စကားဖြစ်သည်။ ဤစကားသည် အနည်းဆုံးအားဖြင့် နှောက်ထပ် အနှစ်နှစ်ထောင်ကြာမျှ အဖန်တလဲလဲ သုံးနေထိုက်သော စကားဖြစ်ပေသည်။

သင် လုပ်နိုင်သည်ဟု ထင်ထင် သို့မဟုတ် မလုပ်နိုင်ထင်ထင် သင့်အထင် မှန်သည်။ ထိုစကားမှာ နောက်လာသည့် ကျောင်းသားများအတွက် ကျွန်တော်၏ ဖန်တစ်ရာတေ စကားပဒေသာထဲမှ ထုတ်ပြလိုက်သောစကား ဖြစ်သည်။

ဒါထက် မစ္စလင်ကွန်း ပြဇာတ်က ဘယ်လိုလဲ။ ဤစကားမှာ ကျောင်းသားများအား အရေးပါတာတွေကိုတော့ လျစ်လျူရှုထားပြီး အရေးမပါသောအရာတွင် အာရုံစိုက်နေခြင်းမျိုး မပြုမိဖို့ သတိပေးသည့်စကားဟု ကျွန်တော် ဆိုချင်သည်။

ကျွန်တော်သည် ပေါ့ ယဉ်ကျေးမှုထဲမှ ဖန်တရာတေစကားများကိုလည်း အတော်သဘောကျသည်။ ကျွန်တော်သည် ကျွန်တော့်ကလေးတွေ စူပါမင်း ရုပ်ရှင်ကားကို ကြည့်မည်ဆိုလျှင် ဘယ်လိုမှ မအောက်မေ့၊ စူပါမင်းက အားကြီး၍ မိုးပျံနိုင်၍ မဟုတ်ပါ။ စူပါမင်းသည် အမှန်တရား၊ တရားမျှတမှုနှင့် အမေရိကန် လမ်းစဉ်တို့အတွက် တိုက်ပွဲဝင်သည်ဟု ဆိုသောကြောင့် ဖြစ်သည်။ ကျွန်တော် ထိုအကြောင်းကို အလွန်သဘောကျသည်။

ကျွန်တော်သည် ရော့ကီး ရုပ်ရှင်ကားကို ကြိုက်နှစ်သက်သည်။ ထိုကား၏ ရည်ရွယ်ချက်ကို ဖော်ကျူးသည့် ဂီတကိုပင်လျှင် အလွန်သဘောကျသည်။ မူရင်း ရော့ကီး ရုပ်ရှင်ကို ကျွန်တော် အကြိုက်ဆုံးမှာ ရော့ကီးသည် ဇာတ်သိမ်းခန်း ထိုးသတ်ပွဲတွင် အနိုင်ရလိုက်သည်ကိုပင် ဘာမှဂရုထားမနေခြင်း ဖြစ်သည်။ သူသည် တစ်ဖက်လူကို နိုင်ဖို့ထက် တစ်ဖက်လူက အလဲထိုးတာ မခံလိုခြင်းသာ ဖြစ်သည်။ ယင်းအချက်သည် သူ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်၏။ ကျွန်တော့် ရောဂါအတွက် ကုသမှုခံယူနေရစဉ်အတွင်း၌ အခံရခက်လှသည်။ ထိုအချိန်၌ ရော့ကီးသည် ကျွန်တော့်အား လှုံ့ဆော်အားပေးသူပင်။ အဘယ်ကြောင့်ဆိုသော် သူသည် ကျွန်တော့်အား 'မင်း ဘယ်လောက်ပြင်းပြင်း ထိုးလိုက်တယ်ဆိုတာထက် မင်းဘယ်လောက်ပြင်းပြင်း အထိုးခံရလိုက်ပြီး ရှေ့ကို ဘယ်လိုရွှေ့လျားသွားနိုင်တယ် ဆိုတာက ပိုအရေးကြီးတယ်ကွ'ဟု သတိပေး ပြောဆိုနေသောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်မူကား လောကဥ္စရှိရှိသမျှ ဖန်တစ်ရာတေစကားများတွင် ကျွန်တော် အကြိုက်ဆုံးမှာ ဘောလုံးနှင့်ပတ်သက်သည့် ဖန်တစ်ရာတေစကားများဖြစ်သည်။ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်များသည် ကျွန်တော့်အား ကာနက်ဂီမယ်လွန် တက္ကသိုလ်၏ အခန်းများထဲ၌ ကျွန်တော့်ရှေ့တွင် ဘောလုံးကို မြောက်တက်သွားလိုက် ကျလာလိုက်ဖြစ်အောင် တော့ရင်း လျှောက်ပတ်သွားနေသည်ကို မြင်တွေ့ရလေ့ရှိသည်။ ဤသို့ ဘောလုံးကိုတော့ရင်း လျှောက်သွားနေခြင်းသည် ကျွန်တော့်အား စဉ်းစားစရာပေးသည်။ ဘောလုံးစကားဥပမာများမှာ တူညီသော အကျိုးသက်ရောက်မှု ရှိသည်ဟု ကျွန်တော်ထင်နေရော့သလားဟု သူတို့ကတော့ ပြောကောင်းပြောမည်။ သို့ရာတွင် ကျွန်တော့်တပည့် ကျားကျားမမအချို့သည် ညီမယူတတ်ကြ။ ညီယူရာတွင် အခက်အခဲရှိကြသည်။ သူတို့က ကွန်ပျူတာ လောဂရစ်သမ်အကြောင်း ပြောဆိုဆွေးနွေးနေကြစဉ် ကျွန်တော်က ဘောလုံးအကြောင်း ပြောသည်။ ‘ဆောရီးကွာ’၊ ကျွန်တော်က သူတို့ကို ပြောသည်။ ‘ဒါပေမဲ့ မင်းတို့အရှိ ဘောလုံးရဲ့ အခြေခံတွေကို လေ့လာရတာက ဆရာ့ဘဝရဲ့ ဖန်တစ်ရာတေစကားတစ်တွဲကို လေ့လာရတာထက် ပိုပြီး လွယ်ကူပါလိမ့်မယ်လေ’

ကျွန်တော်က ကျွန်တော့်တပည့်တွေကို ဂစ်ပါအတွက်တစ်ပွဲလောက်တော့ နိုင်စေချင်၏။ အပြင်ထွက်ပြီး လက်တွေ့လုပ်ကြည့်စေချင်၏။ ပြင်းထန်သော ဆန္ဒ အမြဲတမ်း ရှင်သန်နေစေချင်သည်။ ကွင်းပြင်ထဲမှာ လျှောက်သွားစေချင်သည်။ ငွေကုန်ကြေးကျများသည်များကို ရှောင်စေချင်ကာ တနလ်ာနေ့ကျတော့ စိတ်ထဲမှာ ခံစားရတာမျိုး ဖြစ်ခါမှဖြစ်စေတော့။ ခဲစာအုပ်အတွင်းက ကစားပွဲများတွင်ကား အနိုင်ရစေချင်၏။ တပည့်များကလည်း နိုင်သလား၊ ရှုံးသလားဆိုသည်က ပဓာနမဟုတ်။ ဖန်တစ်ရာတေ စကားများကို ဘယ်ပုံကစားသည်ဆိုသည်က အရေးကြီးသည်ဟူသည်ကို သိကြပါပေသည်။

□ □ □

# အခန်း ၃၉
## ပထမဦးဆုံး ပင်ဂွင်းငှက် ဖြစ်ပါစေ

အတွေ့အကြုံဆိုသည်မှာ သင် လိုချင်တာကို မရသောအခါမှာ ရသောအရာ ဖြစ်သည်။

ထိုစကားကို ကျွန်တော်သိခဲ့ရသည်မှာ ကျွန်တော် လေ့လာရေးခွင့်ယူ၍ ဗီဒီယိုဂိမ်း ထုတ်လုပ်သည့် အီလက်ထရောနစ်အတ်ကုမ္ပဏီတွင် သွားရောက်လေ့လာနေခဲ့စဉ်က ဖြစ်သည်။ ကျွန်တော်သည် ထိုစကားကို စွဲနေပြီး ကျွန်တော့်တပည့် ကျောင်းသားများကိုလည်း ထပ်တလဲလဲ ပြောနေမိခဲ့သည်။

ထိုစကားသည် အုတ်နံရံအတားအဆီးနှင့် ကြုံရသည့်အခါတိုင်း၊ စိတ်ပျက်စရာ ကြုံရသည့်အခါတိုင်း စဉ်းစားစရာကောင်းသည့် စကားဖြစ်သည်။ ထိုစကားသည် ရှုံးနိမ့်မှုဆိုသည်မှာ လက်ခံနိုင်စရာ ဖြစ်သည်သာမက မရှိမဖြစ် အရေးပါသော အရာလည်း ဖြစ်ကြောင်းကို သတိပေးနေသော စကားဖြစ်သည်။

‘ဗာချူယယ် လောကများကို တည်ဆောက်ခြင်း’ ဟူသော သင်တန်းများကို ကျွန်တော် ပို့ချပေးခဲ့စဉ်က ကျွန်တော်သည် ခက်ခဲသောအရာများကို ကြိုးစားလုပ်ပါ၊ ရှုံးနိမ့်မှာကို တွေးပြီးမပူပါနှင့်ဟု ကျောင်းသားများအား အားပေးလေ့ရှိသည်။ ကျွန်တော်သည် ထိုအတွေးအခေါ်မျိုးကို ဆုပေးချင်၏။ ထို့ကြောင့် စာသင်နှစ်ဝက်ကုန်သွားတိုင်း ကျွန်တော်သည် ကျောင်းသားအသင်းတစ်သင်းကို ကစာသွတ်ထားသော ပင်ဂွင်းငှက်ရုပ်တစ်ခုကို ပေးသည်။ ‘ပထမဦးဆုံး ပင်ဂွင်းဆု’ ဟု ဆုကို အမည်ပေးထားပြီး စိတ်ကူးသစ် သို့မဟုတ် နည်းပညာသစ်ကို ကြိုးပမ်းရာ၌ အကြီးမားဆုံး ကြိုးပမ်းအားထုတ်ခဲ့ပြီး မိမိတို့က ဘာဖြစ်စေရပါမည်ဟု ဖော်ပြထားသော ရည်မှန်းချက် ပန်းတိုင်ကို မရောက်ဘဲ ရှုံးနိမ့်သူများအသင်းက

www.burmeseclassic.com

www.burmeseclassic.com



ထိုဆုကို ရသည်။ အနှစ်သာရအားဖြင့် ထိုဆုသည် 'ဂုဏ်ကျက်သရေရှိသော ရှုံးနိမ့်မှုဆုဖြစ်၏။ စဉ်းစားရာတွင် သေတ္တာအပြင်ထွက် စဉ်းစားခြင်းမျိုးနှင့် ရဲရင့်စွာ ဝံ့စားသော စိတ်ကူးမျိုးကို အသုံးချခြင်းတို့ကို ဂုဏ်ပြုပေးသောဆုလည်း ဖြစ်သည်။

ဤဆုကို မရကြသော အခြားကျောင်းသားများကလည်း ပထမဦးဆုံး ပင်ဂွင်းဆုရှင်များသည် ပန်းတိုင်မရောက်ဘဲ အခြားတစ်နေရာရာသို့ သေသေချာချာ ရောက်သွားကြကုန်သော ရှုံးနိမ့်သူများပါကလားဟု နားလည်လာကြသည်။

ထိုဆု၏အမည်ဖြစ်ပေါ်လာပုံမှာ ပင်ဂွင်းငှက်များသည် ရေထဲသို့ ခုန်ဆင်းမည် ပြုသည့်အခါ မိကျောင်းတွေဘာတွေ ရှိနေနိုင်သော ရေထဲသို့ ပထမဦးဆုံး ခုန်ဆင်းမည့် ပင်ဂွင်းတစ်ကောင်ကောင်ကတော့ ရှိရသည်ဟူသော အမှတ်သညာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ပထမတုန်းက 'အကောင်းဆုံး ရှုံးနိမ့်ဆု'ဟု ခေါ်ခဲ့သေးသည်။ သို့ရာတွင် ရှုံးနိမ့်ဟူသော စကား၏ နောက်ကွယ်တွင် မကောင်းသဘော အနက်တွေက ရှိနေမည်ဖြစ်၍ ကျောင်းသားများသည် ထို ရှုံးနိမ့်ဟူသော စကားလုံးများကိုပင် မကျော်လွှားနိုင်မည် စိုးရသေးပေသောကြောင့် အထက်ပါအတိုင်း ဆုအမည်ကို ပြောင်းလဲခေါ်ရခြင်း ဖြစ်ပေသည်။

ဤသို့ သင်ပြပေးလာသည့် နှစ်များအတွင်း၌ ကျွန်တော်သည် ကျောင်းသားများအား ပြောရသည်။ ဖျော်ဖြေရေးလုပ်ငန်းတွင် မအောင်မြင်သော အနုပညာထုတ်ကုန်များ မရေမတွက်နိုင်အောင် ရှိကြကြောင်း ပြောပြရခြင်း ဖြစ်ပါသည်။ ဖန်တီးမှုအနုပညာဆိုသည်က အိမ်ဆောက်သလိုမျိုးမဟုတ်။ အိမ်တစ်လုံးပြီးသွားလျှင် တစ်ဦးဦးတော့ တက်နေ၍ရသွားသည်သာ။ ဗွီဒီယိုဂိမ်းဆိုတာက ဖန်တီးယူရတာ ဖြစ်သည်။ သုတေသနပြုပြီး တဖြည်းဖြည်းတိုးတက်လာစေသော နည်းမျိုးနှင့် လုပ်ရသည်မျိုးမဟုတ်ပေ။ ဂိမ်းတစ်ခုကား ပေါ်ထွက်လာ၏။ သို့ရာတွင် ကစားမည့်သူတစ်ဦးမှ မရှိတာမျိုးလည်း ရှိနိုင်၏။ ဗီဒီယိုဂိမ်းကို တီထွင်ဖန်တီးနိုင်သူများကို လွန်စွာတန်ဖိုးထားကြသည်ဆိုသည်မှာ မှန်ပေ၏။ သို့ရာတွင် ရှုံးနိမ့်သူများကိုလည်း တန်ဖိုးထားကြပါသည်။ တစ်ခါတစ်ရံ အောင်မြင်သူများထက်တောင် ပို၍ တန်ဖိုးထားကြပါသေးသည်။

တည်ထောင်စကုမ္ပဏီများသည် စီအီးအိုများကို ငှားရမ်းရာ၌ သူတို့၏ နောက်ခံသမိုင်းတွင် အစ၌ ရှုံးခဲ့ဖူးသူများကို ပို၍ငှားရမ်းလိုကြသည်။ ရှုံးနိမ့်ဖူးသူသည် အနာဂတ်တွင် ကြုံနိုင်သည့် ရှုံးနိမ့်မှုများကို ဘယ်လို ရှောင်ရှားရမည်ကို သိကြသည်။ အောင်မြင်မှုကိုသာ သိနေသူသည် ကျရောက်နိုင်သော အန္တရာယ်များကို ပို၍ သတိမမူမိ ဖြစ်တတ်လေသည်။



အတွေ့အကြုံဟူသည် သင်လိုရာကို မရသောအခါတွင် ရတတ်သော အရာမျိုး ဖြစ်သည်။ သင် ပေးရမည့် တန်ဖိုးအရှိဆုံးအရာမှာလည်း အတွေ့အကြုံပင် ဖြစ်နေတတ်လေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၄၀

## လူအများ၏ အာရုံစိုက်မှုရအောင်ပြုပါ

ကျွန်တော့် တပည့်တွေထဲမှာ တကယ့်ကိုတော်သည့်သူတွေ အများကြီးရှိသည်။ သူတို့သည် အလုပ်လောကထဲသို့ ရောက်သွားကြကာ တကယ့်ကို အံ့လောက်စရာ ဆော့ဖ်ဝဲ ပရိုဂရမ်အသစ်တွေ၊ လူတိရစ္ဆာန်ရုပ်တွေ လှုပ်ရှားရှင်သန်နေစေမည့် လုပ်ငန်းအစီအစဉ်တွေနှင့် ဖျော်ဖြေရေး ပစ္စည်းကိရိယာသစ်တွေကို ဖန်တီးသွားကြလိမ့်မည်ဆိုသည်ကို ကျွန်တော် သိသည်။ သူတို့မှာ သန်းနှင့်ချီသော လူတွေကို စိတ်ပျက်စရာဖြစ်အောင် လုပ်နိုင်သည့် စွမ်းရည်များ ရှိကြမှန်းလည်း ကျွန်တော် သိသည်။

ကျွန်တော်တို့လို အင်ဂျင်နီယာတွေ၊ ကွန်ပျူတာသိပ္ပံပညာရှင်တွေသည် အလွယ်တကူ သုံး၍ရမည့်အရာမျိုးတွေ ဘယ်လိုတည်ဆောက်ရမည်ကို အမြဲသဖြင့် စဉ်းစားနေကြသူများ မဟုတ်ကြပေ။ ကျွန်တော်တို့ထဲမှ အများအပြားသည် ရှုပ်ထွေးသောအလုပ်များကို အလွယ်နည်းနှင့် ရှင်းပြရာတွင်လည်း အလွန်ညံ့ကြသည်။ ဗီဒီယိုကက်ဆက်၊ အသံဖမ်းစက်၊ VCR သုံးစွဲနည်း လမ်းညွှန်စာအုပ်ကလေးများကို ဖတ်ဖူးကြပါသလား။ ဖတ်ဖူးသည်ဆိုလျှင် သင်သည် ကျွန်တော်ပြောနေသည့် စိတ်ပျက်စရာကို ကြုံဖူးနေပေပြီ။ ထို့ကြောင့် ကျွန်တော်က တပည့်များအား မိမိတို့၏ တီထွင်ဖန်တီးမှုကို အသုံးပြုမည့်သူများအကြောင်းကို ထည့်စဉ်းစားခြင်းသည် ဘယ်မျှအရေးပါကြောင်း ပြောပြသည်။ သုံးစွဲမည့်သူမှာ စိတ်ပျက်စရာဖြစ်ရမည့် နည်းပညာကို မတီထွင်မိစေရန်မှာ မည်မျှအရေးကြီးကြောင်းကို သူတို့ရှင်းအောင် ကျွန်တော် ဘယ်လိုပြောနိုင်ပါမည်နည်း။ ကျွန်တော်သည် မှတ်မိအောင်မြင်မှုရမည့်၊ လူအများ အာရုံစိုက်ခံရမည့်သူတစ်ယောက် ဖြစ်ရေးကို စဉ်းစားမိလိုက်သည်။

ကာနက်ဂီမယ်လွန်တက္ကသိုလ်၌ ကွန်ပျူတာသုံးသူနှင့် သတင်းအချက်အလက်ဖလှယ်သည့် ပရိုဂရမ်အကြောင်း (user interface) သင်ခန်းစာကို သင်ပေးခဲ့



စဉ်က ကျွန်တော်သည် ပထမနေ့တွင် VCR ဗီဒီယိုကက်ဆက် အသံဖမ်းစက်တစ်ခုကို ယူလာသည်။ ယင်းကို အခန်းရှေ့ရှိ စားပွဲတစ်ခုပေါ်တွင် တင်ထားသည်။ တူအကြီးကြီးတစ်ခုကို ဆွဲထုတ်လိုက်ပြီး VCR ကို ဖျက်ဆီးပစ်ပြလိုက်သည်။

ထို့နောက် ကျွန်တော်က ပြောသည်။ 'တို့က သုံးဖို့ ခက်တဲ့ပစ္စည်းတစ်ခုကို လုပ်လိုက်တဲ့အခါ လူတွေမှာ အဆင်မပြေဖြစ်တယ်၊ သုံးဖို့ခက်လို့ သိပ်စိတ်ဆိုးတော့ အဲဒီပစ္စည်းကို ဖျက်ဆီးပစ်ချင်စိတ် ပေါက်လာတယ်၊ လူတွေ ဖျက်ဆီးပစ်ချင်စိတ်ပေါက်လာမယ့် ပစ္စည်းမျိုးကို တို့က ဖန်တီးမပေးလိုပါဘူး'

ကျောင်းသားများက ကျွန်တော့်ကို ကြည့်ကြသည်။ ထိတ်ထိတ်ပျာပျာဖြစ်သွား၍ ဘာလုပ်လိုက်ပါလိမ့်ဟု ဝေခွဲမရဖြစ်သွားပြီး ပြုံးချင်သလို ဖြစ်သွားကြကြောင်း ကျွန်တော် ပြောနိုင်ပေသည်။ ကျွန်တော် လုပ်ပြလိုက်ပုံက သူတို့အဖို့ စိတ်လှုပ်ရှားဖွယ် ဖြစ်သွားသည်။ ပြီးလျှင် သူတို့တွေးကြသည်။ 'ဟာ၊ ဘယ်လိုဆရာလဲဟ၊ နောက်တစ်ကြိမ် သူ ဘာစတန့်မျိုးတွေ လုပ်ပြဦးမလဲဆိုတာ ကြည့်ဖို့ နောက်နေ့မနက်တော့ ကျောင်းကို မပျက်မကွက် တက်မှဖြစ်မယ်'

ကျွန်တော့်အပေါ် သူတို့ အာရုံစိုက်မှုရလိုက်သည်ကတော့ သေချာသွားသည်။ မသိကျိုးကျွန်ပြုထားသော ပြဿနာကို ဖြေရှင်းရာတွင် ဤနည်းသည် ပထမဦးဆုံးအဆင့် ဖြစ်ပေသည်။ (ကျွန်တော် ဗာဂျင်းနယားတက္ကသိုလ်မှ ကာနက်ဂီမယ်လွန်တက္ကသိုလ်သို့ ထွက်လာသောအခါ ကျွန်တော့် မိတ်ဆွေရင်းလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက် ပါမောက္ခလည်းဖြစ်သူ ဂါဘီရိုဘင်သည် ကျွန်တော့်အား စာတန်းရေးထားသည့် သတ္တုပြားနှင့်တွဲထားသော တူကြီးတစ်ချောင်းကို ပေးလိုက်၏။ သတ္တုပြားပေါ်တ စာတွင် VCR တွေက အများကြီး အချိန်ကုန်နည်းလွန်းသည်'ဟု ရေးထားလေသည်။

ဗာဂျင်းနယားတက္ကသိုလ်တုန်းက ကျွန်တော့်တပည့် အားလုံးသည် ယခုအခါ အလုပ်လုပ်သော အင်အားစုအတွင်း ရောက်ရှိနေကြပေပြီ။ သူတို့သည် နည်းပညာသစ်တွေကို ဖန်တီးမည်ပြုသည့် အခါမျိုးတွင် သူတို့၏ စိတ်ထဲ၌ လွယ်ကူရှင်းလင်းမှုကို လိုလားတောင့်တလျက် စိတ်ပျက်စရာတွေ မလုပ်မိအောင် သတိပေးတတ်သည့် ကျွန်တော် တူကြီးကိုင်လွှဲလျက်ရှိပုံကို မကြာ မကြာ ပေါ်လာလိမ့်မည်ဟု မျှော်လင့်မိပါသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄၁

## ပျောက်ဆုံးသွားသည့် ကျေးဇူးတင်စာ အနုပညာ

လူသားအချင်းချင်း ပြုပေးနိုင်သောအရာများတွင် အလွယ်ကူဆုံးဖြစ်ပေမဲ့ အင်အားအရှိဆုံးဖြစ်သည့် အရာတစ်ခုမှာ ကျေးဇူးကို ထုတ်ဖော်ပြသခြင်း ဖြစ်သည်။ ကျွန်တော်သည် အရှည်အချင်း ပြည့်ဝမှုကို နှစ်သက်မြတ်နိုးသည် မှန်သော်လည်း စာရွက်ကလေးပေါ်မှာ ဖောင်တိန်ကလေးနှင့် ရေးခြစ်လိုက်သော ကျေးဇူးတင်ပါသည်ဟူသော စာကြောင်းလေးမှာ အကောင်းဆုံးပြုပေးလိုက်သည့် ရှေးဆန်သောနည်းဟု ကျွန်တော် ထင်ပေသည်။

အလုပ်ခန့်ဖို့ လူတွေ့မေးမြန်းသူများနှင့် ကျောင်းဝင်ခွင့်ပြုပေးမည့် အရာရှိများသည် လျှောက်လွှာတွေ တစ်ပုံတစ်ထပ်ကြီးကို ကြည့်ကြရသည်။ ၎င်းတို့သည် ထူးချွန်မှုတွေ အမြောက်အမြားရှိထားသော A အဆင့် ကျောင်းသားများထဲမှ ကိုယ်ရေးရာဇဝင် တစ်ပွေ့တစ်ပိုက်ကြီးကို ဖတ်ကြရသည်။ သို့ရာတွင် ၎င်းတို့သည် ကျေးဇူးတင်ပါသည်ဟူသော လက်ရေးနှင့်ရေးထားသည့် စာကြောင်းကလေးများကိုမူ မမြင်ကြရချေ။

အကယ်၍ လျှောက်ထားသူသည် ဘီပလပ်စ် (B+) တစ်ဦးဖြစ်ပါလျှင် သူ၏ ကျေးဇူးတင်ပါသည်ဟူသော လက်ရေးဖြင့်ရေးထားသော စာကြောင်းကလေးသည် ထိုသူအား နောင် မိမိ၏ အလုပ်ရှင်ဖြစ်မည့်သူ၏ မျက်စိထဲတွင် သို့မဟုတ် ကျောင်းဝင်ခွင့်ပြုပေးမည့် အရာရှိ၏ မျက်စိထဲတွင် အနည်းဆုံးအားဖြင့် ဂရိတ်တစ်ဝက်လောက် တိုးမြှင့်ပေးလိုက်ပေလိမ့်မည်။ ထိုအခါ ထိုအရာရှိများအဖို့ B+ ကျောင်းသားသည် A အဆင့်ကျောင်းသား ဖြစ်လာပေလိမ့်မည်။ လက်ရေးနှင့် ရေးသည့် ကျေးဇူးတင်စာများမှာ တွေ့ရခဲလှသည် ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်များက ထိုကျောင်းသားအား သတိရနေမိလိမ့်မည် ဖြစ်သည်။



ဤအကြံပေးချက်ကို ကျွန်တော့်ကျောင်းသားများအား ကျွန်တော် အကြံပေးသည့်အခါ ကျွန်တော့်အနေဖြင့် သူတို့အား တမင် တွက်ချက်လုပ်ကိုင်တတ်သော အကြံသမားတွေ ဖြစ်လာစေဖို့ မဟုတ်ပါ။ သို့ရာတွင် အချို့ကျတော့လည်း ကျွန်တော့်အကြံကို လက်ခံကြသည်မှာ ထိုသို့တွက်ချက်တတ်သော သဘောမျိုးဖြင့်ဖြစ်မှန်း ကျွန်တော် သိသည်။ ကျွန်တော့် အကြံပေးချက်၏ ရည်ရွယ်ချက်မှာ လောကဓံအလေးထား လေးစားရမည့်၊ စဉ်းစားရမည့်အရာများ ရှိသည်။ ထိုသို့သော အရာများကို ပြုလိုက်ပါက အပြုခံရသူက လေးစားအသိအမှတ်ပြုသွားမည်။ ကောင်းသော အရာများကို ပြုခြင်းသည် ကောင်းကျိုးရနိုင်သည်ဟူသော လောက၏ သဘောကို သိနားလည်လာစေရန်သာ ဖြစ်ပါသည်။

ဥပမာသာဓကအဖြစ် ETC ဝင်ခွင့်လျှောက်သည့် အမျိုးသမီးတစ်ဦးအကြောင်းကို ပြောပြချင်သည်။ သူ့လျှောက်လွှာကို ကျွန်တော်တို့သည် ပယ်ချတော့မည့်အနေ ရှိသည်။ ထိုအမျိုးသမီးမှာ ကြီးကျယ်သော စိတ်ကူးအိပ်မက်များ ရှိသည်။ သူသည် ဒစ္စနေး အပျော်စီးစက်ယန္တရား တည်ဆောက်သူ အင်ဂျင်နီယာ ဖြစ်ချင်၏။ သူရရှိသော အဆင့်မှတ်များ၊ သူအောင်ခဲ့သော စာမေးပွဲများနှင့် သူ့ကိုယ်ရေးရာဇဝင်သည် အကောင်းကြီး မဟုတ်သော်လည်း မဆိုးလှပါ။ သူ့လျှောက်လွှာကို ပယ်ဟူသော အပုံထဲသို့ ပစ်မချမီ ကျွန်တော်သည် သူ့လျှောက်လွှာဖိုင်ကို နောက်တစ်ခေါက် ပြန်ဖတ်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ထိုသို့ တစ်ခေါက်ထပ်မံပြန်ဖတ်လိုက်စဉ် ဖိုင်တွဲစာမျက်နှာများကြားမှ ကျေးဇူးတင်ပါ သည် ဟူ၍ လက်ရေးနှင့် ရေးထားသော စာကလေး လျှောထွက်ကျလာသည်ကို သတိပြုမိလိုက်သည်။

ထိုစာကလေးမှာ ကျွန်တော်ထံပို့သောစာတော့ကား မဟုတ်။ ကျွန်တော်၏ တွဲဖက်ဒါရိုက်တာ ဒွန်မာရီနယ်လီထံ ပို့သည့် စာလည်း မဟုတ်။ တက္ကသိုလ်ပညာရေးအဖွဲ့က မည်သည့်ပုဂ္ဂိုလ်ထံသို့မှ ပေးသည့်စာလည်း မဟုတ်ပါ။ သူ ဤတက္ကသိုလ်သို့ လာသည့်အခါ လိုအပ်သောစီစဉ်မှုများကို ကူညီဆောင်ရွက်ပေးသူ တက္ကသိုလ်မှ ဝန်ထမ်းတစ်ဦးထံသို့ ရေးသောစာမျှသာ ဖြစ်ပေသည်။ ဤဝန်ထမ်းသည် သူ၏ လျှောက်လွှာများနှင့် ပတ်သက်၍ ဘာမျှလုပ်နိုင်သည့် ဩဇာအာဏာရှိသူ မဟုတ်။ ထို့ကြောင့် ဤကျေးဇူးတင် စာကလေးသည် ဘာမှ မဟုတ်တာကို ဟုတ်လေဟန်ဖြင့် ဟန်ဆောင်ပန်ဆောင် ရေးထားသောစာဟူ၍

www.burmeseclassic.com

www.burmeseclassic.com



မဆိုသာ။ ဤစာသည် သူတစ်ခါမှ မသိခဲ့ဖူးသောသူ တစ်စုံတစ်ဦးထံ ရေးလိုက်သော စာမျှသာ ဖြစ်သည်။ ထိုဝန်ထမ်းက သူထံ ရေးလိုက်သော စာကို စာရှင်အမျိုးသမီး၏ လျှောက်လွှာဖိုင်ထဲမှာပင် ပစ်ထည့်ထားလိုက်ပုံ ရပေသည်။ သီတင်းပတ် တစ်ပတ် နှစ်ပတ် ကြာသောအခါ ကျွန်တော် ထိုအချက်ကို သွားတွေးမိပါသည်။

တစ်စုံတစ်ဦးအပေါ် လုပ်ကောင်းသောအရာတစ်ခုဟု သဘောပိုက်ပြီး ရေးလိုက်သော ထိုလျှောက်လွှာရှင်၏ ကျေးဇူးတင်ကြောင်းစာကို မျှော်လင့်မထားဘဲ ကျွန်တော် တွေ့လိုက်သောကြောင့် ကျွန်တော် ဤသို့ ပြန်စဉ်းစားကြည့်သည်။ သူသည် သူ့ ကျေးဇူးတင်စာကို သူ့ လက်နှင့် ရေးခဲ့ခြင်းဖြစ်သည်။ ဤအချက်ကို ကျွန်တော် သဘောကျသည်။ 'ဒီစာကလေးဟာ သူ့ဖိုင်တွဲထဲမှာပါတဲ့ တခြားအရာတွေထက် ပိုပြီး ပြောပြနိုင်ပါကလား' ကျွန်တော် ဒွန်ကို ပြောပြသည်။ ကျွန်တော် သူ့အထောက်အထား စာရွက်စာတမ်းတွေကို ပြန်ဖတ်သည်။ ကျွန်တော် ထိုအမျိုးသမီးအကြောင်း စဉ်းစားကြည့်၏။ သူ့စာကလေးကြောင့် အထင်ကြီးသွားမိရာ ကျွန်တော် သူလျှောက်သည့် အခွင့်အရေးကို ရထိုက်သည်ဟု ဆုံးဖြတ်လိုက်သည်။ ဒွန်ကလည်း သဘောတူပေသည်။

သို့ဖြင့် သူသည် ETC သို့ ရောက်လာသည်။ မဟာဘွဲ့ရသွားသည်။ ယနေ့သော် ဒစ္စနေးအပျော်စီး စက်ယန္တရားများတည်ဆောက်ရေး အင်ဂျင်နီယာ ဖြစ်နေပေပြီ။

ကျွန်တော် ဤအကြောင်းများကို သူ့အား ပြန်ပြောပြ၏။ သူကလည်း အခြားသူများကို ပြန်ပြောပြသည်။

ကျွန်တော်သည် ကျွန်တော်၏ ကျန်းမာရေးအခြေအနေအတိုင်း ဆေးဝါးကုသမှုကို ခံယူနေရသော်လည်း ကျွန်တော့် လက်ရေးဖြင့်ရေးမှ သင့်မည့် အနေမျိုး အရေးကြီးသည့်ကိစ္စများတွင် ကျွန်တော်သည် ကိုယ်တိုင် လက်ရေးဖြင့် ရေးကြိုးစားဆဲ ဖြစ်သည်။ ဤသို့ ပြုခြင်းသည် ပြုကောင်းသောအရာ ဖြစ်သည်။ ကိုယ့်စာသည် တစ်စုံတစ်ဦး၏ စာတိုက်ပုံးထဲသို့ ရောက်သွားပြီးနောက်တွင် ထူးထူးဆန်းဆန်း ဘာတွေ ဖြစ်လာမည် ဆိုသည်ကို ဘယ်မှာလျှင် သိနိုင်ပါမည်နည်း။

◻ ◻ ◻

## အခန်း ၄၂

## သစ္စာရှိခြင်းသည် နှစ်လမ်းသွားလမ်းဖြစ်သည်

၁၉၉၀ ပြည့်လွန် အစောပိုင်းနှစ်များတွင် ကျွန်တော်သည် ဗာဂျင်းနယားတက္ကသိုလ်တွင် စာပြနေစဉ်က ဒဲနစ္စကော့စ် ဂရိုဗ်သည် ဘွဲ့ရကျောင်းသားတစ်ဦးဖြစ်သည်။ ဒဲနစ္စသည် သဘောကျစရာကောင်းသော ကျောင်းသားတစ်ဦးဖြစ်၏။ သူသည် ကျွန်တော်၏ ကွန်ပျူတာခန်းတွင် အံ့လောက်စရာ အလုပ်တွေကို လုပ်နေ၏။ သူသည် ကွန်ပျူတာရိုက်စနစ်သင်တန်းတွင် သင်ကြားရေး လက်ထောက်တစ်ဦးလည်း ဖြစ်သည်။ သူကမူ ဘွဲ့ယူအဆင့်သင်တန်းကို တက်ရောက်နေခြင်း ဖြစ်သည်။ သူသည် A အဆင့် ကျောင်းသားတစ်ဦးလည်း ဖြစ်ပေသည်။

အတန်းအများစုတွင် သူသည် A အဆင့် ကျောင်းသားဖြစ်သည်။ ကဲကုလသင်္ချာ ၃ တွင်မူ သူသည် F အဆင့် ကျောင်းသားဖြစ်နေသည်။ ဤသို့ဖြစ်ရခြင်းမှာ သူ့မှာ ပင်ကို ဉာဏ်ရည်ဉာဏ်သွေး မရှိ၍ကား မဟုတ်။ ကွန်ပျူတာသင်တန်းတွေကိုပဲ အာရုံစိုက်လွန်းနေသောကြောင့် ဖြစ်သည်။ တစ်ဘက်က သင်ကြားရေး လက်ထောက်လုပ်၊ အခြားတစ်ဘက်တွင် ကျွန်တော့် ကွန်ပျူတာ လက်တွေ့သုတေသနခန်း၌ သုတေသနလက်ထောက် ဖြစ်နေပေရာ သူသည် ကဲကုလသင်တန်းများကို မတက်တော့သည်နှင့်ပင် ထိုသို့ F အဆင့် ရောက်သွားခြင်း ဖြစ်ပေသည်။

ဤတွင် ပြဿနာကြီး ဖြစ်လာလေသည်။ ဤသို့ A တွေချည်း တောက်လျှောက် ရလာပြီး F ကိုပါ ရလိုက်သည့် စာသင် နှစ်ဝက်မျိုး ကြုံခဲ့သည်မှာ သူ့အဖို့ ဤအကြိမ်သည် ပထမဦးဆုံးအကြိမ် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယစာသင်နှစ်ဝက်စ၍ သီတင်းနှစ်ပတ်ထဲ ရောက်လာသောအခါ ဒါနစ္စ၏ အကောင်းအညံ့ ရောနေသော ပညာရည်မှတ်တမ်းကို တက္ကသိုလ် မဟာဌာနမှူးတစ်ဦးက သတိပြုမိသွားပေသည်။ ထိုမဟာဌာနမှူးသည် ဒါနစ္စ လူတော်တစ်ယောက်မှန်း သိသည်။ သူသည် ဒါနစ္စ၏ SAT ပညာရည် အကဲဖြတ်ချက် စာမေးပွဲနှင့် AP အတန်းတက်ပေးသည့် စာမေးပွဲရမှတ်များကိုလည်း တွေ့မြင်ဖူး၏။ သူ၏အမြင်တွင် F အဆင့်ရသည်မှာ သူ၏ ဉာဏ်ရည် ဉာဏ်စွမ်းကြောင့် မဟုတ်၊ သူ၏ စိတ်နေသဘောထားကြောင့် ဖြစ်သည်ဟု ယူဆစရာ ဖြစ်နေလေသည်။ ထို့ကြောင့် ဒါနစ္စကို ကျောင်းထုတ်ပစ်လိုသည်။ သို့ရာတွင် ကျွန်တော် သိထားသည်မှာ ဤကိစ္စနှင့် ပတ်သက်၍ ဒါနစ္စသည် တစ်ကြိမ် တစ်ခါမျှ သတိပေးခံရဖူးခြင်း မရှိပေ။ တကယ်တော့ အတန်းတိုင်းက A တွေသည် သူ၏ ကဲကုလသင်္ချာတန်းက F ကို ဖျောက်ထေပစ်လိုက်သည် ဖြစ်ရာ သူသည် ပညာသင်ခွင့် ရပ်ဆိုင်းခံရနိုင်ဖွယ်ပင် မရှိတော့ပေ။ သို့ပင်ဖြစ် သော်လည်း မဟာဌာနမှူးက မရှင်းမလင်း ဥပဒေစည်းမျဉ်းတစ်ခုကို ကိုးကားလျက် စားပွဲပေါ်တွင် ကျောင်းထုတ်မိန့်ကို ထားခဲ့လေသည်။ ကျွန်တော်သည် ကျွန်တော့်တပည့်ဘက်မှ ရပ်တည်ရန် ဆုံးဖြတ်လိုက်သည်။ 'ဒီမယ်၊ မဟာဌာနမှူး ဒါနစ္စဟာ ဆူးတောင်မပါတဲ့ အားကောင်းတဲ့ ဒုံးပျံတစ်စင်းပါ၊ သူဟာ ကျွန်တော့်ရဲ့ ကွန်ပျူတာသုတေသနခန်းမှာ အတော်ဆုံး ကျောင်းသားတစ်ယောက်ပါ၊ ကျွန်တော်တို့ သူ့ကို အခုချက်ချင်း ကျောင်းထုတ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ဒီမှာ လာရောက်လုပ်ကိုင်နေတဲ့ ရည်ရွယ်ချက်တစ်ခုလုံး လက်လွတ်ဆုံးရှုံးသွားတော့မှာပဲ၊ ကျွန်တော်တို့ ဒီမှာရောက်နေကြတာက သင်ပြပေးဖို့၊ ပျိုးထောင်ပေးဖို့ပါ၊ ဒါနစ္စဟာ တစ်နေ့ရာရာမှာ ထူးချွန်သွားမယ့်သူဆိုတာ ကျွန်တော် သိတယ်၊ ကျွန်တော်တို့ သူ့ကို စွန့်ပစ်လို့ မဖြစ်ပါဘူး' ဟု မဟာဌာနမှူးအား ပြောပါသည်။

မဟာဌာနမှူးသည် ကျွန်တော့်ကို ကြိုက်သူ မဟုတ်ပါ။ သူ့အမြင်တွင် ကျွန်တော်သည် ကိုယ်လိုချင်ရာကို မရအရ ပြောတတ်သည့် ပါမောက္ခပေါက်စ တစ်ယောက် ဖြစ်နေလေသည်။

ထိုအခါ ကျွန်တော်သည် ပို၍ပင် မရအရ ပြောချင်လာသည်။ ကျွန်တော့်နည်းဗျူဟာ သုံးရသည်။ စာသင်နှစ်ဝက်က စတင်ခဲ့ပြီ ဖြစ်သည်။ တက္ကသိုလ်က ဒါနစ္စ၏ ကျောင်းလခ ချက်လက်မှတ်ကို ငွေသားလဲယူပြီးဖြစ်သည်။ ကျွန်တော့် အမြင်



အရသော် ထိုသို့ပြုလိုက်ခြင်းသည် တက္ကသိုလ်က ကျောင်းသားတစ်ယောက် အဖြစ် ဆက်လက်နေသွားဖို့ ငါတို့က မင်းကို ကြိုဆိုပါသည်ဟု ဒါနစ္စကို ပြောလိုက်သည့်သဘော ဆောင်နေပေသည်။ အကယ်၍သာ ဒုတိယ စာသင်နှစ်ဝက် မစခင်က သူ့ကို ကျောင်းထုတ်လိုက်မည် ဆိုပါလျှင် သူ့အနေဖြင့် အခြား ကျောင်း တစ်ကျောင်းကျောင်း၌ ဝင်ခွင့်ရရန် ကြိုးစား၍ ရနိုင်ဦးမည်။ ယခုမူ ဘယ်ကျောင်းကိုမှ ဝင်ခွင့်လျှောက်၍ မရနိုင်လောက်အောင်ပင် အချိန်က နှောင်းသွားပေပြီ။

ကျွန်တော်က မဟာဌာနမှူးအား မေးသည်။ 'ဒီကိစ္စအတွက် စာဒက တက်ဖို့ သူက ရှေ့နေတစ်ယောက်ကို ငှားမယ်ဆိုရင် ဘယ့်နှယ်လုပ်မလဲ၊ အဲဒီလို လုပ်ရင်တော့ ကျွန်တော်က သူ့ ဘက်က သက်သေခံ ထွက်ဆိုပေးရမှာပဲ၊ မဟာဌာနမှူး အနေနဲ့ ကိုယ့်တက္ကသိုလ်ရဲ့ ပါမောက္ခတစ်ဦးက ကိုယ့်တက္ကသိုလ်နဲ့ ဆန့်ကျင်တဲ့ သက်သေထွက်ဆိုချက်မျိုးပြုတာကို လိုလားပါသလား'

မဟာဌာနမှူး တွန့်သွားပြီး 'ခင်ဗျားဟာ လုပ်သက်နုသေးတဲ့ တက္ကသိုလ် ဆရာ တစ်ဦးပါ၊ ပြီးတော့ ခင်ဗျားအခုထိ အမြဲတန်း မဖြစ်သေးပါဘူး၊ ဘာကြောင့်များ ခင်ဗျားက သူ့ရဲ့ကောင်းလုပ်ပြီး ဒီကိစ္စကို ငါတိုက်ရမယ့် တိုက်ပွဲလို့ လုပ်ချင်ရတာလဲ' ဟု ပြောပါသည်။

'ဘာကြောင့် ဒီလိုလုပ်ရတဲ့အကြောင်းကို ပြောပါမယ်၊ ကျွန်တော် ဒါနစ္စကို အာမခံဝံ့တာက သူ့ကို ကျွန်တော် ယုံကြည်လို့ပါပဲ' ဟု ကျွန်တော်က ပြန်ပြောပါသည်။

မဟာဌာနမှူးသည် ကျွန်တော့်အား အကြာကြီး စိုက်ကြည့်နေသည်။ 'ခင်ဗျားကို အမြဲတမ်းခန့်ထားဖို့ကိစ္စ တက်လာတဲ့အခါ ကျွန်တော် ဒီကိစ္စကို သတိရနေမှာနော်' ဟု ပြောသည်။ သူ့စကား၏ အဓိပ္ပာယ်မှာ တစ်နည်းအားဖြင့် အကယ်၍များ ဒါနစ္စက နောက်တစ်ဖန် ယခုလို ဆိုးလာမည်ဆိုပါရင် ကျွန်တော်၏ အကဲဖြတ်ချက်သည် အလွန့်အလွန် သံသယဖြစ်ဖွယ်ကောင်းမည် ဆိုသည့် သဘော ဖြစ်ပါသည်။

'ဒါ သဘောတူညီချက် တစ်ခုပါပဲ၊ စိန်လိုက်ပါ' ဟု ကျွန်တော်က မဟာဌာနမှူးကို ပြောသည်။ သို့ဖြင့် ဒါနစ္စသည် ကျောင်းဆက်နေခွင့် ရသွားသည်။

သူသည် ကဲကုလသင်္ချာ ၃ တွင် အောင်သွားသည်။ ကျွန်တော်တို့အားလုံးက ဂုဏ်ယူကြရသည်။ ဘွဲ့ရပြီးသော် ကွန်ပျူတာသိပ္ပံပညာရပ်တွင် ဆုရပညာရှင်

www.burmeseclassic.com

www.burmeseclassic.com



အကျော်အမော်တစ်ဦး ဖြစ်သွားသည်။ သူသည် ထိုအချိန်မှစ၍ ကျွန်တော့်ဘဝနှင့် ကျွန်တော့် ကွန်ပျူတာ သုတေသနအခန်းများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ခဲ့ပေသည်။ တကယ်တော့ သူသည် အဲလစ္စ လုပ်ငန်းစီမံချက်ကို အစောဦးဆုံး တီထွင်လုပ်ဆောင်သွားသူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ကွန်ပျူတာ ဒီဇိုင်နာတစ်ဦးအနေဖြင့် သူသည် ဗာကျူယယ် ရီရယ်လတီစနစ်ကို လူငယ်များ ပို၍ လက်လှမ်းမီလာအောင် ပြုပေးသည်။ ပရိုဂရမ်များကို ရေးဆွဲ တီထွင်သွားခဲ့သူ ဖြစ်ပေသည်။

ကျွန်တော် ဒဲနစ္စဘက်က ရပ်တည်ပြောဆိုခဲ့စဉ်က ကျွန်တော့်အသက် ၂၁ နှစ်သာ ရှိသေးသည်။ ယခု ကျွန်တော့်အသက် ၃၇ နှစ် ရှိပြီဖြစ်သည်။ သူသည် ကျွန်တော့်ဘက်က ရပ်တည်သွားပေလိမ့်မည်။ အဲလစ္စသည် ကျွန်တော်၏ ပညာရပ်ဆိုင်ရာ အမွေတစ်ရပ်ဖြစ်ပေရာ ဒဲနစ္စသည် ဒီဇိုင်းပုံစံရေးဆွဲ အကောင်အထည် ဖော်ပေးသော သုတေသနသိပ္ပံပညာရှင်တစ်ဦး အနေဖြင့် အဲလစ္စကို အနာဂတ်သို့ သယ်ဆောင်ပေးခဲ့ခြင်းကြောင့် ကျွန်တော်သည် သူ့ကို ယုံကြည်စိတ်ချပေသည်။

ကျွန်တော်သည် သူလိုအပ်နေချိန်က သူ၏ အိပ်မက်ကို ပြန်လည်ရှင်သန်လာနိုင်စေခဲ့သလို ယခု ကျွန်တော် လိုအပ်နေချိန်တွင်လည်း ဒဲနစ္စက ကျွန်တော့် အိပ်မက်ကို ရှင်သန်အောင် ပြုပေးနေနိုင်ပြီ ဖြစ်ပါ၏။

❐ ❐ ❐

## အခန်း ၄၃

## သောကြာနေ့ည အဖြေ

ကျွန်တော်သည် အများသူငါ ရမြဲအချိန်ထက် တစ်နှစ်စော၍ အမြဲတမ်း ခန့်ထားခြင်းခံရသည်။ ထိုသို့ ခန့်ထားခံလိုက်ရသဖြင့် အခြားသော လုပ်သက်နု တက္ကသိုလ်ဆရာများက အထင်ကြီးစရာလည်း ဖြစ်သွားဟန်တူသည်။

'ခင်ဗျားက အမြဲတမ်းအစောကြီး ရသွားပါကလား။ ခင်ဗျားရဲ့ လျှို့ဝှက်ချက်က ဘာလဲဗျ'ဟု ၎င်းတို့က မေးလာကြသည်။

'ဒါကတော့ လွယ်ပါတယ်ဗျာ၊ သောကြာနေ့ည တစ်ညညမှ ကျွန်တော့်အခန်းကို ၁၀ နာရီလောက် လာပါ၊ ကျွန်တော် ပြောပြပါ့မယ်' ဟု ကျွန်တော်က ပြောပါသည်။ (ထိုအချိန်က ကျွန်တော် အိမ်ထောင်မကျသေးပါ၊ အိမ်ထောင်မကျသေးခင်ကသာ ထိုသို့ ဖိတ်ကြားနိုင်ခြင်း ဖြစ်သည်။)

လူတော်တော်များများသည် ဖြတ်လမ်းနည်းကို လိုက်ချင်ကြ၏။ ကျွန်တော်သိထားသော ဖြတ်လမ်းနည်းကား အခြေခံအားဖြင့် စကားနှစ်လုံးသာပါသည့် ခရီးရှည် ဖြစ်ပါ၏။ စကားနှစ်လုံးမှာ 'ကြိုးစား' ဖြစ်ပါသည်။

ကျွန်တော်သိသမျှ ပြောရသော် အခြားသူများထက် အချိန်ကြာကြာ ပိုလုပ်ခဲ့လျှင် ထိုပိုလုပ်သော အချိန်အတွင်း၌ ကျွမ်းကျင်မှုပညာ ပိုရလာလိမ့်မည်ဟူ၍ ဖြစ်ပါသည်။ ထိုသို့ သူတစ်ပါးထက်ပို၍ အလုပ်လုပ်သောအားဖြင့် အရည်အချင်း ပိုပြည့်လာနိုင်သည်။ ပို၍ စွမ်းရည်တက်လာနိုင်ကာ ပို၍လည်း ပျော်ရွှင်မှု ရနိုင်ပေသည်။ အလုပ်ကြိုးစားခြင်းသည် ဘဏ်မှာ နှစ်ထပ်တိုးနှင့် ထားသည်နှင့်တူ၏။ အကျိုးအမြတ်တွင် မြန်မြန်ဆန်ဆန် တိုးပွားလာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်၏ပြင်ပမှ ဘဝမှာလည်း အလားတူပင်။ ကျွန်တော် အရွယ်ရောက်လာပြီး အချိန်တစ်လျှောက်လုံး၌ ကျွန်တော်သည် အိမ်ထောင်သက် ရှည်ကြာသော ဇနီးမောင်နှံများအား ဘယ်လိုနည်းဖြင့် သူတို့မောင်နှံ အတူတွဲ၍ နေနိုင်ကြပါသနည်းဟူသော မေးခွန်းကို မေးကြည့်ဖူးခဲ့သည်။ သူတို့အားလုံးက အဖြေတူကို ပေးကြသည်ကား 'တို့က အဲဒီလို အိမ်ထောင်သက် ရှည်ကြာဖို့ ကိစ္စမှာ ကြိုးစားကြလို့ပါ' ဟူ၏။

□ □ □

# အခန်း ၄၄
# ကျေးဇူးတင်ကြောင်း ပြပါ

ဘဂျင်းနယားတက္ကသိုလ်တွင် အမြဲတန်းခန့်ထားခံရပြီး မကြာမီမှာပင် ကျွန်တော်သည် ကျွန်တော့်၏ သုတေသနအဖွဲ့တွင်ပါသည့် လူဆယ့်ငါးဦးစလုံးကိုပင် ဒစ္စနေးဝေါ့လ်သို့ ခေါ်ဆောင်ခဲ့သည်။ ထိုတွင် သီတင်းတစ်ပတ်ကြာ နေခဲ့သည်။ ကျေးဇူးတင်ကြောင်း ပြသသည့်အနေဖြင့် ထိုသို့ပြုခဲ့ခြင်းပင်။

လုပ်ဖော်ကိုင်ဖက် ပါမောက္ခတစ်ဦးက ကျွန်တော့်အား သူ့နားသို့ ခေါ်ပြီး ပြောသည်။ 'ရမ်ဒီ၊ မင်းမို့ ဒါတွေ လုပ်နိုင်ပလေကွာ' သူက ကျွန်တော် ယခုကဲ့သို့ လုပ်နေသည်မှာ နောင် အမြဲတမ်း ခန့်ထားခံရမည့် ပါမောက္ခများ သူများနှင့် ကူချင်သော ဆန္ဒမျိုးမရှိအောင် အစဉ်အလာတစ်ခုကို ထူထောင်နေသည်ဟု ထင်မြင်ကောင်း ထင်မြင်ပေမည်။

'ဘာလို့ ဒီလို လုပ်နိုင်ခဲ့တာလဲဆိုရင်၊ ဒီလူတွေဟာ အရိုးကျေကျေ အရည်ခန်းခန်း လုပ်ခဲ့ကြသူတွေ ဖြစ်တယ်၊ ကျွန်တော့်ကိုလည်း တစ်သက်ပန်လုံးအတွက် လောကမှာ အကောင်းဆုံး အလုပ်ကို လုပ်ပေးခဲ့ကြတာဆိုတော့ ကျွန်တော်က ဘယ်မှာ မလုပ်ပေးနိုင်ဘဲ ရှိပါတော့မလဲ' ဟု ကျွန်တော် ပြန်ဖြေသည်။

ထို့ကြောင့် ကျွန်တော်တို့ ၁၆ ယောက်သည် ဖလော်ရီဒါသို့ ဗင်ကားကြီး တစ်စီးဖြင့် သွားကြသည်။ အတော်လည်း ပျော်စရာကောင်းသည်။ ကျွန်တော်သည် ဖျော်ဖြေမှုမှာ ပညာပါရအောင်လည်း ပြုပါသည်။ လမ်းတစ်လျှောက်လုံးရှိ တက္ကသိုလ်အမျိုးမျိုးတွင် ရပ်နားခဲ့သည်။ ကွန်ပျူတာ သုတေသနအဖွဲ့များသို့လည်း သွားခဲ့ကြ၏။

ဒစ္စနေးသို့သွားသည့်ခရီးမှာ ကျေးဇူးတင်ကြောင်းကို အလွယ်နှင့် ပြသခြင်းပင် ဖြစ်သည်။ ဤခရီးမှာ လက်ဆုပ်လက်ကိုင်ပြနိုင်သော လက်ဆောင်တစ်ခုပမာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ပြီးတော့ ဤခရီးမှာ တကယ့်ကို ကောင်းမွန်သောခရီး ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်အလေးတယူ စောင့်ရှောက်လာခဲ့သော ကျွန်တော့် တပည့်များကို ကျွန်တော် မျှဝေပေးနိုင်သည့် အတွေ့အကြုံတစ်ရပ်လည်း ဖြစ်နေသောကြောင့်ပင်။

ကျေးဇူးတင်သည် ဆိုသည်မှာ လူတိုင်းမှာ လွယ်လွယ်နှင့် ကျေးဇူးအတင်ခံရသည်မျိုး မဟုတ်ပါ။

ကျွန်တော့် ဆရာသမားတွေထဲမှာ တကယ့်ကိုအတော်ဆုံး ဆရာသမားတစ်ဦးမှာ ကျွန်တော် ဘရောင်းတက္ကသိုလ်မှာတက်စဉ်က ကျွန်တော်၏ ကွန်ပျူတာသိပ္ပံ ပါမောက္ခဖြစ်ခဲ့သူ အင်ဒီဗန်ဒမ်း ဖြစ်သည်။ သူသည် ကျွန်တော့်အား အကြံကောင်း ဉာဏ်ကောင်းများ ပေးခဲ့သည်။ သူသည် ကျွန်တော့်ဘဝကို ပြောင်းလဲပေးသူ ဖြစ်သည်။ ကျွန်တော် သူ့ကျေးဇူးကိုကျေအောင် ဘယ်တော့မှ ဆပ်နိုင်မည် မဟုတ်။ ထို့ကြောင့် ကျွန်တော်က သူ့ကျေးဇူးကို ရှေ့သို့ လက်ဆင့်ကမ်းနည်းဖြင့်သာ ပြန်ဆပ်ရဖို့ရှိသည်။

ကျွန်တော်သည် ကျွန်တော့်တပည့်များအား အမြဲသဖြင့် ဤသို့ ပြောလေ့ရှိသည်။ အပြင်ထွက်ပါ၊ တစ်ယောက်ယောက်က မင်းတို့ကို လုပ်ပေးလိုက်တာမျိုးကို အခြားသူတွေကို လုပ်ပေးပါ၊ ဒစ္စနေးဝေါ့လ်သို့ ကားမောင်းလာကြရင်၊ ကျွန်တော့် တပည့်များနှင့် သူတို့၏ စိတ်ကူးအိပ်မက်များ၊ ရည်မှန်းချက်ပန်းတိုင်များအကြောင်းကိုပြောရင်း ကျွန်တော်သည် ဖော်ပြပါ တစ်ဆင့်လက်ကမ်းပေးသည့် အလုပ်ကို အကောင်းဆုံး လုပ်သွားရန် ကြိုးစားနေမိပါသတည်း။

□ □ □

အခန်း ၄၅

သကြားလုံးများ ပို့ပေးပါ

ကျွန်တော်သည် ကျွန်တော့်တာဝန်များ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပညာရပ်ဆိုင်ရာများကို ပြန်လည် သုံးသပ်ပေးရသူတစ်ဦးလည်း ဖြစ်နေ၏။ အဓိပ္ပာယ်မှာ ကျွန်တော်သည် အခြားပါမောက္ခများကဲ့သို့ အထူကြီးရေးထားသော သုတေသနစာတမ်းများကို ပေးပို့ကာ ယင်းတို့အား သုံးသပ်ပေးရန် မေတ္တာရပ်ခံရသည့် အလုပ်ကို လုပ်ရခြင်း ဖြစ်သည်။ ထိုစာတမ်းများကို ဖတ်ရသည်မှာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းနိုင်၏။ ဖတ်ရင်း အိပ်ပျော်သွားနိုင်သည်။ ထို့ကြောင့် ကျွန်တော်က ဖတ်ပေးဖို့လိုသည့် စာတမ်းများနှင့်အတူ သကြားလုံးတစ်ပုံးကိုလည်း ပို့ပေးလိုက်သည်။ 'ဖတ်ပေးရန် သဘောတူသည့် အတွက် ကျေးဇူးတင်ပါသည်၊ ဤစာတမ်းများနှင့်အတူ ပူးတွဲပေးပို့လိုက်သော သကြားလုံးများကား ဖတ်ပေးခြင်းအတွက် ဆုလဒ် ဖြစ်ပါသည်၊ သို့ရာတွင် စာတမ်းကို ဖတ်မပြီးမချင်း သကြားလုံးများကို စားမည်ဆိုလျှင်ကား တော်မည်မထင်ပါ' ဟူ၍လည်း စာရေးပေးလိုက်၏။

ဤသို့ပြုခြင်းဖြင့် သူတို့မျက်နှာများပေါ်မှာ အပြုံးပန်းများ ပွင့်လာစေသည်။ ကျွန်တော်လည်း ဖုန်းထပ်ဆက်ပြီး မပြီးသေးဘူးလား၊ ဘာလား မည်တွန်တောက်တီးပြုစရာမလိုတော့ပေ။ သူတို့စားပွဲပေါ်တွင် သကြားလုံးပုံး ရောက်နေပြီဖြစ်ရာ သူတို့လုပ်ရမည့် အလုပ်ကို သိသွားကြပေသည်။

တစ်ခါတစ်ရံသော်လည်း နှိုးဆော်သည့် အီးမေးလ်ပို့ရတာမျိုးတော့ ရှိပါ၏။ သို့ရာတွင် သူတို့ထံ ကျွန်တော် အီးမေးလ်ပို့သည့်အခါ ဝါကျတစ်ကြောင်းသာ ရေးဖို့လိုတော့၏။ သကြားလုံးစားပြီးပြီလား ခင်ဗျား ဟူ၍ ဖြစ်ပါ၏။

သကြားလုံးပုံးသည် ဆက်သွယ်ရေးကိရိယာကောင်းတစ်ခုဖြစ်ကြောင်း တွေ့ရသည်။ သကြားလုံးများသည် ကောင်းစွာပြီးစီးသွားသော အလုပ်အတွက် ချိုမြိန်သော ဆုလဒ်တစ်ခုလည်း ဖြစ်ပါပေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄၆

## ကိုယ်အားကိုးစရာမှာ ကိုယ်ယူလာသည့်အရာသာဖြစ်သည်

ကျွန်တော်သည် ငါ ဘယ်အခြေအနေနှင့် ကြုံရကြုံရ အသင့်ဖြစ်နေဖို့လိုသည်ဟု အမြဲတမ်း တွေးထားသည်။ အိမ်မှ ထွက်သွားလျှင် ငါ ဘာယူလာခဲ့ဖို့လိုမလဲ။ အတန်းတစ်တန်းမှာ စာသင်လျှင် ငါ့ကို ဘယ်လိုမေးခွန်းတွေ မေးလာနိုင်သည်ဟု မျှော်မှန်းထားရမလဲ။ ကိုယ်မရှိတော့ဘဲနေသွားရမည့် ကိုယ့်မိသားစု၏ အနာဂတ်အတွက် ပြင်ဆင်နေသည့်အခါ ဘယ်လို အထောက်အထား စာရွက်စာတမ်းတွေကို အသင့်ထားရှိခဲ့သင့်သလဲ။ သို့နှယ် တွေးခြင်းမျိုး ဖြစ်သည်။

ကျွန်တော် ခုနစ်နှစ်သားအရွယ်လောက်က ကျွန်တော့်အား ကျွန်တော့်မိခင်က ကုန်စုံဆိုင်တစ်ဆိုင် ခေါ်သွားခဲ့ပုံကို ကျွန်တော့်မိခင် ပြန်ပြောင်း ပြောပြသည်။ အမေနှင့် ကျွန်တော်သည် ပစ္စည်းပစ္စယတွေကို စစ်ဆေးသည့် ကောင်တာသို့ ရောက်လာသည်။ ဤတွင်မှ အမေသည် သူဝယ်ရမည့် ဈေးစာရင်းထဲမှာပါသည့် ပစ္စည်းနှစ်ခုလောက် ဝယ်ဖို့ မေ့ခဲ့ကြောင်း သတိရသည်။ ကျွန်တော့်ကို ပစ္စည်းတင်သည့်လှည်းနှင့် ထားရစ်ခဲ့ပြီး အမေသည် လိုသည့်ပစ္စည်းကို အပြေးအလွှား သွားယူသည်။

'အမေ ချက်ချင်းပြန်လာခဲ့မယ်နော်' ဟု အမေက ပြောသည်။

အမေထွက်သွားသည့်အချိန်မှာ နှစ်မိနစ်၊ သုံးမိနစ်သာ ကြာပါမည်။ သို့ရာတွင် ထိုအချိန်အတွင်း၌ ကျွန်တော်သည် လှည်းပေါ်မှ ပစ္စည်းတွေအားလုံးကို စက်ခါးပတ်ကြီးပေါ် တင်လိုက်ရာ ပစ္စည်းအားလုံးကို တန်ဖိုးသင့်ပြီး ဖြစ်သွားသည်။ ကျွန်တော်သည် ငွေကိုင်အား စိုက်ကြည့်နေမိသည်။ သူကလည်း ကျွန်တော့်ကို စိုက်ကြည့်နေ၏။ ငွေကိုင်သည် ကျွန်တော့်ကိုကြည့်၍ ရယ်ရင်း ပြောသည်။

'သား၊ မင်းမှာ ပေးဖို့ ပိုက်ဆံပါရဲ့လား၊ မင်း အန်တီ့ကို ပေးမှဖြစ်မယ်'

ကျွန်တော်က နောက်ပြောနေမှန်းမသိ။ ထို့ကြောင့် ခပ်ရှက်ရှက်နှင့် ရပ်နေမိလေသည်။



ထိုအချိန်တွင် ကျွန်တော့်အမေ ရောက်လာလေရာ ကျွန်တော်က စိတ်ဆိုးဆိုးနှင့် 'အမေကလည်း သားကိုပိုက်ဆံမပါဘဲနဲ့ ဒီမှာထားခဲ့တယ်၊ ဒီအန်တီကြီးက ပိုက်ဆံတောင်းနေတယ်ဗျာ၊ ကျွန်တော့်မှာ သူ့ကိုပေးစရာ မရှိဘူး' ဟု ပြောမိသည်။

ယခုသော်ကား ကျွန်တော်သည် ကလေးလည်း မဟုတ်တော့။ အရွယ်ရောက်သည့် လူကြီး ဖြစ်လာခဲ့ပြီ ဖြစ်သည်။ ကျွန်တော့် ခေါက်ပိုက်ဆံအိတ်ထဲမှာ အမြဲတမ်း ဒေါ်လာ ၂၀၀ ထက်မနည်း ပါသည်ဖြစ်ပါ၏။ မလိုလား၊ လိုလား သုံးစရာပေါ်လာလျှင် အသင့်ဖြစ်နေစေရန် ဖြစ်ပါသည်။ ပိုက်ဆံအိတ် ပျောက်သွားတာမျိုး၊ လူခိုးခံရတာမျိုးဖြစ်လျှင် ဘယ့်နှယ့်လုပ်မလဲ ဟု ပြောစရာကားရှိသည်။ သို့ရာတွင် ဤမျှသင့်တင့်လျောက်ပတ်သော လူနေမှုအဆင့်နှင့် နေနေရသူတစ်ယောက်အနေဖြင့် ထိုသို့ ဖြစ်လာလျှင်လည်း ဒေါ်လာ ၂၀၀ လောက်တော့ အဆုံးခံထိုက်သည် ဆိုရမည်သာ။ ထည့်သွားသောပိုက်ဆံ ပျောက်သွားသည်ထက် သုံးဖို့လိုသည့်အခါမျိုးတွင် လက်ထဲမှာ ပိုက်ဆံ ပါမလာသည်က ပို၍ပြဿနာကြီးတတ်ပါပေသည်။

ကျွန်တော်သည် ကြိုတင်ပြင်ဆင်မှုကို ပိုပိုကြိုကြို လုပ်တတ်သူများကို အားကျသည်။ ကောလိပ်ကျောင်းသားဘဝတွင် ကျွန်တော့်မှာ နော်မန်မေးရိုဝစ် ဟု အမည်ရှိသော သူငယ်ချင်းတစ်ယောက် ရှိသည်။ တစ်နေ့သ၌ သူသည် အိုဟာဟက် ပရိုဂျက်တာတစ်ခုအကြောင်းကို သင်ပြနေသည်။ သူသင်ပြ ပြောဆိုနေတုန်း တစ်ဝက်လောက်မှာပင် ပရိုဂျက်တာပေါ်က မီးသီးကလေးက မီးမှိတ်သွားသည်။ ပရိသတ်ထဲမှ ညည်းညူသံများလည်း ကြားလာရ၏။ တစ်ဦးဦးက ပရိုဂျက်တာသစ်တစ်ခု ရှာတွေ့မလာမီ ၁၀ မိနစ်လောက် စောင့်နေရမည်ကဲ့သို့ ရှိနေသည်။

'ကိစ္စမရှိပါဘူး၊ ဘာမှ မပူကြပါနဲ့'

နော်မန်က ပရိသတ်အား ကြေငြာ အသိပေးလိုက်သည်။

ကျွန်တော်တို့သည် သူ ဘာလုပ်မလဲဟု စောင့်ကြည့်နေရာ နော်မန်သည် ကျောပိုးအိတ်ထဲမှ တစ်ခုခုကို ဆွဲထုတ်လိုက်သည်။ သူသည် အိုဟာဟက် ပရိုဂျက်တာအတွက် လျှပ်စစ်မီးသီးအပိုတစ်လုံး ယူဆောင်လာခဲ့ခြင်း ဖြစ်ပေသည်တကား။ သူ ဤသို့ မီးသီးအပို ဆောင်လာလိမ့်မည်ဟု မည်သူမျှ ထင်မှတ်ထားခဲ့ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ကျွန်တော်တို့၏ ပါမောက္ခ အင်ဒီဗန်ဒမ်းသည် ကျွန်တော့် ဘေး၌ ကပ်ထိုင်နေရာ သူက ကျွန်တော့် ဘက်သို့ ကိုယ်ကို ကိုင်းညွတ်၍ ပြော၏။ 'ဒီမောင်ဟာ တိုးတက်သွားမယ့်လူကွ' တဲ့။ မှန်လည်း မှန်ပါပေသည်။ နော်မန်သည် မက္ကရို မီဒီယာကုမ္ပဏီတွင် ထိပ်တန်း အမှုဆောင်အရာရှိ တစ်ဦး ဖြစ်သွားလေသည်။ ယနေ့ကာလ အင်တာနက်ကို အသုံးပြုနေသူတိုင်းနီးပါးသည် ထိုကုမ္ပဏီတွင် သူကြိုးပမ်းဆောင်ရွက်ခဲ့သည့် သူ၏ ကြိုးပမ်း ဆောင်ရွက်ချက်များ၏ အကျိုးဆက်နှင့် မကင်းကြပေ။

အမြဲတမ်း အသင့်ရှိနေရန်အတွက် နောက်တစ်နည်းမှာ မဟုတ်သည့် ဘက်က ပြောင်းပြန်လှန်တွေးခြင်း ဖြစ်သည်။

ကျွန်တော်သည် အကောင်းမြင်ဝါဒီတစ်ဦး စစ်စစ်ဖြစ်သည် မှန်၏။ သို့ရာတွင် ဆုံးဖြတ်ချက်တစ်ခုကို ချတော့မည်ဆိုလျှင် ကျွန်တော်သည် အဆိုးဆုံး အခြေအနေကို စဉ်းစားကြည့်လေ့ရှိသည်။ ကျွန်တော်က ထိုအခြေအနေကို 'ဝံပုလွေ အစားခံရခြေ'ဟု အမည်ပေးသည်။ ကျွန်တော် တစ်ခုခုကို လုပ်မည်ဆိုလျှင် အဆိုးဆုံး ဘာတွေဖြစ်လာနိုင်သနည်း။ ကျွန်တော်သည် ဝံပုလွေ အစားခံရမည်လော။ ထို့နှယ် စဉ်းစားခြင်းဖြစ်သည်။

အကောင်းမြင်ဝါဒီတစ်ဦး ဖြစ်စေနိုင်သော အချက်တစ်ချက်မှာ အဆိုးဆုံး အခြေအနေ ကြုံလာသောအခါ ဖြေရှင်းရန် အရေးပေါ် အစီအမံ ရှိထားစေခြင်း ဖြစ်သည်။ ကျွန်တော် မပူသော အရာတွေများစွာ ရှိသည်။ အဘယ်ကြောင့်ဆိုသော် တစ်ခုခုဖြစ်လာပါက ဖြေရှင်းရန် အစီအမံတစ်ခု အသင့်ရှိနေခြင်းကြောင့် ဖြစ်သည်။

ကျွန်တော်သည် ကျွန်တော့်တပည့်တွေကို မကြာခဏ ဤသို့ ပြောလေ့ရှိသည်။ 'မင်းတို့ တောနက်ထဲရောက်သွားပြီဆိုရင် မင်းတို့ အားကိုးစရာဆိုလို့ မင်းတို့ယူဆောင်သွားတဲ့ အရာပဲရှိတယ်' တောနက်ဟူသည်မှာ တကယ်တန်း အားဖြင့် နေရာတိုင်း၌ ရှိနိုင်သောအရာ ဖြစ်သည်။ အိမ်မှာနေရင်း၊ ရုံးမှာထိုင်ရင်း တောနက်ထဲသို့ ရောက်နေနိုင်၏။ ထို့ကြောင့် ပိုက်ဆံထည့်သွားပါ။ ထို့ပြင် ပစ္စည်းကိရိယာ ထည့်ထားသော အိတ်ကို ယူသွားပါ။ ဝံပုလွေတွေကို စိတ်ထဲမှာ မြင်လာအောင် စဉ်းစားကြည့်ပါ။ မီးသီးတစ်လုံး အပို ယူသွားပါ။ အစဉ် အသင့် ဖြစ်ပါစေ။

□ □ □

# အခန်း ၄၇

## မတောင်းပန်တတ်ခြင်းသည် မတောင်းပန်ခြင်းထက်ဆိုးသည်

တောင်းပန်ခြင်းသည် အောင် ရှုံး ကိစ္စမျိုးမဟုတ်။ တောင်းပန်သည့်အခါ A အဆင့်ထက်နိမ့်သော တောင်းပန်မှုမျိုးသည် အရာမရောက်ဟူ၍ ကျွန်တော့် တပည့်များကို ကျွန်တော် ပြောလေ့ရှိသည်။

စိတ်မပါ့တပါနှဲဖြစ်စေ၊ မရိုးမသားဖြစ်စေ တောင်းပန်သော တောင်းပန်မှုများသည် တောင်းပန်ခြင်း ဟူ၍ လုံးဝ မဆိုနိုင်။ အဘယ်ကြောင့်ဆိုသော် တောင်းပန်ခံရသူက စော်ကားခံရသလို ဖြစ်သောကြောင့်ပင်။ အခြားသူ တစ်ဦးဦးနှင့် ပြောဆိုဆက်ဆံရာတွင် တစ်ခုခု အမှားပြုမိခဲ့ပါလျှင် ဆက်ဆံရေးတွင် ကူးစက်ပိုး အဝင်ခံလိုက်ရသလို ရှိသည်။ တောင်းပန်တတ်လျှင် ရောဂါပိုးကို သတ်ပေးနိုင်သည့် ပဋိဇီဝဆေး ထိုးပေးလိုက်သလိုရှိသည်။ မတောင်းပန်တတ် လျှင်ကား အနာကို ဆားနှင့်ပွတ်သည်နှင့် တူလေတော့သည်။

ကျွန်တော်သင်ပြရသည့် အတန်းများတွင် အစုလိုက် အလုပ်လုပ်ခြင်းသည် အလွန်အရေးပါသည်။ အများနှင့် ဆက်ဆံလုပ်ကိုင်နေရသည်ဖြစ်၍ အစုအဖွဲ့တွင်း၌ သဘောကွဲမှုများကို ရှောင်လွှဲ၍မရပေ။ အချို့ကျောင်းသားများက ကိုယ့်ဝန်ကိုယ်မထမ်းကြ။ အချို့လူများကျတော့လည်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းကာ သူတစ်ပါးကို အထင်သေးတတ်၏။ စာသင်နှစ်ဝက်တစ်ဝက်လောက် ရောက်ပြီဆိုလျှင် တောင်းပန်မှုတွေ လုပ်လာကြရတော့သည်။ ကျောင်းသားများသည် တောင်းပန်ရမည့်အမှုကို တောင်းပန်ခြင်း မပြုခဲ့သော် အရာရာသည် ထိန်းမနိုင် သိမ်းမရ ဖြစ်သွားပေမည်။ ထို့ကြောင့် ကျွန်တော်က တောင်းပန်မှုနှင့် ပတ်သက်၍ ပြောနေကျစကားကို တပည့်များအား ပြောရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဂန္ဓဝင်မြောက် ဆိုးဝါးသော တောင်းပန်မှုနှစ်မျိုး အကြောင်းက စ ရသည်။

၁။ 'ကျွန်တော် ပြုမိခဲ့တာအတွက် ခင်ဗျားမှာ စိတ်ထိခိုက် သွားတယ်ဆိုရင် ဆောရီးပဲဗျာ' (ဤတောင်းပန်နည်းမျိုးမှာ ခွျေးသိပ်သည့် သဘောသာ ဖြစ်သည်။ ဒဏ်ရာကို ဆေးထည့်ပေးလိုခြင်း မရှိ။)

၂။ 'ကျွန်တော်ပြုမိခဲ့တာအတွက် တောင်းပန်ပါတယ်၊ ဒါပေမယ့် ခင်ဗျားကလည်း ခင်ဗျားပြုခဲ့တာအတွက် ကျွန်တော့်ကို တောင်းပန်ဖို့ လိုလိမ့်မယ်' (ဤနည်းမှာ တောင်းပန်ခြင်းမဟုတ်ပဲ တောင်းပန်ခိုင်းနေခြင်းဖြစ်သည်။) ကောင်းမွန်မှန်ကန်သည့် တောင်းပန်မှုမျိုးတွင် အောက်တွင်ဖော်ပြသကဲ့သို့ အင်္ဂါသုံးရပ်ပါရသည်။

၁။ ကျွန်တော် ပြုလိုက်တာ မှားသွားသည်။

၂။ ခင်ဗျားကို ထိခိုက်အောင် ပြုမိခဲ့သည့်အတွက် အလွန်စိတ်မကောင်း ဖြစ်သည်။

၃။ ကျွန်တော် သည့်ထက်ကောင်းအောင် ဘယ်လိုလုပ်ပေးရဦးမလဲ။

အချို့သူများသည် နံပါတ် ၃ က မေးခွန်းမျိုးကို ဖြေကြားသည့်အခါ အခွင့်အရေး ယူတတ်တာမျိုးလဲ ရှိသည်၊ သို့ရာတွင် လူအများစုကမူ သင်၏ စေတနာကောင်းနှင့် တောင်းပန်ရန် ကြိုးပမ်းသည့် အားထုတ်မှုများကို တကယ်ပင် လေးစား အသိအမှတ်ပြုကြပါလိမ့်မည်။ သူတို့က ဘယ်လိုလုပ်ရင်လည်း ရပါတယ်ဗျာ၊ သည်လောက် မလိုပါဘူးဟူ၍လည်း ဖြေကြားကောင်း ဖြေကြားနိုင်ပါသည်။ ထို့ပြင် သူတို့ ကိုယ်တိုင်လည်း ကောင်းသည်ထက် ကောင်းအောင် ကြိုးစား လုပ်ဆောင်သွားကြပေလိမ့်မည်။

ဤသို့ဆိုသည့်အခါ ကျွန်တော့်တပည့်များက ပြောတတ်ကြသည်။ 'ကျွန်တော်က တောင်းပန်ပါလျက် တစ်ဖက်လူက ပြန်မတောင်းပန်ဘူး ဆိုရင်ကော' ဟူ၍ ဖြစ်ပါသည်။ ထိုအခါ ကျွန်တော်က သူတို့အား ပြောပြရ၏။ 'ဒါကတော့ မင်းတို့တတ်နိုင်တဲ့ကိစ္စ မဟုတ်ဘူးလေ၊ ဒီတော့ အဲဒီအတွက်နဲ့တော့ မင်းမှာ တနုံ့နုံ့နဲ့ ခေါင်းစားမနေပါနဲ့တော့'

သူတို့ကို တောင်းပန်သည့် ကိုယ့်စကားသည် သင့်လျော် ကောင်းမွန်ပြီး အလိုက်သည်းလိုက် ရှိခဲ့ပါလျက် အခြားသူများက ကိုယ့်ကို တောင်းပန်ရန်



ရှိသည့်အခါတွင် သူတို့ထံမှ ခေတ္တခဏအားဖြင့် ဘာသံမှမကြားရဘဲ ရှိနေနိုင်သည်။ သင်က သူတို့ကို တောင်းပန်အချိန် အတိအကျအတိုင်း သူတို့ကလည်း သင့်ကို တောင်းပန်လိုစိတ် ဖြစ်လာဖို့မှာ ဘာအခက်အခဲတွေ ရှိနေမှန်းမသိ ဖြစ်နိုင်သည်။ ထို့ကြောင့် စိတ်ရှည်သည်းခံပါ။ ကျွန်တော်၏ တက္ကသိုလ်ဆရာဘဝတွင် အကြိမ်ပေါင်းများစွာပင် တပည့်ကျောင်းသားများ တောင်းပန်ကြသည်ကို မြင်ခဲ့ရ၏။ တောင်းပန်ပြီး လေးငါးခြောက်ရက်ကြာသောအခါ သူတို့၏ သူငယ်ချင်းအဖွဲ့သားများ ရောက်လာကြသည်။ စိတ်ရှည်သည်းခံမှုသည် နားလည်တန်ဖိုးထားရမည့် အရာဖြစ်သလို ချီးကျူးအပ်သည့်အရာလည်း ဖြစ်ပေသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄၈
## မှန်တာကိုပြောပါ

အကယ်၍သာ ကျွန်တော်က စကားလုံးသုံးလုံးတည်းနှင့် အကြံပေးရမည် ဆိုပါသော် ထိုစကားသုံးလုံးမှာ 'မှန်တာပြော' ဟူ၍ ဖြစ်ပေလိမ့်မည်။ နောက်ထပ် စကားလုံးသုံးလုံး ထပ်တိုး၍ အကြံပေးခွင့်ရမည် ဆိုပါလျှင် အမြဲတမ်းဟူ၍ ထပ်လောင်းပြောချင်ပါ၏။ ကျွန်တော့် မိဘများကသင်ပြ၏။ လူအများ ယုံကြည်စိတ်ချရသူ ဖြစ်ပါစေကွဲ. . တဲ့။ ထိုသို့ပြောခြင်းထက် ကောင်းသောနည်း ရှိတော့မည် မဟုတ်ပါ။

ရိုးဖြောင့်ခြင်းသည် ကိုယ်ကျင့်စာရိတ္တအရ မှန်ကန်သည်သာမဟုတ်။ အကျိုးများ အရာရောက်ခြင်းလည်း ရှိပေသည်။ လူတိုင်းလူတိုင်းက အမှန်တွေချည်း ပြောနေသော ယဉ်ကျေးမှုတစ်ခုတွင် မယုံ၍ ပြန်လည်စစ်ဆေးကြည့်နေရမည့် အချိန်တွေ အကုန်သက်သာသွားနိုင်ပေသည်။ တက္ကသိုလ်တွင် စာသင်ပေးနေစဉ်က ကျွန်တော်သည် ကိုယ်ကျင့်သိက္ခာအရ စောင့်စည်းရမည့် ကျင့်ဝတ်စည်းကမ်းကို အလွန် ချစ်မြတ်နိုးသည်။ ကျောင်းသားတစ်ယောက် နေမကောင်း၍ မဖြေလိုက်ရသည့်စာမေးပွဲအတွက် စာမေးပွဲအသစ်တစ်ခု စစ်ဆေးပေးရမည်ဆိုလျှင် မေးခွန်းသစ် ထုတ်နေစရာ မလိုပါ။ ထိုကျောင်းသားက အခြားသူများကို သည်အကြောင်း ပြန်မပြောပါဘူးဟုသာ ကတိပေးခဲ့ပါက စာမေးပွဲမေးခွန်းသစ် ထုတ်မနေတော့ဘဲ မေးခွန်းဟောင်းအတိုင်းပင် ဖြေခိုင်းလိုက်သည်။

လူတွေသည် အကြောင်းအမျိုးမျိုးကြောင့် လိမ်ပြောကြသည်။ ကိုယ်လိုချင်ရာကို အားမထုတ်ဘဲနှင့် ရနိုင်သည့် နည်းလမ်းတစ်ရပ်အနေဖြင့် လိမ်ကြခြင်း ဖြစ်ပုံရသည်။ သို့ရာတွင် အတိုကိုသာကြည့်သော များစွာသော အလွယ်နည်းများ ကဲ့သို့ပင် ရေရှည်တွင် အရာမရောက်ကြပါ။ သင် လိမ်ပြောခဲ့သူများနှင့် နောင်အခါ



တွင် ပြန်တွေ့သည့်အခါ ထိုသူများက သူတို့ကို သင်လိမ်ပြောသွားခဲ့မှန်း မှတ်မိကြမည်သာ ဖြစ်သည်။ သူတို့သည် တွေ့ရာလူတိုင်းအား သင့်အကြောင်းကို ပြောပြကြမည်သာ ဖြစ်သည်။ သို့ဖြစ်ပါလျက် လူများသည် လိမ်ပြောနေကြသည်မှာ အံ့ဖွယ်ကောင်းသည်။ လိမ်ပြောသူအများစုသည် သူတို့ လိမ်ပြောလိုက်တာမည်သူမှ လိမ်ပြောမှန်း မသိဟုသာ အထင်ရောက်ကြသည်။ တကယ်တော့ သူတို့ထင်သလို မဟုတ်ပါပေ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄၉

## ရောင်စုံခဲတံဘူးကလေးနှင့် ဆက်သွယ်ပါ

ကျွန်တော့်အကြောင်းကို သိကြသူများက တစ်ခါတစ်ရံ ညည်းကြသည်။ ကျွန်တော်က အရာရာကို ကြည့်ရာ၌ အဖြူ အမည်းသာ ကြည့်တတ်သည်တဲ့။

တကယ်တော့ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တစ်ဦး ပြောလေ့ရှိ၏။ 'ခင်ဗျား တို့ အဖြူအမည်း အကြံပေးချက်မျိုး လိုချင်ရင်တော့ ရန်ဒီဆီ သွား၊ ညိုညစ်ညစ် အကြံမျိုးကိုတော့ သူ့ဆီ သွားမတောင်းနဲ့၊ သူက အဲဒီအကြံမျိုး ပေးတတ်တဲ့လူ မဟုတ်ဘူး'

ဟုတ်ပါပေသည်။ ကျွန်တော် ငယ်စဉ်တုန်းအခါကတော့ စွပ်စွဲကြသည့်အတိုင်း အပြစ်ရှိသည်ဟု ဝန်ခံရပါမည်။ ကျွန်တော်က ပြောလေ့ရှိ၏။ ကျွန်တော့် ရောင်စုံခဲတံဘူးတွင် အဖြူနှင့်အမည်း နှစ်ရောင်သာပါသည်. . ဟု။ ကျွန်တော် ကွန်ပျူတာသိပ္ပံကို ဘာကြောင့် ဝါသနာပါမိပါလိမ့်ဟု စဉ်းစားကြည့်သည့်အခါ အားလုံးနီးပါးက မှန်လျှင် မှန်၊ မမှန်လျှင် မှား ဖြစ်နေသောကြောင့် ဖြစ်သည်ကို တွေ့ရသည်။

ကျွန်တော် အသက်အရွယ်ကလေး ရလာသောအခါ ရောင်စုံခဲတံဘူး တစ်ဘူးတွင် အဖြူနှင့် အမည်းသာမက အခြားအရောင်မျိုးစုံလည်း ပါကောင်းသည်မှာ နားလည်သဘောပေါက်လာပါသည်။ သို့ရာတွင် ယနေ့တိုင် ကျွန်တော်ထင်နေဆဲ အချက်မှာ ဘဝကို မှန်ကန်သောလမ်းအတိုင်း ပြေးမည်ဆိုလျှင် အခြားအရောင်ကွဲတွေ ရမလာမီမှာပင် အဖြူနှင့်အမည်းတို့က ကုန်သွားပေမည်။

မည်သို့ပင်ဖြစ်စေ၊ မည်သည့်အရောင်တွေပဲပါပါ ကျွန်တော်က ရောင်စုံခဲတံဘူးကလေးများကို ချစ်ပါသည်။



ကျွန်တော်၏ နောက်ဆုံးဟောပြောချက်၌ ရောင်စုံခဲတံဘူးတွေ ရာပေါင်းအတော်များများ ယူဆောင်လာခဲ့သည်။ ကျွန်တော်၏ ဟောပြောခန်းမတွင်းသို့ ဝင်လာသည့်အခါ ဝင်လာသူတိုင်းအား ထိုရောင်စုံခဲတံဘူးကလေးတစ်ခုစီ ရသွားစေလိုသည်။ သို့ရာတွင် ဘာလုပ်၍ဘာကိုင်ရမည်မသိ ဖြစ်သွားကာ တံခါးမှ ထွက်သွားချိန်၌ ထိုဘူးကလေးများ ကမ်းလိုက်ဖို့ မေ့သွားခဲ့ပေသည်။ ဆိုးလှပေစွ။ ကျွန်တော့်အစီအစဉ်မှာ ဤသို့ဖြစ်၏။ ကျွန်တော်၏ ကလေးဘဝအိပ်မက်များအကြောင်း ပြောနေရင်း ကျွန်တော်က တက်ရောက်လာသူများကို မျက်စိ မှိတ်ထားကြပါ။ ခဲတံရောင်စုံကလေးများကို လက်ချောင်းများတွင် ထားကာ ပွတ်နေပါဟု ပြောမည်။ ပွတ်ခိုင်းခြင်းမှာ ခဲတံကလေးများ၏ မျက်နှာပြင်အသား စက္ကူ ဖယောင်းတို့ကို ထိတွေ့မိအောင် ဖြစ်ပါသည်။ ထို့နောက် ရောင်စုံခဲတံကလေးများကို သူတို့၏ နှာခေါင်းဆီအထိ ဆွဲယူ၍ တော်တော်ကြာကြာ ရှူကြည့်ခိုင်းမည်၊ ရောင်စုံခဲတံကလေး တစ်ချောင်းကို ရှူကြည့်လိုက်ခြင်းဖြင့် ကလေးဘဝသို့ ပြန်ရောက်သွားနိုင်သည် မဟုတ်ပါလော။

တစ်ခါက ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးသည် လူတစ်စုနှင့် ဖော်ပြပါ ရောင်စုံခဲတံရှူသည့် လုပ်နေကျ အလုပ်ကို လုပ်နေသည်ကို မြင်တွေ့ဖူးသည်။ ထိုသို့ မြင်ရသည့်အခါ ကျွန်တော့်စိတ်မှာ နိုးကြွလာသည်။ အမှန်တော့ ထိုသို့ မြင်တွေ့ရသည့် အချိန်ကတည်းက ကျွန်တော်သည် ကျွန်တော်၏ ရှပ်အင်္ကျီ အိတ်ကပ်ထဲ၌ ရောင်စုံခဲတံကလေးတစ်ချောင်းကို ထည့်ထည့်လာခဲ့ခြင်း ဖြစ်သည်။ အချိန်မီ ပြန်သွားဖို့ လိုအပ်သည့်အခါ ကျွန်တော်သည် ခဲတံကလေးကို နှာခေါင်းအောက်တွင်ထား၍ နောက်တစ်ချက် ရှူလိုက်ပါသည်။

ကျွန်တော်ကတော့ အနက်ရောင် ရောင်စုံခဲတံကလေးနှင့် အဖြူရောင် ရောင်စုံခဲတံကလေးများကို တစ်ဘက်သတ် စွဲကောင်း စွဲနေပါမည်။ သို့ရာတွင် အဲဒါက ကျွန်တော့် အဖို့သာပါ။ အဖြူအမည်းမျှ မဟုတ်။ အခြား မည်သည့် အရောင်ပင်ဖြစ်စေ တူမျှသောသတ္တိ ရှိပါသည်။ ရှူကြည့်လိုက်ပါ။ ထိုအခါ သင်သိလာလိမ့်မည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅၀

## ဒေါ်လာ ၁၀၀,၀၀၀ တန် ပစ္စည်းကလေး

ကျွန်တော်က ၁၂ နှစ်သား၊ ကျွန်တော့်အစ်မက ၁၄ နှစ်သမီး အရွယ်က ကျွန်တော်တို့မိသားစုသည် အော်လန်ဒိုမြို့ရှိ ဒစ္စနေးဝေါ်လ်သို့ သွားကြ၏။ ကျွန်တော်တို့မိဘများက ကျွန်တော်တို့သည် လူကြီးတွေ ကြီးကြပ်စောင့်ရှောက်မှု မပါဘဲ ဥယျာဉ်ထဲ၌ ဟိုနားသည်နား လျှောက်သွား၍ ရနိုင်သည့်အရွယ်များ ရောက်ကြပြီဟု ယူဆကြသည်။ ထိုအချိန်က လက်ကိုင်ဖုန်းများ ပေါ်သေးသည် မဟုတ်၍ ဖေဖေနှင့် မေမေတို့က ကျွန်တော်တို့အား ဂရုစိုက်သွားကြ၊ နောက် မိနစ် ၉၀ ဆိုလျှင် ဘယ်နေရာတွင် ဆုံကြမည်ဟု ပြောကာ ကျွန်တော်တို့မောင်နှမအား လွှတ်လိုက်သည်။

ပျော်လိုက်ပုံ မပြောပါနှင့်။ ကျွန်တော်တို့သည် သည်ထက် သာယာကောင်းမွန်သည့် နေရာမျိုးကို စိတ်ကူးနှင့် စဉ်းစားကြည့်လျှင်တောင် စဉ်းစား၍ မရနိုင်သည့် နေရာသို့ ရောက်နေကြသည့်ပြင် ထိုနေရာကိုလည်း ကိုယ့်ဘာသာ လွတ်လပ်စွာ သွားလာလျှောက်ကြည့်နိုင်ခွင့် ရနေသည် မဟုတ်ပါလော။ ကျွန်တော်တို့အား ထိုနေရာသို့ ခေါ်ဆောင်လာခဲ့ကြခြင်းအတွက် လည်းကောင်း၊ ကျွန်တော်တို့သည် ကိုယ့်ဖာသာ သွားလာနိုင်သည့် အရွယ်ရောက်လာပြီဟု အသိအမှတ်ပြုခဲ့ခြင်းအတွက် လည်းကောင်း မိဘများအား အလွန်တရာ ကျေးဇူးတင်မိသည်။ ထို့ကြောင့် ကျွန်တော်တို့ မောင်နှမသည် ကျွန်တော်တို့အား ပေးထားသည့် မုန့်ဖိုးကို နှစ်ယောက်အတူ စုပေါင်းပြီး ကျေးဇူးတင်ကြောင်း ပြသည့်အနေဖြင့် မိဘများအား လက်ဆောင်တစ်ခု ဝယ်ပေးရန် ဆုံးဖြတ်လိုက်ကြသည်။



စတိုးဆိုင်တစ်ခုထဲသို့ ဝင်သွားကြရာ လက်ဆောင်ပေးဖို့ အကောင်းဆုံးဖြစ်မည်ဟု ထင်ရသော အရာတစ်ခုကို တွေ့ကြသည်။ ထိုအရာမှာ ဆားနှင့်ငရုပ်ကောင်းမှုန့်ထည့်ရသည့် ဘူးကလေး ဖြစ်သည်။ ကြွေထည်မြေထည် ပစ္စည်းကလေး ဖြစ်သည်။ ထိုဘူးကလေးမှာ သစ်ပင်ကို တွဲလျောင်းဆွဲထားကာ ဆားနှင့်ငရုပ်ကောင်းမှုန့် ဘူးလေးတစ်ခုစီ ကိုင်ဆောင်ထားသည့် ဝက်ဝံနှစ်ကောင်၏ပုံနှင့်ဖြစ်သည်။ လက်ဆောင်ပေးမည့် ထိုပစ္စည်းကလေးကို ကျွန်တော်တို့ ၁၀ ဒေါ်လာ ပေးရ၏။ စတိုးဆိုင်ထဲမှ ထွက်လာကြပြီး နောက်ထပ် စိတ်ဝင်စားစရာတွေကို ရှာဖွေ ကြည့်ရှုရန်အတွက် လမ်းမကြီးပေါ်ကို ခုန်ကျော်ကူးခဲ့ကြသည်။

လက်ဆောင်ပစ္စည်းကို ကျွန်တော်ကိုင်လာခြင်း ဖြစ်သည်၊ သိပ်မကြာလိုက်ခင် ချက်ချင်း ဆိုသလိုပင် ထိုပစ္စည်းကလေးသည် ကျွန်တော့်လက်ထဲမှ လွတ်ကျသွားသည်။ ဘူးကလေးသည် ဆောင့်ကျမိပြီး ကွဲသွားလေသည်။ ကျွန်တော့်အစ်မရော ကျွန်တော်ပါ ကျွန်တော်တို့ နှစ်ယောက်စလုံး ငိုကြသည်။

ဥယျာဉ်သို့ လာရောက်သည့် ဧည့်သည်လူကြီးတစ်ယောက်သည် ကျွန်တော်တို့၏ အဖြစ်ကို မြင်တွေ့သွားပြီး ကျွန်တော်တို့ထံ ရောက်လာသည်။

'စတိုးဆိုင်ကို ပြန်ယူသွားကွ၊ သူတို့က မင်းတို့ကို နောက်ထပ်ဘူးသစ်တစ်ခု ပေးပါလိမ့်မယ်'ဟု ထိုလူကြီးက ပြောသည်။

'ကျွန်တော် မသွားနိုင်ဘူး၊ ဒါဟာ ကျွန်တော့်အပြစ်ပဲ၊ ကျွန်တော် လွတ်ကျသွားတာ၊ ဘာဖြစ်လို့ စတိုးဆိုင်က နောက်ထပ်အသစ်တစ်ခု ပေးလိမ့်မလဲ'

'ဘာပဲဖြစ်ဖြစ်ကွာ၊ သွားကြည့်ပါ' ဟု ထိုလူကြီးက တိုက်တွန်းသည်။ 'မင်းတို့ မသိပါဘူး' ဟုလည်း ပြောပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် စတိုးဆိုင်သို့ ပြန်သွားကြသည်။ လိမ်မပြောဘဲ ဖြစ်ပုံအမှန်အတိုင်း ရှင်းပြပါသည်။ စတိုးဆိုင်ထဲမှ ဆိုင်ဝန်ထမ်းများသည် ကျွန်တော်တို့ပြောပြသည့် ဝမ်းနည်းဖွယ်ဖြစ်ရပ်ကို နားထောင်ကြပြီး ကျွန်တော်တို့အား ပြုံးကြသည်။ ထို့နောက် ကျွန်တော်တို့သည် ဆားနှင့် ငရုတ်ကောင်းမှုန့်ဘူးအသစ်တစ်ခု ရနိုင်ကြောင်း ပြောပြကြသည်။ သူတို့က မူလပစ္စည်းကို ကောင်းကောင်းမွန်မွန် ထုတ်ပိုးမပေးလိုက်မိခြင်းမှာ သူတို့အပြစ်သာ ဖြစ်ပါသည်ဟုပင် ပြောကြပါသေးသည်။ သူတို့ပြောပြသည်ကား 'တို့ ထုပ်ပေးလိုက်တာဟာ စိတ်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှု လွန်နေတဲ့ ၁၂ နှစ်သားကလေး လွတ်ကျတာကို ခံနိုင်လောက်အောင် ဖြစ်သင့်တာပေါ့' ဟူပါ၏။

ကျွန်တော် အလွန်အံ့အားသင့်သွားသည်။ ကျေးဇူးတင်မိရုံမက မယုံကြည်နိုင်အောင်လည်း ဖြစ်ရသည်။ ကျွန်တော့်အစ်မနှင့် ကျွန်တော်သည် စတိုးဆိုင်ထဲမှ ဝမ်းသာလုံးဆို့ပြီး ထွက်လာကြသည်။

ဤအဖြစ်အပျက်ကို မိဘများ သိသွားသောအခါ သူတို့၏ ဒစ္စနေးဝေါ့လ်ကို လေးစားအထင်ကြီးမှုသည် တကယ်ပင် တိုးသွားလေ၏။ ၁၀ ဒေါ်လာတန် ဆားနှင့် ငရုပ်ကောင်းမှုန့် ဘူးကလေးနှင့် ပတ်သက်၍ ဝန်ဆောင်မှု ဖောက်သည်အပိုင်းမှ ဆုံးဖြတ်လိုက်သည့် ဆုံးဖြတ်ချက်တစ်ခုတည်းနှင့်ပင် ဒစ္စနေးဝေါ့လ်သည် ဒေါ်လာ ၁၀၀,၀၀၀ မက ဝင်ငွေရသွားလေသည်၊ ရပုံကို ရှင်းပြပါရစေ။

နောင်နှစ်အတန်ကြာသောအခါ ဒစ္စနေး အပျော်စီး စက်ယန္တရားတည်ဆောက်ရေး အတိုင်ပင်ခံတစ်ဦးအနေဖြင့် ကျွန်တော်သည် ဒစ္စနေးဝေါ့လ်၏ အုပ်ချုပ်ရေးပိုင်းမှ အရာရှိများနှင့် စကားစမြည် ပြောဖြစ်ခဲ့သည်။ ထိုသို့ စကားပြောဖြစ်တိုင်း ကျွန်တော်သည် အခွင့်ပေါ်သမျှ ထိုဆားနှင့် ငရုတ်ကောင်းဘူး ဖြစ်ရပ်ကို ၎င်းတို့အား ပြောပြခဲ့သည်။

ကျွန်တော်က လက်ဆောင်ပစ္စည်း အရောင်းဆိုင်ထဲမှ ဝန်ထမ်းများသည် ကျွန်တော့်အစ်မနှင့် ကျွန်တော့်အား ဒစ္စနေးအပေါ် အားရ ကျေနပ်စေအောင် ပြုပေးခဲ့ကြကြောင်း၊ ထိုသို့ ပြုပေးလိုက်သောအားဖြင့် ကျွန်တော့်မိဘများသည် ဒစ္စနေးဝေါ့လ်ကို ဒစ္စနေးအဖွဲ့အစည်းကြီး တစ်ခုလုံးကို အားရကျေနပ်ဖြစ်စေခဲ့ကြောင်းများ ပြောပြပါသည်။

ကျွန်တော့်မိဘများသည် ဒစ္စနေးဝေါ့လ်သို့ သူတို့၏ ဇော်လံတီယာလုပ်ငန်းနှင့် ခွဲမရသော အစိတ်အပိုင်းတစ်ရပ်အနေဖြင့် သွားကြလေ့ရှိသည်။ သူတို့တွင် လူ ၂၂ ယောက် စီးနိုင်သော ဘတ်စ်ကားတစ်စီးရှိရာ အင်္ဂလိပ်စာကို ဒုတိယဘာသာအဖြစ် သင်ယူကြသည့် ကျောင်းသားများအား မေရာလန်မှသည် ဒစ္စနေးဥယျာဉ်သို့တိုင် တင်ဆောင်သွားလေ့ရှိသည်။ ကျွန်တော့်ဖခင်သည် ဒါဇင်နှင့်ချီသော ကလေးများအတွက် လက်မှတ်များဝယ်၍ ဒစ္စနေးဝေါ့လ်သို့ သွားခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်မျှ ရှိပြီဖြစ်သည်။ ထိုခရီးအများစုသည် ကျွန်တော်လည်း လိုက်ပါလေ့ရှိသည်။



ချုပ်၍ပြောရသော် ထိုလွန်ခဲ့သော အနှစ် ၂၀ အချိန်မှစ၍ ဒစ္စနေးဝေါ့လ်တွင် ဝင်ခွင့်လက်မှတ်၊ အစားအစာနှင့် အမှတ်တရပစ္စည်းများနှင့် အခြားအရပ်ရပ်တို့အတွက် ကျွန်တော့်ဖခင် သုံးစွဲခဲ့သည်မှာ ဒေါ်လာ ၁၀၀,၀၀၀ မက ရှိပေပြီ။

ကျွန်တော်က ဤဖြစ်ရပ်ကို ယနေ့ခေတ် ဒစ္စနေးမှ အမှုဆောင်အရာရှိများကို ပြောပြသည့်အခါ သူတို့အား ဤမေးခွန်းကို မေးကြည့်ခြင်းဖြင့် ကျွန်တော့်စကားကို အဆုံးသတ်လေ့ရှိသည်။ 'ခင်ဗျားတို့ စတိုးဆိုင်တစ်ခုကို ကွဲနေတဲ့ဆားနှင့် ငရုတ်ကောင်းဘူးကလေးနဲ့ ကလေးတစ်ယောက်ကို လွှတ်လိုက်မယ်ဆိုပါစို့၊ ခင်ဗျားတို့မူဝါဒတွေက ဝန်ထမ်းအလုပ်သမားတွေကို ပစ္စည်းသစ်နဲ့လဲပေးဖို့ ခွင့်ပြုနိုင်ပါ့မလား'

ထိုအခါ အမှုဆောင်အရာရှိများက ကျွန်တော့်မေးခွန်းကြောင့် နေမထိထိုင်မသာ ဖြစ်သွားကြသည်။ အဘယ်ကြောင့် ဆိုသော် ကိုယ်ပေးရမည့်အဖြေကို သိထားသောကြောင့်ပင်။ သူတို့ပေးမည့် အဖြေကား 'ပေးမယ်မထင်ဘူးဗျ' ဖြစ်ပါလိမ့်မည်။

ထိုသို့ဖြစ်ရသည်မှာလည်း သူတို့၏ စာရင်းအင်း တွက်ချက်ပုံစနစ်တွင် ၁၀ ဒေါ်လာတန် ဆားနှင့် ငရုပ်ကောင်းဘူးကလေးက ဒေါ်လာ ၁၀၀,၀၀၀ ရရှိနိုင်သည်ကို တွက်ချက်ပုံ ဘယ်နေရာမှ မပါရှိသောကြောင့်ပင်။ ထို့ကြောင့် ယနေ့အချိန်တွင် ကလေးတစ်ယောက်သည် ကံမကောင်းနိုင်တော့ဘဲ စတိုးဆိုင်ထဲမှ လက်ချည်းဗလာဖြင့် ထွက်ခွာလာရလိမ့်မည်ကိုသာ တွေးမြင်ကြည့်နိုင်ပေသည်။

ကျွန်တော်ပြောလိုသည်ကား 'အရှုံးအမြတ်ကို တွက်ချက်ပုံတွင် တစ်နည်းတည်းသာမက ရှိပါသည်။ အဖွဲ့အစည်းများသည် အဆင့်တိုင်း အဆင့်တိုင်း၌ ကရုဏာတရားရှိနိုင်သလို ရှိလည်း ရှိသင့်သည်' ဟူ၍ ဖြစ်ပါ၏။ ကျွန်တော့်မိခင်ထံဝယ် ထို ၄ ဒေါ်လာ ၁၀၀,၀၀၀ တန် ဆားနှင့် ငရုပ်ကောင်းဘူးကလေး ရှိနေဆဲဖြစ်ပါသည်။ ဒစ္စနေးဝေါ့လ်က ဆိုင်ဝန်ထမ်းများ ထိုပစ္စည်းကလေးကို အသစ်လဲပေးလိုက်သည့်နေ့သည် ကျွန်တော်တို့မိသားစုအဖို့ ပျော်စရာ နေ့တစ်နေ့ ဖြစ်ခဲ့ပါသည်။ ထို့အတူ ဒစ္စနေးဝေါ့လ်အတွက်လည်း မင်္ဂလာနေ့ မဟုတ်ခဲ့ပါသလော။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅၁

## မတန်သောအလုပ်ဟူ၍ မရှိ

ယနေ့ခေတ် လူငယ်များအတွင်း၌ ရပိုင်ခွင့်စိတ်ဓာတ်သည် တစ်နေ့တခြား တိုးလာလျက်ရှိကြောင်း မှတ်တမ်းမှတ်ရာများဖြင့် မှတ်တမ်းတင်ထားပြီး ဖြစ်သည်၊ ကျွန်တော်၏ စာသင်ခန်းများတွင်လည်း ဤအချက်ကို ကျွန်တော်အသေအချာ တွေ့မြင်ပြီးသား ဖြစ်သည်။

ဘွဲ့ယူမည့်ကျောင်းသားကြီး အများအပြားသည် သူတို့၏ ဘွဲ့တွင်မှ ဉာဏ်ရည်ဉာဏ်သွေးကြောင့် သူတို့ကို ငှားရမ်းခန့်ထားသင့်သည် ဟူသော အမှတ်သညာမျိုး ရှိနေကြသည်။ များလှစွာသော သူတို့သည် အောက်ခြေမှစပြီး လုပ်ကိုင်ရမည်ဆိုလျှင် အလွန် စိတ်မချမ်းမသာ ဖြစ်ကြသည်။

ကျွန်တော်ကတော့ 'မင်းတို့ စာရွေးခန်းမှာ အလုပ်လုပ်ရတာမျိုးကို ဝမ်းသာပျော်ရွှင်ဖြစ်ထိုက်တယ်ကွ၊ မင်းတို့ အဲဒီနေရာမျိုးရောက်သွားတဲ့အခါ လုပ်ရမှာက စာရွေးတဲ့ နေရာမှာ တကယ့်ကို အတော်ဆုံးဖြစ်အောင် လုပ်ဖို့ကွ'ဟု ကျွန်တော့်တပည့်များကို အမြဲတမ်း အကြံပေးလေ့ရှိသည်။

'ကျွန်တော်က စာရွေးတာ မတော်ဘူးလေ၊ ဘာကြောင့်တုန်းဆိုတော့ အဲဒီအလုပ်က ကျွန်တော်နဲ့မှ မတန်တာပဲ' ဟူသော စကားမျိုးကို မည်သူမျှ ကြားလိမ့်မည် မဟုတ်ပါ။ ကျွန်တော်တို့နှင့် မတန်သော အလုပ်ဟူ၍ ဘာအလုပ်မှ မရှိပါ။ အကယ်၍ သင်သည် စာကို မရွေးတတ်ဘူး (သို့မဟုတ် စာရွေးတာကိုတော့ လုပ်မည်မဟုတ်) ဟု ဆိုပါလျှင် သင်လုပ်တတ်တာ ဘာရှိသည် ဟူ၍ ဘယ်မှာ သက်သေပြပါမည်နည်း။

ကျွန်တော်တို့၏ ETC ကျောင်းသားများကို ကုမ္ပဏီများက အလုပ်သင်အဖြစ် သို့မဟုတ် ပထမဦးဆုံး အလုပ်အဖြစ် ငှားရမ်းသွားသည့်အခါ ကျွန်တော်



တို့က ကုမ္ပဏီများအား တပည့်များ လုပ်ကိုင်ဆောင်ရွက်ပုံနှင့် ပတ်သက်၍ ကျွန်တော်တို့ကို ပြန်လည် အသိပေးပါဦးဟု ပြောရသည်။ အလုပ်ရှင်များသည် တပည့်များ၏အရည်အချင်း သို့မဟုတ် ၎င်းတို့၏ နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်မှုတို့နှင့် ပတ်သက်၍ မကောင်းပြောစရာ မရှိသလောက် ဖြစ်သည်။ သို့ရာတွင် သူတို့အကြောင်း မကောင်းသော တုံ့ပြန်ချက် ရသည်ဆိုလျှင် ထိုမကောင်းသည့်အချက်မှာ သူတို့ ခန့်ထားလိုက်သည့် အလုပ်သမားသစ်များသည် သူတို့လုပ်ရသည့် အလုပ်က သူတို့နှင့်မတန်ဟု အထင်ရောက်ကြကြောင်း ဖြစ်နေတတ်သည်။ သို့မဟုတ်လျှင်လည်း ၎င်းတို့သည် အခြားရုံးများကိုပဲ မျက်စိကျနေကြောင်း ဖြစ်နေတတ်သည်။

ကျွန်တော် ၁၅ နှစ်သား အရွယ်က သစ်သီးခြံတစ်ခုမှာ အလုပ်လုပ်ရာ စထရောဘယ်ရီပင်များကို ပေါင်းပေါက်ပေးရသည်။ ကျွန်တော်နှင့် အလုပ်အတူတူလုပ်ကြသူ အများစုမှာ နေ့အလုပ်သမားများ ဖြစ်ကြသည်။ ကျောင်းဆရာနှစ်ယောက်လည်း ထိုခြံတွင် အလုပ်လာလုပ်သည်။ နွေရာသီအတွက် အပို ဝင်ငွေရရန် ဖြစ်သည်။ ကျွန်တော်က ကျွန်တော့်ဖခင်အား လုပ်ရသည့်အလုပ်မှာ ထိုကျောင်းဆရာများနှင့် မတန် (ထိုအလုပ်သည် ကျွန်တော်နှင့်လည်း မတန်ဟူသော သဘောမျိုးရစေရန် ဖြစ်မည် ထင်ပါသည်။) ဟူ၍ ပြောသည့်အခါ ကျွန်တော့်ဖခင်သည် ကျွန်တော့်အား တစ်သက်စာ မှတ်မိလိုက်အောင် ပြစ်တင်ဆုံးမပါသည်။ အလုပ်ကြမ်းသည် မည်သူနှင့်မတန် ဟူ၍ မရှိကြောင်း ဖေဖေက ယုံကြည်ပါသည်။ စားပွဲမှာ ထိုင်လျက် ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးနှင့် လူမလိုင်တစ်ယောက်အဖြစ် သက်သက်သာသာနေနေခြင်းထက် ကြိုးစားပမ်းစား လုပ်ကိုင်ရင်းကမ္ဘာတွင် အကောင်းဆုံး မြောင်းတူးသမား ဖြစ်ရတာမျိုးကို သူ ပို၍ သဘောကျကြောင်း ဖေဖေက ပြောပါသည်။

ထို့ကြောင့် ကျွန်တော်သည် ထိုစထရောဘယ်ရီခြံသို့ ပြန်သွားခဲ့ပါသည်။ ထိုအလုပ်ကိုကား ယနေ့တိုင် သဘောမကျပါ။ သို့ရာတွင် ကျွန်တော့်ဖခင်၏ စကားကို နားမှ ကြားခဲ့ပြီးနောက် ကျွန်တော်သည် ကျွန်တော့်၏ စိတ်သဘောထားကို စောင့်ကြည့်ကာ ယခင်ကထက် ကြိုးစားစွာ ပေါက်ပြားကို ပေါက်ခဲ့ရပါသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၅၂

## ကိုယ်ရောက်နေသော နေရာကို သိပါ

'ကဲ၊ ပါမောက္ခကလေး၊ ကျုပ်တို့အတွက် ဘာတွေများ လုပ်ပေးနိုင်သတုန်း'

အသက် ၂၇ နှစ်အရွယ် မက်ဖောလီဆိုသူ အပျော်စီး စက်ယန္တရားများ တည်ဆောက်သူ အင်ဂျင်နီယာက ကျွန်တော့်အား နှုတ်ဆက်လိုက်ခြင်း ဖြစ်ပါ၏။ ဖောလီသည် ကျွန်တော်၏ သုတေသန ခွင့်ကာလအတွင်း ကျွန်တော် ဒစ္စနေးမှာ ရှိနေခိုက် ကျွန်တော့်အား ကူညီစောင့်ရှောက်ပေးရန် တာဝန် အပေးခံထားရသူ ဖြစ်ပါသည်။

ကျွန်တော်သည် ပညာရေးဆိုင်ရာ ဘွဲ့လက်မှတ်တွေ ဘာမှ အဓိပ္ပာယ်မရှိသော နေရာသို့ ရောက်ရှိနေခြင်း ဖြစ်သည်။ နိုင်ငံရပ်ခြား တိုင်းတစ်ပါးတွင် သူ့နိုင်ငံသုံး ငွေကြေးနှင့် ပတ်သက်၍ ဘယ်လိုလုပ်ရပါ့ဟု နည်းရှာနေရသော ခရီးသည်တစ်ဦး ဖြစ်နေလေသည်။

ဤအတွေ့အကြုံကို ကျွန်တော့်တပည့်များအား နှစ်ပေါင်းများစွာ ကြာအောင် ပြောပြလာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဤအတွေ့အကြုံမှ အရေးကြီးသော သင်ခန်းစာကို ရရှိသောကြောင့် ဖြစ်သည်။

ကျွန်တော်သည် ကလေးဘဝကတည်းက အိပ်မက် မက်ခဲ့ရသော အပျော်စီး စက်ယန္တရားတည်ဆောက်သည့် အင်ဂျင်နီယာဖြစ်လိုမှုဆန္ဒ ပြည့်ဝသည်ကတော့ မှန်ပါ၏။ သို့ရာတွင် ကျွန်တော်၏ ပညာရပ်ဆိုင်ရာ သုတေသနခန်းတွင် အာဏာအရှိဆုံးသူ တစ်ဦးအဖြစ်မှ အကြမ်းပတမ်း နိုင်လှသော ရေကန်ထဲသို့ရောက်လာသော အူကြောင်ကြောင် ဘဲတစ်ကောင်အဖြစ်သို့ ပြောင်းလာခဲ့ရခြင်း ဖြစ်



သည်။ ဟန်လျှင်ဟန် မဟန်လျှင်ခဲ၊ ဟုတ်လျှင် ဟုတ် မဟုတ်လျှင် ပြုတ်မည့် ဤယဉ်ကျေးမှုတွင် ကျွန်တော်၏ ချည့်နဲ့သော နည်းများနှင့် ဘယ်လိုတော်အောင် လုပ်ရပါမည်နည်းဟု စဉ်းစားကြည့်ရသည်။

ထိုစဉ်က ကျွန်တော်သည် အက်ပကော့မှာ စမ်းသပ် စစ်ဆေးခံနေရသည့် အာလာဒင် ဗာချူယယ် ရီယယ်လတီ ဆွဲဆောင်မှု အလုပ်တွင် လုပ်ခဲ့သည်။ အပျော်စီးယန္တရားများ တည်ဆောက်သူ အင်ဂျင်နီယာများက ဧည့်သည်များအား သူတို့ ဖန်တီးထားသော ယန္တရားများကို စီးရတာ ဘယ်နှယ့်လဲ၊ မူးဝေတာများ ရှိသလား၊ ဘယ်ရောက်၍ ရောက်မှန်းမသိ၊ ဘာလုပ်၍ လုပ်ရမှန်းမသိ ဆိုတာမျိုး ဖြစ်သလား၊ အော့ချင် အန်ချင်သလား စသည်ဖြင့် မေးမြန်းသည့် အင်တာဗျူးများတွင် ကျွန်တော်လည်း ပါဝင်မေးမြန်းသည်။

ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်အချို့က ကျွန်တော်သည် လက်တွေ့ဘဝမှာ သုံး၍ မရနိုင်သည့် ပညာရေးဆိုင်ရာ တန်ဖိုးများကို အသုံးပြုလွန်းသည်ဟု ဆိုကြသည်။ သူတို့က ကျွန်တော်သည် စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ အပေါ်တွင် စူးစိုက်လွန်းသည်ဟုလည်း ပြောကြသည်။ ပြဿနာများကို ချဉ်းကပ်ရာတွင် စိတ်ခံစားမှုထက် သိပ္ပံနည်းကျ ဖြစ်ကို ဖြစ်ရမည် ဟူသော သဘောမျိုးက များနေကြောင်းလည်း ထောက်ပြကြသည်။ တက္ကသိုလ်ပညာမှ ပညာ (ဟူသော ကျွန်တော်)နှင့် ဖျော်ဖြေရေးဆိုတာ ဖျော်ဖြေရေးသာ (ဟူသော သူတို့) တို့ ထိပ်တိုက်တိုးကြခြင်းပါတည်း။ နောက်ဆုံးတော့ ကျွန်တော်သည် အပျော်စီးယန္တရားများကို စီးသည့်အခါ အလေးချိန်ကို တစ်မျိုးပြောင်းလဲပေးလိုက်ခြင်းဖြင့် ဧည့်သည် တစ်ယောက်လျှင် အချိန်စက္ကန့် ၂၀ သက်သာသွားမည့် နည်းကို စဉ်းစားပြလိုက်သည့်အခါ ကျွန်တော့်အပေါ် သံသယဝင်နေကြသည့် ထိုအပျော်စီးယန္တရား တည်ဆောက်သူ အင်ဂျင်နီယာများသည် ကျွန်တော့်ကို ကြိုက်သွားကြလေသည်။

ကျွန်တော် ဤဖြစ်ရပ်ကို ပြောပြနေသည်မှာ ယဉ်ကျေးမှုတစ်ခုမှ အခြားတစ်ခုသို့ ဖြတ်သန်းရသည့်အခါမျိုးတွင် (ကျွန်တော့်တပည့်များ၏ သာဓကနှင့် ပြောရသော် ကျောင်းမှ အလုပ်ခွင်သို့ ပထမဦးဆုံး ကူးခြင်းမျိုး ဖြစ်သည်။) အခြားသူများ၏ စိတ်ခံစားမှုကို သိနားလည်ရန် ဘယ်မျှလိုကြောင်းကို အလေးထား ပြောလို၍ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ သုတေသနခွင့်ကာလ ကုန်ဆုံးသွားသည့်အခါ ဒစ္စနေး အပျော်စီးယန္တရား တည်ဆောက်မှုဌာနက ကျွန်တော့်အား အချိန်ပြည့် အလုပ်တစ်ခုကို ပေးပါသည်။ ကျွန်တော်အချိန်အတော်ကြာကြာ စဉ်းစားကြည့်ပြီးနောက် လက်မခံလိုက်တော့ပါ။ စာသင်ပြပေးရသည့် အလုပ်က အားကောင်းလွန်းနေ၏။ သို့ရာတွင် ကျွန်တော်သည် တက္ကသိုလ်ပညာရေးပိုင်းနှင့် ဖျော်ဖြေရေးလုပ်ငန်းနှစ်ခုစလုံးတွင်ပါ ကိုယ့်နေရာ ဘယ်မှာရှိသည်ကို သိထားပြီးသူဖြစ်သောကြောင့် ဒစ္စနေးသည် ကျွန်တော် သူတို့ဆီမှာ ဆက်လက်ပါဝင်နေစေမည့်နည်းကို တွေ့သွားသည်။ ကျွန်တော်သည် သီတင်းတစ်ပတ်လျှင် တစ်ခေါက်သူတို့ဆီသို့ သွားပေးရသော အတိုင်ပင်ခံပုဂ္ဂိုလ် ဖြစ်သွားသည်။ ကျွန်တော်သည် ထိုအလုပ်ကို ၁၀ နှစ်တာမျှ ပျော်ရွှင်စွာ လုပ်ကိုင်ခဲ့ပေသည်။

သင်လည်း ယဉ်ကျေးမှုနှစ်ခုအကြားမှာ ခြေချနိုင်မည့် အခြေအနေမျိုးကို တွေ့ပါက တစ်ခါတစ်ရံ၌ ထိုလောက နှစ်ခုစလုံးတွင်ပင် အကောင်းဆုံးအဆင့်မျိုးကို ရရှိနိုင်ပါပေသည်။

□ □ □

## အခန်း ၅၃

## ဘယ်တော့မျှ လက်မလျှော့ပါနှင့်

အထက်တန်းကျောင်းတွင် နောက်ဆုံးနှစ် ကျောင်း သားဘဝတုန်းက ကျွန်တော် ဘရောင်းတက္ကသိုလ်သို့ လျှောက်ထားခဲ့၏။ ဝင်ခွင့်မရ။ ကျွန်တော့်အား တန်းစီစာရင်းမှာ ထည့်ထားသည်။ တက္ကသိုလ်ဝင်ခွင့် ရုံးသို့ အကြိမ်ကြိမ် ဖုန်းဆက်သည်။ နောက်ဆုံးတော့ ကျွန်တော့်ကို လက်ခံမှ သင့်တော့မည် ဟူ၍ ဆုံးဖြတ်ကြသည်။ ကျွန်တော် သိပ်တက်ချင်နေမှန်း သူတို့ သိကြသည်။ ဇွဲက ကျွန်တော့်အား အုတ်တံတိုင်းကြီးကို ကျော်လွှားသွားနိုင်အောင် ပြုပေးလိုက်ခြင်းပင်။

ဘရောင်းတက္ကသိုလ်မှ ဘွဲ့ရတော့မည့် အချိန်၌ ကျွန်တော်သည် အနှစ်တစ်သန်းအတွင်းမှာ ဘွဲ့လွန်သင်တန်းကို တက်ခွင့်တစ်ကြိမ်မျှ ပေါ်လာဖွယ်မမြင်သေးပါ။ ကျွန်တော်တို့ မိသားစုမှ လူများသည် ဘွဲ့တစ်ခုခုရပြီးလျှင် အလုပ်တစ်ခုခု လုပ်လိုက်ကြသည်သာ ဖြစ်သည်။ နောက်ထပ် ဘွဲ့တစ်ခုခုကို ဆက်တက်မနေကြတော့။

သို့ရာတွင် ကျွန်တော့်အား မညှာမတာ ဝေဖန်ဆုံးမတတ်သော ဘရောင်းတက္ကသိုလ်မှ ကျွန်တော့်ဆရာ အင်ဒီဗန်ဒမ်းက ကျွန်တော့်အား အကြံပေး၏။ 'ပီအိပ်ချ်ဒီ ရအောင်လုပ်ကွာ၊ ပါမောက္ခလုပ်'တဲ့။

'ဘာကြောင့် ကျွန်တော် အဲဒါကို လုပ်သင့်တာလဲ' ဟု ကျွန်တော်က ပြန်မေးသည်။

ထိုအခါ သူက ပြော၏။ 'ဘာကြောင့်လဲဆိုတော့ မင်းဟာ အရောင်း ဈေးသည်ကောင်း တစ်ယောက်လို လူမျိုးဆိုတော့ မင်းကုမ္ပဏီတစ်ခုမှာ သွားလုပ်ရင် သူတို့က မင်းကို အရောင်းဈေးသည်အဖြစ်ပဲ အသုံးချကြလိမ့်မယ်၊ အကယ်၍

www.burmeseclassic.com

www.burmeseclassic.com



မင်းဟာ အရောင်းဈေးသည် လုပ်မယ်ဆိုရင် တစ်စုံတရာ ဝယ်ဖို့ထိုက်တဲ့ ပစ္စည်းမျိုးကို ရောင်းမှသင့်မယ်၊ ပညာရေးလို ဟာမျိုးပေါ့'

ကျွန်တော်သည် ထိုအကြံဉာဏ်ပေးခဲ့ခြင်းအတွက် အစဉ်ထာဝရ ကျေးဇူးတင်နေရပေသည်။

အင်ဒီက ကျွန်တော့်အား ကာနက်ဂီမယ်လွန် တက္ကသိုလ်ကို လျှောက်ခိုင်း၏။ မယ်လွန်တက္ကသိုလ်သို့ သူပို့ပေးလိုက်သော တော်သည့် ကျောင်းသားတွေ အများကြီးပင်။ 'မင်းဝင်ခွင့်ရမှာပါ၊ ပြဿနာမရှိပါဘူး' ဟု သူက ပြောသည်။ သူက ကျွန်တော့်အား ထောက်ခံစာတစ်စောင် ရေးပေး၏။

ကာနက်ဂီမယ်လွန်တက္ကသိုလ်မှ ဆရာများက သူ့စာကို ဖတ်ကြသည်။ သူတို့သည် ကျွန်တော်၏ လက်ခံလောက်ဖွယ် အဆင့်မှတ်များနှင့် သိပ်ထူးချွန်မှု မရှိလှသော ကျွန်တော်၏ အထက်တန်းကျောင်းထွက် စာမေးပွဲရမှတ်များကို ကြည့်ကြသည်။ ကျွန်တော့်လျှောက်လွှာကိုလည်း ပြန်ဖတ်ကြသည်။

ထိုသို့ပြုပြီးသကာလ ကျွန်တော့်အား ပယ်လိုက်ကြလေသည်။

ကာနက်ဂီမယ်လွန်တက္ကသိုလ်က ကျွန်တော့်ကို မလိုချင်ခဲ့သော်လည်း ကျွန်တော့်အား အခြား ပီအိပ်ချ်ဒီအစီအစဉ် တစ်ခုတွင် လက်ခံလိုက်သည်။ ထို့ကြောင့် ကျွန်တော်သည် အင်ဒီ၏ ရုံးသို့သွားကာ ပယ်စာကို သူ့စားပွဲပေါ်မှာ ချထားလိုက်သည်။ 'ဆရာ့ရဲ့ ထောက်ခံချက်ကို ကာနက်ဂီမယ်လွန် တက္ကသိုလ်က ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ ဆရာ သိစေချင်လို့ပါ' ဟု ကျွန်တော်က ပြောသည်။

သူ့စားပွဲပေါ်သို့ ပယ်စာကျသွားလိုက်ပြီး စက္ကန့်ပိုင်း အတွင်းမှာပင် အင်ဒီသည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ 'ဆရာ ဒီကိစ္စကို ရှင်းမယ်၊ မင်း ဝင်ခွင့်ရစေမယ်' ဟု သူက ပြောပါသည်။

သို့ရာတွင် ကျွန်တော်က သူ့ကို တားလိုက်၏။ 'ဆရာ၊ ကျွန်တော် ဒါမျိုး နည်းနဲ့ ဝင်ခွင့်မရချင်ဘူး ဆရာ' ဟု ပြော၏။

သို့ဖြင့် ကျွန်တော်တို့ ဆရာတပည့် သဘောတူညီချက်တစ်ခု ပြုကြ၏။ ကျွန်တော်က ကျွန်တော့်ကို လက်ခံသည့် တက္ကသိုလ်များကို စစ်ဆေးကြည့်မည်။ ထိုတက္ကသိုလ်တွေအားလုံးက ကျွန်တော့်စိတ်မှာ သိပ်ဟန်မည် မထင်ပါက ဆရာ့ထံ



တစ်ခေါက်ပြန်လာကာ ကျွန်တော်တို့ ပြောကြ ဆိုကြမည်ဟူသော သဘောတူညီချက် ဖြစ်ပါ၏။

အခြားကျောင်းများသည် ကျွန်တော်နှင့် ဘယ်လိုမှ မတော်ကြောင်းတွေ့ရပေရာ နောက်ဆုံး၌ ကျွန်တော်အင်ဒီထံသို့ ပြန်လာသည်။ ဘွဲ့လွန်သင်တန်းတက်မနေတော့ဘဲ အလုပ်တစ်ခုပဲ လုပ်တော့မည်ဖြစ်ကြောင်း သူ့ကို ပြောပြသည်။

'ဟော့၊ မလုပ်ရဘူး၊ မလုပ်ရဘူး၊ မင်း ပီအိပ်ချ်ဒီ ရကို ရရမယ်ကွ၊ မင်း ကာနက်ဂီမယ်လွန်တက္ကသိုလ်ကို တက်ကို တက်ရမယ်'

ဆရာသည် တယ်လီဖုန်းကို ကောက်ကိုင်ကာ နီကို ဟာဘာမန်းထံ လှမ်းဆက်သည်။ ဟာဘာမန်းသည် ကာနက်ဂီ မယ်လွန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံဌာနမှူးဖြစ်ပြီး အင်ဒီလို ဒတ်ချ်လူမျိုးတစ်ဦးလည်း ဖြစ်နေသည်။ သူတို့နှစ်ဦးသည် ကျွန်တော့်အကြောင်းကို ခဏကြာမျှ ဒတ်ချ်လို ပြောကြသည်။ ထို့နောက် အင်ဒီသည် တယ်လီဖုန်းကို ချလိုက်ပြီး ကျွန်တော့်အား ပြောသည်။ 'မနက်ဖြန် မနက် ၈ နာရီမှာ သူ့ရုံးကို သွားလိုက်ပါ'

နီကိုသည် တည်ကြည်ခန့်ညားသူတစ်ယောက် ဖြစ်၏။ ရှေးဆန်သော ဥရောပဟန် ပညာရှင်တစ်ဦး ဖြစ်လေ သည်။ ကျွန်တော်နှင့်သူ တွေ့ကြခြင်းမှာ သူ့မိတ်ဆွေဟောင်း အင်ဒီ မျက်နှာကြောင့်ဖြစ်ကြောင်းကား ရှင်းနေပါသည်။ သူ့ဌာနက ကျွန်တော့်လျှောက်လွှာကို စဉ်းစားသုံးသပ်ပြီးဖြစ်ပါလျက် အဘယ့်ကြောင့် ကျွန်တော့် လျှောက်လွှာကိုသာ ပြန်လည်စဉ်းစားထိုက်ပါသလဲဟု မေးပါသည်။ ကျွန်တော်လည်း ဂရုထား၍ ဖြေပါသည်။ 'ကျွန်တော့်ကို စစ်ဆေးသုံးသပ်ချိန်ကတည်းက ကျွန်တော်ဟာ ရေကြောင်း သုတေသနရုံးကပေးတဲ့ သုတေသန ထောက်ပံ့ကြေး အပြည့်အဝကို ရရှိထားပြီး ဖြစ်ပါတယ်' ထိုအခါ နီကိုက 'တို့ ပိုင်းတာတဲ့ စံထဲမှာ ပိုက်ဆံ ရထားပြီး မရထားပြီးဆိုတာ မပါပါဘူး၊ တို့က တို့ကျောင်းသားတွေကို သုတေသနခွင့်ပြုငွေထဲက ထောက်ပံ့ပေးပါတယ်'ဟု ပြောပါသည်။ ထို့နောက် ကျွန်တော့်အား စိုက်ကြည့်လိုက်ပါသည်။ ပို၍ တိကျအောင် ပြောရလျှင် ကျွန်တော့်ကို ထွင်းဖောက်သွားအောင် ကြည့်လိုက်ပါသည်။

လူတစ်ယောက်၏ ဘဝတွင် အရေးပါသော အခိုက်အတန့် ကာလကလေးများ ရှိကြသည်။ လူတစ်ယောက်သည် မိမိမှားသွားမှန်းကို နောက်မှ သိလိုက်ပြီး အခြေအနေနှင့်အညီ ပြန်တည့်၍ ပြောလိုက်နိုင်ပါလျှင် ထိုသူသည် ကောင်း

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆိုရပေမည်။ ကျွန်တော်သည် တစ်ခဏအတွင်းမှာပင် ငါဖြင့် မှားသွား လေပြီဟု သိလိုက်သည်။ အတတ်နိုင်ဆုံး လေးစားစွာဖြင့် ကျွန်တော် ပြန်ဖြေ သည်။ 'ကျွန်တော် ပြောလိုက်တာ ငွေကြေးအကြောင်းကို ပြောလိုက်သလိုဖြစ်သွားလို့ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် ပြောလိုရင်းက ငွေကြေးအကြောင်း မဟုတ်ပါဘူး၊ ဒီသုတေသန ထောက်ပံ့ကြေး ဆိုတာက တစ်နိုင်ငံလုံးမှာမှ ၁၇ ယောက်သာ ပေးတာမို့ ကျွန်တော်က ဒါဟာ ကျောင်းဝင်ခွင့် ရထိုက်ဖို့အတွက် ဂုဏ်တစ်ဂုဏ်ပဲလို့ ယူဆပါတယ်၊ ကျွန်တော် ပြောခဲ့ပုံက အ ဂါရဝ သဘောမျိုး ဖြစ်သွားခဲ့ရင်လည်း ကျွန်တော် တောင်းပန်ပါတယ်'

ကျွန်တော့်မှာ ထိုသို့ ပြောရန်မှတစ်ပါး အခြားမရှိပါ။ သို့ရာတွင် ထိုစကား သည် မှန်သောသစ္စာစကား ဖြစ်၏။ ဖြည်းဖြည်းချင်းနှင့် နီကို၏ တင်းနေသော မျက်နှာသည် ပြေလျော့ကျသွားကာ ကျွန်တော်တို့ နောက်ထပ် မိနစ်အနည်းငယ် ကြာ စကားပြောကြသေးသည်။

အခြားတက္ကသိုလ်ဆရာ အတော်များများနှင့်လည်း တွေ့ဆုံခဲ့ရပြီးနောက် ကျွန်တော့်အား ကာနက်ဂီမယ်လွန် တက္ကသိုလ်က လက်ခံလိုက်ခြင်းဖြင့် အပြီးသတ် သွားပါသည်။ ကျွန်တော်လည်း ပီအိပ်ချ်ဒီ ရခဲ့လေသည်။ မြင့်မားသော အုတ် တံတိုင်းကြီးကို ဆရာသမား၏ ကြီးမားသောမြှောက်တင် အားပေးမှုနှင့် ဖြူစင် ရိုးသားသော ဝပ်တွားခယမှုတို့ဖြင့် ကျော်လွှားခဲ့ရခြင်း ဖြစ်ပေသည်။

ကျွန်တော်သည် ကျွန်တော့်တပည့်များကိုသော်လည်းကောင်း၊ လုပ်ဖော် ကိုင်ဖက်များကိုသော်လည်းကောင်း ကာနက်ဂီမယ်လွန်တက္ကသိုလ် ဝင်ခွ လျှောက်ရာ အပယ်ခံရဖူးကြောင်းကို တစ်ခါမှ ပြောမပြဖူးခဲ့။ ကျွန်တော်၏ နောက် ဟောပြောချက်ကို ပြောဖို့ စင်မြင့်ပေါ် ရောက်မှသာ ပြောပြခဲ့ခြင်း ဖြစ်သည်။ မပြော သည်မှာ ဘာကိုကြောက်၍ပါလဲ။ သူတို့နှင့် ပေါင်းသင်းဆက်ဆံ ရနိုင်လော အောင် မတော်ပါဘူးဟု လူတွေက ထင်သွားကြမှာစိုး၍လား။ ကျွန်တော့် သူတို့တစ်တွေက အလေးထားမှု လျော့သွားမှာ စိုး၍လား။

ကိုယ့်ဘဝ၏ နောက်ဆုံးအချိန်တွင်မှ လျှို့ဝှက်ချက်တစ်ခုကို ဖွင့်ပေ ပြောလိုက်ရန် ဆုံးဖြတ်ရခြင်းမှာ စိတ်ဝင်စားဖွယ်တော့ ကောင်းပါသည်။

တကယ်တော့ ကျွန်တော်သည် ဤဖြစ်ရပ်ကို ယခင် နှစ်အတော်ကြ ကတည်းက ပြောလာခဲ့ဖို့ ကောင်းသည်။ အဘယ့်ကြောင့်ဆိုသော် ဤဖြစ်ရပ်



'တစ်ခုခုကို သိပ်လိုချင်နေလျှင် လက်မလျှော့ပါနှင့်၊ (အားပေးကူညီပြုလာလျှင် လည်း လက်ခံပါ) ' ဟူသော သင်ခန်းစာကို ပေးနိုင်သောကြောင့် ဖြစ်ပါသည်။

အုတ်တံတိုင်းများ ထားရှိခြင်းမှာ အကြောင်းမဲ့ မဟုတ်ပေ။ ယင်းတို့ပေါ်သို့ ကျော်တက်လိုက်နိုင်သည်နှင့် တစ်ပြိုင်နက် (တစ်ယောက်ယောက်က ပစ်တင်ပေး လိုက်ရသည် ဆိုသည့်တိုင်) အခြားသူများအား သင် ဘယ်လို ကျော်တက်နိုင်ခဲ့ ကြောင်းကို ပြောပြသွားနိုင်သောကြောင့် ဖြစ်ပေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၅၄

## လူမှုအသိုင်းအဝိုင်းသမားဖြစ်ပါစေ

ကျွန်တော်တို့ နိုင်ငံတွင် ပြည်သူ့အခွင့်အရေး ဟူသော အယူအဆအပေါ်တွင် အာရုံစိုက်မှု အင်မတန်များသည်။ အခွင့်အရေး ဆိုတာကတော့ ရသင့်သည် မှန်ပါ၏။ သို့ရာတွင် တာဝန်အကြောင်းပါ ပြောဆိုခြင်းမရှိဘဲ အခွင့်အရေး အကြောင်းချည်း ပြောနေခြင်းမှာမူ အဓိပ္ပာယ် မရှိလှပေ။

အခွင့်အရေးသည် တစ်နေရာရာကလာရသော အရာဖြစ်သည်။ ထိုတစ်နေ ရာရာမှာ လူမှုအသိုင်းအဝိုင်း ဖြစ်သည်။ သို့ဖြစ်၍ အခွင့်အရေးသည် လူမှုအသိုင်း အဝိုင်းက လာခြင်းဖြစ်သည်။ အခွင့်အရေးသည် လူမှုအသိုင်းအဝိုင်းက လာသည် ဖြစ်၍ အတုံ့အပြန်အားဖြင့် ကျွန်တော်တို့ကလည်း လူမှုအသိုင်းအဝိုင်းအပေါ် တွင် ယူပေးရမည့် တာဝန်ရှိနေပေသည်။ အချို့သူများက ဤသဘောကို လူမှု အသိုင်းအဝိုင်း လှူပ်ရှားမှုဟု ခေါ်ကြသည်။ သို့ရာတွင် ကျွန်တော်ကမူ ဘဝပေး အသိဟု ခေါ်ချင်ပေသည်။

ကျွန်တော်တို့ အများအပြားတွင် ဤအသိပျောက်လျက်ရှိသည်။ ကျွန်တော် ၏ ပါမောက္ခသက်တမ်း အနှစ် ၂၀ အတွင်း၌ ကျွန်တော် သတိပြုမိသည်မှာ ကျောင်းသားများတွင် ဤအသိမရှိကြသူတို့သည် တိုး၍ တိုး၍သာ များလာသည် ဟူသော အချက်ဖြစ်သည်။ အခွင့်အရေးဟူသည် တာဝန်ကလာသည်ဟူသော အသိမျိုးမှာ သူတို့အဖို့ တကယ့်ကို အထူးအဆန်း အယူအဆကြီး ဖြစ်နေလေ တော့သည်။

နှစ်စဉ် စာသင်နှစ်ဝက်တစ်ခု စပြီဆိုလျှင် ကျွန်တော်သည် ကျောင်းသား များအား သဘောတူညီချက် တစ်ခုကို လက်မှတ်ရေးထိုးခိုင်း၏။ ထိုသဘော



တူညီချက်ထဲတွင် သူတို့၏ တာဝန်များနှင့် အခွင့်အရေးများကို အကြမ်းဖျင်း အားဖြင့် ဖော်ပြပေးထားသည်။ ကျောင်းသားများက အစုအဖွဲ့များတွင် အပြု သဘောဖြင့် ပါဝင်လုပ်ပါမည်။ အချို့သော အစည်းအဝေးများကို တက်ပါမည်။ မိမိတို့၏ အတန်းတူသူငယ်ချင်းများကို ရိုးသားဖြူစင်သည့် အကြံဉာဏ် ဝေဖန်မှု များ ပြုပေးပါမည်ဟု သဘောတူရပါသည်။ ထိုသို့သော တာဝန်များကို ယူရသဖြင့် အတုံ့အပြန်အနေဖြင့် ၎င်းတို့သည် အတန်းထဲမှာ တက်ရောက်သင်ကြားပိုင်ခွင့် မိမိတို့၏ လုပ်ဆောင်ချက်များကို ဆန်းစစ်ဝေဖန်ခံပိုင်ခွင့်နှင့် ခင်းကျင်းပြသခံ ပိုင်ခွင့်များ ရရှိကြသည်။

ကျောင်းသားအချို့က ကျွန်တော်၏သဘောတူညီချက်ကို က ဖျက် ယ ဖျက် လုပ်ချင်ကြသည်။ ထိုသို့ ဖြစ်ရသည်မှာ ကျွန်တော်တို့လူကြီးများမှာ သူတို့ စံနမူနာယူ အားကျလောက်သည့် လူမှုအသိုင်းအဝိုင်းပုဂ္ဂိုလ်များ မဟုတ်ကြသောကြောင့်ဟု ထင်ပါသည်။ သာဓကဆောင်ပြရသော် ကျွန်တော်တို့မှာ ခုံသမာဓိအဖွဲ့နှင့် စစ်ဆေးခံပိုင်ခွင့်ရှိသည်ဟု ကျွန်တော်တို့ အားလုံး ယုံကြည်ကြ၏။ သို့ရာတွင် လူများစွာတို့က ဂျူရီတာဝန်မှ လွတ်ရန် ကြိုးစားကြသည်။

ထို့ကြောင့် ကျွန်တော်က ကျွန်တော့်တပည့် ကျောင်းသားများအား သိစေ ချင်၏။ လူတိုင်းလူတိုင်းသည် အများအကျိုးအတွက် ကျရာတာဝန်ကို ထမ်းကြရ သည်။ ထိုသို့မှ မပြုချင်ဘူးဆိုသော် စကားတစ်လုံးတည်းနှင့် ဖော်ပြရလျှင် တစ်ကိုယ် ကောင်း ဆန်ခြင်းသာ ဖြစ်သည်။

ကျွန်တော့်ဖခင်က ဤပရဟိတသဘောကို ကျွန်တော်တို့အား နမူနာပြ၍ သင်ကြားပေးခဲ့သည်။ သို့ရာတွင် ကျွန်တော့် ဖခင်သည် ဤသဘောကို အခြားသူ များအား သင်ပြပေးရာတွင် သိမ်မွေ့သောနည်းများကိုလည်း ရှာဖွေခဲ့သည်။ သူသည် လစ်တဲလ်လိဂ်ဘေ့စ်ဘော ကော်မရှင်နာဖြစ်စဉ်က သင်ပြပေးခဲ့ပုံမှာ အလွန် ကျွမ်းကျင်လိမ္မာသည်ဟု ဆိုရပေမည်။

သူသည် မိမိသဘောဆန္ဒအလျောက် ဒိုင်လူကြီးလုပ်ပေးမည့် ဗော်လံတီယာ ဒိုင်လူကြီးများကို ဒုက္ခခံ၍ ရှာဖွေရသည်။ ဤဒိုင်လူကြီးအလုပ်မှာ ကျေးဇူးတင် မခံရသောအလုပ် ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ဘောလုံးကို ရိုက်ဟု အော် လိုက်သည့်အခါတိုင်း အချို့ကလေး သို့မဟုတ် မိဘက ဒိုင်လူကြီး မှားပြီနော်ဟု ဆိုကြသောကြောင့် ဖြစ်သည်။ ထို့ပြင် ကြောက်ရသည့် ပြဿနာကလည်း ရှိသေး

www.burmeseclassic.com

www.burmeseclassic.com



၏။ ကစားသည့်ကလေးများက ဘက်တံကိုကိုင်ရာတွင် မထိန်းနိုင်ဘဲဖြစ်ပြီး သူတို့၏ ရိုက်ချက်က ကိုယ့်ဆီသို့ ဘောလုံးလာမှန်မည့်အနေမျိုးတွင်လည်း ဒိုင်လူကြီး လုပ်သူက ရပ်နေရသည်ကြောင့် ဖြစ်သည်။

နောက်တော့ ကျွန်တော့်ဖခင်သည် အကြံတစ်ခုရလာ၏။ လူကြီးများကို ဇော်လံတီယာဒိုင်လုပ်ခိုင်းမည့်အစား သက်ကြီးအုပ်စုထဲမှ ကစားသမားတစ်ဦးဦး အား ငယ်ရွယ်သူကလေးများအတွက် ဒိုင်လုပ်ခိုင်းလျှင် ကောင်းမည်ဟူသော အကြံ ဖြစ်သည်။ ဒိုင်အဖြစ် အရွေးခံရလျှင် ဂုဏ်ယူဖွယ်ဟူ၍ ဖြစ်လာအောင်လည်း ဖခင်လုပ်ထား၏။

ဤသို့ ပြုလိုက်သဖြင့် အကျိုးတော်တော်များများ ရလာသည်။

ဒိုင်အဖြစ်အရွေးခံရ၍ ဒိုင်လုပ်ရသူများသည် အလုပ်တစ်ခုမှာ ဘယ်မျှခက်ခဲ ကြောင်း သိနားလည်သွားပြီး နောင်တွင် ဒိုင်လုပ်သူနှင့် စောဒက မတက်တော့ပေ။ ထို့ပြင် ဒိုင်လုပ်ရသူများသည် မိမိတို့မှာ မိမိတို့ထက် အသက်ပိုငယ်သော အုပ်စုမှ ကလေးများကို ရှေ့ဆောင်မှုပေးနေရသူများ ဖြစ်ပါကလားဟု ကျေနပ်သွားသည်။ တစ်ချိန်တည်းမှာပင် ငယ်ရွယ်သော ကလေးများကလည်း ဇော်လံတီယာ ဒိုင် အလုပ်ကို လိုလိုလားလားလုပ်ကိုင်ပေးကြသူများကို မိမိတို့ အားကျ စံနမူနာ ယူရမည့် သူများဟု မြင်သွားကြသည်။

ကျွန်တော့်ဖခင်သည် လူမှုအသိုင်းအဝိုင်းသမား အစုအသစ်တစ်ရပ်ကို ဖန်တီးပေးခဲ့ပေ၏။

လူများသည် အခြားသူများနှင့် ဆက်စပ်သွားသည့်အခါ ပို၍ကောင်းသော သူများ ဖြစ်လာကြောင်းကို ကျွန်တော့်ဖခင်က သိရှိခဲ့ပေသည်။

❒ ❒ ❒

## အခန်း ၅၅
### မေးဖို့ ဝန်မလေးပါနှင့်

ကျွန်တော်နှင့် ကျွန်တော့်ဖခင်တို့ ဒစ္စနေးဝေါ့လ်သို့ နောက်ဆုံးအကြိမ်အဖြစ် သွားခဲ့စဉ်က ဖေဖေနှင့် ကျွန်တော်သည် ဒီလန်ကလေးနှင့်အတူ တစ်လမ်းပြေး ရထားကို စောင့်နေကြသည်။ ထိုအချိန်က ဒီလန်မှာ ၄ နှစ်သားသာ ရှိသေး၏။ ဒီလန်သည် ရထားမောင်းသူနှင့်အတူ ထိုင်၍ ရထားပေါ်မှ ကြည့်၍ကောင်းသော နေရာတွင် ထိုင်ချင်သောဆန္ဒ ပြင်းနေ၏။ အပန်းဖြေဥယျာဉ်ကို ချစ်တတ်သော ကျွန်တော့်၏ဖခင်သည် ဒီလန်ဆန္ဒအတိုင်းစီးရလျှင် ပြင်းပြသော စိတ်လှုပ်ရှားမှုကို ပေးနိုင်မည်ဟု ယူဆလေသည်။

'သူတို့ဆီ ပုံမှန်လာနေတဲ့ လူတွေကို အဲဒီနေရာမှာ ထိုင်ခွင့်မပေးတာ သိပ်ဆိုး တာပဲ'ဟု ဖေဖေက ပြောသည်။

'ဒါပေမဲ့ ဖေဖေ၊ ကျွန်တော်က အပျော်စီးယန္တရား အင်ဂျင်နီယာ လုပ်လာတဲ့ သူဆိုတော့ အဲဒီရှေ့ပိုင်းက နေရာမှာ ထိုင်ခွင့်ရနိုင်မယ့်နည်းကို သိတယ်၊ ဖေဖေ အဲဒါကို လက်တွေ့မြင်ချင်သလား'

ဖေဖေက တွေ့မြင်လိုကြောင်း ပြောသည်။

ထို့ကြောင့် ကျွန်တော်က ပြုံးနေသော ဒစ္စနေး တစ်လမ်းပြေး ရထားဝန်ထမ်း ထံ လျှောက်သွားကာ ပြောလိုက်သည်။ 'စိတ်မရှိပါနဲ့နော်၊ ကျွန်တော်တို့ သုံးယောက် များ အဲဒီရှေ့က အတွဲမှာ စီးလို့ရမလားလို့'

'ဟာ၊ ရပါတယ်၊ ရပါတယ်' ဟု ထိုဝန်ထမ်းက ပြောသည်။ သူသည် တံခါးကို ဖွင့်ပေးလိုက်ရာ ကျွန်တော်တို့လည်း ရထားမောင်းသူဘေးတွင် နေရာယူလိုက် ကြ၏။ ကျွန်တော့်ဖခင် ဤမျှလောက် အံ့အားသင့် မျက်လုံးပြူးသွားသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တစ်သက်တွင် ဤတစ်ကြိမ်သာ မြင်ဖူးသည်။ 'နည်းရှိပါတယ်ဆို' ကျွန်တော်က ပြောလိုက်ပါသည်။ ကျွန်တော်တို့ရထားသည် မက်ဂျစ်ကင်းဒမ်းဟုခေါ်သည့် ကြည်နူးဖွယ်နိုင်ငံသို့ ပြေးလျက်ရှိပေသည်။ 'အဲဒီနည်းက ခက်တယ်လို့တော့ ကျွန်တော်မပြောခဲ့ဘူးနော်' ဟုလည်း ကျွန်တော်က ကျွန်တော့်ဖခင်အား ပြောလိုက်ပါသည်။

တစ်ခါတစ်ရံမှာ ကျွန်တော်တို့ လုပ်ရမည့် အလုပ်မှာ အခြားမဟုတ်။ မေးကြည့်ရုံသာ ဖြစ်သည်။



မေးကြည့်ရုံသာ ဖြစ်သည်

ကျွန်တော်သည် တစ်ခုခုကိုလိုချင်လျှင် ဤသို့ မေးတောင်း တောင်းသည့်အရာတွင် အတော်ကလေးကျွမ်းသည်။ ကမ္ဘာတွင် အလေးစားရဆုံး ကွန်ပျူတာသိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ဖရက်ဘရွတ်ဂျူနီယာနှင့် ဆက်သွယ်ရဲသည့်သတ္တိရှိခဲ့ပြီး အဆက်အသွယ်လည်းရခဲ့ခြင်းအတွက် ကျွန်တော်ဂုဏ်ယူသည်။ ဘရွတ်သည် ၁၉၅၀ ပြည့်လွန်နှစ်အတွင်းက သူ၏ကွန်ပျူတာသိပ္ပံပညာရှင် အသက်မွေးဘဝကို အိုင်ဘီအမ်တွင် စတင်ခဲ့သည်။ ထို့နောက် သူသည် မြောက်ကာရိုလိုင်းနားတက္ကသိုလ်မှ ကွန်ပျူတာသိပ္ပံဌာနသို့ ရောက်သွားသည်။ သူပြောခဲ့သော မှတ်သားဖွယ် စကားများကြောင့် သူသည် ကျွန်တော်တို့၏ ကွန်ပျူတာလုပ်ငန်းတွင် ကျော်စောသည်။ သူ့စကားတစ်ခွန်းမှာ 'နောက်ကျသော ဆော့ဖ်ဝဲလုပ်ငန်းတစ်ခုအတွက် လူအင်အားထပ်တိုးခြင်းသည် ပို၍နောက်ကျစေသည်' ဟူ၍ ဖြစ်သည်။ (ယခုအခါ ဤစကားမှာ 'ဘရွတ် နိယာမ' ဟု လူသိများနေကြပြီး ဖြစ်သည်။)



ကျွန်တော်သည် အသက် ၃၀ နားသို့ ရောက်နေပြီး ဖြစ်သော်လည်း ဘရွတ်ကို မတွေ့ဖူးသေးခဲ့။ ထို့ကြောင့် ကျွန်တော် သူ့ထံသို့ အီးမေးလ်ပို့သည်။ အီးမေးလ်ထဲ၌ ဤသို့မေးသည်။ 'ကျွန်တော် ဗာဂျင်းနယားမှ မြောက်ကာရိုလိုင်းနားသို့ကားဖြင့် မောင်းလာခဲ့ပါလျှင် ကျွန်တော့်အား နာရီဝက်မျှ စကားပြောခွင့်ပေးနိုင်ပါမည်လား'

သူက အီးမေးလ်ပြန်ပို့သည်။ 'လာသာ လာခဲ့ပါ၊ နာရီဝက်မက အချိန်ပေးပါမည်'

ဘရွတ်သည် ကျွန်တော့်အား မိနစ် ၉၀ အချိန်ပေးခဲ့ကာ ကျွန်တော်၏ ရာသက်ပန် ဆရာလည်း ဖြစ်သွားခဲ့ပါပေသည်။ နောင် နှစ်အနည်းငယ်ကြာသောအခါ သူသည် ကျွန်တော့်အား မြောက်ကာရိုလိုင်းနားတက္ကသိုလ်သို့ လာရောက်၍ ဟောပြောပို့ချမှုတစ်ခု ပြုပေးပါဟု ဖိတ်ကြားပါသည်။ ကျွန်တော့်ဘဝတွင် လွမ်းမောတသ မေ့မရဆုံး ခရီးတစ်ခုလည်း ဖြစ်ပါပေသည်။ ဤခရီးတွင်ပင် ဂျေးနှင့် စတင်တွေ့ခဲ့ရခြင်း မဟုတ်ပါလော။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၅၆

## တစ်ဂါးလား၊ အေယိုးလား ဆုံးဖြတ်ပါ

ကျွန်တော်က ကာနက်ဂီမယ်လွန်တက္ကသိုလ်ဥက္ကဋ္ဌ ဂျရက်ကိုဟွန်းအား ကျွန်တော် ၏ နောက်ဆုံးဟောပြောချက်ကို ဟောပြောပါမည်ဟု ပြောသောအခါ ကိုဟွန်းက ပြောသည်။ 'ပျော်စရာတွေပဲ ပြောပါဗျာ၊ ဘာကြောင့်တုန်းဆိုတော့ ကျွန်တော် ခင်ဗျားကို သတိရနေမှာက ခင်ဗျားရဲ့ ပျော်စရာတွေအကြောင်း ဖြစ်နေလို့ပါပဲ'တဲ့

ကျွန်တော်က ပြန်ပြောပါသည်။ 'ကျွန်တော်ပြောလို့တော့ရပါတယ်၊ ဒါပေမဲ့ အဲဒီလိုပြောရင် ငါးက ရေရဲ့ အရေးပါပုံကို ပြောနေသလို ဖြစ်နေမလားလို့ပါ'

ကျွန်တော်ဆိုလိုသည်မှာ ကျွန်တော်က မပျော်အောင်နေနည်းကို မသိသူပါ။ ကျွန်တော်သည် သေရတော့မည် ဖြစ်သည်။ သို့ပင်ဖြစ်သော်လည်း ကျွန်တော် သည် ပျော်လျက်ပင်ရှိသည်။ နေရသမျှ အချိန်ကလေးမှာ နေ့စဉ် ပျော်အောင် လည်း နေသွားမည်သာ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်မှာ ထိုနည်းမှလွဲ၍ အခြားနေနည်းလည်း မရှိတော့သောကြောင့် ဖြစ်သည်။

ကျွန်တော်သည် ကျွန်တော့်ဘဝ စောစောပိုင်းမှာကတည်းကပင် ဤအချက် ကို သိလာခဲ့သည်။ အေအေမိလ်နေ (AA Milne) ဖန်တီးထားသော 'ဝင်နီသပူး' ဟူသော ဇာတ်ကားထဲတွင် ဇာတ်ကောင်နှစ်ကောင်ရှိသည်။ ဇာတ်ကောင် တစ် ကောင်မှာ ပျော်ပျော်နေတတ်သူ တစ်ဂါး ဖြစ်သည်။ ကျန်ဇာတ်ကောင် တစ်ကောင် မှာ အမြဲတမ်း ပူဆွေးနေသော အေယိုး ဖြစ်၏။ ကျွန်တော်တို့သည် ဆုံးဖြတ်ချက် တစ်ခုကို ချရဖို့ရှိ၏။ မိမိသည် တစ်ဂါးဖြစ်မည်လား၊ အေယိုး ဖြစ်မည်လား။ ထိုနှစ်ခုတွင် တစ်ခုကိုတော့ ရွေးရပေမည်။ ကျွန်တော်သည် တစ်ဂါးလား အေယိုး



လားဟူသော စကားစစ်ထိုးပွဲတွင် ဘယ်ဘက်မှာ ရပ်တည်လျက်ရှိကြောင်းကား ထင်ရှားနေပြီးဖြစ်မည် ထင်ပါသည်။

နောက်ဆုံး ကျင်းပခဲ့သည့် ဟောလိုးဝင်းနေ့ကဆိုလျှင် ကျွန်တော် အတော်ကြီး ပျော်ခဲ့သည်။ ဂျေးနှင့် ကျွန်တော်တို့သည် မယုံကြည်နိုင်လောက် သူများအဖြစ် ဝတ်စားဆင်ယင်ခဲ့ကြသည်။ ကျွန်တော်တို့ သားသမီး သုံးယောက် ကလည်း အလားတူ ဝတ်စားဆင်ယင်ခဲ့ကြသည်။ ကျွန်တော်သည် လူတိုင်းက ကျွန်တော်တို့ မိသားစုသည် အဘယ်မျှ မယုံကြည်နိုင်လောက်ဖွယ် မိသားစု ဖြစ်သည်ကို သိရှိနိုင်စေရန် ဓာတ်ပုံတစ်ပုံကိုပင် ဝက်ဘ်ဆိုက်မှာ တင်ခဲ့လေသေး သည်။ ကျွန်တော်တို့ သားသမီးများမှာလည်း သိပ်ကို ပျော်နေပုံပေါက်နေသည်။ ကျွန်တော်ကလည်း ကာတွန်း၊ ကြွက်သားတုကြီးနှင့် မည်သူမျှ နိုင်အောင်တိုက်၍ မရနိုင်သူအသွင် ဆောင်နေ၏။ ကင်ဆာအတွက် သွင်းရသည့် ဆေးရည် (ခီမို) ကလည်း ကျွန်တော်၏ စူပါပါဝါတွေကို သိသိသာသာ ထိခိုက်မှုမရှိကြောင်း ကျွန်တော် ရှင်းပြခဲ့သည်။ ကျွန်တော့်ထံ ဝမ်းသာစွာဖြင့် ပြန်လည်ပေးပို့ခဲ့ကြသည့် အီးမေးလ်များကိုလည်း အမြောက်အများ ရရှိခဲ့ပါပေသည်။

မကြာသေးမီက ကျွန်တော် အချိန်တိုနားရက်ယူ၍ သူငယ်ချင်း သုံးယောက် နှင့်အတူ စကူဘာဒိုင်ဗင် (ကျောပိုး၍ သယ်ဆောင်နိုင်သော ရေအောက်အသက်ရှူ ကိရိယာဖြင့် ရေငုပ်ခြင်း)လုပ်ကြပါသည်။ သူငယ်ချင်း သုံးယောက်မှာ အထက်တန်း ကျောင်းသားဘဝ သူငယ်ချင်း ဂျက်ရှုရစ်ပ်၊ တက္ကသိုလ်ကျောင်းသားဘဝ တစ်ခန်း တည်း အတူနေသူငယ်ချင်း စကောရှာမန်နှင့် အီလက်ထရောနစ်အတ်ကုမ္ပဏီမှ သူငယ်ချင်း စတိဗ်ဆီးဘော့ထ်တို့ ဖြစ်ပါ၏။ ဤသူငယ်ချင်းများမှာ ကျွန်တော့် ဘဝတွင် အချိန်ကာလအမျိုးမျိုး၌ တွေ့ခဲ့ရသော သူငယ်ချင်းများဖြစ်ကြသည်။ ကျွန်တော်တို့သည် ဤနေရာသို့ လာရောက်အနားယူကြခြင်း၏ အဓိပ္ပာယ်ကိုလည်း အားလုံးက သိထားကြသည်။ ဤသူငယ်ချင်းများသည် ဤသီတင်းပတ် နောက်ဆုံး ရက်၌ ကျွန်တော့်အားခွဲခွာကြရန် နောက်ဆုံးနှုတ်ဆက်သည့်အနေဖြင့် အတူ လက်တွဲ ပါလာကြခြင်း ဖြစ်ပါသည်။

ကျွန်တော့်သူငယ်ချင်း သုံးယောက်သည် ယခင်က အချင်းချင်းသိခဲ့ဖူးသူများ မဟုတ်ကြပါ။ သို့ရာတွင် အချိန်တိုအတွင်းမှာပင် ခိုင်မာသည့် သံယောဇဉ် နှောင်ကြိုးများ ဖွဲ့ချည်သွားမိကြသည်။ ကျွန်တော်တို့ အားလုံးသည် လှိုက်ကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com





ရှုပါမိသားစုအသွင်

ဖြစ်ကြ၏။ သို့ရာတွင် ဤအနားယူကာလ တစ်လျှောက်လုံးနီးပါးတွင် ကျွန်တော်တို့မှာ ၁၃ နှစ်သားကလေးများသဖွယ် ဖြစ်သွားခဲ့ကြသည်။ ကျွန်တော်တို့အားလုံးသည် တစ်ဂါးတွေ ဖြစ်ကုန်ကြသည်။

ကျွန်တော်တို့အားလုံး ကျွန်တော်၏ ကင်ဆာရောဂါနှင့် ဆက်စပ်သည့်စကားမျိုး၊ 'သူငယ်ချင်းကို ကိုယ်ချစ်တယ်ကွာ' ဟူသော စိတ်ထိခိုက်ဖွယ်စကားမျိုးကို အောင်မြင်စွာ ရှောင်ရှားနိုင်ခဲ့ကြသည်။ စိတ်ထိခိုက်ရမည့် စကားတွေ မပြောကြဘဲ ကျွန်တော်တို့သည် ပျော်ရွှင်မှုကိုသာ ရအောင်ရှာခဲ့ကြသည်။ ကျွန်တော်တို့သည် ရှေးဖြစ်ဟောင်းတွေ ပြန်အောက်မေ့ကြ၊ စားမြုံ့ပြန်ကြ၏။ ကလေးငယ်များလို ပြောင်းဆန်အောင် ဆော့ကြသည်။ တစ်ယောက်နှင့် တစ်ယောက် စကြနောက်ကြ၏။ (အမှန်တော့ ကျွန်တော်၏ နောက်ဆုံး ဟောပြောချက်ကို ဟော



ပြောပြီးချိန်၌ ကျွန်တော် ရခဲ့သော 'ပစ္စဘတ်က စိန့်ရန်ဒီ' ဟူသော ဘွဲ့ထူးနှင့်ပတ်သက်၍ သူတို့က ကျွန်တော့်ကို စကြ နောက်ကြသည်က များပါသည်။)

ကျွန်တော်သည် ကျွန်တော့်ရင်တွင်းက တစ်ဂါးကို အပျောက်မခံပါ။ အေယိုးဖြစ်သွားလျှင် ကျွန်တော် ဘာတွေ ကပြောင်းကပြန် ဖြစ်သွားမည်ကို ကျွန်တော်မသိနိုင်ပါ။ ကျွန်တော့်ကို မေးကြ၏။ ကျွန်တော်၏ သင်္ချိုင်းဂူ ကမ္ပည်းကျောက်စာတိုင်မှာ ဘယ်လိုရေးထိုးပေးစေချင်ပါသလဲတဲ့။ ကျွန်တော်က ပြန်ဖြေပါသည်။ 'ရန်ဒီပေါက်ရှ်၊ ကုမရသည့်ရောဂါဖြစ်ပြီးနောက် အနှစ်သုံးဆယ်နေသွားသည်'

အကယ်၍ တကယ်လည်း ကျွန်တော်နောက်ထပ် အနှစ်သုံးဆယ် နေရခဲ့ပါလျှင် ကျွန်တော် ပျော်ပျော်နေသွားမည်ဟု ကတိပေးပါသည်။ သို့ရာတွင် ထိုသို့ မဖြစ်နိုင်ဟုဆိုပါလျှင်လည်း ကျွန်တော် ရသမျှအချိန်ကလေးမှာ ပျော်ပျော်နေသွားရုံသာ ရှိပါသတည်း။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅၇

## အကောင်းမြင်ဝါဒကို နားလည် သဘောပေါက်စေသောနည်း

ကျွန်တော့်မှာ ကင်ဆာရောဂါရှိနေပြီဟု သိလိုက်ရပြီးနောက် ကျွန်တော့်အား ကုသသည့် ဆရာဝန်များထဲမှ တစ်ဦးက အကြံပေးသည်။ 'ခင်ဗျားဟာ နေရာအနှံ့ ခဏတဖြုတ်လျှောက်သွားမယ့် လူအလားကဲ့သို့ နေတတ်ဖို့ အရေးကြီးတယ်ဗျ' ဟူ၏။

အမှန်က ကျွန်တော်သည် ထိုဆရာဝန်ထက် ရှေ့ကပြေးနေပြီး ဖြစ်ပါသည်။

'ဒေါက်တာ၊ ကျွန်တော် မကြာခင်ကလေးကမှ အမိုးဖွင့်ပိတ် လုပ်နိုင်တဲ့ ကားသစ်တစ်စီး ဝယ်ထားပါတယ်၊ ကျွန်တော် သားကြောလည်း ဖြတ်ထားပြီးပါပြီ၊ ဆရာ ကျွန်တော့်ကို နောက်ထပ် ဘာများ ဖြစ်စေချင်သေးပါသလဲ'

ကြည့်ပါ။ ကျွန်တော်သည် ကိုယ်ကြုံနေရသည့် အခြေအနေကို ငြင်းဆန်နေသူ မဟုတ်ပါ။ ကျွန်တော်သည် ရှောင်လွှဲ၍ မရနိုင်မှန်းကို အမြင်ရှင်းရှင်းနှင့် ကြည့်တတ်သည့် အသိဉာဏ်မျိုးကို ထိန်းသိမ်းထားနိုင်သူ ဖြစ်ပါသည်။ ကျွန်တော်သည် သေနေပြီးကဲ့သို့ သဘောထားပြီး နေနေသူဖြစ်ပါသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် ကျွန်တော်သည် အသက်ရှင်နေဆဲ ဖြစ်သကဲ့သို့လည်း နေနေသူ ဖြစ်ပေသည်။

အချို့ ကင်ဆာရောဂါကုဆရာဝန်များ၏ ရုံးများက ကင်ဆာရောဂါသည် လူမမာများကို ခြောက်လတစ်ကြိမ် လာတွေ့ရန် အချိန်ဇယားဆွဲပေးထားသည်။ လူမမာများအဖို့ကား ဤအစီအစဉ်မှာ ဆရာဝန်များက ၎င်းတို့ အသက်ရှင်နေဦးမည်ဟု မျှော်လင့်ထားကြောင်းကိုပြသည့် အကောင်းမြင် သင်္ကေတ ဖြစ်နေပေသည်။ အချို့သော ကုမရတော့သည့် ရောဂါခံစားနေရသည့် လူမမာများသည် ဆရာဝန်၏ ကြော်ငြာသင်ပုန်းတွင် ပြထားသော ဆရာဝန်က တွေ့ရန် ချိန်းဆိုထားသည့် ကတ်ပြားများကို ကြည့်လျက် ကိုယ့်ဘာသာကိုယ် ပြောမိ ကြသည်။ 'အင်း၊ ငါ ဆရာဝန်နဲ့ တွေ့တော့ တွေ့ဦးမှာပဲ၊ ဆရာဝန်ဆီ ရောက်သွားရင်တော့ သတင်းကောင်းတော့ ကြားမှာပါ'



ပစ္စဘတ်မှ ကျွန်တော်၏ ဆရာဝန် ဟားဘတ်ဗေဇက ပြောဖူးသည်။ အကောင်းမြင်စိတ်မထားသင့်ဘဲလျက် အကောင်းမြင်နေသူများ လူမမာ သို့မဟုတ် အခြေအနေမှန်ကို မသိရသည့် လူမာများအတွက် သူ စိတ်ပူမိသည်တဲ့။ တစ်ချိန်တည်းမှာပင် လူမမာ၏မိတ်ဆွေများ အသိအကျွမ်းများက ကောင်းသွားမှာပါဟူ၍ ဖြစ်စေ၊ ဆေးကုနေလည်းရတော့မှာ မဟုတ်ပါဘူး ဟူ၍ ဖြစ်စေ လူမမာအား ပြောကြားကြသည့်အခါတွင်လည်း သူ စိတ်ပျက်ရကြောင်း ဟားဘတ်ဗေဇက ပြောပါသည်။

အကောင်းမြင်စိတ်ဓာတ်နှင့် ပတ်သက်၍ ကျွန်တော်ကမူ ဤသို့ ယူဆသည်။ အကောင်းမြင်ခြင်းသည် စိတ်ပိုင်း အခြေအနေတစ်ရပ် ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ အခြေအနေတစ်ရပ်သည် ရုပ်ပိုင်းဆိုင်ရာ အခြေအနေကို တိုးတက်မှုရှိလာအောင် ထင်ထင်ရှားရှား ပြုပေးနိုင်သည်။ အကောင်းမြင် စိတ်ဓာတ်ရှိနေလျှင် ခီမိုဆေးသွင်းခြင်းလို အလွန်ဆိုးဆိုးဝါးဝါးခံစားရသော ဝေဒနာမျိုးကို ခံနိုင်စွမ်းရှိလာသည်။ နောက်ဆုံးပေါ် ဆေးဝါးကုသမှုမျိုးကို ဆက်လက် ရှာဖွေနေစေနိုင်သည်။

ဒေါက်တာဗေဇက ကျွန်တော့်အား သူ၏ နံရံကပ်ကြော်ငြာထဲ ထည့်ရမည့်လူဟု ခေါ်ဝေါ်ပြောဆိုသည်။ ကျွန်တော်သည် 'အကောင်းမြင်စိတ်နှင့် ပကတိအရှိတရားကို ချိန်ခွင်ညှာ မျှအောင်ထားနိုင်သူ'ဟု ဆိုလေသည်။ ကျွန်တော်သည် ကင်ဆာရောဂါကို နောက်ထပ် ဘဝအတွေ့အကြုံတစ်ခုအဖြစ် ခံယူနိုင်အောင် ကြိုးစားနေသူဟု မြင်ပေသည်။

ကျွန်တော်ကတော့ သားကြောဖြတ်လိုက်ရတာကို အကျိုးနှစ်ခုပြီးသဖြင့် သဘောကျသည်။ သားသမီးရမှုကို တားဆီးပေးနိုင်သလို ကျွန်တော်၏ အနာဂတ်အတွက် အကောင်းမြင်လက္ခဏာလည်း ပိုတိုးလာစေပါသည်။ ကျွန်တော်သည် ကျွန်တော်၏ အမိုးဖွင့်ပိတ်ရ ကားကို မောင်းရတာကို သဘောကျလှသည်။ နောက်ဆုံးအဆင့်သို့ ရောက်နေသည့် ကင်ဆာရောဂါကို အနိုင်ယူနိုင်သော တစ်သန်းမှာ တစ်ယောက် ဆိုသလောက်လူမျိုး ဖြစ်လာစေမည့် နည်းလမ်းများ တွေ့ချင်လည်း တွေ့လာမှာပေါ့ဟု တွေးနေရတာကို ကျွန်တော် သဘောကျနေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ တွေးနေခြင်းဖြင့် ကျွန်တော် မျှော်လင့်သည့် အတိုင်း ဖြစ်မလာဟု ဆိုသော်တောင်မှလည်း နေ့စဉ်ဖြတ်သန်းရမည့် တစ်နေ့တာ အချိန်ကို ဖြတ်သန်းသွားတတ်အောင် အထောက်အကူပေးသည့် တွေးခေါ်ပုံ တွေးခေါ် နည်းတစ်ခုတော့ ဖြစ်နေသေးသောကြောင့်ပါတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅၈

## အခြားသူများ၏ သွင်းအားစုများ

ကျွန်တော်၏ နောက်ဆုံးဟောပြောချက်သည် အင်တာနက်ပေါ်တွင် ပျံ့နှံ့သွားသည်။ ထိုအချိန်မှစ၍ ကျွန်တော့်ထံ အသိအကျွမ်းဟောင်းများစွာတို့ထံမှ စာတွေ အီးမေးလ်တွေ တဖွဲဖွဲရောက်လာကြသည်။ ကလေးဘဝတုန်းက အိမ်နီးနားချင်းများမှသည် ရှေးယခင် သိကျွမ်းခဲ့ဖူးသူများအထိ လူပေါင်းစုံ ပါဝင်ပေရာ ကျွန်တော်သည် ထိုများလှစွာသော အသိမိတ်ဆွေများ၏ နွေးထွေးသော စကားများနှင့် အတွေးအမြင်များအတွက် ကျေးဇူးတင်ရပါပေသည်။

ကျွန်တော့်တပည့်ဟောင်းများနှင့် လုပ်ဖော်ကိုင်ဖက်ဟောင်းများထံမှ စာများကို ဖတ်ရသည်မှာလည်း ကျေနပ်ဝမ်းမြောက်ဖွယ်ကောင်းလှပါပေသည်။ လုပ်ဖော်ကိုင်ဖက်တစ်ဦးက သူ အမြဲတမ်း ပါမောက္ခမဖြစ်သေးဘဲ ရှိနေချိန်က ကျွန်တော် သူ့အား ပေးခဲ့သော အကြံဉာဏ်အကြောင်းကို ပြန်ပြောင်းသတိရပါ၏ ကျွန်တော်က သူ့အား ဌာနအကြီးအကဲများက သူ့ကို ပြောဆိုသည့် စကားမှန်သမျှကို အလေးထားပါဟု အကြံပေးခဲ့ကြောင်း သူက ပြောပါသည်။ (ကျွန်တော်ပြောခဲ့သည့် စကားကိုတောင် သူ မှတ်မိနေသေးသည်။ 'အကြီးအကဲက အမှတ်တမဲ့နဲ့ မင်းတစ်ခုခုလုပ်ဖို့ စဉ်းစားပါလားဟု ပြောလိုက်တဲ့အခါ ခင်ဗျား မျက်စိထဲမှာ နွားကန်ကို လှမ်းမြင်လိုက်သင့်တယ်ဗျ' ဟု ကျွန်တော်က သူ့ကို အကြံပေးခဲ့ပါသတဲ့။) တပည့်ဟောင်း တစ်ဦးကမူ အီးမေးလ်ပို့၍ ကျွန်တော်သူ့ကို နှိုသက်ခံစို့မနေနဲ့ အလျှံပယ်ဘဝမှာ နေထိုင်ပါဟူ၍ ခေါင်းစဉ်တပ်ထားသော တစ်ဦးချင်းတိုးတက် ဖွံ့ဖြိုးမှု ဝက်ဘ်ဆိုက်သစ်တစ်ခု တည်ဆောက်ရန် အားပေးအားမြှောက်



ပြုခဲ့ကြောင်း ပြောပြသည်။ ထိုဝက်ဘ်ဆိုက်မှာ မိမိတို့တွင် လုပ်နိုင်စွမ်းရည်တွေ ရှိပါလျက် ရှိသလောက်ကို အသုံးမချရသော ဘဝမျိုးတွင် နေထိုင်နေရသူများကို အကူညီပေးနိုင်ရန် ရည်ရွယ်သည့်ဝက်ဘ်ဆိုက် ဖြစ်သည်။ ကျွန်တော်၏ စကားလုံး အတိအကျအတိုင်းနှင့်ပင် မဟုတ်သော်လည်း ကျွန်တော်၏ အတွေးအခေါ်နှင့် ဖြစ်လာသည့်သဘော ဆောင်နေပေသည်။

စာတွေကတော့ အစုံပင်။ အထက်တန်းကျောင်းသား ဘဝတုန်းက ခဏပန်းချစ်ခဲ့ရသူတစ်ဦးကလည်း ကျမ်းမာ ချမ်းသာစေကြောင်း ဆုတောင်းသည်။ ဟိုတုန်းကတော့ ကျွန်တော် သိပ်ကြောက်တာပဲ ဆိုတာကို ထောက်ပြသတိပေးခြင်းလည်း ပြုပါသည်။ (သူ ယခု တကယ့်ဒေါက်တာအစစ်နှင့် အိမ်ထောင်ကျနေပြီးဖြစ်ကြောင်းတော့ ပါလိုက်သေး၏)

ထောင်နှင့်ချီသော ကျွန်တော်နှင့် မသိသူများကလည်း စာရေးကြပါသည်။ ကျွန်တော်သည် သူတို့၏ စိတ်ကောင်းစေတနာကောင်းများအတွက် ဝမ်းမြောက်ကြည်နူးဖြစ်ရပါသည်။ ထိုအထဲတွင် လူများစွာတို့က သူတို့နှင့် သူတို့ သားသမီးများ သေခြင်းတရားကိစ္စကို မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းပုံအကြောင်းများကို ရေးသားကြသည်။

အမျိုးသမီးတစ်ဦးကမူ သူ့အဖြစ်ကို ပြောပြထားသည်။ သူ၏ ခင်ပွန်းသည် အသက် ၄၈ နှစ်အရွယ်တွင် ကျွန်တော့်ရောဂါမျိုးဖြစ်သည့် ပန်ကရိယကင်ဆာနှင့် ဆုံးသွားခဲ့သည်။ ကျွန်တော့်လို 'နောက်ဆုံးဟောပြောချက်' မဟုတ်ဘဲ သူ့ခင်ပွန်းက 'နောက်ပြောပြချက်' ပြုသွားသည်။ သူ မသေမီ ပြောပြသွားသည်ကို နားထောင်ကြရသည့် ပရိသတ်ကား စာရေးသူ၊ သူ့ဇနီး၊ သူ့သားသမီးများ၊ သူ့မိဘများနှင့် သူ၏ သွေးချင်းညီအစ်ကို မောင်နှမများတို့ ဖြစ်သည်။ သူက ဇနီး သမီးသား မိဘဆွေမျိုး ညီအစ်ကိုမောင်နှမတို့အား သူတို့၏ လမ်းညွှန်ပြသမှု၊ သူတို့၏ မေတ္တာတို့အတွက် ကျေးဇူးတင်ကြောင်းပြောကာ ဘယ်တုန်းက ဘယ်အခါက ဘယ်နေရာ ဘယ်ဌာနသို့ သူတို့နဲ့သွားခဲ့လာခဲ့ပုံများ အောက်မေ့သတိရသည်။ ဘဝတွင် သူ့အဖို့ အရေးအကြီးဆုံးကတော့ ဘာပါပဲဟူ၍လည်း သူတို့အား ပြောပြခဲ့ကြောင်း ထိုအမျိုးသမီးက ရေးပါသည်။ သူ့ခင်ပွန်း ဆုံးသွားပြီးနောက်တွင် အကြံဉာဏ်ရယူခြင်းက သူတို့မိသားစုအား များစွာအထောက် အကူဖြစ်ကြောင်း ထိုအမျိုးသမီးက ပြောပါသည်။ 'အခု ကျွန်မ သိထားတာတွေကို မှတ်စုပေါက်ရှိနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေဟာ သိထားပြီး စကားပြောဖို့ ငိုကြွေးဖို့ သတိရဖို့ လိုလာလိမ့်မည်' ဟုလည်း ဆိုပါသည်။

နောက်အမျိုးသမီးတစ်ဦးကတော့ သူ့ယောကျ်ားသည် ဦးနှောက်အကျိတ်ဖြစ်ပြီး သေဆုံးသွားသူ ဖြစ်ပါသည်။ သူ့ခင်ပွန်းဆုံးချိန်၌ သူတို့ကလေးများမှာ တစ်ဦးက သုံးနှစ် နောက်တစ်ဦးက ရှစ်နှစ်မျှသာ ရှိသေးသည်။ ဂျေးကို လက်ဆင့်ကမ်းပေးရမည့် သူသိမြင်ထားတာများကို ရေးပြပါသည်။ သူက 'ရှင်ဟာ ကျွန်မစဉ်းစားလို့ မရနိုင်လောက်အောင်ပဲ အသက်ရှင်နေနိုင်သေးပါတယ်၊ ရှင့်ရဲ့ ကလေးတွေဟာ စိတ်သက်သာမှုနဲ့ ချစ်မေတ္တာတို့ရဲ့ ဧရာမအရင်းအမြစ်ဖြစ်ပါလိမ့်မယ်၊ ဒီကလေးတွေကပဲ မနက်တိုင်းမှာ ရှင် ပြုံးရွှင်ရက်နဲ့ နိုးလာဖို့အကြောင်း ဖြစ်ပါလိမ့်မယ်'ဟု ပြောပါသည်။

ဆက်ရေးထားသေး၏။ 'ရန်ဒီ၊ အသက်ရှင်နေတုန်းမှာ ပေးလာတဲ့ အကူအညီကို ယူပါ၊ ဒါမှ ရှင့်အဖို့ သူနဲ့ နေရတဲ့ အချိန်ကလေးက ပျော်စရာဖြစ်နိုင်ပါမယ်၊ သူမရှိတော့တဲ့အခါမှာလည်း ပေးလာတဲ့အကူအညီကိုယူပါ၊ ဒါမှသာလျှင် အရေးကြီးတဲ့ အရာအတွက် ရှင့်မှာ အားခွန်တွေရလာနိုင်ပါမယ်၊ ကိုယ့်လို ဆုံးရှုံးမှုကြုံရသူတွေနဲ့ ရောနှောဆက်ဆံပါ၊ အဲဒီ ဘဝတူလူများဟာ ရှင်နဲ့ ရှင့်သားသမီးကလေးတွေအတွက် ဖြေသိမ့်မှုတစ်ခု ဖြစ်ပေလိမ့် မယ်' ဟုပါ၏။ ကလေးများ ကြီးလာကြမည်ဖြစ်ရာ ၎င်းကြီးလာလျှင် ပုံမှန်ဘဝ ရောက်လာမှာပါဟူ၍ ဂျေး အနေဖြင့် စိတ်ချလက်ချ ရှိသင့်သည်ဟုလည်း ထိုအမျိုးသမီးက အကြံပေးပါသည်။ ကလေးတွေသည် အချိန်တန်လျှင် ဘွဲ့တွေရ အိမ်ထောင်တွေကျ၊ သားတွေ သမီးတွေ ဖြစ်လာမည်။ 'မိဘတစ်ဦးဦး ကလေးတွေ ဒီလောက်ငယ်တဲ့အရွယ်မှာ သေဆုံးသွားတဲ့အခါ တချို့ကလေးတွေက တခြား ပုံမှန်ဘဝ ဖြစ်စဉ်ဖြစ်ရပ်တွေ တို့မှာ ဖြစ်ကြမှာ မဟုတ်ကြပါဘူးလို့ ထင်တတ်ကြပါတယ်' ဟူ၍လည်း ထိုအမျိုးသမီးက ရေးပါသည်။

ကျွန်တော့်ထံ ရေးကြသည့်သူများတွင် နှလုံးရောဂါ ဖြစ်နေသော အသက် ၄၀ ကျော်အရွယ် လူတစ်ဦးလည်း ပါဝင်သည်။ သူက ၁၉၈၆ ခုနှစ်တွင် ကွယ်လွန်သွားသည့် ဘာသာရေးခေါင်းဆောင် ခရစ္စရှုနားမူတီး၏ အကြောင်းကို ရေးပြသည်။ ခရစ်ရှုနာမူတီးကို တစ်ခါက သေတော့မည့် မိတ်ဆွေတစ်ဦးက ပြောသင့်သော အသင့်လျော်ဆုံးစကားသည် ဘာဖြစ်ပါသလဲဟု မေးသည့်အခါ



ခရစ်ရှုနာမူတီးက ဖြေသည်ဟု ဆိုပါသည်။ 'မင်းမိတ်ဆွေ သေတဲ့အခါ မင်းရဲ့ တစ်စိတ်တစ်ပိုင်းလည်း သေပြီးသူနဲ့အတူ ပါရကြောင်းကို မင့်မိတ်ဆွေကို ပြောပြပါ၊ သူသွားလေရာ မင်းလဲ ပါနေတာဖြစ်လို့ သူတစ်ယောက်တည်း မဟုတ်ပါဘူးလို့ ပြောပြပါ' ထိုသူက သူ၏ အိမ်မေးလ်၌ ဤသို့ပြောပါသည်။ 'ခင်ဗျားတစ်ယောက်တည်း မဟုတ်ပါဘူးဗျာ'

ကျွန်တော်၏ နောက်ဆုံး ဟောပြောချက်ကို တွေ့လိုက်ရကုန်သော အချို့သော ထင်ရှားသည့် ပုဂ္ဂိုလ်များထံမှလည်း ဝေဖန်အကြံပေးချက်များနှင့် ဆုမွန်ကောင်းတောင်း ဆန္ဒ ပြုမှုများကို ရရှိခဲ့သဖြင့် စိတ်မှာ အတော်ပင် ထိခိုက်လှုပ်ရှားဖြစ်မိပါသည်။ ဥပမာအားဖြင့် ရုပ်မြင်သံကြား သတင်းဆရာမကြီး ဒီယန်နေဆောယားသည် ကျွန်တော့်အား အင်တာဗျူးသည်။ ကင်မရာများ ဖယ်ရှားလိုက်ချိန်၌ ကျွန်တော့်အား ကျွန်တော့်သားသမီးများအတွက် ထားရစ်ခဲ့မည့် စံနှုန်းများနှင့် ပတ်သက်၍ ပို၍ ရှင်းလင်းစွာ စဉ်းစားစေသည်။ သူက ကျွန်တော့်အား အလွန်ကောင်းသော အကြံဉာဏ်တစ်ခုကိုပေးခဲ့သည်။ ကျွန်တော်သည် ကျွန်တော့်ကလေးများအတွက် စာများနှင့် ဗွီဒီယိုများ ထားရစ်သွားရမည်ကို ကျွန်တော်သိသည်။ သို့ရာတွင် သူက ကျွန်တော့်ကို ပြောသည်။ အရေးအကြီးဆုံးက သူတို့နှင့်ဆက်စပ်နေသော ထူးခြားသည့်အရာများကို သူတို့အား ပြောပြခဲ့ဖို့ ဖြစ်ပါသတဲ့။ ထို့ကြောင့် ကျွန်တော်သည် ထိုအတွက် အများကြီး စဉ်းစားနေမိသည်။ ကျွန်တော်သည် ကျွန်တော့်သားသမီး တစ်ဦးစီကို ဤသို့သော စကားများကို ပြောထားရစ်ခဲ့မည်ဟု ဆုံးဖြတ်လိုက်သည်။ 'အဖေက မင်းကို ချစ်တာက မင်းရယ်မယ်လုပ်တဲ့အခါ မင့်ခေါင်းကို နောက်ကို စောင်းလိုက်သလိုမျိုး ချစ်တာ' သူတို့ခေါင်းထဲမှာ စဉ်းစားလို့ ရနိုင်လောက်သော စကားမျိုးကိုသာ ကျွန်တော် ပြောခဲ့ပေတော့မည်။

ကျွန်တော်နှင့် ဂျေးတို့ မကြာမကြာ သွားတွေ့လေ့ရှိသည့် ဒေါက်တာရီးစ်ကလည်း ကျွန်တော်၏ ကင်ဆာစကင်များကို ကြည့်ရပြီး စိတ်ဖိအားတွေများလာသဖြင့် ကိုယ့်ကိုယ်ကိုယ် ရှုံးနိမ့်သွားမည့်အရေးကို ရှောင်ရှားနိုင်မည့် မဟာဗျူဟာများကို ရှာပေးပါသည်။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်၏ မိသားစုအပေါ်မှာ စိတ်ရောကိုယ်ပါ အာရုံစိုက်လာနိုင်သည်။ အကောင်းဘက်က ကြည့်သည့် အမြင်မျိုးနှင့် ကျွန်တော် အာရုံစိုက်သည့် အရာများကိုလည်း ဖေါ်ပေးနိုင်ခဲ့သည်။ ကျွန်တော်သည် အကြံဉာဏ် တောင်းခံတိုင်ပင်ခြင်း၏ ထိရောက်မှုအပေါ်

www.burmeseclassic.com

www.burmeseclassic.com



ကို သံသယရှိခြင်းဖြင့် ကျွန်တော့်ဘဝ အချိန်အများအပြားကို ကုန်ဆုံးစေလာခဲ့သူ ဖြစ်သည်။ ယခုသော် အခြေအနေဆိုးမျိုးနှင့်ကြုံနေရသူ ကျွန်တော်သည် အကြိုညာဏ်တောင်းခံတိုင်ပင်ခြင်းက ဘယ်မျှကြီးမားစွာ အကူအပံ့ရနိုင်ကြောင်းကို သိမြင်လာရပေပြီ။ ကျွန်တော်သည် ကင်ဆာလူနာဆောင်များကို သွားကာ ရောဂါဒဏ်ကို ကြံ့ကြံ့ခံ တွန်းလှန်နိုင်ရန် ကြိုးပမ်းနေရရှာသည့် ကင်ဆာရောဂါသည် လူနာများအား ဤအကြောင်းကို ပြောပြချင်ပါဘိတော့သည်။

□ □ □

ကျွန်တော့်ထံ စာရေးကြသူများတွင် အများအပြားက ယုံကြည်မှုနှင့် စပ်ရာအကြောင်းများကို ရေးကြသည်။ သူတို့ ပြောကြ ရေးကြတာများကိုရော သူတို့၏ ဆုတောင်းများကိုလည်း ကျွန်တော် အလွန်လေးစား အသိမှတ်ထားပါ၏။

ကျွန်တော်သည် ယုံကြည်မှုဟူသည်မှာ ပုဂ္ဂိုလ်တစ်ဦးချင်း၏ တစ်ကိုယ်ရေကိစ္စသာ ဖြစ်သည်ဟု ယူဆသော မိဘများ၏ ပြုစုစောင့်ရှောက်မှုကို ခံယူလာခဲ့ရသူ ဖြစ်ပါသည်။ ကျွန်တော်၏ ဟောပြောချက်မှာလည်း ကျွန်တော်က ဘယ်ဘာသာရေးပါ စသည်ဖြင့် မဆွေးနွေးခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် မည်သည့်ဘာသာရေးကို ယုံကြည်သူ မဆိုပါ လိုက်နာကျင့်သုံးနိုင်သော အားလုံးနှင့်ဆိုင်သည့် မှုများအကြောင်းကိုသာ ပြောသွားလို၍ ဖြစ်ပါသည်။ ကျွန်တော်၏ ရည်ရွယ်ချက်မှာ ကျွန်တော်လူတွေနှင့် ထိတွေ့ဆက်ဆံလာရာမှ ရရှိခဲ့သော အသိပညာများကို မျှဝေသွားရန် ဖြစ်ပါသည်။

အချို့သော ထိတွေ့ဆက်ဆံမှုများကို ကျွန်တော် ဘုရားရှိခိုးကျောင်းတွင် တွေ့ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့၏ ဘုရားရှိခိုးကျောင်းမှ အမျိုးသမီးတစ်ဦးဖြစ်သူ အမ်အာရ် ကဲလ်ဆီးသည် ကျွန်တော် ခွဲစိတ်မှုကိုခံယူပြီး ၁၀ ရက်လုံးလုံး ဆေးရုံသို့ နေ့တိုင်းလာ၍ ကျွန်တော်နှင့် အတူထိုင်သည်။ ကျွန်တော့်မှာ ကင်ဆာရောဂါ ရှိနေပြီဟု သိပြီးသည့် အချိန်မှစ၍ ကျွန်တော်၏ ဘုန်းတော်ကြီးသည် လွန်စွာ အကူအညီရသူ ဖြစ်သည်။ သူနှင့် ကျွန်တော်သည် ပစ္စဘတ်တွင် ရေကူးကန်တစ်ခုတည်းမှာ အတူတူ ရေကူးကြသူများဖြစ်ကြသည်။ ကျွန်တော့်ရောဂါသည် ကု၍မရနိုင်မှန်း သိလိုက်သည့်နောက်တစ်နေ့တွင် ကျွန်တော်တို့ နှစ်ယောက်စလုံး



ထိုရေကူးကန်၌ ရှိကြသည်။ သူက ရေကူးကန်ဘေး၌ ထိုင်နေ၏။ ကျွန်တော်က ရေကူးကန်ထဲသို့ ဒိုင်ဗင်ထိုး ဆင်းသည့် သစ်သားပြားပေါ်သို့ တက်နေသည်။ ကျွန်တော်သည် သူ့ကို လှမ်းကြည့်လိုက်ပြီး သစ်သားပြားပေါ်မှ ဒိုင်ဗင်ထိုးချလိုက်သည်။

ကျွန်တော် ရေကူးကန်ဘေးသို့ ရောက်လာသည့်အခါ သူက ကျွန်တော့်ကို ပြောသည်။ 'ရန်ဒီ၊ မင်းကြည့်ရတာ ကျန်းမာနေတဲ့ပုံပါပဲကလား' ထိုအခါ ကျွန်တော်က သူ့ကို ပြန်ပြောလိုက်သည်။ 'ဒါကတော့ သိမြင်သာတဲ့ သဘောထားကွဲလွဲမှုပေါ့ခင်ဗျာ၊ အပြင်ပန်းအမြင်အရသာ ကျွန်တော့် ကျန်းမာရေးက ကောင်းနေတယ်ထင်ရပေမဲ့ ကျွန်တော့်ကင်ဆာရောဂါဟာ ပြန်ပေါ်လာပြီး ဆရာဝန်တွေက နောက် သုံးလနဲ့ ခြောက်လ အထိပဲ နေရတော့မယ်လို့ မနေ့တုန်းက သိခဲ့ရတယ်'

သူနှင့် ကျွန်တော်သည် ထိုအချိန်မှစ၍ သေခြင်း တရားကို ကျွန်တော် ဘယ်လို အကောင်းဆုံး ရင်ဆိုင်ဖို့ပြင်ဆင်ထားရမည့်အကြောင်းကို ဆွေးနွေးပြောဆိုလာခဲ့ကြသည်။

'မင်း အသက်အာမခံတော့ ထားတယ်နော်' ဟု သူက မေးသည်။

'ဟုတ်ကဲ့၊ အသက်အာမခံထားပြီးသားပါ'ဟု ကျွန်တော်က ပြန်ဖြေသည်။

'ဒါဆိုရင် မင်းမှာ စိတ်ပိုင်းဆိုင်ရာ အာမခံပဲ လိုတော့တာပေါ့'ဟု သူက ပြောပါသည်။ ဒါပေမဲ့ စိတ်ပိုင်းဆိုင်ရာ အာမခံအတွက် ပရီမီယံကြေးကို ပိုက်ဆံနှင့် ပေး၍မရဘဲ အချိန်နှင့်သာ ပေးရမည်ဖြစ်ကြောင်းကိုလည်း သူက ရှင်းပြပါသည်။

တို့ကြောင့် ကျွန်တော်သည် ကျွန်တော့်မှာရသည့် အချိန်နာရီများကို ကျွန်တော်နှင့် ကျွန်တော့်ကလေးများကို ဗွီဒီယိုရိုက်ခြင်းဖြင့် ကုန်လွန်စေဖို့ လိုအပ်မည်။ သို့မှသာ ကျွန်တော်တို့ သားအဖတစ်တွေ ဘယ်လိုကစားခဲ့ကြ၊ ရယ်မောခဲ့ကြသည့် မှတ်တမ်းများ သူတို့အတွက် ကျန်ခဲ့မည်ဟုလည်း သူက အကြံပေး ပြောဆိုပါသည်။ ယနေ့မှ နောင်နှစ်ပေါင်းများစွာ ကြာလွန်သော် ကျွန်တော်တို့ချင်း မည်သို့မည်ပုံ ထိတွေ့ဆက်ဆံခဲ့ကြ၊ အချင်းချင်း အတူ့အလှည့် ပြုခဲ့ကြသည်များကို သူတို့ကလေးတွေ အလွယ်တကူ တွေ့မြင်နိုင်ကြမည်ဟု ဆိုပါသည်။ သူက ကျွန်တော် ဇနီးကို ချစ်ရသည့် ချစ်မေတ္တာ၏ မှတ်တမ်းအဖြစ် ကျေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ထားရစ်ခဲ့နိုင်စေမည့် ကျွန်တော် လုပ်၍ ရနိုင်သော အလုပ်များနှင့် ပတ်သက်၍လည်း ကျွန်တော့်အား တွေးပြပေးခဲ့သည်။

'မင်းဟာ စိတ်ထဲမှာ စိတ်ပျက်ဝမ်းနည်း ဘာမှ မဖြစ်ဘဲ မင်းရဲ့ စိတ်ပိုင်းဆိုင်ရာ အာမခံကြေးပရီမီယံ သွင်းနိုင်သွားပြီဆိုလျှင် မင်း ရှေ့မှာ နေသွားရမည့် လတွေအတွင်းမှာ မင်းအပေါ် ဖိစီးနေတဲ့ ဝန်တွေ လျော့ကျသွားလိမ့်မယ်၊ ဒီအခါ မင်းမှာ ငြိမ်းချမ်းမှု ပိုရလာပါလိမ့်မယ်'ဟု သူက ပြောပါသည်။

ကျွန်တော်၏ မိတ်ဆွေများ၊ ကျွန်တော်၏ သားသမီးများ၊ ကျွန်တော်၏ ဘုန်းတော်ကြီး၊ ကျွန်တော်နှင့်အလျင်း သိကျွမ်းခဲ့ဖူးခြင်းမရှိသည့် သူစိမ်းသက်သက်များ၊ သူတို့အားလုံးသည် ကျွန်တော့်ထံ စာတွေ အီးမေးလ်တွေပို့ကြ၊ ဆုတောင်းပေးကြ၊ အကြံဉာဏ်တွေပေးခဲ့ကြပါကုန်၏။ နေ့စဉ် နေ့တိုင်း ကျွန်တော်သည် ကျွန်တော့်အား ကျန်းမာ ချမ်းသာစေလိုသော ကျွန်တော့်အား စိတ်ပိုင်းဆိုင်ရာ အရ အားပေးကြကုန်သော ထိုထိုလူများထံမှ သွင်းအားစုတွေ ရရှိနေခဲ့ပါ၏။ ကျွန်တော်သည် လူ့လောက လူအဖြစ်၌ အကောင်းဆုံး နမူနာများကို အမှန်တကယ်ပင် ရရှိနေခဲ့သလို ကျွန်တော်ကလည်း ထိုအတွက် ကျေးဇူးတင်ပါ၏။ သေမင်းနိုင်ငံသို့ မောင်းနှင်သွားနေရသော ကျွန်တော်၏ ခရီးတွင် ကျွန်တော်သည် အထီးကျန်စိတ် ဘယ်အခါမှ မဖြစ်တော့ပြီတကား။

□ □ □

# အပိုင်း ၆
# နောက်ဆုံးစကား

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၃၉

## ကျွန်တော့်ကလေးများအတွက် အိပ်မက်များ

ကျွန်တော့်သားသမီးများကို ပြောချင်တာတွေကတော့ အများကြီးရှိသည်။ သို့ရာတွင် ယခုသော် သူတို့ကလေးတွေက ငယ်လွန်းလှသေး၍ ကျွန်တော် ပြောတာတွေကို နားလည်နိုင်မည် မဟုတ်သေး။ ဒီလန်က ယခုမှ ခြောက်နှစ်ထဲ ရောက်စဖြစ်သည်။ လိုဂန်ကလေးမှာ သုံးနှစ်သား အရွယ်မျှသာ။ သမီးကလေး ချလိုကလည်း တစ်နှစ်ခွဲမျှသာ ရှိပါသေးသည်။ ကျွန်တော်က ကျွန်တော့်ကလေးတွေကို ကျွန်တော်သည် ဘယ်သူ၊ ဘာတွေကို ယုံကြည်သည်၊ သူတို့တစ်တွေကို ကျွန်တော် ဘယ်မျှချစ်လာခဲ့ရသည် စသည်တို့ကို သူတို့ကလေးတွေအား ပြောပြချင်သည်။ သို့ရာတွင် အသက်အရွယ်လေးတွေက ငယ်လှသေးသည်ဖြစ်၍ ကျွန်တော့် ပြောစကားများမှာ သူတို့ခေါင်းထဲမှ လျှံထွက်သွားကြမည်သာ။

ကျွန်တော် သူတို့ကလေးတွေကို ဘယ်လိုနည်းနှင့်မှ မခွဲခွာသွားလိုကြောင်းကို သူတို့တစ်တွေ သိစေချင်လှ၏။

ဂျေးနှင့် ကျွန်တော်သည် သူတို့အား ကျွန်တော် သေရတော့မည့်အကြောင်းကို ခုအချိန်အထိ ပြောမပြဖူးသေးပါ။ ကျွန်တော် သည့်ထက်သည် ဆိုးလာသည့် လက္ခဏာတွေ ပြလာချိန်ရောက်မှ ပြောပြပါဟု ကျွန်တော့်တို့အား အကြံပေးလာကြသူများ ရှိသည်။ ယခုအနေအရသော် ကျွန်တော် နေရမည့်အချိန်သည် လအနည်းငယ်မျှသာ ကျန်တော့သည်ဆိုမေမဲ့ ကျွန်တော်က အတော်ကြီး ကျန်းမာနေသည့်ပုံ ပေါက်နေဆဲ ဖြစ်၏။ သို့ဖြစ်၍ ကျွန်တော့်ကလေးတွေသည် ကျွန်တော် သူတို့

www.burmeseclassic.com

www.burmeseclassic.com



နှင့် တွေ့နေသမျှအချိန်တိုင်း၌ ကျွန်တော်က သူတို့ကို ခွဲခွာဖို့ နှုတ်ဆက်နေခြင်း ဖြစ်ပါကလားဟူ၍ မသိနိုင်ဘဲ ဖြစ်နေဆဲ ဖြစ်သည်။

သူတို့ကလေးတွေ ကြီးလာသည့်အခါ သူတို့မှာ အဖေခေါ်စရာလူ ရှိတော့မှာ မဟုတ်ပါကလားဟု တွေးမိတိုင်း ကျွန်တော့် ရင်ထဲမှာ ကျင်ကျင်သွားသည်။ ကျွန်တော်ရေချိုးရင်း ငိုမိသည့်အခါ ကျွန်တော်သည် 'သူတို့ ဒါလေးလုပ်တာကို ငါမြင်ရတော့မှာ မဟုတ်၊ သူတို့ ဟိုဟာလေး လုပ်တာကို ငါမြင်ရတော့မှာ မဟုတ်' ဟူသော အတွေးမျိုး မတွေးတော့ပါ။ သူတို့ ကလေးတွေမှာ အဖေရှိတော့မှာ မဟုတ်တော့ပါကလား ဟူသည်ကိုသာ တွေးနေမိပါတော့သည်။ ကျွန်တော်သည် ကျွန်တော်က ဘာဆုံးရှုံးတော့မှာပါကလား ဆိုတာထက် သူတို့ကလေးတွေ ဘာဆုံးရှုံးမှာပါကလား ဟူသည်ကိုသာ ပို၍ အလေးထား စဉ်းစားနေမိပါတော့သည်။ ကျွန်တော်၏ ဝမ်းနည်းကြေကွဲမှု၏ တစ် ရာခိုင်နှုန်းက 'ငါ မသေချင်ဘူး၊ ငါ မသေချင်ဘူး၊ ငါ မသေချင်ဘူး' မျှသာဖြစ်ပြီး ရာခိုင်နှုန်းအများစုမှာ သူတို့အတွက် ဖြစ်ရသော ဝမ်းနည်းကြေကွဲမှု ဖြစ်ပါသည်။ 'သူတို့ မ -------- ရဘူး၊ သူတို့ မ---------ဘူး၊ သူတို့ မ------------ ရဘူး' ဟူ၍သာ ကျွန်တော် တွေးနေတော့သည်။ စိတ်ကိုသာ လွှတ်ပေးလိုက်ပါလျှင် ကျွန်တော့်ရင်တွင်း၌ ထိုအတွေးမျိုးကသာ ဝဲလှည့် ကန်တော့ထိုးနေပါတော့မည်။

သူတို့သည် ကျွန်တော့်ကို ရေးတေးတေးလောက်တော့ မှတ်မိနိုင်သည်ဟု ကျွန်တော် သိထားသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် သူတို့မေ့မသွားနိုင် လောက်ဖွယ် အရာများကို သူတို့နှင့်အတူတူလုပ်ဖို့ ကျွန်တော် ကြိုးစားနေခြင်း ဖြစ်သည်။ ကျွန်တော်က သူတို့၏ မှတ်ဉာဏ်သည် ဖြစ်နိုင်သမျှ ထက်မြက်စေလို သည်။ ဒီလန်နှင့် ကျွန်တော် အားရက်အသေးစားကလေးယူကာ လင်းပိုင်တွေနှင့် အတူ ရေကူးခဲ့ကြသည်။ ကလေးတစ်ယောက်သည် လင်းပိုင်များနှင့် ရေအတူတူ ကူးဖူးသည်ဟူသော ဖြစ်ရပ်မျိုးသည် မေ့ပျောက်လွယ်မည်မဟုတ်။ ကျွန်တော်တို့ သားအဖ ဓာတ်ပုံတွေလည်း အများအပြား ရိုက်ခဲ့ကြသည်။

ကျွန်တော် လိုဂန်ကိုလည်း ဒစ္စနေးဝေါ့လ်သို့ ခေါ်သွားရဦးမည်။ ကျွန်တော် တုန်းက အလွန်သဘောကျခဲ့သည့်နေရာ ဖြစ်သလို ကျွန်တော့်သားငယ်ကလေး လည်း ထိုနေရာကို အလွန်သဘောကျမည်သာ ဖြစ်မည်။ သူသည် မစ်ကီမောက်စ် နှင့်လည်း တွေ့ချင်မည်သာ ဖြစ်သည်။ ကျွန်တော်သည် မစ်ကီမောက်စ်နှင့် တွေ့



ဖူးသည်ဖြစ်ရာ ကျွန်တော့်သားကလေးကို သူနှင့် မိတ်ဆက်ပေးနိုင်မည်ဖြစ်သည်။ ကျွန်တော်နှင့် ဈေးသည် ဒီလန်ကိုလည်း ခေါ်လာခဲ့မည်။ လိုဂန်ကလေး တွေ့ကြုံ



ဒီလန်နှင့် အမှတ်တရ

ရသမျှ အတွေ့အကြုံများသည် သူ့အစ်ကိုကြီးသာ မပါခဲ့ပါလျှင် ထိုအတွေ့အကြုံ များသည် သူ့အဖို့ ပြည့်စုံဖွယ် မဖြစ်နိုင်သောကြောင့် ဒီလန်ကိုပါ ခေါ်ရမည် ဆိုရခြင်း ဖြစ်ပါသည်။



လိုဂန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ညစဉ်ညတိုင်း အိပ်ရာဝင်ချိန်၌ ကျွန်တော်က ဒီလန်အား ထိုနေ့တွင် ဘယ်အချိန်ပိုင်းသည် သူ့အဖို့ အကောင်းဆုံး အချိန်ပိုင်းပါလဲဟု မေးသည်။ ထိုအခါ သူက 'ဒီလန်နဲ့ ကစားရတာ' ဟု ဖြေလေ့ရှိသည်။ ထိုနေ့အဖို့ အဆိုးဆုံး အချိန်ပိုင်းက ဘယ်အချိန်ပိုင်းပါလဲဟု မေးသည့်အခါတွင်လည်း 'ဒီလန်နဲ့ ကစားရတာ' ဟုပင် ဖြေပြန်လေသည်။ အတိုချုပ်ရလျှင် သူတို့သည် သံယောဇဉ် ချည်နှောင်ထားကြသည့် ညီအစ်ကိုများ ဖြစ်ကြပါပေသည်။

ချလိုကလေးကတော့ ကျွန်တော့်ကို မှတ်မိနိုင်မည် မဟုတ်မှန်း ကျွန်တော် သိပါသည်။ သမီးကလေးက ငယ်လွန်းလှသေး၏။ သို့ရာတွင် ကျွန်တော် သူ့ကို ပထမဦးဆုံးချစ်ခဲ့သူမှာ ကျွန်တော်သည်သာ ဖြစ်ကြောင်းကို သည်သမီးကလေး အား သိစေချင်သည်။ ကျွန်တော်က ဖအေပဲ၊ သမီးပဲဆိုတာသည် အပိုပါဟု ထင်မိ ခဲ့၏။ သို့ရာတွင် ဖအေနှင့် သမီး ဟူသည်တို့သည် တကယ်ရှိနေသောအရာ ဖြစ်ကြောင်းကို ကျွန်တော် ပြောပြနိုင်သည်။ တစ်ခါတစ်ရံ သူက ကျွန်တော့်ကို ကြည့်လိုက်သည့်အခါ ကျွန်တော့်မှာ ရေအိုင်ကလေးတစ်ခု ဖြစ်သွားရတော့သည်။

သူတို့ကြီးလာသည့်အခါ ကျွန်တော့်အကြောင်းကို သူတို့အမေ ဂျေးက ပြောပြနိုင်မှာတွေ အများကြီးရှိပါသည်။ ဂျေးသည် ကျွန်တော်၏ အကောင်းမြင် စိတ်ဓာတ်အကြောင်းတို့၊ ကျွန်တော်ပျော်အောင်နေသွားပုံတို့၊ ကျွန်တော့်ဘဝတွင် မြင့်မားသော စံများကို ချမှတ်သွားနိုင်အောင် ကြိုးစားခဲ့ပုံတို့ကို ပြောပြနိုင်ဖွယ် ရှိပါသည်။ ကျွန်တော်သည် ဘဝကို ချဉ်းကပ်ရာ၌ ခွဲခြမ်းစိတ်ဖြာနည်းကို လိုသည် ထက်ပိုစွာ သုံးတတ်ပုံ၊ ငါသာ အတတ်ဆုံးဟု (မကြာခဏ) ဖွတ်လုပ်ချင်တတ်ပုံ စသည့် ကျွန်တော်၏ စိတ်ကုန်စရာကောင်းသော အရာများကိုတော့ သူကလေး တွေကို အလိမ္မာနည်းသုံးကာ ပြောပြနိုင်ဖွယ် ရှိပါသည်။ ဂျေးသည် ကျွန်တော် ထက် များစွာ မွန်ရည်သောသူတစ်ဦးဖြစ်ရာ ကျွန်တော်တို့ အိမ်ထောင်သည် ဘဝတွင် သူ့ကို တကယ် နှစ်နှစ်ကာကာချစ်သည့် ယောကျ်ားတစ်ယောက်ရှိ ကြောင်းမျိုးကိုတော့ ကလေးတွေအား ပြောပြချင်မှ ပြောပြပါလိမ့်မည်။ သူ ဘယ်မျှ စွန့်လွှတ် အနစ်နာခံရကြောင်းများကိုတော့ ပြောပြလိမ့်မည် မဟုတ်ပါ။ လူမမယ် ကလေးသုံးယောက်၏ မိခင်တစ်ယောက်အနေဖြင့် မိခင်တို့ သဘာဝအတိုင်း ကိုယ့်ရင်သွေးကလေးများအပေါ် အရိပ်တကြည့်ကြည့်နှင့် ဂရုတစိုက် စောင့်ရှောက် မည်သာ ဖြစ်ပါသည်။ ကင်ဆာရောဂါသည် လင်ယောကျ်ား တစ်ယောက်၏



ဇနီးသည်အဖြစ်သို့ ရောက်လာခဲ့မှတော့ ကိုယ့်အကျိုးကိုယ့်ကိစ္စကို ဘာမှ စဉ်းစား မနေသာတော့ဘဲ သူတစ်ပါး၏ လိုအင်တွေကို ဖြည့်ဆည်းပေးနေရသူ အဖြစ်နှင့်သာ နေရပါတော့သည်။ ကျွန်တော်သည် ကျွန်တော့်သားသမီးကလေးများအား သူတို့၏ အမေသည် ဘယ်မျှ ကိုယ်ကျိုးစွန့် အနစ်နာခံရရှာကြောင်းကို သိစေချင်လှပါသည်။

မကြာသေးခင်က မိမိတို့အလွန်ငယ်ရွယ်သေးစဉ်တွင် မိဘများဆုံးပါးသွား ကြသူများနှင့် စကားပြောဖြစ်လုနီး ဖြစ်ခဲ့သည်။ သူတို့သည် အခက်အခဲများကို ဘယ်ပုံကျော်လွှား ဖြတ်သန်းလာခဲ့ကြသည်၊ ဘယ်လိုအမှတ်တရ လက်ဆောင် များက သူတို့အတွက် အဓိပ္ပာယ်အရှိဆုံးဖြစ်ခဲ့သည် စသည်တို့ကို ကျွန်တော်က သိချင်သည်။

ထိုအခါ သူတို့က ပြောပြသည်မှာ သူတို့၏ မိခင် ဖခင်များက သူတို့အပေါ် ဘယ်မျှချစ်ခဲ့ကြပါကလားဟု သိလိုက်ရခြင်းသည် သူတို့အဖို့ နှစ်သိမ့်စရာ ဖြစ်ခဲ့ ကြသည်ဟု ဆိုပါသည်။ မိဘများ၏ မေတ္တာကြီးပုံကို သိလေလေ ထိုမေတ္တာကို သူတို့ ခံစား၍ ရနိုင်လေလေ ဖြစ်သည်ဟု ပြောကြပါသည်။

သူတို့က ဂုဏ်ယူဖွယ်အကြောင်းတွေကို လိုချင်ကြသည်။ သူတို့၏ မိဘများ သည် မယုံကြည်နိုင်လောက်ဖွယ် ထူးခြားသူများဟု ယုံကြည် ယူဆချင်ကြ၏။ အချို့ကမူ သူတို့မိဘများ၏ စွမ်းဆောင်မှုများနှင့် ပတ်သက်၍ ထူးခြားချက်များ ကို ရှာဖွေကြသည်။ အချို့ကမူ ဒဏ္ဍာရီယုံတမ်းသဖွယ် ဖြစ်နေစေချင်ကြသည်။ သို့ရာတွင် အားလုံးက တောင့်တကြသည်မှာ သူတို့၏ မိခင်ဖခင်တို့ ထူးခြားအောင် ပြုပေးသည်မှာ ဘယ်အရာများပါလဲဟု သိလိုကြခြင်း ဖြစ်သည်။

ထိုမိဘမဲ့များက ကျွန်တော့်ကို ပြောခဲ့ကြတာ ရှိသေးသည်၊ သူတို့သည် သူတို့၏ မိဘများကို မှတ်မိသည့်အရာများက နည်းလှကြသည် ဖြစ်၍ သူတို့မိဘ များသည် သူတို့ကို လွမ်းဆွတ် သတိရရင်းဖြင့်ပင် သေသွားကြသည် ဟူသော အချက်ကို စိတ်ချလက်ချ သိလိုကြခြင်း ဖြစ်ပါသည်ဟု ဆိုပါသည်။

ထိုအတိုင်းဆိုသော် ကျွန်တော်၏ ကျွန်တော့်ကလေးများကို အောက်မေ့ သတိရမှုသည် ကျွန်တော့်ခေါင်းထဲ၌ ပြည့်၍နေပါသည်ဟု ဆိုရပါမည်။

ဒီလန်အကြောင်းပဲ ပြောကြပါစို့။ သည်သားကလေးသည် အလွန်ချစ်ဖွယ် ကောင်းလှပြီး ပြတ်သားလှသူ ဖြစ်သည်။ အခြား ကလေးတစ်ယောက်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်မိသွားသည်ရှိသော် ဒီလန်သည် ထိုကလေးထံသို့ ကစားစရာကလေး တစ်ခု ဖြစ်စေ၊ စောင်ကလေးတစ်ခုဖြစ်စေ ယူပေးလေ့ရှိသည်။

ဒီလန်မှာ တွေ့ရသည့် အခြားညဉ်ကောင်းကလေးလည်း ရှိသေး၏။ သူသည် လူကြီးများကဲ့သို့ ပိုင်းခြားစိတ်ဖြာ ကြည့်တတ်သူ ဖြစ်သည်။ သူသည် အဖြေထက် အမေးက ပိုအရေးကြီးကြောင်းကို စဉ်းစားတတ်သူ ဖြစ်သည်။ ကလေးအများအပြားက 'ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ' ဟု မေးတတ်ကြသည်။ ကျွန်တော်တို့ အိမ်တွင် စကားလုံး တစ်လုံးတည်း ပါသော မေးခွန်းမျိုးကို မထုတ်ရ ဟု စည်းကမ်းသတ်မှတ်ထားရာ ဒီလန်က ထိုစိတ်ကူး အယူဆကို သဘောကျသည်။ သူသည် ဝါကျအပြည့်နှင့် မေးသော မေးခွန်းများကို ဆောက်တည် မေးမြန်းရန် ဝါသနာပါသည်။ ထို့ပြင် သူ၏ သိလိုစိတ်သည် အရွယ်နှင့် မလိုက်ပေ။ သူ၏ မူကြိုဆရာမများက ပြောဖူးတာကို ကျွန်တော်သွားသတိရမိသည်။ 'ဒီလန်နဲ့သာ နေရရင် ကိုယ်ပါ စဉ်းစားနေရတော့တာပဲ၊ ကျွန်မဖြင့် ဒီကလေးလေး ကြီးလာရင် ဘယ်လိုလူမျိုး ဖြစ်သွားမယ်ဆိုတာ ကြည့်ချင်လိုက်တာ' တဲ့။

ဒီလန်သည် စပ်စုရာတွင် ဘုရင်တစ်ဆူပင်။ ဘယ်နေရာရောက်ရောက် ရောက်ရာနေရာတွင် တစ်နေရာရာကို ကြည့်ပြီး 'ဟေး၊ ဟိုမှာ ဘာလေးလဲ မသိဘူး၊ ကြည့်ရအောင်၊ ကိုင်ကြည့်မယ်၊ တစ်စစီဆွဲယူမယ်' စသည်ဖြင့် စဉ်းစားနေတတ်သူ ဖြစ်သည်။ အချို့ကလေးတွေက အဖြူရောင်ဝင်းထရံတစ်ခုကို တွေ့သည်ဆိုလျှင် တောင် တုတ်တစ်ချောင်းနှင့်တို့ကာ 'တောက်တောက် တောက်တောက်' ဟူသော အသံကို နားထောင်ရင်း လျှောက်သွားတတ်သည်။ ဒီလန်ကား ထိုမျှနှင့် အားမရနိုင်။ တုတ်နှင့် ဝင်းထရံတိုင်များကို ကော်ထုတ်ကာ ထိုတိုင်ကို အသုံးချလေသည်။ တိုင်က တုတ်ချောင်းထက် ပိုထူသဖြင့် တောက်တောက် အသံမှာ တုတ်ချောင်းနှင့် ပြုသည်ထက် ပို၍ မြည်လေသည်။

လိုဂန်ကမူ ဒီလန်နှင့်မတူ။ သူ့မှာ အရာရာတွင် စွန့်စွန့်စားစားချည်းနှင့် ကြုံရသည်။ သူ့ကို မွေးစဉ်က မွေးလမ်းကြောင်းတွင် ကပ်တွယ်ပြီး ပိတ်နေသလိုဖြစ်၍ ဆရာဝန်နှစ်ဦးက ညှပ်များနှင့် ဆွဲထုတ်ယူရသည်။ ဆရာဝန်တစ်ယောက်သည် စားပွဲပေါ်ကို ခြေကန်ကာ အားကုန်ထုတ်၍ သူ့ကို ဆွဲယူရပုံကို ကျွန်တော် မှတ်မိနေသေး၏။ တစ်ချက်တွင် ဆရာဝန်က ကျွန်တော့်ဘက်လှည့်ကာ 'ကျွန်တော်ဖြင့် ဒါနဲ့မရရင် သံကြိုးတွေ ဘာတွေရှာပြီး မြင်းနဲ့ဆွဲယူရမလား အောက်မေ့တယ်' ဟု ပြောသည်။



လိုဂန် လူ့လောကထဲသို့ ရောက်လာပုံမှာ ခက်ခက်ခဲခဲ ဖြစ်ပါ၏။ မွေးလမ်းကြောင်းမှာ အချိန်ကြာညောင်းစွာ ပိတ်နေသဖြင့် သူ့လက်များသည် မွေးဖွားလာပြီးသည့်တိုင် လှုပ်ရှား၍မရ ဖြစ်နေပေသည်။ ကျွန်တော်တို့မှာ ပူလိုက်ရတာ။ အချိန် မကြာလိုက်ပေ၍ တော်သေးပေတော့သည်။ သူသည် ဤသို့နှယ် ထူးခြားလှသည့် အကောင်းလက္ခဏာ အင်အားများရှိသူဖြစ်ရာ သူသည် ရုပ်ပိုင်းဆိုင်ရာ အရရော ပေါင်းသင်းဆက်ဆံရေးအရပါ အားကောင်းသူ ဖြစ်လေသည်။ သူသည် ပြုံးလိုက်လျှင် မျက်နှာတစ်ခုလုံးဖြင့် ပြုံးသူဖြစ်၍ တကယ့်ကို 'တစ်ဂါး' တစ်ယောက်ပါပေ။ သူသည် ဘာအတွက်မဆို အသင့်ဖြစ်နေပြီး မည်သူနှင့်မဆို အဆွေခင်ပွန်းဖွဲ့နိုင်သူ ဖြစ်၏။ သူ့အသက်သည် သုံးနှစ်သာ ရှိသေး၏။ သို့ရာတွင် ကျွန်တော် အတတ်ပြောဝံ့သည်။ သူသည် သူ့တက္ကသိုလ် သဟာယအသင်း၏ ဥက္ကဋ္ဌ ဖြစ်မည့်သူ ဖြစ်သည်။

ချလိုကလေးကတော့ တကယ့်ကို မိန်းကလေးပီသသူ ဖြစ်သည်။ ကျွန်တော် ပထမတွင် ဘာမှ မပြောဝံ့သေး။ နောက်တော့မှသာ ထိုသို့ ပြောနိုင်ခြင်းဖြစ်သည်။ သူ့ကို ပထမတွင် ဗိုက်ခွဲမွေးရမည့်အနေရှိသည်။ သို့ရာတွင် ဂျေးသည် ဆေးရုံသို့ ရောက်၍ မကြာမီမှာပင် ရေမြွှာပေါက်သွားရာ ရေမြွှာနှင့်အတူ ချလိုကလေးလည်း လျှောကျလာသည်။ ဤသမီးကလေးချလိုကို ပထမဦးဆုံးအကြိမ် ကောက်ချီ မရင်း သူ့မျက်နှာကလေးကို ကြည့်နေမိစဉ် အချိန်ကလေးသည် ကျွန်တော့်ဘဝတွင် အပြင်းထန်ဆုံး စိတ်ပိုင်းဆိုင်ရာ အချိန်ကလေးတစ်ခု ဖြစ်ခဲ့ပေသည်။ ကျွန်တော့်မှာ ဤဆက်သွယ်မှု ခံစားချက်ကလေးရှိသည်။ သို့ရာတွင် ထိုခံစားချက်သည် ယောကျ်ားကလေးများနှင့် ရှိခဲ့ရသော ဆက်သွယ်မှုခံစားချက်နှင့် ခြားနားလှပေသည်။ ကျွန်တော့်သမီးကလေး၏ လက်ချောင်းကလေးကို ထွေးပတ်ပေးသော ကလပ်၏ အသင်းဝင်တစ်ဦးဖြစ်၍ နေပေပြီ။

ကျွန်တော်သည် သမီးကလေး ချလိုလုပ်သမျှ ကြည့်နေရတာကို သဘောကျလှသည်။ ရုပ်ပိုင်းဆိုင်ရာအားဖြင့် များစွာ ရဲတင်းသည့် ဒီလန်နှင့် လိုဂန်တို့လို မဟုတ်ဘဲ ချလိုသည် အလွန်သတိရှိ၏။ သိမ်မွေ့သည်ဟုပင် ဆိုနိုင်သည်။ ကျွန်တော်တို့၏ လှေကားထိပ်တွင် အန္တရာယ်ကို တားဆီးပေးမည့်တံခါးကလေး တပ်ဆင်ထားသည်။ သို့ရာတွင် ချလိုသည် ထိုတံခါးကို အသုံးပြုလေ့မရှိတတ်ပါ။ အဘယ့်ကြောင့်ဆိုသော် သူထုတ်လိုက်သော အားအင်သည် သူ့ကို အန္တရာယ်ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် မဟုတ်သောကြောင့်တည်း။ အကြောက်အလန့်မရှိ လေ့ကားကို ဒုန်းဒုန်းဒိုင်းဒိုင်းနှင့် ဆင်းပြေးတတ်ကြသော အစ်ကိုနှစ်ယောက်ကြားတွင် ကြီးလာရသဖြင့် သူပြုမူပုံကို မြင်တွေ့ရသည့် ကျွန်တော်နှင့် ဂျေးတို့မှာ အတွေ့အကြုံသစ်တစ်ခု ရသည့်သဘောပင်။

ကျွန်တော်သည် ကျွန်တော့်သားသမီး သုံးယောက်စလုံးကို ကွဲင်းမဲ့ဥသုံ့ချစ်ပါ၏။ ချစ်ပုံချစ်နည်းကား တစ်ဦးအပေါ်နှင့် အခြားတစ်ဦးအပေါ် မတူပေ။ ကျွန်တော်သည် သူတို့တတွေ အသက်ရှင်နေသမျှ ကာလပတ်လုံး ချစ်သွားမည်ဆိုတာကို သူတို့ကလေးတွေ သိစေချင်လှပါ၏။ ကျွန်တော်သည် သူတို့ကို ချစ်သွားမည်သာ ဖြစ်ပါသည်။

သို့ရာတွင် ယခုအခါ ကျွန်တော်နေရမည့် အချိန်က နည်းသွားလှပြီဖြစ်၍ ကျွန်တော်သည် သူတို့နှင့် နှောင်ဖွဲ့ထားသော သံယောဇဉ်နှောင်ကြိုးကို ဘယ်ပုံဘယ်နည်း တိုး၍ခိုင်အောင်ပြုရမည်ကိုသာ စဉ်းစားနေရတော့သည်။ ထို့ကြောင့် ကျွန်တော်သည် သူတို့တစ်ဦးချင်းနှင့်စပ်သည့် ကျွန်တော်၏ အောက်မေ့ သတိရစရာများကို သီးခြား စာရင်းပြုနေရသည်။ ကျွန်တော်သည် သူတို့အတွက် အဘယ်အဓိပ္ပာယ်ဆောင်ပါသည်ဟု သူတို့ကို ပြောပြသည့် ဗွီဒီယိုများကို သူတို့ ကြည့်နိုင်အောင် ရိုက်ကူးနေရသည်။ ကျွန်တော်သည် ကျွန်တော်၏ နောက်ဆုံးဟောပြောချက် ဗွီဒီယိုကိုလည်း ကြည့်နေရသည်။ ပြီးတော့ ကျွန်တော် သူတို့အတွက် ထားရစ်ခဲ့နိုင်မည့် ဤစာအုပ်ကိုလည်း ရေးနေရသည်။ ကျွန်တော့်မှာ နောက်ဆုံးဟောပြော ချက် ဟောပြောပြီးချိန်နောက်ပိုင်း၌ ကျွန်တော့်ဆီသို့ ပို့ခဲ့ကြသည့် စာတွေ အပြည့်ထည့်ထားသည့် ပလပ်စတစ်ပုံးကြီးလည်း ရှိသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကျွန်တော့် သားသမီးများသည် ဘာတွေပါလိမ့်ဟူ၍ ဤပုံးကြီးကို ကြည့်မိချင် ကြည့်မိကြလိမ့်မည်။

ထိုသို့သောအခါတွင် ကျွန်တော်၏ မိတ်ဆွေများကရော ကျွန်တော်နှင့် မသိသည့် သူစိမ်းများကပါ ကျွန်တော်၏ ဟောပြောချက်မှာ အဓိပ္ပာယ် အပြည့်အဝ ရှိကြောင်း ယူဆကြသည်ကို သူတို့ကလေးတွေ သိရှိသွားနိုင်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်သည်။

ကျွန်တော်သည် ထိုဟောပြောချက်၌ ကျွန်တော်၏ ကလေးဘဝ စိတ်ကူးအိပ်မက်များအကြောင်းကို တော်တော်များများ ပြောထားခဲ့သဖြင့် မကြာသေးမီက



ကျွန်တော်၏ ကလေးများအတွက် စိတ်ကူးအိပ်မက်တွေကကော ဘာပါလဲဟု မေးမြန်းသူများ ရှိလာကြသည်။

ကျွန်တော့်မှာ ထိုသို့ မေးမြန်းသူများအတွက် တိုက်ရိုက်ပေးစရာ အဖြေရှိပြီးသား ဖြစ်ပါသည်။

မိဘများအနေဖြင့် သူတို့၏ သားသမီးများအတွက် ဘယ်သူက ဘာဖြစ်ရမည်ဟူသော တိကျသော စိတ်ကူးအိပ်မက်မျိုးထားရှိရန်မှာ အလွန်တရာ ဖျက်လိုဖျက်ဆီး လုပ်ရာကျပါသည်။ တက္ကသိုလ် ပါမောက္ခ တစ်ဦးအနေဖြင့် အဓိကဘာသာ အရွေးမှားကြသူ တက္ကသိုလ်ကျောင်းသားမြောက်များစွာကို တွေ့ဖူးပါပြီ။ ကျွန်တော်၏ ရုံးချိန်အတွင်း ငိုယိုကြသံများကို အကဲဖြတ်ရသောအားဖြင့် မိဘများသည် သူတို့သားသမီးများကို ရထားပေါ်သို့ တင်ပေးလိုက်ကြသည်။ ရလဒ်ကရထားပျက်ခြင်းနှင့် ကြုံလိုက်ရခြင်း ဖြစ်နေလေတော့သည်။

ကျွန်တော်သိသမျှ ပြောရသော် မိဘများ၏ အလုပ်မှာ ကလေးများ ဘဝကိုပျော်ပျော်ရွှင်ရွှင် နေတတ် ထိုင်တတ်ပြီး သူတို့၏ စိတ်ကူးအိပ်မက်များကိုပင် အကောင်အထည်ဖော်သွားနိုင်အောင် အားပေးခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်တို့အနေဖြင့် အကောင်းဆုံးလုပ်ပေးနိုင်သည်မှာ သူတို့၏ ဘဝရည်မှန်းချက် တာဝန်ကို ထမ်းဆောင်ရန်အတွက် လိုအပ်သည့် ကိရိယာတန်ဆာပလာများ ရရှိလာအောင် ကူညီပေးရန်သာ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော့်သားသမီးများအတွက် ကျွန်တော်၏ အိပ်မက်များမှာ တိကျလှပါသည်။ ကျွန်တော်က သူတို့သည် သူတို့ရည်မှန်းချက် ပြည့်စေရန် သူတို့လမ်းကို သူတို့ဘာသာ ရှာစေလိုသည်။ ကျွန်တော်က ရှိတော့မည်မဟုတ်၍ ကျွန်တော်က ဤအချက်ကိုလည်း ကျွန်တော်ကလေးများ ရှင်းရှင်းလင်းလင်း နားလည်သွားကြစေလိုသည်။ သားတို့ သမီးတို့ တို့အဖေ ဘာဖြစ်စေချင်ခဲ့ပါလိမ့်ဟူ၍ သိရန် အားထုတ်မနေကြပါနှင့်၊ အဖေကတော့ သားတို့ သမီးတို့ ဖြစ်ချင်သည့်အတိုင်း ဖြစ်လာဖို့သာပဲ လိုလားပါသည်။

ကျွန်တော့် စာသင်ခန်းများကို ဖြတ်သန်းသွားခဲ့ကြသော ကျောင်းသားများစွာကို မြင်တွေ့လာခဲ့သည့်အလျောက် မိဘများစွာတို့သည် မိမိတို့ ကလေး၏ ဩဇာအားကို အမှန်အတိုင်း မသိကြကြောင်းကို ကျွန်တော် သိလာခဲ့ရသည်။ ကလေးငယ်၏ အသက်အရွယ်၊ ကလေးငယ်၏ ကိုယ့်ကိုယ်ကိုယ် သိနားလည်မှုတို့အပေါ်

www.burmeseclassic.com

www.burmeseclassic.com



မူတည်လျက် မိခင်ဖခင်တို့က လက်တန်း ပြောဆိုလိုက်သည့် စကားတစ်ခွန်းသည် မြေတူးစက်ကြီးက ထိုးဖယ်လိုက်သည့် ထိုးဖယ်ချက်တစ်ခုနှင့် တူနေတတ်သည်။ ကျွန်တော်က လိုဂန်သည် ကြီးလာလျှင် သူ့တက္ကသိုလ်ကျောင်းက သဟာယအသင်း ဥက္ကဋ္ဌ ဖြစ်လာလိမ့်မည် ဟူသော နိမိတ်ဖတ်ချက်တောင် မှန် မမှန် ကျွန်တော် အသေအချာ မပြောနိုင်ပေ။ ကျွန်တော်သည် ၎င်းအဖေက ၎င်းအား တက္ကသိုလ် သဟာယအသင်း၏ ဥက္ကဋ္ဌဖြစ်ရန် မျှော်လင့်ထားပါကလား သို့မဟုတ် တက္ကသိုလ်တွင် ခေါင်းဆောင် ဖြစ်စေချင်ပါကလား၊ တခြား ဘာလား ညာလား ဟူ၍ တွေးနေခြင်းဖြင့် သူ၏ တက္ကသိုလ်ကျောင်းသားဘဝ အဆုံးမသတ်သွားစေလိုပေ။ သူ့ဘဝသည် သူ၏ဘဝသာ ဖြစ်စေချင်ပါသည်။ ကျွန်တော်က ကျွန်တော့် ကလေးတွေအား ကိုယ့်လမ်းကို လိုလိုလားလား ထက်ထက်သန်သန်နှင့် ရှာကြ ဟူ၍သာ အားပေးတိုက်တွန်းလိုပါသည်။ ကျွန်တော်က သူတို့ ဘယ်လမ်းရွေးရွေး ကျွန်တော်သည် သူတို့နှင့်အတူ ရှိနေဘိသကဲ့သို့ သူတို့စိတ်မှာ ထင်နေစေချင်သည့် ဆန္ဒလောက်သာ ရှိပါသတည်း။

□ □ □

## အခန်း ၆၀

## ဂျေးနှင့် ကျွန်တော်

ကင်ဆာရောဂါနှင့် ရင်ဆိုင်နေကြရသော မိသားစုတို့ သိကြသည့်အတိုင်းပင် ပြုစုစောင့်ရှောက်ပေးရသူတို့က ဘေးနားသို့ ရောက်ရောက်သွားတတ်သည်။ လူမမာများမှာ ကိုယ့်ရောဂါလောက်ကိုသာ အာရုံစိုက်တတ်ကြ၏။ သူတို့ကသာ ဖူးဖူးမှုတ်ခံ၊ အသနားခံများ ဖြစ်နေကြသည်။ ပြုစုစောင့်ရှောက်ပေးရသူများမှာမူ ကိုယ့်ဒုက္ခ ကိုယ့်ဝေဒနာတို့ကို အောက်မေ့သတိရချိန်ပင် မရကြဘဲ လေးလံသော ဝန်ကို ထမ်းနေကြရလေသည်။

ကင်ဆာရောဂါသည် ကျွန်တော့်ကို ပြုစုစောင့်ရှောက်ပေးနေရသည့် ကျွန်တော့်ဇနီး ဂျေး ဆိုလျှင် ကလေးသုံးယောက်နှင့် လုပ်ရမည့် တာဝန်တွေက ပို၍ပင် များနေသေးတော့သည်။ ထို့ကြောင့် ကျွန်တော်၏ နောက်ဆုံး ဟောပြောချက်ကို ဟောပြောဖို့ပြင်ဆင်နေစဉ်က ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုချခဲ့သည်။ ဤဟောပြောချက်သည် ကျွန်တော်၏ အရေးပါသော အချိန်ကာလကလေး ဖြစ်နေနိုင်ပေရာ ကျွန်တော်သည် ဂျေးကို ဘယ်မျှချစ်မြတ်နိုး တန်ဖိုးထားကြောင်းကို တစ်နည်းနည်းဖြင့် ပြသွားလို၏။

ကျွန်တော်၏ ဟောပြောချက် ဆုံးခါနီး၌ ကျွန်တော့် ဘဝတွင် ကျွန်တော် ရရှိခဲ့သော သင်ခန်းစာများကို ပြန်လည် သုံးသပ်ကြည့်ပုံပါသည်။ ထိုနေရာတွင် ကိုယ့်ကိုယ်ကိုယ်ချည်း အာရုံပြုနေခြင်းထက် သူတစ်ပါးကို အာရုံပြုတတ်ဖို့က အလွန်အရေးကြီးကြောင်း ကျွန်တော် ဖော်ပြခဲ့သည်။ ဟောပြောစင် အပြင်ဘက်ကို ကြည့်ရင်း ကျွန်တော်က ဤသို့ မေးခဲ့၏။ 'ကျွန်တော်တို့မှာ ဟောဟိုမှာရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ယောက်အပေါ် အာရုံပြုပါတယ်ဆိုတဲ့ ဆုပ်ဆုပ်ကိုင်ကိုင် နမူနာသာဓက ရှိပါသလား၊ အဲဒီ နမူနာ သာဓကကို ထုတ်ပြနိုင်ပါသလား'

ထိုအရင် တစ်ရက်သည် ဂျေး၏ မွေးနေ့ဖြစ်နေခြင်းကြောင့် ဟောပြောစင်အပြင်ရှိ တွန်းရွှေ့သွားနိုင်သော စားပွဲပေါ်တွင် မီးထွန်းရန် အသင့်စောင့်ဆိုင်းနေသော ဖယောင်းတိုင်တစ်တိုင်နှင့်အတူ မွေးနေ့အထိမ်းအမှတ် ကိတ်မုန့်ကြီးကို စီစဉ်ထားရှိသည်၊ ကိတ်မုန့်ကြီးကို ဂျေး၏ မိတ်ဆွေ ကလီယာ စခလူတာက ဘီးလှိမ့် တွန်းရွှေ့လာသည်။ ထိုစဉ် ကျွန်တော်က ပရိသတ်အား ရှင်းပြပါသည်။ ကျွန်တော်သည် ဂျေးကို ထိုက်တန်ကောင်းမွန်သည့် မွေးနေ့မျိုး မကျင်းပပေးခဲ့ဖူးကြောင်း၊ ထို့ကြောင့် ကြွရောက်လာကြသော လူ ၄၀၀ တို့က သူ့အတွက် ဆုမွန်ကောင်းတောင်းသည့် တေးသီချင်းများကို သီဆိုပေးနိုင်အောင် လုပ်ပေးနိုင်ပါလျှင် အင်မတန် လျော်ကန်သင့်မြတ်မည်ဟု ကျွန်တော် ထင်မြင်ပါကြောင်းတို့ကို ရှင်းပြလိုက်ခြင်း ဖြစ်ပါ၏။ ပရိသတ်များသည် ကျွန်တော့်စိတ်ကူးကို သဘောကျကြပြီး တေးသီချင်းများ သီဆိုပေးကြပါသည်။

'ဟက်ပီး ဘတ်သ်ဒေး တူးယူ၊ ဟက်ပီး ဘတ်သ်ဒေး တူးယူ'

သူ့နာမည်ကို မသိကြသူများလည်း ပါလာနိုင်သည်ကို ကျွန်တော်သိသည်။ ထို့ကြောင့် 'သူ့နာမည်က ဂျေးပါ' ဟု ပြောလိုက်သည့်အခါ 'ဟက်ပီဘတ်ဒ်ဒေး၊ ဒီယားဂျေး' ဟု မွေးနေ့ဆုတောင်းစကား သီဆိုကြပါသည်။

အလွန်ပျော်စရာကောင်းသော အစီအစဉ်ပါ။ ဟောပြောချက်ကို ဗွီဒီယိုစကရင်ပေါ်မှာ လာရောက်ကြည့်ရှုကြသော ခန်းမကြီးလျှံသွားအောင် အားပေးကြသည့် အနီးအနားတစ်ဝိုက်မှ လူများပါ ပါဝင်သီဆိုကြသည်။

ကျွန်တော်တို့အားလုံး သီချင်းသီဆိုနေကြရင်း ကျွန်တော်သည် ဂျေးကို လှမ်းကြည့်မိလိုက်သည်။ ရှေ့တန်း ထိုင်ခုံပေါ်တွင် ထိုင်နေသော ဂျေးသည် မျက်ရည်များကို သုတ်ရင်း အံ့အားသင့်စွာ ရုတ်တရက်ပေါ်လာသော အပြုံးက သူ့မျက်နှာပေါ် ယှက်သန်းသွားသည်။ မျက်ရည်များကြားမှ ပြုံးနေသော သူ့မျက်နှာကလေးမှာ တကယ်ပင် ချစ်စရာကောင်းလှပါသည်၊ ရှက်ပြုံးကလေးဖြင့် လှနေကာ စိတ်မှာ ကျေနပ်ထိခိုက် ဖြစ်နေပါပေ၏။

ကျွန်တော် မရှိတော့သည့်နောက်တွင် သူ့ဘဝကို နားလည် လက်ခံသွားတတ်ရန်နှင့် ပတ်သက်၍ ဂျေးနှင့် ကျွန်တော်တို့ ဆွေးနွေးကြရမည့်အရာတွေ များစွာရှိသည်။ 'ကံကောင်း' သည်ဟူသော ဝေါဟာရသည် ကျွန်တော့်အခြေအနေကို



ဖော်ပြရန်အတွက် ခပ်စိမ်းစိမ်း စကားတစ်လုံးဖြစ်နေသည်။ သို့ရာတွင် ကျွန်တော်သည် ဟိုးလေးကြော်သည့် ဘတ်စ်ကားအတိုက်ခံရတာမျိုး မဖြစ်ခဲ့ခြင်းကိုပင် ကံကောင်းသည်ဟု ဆိုရမလို ဖြစ်ပါသည်။ ကင်ဆာရောဂါကြောင့်သည်ပင်လျှင် ဂျေးနှင့် ကျွန်တော်သည် ဤသို့သော အရေးကြီးသည့် စကားများကို ပြောဆိုဆွေးနွေးဖြစ်ကြသည်။ အကယ်၍သာ ဤရောဂါမရဘဲ ကားတိုက်ခံရတာတို့ နှလုံးရောဂါရတာတို့ ဖြစ်ခဲ့ပါလျှင် ဤသို့သော ဆွေးနွေးပြောဆိုမှုများကို ပြုနိုင်မည် မဟုတ်ပေ။

ကျွန်တော်တို့ ဘာတွေ ဆွေးနွေး ပြောဆိုကြပါသနည်း။

ဥပမာ ဆိုပါစို့။ ကျွန်တော်တို့ နှစ်ဦးစလုံးသည် ပြုစုစောင့်ရှောက်မှုနှင့် ပတ်သက်၍ လေယာဉ်မယ်ကလေးများက ပေးလိုက်သော အကောင်းဆုံး အကြံဉာဏ်အကြောင်းကို သတိရနေရန် ကြိုးစားကြမည်။ 'သူတစ်ပါးကို မကူညီမီ မိမိ၏ အောက်စီဂျင် မျက်နှာဖုံးကို အရင်စွပ်ထားပါ'တဲ့ ထိုကလေးမများက ပြောသည်။ ဂျေးသည် သူတစ်ပါးကို ပြုစုစောင့်ရှောက်ရာ၌ ကိုယ့်အောက်စီဂျင်မျက်နှာဖုံးကို အရင်စွပ်ရန် မေ့တတ်သူ ဖြစ်သည်။ သူ့ကိုယ်သူ ဂရုစိုက်ဖို့ သတိမရ။ ကျွန်တော်တို့ နှစ်ဦးစလုံး ရုပ်ပိုင်းအရရော စိတ်ပိုင်းအရပါ ပုံးပုံးလဲသွားပါလျှင် ကလေးငယ်ကလေးတွေဆိုတာတော့ ဝေလာဝေး ဘယ်သူ့ ဘယ်သူကိုမှ မကူညီနိုင် ဖြစ်ပေရော့မည်။ ထို့ကြောင့် ဘက်ထရီ ဓာတ်အားပြန်သွင်းသလို တစ်နေ့တာ အချိန်ပိုင်းကလေးထဲမှာ အချိန်တစ်ပိုင်းတစ်စကလေးမျှ ကိုယ့်အတွက် အသုံးပြုခြင်းသည် ဟစ်ကိုယ်ကောင်းဆန်သည်ဟု မဆိုသာပါ။ အားနည်းချက်ဟုလည်း ပြော၍ ရမည် မဟုတ်ပါ။ ဖခင်တစ်ယောက်အနေဖြင့် တွေ့ကြုံခဲ့ရသည့် ကျွန်တော့် အတွေ့အကြုံအရ ကလေးငယ်များ ရှိနေသည့်အတွက် ကိုယ့်ကိုယ်ကိုယ် အားပြန်သွင်းပေးဖို့ ခက်နေတတ်သည်။ ဂျေးသည် သူ့ကိုယ်သူ ဦးစားပေးဖို့ လိုသေးကြောင်းကို မသိမဟုတ်၊ သိပါသည်။

ကျွန်တော်က သူ့ကို ပြောရသည်။ သူ့အနေနှင့် အမှားတွေလည်း ပြုမိပည်ပင်။ ပြုမိလျှင်လည်း ပြုမိသွားပြီဟု လက်ခံလိုက်ရုံသာဖြစ်ကြောင်း သတိပေးရခြင်း ဖြစ်ပါ၏။ အကယ်၍သာ ကျွန်တော်သည် အသက်ရှင်နေနိုင်ခွင့် ရှိနေဦးမည်ဆိုလျှင် ထိုအမှားများမှာ ကျွန်တော်တို့နှစ်ဦး အတူတကွ ပြုသွားကြမည့် အမှားများသာ ဖြစ်သည်။ အမှားဟူသည် သားသမီးများကို ကျွေးမွေးပြုစုစောင့်ရှောက်သည့် မိဘတို့၏ လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မမှား၍ ဘယ်ဖြစ်မလဲ ကလေးများကို ကိုယ့်ဘာသာကိုယ်ပဲ မွေးကျွေးစောင့်ရှောက်သွားရမှာ ဟူသော အချက်ပေါ် ချည်း စဉ်းစားမနေထိုက်ကြောင်း ဂျေးကို သတိပေးရပါသည်။

တစ်ဦးဦး သေဆုံးသွား၍ ကျန်တစ်ဦး ဘက်ပဲ့ကျန်ရစ်ခဲ့ကြသော အချို့မိဘများသည် ကွယ်လွန်သွားသူ မိခင် သို့မဟုတ် ဖခင်တို့အစား ကလေးငယ်များအား သူတို့လိုရာ ရုပ်ဝတ္ထု ပစ္စည်းများဖြင့် အပေးများတတ်ကြသည်။ ဂျေးကတော့ သိပါ၏။ ပျောက်ဆုံးသွားသူ မိဘတစ်ဦးအတွက် ဘယ်သို့သော ရုပ်ဝတ္ထု ပစ္စည်းများနှင့်မှ အစားထိုး၍ မရ။ ကလေးငယ်များ၏ တန်ဖိုးကို မြေတောင်မြှောက်ပေးရာ၌ ထိုသို့ပြုခြင်းသည် အထမ်းထက် အဆွဲက လေးနိုင်သည် ဟူ၍ ဂျေးက သိထားပြီး ဖြစ်ပါ၏။

ကလေးငယ်များ လူပျို အပျိုပေါက် အရွယ်ရောက်လာလျှင် မိဘများစွာတို့ တွေ့မြဲမွေ့တာအတိုင်း ဂျေးမှာလည်း စိန်ခေါ်မှုတွေနှင့် တွေ့ရနိုင်ပါ၏။ ကျောင်းသားများ ဝန်းကျင်တွင် နေထိုင်လာရသူ တစ်ဦး အနေဖြင့် ကျွန်တော်ကတော့ သားသမီးတွေ မြီးကောင်ပေါက်အရွယ်ရောက်လာ လျှင် ကိုယ့်နည်းကိုယ့်ဟန်နှင့် သွားမည်ဟု စဉ်းစားတတ်သူ ဖြစ်ပါသည်။ ကျွန်တော်သည် တင်းတင်းရင်းရင်း ကိုင်သွားမည် ဖြစ်သော်လည်း သူတို့၏ တွေးတော စဉ်းစားတတ်ပုံ သဘာဝကိုလည်း သိအောင် ပြုသွားမည် ဖြစ်ပါသည်။ ဝမ်းနည်းမိရ သည်ကား ကလေးများ ကြီးကောင်ဝင်လာသည့် အရွယ်ရောက်လာချိန်၌ ကျွန်တော်က ရှိတော့မည် မဟုတ်တော့သဖြင့် ဂျေးကို မကူညီနိုင်တော့ခြင်း ဖြစ်ပါ၏။

သို့ပင်ဖြစ်သော်လည်း မိတ်ဆွေများနှင့် ကိုယ့်မိသားစုများပါ အခြားသူများကလည်း ဂျေးကို ကူညီသွားလိုကြခြင်းကား ဝမ်းသာဖွယ်ဟု ဆိုရပါမည်။ ဂျေးကလည်း သူတို့ ကူညီလျှင် ကူညီနိုင်အောင် အစီအစဉ်ပြုထားပါ၏။ ကလေးတိုင်းသည် သူတို့၏ ဘဝများတွင် သူတို့ကို ချစ်ကြသောသူများနှင့် ဝန်းရံ ပေါင်းယှက်ဖြစ်နေဖို့ လိုပါသည်။ အထူးသဖြင့် မိဘမဲ့ကလေးများအတွက် ထိုအခြေအနေသည် လိုအပ်နေပါ၏။ ကျွန်တော်သည် ကျွန်တော့်မိဘများအကြောင်း ပြန်ပြောင်း စဉ်းစားမိသည်။ ကျွန်တော့်မိဘများသည် ကျွန်တော့်ဘဝတွင် သူတို့သာလျှင် ကျွန်တော့်အပေါ် အရေးပါသည့် ဩဇာလွှမ်းမိုးနေသူများ ဖြစ်ရမည် ဆိုသည်မှာ မဖြစ်နိုင်ကြောင်း သိကြပေသည်။ ထို့ကြောင့်လည်း ကျွန်တော့်မိဘများက ဂျင်ဂရာဟမ်နှင့် ဘောလုံးကစားစေနိုင်ရန် လက်မှတ်ထိုး အပ်နှံပေး



လိုက်ခြင်း ဖြစ်ပါသည်။ ဂျေးသည်လည်း သည်လိုမျိုး ကလေးများအတွက် နည်းပြဂရာဟမ်လို လူမျိုးလည်း အသင့်ဖြစ်နေမည် ဖြစ်ပါသည်။

ကျွန်တော့်အဖို့ကတော့ ထိုအခြေအနေမျိုးအတွက် အဖြေမှာ ဤသို့ဖြစ်ပါသည်။

အားလုံးအရေးတွင် နောင်လာမည့် နှစ်တွေအတွင်းမှာ ဂျေး ပျော်ပျော်ရွှင်ရွှင် နေသွားဖို့အရေးသည် ကျွန်တော် အလိုလားဆုံးအရာ ဖြစ်ပါသည်။ သူ တစ်ပင်လဲ၍ တစ်ပင်ထူမှ ပျော်ရွှင်ချမ်းမြေ့ဖြစ်မည်ဆိုလျှင်လည်း နောက်အိမ်ထောင် ပြု ခြင်းသည် အကောင်းဆုံး ဖြစ်ပါလိမ့်မည်။ နောက်အိမ်ထောင် မပြုဘဲနှင့် ပျော်ရွှင်မှုကို ရနိုင်သည်ဆိုပါလျှင်လည်း မုဆိုးမဘဝနှင့် အရိုးထုတ်သွားခြင်းမှာ ကောင်းသည်သာ ဖြစ်ပါသည်။

ဂျေးနှင့် ကျွန်တော်သည် အိမ်ထောင်ရေးကိစ္စအတွက် များစွာ လုံးပမ်းခဲ့ကြရသည်။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံနေနိုင်ခြင်း၊ တစ်ဦး၏ လိုအင်နှင့် အားအင်တို့ကို တစ်ဦးက သိအောင်ပြုခြင်းနှင့် တစ်ဦးအပေါ် တစ်ဦးက ချစ်သထက် ချစ်နိုင်မည့် နည်းလမ်းများ ရှာကြံခြင်းတို့ဖြင့် ကျွန်တော်တို့ အိမ်ထောင်ရေးသည် ကောင်းသည်ထက် ကောင်းလာခဲ့သည်။ ထို့ကြောင့် ဤ အိမ်ထောင်ရေးအရသာကို နောင်လာမည့် အနှစ်သုံးဆယ်၊ လေးဆယ်တိုင်အောင် ခံစားခွင့်ကြုံတော့မည် မဟုတ်သဖြင့် ဝမ်းနည်းဖွယ် ကောင်းပါသည်။ ကျွန်တော်တို့သည် ကျွန်တော်တို့ ကြိုးပမ်းတည်ဆောက်ခဲ့သမျှကို အရစ်ကျ ပြန်ဆပ်သွားတာမျိုးလည်း လုပ်သွားနိုင်မည် မဟုတ်ပါ။ ကျွန်တော်တို့၏ ရှစ်နှစ်ကြာ အိမ်ထောင်ရေးဘဝကို ဘယ်အရာနှင့်မျှ အလဲအထပ်ပြုမည် မဟုတ်ပါ။

ဤအရာတွေကို သိထားပြီးဖြစ်၍ ကျွန်တော်သည် ကျွန်တော့်မှာ ကင်ဆာရောဂါရှိနေသည်ဟူသော တွေ့ရှိချက်အပေါ် ကိုင်တွယ်ရာ၌ ယနေ့အချိန်အထိ ကောင်းစွာ ကိုင်တွယ် ဆောင်ရွက်လာခဲ့ပေသည်။ ဂျေးကလည်း အလားတူပင် ဆောင်ရွက်နိုင်ခဲ့သည်။ 'ကျွန်မအတွက် ဘယ်သူမှ ငိုကြွေးနေစရာ မလိုပါဘူး'ဟု ဂျေးက ပြောလေ့ရှိပါသည်။ သူဤသို့ပြောခြင်းမှာ တကယ်ပြောခြင်းပင်။ သို့ရာတွင် ကျွန်တော်တို့သည် မလိမ်ဘဲ ရှိုးလည်း ရိုးသားချင်ကြပြန်သည်။ ပြောဆိုတိုင်ပင်ခြင်းသည် အလွန်တရာ အကျိုးဖြစ်သော်လည်း ကျွန်တော်တို့မှာ အတော်ခက်ခက်ခဲခဲ နှင့် ကြုံရတာမျိုးလည်း ရှိသည်။ ကျွန်တော်တို့ နှစ်ယောက်သည် အိပ်ရာထဲမှာ နှစ်ယောက်သား ငိုကြ၊ ငိုရင်း အိပ်ပျော်သွားကြ၊ နိုးလာတော့လည်း နောက်တစ်ဖန်

www.burmeseclassic.com

www.burmeseclassic.com



ထပ်၍ ငိုခဲ့ကြရသည်များ ရှိသည်။ ကျွန်တော်တို့သည် လက်ငင်း လုပ်ဆောင်ရမည့် အလုပ်များကို အာရုံစိုက်ကြရင်းဖြင့် ပြီးသွားကြရသည်လည်း ရှိသည်။ ကျွန်တော်တို့ အခြေအနေ သိပ်ဆိုးသွား၍ကား မဖြစ်။ အိပ်စက်မှုကလေး အတန်အသင့် ရဦးမှ ဖြစ်မည်။ မိုးလင်းလျှင် ကလေးတွေကို နံနက်စာကျွေးဖို့ တစ်ဦးဦးကတော့ ထရသောကြောင့် ဖြစ်သည်။ ထိုသို့ နေ့တိုင်းနီးပါး နံနက်စောစော ထသူမှာလည်း အခြားသူမဟုတ်ပါပေ။ ဂျေး ဟူ၍သာ မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

မကြာသေးခင်က ကျွန်တော်၏ ၄၇ နှစ်မြောက် မွေးနေ့ပွဲကို ကျင်းပသည်။ ဂျေးသည် 'နင်ချစ်တယ်ဆိုတဲ့ လူရဲ့ နောက်ဆုံးမွေးနေ့အတွက် ဘာပေးမှာလဲ' ဟူသော မေးခွန်းဖြင့် နပမ်းလုံးနေခဲ့လေသည်။ သူသည် နာရီတစ်လုံးနှင့် စကာရင် အကြီးကြီးပါသော တီဗွီတစ်လုံးကို ရွေးချယ်ခဲ့သည်။ ကျွန်တော်သည် တီဗွီဝါသနာရှင်တစ်ဦး မဟုတ်သော်လည်း တီဗွီ ဆိုသည်မှာ လူ့လောက၏ အချိန်အဖြုန်းပေးနိုင်ဆုံး ကိရိယာ ဖြစ်သည်။ သူပေးသည့် မွေးနေ့လက်ဆောင်မှာ တကယ်ပင် လျော်ကန်သင့်မြတ်လှပါပေသည်။ ကျွန်တော်က ဘဝ၏ အဆုံးတိုင် အိပ်ရာပေါ်မှာပဲ နေသွားရသည်က များမည်ဖြစ်ရာ ပြင်ပကမ္ဘာနှင့် ကျွန်တော် နောက်ဆုံးဆက်သွယ်သွားရာတွင် တီဗွီသည် ဆက်သွယ်ရေး ကိရိယာတစ်ခု ဖြစ်သွားမည် မဟုတ်ပါလော။

ဂျေးက ကျွန်တော့်အား ဟိုအကြောင်း သည်အကြောင်း ပြောပြသည့် နေ့တွေ ရှိသည်။ ကျွန်တော်က ဘာမျှ ပြန်မပြောနိုင်တာတွေလည်း ရှိသည်။ 'မောင်မရှိတဲ့ အချိန်မှာ အိပ်ရာပေါ်မှာ ဘယ်လို လှိမ့်နေရမလဲလို့ မစဉ်းစားတတ်အောင်ဘဲ မောင်ရယ်'ဟု ဂျေးက ပြောသည်။ 'မောင်မပါတော့ဘဲနှင့် ကလေးတွေကို အားရက်မှာ အနားယူဖို့ ကလေးတွေကို ဘယ်ကို ခေါ်သွားရပါ့မလဲဆိုတာလည်း စဉ်းစားလို့ မရဘူး' ဟုလည်း ပြောပါသည်။ 'ရန်ဒီ၊ မောင်ဟာ အမြဲတမ်း အစီအစဉ်တွေ ရေးဆွဲနေတဲ့သူပဲ၊ အစီအစဉ်တွေကို ဘယ်သူက ရေးဆွဲသွားမှာလဲ နော်' ဟုလည်း ဆိုပါသည်။

ကျွန်တော်ကမူ မပူပါ။ ဂျေးသည် အစီအစဉ်ကောင်းတွေကို ရေးဆွဲသွားမည့်သူပါ။

\+ + +



ကျွန်တော့်မှာသာလျှင် ပရိသတ်က 'ဟက်ပီး ဘတ်သ်ဒေးတူ ဂျေး' ဟူ၍ သီဆိုပြီးသွားသောအခါတွင် ဘာလုပ်၍ ဘာပြောရမှန်းမသိ ဖြစ်သည်။ သို့ရာတွင် ကျွန်တော်က စင်ပေါ်သို့ တက်လာရန် တိုက်တွန်းလိုက်၍ သူ ကျွန်တော့်ဆီသို့ လျှောက်လာသောအခါ ကျွန်တော့်မှာ သဘာဝကပေးသော အာသာဆန္ဒက ဖြစ်ပေါ်လာ၏။ သူလည်း ကျွန်တော့်လိုပင် ဖြစ်မည်ထင်ပါ၏။ ကျွန်တော်တို့ နှစ်ဦးသည် ပွေ့ဖက်ကာ အပြန်အလှန်နမ်းလိုက်ကြသည်။ ပထမသော် နှုတ်ခမ်းချင်း၊ နောက်သော် သူ့လည်တိုင်ကလေးကို နမ်းနေမိလိုက်ခြင်း ဖြစ်ပါသည်။ ပရိသတ်ကြီးက လက်ခုပ်သြဘာပေးကြသည်။ လက်ခုပ်သံတွေ ကြားပင်ကြားနေရသော်လည်း ထိုပရိသတ်ကြီးမှာ ကျွန်တော်တို့နှင့် မိုင်နှင့်ချီ၍ ဝေးကွာနေဘိသည့်အလား စိတ်မှာ ခံစားမိကြသည်။



နှစ်ဦးသား ပွေ့ဖက်ထားကြစဉ် ဂျေးက ကျွန်တော့်နားမှာ တိုးတိုးကလေး ကပ်ပြော၏။

'မသေပါနဲ့ မောင်ရယ်'

ထိုစကားမှာ ဟောလီဝုဒ် ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းထဲမှ ဒိုင်ယာလော့စကားနှင့် တူလှပါဘိသည်။ သူက သို့နှယ် ပြောကြားလိုက်ခြင်းဖြစ်ပါ၏။ ထိုအခါ ကျွန်တော်သည် သူ့အား တင်းကျပ်စွာ သိုင်းဖက်ထားမိလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၆၁

## အိပ်မက်များသည် သင့်ထံလာလိမ့်

ကျွန်တော်သည် ကျွန်တော်၏ နောက်ဆုံးဟောပြောချက်ကို ရင်ဖိုလှုပ်ရှား မဖြစ်ဘဲ နှင့်တော့ အပြီးသတ်နိုင်မည် မထင်ဟု ရက်အတော်ကြာကြာ စိတ်ပူနေမိခဲ့သည်။ ထို့ကြောင့် အရေးပေါ် အစီအစဉ်ကို ရေးဆွဲရသည်။ ကျွန်တော်သည် ဟောပြော ချက်၏ နောက်ဆုံး ဝါကျ အနည်းငယ်ကို ရုပ်ပုံဆလိုက် လေးခုပေါ်တွင် ပြထား လိုက်သည်။ စင်ပေါ်ရောက်သွားချိန်၌ ကိုယ်ပြောလိုရာစကားကို ပြောမထွက် ဖြစ်ခဲ့ပါလျှင် တိတ်တဆိတ် ခလုပ်နှိပ်ပြီး ရုပ်ပုံဆလိုက်ကို ဖွင့်ပြလိုက်မည်။ 'ယနေ့ လာရောက်ကြတဲ့အတွက် ကျေးဇူးတင်ပါတယ်'ဟုသာ ပြောလိုက်မည်ဟု စိတ်ကူးထားပါသည်။

ကျွန်တော် ဟောပြောစင်ပေါ်၌ တစ်နာရီကျော်ကျော်သာ ကြာပါသည်။ ခီမိုဆေးရည်သွင်းထားသည့် ဒဏ်၊ ကြာကြာ ရပ်ထားရခြင်းနှင့် စိတ်လှုပ်ရှားမှု တွေ ဖြစ်နေခြင်းကြောင့် ကျွန်တော့်မှာ တကယ် : စိတ်ခံစားမှုတွေဖြစ်ရင်း ထိုအချိန် ကုန်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ကျွန်တော့်စိတ်မှာ ငြိမ်းချမ်းခြင်းနှင့် ကျေနပ်အားရ ဖြစ်ခြင်းတို့ ဖြစ်သွားသည်။ ကျွန်တော်၏ ဘဝစက်ဝန်းသည် စက်ဝန်းတစ်ပတ် လည်ခဲ့ခြင်းပင်။ ကျွန်တော်သည် ကျွန်တော် ရှစ်နှစ်သားအရွယ် ရောက်ချိန်၌ မက်ခဲ့သော စိတ်ကူးအိပ်မက်များကို ဦးစွာ စာရင်းချပြခဲ့ပြီး ဖြစ်သည်။ နောင် အနှစ် ၃၈ နှစ်အကြာ ယခုအခါတွင် ထိုစိတ်ကူး အိပ်မက်စာရင်းကပင်လျှင် ်ပြောဖို့ လိုအပ်မည့်အရာများကို ပြောနိုင်အောင် ပြုပေးခဲ့၊ ကျွန်တော့် ်ဆောင်ပေးလာနိုင်ခဲ့သည်။



ကင်ဆာရောဂါသည် အများအပြားက သည်ရောဂါကြောင့် သူတို့သည် ဘဝ၏တန်ဖိုးကို အမြင်သစ်နှင့် နက်နက်ရှိုင်းရှိုင်း တွေးမြင် အသိမှတ်ပြုနိုင်ကြ သည်ဟု ပြောလေ့ရှိကြသည်။ တချို့ကဆိုလျှင် ရောဂါကိုပင် ကျေးဇူးတင်သေး ဟုတောင် ပြောတတ်ကြသည်။ သေမှာကို ကြို၍ သိနိုင်လိုက်သဖြင့် ကျွန်တော် တကယ်ပဲ ကျေးဇူးတင်ရသည်ကား မှန်ပါသည်။ သို့ရာတွင် ထိုသူများ၏ ကျေးဇူး တင်နည်းမျိုးနှင့်ကား ကင်ဆာရောဂါကို ကျွန်တော် ကျေးဇူးတင်တာမျိုး မရှိပါ။ ကျွန်တော့်မိသားစု၏ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်စရာရှိတာကို ပြင်ဆင် ခွင့်ရသည့်အပြင် ထိုအချိန်အတွင်း၌ ကာနက်ဂီ မယ်လွန် တက္ကသိုလ်သို့ သွား ရောက်ကာ ကျွန်တော်၏ နောက်ဆုံးဟောပြောချက်ကို ဟောပြောခွင့်လည်းရခဲ့ ပါ၏။ တစ်နည်းဆိုရသော် ကင်ဆာရောဂါသည် ကျွန်တော့်အား ဤနယ်ပယ်မှ ကျွန်တော်၏ စွမ်းအားအတိုင်း စွန့်ခွာခွင့်ပြုခဲ့ပါပေသည်။

ထို့ပြင် ကျွန်တော်၏ ကလေးဘဝ စိတ်ကူးအိပ်မက်များစာရင်းက ရည်ရွယ် ချက်အမျိုးမျိုးအတွက်လည်း ဆက်လက်၍ အကျိုးဆောင်ပေးနေဆဲ ဖြစ်ခဲ့ပါ သည်။ ထိုစိတ်ကူးအိပ်မက်များသာ မရှိခဲ့ပါလျှင် ကျေးဇူးတင်ထိုက်သူများကို ကျွန်တော် ကျေးဇူးတင်နိုင်စွမ်း ရှိခဲ့၊ မရှိခဲ့ကို မည်သူ သိနိုင်တော့မည်နည်း။ အဆုံးတွင်ကား ထိုအိပ်မက်စာရင်းကလေးကြောင့် ကျွန်တော့်အတွက် အဓိပ္ပာယ် များစွာ ရှိသသူ ဟူသမျှကို ကျွန်တော် ခွဲခွာနှုတ်ဆက်ခွင့်လည်း ရခဲ့ပါပေသည်။

အခြားအရာများလည်း ရှိသေးသည်၊ အဆင့်မြင့် နည်းပညာတတ် တစ်ယောက် အနေဖြင့် ကျွန်တော် ဖြတ်သန်းလာသည့် နှစ်ကာလများအတွင်း ကျွန်တော် သိလာခဲ့၊ သင်ပြပေးလာခဲ့သော အနုပညာသည်များနှင့် ရုပ်ရှင်မင်းသားများကို ကျွန်တော် အပြည့်အဝ နားလည်ခဲ့ခြင်း မရှိပါ။ သူတို့သည် 'အပြင်ထွက်လာဖို့ လိုအပ်သည့်' ရင်တွင်း၌ရှိနေသော အရာများအကြောင်းကို တစ်ခါတရံ ပြောကြား ကြပေလိမ့်မည်။ ကျွန်တော်ကတော့ ထိုသို့ပြုခြင်းသည် စိတ်အလိုလိုက်ခြင်းဖြစ် သည်ဟု ထင်သည်။ ကျွန်တော်သည် ပို၍ ပြတ်သားသင့်ခဲ့ပေသည်။ ဟောပြော စင်ပေါ် ရောက်သွားသော နာရီပိုင်းကလေးသည် ကျွန်တော့်အား တစ်စုံတစ်ရာ သင်ပြပေးခဲ့၏။ (အနည်းဆုံးအားဖြင့်တော့ ယခုတိုင် သင်ယူနေဆဲပါ။) ကျွန်တော့် မှာလည်း အပြင်ကို ထွက်လာမှကိုဖြစ်မည့် ရင်တွင်းခံစားချက်တွေ ရှိသည်။ ကျွန်တော် ဟောပြောခဲ့ခြင်းမှာ ထိုရင်တွင်းမှာရှိနေသော ခံစားချက်များကို ဖွင့်အန်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ချင်သောကြောင့်သာ ဖြစ်ပါသည်။ ကျွန်တော် ဟောပြောခဲ့ခြင်းမှာ ဖွင့်အန်ရမည့် ရင်တွင်းခံစားချက်တွေ ရှိနေခြင်းကြောင့်သာ ဖြစ်ပါသည်။

ကျွန်တော်၏ နောက်ဆုံးအပြီးသတ် စကားလုံးများသည် ဘယ်မျှ စိတ်မှာထိခိုက်လှုပ်ရှားဖြစ်မည်ကို ကျွန်တော် သိပါသည်။ ထိုသို့ဖြစ်ရသည်မှာ ကျွန်တော်၏ ဟောပြောချက် နိဂုံးသည် ကျွန်တော်၏ ဘဝကုန်ဆုံးတော့မည့် အနေကို ကျွန်တော် ဘယ်သို့ ဘယ်ပုံ ယူဆသည်ကို အနှစ်ချုပ် ဖော်ပြချက်မျိုး ဖြစ်ဖို့လိုသောကြောင့် ဖြစ်ပါသည်။

ကျွန်တော့်စကားကို နိဂုံးကမ္ပတ် အဆုံးသတ်မည်ရှိသည့်အခါ တစ်မိနစ်မျှ အချိန် ဟူ၍ ကျွန်တော့် ဟောပြောချက်၏ အရေးကြီးသော အချက်အချို့ကို ပြန်လည် သုံးသပ်ရပါသည်။ ထို့နောက် ကျွန်တော်သည် နိဂုံးပိုင်းကို အလှည့်ကလေးနှင့် မျှော်လင့်မထားသော ဇာတ်သိမ်းမျိုးနှင့် အနှစ်ချုပ်ပြလိုက်ပါသည်။

'ကနေ့ ဟောပြောပွဲကတော့ ကလေးဘဝ စိတ်ကူးအိပ်မက်များအတိုင်း ဖြစ်လာပုံအကြောင်းပါပဲ၊ ဒါပေမဲ့ ပရိသတ်များ ဟန်ပြခေါင်းအကြောင်း နားလည် သဘောပေါက်ခဲ့ပြီ မဟုတ်ပါလား'ဟု ကျွန်တော်က မေးပါသည်။

ခဏမျှ ရပ်ထားလိုက်ရာ တစ်ခန်းလုံး ငြိမ်ချက်သား ကောင်းနေပါသည်။

'တကယ်တော့ ဒီဟောပြောပွဲဟာ အိပ်မက်တွေအတိုင်း ဖြစ်လာဖို့ အကြောင်း မဟုတ်ပါဘူး၊ ဒီဟောပြောပွဲဟာ ဘဝကို ဘယ်လို နေထိုင်သွားကြမလဲဆိုတဲ့ အကြောင်းပါ။ ဘဝကို မှန်ကန်စွာ နေထိုင်သွားနိုင်မယ်ဆိုရင် ကံတရားက သူ့သဘောတရားအတိုင်း စီရင်သွားပါလိမ့်မယ်၊ ဒီအခါ စိတ်ကူးအိပ်မက်တွေဟာလည်း တကယ် ဖြစ်လာကြပါလိမ့်မယ်'

ကျွန်တော်သည် နောက်ထပ် ရုပ်ပုံဆလိုက်တစ်ခုကို ထိုးပြလိုက်ရာ ပိတ်ကားပြင်နှင့်အပြည့် မေးခွန်းတစ်ခု ပေါ်လာသည်။ 'ဒုတိယ ဟန်ပြခေါင်းကိုကော ပရိသတ်များ နားလည် သဘောပေါက်လိုက်ပါပြီလား'

အချိန်က တိုတိုလေးပင်။ ကျွန်တော်သည် ယခင်က ပြောပြခဲ့သည်ထက် ပို၍ မြန်မြန်ထိုးပြရန် ဆုံးဖြတ်လိုက်သည်။ ခပ်မြန်မြန်ပြောမည်ဆိုပါလျှင် ကျွန်တော် ရှင်းပြနိုင်မည် ထင်သည်။ ကျွန်တော်သည် စကားလုံးများကို ပိတ်ကားပေါ်၌ ထပ်မံ ထိုးလိုက်သည်။

'ဒုတိယဟန်ပြခေါင်းတိုကော ပရိသတ်များ နားလည် သဘောပေါက်လိုက်ပါပြီလား'



ထို့နောက် ကျွန်တော်က ပရိသတ်ကို ပြောပြသည်။ ယခု ဟောပြောမှုသည်မှာ ဤအခန်းထဲတွင် ရှိနေသောသူများအတွက်သာ မဟုတ်ပါ။ 'ကျွန်တော့်ကလေးတွေပါ ခင်ဗျာ'

ကျွန်တော်သည် နောက်ဆုံးရုပ်ပုံဆလိုက်ကို ထိုးပြလိုက်သည်။ ကျွန်တော်၏ ညာလက်ဖြင့် ပြုံးနေသော လိုဂန်ကို ပွေ့လျက်၊ ချစ်စဖွယ် ချလိုကလေးကို ဘယ်လက်တွင် ပွေ့လျက်၊ ဒီလန်က ကျွန်တော့်ပခုံးပေါ်မှာ ပျော်ရွှင်စွာ ထိုင်လျက် ရှိနေသော ကျွန်တော်၏ဓာတ်ပုံ ပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ ၏
## စာပေ နှင့် ဘဝဖြစ်စဉ်မှတ်တမ်း

၁၉၄၁ ။ ဇန်နဝါရီ ၁၉ တွင် နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သာဝတ္တိဒေသရှိ ညောင်ပင်သာရွာတွင် အဖ ဦးဂေါ်ရာ၊ အမိ ဒေါ်သန်းတို့မှ ဖွားမြင်။ ငယ်မည် မောင်တင်ဦး ဖြစ်သည်။

၁၉၄၆-၅၂ ။ ညောင်ပင်သာရွာ ဘုန်းတော်ကြီးကျောင်းတွင် လောကုတ္တရာစာများ သင်ယူ။ ငယ်ဆရာ ဦးပညာ ဖြစ်သည်။

၁၉၅၂။ ။ သာဝတ္တိ အစိုးရအလယ်တန်းကျောင်းတွင် တတိယတန်းမှ စ၍ ပညာ သင်ယူ။

၁၉၅၄ ။ စတုတ္ထတန်း စာမေးပွဲနှင့် စကောလားရှစ် စာမေးပွဲ အောင်မြင်။

၁၉၅၇ ။ သတ္တမတန်း စာမေးပွဲကို စကောလားရှစ် စာမေးပွဲပါ အောင်မြင်။

၁၉၅၉ ။ သာဝတ္တိ အလကမှာပင် ဖွင့်လှစ်ထားသော အေလာ အစိုးရအထက်တန်း ကျောင်းခွဲမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို လယ်ဝေးတစ်မြို့နယ်လုံး မိမိ တစ်ဦးတည်းသာ အောင်မြင်။

။ ပျဉ်းမနား သကြားစက်တွင် အောက်တန်းစာရေးအဖြစ် စတင် ဆောင် ရွက်။

၁၉၆၀ ။ ငွေတာရီ မဂ္ဂဇင်းတွင် မောင်သစ္စာ (ပျဉ်းမနား) ကလောင်အမည်ဖြင့် ကဗျာတစ်ပုဒ် ရေးခဲ့ရာ ပထမဦးဆုံး ပုံနှိပ်ဖော်ပြခံခဲ့ရသည်။

၁၉၆၁-၆၉ ။ ဤကာလအတွင်း ကဗျာဆရာ သမဂ္ဂမှ ထုတ်ဝေသည့် ရေအယဉ် ကဗျာ စာအုပ်၊ ပျဉ်းမနား ကဗျာဆရာအသင်းမှ ထုတ်ဝေသည့် ခေတ်ရေစီး ကဗျာ စာအုပ်တို့အပြင် နိုင်ငံတော်ဂျာနယ်၊ ရှေ့သို့စာစောင်၊ လျှို့ဝှက်



သည်းဖို မဂ္ဂဇင်း အစရှိသော စာစောင်၊ မဂ္ဂဇင်းများတွင် ပျဉ်းမနား မောင်သစ္စာ ဟူသော ကလောင်အမည်ဖြင့် ကဗျာအချို့ ရေးသား။ မှဲ့။

၁၉၆၇ ။ ရန်ကုန် အထည်အလိပ်လုပ်ငန်း ရုံးချုပ်သို့ အထက်တန်းစာရေးအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်။

၁၉၇၂ ။ လုပ်သားများကောလိပ်မှ ဒေသန္တိကဗေဒ အဓိကဖြင့် ဝိဇ္ဇာဘွဲ့ရ။

၁၉၇၂-၁၉၈၀ ။ ဒေသန္တရ စက်မှုလက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနသို့ ပြောင်းရွှေ့၍ မန္တလေးတိုင်းရုံး ဝမ်းတွင်း မြို့နယ်ရုံး၊ မကွေးတိုင်းရုံးနှင့် တစ်ဖန် မန္တလေးတိုင်းရုံးတွင် ပြန်လည် ထမ်းဆောင်သည်။

၁၉၈၀ ။ ဩဂုတ်လတွင် အစိုးရဝန်ထမ်းအဖြစ်မှ ဌာနစုမှူးရာထူးဖြင့် အငြိမ်းစား ယူခဲ့သည်။

၁၉၈၀-၁၉၈၅ ။ သာဝတ္တိ တွဲဖက် အထက်တန်းကျောင်းတွင် တွဲဖက် အထက်တန်းပြ ဆရာအဖြစ် စတင်ဆောင်ရွက်။

၁၉၈၅-၁၉၉၀ ။ ရေနီ တွဲဖက် အထက်တန်းကျောင်းတွင် တွဲဖက် အထက်တန်းပြဆရာ အဖြစ် ဆောင်ရွက်။

၁၉၈၁-၂၀၀၂ ။ တွဲဖက်ဆရာအဖြစ် တစ်ဖက်မှ ဆောင်ရွက်ရင်း တစ်ဖက်တွင် နေအိမ်၌ ကျူရှင်ဖွင့်၍ အင်္ဂလိပ်စာ ကျူရှင်ဆရာ လုပ်ခဲ့သည်။

၁၉၉၇ ။ မြားနတ်မောင်မဂ္ဂဇင်း အယ်ဒီတာထံသို့ရေးသော ပေးစာကို အယ်ဒီတာ က ထိုမဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့ရာမှ စာပေလောကသို့ ပြန်လှည့်လာ ရန် အခြေအနေမျိုး ကြုံခဲ့သည်။

၁၉၉၈ ။ ဝတ္ထု၊ ကဗျာ အနည်းငယ်နှင့် အများစုအားဖြင့် ဆောင်းပါးများကို ရေးသားခဲ့ရာ စာစောင်၊ မဂ္ဂဇင်း ၃၀ ကျော်လောက်၌ ဆောင်းပါး အရေအတွက် ၉၆၀ ကျော် ရေးခဲ့ပြီးဖြစ်သည်။

၂၀၀၂ ။ မြန်မာတိုင်းမ် စီးပွားရေးနှင့် သတင်းဂျာနယ်တွင် ဘာသာပြန် အရာရှိ အဖြစ် စတင် တာဝန်ထမ်းဆောင်သည်။

၂၀၀၄ ။ သမိန်ဗရမ်း တစ္ဆေအကိုက်ခံရခြင်း ကို ထုတ်ဝေခဲ့သည်။

၂၀၀၅ ။ ဆင်တစ်ကောင်တည်းအပေါ် နှစ်ယောက်အတူစီး၍ စီးချင်းထိုးကြခြင်း ကို ထုတ်ဝေခဲ့သည်။

၂၀၀၅ ။ အကြောင်းမကင်းသည့် ပြောင်းလဲခြင်းသံသရာများကို ထုတ်ဝေခဲ့သည်။

၂၀၀၆ ။ ဆိုင်းဘုတ်ကြီးကြီး စိတ်ခတ် ကို ထုတ်ဝေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၆ ။ ပညာတတ်ခြင်း မတတ်ခြင်း ကို ထုတ်ဝေခဲ့သည်။
၂၀၀၇ ။ ပစ်စလက်ခတ် နေထိုင်ခြင်း ကို ထုတ်ဝေခဲ့သည်။
၂၀၀၇။ ။ ဝါကျအမျိုးမျိုး ပြောင်းလဲရေးသားပုံ ကို ထုတ်ဝေခဲ့သည်။
၂၀၀၈ ။ မိသားစု စာအုပ်ကို ထုတ်ဝေခဲ့သည်။
၂၀၀၈ ။ အင်္ဂလိပ်စာ ဆောင်းပါးများ ကို ထုတ်ဝေခဲ့သည်။
၂၀၀၉ ။ ဝါကျအမျိုးမျိုး ပြောင်းလဲရေးသားပုံ ဒုအကြိမ် ထုတ်ဝေခဲ့သည်။
၂၀၁၀ ။ မတော်တဆ လူ့ဘဝ ကို ထုတ်ဝေခဲ့သည်။



အေဗရာဟာမ် လင်ကွန်း ၏
ဂက်တီစဘတ် နှင့်
အခြား သမိုင်းဝင် မိန့်ခွန်းများ

**ABRAHAM LINCOLN**
THE GETTYSBURG ADDRESS
AND OTHER SPEECHES

ဇော်ဟန်ဇော်

ကျဆုံးသွားသူများ နောက်ဆုံးအချိန်အထိ ပြည့်ပြည့်ဝဝ ရည်စူး လုပ်ဆောင်သွားခဲ့သော တာဝန်ကြီးကို ကျွန်ုပ်တို့ တိုးတက် ထမ်းဆောင်သွားရပါလိမ့်မည်။ သူတို့ သေဆုံးခဲ့ရခြင်းသည်ကား အချည်းနှီး မဟုတ်ဟု ကျွန်ုပ်တို့ ဤနေရာတွင် သန္နိဋ္ဌာန်ချရပါလိမ့်မည်။ ဘုရားသခင်၏ဦးဆောင်မှုကိုခံယူ၍ နိုင်ငံတော်သစ်ကြီးတွင် လွတ်လပ်ရေး ဖွားမြင်မှုသစ်တစ်ရပ် ပေါက်ဖွားလာစေရပါလိမ့်မည်။ ထို့ပြင် ပြည်သူ့ အပေါင်း၏ အစိုးရ ပြည်သူ့အပေါင်းက တင်မြှောက်ခဲ့သည့် အစိုးရ ပြည်သူ့အပေါင်းတို့အတွက် ပေါ်ထွန်းလာသော အစိုးရ တို့သည် ဤကမ္ဘာမြေကြီးပေါ်တွင် မည်သည့်အခါမျှ ပျက်သုဉ်း ပျောက်ကွယ်သွားလိမ့်မည်မဟုတ်ပါ. . . စသည့် ဂက်တီစဘတ် စစ်သင်္ချိုင်းဖွင့်ပွဲ မိန့်ခွန်း အပါအဝင် ကမ္ဘာကျော် မိန့်ခွန်းများကို စုစည်းထားသည့် စာအုပ်။ မှတ်တမ်း ဓာတ်ပုံများစွာ ပူးတွဲပုံနှိပ်သည်။

[စာမူခွင့်ပြုချက် အမှတ် ၃၁၀၀၆၇၀၇၀၉]

www.burmeseclassic.com

www.burmeseclassic.com



သတ္တိ
ခင်မောင်တိုး (မိုးမိတ်)
မြန်မာပြန်သည်။

COURAGE
Gordon Brown
(ဗြိတိန် ဝန်ကြီးချုပ်ဟောင်း)

ယခုစာအုပ်တွင် ကျွန်တော် ချီးကျူးဂုဏ်ပြုမိသူတွေအကြောင်း၊ သူတို့ကို ဘာကြောင့် ချီးကျူး ဂုဏ်ပြုမိကြောင်းတွေကို လုံးဝ မလျှို့ဝှက်ဘဲ ရှင်းရှင်းကြီးပင် တင်ပြထားပါသည်။ ကျွန်တော်ရေးပြသော သူတို့တစ်ဦးစီတွင် မြင့်မားလွန်းသော သတ္တိတွေ ရှိခဲ့ကြ၏။ ယင်းသတ္တိတွေကို သူတို့သည် အကောင်းဆုံးသော အကျိုးတရား ရရာရကြောင်း အတွက် အသုံးချခဲ့ကြသည်။ မင်ဒဲလား (Nelson Mandela) က လူမျိုးရေးခွဲခြားမှု တိုက်ဖျက်ရေးမှာ သူ့သတ္တိကို အသုံးချခဲ့၏။ မာတင်လူသာ ကင်း (Martin Luther King) က ပြည်သူများရပိုင်ခွင့်အတွက် သူ့သတ္တိကို ပြခဲ့၏။ ဘွန်ဟိုးဗွား (Dietrich Bonhoeffer) ကတော့ ရက်စက်ကြမ်းကြုတ် ယုတ်မာလွန်းသော အခြေအနေထဲမှာ ဘာသာအယူဝါဒ တန်ဖိုးကျမသွားစေရေးအတွက် သတ္တိရှိရှိ ရပ်တည်ခဲ့၏။ ဝေါလင်းဘတ် (Raoul Wallenberg) သည်လည်း ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း နာဇီတို့က ဂျူးတွေကို အစုလိုက် အပြုံလိုက် သတ်နေသည့်အခိုက် ဟန်ဂေရီ ဂျူးများ (Hungarian Jews) ကို ကယ်ဆယ်နိုင်ရေးအတွက် သတ္တိပြခဲ့၏။ မရပ်မနား လှုပ်ရှားခဲ့၏။ အဲဒစ် ကာဗဲ (Edith Cavell) သည် ထွက်ပြေး လွတ်မြောက်လာခဲ့သော စစ်ပြေး အကျဉ်းသားများကို ကယ်ဆယ်ရေးအတွက် အလွန်ကြီးမားသော အန္တရာယ် ဝိုင်းဝိုင်းလည်နေသည့်ကြားကပင် ခြသေ့်စိတ်မျိုးဖြင့် လှုပ်ရှားခဲ့၏။ စစ္စလီ ဆောင်းဒါး (Cicely Saunders) ကမူ သေလုနီးလူနာများအား ပိုဂရုစိုက်နိုင်ရေးအတွက် တာရှည် တာမြော ဇွဲခတ် ကြိုးပမ်းခဲ့၏။ ရောဘတ်ကနေဒီ (Robert Kennedy) သည် သူ့အသက် အတွက် အလွန်အန္တရာယ်ကြီးမှန်း သိလျက်နှင့် အမေရိကန်ပြည်ထောင်စုတွင် သစ်လွင် သည့် ပြည်သူ့ အာဏာအပ်နှင်းရေးအတွက် မနေမနား လုံးပမ်း အားထုတ်ခဲ့၏။

[ စာရေးသူ၏ နိဂုံးမှ ကောက်နုတ်ချက် ]

**ကိုယ်ကျိုးစွန့် အနစ်နာခံသူ ပုဂ္ဂိုလ် ခုနစ်ဦး၏ သတ္တိအကြောင်းများ**

[ စာမူခွင့်ပြုချက် အမှတ် ၃၁၀၀၃၆၀၅၁၀ ]



**အချစ်ပြိုင်ပွဲတိုင်းအောင်နိုင်သူ**
**သင်ဖြစ်လိုလျှင်**
**မောင်ကြည်သန့်**

ဤစာအုပ်သည် နယူးယောက်တိုင်းသတင်းစာ အရောင်းသွက်စာအုပ်စာရင်း အမှတ်စဉ်တစ် If Life is A Game, These Are The Rules ရေးသားပြုစုခဲ့သူ Cherie Carter-Scott ၏ If Love is A Game, These Are The Rules စာအုပ်ကို ဘာသာပြန်ထားခြင်းဖြစ်သည်။ ယခုစာအုပ်တွင်လည်း အချစ်စစ် အချစ်မှန် ရှာတွေ့ရေးနှင့် စစ်မှန်တာရှည်ခိုင်မြဲသော သံယောဇဉ်ငြိတွယ်မှု ပေါ်ထွန်းလာရေးအတွက် နည်းဥပဒေဆယ်ချက် ဖော်ပြထားပါသည်။

ဤစာအုပ် နည်းဥပဒေဆယ်ချက်အရ စစ်မှန်သောအချစ်မျိုးကို တည်ဆောက်ရေး ခိုင်မြဲအောင်ထိန်းသိမ်းရေးသည် နူးညံ့သိမ်မွေ့လှသော လုပ်ငန်းစဉ်တစ်ရပ်ပင်။ ဆွေးနွေးညှိနှိုင်းမှုနှင့် ဆက်ဆံပြောဆိုမှုတို့ လိုအပ်သည်။ ထိုအခါမျိုးတွင် မိမိတို့တစ်ဦးချင်း တစ်ယောက်ချင်းအဖြစ် တိုးတက်ပြောင်းလဲစေမည့် အခါ အခွင့်များ ပေါ်လာတတ်သည်။

If Love is A Game, These Are The Rules စာအုပ်မှာ နှစ်ကိုယ်တူ ပျော်ရွှင်ရမည့် လမ်းကြောင်းပြ စိတ်ဝင်စားဖွယ် စာအုပ်ဖြစ်သည်။

[စာမူခွင့်ပြုချက် အမှတ် ၄၀၁၃၆၂၁၂၀၇]

www.burmeseclassic.com

www.burmeseclassic.com




## လူ့ဘဝနေတတ်ရေး
## ပြိုင်ပွဲတိုင်း အောင်နိုင်သူ
## သင် ဖြစ်လိုလျှင်
### မောင်ကြည်သန့်

If Life is a Game, These are the Stories စာအုပ်တွင် Franklin D.Roosevelt, Maya Angelou နှင့် ဒက်စမွန်တူးတူး ကဲ့သို့သော ပုဂ္ဂိုလ်ကျော်ကြီးများ၏ အဆိုအမိန့်စာပိုဒ်များ ပါရှိသည်။ အဖိုးတန် သလောက် ရင်ကို တရှိုက်မက်မက် ခံစားမိစေသော ဇာတ်လမ်းတိုင်းတွင် ရှုမြင် တွေးခေါ်မှုများ ပြည့်ဟိန်းလျက် ရှိသည်။ ဇာတ်လမ်း ပြောပြသူများသည် ကမ္ဘာ့အရပ်ရပ်မှဖြစ်သည်။ သို့ရာတွင် သူတို့ မျှဝေခံစား စေခဲ့သော ထူးခြား နက်နဲလှသည့် အတွေ့အကြုံများသည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည်။

ဤဇာတ်လမ်းများသည် မိမိတို့၏နေ့စဉ်ဘဝ ခက်ထန် တင်းမာမှုများ ကုစားပေးမည့် ဆေးဖက်ဝင်ဆီမွှေးတစ်မျိုးပင် ဖြစ်သည်။ မိမိအနေဖြင့် မိနစ်ကလေး အနည်းငယ် ပေးအပ်လိုက်နိုင်ရုံမျှဖြင့် ဇာတ်လမ်းတစ်ခုခုက အချိန်မရွေး မိမိအတွက် မျှော်လင့်ချက် ဖြည့်ဆည်းပေးနိုင်ပါသည်။ ဤ စာအုပ်ပါ ဇာတ်လမ်းများကို မိမိ ချစ်ခင်မြတ်နိုးသူများနှင့်အတူ မျှဝေ ဖတ်ရှုလိုပေလိမ့်မည်။

[စာမူခွင့်ပြုချက် အမှတ် ၄၀၁၀၄၇၀၉၀၈]

## စာပေလောကတိုက်ထုတ် စာအုပ်များစာရင်း

| | | | |
|---|---|---|---|
| ၁။ | ရွှေဥဒေါင်း | တစ်သက်တာမှတ်တမ်း ပ | ၃၀၀၀ |
| ၂။ | ရွှေဥဒေါင်း | တစ်သက်တာမှတ်တမ်း ဒု | ၂၅၀၀ |
| ၃။ | အရှင်သေဋ္ဌိလ၊ဗုဒ္ဓရက္ခိတ | ဓမ္မပဒ | ၁၅၀၀ |
| ၄။ | ဝဏ္ဏသိရိ | ညီတော်အာနန္ဒာတစ်သက်တာ ပ၊ ဒု | ၃၅၀၀ |
| ၅။ | ဝဏ္ဏသိရိ | လောကနီတိ | ၁၀၀၀ |
| ၆။ | မင်းသုဝဏ် | ကလေးပုံပြင်များ | ၁၀၀၀ |
| ၇။ | မင်းသုဝဏ် | မောင်ခွေးဖို့ ကဗျာများ | ၅၀၀ |
| ၈။ | မင်းယုဝေ | ဂရင်းညီနောင်ပုံပြင်များ ပ၊ ဒု | ၂၅၀၀ |
| ၉။ | ဇော်ဂျီ | ပလေးတိုးနိဒါန်း | ၂၅၀၀ |
| ၁၀။ | သော်တာဆွေ | ကျွန်တော့်ဘဝဇာတ်ကြောင်း ၁ | ၃၀၀၀ |
| ၁၁။ | သော်တာဆွေ | ကျွန်တော့်ဘဝဇာတ်ကြောင်း ၂ | ၃၀၀၀ |
| ၁၂။ | သော်တာဆွေ | ကျွန်တော့်ဘဝဇာတ်ကြောင်း ၃ | ၃၀၀၀ |
| ၁၃။ | သော်တာဆွေ | ကျွန်တော့်ဘဝဇာတ်ကြောင်း ၄ | ၃၀၀၀ |
| ၁၄။ | သော်တာဆွေ | စာပေလောက | ၁၈၀၀ |
| ၁၅။ | ဗိုလ်တာရာ | တော်လှန်ရေးအတွေ့အကြုံ | ၁၈၀၀ |
| ၁၆။ | ဗိုလ်တာရာ | ချက်ပိုင်သောပစ်ကွင်းနှင့် . . . | ၇၀၀ |
| ၁၇။ | ကျော်ရင်မြင့် | ၂၁ ရာစု အတွေးသစ်အမြင်သစ် | ၁၅၀၀ |
| ၁၈။ | Dr. ခင်မောင်လွင် | သဘာဝအစားအစာနှင့်ကျန်းမာရေး | ၃၅၀၀ |
| ၁၉။ | Dr. ခင်မောင်လွင် | ဝက်ခြံရောဂါ | ၂၅၀၀ |
| ၂၀။ | Dr. ခင်မောင်လွင် | မျိုးဗီဇပြုပြင်ထားသော အစားအစာနှင့် ကျန်းမာရေး | ၃၀[illegible] |
| ၂၁။ | Dr. အောင်သန်း | အသုံးများ ဆေးဝါးအညွှန်း | [illegible]၀၀ |
| ၂၂။ | ဉာဏ်မိုး | အိမ်သုံးဆေး အကျိုးနှင့်အပြစ် | ၁၀၀၀ |
| ၂၃။ | မြတ်ငြိမ်း | ဘဝပြိုင်ပွဲတိုင်းအောင်နိုင်သူ ဖြစ်လိုလျှင် | ၁၂၀၀ |

www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ၂၄။ | မြတ်ငြိမ်း | လိုအင်ဆန္ဒတိုင်းပြည့်ဝသူ သင်ဖြစ်လိုလျှင် | ၁၅၀၀ |
| ၂၅။ | မြတ်ငြိမ်း | လူဖြစ်ကျိုးနပ် ဘဝနေနည်း | ၉၀၀ |
| ၂၆။ | ခင်မောင်တိုး(မိုးမိတ်) | ဘဝလေးထဲမှာ ပျော်စရာ | ၆၀၀ |
| ၂၇။ | ခင်မောင်တိုး(မိုးမိတ်) | တကယ်ပျော်ချင်ရင် | ၆၀၀ |
| ၂၈။ | နန်းစန်းစန်းအေး | ပျော်ရွှင်ပေါ့ပါး ချက်စရာများ | ၁၅၀၀ |
| ၂၉။ | နန်းစန်းစန်းအေး | အစိပတိ ဟင်းချက်နည်း | ၁၅၀၀ |
| ၃၀။ | ခင်(တိုင်းရင်းမေ) | ချက်ပြုတ်နည်းစွယ်စုံ | ၁၂၀၀ |
| ၃၁။ | ခင်မောင်ဇော် | ညဏ်စမ်းပုစ္ဆာများ | ၆၀၀ |
| ၃၂။ | ခင်မောင်ဇော် | တိရစ္ဆာန်များ | ၆၀၀ |
| ၃၃။ | ခင်မောင်ဇော် | အမေးအဖြေ | ၆၀၀ |
| ၃၄။ | ခင်မောင်ဇော် | လူ့ခန္ဓာကိုယ် | ၆၀၀ |
| ၃၅။ | ခင်မောင်ဇော် | ကမ္ဘာကြီးနှင့် အာကာသ | ၆၀၀ |
| ၃၆။ | ခင်မောင်ဇော် | အပင် နှင့် တိရစ္ဆာန် | ၆၀၀ |
| ၃၇။ | ခင်မောင်ဇော် | သိပ္ပံ နှင့် နည်းပညာ | ၆၀၀ |
| ၃၈။ | ခင်မောင်ဇော် | ငှက်များ | ၆၀၀ |
| ၃၉။ | ခင်မောင်ဇော် | သဘာဝ | ၆၀၀ |
| ၄၀။ | ခင်မောင်ဇော် | တီထွင်မှု | ၆၀၀ |
| ၄၁။ | မောင်ကြည်သန့် | ပုဂ္ဂိုလ်ကျော်များနှင့် ထင်ရှားဒေသ | ၆၀၀ |
| ၄၂။ | မောင်ကြည်သန့် | မြန်မာနိုင်ငံအတွင်း အဓိကရနေရာများ | ၆၀၀ |
| ၄၃။ | မောင်ကြည်သန့် | အချစ်ပြိုင်ပွဲတိုင်းအောင်နိုင်သူသင်ဖြစ်လိုလျှင် | ၁၅၀၀ |
| ၄၄။ | ဖြိုးသာရ | ကွန်ဖျူးရှပ်စ် အဆိုအမိန့် | ၁၂၀၀ |
| ၄၅။ | ဘုန်းခေါင် | ကွန်ဖျူးရှပ်စ် အတွေးအမြင် | ၁၂၀၀ |
| ၄၆။ | ဘုန်းခေါင် | ဆယ်ကျော်သက်အမှုအကျင့် ၇ ရပ် | ၆၀၀ |
| ၄၇။ | ဘုန်းခေါင် | မျှော်လင့်ခြင်းသို့မဟုတ် နောက်ဆုံးဖယောင်းတိုင် | ၆၀၀ |
| ၄၈။ | မောင်ကြည်သန့် | ဘဝကိုပုံစံပြောင်း တက်လမ်းကြောင်းရှာ | ၆၀၀ |
| ၄၉။ | ဇော်ဟန်ဇော် | မှတ်မှတ်သားသား မိန်းမတို့ပြောစကား | ၆၀၀ |
| ၅၀။ | ဇော်ဟန်ဇော် | သားငယ်သမီးငယ်ဆိုတာ ဘဝကပေးတဲ့. . . | ၆၀၀ |
| ၅၁။ | ဇော်ဟန်ဇော် | လှည့်မကြည့်နဲ့ | ၆၀၀ |
| ၅၂။ | ဇော်ဟန်ဇော် | အသက်တစ်နှစ်ကြီးလာတာပူစရာလား | ၆၀၀ |
| ၅၃။ | ဇော်ဟန်ဇော် | တစ်ကိုယ်တည်း အပျိုကြီးများဖတ်ရန် | ၆၀၀ |
| ၅၄။ | အောင်လင်း | ဝတ္ထုတိုများ | ၇၀၀ |
| ၅၅။ | မြင့်စိုးလှိုင် | ကိုယ်ဘယ်လောက် တော်တယ်တတ်တယ်. . . | ၁၅၀၀ |
| ၅၆။ | AMK (မြန်မာပြန်) | အချစ်ဗေဒ | ၃၀၀၀ |
| ၅၇။ | တင်စိန် (ပထဝီဝင်) | ဘာကိုတွေးတွေး ဆန့်ကျင်ဘက်တွေးပါ | ၁၅၀၀ |
| ၅၈။ | စိန်မျိုးမြင့် | လျှပ်တစ်ပြက် လီဒိုလမ်း | ၁၅၀၀ |
| ၅၉။ | စိန်မျိုးမြင့် | တောင်တန်းများကို ဖြတ်ကျော်ခြင်း | ၃၀၀၀ |
| ၆၀။ | စိန်မျိုးမြင့် | ချင်းမိုင် မြန်မာ့ပန်းချီပြပွဲနှင့်. . . . | ၂၅၀၀ |
| ၆၁။ | စိန်မျိုးမြင့် | မြစ်ကျွန်းစု အလှများဆီသို့ | ၃၅၀၀ |
| ၆၂။ | ဦးတင်ဦး(ကျူရှင်) | နောက်ဆုံးအချိန် နောက်ဆုံးစကား | ၂၅၀၀ |
| ၆၃။ | ဇော်ဟန်ဇော် | အေဗရာဟမ်လင်ကွန်း၏ဂတ်တီစဘတ်နှင့် အခြားသမိုင်းဝင် မိန့်ခွန်းများ | ၁၅၀၀ |
| ၆၄။ | ခင်မောင်တိုး(မိုးမိတ်) | သတ္တိ | ၃၅၀၀ |

စာပေလောက ၁၊ အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်။ ဖုန်း - ၃၈၈၁၆၉

စာပေလောက လက်လီ လက်ကား အရောင်းဆိုင်၊ အမှတ် ၂၂၅-၂၂၇၊ ပန်းဆိုးတန်းလမ်း အထက်။ ဖုန်း - ၃၈၇၄၇၅

စာပေလောက ၂၊ အမှတ် ၁၀၄၊ ပန်းဆိုးတန်းလမ်း အထက်။ ဖုန်း - ၇၃၀၃၃၈၀၂

စာပေလောက ၃၊ အမှတ် ၁၄၊ လှည်းတန်းလမ်းမ၊ ကမာရွတ်။ ဖုန်း - ၅၂၇၇၇၂

စာပေလောက ၅၊ အမှတ် ၁၃၈-၁၄၀၊ ပန်းဆိုးတန်းလမ်း၊ မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်။ ဖုန်း - ၇၂၂၁၁၇

စာပေလောက ၆၊ ရန်ကင်း အ ထ က ၁ ရှေ့ ရန်ကင်း။ ဖုန်း - ၇၃၀၁၉၆၆၅၊ ၀၉ ၅၁၂၁၆၀၀

စာပေလောက ၇၊ အမှတ် ၃၆၁-က၊ သုမင်္ဂလာလမ်းမ၊ တောင်ဥက္ကလာပ။ ဖုန်း - ၇၃၀၀၈၂၅၄

စာပေလောက ၈၊ အမှတ် ၈၊ ဓမ္မာသီလမ်း၊ ၅၂ ဈေးအနီး ၅၂ ဈေးမှတ်တိုင်၊ မြောက်ဥက္ကလာ၊ ဖုန်း-၀၉ ၅၁၇၉၈၁၂

စာပေလောက၊ စိန်ဂေဟာစင်တာ၊ လှည်းတန်း။

စာပေလောက၊ စိန်ဂေဟာစင်တာ၊ ပါရမီ။

BURMESE CLASSIC .com

www.burmeseclassic.com